http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား

ရေးသားစီရင်အပ်သော

ဝိသုဒ္ဓိမဂ် မြန်မာပြန်

ဒုတိယတွဲ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်

သာသနာ ၂၅၁၀ ကောဇာ ၁၃၇၆ မေလ ၁၉၇၄

ဝိသုဒ္ဓိမဂ် မြန်မာပြန် (ဒုတိယတွဲ)

ဝိသုဒ္ဓိမဂ်မြန်မာပြန် (ဒုတိယတွဲ)

http://www.dhammadownload.com

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား

ရေးသားစီရင်အပ်သော

ဝိသုဒ္ဓိမဂ် မြန်မာပြန်

ဒုတိယတွဲ



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်

သာသနာ ၂၅၁၀ ကောဇော ၁၃၁၉ မေလ ၁၉၇၄

http://www.dhammadownload.com

ထုတ်ဝေသူ။ ။မင်္ဂလာဦးအောင်မြင့် မှတ်ပုံတင်အမှတ် (၀၁၁၆၇) အကျိုးတော်ဆောင် (ပဋိပတ္တိသာသနာပြု မဟာစည်ရုံပုံငွေ) ဗုဒ္ဓသာသနာနှုဂ္ဂဟအဖွဲ့ချုပ်၊ အမှတ်၁၆၊ သာသနာ့ရိပ်သာ၊ ဟာမစ်တီတ်လမ်း၊ ကုက္ကိုင်း၊ ရွှေဂုံတိုင် စာတိုက်၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၆၆၄၇)

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်-ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်)
ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင်အမှတ် ၀၀၇၉) က ပုံနှိပ်သည်။

http://www.dhammadownload.com

အမှာစကား

ဝိသုဒ္ဓိမဂ်မြန်မာပြန် ဒုတိယတွဲ ထွက်ပေါ်လာပေပြီ။

ဤဒုတိယတွဲ၌ အထူးအထွေ အမှာစကား ရေးသားဖော်ပြရန် မလိုလှပေ။အကြောင်းမူ ပဌမတွဲ-ကျမ်းဦးအမှာစကားဖြင့်ပင် ပြည့်စုံလုံလောက်နေပြီ ဖြစ်သောကြောင့်ပင်။

သို့သော် ဤ ဒုတိယတွဲကို ဤစာရေးသူပင် ဆက်လက် ရေးသားရန် ဖြစ်ပါလျက် အကြောင်းမည်ညွှတ်၍ ဆက်လက်ရေးသားရန် အခွင့်မသာခြင်းကိုမူ ရှင်းလင်းဖော်ပြသင့်ကြောင်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသဖြင့် အနည်းအကျဉ်းတော့ အမှာအထား ရေးသားဖော်ပြရပါဦးမည်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးသည် ဝိသုဒ္ဓိမဂ် မြန်မာပြန် ကျမ်း ပဌမတွဲကို ရေးသားစဉ်က မျက်စိရောဂါကို ခွဲစိတ် ကုသပြီးခါစပင် ရှိပါသေးသည်။ သို့ဖြစ်၍ မျက်စိကို တတ်နိုင်သမျှ သက်သာစေလိုသောကြောင့် တကြောင်း ဤ စာရေးသူမှာလည်း ထိုစဉ်အခါက အားလပ်ချိန် အထိုက်အလျောက် ရနေသောကြောင့်တကြောင်း ဆရာတော်ဘုရားကြီးက သမာဓိငါးပါးအဖွင့် ကုန်သည်အထိသာ ကိုယ်တိုင် ပြန်ဆိုရေးသားပြီးလျှင် ပလိဗောဓဆယ်ပါးအဖွင့်မှ အစပြု၍ ကျန်ရှိနေသေးသော အပိုင်းများကို ဆက်လက်၍ ပြန်ဆိုရေးသားရန် ဤစာရေးသူအား တာဝန်လွှဲအပ်ခဲ့ပေသည်။ ဤစာရေးသူကလည်း ယင်းတာဝန်ကို ကျေပွန်အောင် စွမ်းနိုင်သမျှ ထမ်းဆောင်ခဲ့ပေပြီ။

http://www.dhammadownload.com

ဤဒုတိယတွဲကိုလည်း ဤစာရေးသူပင် ဆက်လက်ပြန်ဆိုရေးသားစေလိုသော ဆန္ဒတော်ရှိသည့်အတိုင်း ဤစာရေးသူမှာ အားလပ်ခွင့် ရနိုင်မည့် အချိန်ကို ဆရာတော်ဘုရားကြီးက စောင့်ကြည့်တော်မူခဲ့ပေသည်၊ ဤစာရေးသူကလည်း "ကျေးဇူးရှင် ဆရာတော်ဘုရားကြီးမှာ အရွယ်တော် အတော်ကြီး ထောက်လာပြီဖြစ်၍ ကျမ်းစာရေးသားမှု, ဟောပြောမှုတို့မှ ဖြစ်နိုင်သမျှ အနားယူကာ ချမ်းသာစွာ သီတင်းသုံးရန် အချိန်တန်နေပေပြီ" ဟု နှလုံးပိုက်မိသဖြင့် ဒုတိယတွဲကိုလည်း ဆက်လက် ရေးသားရန် စိတ်အားထက်သန်လျက် ရှိခဲ့ပေသည်။

သို့တစေ မည်ညှတ်သော အကြောင်းတရပ်က ပေါ်လာခဲ့ပေသည်၊ ယင်းမှာ အခြားမဟုတ်၊ ဤစာရေးသူသည် ပဌမတွဲရေးပြီးစ အချိန်မှာပင် ယောဂီများအား တရားဟောပြော ပြသစောင့်ရှောက်ရေးတာဝန်ကို စတင် ထမ်းဆောင်နေရသဖြင့် ယင်းကျမ်းစာကို ရေးသားနိုင်လောက်အောင် အားလပ်ချိန် မရနိုင်ခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ ဒုတိယတွဲကို ဤစာရေးသူ ဆက်လက်ရေးသားရန် မဖြစ်နိုင်တော့ပေ။

ထို့ပြင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် ဝိသုဒ္ဓိမဂ် မြန်မာပြန်ကို အပြည့်အစုံ လျင်မြန်စွာ ပြီးစေလိုသည်ကတကြောင်း အထွေထွေ ကျန်းမာရေး ကောင်းမွန်လျက်ရှိသဖြင့် မျက်စိကို အထူး စောင့်ရှောက်ဖွယ် မလိုတော့သည်ကတကြောင်း ဤအကြောင်းများကြောင့် ဤမြန်မာပြန် ဒုတိယတွဲကို ကိုယ်တော်တိုင်ပင် ဆက်လက်ရေးသား ပြုစုတော်မူပေသည်။

ယင်းသို့ ရေးသားရာ၌ ရေးသားပုံမှာ ပဌမတွဲအတိုင်းပင်ဖြစ်၍ အထူး တလည် မှာထားနေဖွယ် မလိုတော့ပေ။ သို့သော် ပဌမတွဲ ပြန်ဆိုပုံနှင့် စိုးစဉ်းမျှ ခြားနားသော အချက်တခုကိုမူ ညွှန်ပြဖို့ လိုကောင်း လိုပေမည်။ ယင်းမှာ အခြားမဟုတ်၊ အချို့ဝတ္ထုကြောင်းများကို ပြန်ဆိုရာဝယ် အရေး

http://www.dhammadownload.com

မကြီးလှသော အရာများ၌ စာဖတ်သူများ နားလည်လွယ်စေရန် ပါဠိသဒ္ဒါနည်းကို အတိုအကျမလိုက်တော့ပဲ ဝါကျများကို ခွဲ၍ဖြစ်စေ အနည်းငယ် ပြင်၍ဖြစ်စေ ပြန်ဆိုထားခြင်းပင် ဖြစ်သည်၊ ယင်းသို့သော ပြန်ဆိုချက်ကို စာမျက်နှာ ၄၃၈၊ မှတ်ချက် ၁-၌ ရှင်းလင်းပြထားပါသည်။

မှတ်သားဖွယ်အချို့

ထို့ပြင် အထူးမှတ်သားဖွယ်ကောင်းသော အချို့အချက်များကိုလည်း အနည်းအကျဉ်းမျှ လမ်းခင်း ညွှန်ပြလိုပါသည်။

စာမျက်နှာ ၃၆၊ မှတ်ချက် ၁-၌ ပဋိသန္ဓာရ၏ အဓိပ္ပါယ်ကို ဖတ်ရှု မှတ်သားနိုင်ပါသည်။

စာမျက်နှာ ၁၀၇၊ မှတ်ချက် ၁-၂-တို့၌ငင်း၊ နှာ ၁၀၈၊ မှတ်ချက် ၁-၌ငင်း၊ နှာ ၁၀၉၊ မှတ်ချက် ၂-၌ငင်း၊ နှာ ၁၁၁၊ မှတ်ချက် ၁-၂-၃-တို့၌ငင်း၊ နှာ ၁၁၂၊ မှတ်ချက် ၂-၃-တို့၌ငင်း စကြာဝဠာနှင့် ပတ်သက်၍ နှီးနှော ချင့်ချိန်နိုင်ရန် သိပ္ပံပညာရှင်တို့၏ အဆိုများကို အလွယ်တကူ ကြည့်ရှုနိုင်ပါသည်။

စာမျက်နှာ ၁၄၂ မှ ၁၄၇ အထိ၊ မှတ်ချက်နေရာ၌ (၁)မှ(၉)အထိ အရဟံ အစရှိသော ဂုဏ်တော် ၉-ပါး၏ သဘောအနက်ကို အချက်ကျ ဉာဏ်သက်ဝင်လျက် ဗုဒ္ဓါနုဿတိဘာဝနာပွါးလိုသူများနှင့် ဘုရားရှိခိုးလိုသူ များအတွက် ဂုဏ်တော်များ၏ ကြည်ညိုဖွယ်အနက်များကို ကျက်မှတ်ရန် လွယ်ကူသော စကားဝါကျတို့ဖြင့် ဖော်ပြထားပါသည်။

စာမျက်နှာ ၁၄၉၊ မှတ်ချက် ၁-၌ တရားအားထုတ်ရာဝယ် အစအဦး တင်္ဒာဝညတ်ဖြင့် ရှုအပ်-ရှုသင့်သော်လည်း တရားသားတက်လာသောအခါ ပညတ်ကို ကျော်လွန်၍ ပရမတ်သဘာဝ၌သာ ရှုမှတ်စိတ် သက်ဝင်တည်နေ ကြောင်းကို ဝိသုဒ္ဓိမဂ် မဟာဋီကာမှယူ၍ ရှင်းပြထားပါသည်။

http://www.dhammadownload.com

စာမျက်နှာ ၂၁၈၊မှတ်ချက် ၁-၌ ထေရဝါဒဗုဒ္ဓဘာသာကျမ်းဂန်များ၌ မတွေ့နိုင်သော သိရီဓမ္မာသောကမင်းနှင့် ပတ်သက်သည့် စိတ်ဝင်စားဖွယ် သိမှတ်စရာများကို ဒီဗျာဝဒါနမည်သော မြောက်ပိုင်း ဗုဒ္ဓဘာသာစာပေ သက္ကဋကျမ်းမှ ထုတ်ဆောင်ဖော်ပြထားပါသည်။

ဘုရားရှင်၏ လက္ခဏာတော်ကြီး ၃၂-ပါးကို ထိုထိုကျမ်းဂန်တို့၌ အတွေ့ရများသဖြင့် အလွယ်တကူ မှတ်သားနိုင်ကြပေသည်၊ အသိတာနုဗျဉ္ဇန ခေါ်သော လက္ခဏာတော်ငယ် ၈၀-ကိုမူကား အတွေ့ရ အလွန်ပင်နည်းလှ၏၊ ထေရဝါဒကျမ်းဂန်အနေဖြင့်မူ ဇိနာလင်္ကာရဋီကာကျမ်း၌သာလျှင် အပြည့်အစုံ ဖော်ပြထားသည်ကို တွေ့ရ၏၊ ထိုသို့ အတွေ့ရ နည်းလှသော ယင်းလက္ခဏာတော်ငယ် ၈၀-ကို မြောက်ပိုင်း ဗုဒ္ဓဘာသာ မဟာယာန ကျမ်းစာဖြစ်သည့် လလိတဝိတ္ထာရကျမ်း၏ ဘာသာပြန်မှ ထုတ်ယူဖော်ပြ ထားသည်ကို နှာ ၂၃၃၊မှတ်ချက် ၁-၌ တွေ့နိုင်ပါသည်။

ဝိသုဒ္ဓိမဂ် ကာယဂတာသတိအဖွင့်၌ "ဒဋ္ဌဋ္ဌံ သာကာရကို လေးလ ပတ်လုံး ရွတ်ဆိုနေကြစဉ်ပင် သောတာပန်ဖြစ်ကြလေကုန်၏"ဟု ဆိုထား ရာတွင် ဆံပင် မွေးညှင်း စသည်ကို ရွတ်ဆိုရုံသက်သက်ဖြင့် တမဂ်တဖိုလ် ရနိုင်သည်ဟု အယူအဆ တိမ်းစောင်းဖွယ် ရှိနေပေသည်။ ယင်းသို့ မတိမ်း မစောင်းစေရန် မဟာဋီကာ၏ ရှင်းပြချက်ကို နှာ ၂၅၁၊ မှတ်ချက် ၁-၌ ဖော်ပြထားပါသည်။

မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့သည် နှလုံးသွေးကိုမှီ၍ ဖြစ်ကြ သည်ဟူသော ကျမ်းဂန်အဆိုသည် ယခုခေတ် နှလုံးသစ် လဲလှယ်ကုသမှုနှင့် မဆန့်ကျင်ကြောင်းကို နှာ ၃၀၀၊ မှတ်ချက် ၂-၌ နှီးနှောပြထားပါသည်။

ဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို ရှုပွါး၍ ဥပစာရသမာဓိ ဖြစ်သည်ဆိုရာ၌ အပ္ပနာ၏အနီး၌ဖြစ်သော ဥပစာရသမာဓိ အစစ်မဟုတ်ပဲ ယင်းဥပစာရ

http://www.dhammadownload.com

သမာဓိနှင့် လက္ခဏာတူသော (ဝိပဿနာ) ခဏိကသမာဓိကိုပင် ဥပစာရသမာဓိဟု တင်စား၍ ဆိုထားခြင်းဖြစ်ကြောင်း မဟာဋ္ဌိကာ၏ ရှင်းလင်းချက်ကို နှာ ၅၇၃၊ မှတ်ချက် ၂-၌ ဖော်ပြထားပါသည်။

ဤမျှဖြင့် ဤဝိသုဒ္ဓိမဂ်-မြန်မာပြန် ဒုတိယတွဲ၏ အနှစ်သာရကို စာရှုသူများ မြည်းကြည့်နိုင်လောက်ပြီဟု ယူဆပါသည်။

သာသနာနှစ် ၂၅၁၆-ခုနှစ်၊
မြန်မာ ၁၃၁၄-ခုနှစ်၊
ပြာသိုလဆုတ် ၁၁-ရက်။
(၂၉၊၁၊၇၄)

အရှင်ဇနကာဘိဝံသ(တောင်တွင်းကြီး)
သက္ကသီဟနှင့်အစိုးရဓမ္မာစရိယ
ကမ္မဋ္ဌာနာစရိယ၊သာသနဇ္ဈရိပ်သာ
ရန်ကုန်။

http://www.dhammadownload.com

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ်-မြန်မာပြန်

ဒု တိ ယ တွဲ

မာတိကာ

အကြောင်းအရာ စာမျက်နှာ

ဖ-အသုဘကမ္မဋ္ဌာနနိဒ္ဒေသ-အသုဘကမ္မဋ္ဌာန်းကို အ
ကျယ်ပြချက် .... ၁ မှ ၆၇

ဥဒ္ဓုမာတကစသော ပုဒ်တို့၏ အနက်ကို ဖွင့်ပြချက် ၁

ဥဒ္ဓုမာတကကမ္မဋ္ဌာန်း ရှုပုံ ၇

အသုဘကောင်ရှိရာသို့သွားရန် အစီအရင် ၉

ပန်ကြားရှု သွားအပ်ကြောင်း.... .... ၉

အသုဘနိမိတ် ယူပုံကိုပြသော ရှေးအဋ္ဌကထာစကား ၁၁

ဒီဗ္ဗဝိဟာရ (မှတ်ချက်) ၁၅

တည်နေရန်သင့်သောအရပ်ကိုပြခြင်း ၁၇

ပတ်ဝန်းကျင်ရှိ ကျောက်စသည်တို့ကို မှတ်သားပုံ ၁၈

သဘောလက္ခဏာအားဖြင့် မှတ်သားပုံ ၂၁

အဆင်း စသည်ဖြင့် မှတ်သားပုံ ၂၃

ပါရမီထူးရှိသူမှာ ပဋိဘာဂနိမိတ် ထင်လွယ်ကြောင်း ၂၇

အစပ်စသည်ဖြင့် နိမိတ်ယူပုံ ၂၈

နိမိတ်ကို ကောင်းစွာယူပုံ စသည်၌ အဆုံးအဖြတ်စကား ၂၉

သုသာန်မှ အပြန်၌ ပြုရန်ကျင့်ဝတ် ၃၁

ပတ်ဝန်းကျင်၌ နိမိတ်မှတ်သားခြင်း စသည်၏အကျိုး
အာနိသင် ၃၂

http://www.dhammadownload.com

အကြောင်းအရာ စာမျက်နှာ

၃၈-ပါးသောကမ္မဋ္ဌာန်း (မှတ်ချက်) ၃၃
ရတနာမြတ်ဟု အမှတ်ပြုကာ ရိုသေလေးစားလျက်
ရှုပုံကို ဖွင့်ပြချက် ၃၈
ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်၏ ထူးခြားချက် ၄၀
ဥပစာရစျာန်နှင့် အပ္ပနာသို့ ရောက်ပုံ ၄၂
ဝိနီလကစသော ကမ္မဋ္ဌာန်းရှုပုံ ၄၃
ပြိုးပြမ်းပြဆိုချက် ၅၂
ဥဒ္ဓုမာတကစသော အသုဘတို့သည် ပုံသဏ္ဌာန်၌
တပ်မက်မှုအားကြီးသူ စသည်တို့အား သင့်လျော်ပုံ
ခွဲခြားရှင်းပြခြင်း ၅၃
အသုဘကမ္မဋ္ဌာန်း၌ ပဌမစျာန်ကိုသာရခြင်း၏အကြောင်း ၅၅
အသုဘအာရုံ၌ ပီတိသောမနဿဖြစ်ခြင်း၏ အကြောင်း ၅၅
အသက်ရှင်ဆဲကိုယ်သည်လည်း အသုဘပင်ဖြစ်ကြောင်း ၅၆
ပေါက်ပန်း၌ မြေခွေးကဲ့သို့ နှလုံးမသွင်းအပ်ကြောင်း ၆၀
ကျက်မှတ်၍ ဆင်ခြင်ရန် ဂါထာ ၃-ပုဒ်ပါဠိအနက် ၆၂

**၇-ဆအနုဿတိနိဒ္ဒေသ-အနုဿတိ ၆-ပါးကို အကျယ်
ပြချက် .... ၆၅-မှ ၂၀၈**

အနုဿတိဆယ်ပါး၏ ပုဒ်အနက်ကို ဖွင့်ပြချက် ၆၅
၁-ဗုဒ္ဓါနုဿတိပွါးပုံ ပြဆိုချက် ၆၈
(၁) အရဟံဂုဏ်တော်အဖွင့် ၇၀
ပ-မပါသော ဇာနန-ပုဒ်၏သိခြင်းဟူသော အနက်လည်း
ပဇာနန-ပညာသိကိုဟောကြောင်း (မှတ်ချက်) ၈၀
သံသရာစက်ဘီးပုံ အမှတ်-၁ (မှတ်ချက်) ၈၂

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
သံသရာစက်ဘီးပုံ အမှတ်-၂ (မှတ်ချက်)	....		၈၄
(၂) သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အဖွင့်	....	....	၈၉
နိဗ္ဗာန်တပါးတည်းကိုပင် ဗဟုဝုစ်ဖြင့် ဟောကြောင်း (မှတ်ချက်)	....	....	၉၀
စက္ခုပသာဒ စသည်တို့ကို သစ္စာ ၄-ပါးဖြင့် ပိုင်းခြားရှု သိပုံ	....	....	၉၁
အတိတ်ဘဝက တဏှာသည် ပစ္စုပ္ပန်ဘဝ၌ ရုပ်နာမ် အားလုံး၏ အကြောင်းရင်းဖြစ်ကြောင်း (မှတ်ချက်)	....	....	၉၁
(၃) ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်အဖွင့်	....		၉၃
(၄) သုဂတဂုဏ်တော်အဖွင့်	....	....	၉၆
စကား ၆-ခွန်းတွင် မြတ်စွာဘုရား ပြော, မပြော သည့်စကား	....	....	၉၉
(၅) လောကဝိဒူဂုဏ်တော်အဖွင့်	....	....	၁၀၁
မစုတေ မကပ်ရောက်-ဟူသော စကားတို့ဖြင့် ဥပပါတ်အဖြစ်ဖြင့် မသေခြင်း မဖြစ်ခြင်းကို ပြသည် ဆိုသောကေစိဝါဒ (မှတ်ချက်)	....		၁၀၁
လောက၏ အဆုံးကို ခြေလျင်သွား၍ မရောက်နိုင်ကြောင်း	....	....	၁၀၂
သစ္စာလေးပါးကို သတ္တဝါ၏ ကိုယ်ထဲ၌သာ ပညတ် ဟောကြားကြောင်း	....	....	၁၀၂
လောကသုံးပါးအကြောင်း	....	....	၁၀၃
စကြာဝဠာတခု၏ အကျယ်အဝန်းပမာဏ	....		၁၀၇
ကမ္ဘာမြေ၏ ပမာဏ	....	....	၁၀၇

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
သမုဒ္ဒရာ ဟိမဝန္တာတောင်တို့၏ ပမာဏ	....		၁၀၉
ဇမ္ဗူသပြေပင်၏ တည်ရာဌာန (မှတ်ချက်)	....		၁၁၀
လ-၏ ပမာဏ (မှတ်ချက်)	....	....	၁၁၁
နေ-၏ ပမာဏ (မှတ်ချက်)	....	....	၁၁၁
လောကန္တရိက်ငရဲအကြောင်း (မှတ်ချက်)	....		၁၁၂
(၆-က) အနုတ္တရဂုဏ်တော်အဖွင့်	....	....	၁၁၄
(၆-ခ) ပုရိသဒမ္မသာရထိဂုဏ်တော်အဖွင့်	....		၁၁၆
(၆-ဂ) အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော် အဖွင့်	....	....	၁၁၇
(၇) သတ္ထာ ဒေဝမနုဿာနံဂုဏ်တော်အဖွင့်	....		၁၁၈
ပရမတ္ထတော်- ပုဒ်သည် အနုသာသတီ-ပုဒ်၏ ကံဖြစ် သင့်သော်လည်း ကရိုဏ်း ဝိဘတ်ဖြင့် ဆိုထားသောကြောင့် ကရိုဏ်းအနက်ပြန် ကြောင်း (မှတ်ချက်)	....	....	၁၁၈
ဖားနတ်သားအကြောင်း	....	....	၁၂၀
(၈) ဗုဒ္ဓဂုဏ်တော်အဖွင့်	....	....	၁၂၁
သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ဖြင့် သစ္စာလေးပါးကို ကိုယ်တိုင်မှန်စွာသိ၍ ဘုရားဖြစ်ကြောင်းကို ပြသည်၊ ဗုဒ္ဓဂုဏ်တော်ဖြင့် သိသင့်သမျှ အခြား ဥေယျံ တရားတို့ကိုလည်း သိကြောင်းပြသည် (မှတ်ချက်)	....		၁၂၂
(၉) ဘဂဝါဂုဏ်တော်အဖွင့်	....	....	၁၂၃
အာဝဏ္ဍိကအမည်	....	....	၁၂၄
လိင်္ဂိကအမည်	....	....	၁၂၄

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
နေမိတ္တိကအမည်	....	....	၁၂၅
အဓိစ္စသမုပ္ပန္နအမည်	....	....	၁၂၅
စေတောဓိလငါးပါး (မှတ်ချက်)	....	....	၁၃၁
စေတောဝိနိဗန္ဓငါးပါး (မှတ်ချက်)	....	....	၁၃၁
အနေကသခ်္ခါ (မှတ်ချက်)	....	....	၁၃၂
ဘဂမည်သော ဘုန်းတော် ၆-ပါး		....	၁၃၆
အဏိမာစသော တန်ခိုးရှစ်ပါး စာကိုယ်နှင့် မှတ်ချက်			၁၃၆
သစ္စာလေးပါးတို့၏ သဘော ၁၆-ပါး		....	၁၃၈
ဝိဟာရသုံးပါး စာကိုယ်နှင့်မှတ်ချက်		....	၁၄၀
ဝိဝေကသုံးပါး စာကိုယ်နှင့်မှတ်ချက်		....	၁၄၀
ဝိမောက္ခသုံးပါး စာကိုယ်နှင့်မှတ်ချက်		....	၁၄၀
ဘုရားဂုဏ်တော် (၉) ပါးအကျဉ်းချုပ် (မှတ်ချက်)			၁၄၂
သဘာဝဓမ္မကို တဇ္ဇာပညတ်ဖြင့် ရှုကောင်းကြောင်း (မှတ်ချက်)	....	....	၁၄၉
ဗုဒ္ဓါနုဿတိဘာဝနာ၏ အာနိသင်အကျိုးများ		....	၁၅၀
၂-ဓမ္မာနုဿတိပွါးပုံ ပြဆိုချက်	....	....	၁၅၁
သံဃာတဂုဏ်တော်အဖွင့်	....	....	၁၅၂
ကမ္မဋ္ဌာယ်စသော အနုဿာယ်ငါးပါး (မှတ်ချက်)		....	၁၅၉
သန္ဒိဋ္ဌိကဂုဏ်တော်အဖွင့်	....	....	၁၆၁
အကာလိကဂုဏ်တော်အဖွင့်	....	....	၁၆၃
ဟေပဿိကဂုဏ်တော်အဖွင့်	....	....	၁၆၄
ဩပနေယျိကဂုဏ်တော်အဖွင့်	....	....	၁၆၅
ပစ္စတ္တံ ဝေဒိတဗ္ဗဂုဏ်တော်အဖွင့်	....	....	၁၆၆
ဥဋ္ဌါဠှိတညူပဂ္ဂိုလ်စသည် ဖော်ပြချက် (မှတ်ချက်)			၁၆၆

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
တရားဂုဏ်တော်(၆)ပါးအကျဉ်းချုပ်(မှတ်ချက်)	၁၆၈
ဓမ္မာနုဿတိဘာဝနာ၏ အာနိသင်အကျိုးများ	၁၇၀
၃-သံဃာနုဿတိပွါးပုံ ပြဆိုချက်	၁၇၂
သုပ္ပဋိပန္နဂုဏ်တော်အဖွင့်	၁၇၃
ဥဇုပ္ပဋိပန္နဂုဏ်တော်အဖွင့်	၁၇၄
အကောက်သုံးပါး(မှတ်ချက်)	၁၇၅
ဉာယပ္ပဋိပန္နဂုဏ်တော်အဖွင့်	၁၇၆
သာမီစိပ္ပဋိပန္နဂုဏ်တော်အဖွင့်	၁၇၆
အာဟုနေယျဂုဏ်တော်အဖွင့်	၁၇၇
ပါဟုနေယျဂုဏ်တော်အဖွင့်	၁၇၉
ဒက္ခိဏေယျဂုဏ်တော်အဖွင့်	၁၈၁
အဉ္ဇလိကရဏီယဂုဏ်တော်အဖွင့်	၁၈၂
အနုတ္တရပုညက္ခေတ္တဂုဏ်တော်အဖွင့်	၁၈၂
သံဃဂုဏ်တော်(၉)ပါးအကျဉ်းချုပ် (မှတ်ချက်)	၁၈၃
သံဃာနုဿတိဘာဝနာ၏ အာနိသင်အကျိုးများ	၁၈၅
၄-သီလာနုဿတိပွါးပုံ ပြဆိုချက်	၁၈၆
၅-စာဂါနုဿတိပွါးပုံ ပြဆိုချက်	၁၉၀
၆-ဒေဝတာနုဿတိပွါးပုံ ပြဆိုချက်	၁၉၂
ပြီးပြည့်မြဲပြဆိုချက်	၂၀၁
ပရမဝိသုဒ္ဓိ-အရာတွင် ပရမတ္ထဝိသုဒ္ဓိ-ဟု ခွဲတ်ယွင်း နေကြောင်း (မှတ်ချက်)	၂၀၃
ဩကာသာဓိကမ ဟူသည် အနုဿတိ ၆-ပါးတို့ကို ရခြင်းပင်ဖြစ်ကြောင်း	၂၀၃

http://www.dhammadownload.com

အကြောင်းအရာ စာမျက်နှာ

ဖုဿဒေဝမထေရ်သည် ဗုဒ္ဓါနုဿတိကို အခြေခံကာ ဝိပဿနာရှုလျက် အရဟတ္တဖိုလ်သို့ ရောက်တော်မူကြောင်း ၂၀၆

ဂ-အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ-အနုဿတိ ကမ္မဋ္ဌာန်းကို အကျယ်ပြချက် .... ၂၀၈-မှ ၄၁၅

၇-မရဏာဿတိပွါးပုံ ပြဆိုချက် ၂၀၈

မရဏာဿတိအရာ၌ လိုအပ်သော သေခြင်းနှင့် မလို အပ်သောသေခြင်းများ ၂၀၈

ဒူသီမာရ်နတ်စသည်တို့၏ အကာလမရဏာ ၂၀၉

(၁)သူသတ်သွားကဲ့သို့ ရှေးရှုကပ်လျက် တည်သော .. အားဖြင့်ရှုပုံ ၂၁၃

(၂)ပြည့်စုံခြင်း ပျက်စီးခြင်းအားဖြင့်ရှုပုံ ၂၁၇

သံဝေဂဂါထာ ၂-ပုဒ် ပါဠိ-အနက် ၂၁၈

အသောကမင်း၏ နောက်ဆုံးကာလ (မှတ်ချက်) ၂၁၈

(၃)အနီးသို့ဆောင်သောအားဖြင့်ရှုပုံ ၂၂၆

(၃-က) အခြံအရံများသူတို့နှင့် နှိုင်းယှဉ်၍ ဆင်ခြင်ပုံ ၂၂၆

(၃-ခ) ဘုန်းကံကြီးသူတို့နှင့် နှိုင်းယှဉ်၍ ဆင်ခြင်ပုံ ၂၂၇

(၃-ဂ) ခွန်အားကြီးသူတို့နှင့် နှိုင်းယှဉ်၍ ဆင်ခြင်ပုံ ၂၂၈

(၃-ဃ) တန်ခိုးကြီးသူတို့နှင့် နှိုင်းယှဉ်၍ ဆင်ခြင်ပုံ ၂၃၀

(၃-င) ပညာကြီးသူတို့နှင့် နှိုင်းယှဉ်၍ ဆင်ခြင်ပုံ ၂၃၁

(၃-စ) ပစ္စေကဗုဒ္ဓါတို့နှင့် နှိုင်းယှဉ်၍ ဆင်ခြင်ပုံ ၂၃၂

(၃-ဆ) ဘုရားရှင်နှင့် နှိုင်းယှဉ်၍ ဆင်ခြင်ပုံ.... ၂၃၃

လက္ခဏာငယ် (၈၀) သရုပ် (မှတ်ချက်) ၂၃၃

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
(၄)ရူပ်ကိုယ်၏ သတ္တဝါအများတို့နှင့် ဆက်ဆံသော အားဖြင့်ရှုပုံ	၂၄၇
(၅)အသက်၏ အားနည်းသောအားဖြင့်ရှုပုံ	၂၄၉
(၆)အမှတ်နိမိတ်မရှိသောအားဖြင့်ရှုပုံ	၂၄၀
(၇)အသက်တမ်း၏ အပိုင်းအခြားအားဖြင့် ရှုပုံ	၂၄၂
(၈)ရှင်ဆဲခဏ၏ တိုတောင်းသောအားဖြင့် ရှုပုံ	၂၄၅
ဥပေက္ခာသည်လည်း သုခ ဒုက္ခ၌ အတွင်းဝင် ကြောင်း(မှတ်ချက်)	၂၄၆
၈-ကာယဂတာသတိပွါးပုံ ပြဆိုချက်	၂၅၀
ဤရိယာပထပိုင်း သမ္မဇညပိုင်း ဓာတုမနသိကာရ ပိုင်းတို့ကို ဝိပဿနာအတွက် ဟောထားကြောင်း ဒွတ္တိံသာကာရကို ဟောတော်မူပုံ၊ ထိုတွင် ဦး နှောက်ကို သရုပ်ဖော်၍ မဟာပဲ ရိုးတွင်း ခြင်ဆီ၌ ထည့်သွင်း၍ ဟောတော်မူပုံ	၂၅၃
ကာယဂတာသတိကမ္မဋ္ဌာန်းယူပုံ	၂၅၄
ဥဂ္ဂဟကောသလ္လကို ပြောကြားပုံ	၂၅၈
နှုတ်ဖြင့် ရွတ်ဆိုပုံ	၂၅၉
သမ္မောဟဝိနောဒနီ၌ပြသည့် ရွတ်ဆိုပုံ	၂၆၁
စိတ်ဖြင့် ရွတ်ဆိုပုံ	၂၆၂
အဆင်းစသည်ဖြင့် ပိုင်းခြားပုံ	၂၆၂
မနသိကာရကောသလ္လကို ပြောကြားပုံ ...	၂၆၄
(က) အစဉ်အတိုင်း နှလုံးသွင်းအပ်ကြောင်း....	၂၆၅
(ခ) မမြန်လွန်းပဲ နှလုံးသွင်းအပ်ကြောင်း	၂၆၅

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
(၈) မနှေးလွန်းပဲ နှလုံးသွင်းအပ်ကြောင်း	၂၆၆
(ဃ) မပျံ့လွင့်အောင် နှလုံးသွင်းအပ်ကြောင်း	၂၆၆
(င) ပညတ်ကျော်လွန်၍ နှလုံးသွင်းအပ်ကြောင်း	၂၆၇
(စ) မထင်သည့် ကောဋ္ဌာသကို ပယ်၍ နှလုံးသွင်းအပ်ကြောင်း	၂၆၇
(ဆ) အပွနာဖြစ်ရာ ကောဋ္ဌာသကို သိထားအပ်ကြောင်း	၂၇၁
(ဇ၊စျ၊ည) သုတ္တန် သုံးပါးနှင့် အညီ နှလုံးသွင်းအပ်ကြောင်း	၂၇၁
သတိ သတိ အာယတနေ အဆုံးအဖြတ်(မှတ်ချက်)	၂၇၄
ပရိကံကို ပြုပုံ	၂၇၆
ကောဋ္ဌာသတို့ကို ပိုင်းခြားပုံ ပြဆိုချက်	၂၇၇
(၁) ဆံပင်	၂၇၇
(၂) အမွေး	၂၈၂
ပရမာဏုမ္မူစသည်(မှတ်ချက်)....	၂၈၂
(၃) လက်သည်း ခြေသည်း	၂၈၃
(၄) သွား	၂၈၄
(၅) အရေ	၂၈၄
(၆) အသား	၂၈၈
(၇) အကြော	၂၈၉
(၈) အရိုး	၂၉၁
(၉) ရိုးတွင်းခြင်ဆီ	၂၉၈

http://www.dhammadownload.com

အကြောင်းအရာ				စာမျက်နှာ
(၁၀)	အဏ္ဍိ	....	....	၂၉၈
(၁၁)	နှလုံး	....	....	၂၉၉
(၁၂)	အသည်း	....	....	၃၀၂
(၁၃)	အမြှေး	....	....	၃၀၃
	ဒုကူလ-ဘွဲ့ဖြူပုဆိုးအကြောင်း(မှတ်ချက်)		....	၃၀၃
(၁၄)	အဖျဉ်း	....	....	၃၀၄
(၁၅)	အဆုတ်	....	....	၃၀၅
(၁၆)	အူမ	....	....	၃၀၆
(၁၇)	အူသိမ်	....	....	၃၀၆
(၁၈)	အစာသစ်	....	....	၃၀၇
(၁၉)	အစာဟောင်း	....	....	၃၁၀
	အစာဟောင်းအိမ် အူမကြီးတည်နေပုံ(မှတ်ချက်)			၃၁၀
(၂၀)	ဦးနှောက်	....	....	၃၁၁
(၂၁)	သည်းခြေ	....	....	၃၁၂
(၂၂)	သလိပ်	....	....	၃၁၃
(၂၃)	ပြည်	....	....	၃၁၄
(၂၄)	သွေး	....	....	၃၁၅
(၂၅)	ချွဲး	....	....	၃၁၆
(၂၆)	အဆီခဲ	....	....	၃၁၇
(၂၇)	မျက်ရည်	....	....	၃၁၈
(၂၈)	ဆီကြည်	....	....	၃၁၉
(၂၉)	တံထွေး	....	....	၃၂၀
(၃၀)	နှပ်	....	....	၃၂၁

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
မေတ္တာဖြင့် နေလေ့ရှိသော ဝိသာခမထေရ်ဝတ္ထု			၄၆၅
၂-ကရဏာဘပ္ပါးပုံ အဖွင့်	....	....	၄၆၉
၃-မုဒိတာဘပ္ပါးပုံ အဖွင့်	....	....	၄၇၃
၄-ဥပေက္ခာဘပ္ပါးပုံ အဖွင့်	....	....	၄၇၆
ပြိုးပြမ်းပြဆိုချက်	....	....	၄၇၈
ဝစနတ္ထ-သဒ္ဒါအနက်	....	....	၄၇၉
လက္ခဏာစသည်	....	....	၄၈၀
ပယောဇဉ်-အကျိုး	....	....	၄၈၃
ရန်သူများ	....	....	၄၈၄
စ-လယ်-ဆုံးနှင့် အာရုံကို ပွါးစေခြင်း	....	....	၄၈၉
နိဿန္ဒအကျိုး	....	....	၄၉၀
ဗြဟ္မဝိဟာရမည်ကြောင်းစသည်	....	....	၄၉၁
ရနိုင်သောစျာန်များ	....	....	၄၉၄
အယူအဆ မမှားရန် ရှင်းပြချက်	....	....	၄၉၅
မူလသမာဓိ ခဏိကသမာဓိ	....	....	၄၉၈
သုဘပရမစသည်	....	....	၅၀၁
ပါရမီ စသည် ပြည့်ကြောင်းလည်း ဖြစ်သည်....		....	၅၀၅
၁၀-အာရုပ္ပနိဒ္ဒေသ-အရူပကမ္မဋ္ဌာန်း အကျယ်ပြဆိုချက်		....	၅၀၇-မှ-၅၅၀
၁-ပဌမအရူပ-အာကာသာနဉ္စာယတနကမ္မဋ္ဌာန်းအဖွင့်			၅၀၇
ရူပသညာသရုပ်	....	....	၅၁၆
ပဋိဃသညာသရုပ်	....	....	၅၁၇

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
နာနတ္တသညာသရုပ်	၅၁၈
ကသိဏုဂ္ဆါဋ္ဌိမာကာသ-ကသိုဏ်းရုပ်ကို ခွါခြင်းဖြင့် ပြီးစီး သော ဟင်းလင်းပြင် ကောင်းကင်-ဟု အနက်ပြန်ခြင်း အကြောင်း (မှတ်ချက်)	၅၂၁
၂-ဝိညာဏဥာယတနအဖွင့်	၅၂၃
၃-အာကိဥ္ဉညာယတနအဖွင့်	၅၂၉
၄-နေဝသညာနာသညာယတန အဖွင့်	၅၃၄
နေဝသညာနာသညာယတနတရားတို့ကို(ကလာပ) အပေါင်း အလိုက်အားဖြင့်သာလျှင် ဝိပဿနာ ရှုနိုင်ကြောင်း, အနုပဒအားဖြင့် မရှုနိုင်ကြောင်း	၅၄၂
ပြိုးပြွမ်းပြဆိုချက်	၅၄၄
၁၁-သမာဓိနိဒ္ဒေသ-သမာဓိကို အကျယ်ပြချက် ....၅၅၁ မှ	**၆၄၆**
၁-အာဟာရေပဋိက္ကူလသညာပွါးပုံ	၅၅၁
အာဟာရ ၄-ပါး	၅၅၁
ယင်းလေးပါးက အကျိုးအသီးအသီးကို ဆောင်ပုံ ဖြစ်စေပုံ	၅၅၁
(၁) သွားခြင်းအားဖြင့် ဆင်ခြင်ပုံ	၅၅၄
(၂) ရှာမှီးခြင်းအားဖြင့် ဆင်ခြင်ပုံ	၅၅၆
(၃) သုံးဆောင်ခြင်းအားဖြင့် ဆင်ခြင်ပုံ	၅၅၈
(၄) တည်ရာအာယတနအားဖြင့် ဆင်ခြင်ပုံ	၅၅၉
(၅) စုရှ်တည်ရာ အစာသစ်အိမ်အားဖြင့် ဆင်ခြင်ပုံ	၅၆၀

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
(၆) မကျေကျက်သေးသောအားဖြင့် ဆင်ခြင်ပုံ	၅၆၁
(၇) ကျေကျက်ပြီးသောအားဖြင့် ဆင်ခြင်ပုံ	၅၆၂
(၈) ပြီးစီးသောအကျိုးအားဖြင့်ဆင်ခြင်ပုံ	၅၆၂
(၉) ယိုထွက်ခြင်းအားဖြင့် ဆင်ခြင်ပုံ	၅၆၃
(၁၀) လူးပေခြင်းအားဖြင့် ဆင်ခြင်ပုံ	၅၆၅
သမာဓိဖြစ်ပုံ	၅၆၆
အာဟာရေပဋိက္ကူလသညာဘာဝနာ၏ အကျိုး	၅၆၇
၂-စတုဓာတုဝဝတ္ထာန်ပွါးပုံ	၅၆၈
ဓာတ်ကမ္မဋ္ဌာန်းအကျဉ်းချုပ် မဟာသတိပဋ္ဌာနသုတ်	၅၆၈
ဓာတ်ကမ္မဋ္ဌာန်းအကျယ် မဟာဟတ္ထိပဒေါပမသုတ်	၅၇၁
ဥပါဒိန္နတရား ဟူသည်မှာ ငါ ငါ့ဥစ္စာဟု စွဲလမ်း နှိုင်သော သတ္တဝါ၏ ကိုယ်တွင်း တရားမျှား ဖြစ်ကြောင်း (မှတ်ချက်)....	၅၇၅
မတ္ထလုင်္ဂခေါ် ဦးနှောက်ကို ယံ ဝါ ပန စသည်ဖြင့် သိမ်းယူကြောင်း (မှတ်ချက်ဋီကာ)	၅၇၅
စားလိုက်သည့်အစာ ကျေကျက်လျှင် ရသဓာတ် စသည် ဖြစ်သွားကြောင်း (မှတ်ချက်)	၅၇၇
အဿာသကို ဝင်သက်လေ၊ ပဿာသကို ထွက်သက်လေဟု ဖွင့်ပြထားသည်	၅၇၈
ဓာတ်လေးပါးကို ၄၂-ပါးသော အခြင်းအရာ တို့ဖြင့် ပြကြောင်း	၅၇၉
လက္ခဏာနှင့် ဥပဋ္ဌာနာကာရ နှစ်ပါးလုံးကို ဆိုခြင်း၏ အကြောင်း (မှတ်ချက်)	၅၈၂

http://www.dhammadownload.com

အကြောင်းအရာ

စာမျက်နှာ

ဥပစာရသမာဓိဟု ဆိုသော်လည်း ဓာတုဝဝတ္ထာန်
၌ အပ္ပနာမရှိသောကြောင့် သဒိသူပစာရဖွင့်မျှသာ
ဖြစ်ကြောင်း (မှတ်ချက်).... .... ၅၀၄
သသမ္ဘာရသခေါ်ပ၏ အနက် (မှတ်ချက်) ၅၀၆
(၁) သသမ္ဘာရသခေါ်ပဖြင့် ရှုပုံ ၅၀၀
(၂) သသမ္ဘာရဝိဘတ္တိဖြင့် ရှုပုံ ၅၀၀
ဆံပင်တို့ကို ရှုပုံ စသည် ၅၀၉
အဗျာကတောပုဒ်ကို "အာရုံကို မသိတတ်သော
တရား" ဟု အနက်ပြန်ခြင်း၏အကြောင်း(မှတ်ချက်)၅၉၀
အသားကို ရှုပုံ စသည် ၅၉၃
နှလုံးကို ရှုပုံ စသည် ၅၉၆
အူမကို ရှုပုံ စသည် ၅၉၉
သည်းခြေကို ရှုပုံ စသည် ၆၀၂
မျက်ရည်ကို ရှုပုံ စသည် ၆၀၆
တေဇောဓာတ်လေးပါးကို ရှုပုံ ၆၀၉
ဝါယောဓာတ်ခြောက်ပါးကို ရှုပုံ ၆၁၀
(၃) သလက္ခဏသခေါ်ပဖြင့် ရှုပုံ ၆၁၁
(၄) သလက္ခဏဝိဘတ္တိဖြင့် ရှုပုံ ၆၁၃
(၁) ဝစနတ္ထအားဖြင့် နှလုံးသွင်းပုံ ၆၁၄
(၂) ကလာပအားဖြင့် နှလုံးသွင်းပုံ ၆၁၅
၄၂-ပါးသော ကောဋ္ဌာသတို့၌ ပါဝင်သော
ကလာပ်ပေါင်း(၁၇၃)၊ ရုပ်ပေါင်း(၁၅၀၁)တို့ကို
ရေတွက်ပြသော ဋီကာနည်း(မှတ်ချက်) ၆၁၆

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
(၃)	စုဏ္ဏ-အမှုန့်အားဖြင့် နှလုံးသွင်းပုံ	....	၆၁၇
(၄)	လက္ခဏာ စသည်အားဖြင့် နှလုံးသွင်းပုံ	....	၆၂၀
(၅)	ဖြစ်ကြောင်းသမုဒ္ဌာန်အားဖြင့် နှလုံးသွင်းပုံ....		၆၂၁
(၆)	နာနတ္တကေတ္တအားဖြင့် နှလုံးသွင်းပုံ	....	၆၂၂
	မဟာဘူတ-မဟာဘုတ်ဟု ခေါ်ရခြင်းအကြောင်းများ		၆၂၃
	ဥပါဒိန္နသန္တာန်ဟူသည်မှာ သက်ရှိသန္တာန် ဖြစ်ကြောင်း(မှတ်ချက်)	....	၆၂၃
	ဓာတ်ကြီးလေးပါးကို ကဋ္ဌမုခစသော မြေလေးမျိုးနှင့် ဥပမာပြု၍ပြသည်....	....	၆၂၇
(၇)	ဝိနိဗ္ဘောဂ-အဝိနိဗ္ဘောဂအားဖြင့် နှလုံးသွင်းပုံ		၆၃၀
(၈)	သဘာဂ-ဝိသဘာဂအားဖြင့် နှလုံးသွင်းပုံ	....	၆၃၁
(၉)	အဇ္ဈတ္တိကဗာဟိရဝိသေသအားဖြင့် နှလုံးသွင်းပုံ		၆၃၂
(၁၀)	သင်္ဂဟအားဖြင့် နှလုံးသွင်းပုံ	....	၆၃၂
(၁၁)	ပစ္စယအားဖြင့် နှလုံးသွင်းပုံ	....	၆၃၂
(၁၂)	အသမန္နာဟာရအားဖြင့် နှလုံးသွင်းပုံ	....	၆၃၃
(၁၃)	ပစ္စယဝိဘာဂအားဖြင့် နှလုံးသွင်းပုံ	....	၆၃၃
	ဓာတုဝဝတ္ထာန်ဘာဝနာ၏ အာနိသင်အကျိုး	....	၆၃၉
	သမာဓိကထာနိဂုံးချုပ်	....	၆၄၀
	သမာဓိ၏ အာနိသင်ကို ပြဆိုချက်	....	၆၄၀
	ဒိဋ္ဌဓမ္မသုခဝိဟာရ အာနိသင်(၁)	....	၆၄၁
	သမ္မာဓေ ဩကာသာဓိဂမနည်း (မှတ်ချက်)	....	၆၄၁
	ယင်းနည်းအရ ဥပစာရသမာဓိဖြင့်လည်း စိတ္တဝိသုဒ္ဓိ ပြီးစီးကြောင်း(မှတ်ချက်)	....	၆၄၁

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
ဝိပဿနာ အာနိသင် (၂)	....	....	၆၄၃
သတိ သတိ အာယတနေ-၌ သတိ သတိသည် ကြိယာဝိစ္ဆာဖြစ်ကြောင်း(မှတ်ချက်)	....		၆၄၃
အဘိညာဉ် အာနိသင် (၃)	....	....	၆၄၄
ဘဝအထူး အာနိသင် (၄)	....	....	၆၄၅
နိရောဓသမာပတ် အာနိသင် (၅)	....	....	၆၄၅
သီလေ ပတိဋ္ဌာယ-အစချီသော မူရင်းဂါထာ ပါဠိအနက်(မှတ်ချက်)	....	....	၆၄၆

ဝိသုဒ္ဓိမဂ်-မြန်မာပြန် ဒုတိယတွဲ မာတိကာ ပြီး၏။

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ်-မြန်မာပြန် ဒုတိယတွဲ၌ ပြင်ဖတ်ရန်

စာမျက်နှာ	ကြောင်း	ရှိရင်း	ပြင်ဖတ်ရန်
၄၅	၉	အလုံးစုံပြည့်စုံလျက်	အလုံးစုံပြည့်လျက်
၄၅	၁၇	အလုံးပြည့်စုံလျက်	အလုံးစုံပြည့်လျက်
၅၃	၁၅	အရေးအဆင်း	အရေအဆင်း
၇၅	၁၀	ကျေးဇူးပြု၍	ကျေးဇူးပြု၏
၉၇	၇	သုဂတာ်	သုဂတ၂
၉၇	၂၃	၁–သု	၂–သု
၁၀၉	၂၀	ပြထားသော	ဤ၌ ပြထားသော
၁၂၆	နှာနုံပါတ်	၂၁၆	၁၂၆
၁၃၆	၁၀	ရုပ်ကို	ရုပ်ကိုယ်ကို
၁၄၀	၁	အရိယာဝိဟာရ	အရိယဝိဟာရ
၁၅၄	၁၁	ဥဒါဟရုံ	ဥဒါဟရဏ်
၁၅၉	၁၀	တွက်သွားတတ်ကြ	ထွက်သွားတတ်ကြ
၁၇၄	၂၂	ဉာဏ်အမြင်ခြင်း	ဉာဏ်အမြင်ချင်း
၂၀၁	၂၁	အကြင်စကား	အကြင်စကားကို
၂၀၉	၁၁-၂၀-၂၃	ဒုသီမာရ်နတ်	ဒူသီမာရ်နတ်
၂၁၅	၁၉	ဒီဃရတ္ထံ	ဒီဃရတ္ထံ
၂၁၉	၁၂	ဓမ္မရာဇိက	ဓမ္မရာဇိက
၂၂၁	၂	အိမ်ရှေမင်း	အိမ်ရှေမင်း
၂၂၉	၈	အသို့နတ်	အသို့နတ်
၂၃၀	၄	ကျောစော	ကျော်စော

http://www.dhammadownload.com

[လ] ဝိသုဒ္ဓိမဂ်-မြန်မာပြန် ဒုတိယတွဲ၌ ပြင်ဖတ်ရန်

စာမျက်နှာ	ကြောင်း	ရှိရင်း	ပြင်ဖတ်ရန်
၅၂၈	၃	ပြန့်နှံ့သော	ပြန့်နှံ့သော
၂၅၁-၃-၅	(ခေါင်းစီး)	၇-မရဏဿတိ....	၈-ကာယဂတာသတိ....
၂၇၁	၁၀	(သင့်လျော်သော)	(သင့်လျော်သော)ရံဖန်ရံခါ နှလုံးသွင်းအပ်ကုန်၏၊
၂၇၂	၂-၇	တသမတ်တည်း	တသမတ်တည်း[၁]
၂၈၀	၄	စက်ဆုပ်ဖွယ်မရှိ	စက်ဆုပ်ဖွယ်မရှိသည်
၃၂၇	၃	ဤဆိုခဲ့သည်အတိုင်း	ဤဆိုခဲ့သည့်အတိုင်း
၃၃၃	၂၁	အစဉ်ရောက်လေပြီ	အစဉ်ရောက်လာပြီ
၃၇၃	၁၉-၂၀	အစဉ်လိုက်၍ရှုလျှင်	အစဉ်လိုက်၍ရှုလျှင်
၃၉၇	၁၇	ဥပါဒ် ဌီ ဘင်	ဥပါဒ် ဘင်
၃၉၈	၂	ပျက်ခြင်းဖြင့်	ပျက်ခြင်း
၄၀၄	၉	တက်ဝန်းကျင်	ထက်ဝန်းကျင်
၄၀၈	၁	မဟာကရယဥ္ဇိ	မဟာကရဥ္ဇိယ
၄၁၆	၁	အကျယ်ပြဆိုချက်	အကျယ်ပြချက်
၄၄၁	၁	(မိမိမျောက်မင်း၏)	(မျောက်မင်း၏)
၄၄၅	၅	မွေးကြအံ့ဟု	မွေးမြူအံ့ဟု
၄၆၀	၁၉	ဆရာတို့ကို	ဆရာတို့က
၄၆၇	၂၃	ဤနည်းပင်လျှင်	ဤနည်းဖြင့်ပင်လျှင်
၄၇၅	၂၁	ဤယောဂီကား	ဤယောဂီအား
၄၉၇	၆	အသီးသီး၏	အသီး အသီး၏
၅၀၇	၁	အကျယ်ပြဆိုချက်	အကျယ်ပြချက်
၅၁၇	၃	သမာပတ်ကို	သမာပတ်တို့ကို
၅၂၅	၁၆	သဘောကရား	သဘောတရား

http://www.dhammadownload.com

စာမျက်နှာ	ကြောင်း	ရှိရင်း	ပြင်ဖတ်ရန်
၅၃၂	၂၀	(သုညံ သုညံ)	(သုညံ သုညံ)
၅၄၅	၄	အားလုံတို့၌ပင်	အားလုံးတို့၌ပင်
၅၆၆	၂၄	ရှိသေသာပါ၌သာ	ရှိသောပါ၌သာ
၅၆၇	၁၈	ကဗဠီကာရအာယာရ	ကဗဠီကာရအာဟာရ
၅၆၉	၁၁	မွေးမြူထားသော	မွေးမြူထားသော
၅၇၅	၂	ထိုသဘောသည်၂	ဤသဘောကား၂
၅၈၇	၁၄	၂-သသမ္ဘာရဝိဘတ္တိ-	၂-သသမ္ဘာရ-
၅၈၇	၁၄	....ပထဝီစသည်၏–	....ပထဝီစသည်၏+
၅၈၉	၂	အားလုံကို	အားလုံးကို
၅၉၀	၁၆	အတွင်းဝင်”ဟု	အတွင်းဝင်၏”ဟု
၆၁၀	၂	....ခဲလျက်ထားသော	....ခဲ-လျက်ထားသော
၆၁၁	၂၂	နှလုံးသွင်းဆင်နေခြင်သော	နှလုံးသွင်းဆင်ခြင်နေသော
၆၁၄	၁၅	ထူးသောအနက်,	ထူးသောဓာတုအနက်,
၆၁၅	၂၅	တေသံယေဝ၊	တေသံယေဝ–
၆၁၉	၁	စား-သောက်-ခဲလျက်	စား-သောက်-ခဲ-လျက်

http://www.dhammadownload.com

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ်-မြန်မာပြန်

ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ကိလေသာမှ ဝေးကွာစင်ကြယ်၍ မှန်စွာ ကိုယ်တိုင်သိတော်မူသော
ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

ဖ-အသုဘကမ္မဋ္ဌာနနိဒ္ဒေသ-အသုဘကမ္မဋ္ဌာန်းကို အကျယ်ပြချက်

ဥဒ္ဓုမာတက စသောပုဒ်တို့၏ အနက်ကို ဖွင့်ပြချက်

[၁၇၃]†၁၀၂။ † ကသိုဏ်းတို့၏ အခြေးမဲ့၌ အကျဉ်းချုပ်ခေါင်းစဉ်အနေဖြင့် ပြအပ်ခဲ့ပြီးဖြစ်ကုန်သော[1] ဥဒ္ဓုမာတကအသုဘ၊ ဝိနီလကအသုဘ၊ ဝိပုဗ္ဗကအသုဘ၊ ဝိစ္ဆိဒ္ဒကအသုဘ၊ ဝိက္ခာယိတကအသုဘ၊ ဝိက္ခိတ္တကအသုဘ၊ ဟတဝိက္ခိတ္တကအသုဘ၊ လောဟိတကအသုဘ၊ ပုဠဝက-

---

မှတ်ချက်

†-ဤသို့သော ထောင့်ကွင်း အတွင်းရှိ ဂဏန်းမှာ ဝိသုဒ္ဓိမဂ်ပါဠိစာအုပ်မှ စာမျက်နှာနံပါတ်ဖြစ်သည်။ ကွင်းမပါသော ပုဒ်မကြီးနှင့် ဂဏန်းမှာမူ ၎င်းစာအုပ်မှ စာပိုဒ်နံပါတ် ဖြစ်သည်။

၁-ဖြစ်ကုန်သော....ဝိညာဉ်မဲ့ အသုဘတို့၌-ဟု စပ်ပါ။

http://www.dhammadownload.com

အသုဘ၊ အင်္ဂကအသုဘ"ဟူသော ဆယ်ပါးသော ဝိညာဉ်မဲ့ (သက်မဲ့)[၁] အသုဘတို့၌ (အကျယ်ကား)—

(၁) လေဖြင့် (မှုတ်အပ်သော) သားရေအိတ်ကဲ့သို့[၂] သေသည်မှ အထက် (ဖြစ်သော နောက်ကာလ)၌ အစဉ်အတိုင်း တက်ကြွသော ဖောင်းပွဖူးရောင်ခြင်းဖြင့် အထက်သို့ မှုတ်အပ်-ဖူးဖူးရောင်စေအပ်သည်၏ အဖြစ်ကြောင့် ဥဒ္ဓုမာတ မည်၏[၃]၊ ဥဒ္ဓုမာတသည်ပင်လျှင် ဥဒ္ဓုမာတက မည်၏[၄]။ တနည်းကား စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကြောင့် စက်ဆုပ်ဖွယ်ကောင်းသော ဥဒ္ဓုမာတ သူသေကောင်သည် ဥဒ္ဓုမာတကမည်၏[၅]။ (ဥဒ္ဓုမာတကဟူသော) ဤအမည်သည် ထိုသို့ (ဖူးဖူးရောင်ခြင်း) သဘော ရှိသော သူသေကောင်၏ အမည်ပေတည်း။

မှတ်ချက်

၁–(သက်မဲ့) ဤသို့ စသည်ဖြင့် လက်သည်းကွင်းအတွင်း၌ ပြထားသော မြန်မာပုဒ်များ စာပိုဒ်များမှာ အနက်အပေါ်ယံ ထင်ရှားစေရန် သရုပ်ဖော်ပြချက်၊ သို့မဟုတ် ဖြည့်စွက်၍ ဖွင့်ပြချက်များ ဖြစ်သည်။ ၎င်းတို့ကို ခုန်ကျော်၍လည်း ဖတ်သွားနိုင်သည်။

၂–သားရေအိတ်ကဲ့သို့ .... အထက်သို့ မှုတ်အပ်-ဖူးဖူးရောင်စေအပ် သည်၏ အဖြစ်ကြောင့်-ဟု စပ်ပါ။

၃–ဥ–အထက်သို့+ဓုမာတ–မှုတ်အပ်သည်–ဖူးဖူးရောင်စေအပ်သည်=ဥဒ္ဓုမာ-တ–ဖူးဖူးရောင်စေအပ်သော၊ ဝါ–ဖူးဖူးရောင်သော သူသေကောင်။ ဥ+ဓုဝ–ဝါ–ဓမာဓာတ်+တ-ပစ္စည်းတို့ဖြင့် ဥဒ္ဓုမာတဟု ပြီးသည်။

၄–ဤအဖွင့်ဖြင့် ဥဒ္ဓုမာတက-ပုဒ်၌ က-ပစ္စည်းမှာ အနက်ထူး မရှိကြောင်း ပြသည်။

၅–ဤတနည်းအဖွင့်၌ "စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကြောင့်"ဟူသော စကားဖြင့် ထိုသူသေကောင်ကို "စက်ဆုပ်ဖွယ်ကောင်းသည်"ဟု ဆိုထိုက်ကြောင်း ပြသည်၊ "စက်ဆုပ်ဖွယ်ကောင်းသော"ဟူသော စကားဖြင့် ဥဒ္ဓု-

http://www.dhammadownload.com

(၂) အဖြူအနီရောလျက် (ဝါ-ပကတိအဆင်းပျက်လျက်) ညိုမည်းသည့်အဆင်းရှိသော သူသေကောင်ကို ဝိနီလ[၁] ဟု ခေါ်ဆိုအပ်၏။ ဝိနီလသည်ပင်လျှင် ဝိနီလကမည်၏။ တနည်းကား စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကြောင့် စက်ဆုပ်ဖွယ်ကောင်းသော ဝိနီလသူသေကောင်သည် ဝိနီလကမည်၏။ (ဝိနီလကဟူသော) ဤအမည်သည် အသားမျှားရာအရပ်တို့၌နီသောအဆင်းရှိလျက် ပြည်စုဝေးရာအရပ်တို့၌ ဖြူသောအဆင်းရှိသော အမျှားအားဖြင့်မူ ညိုရာအရပ်၌ ညိုမည်းသောအဝတ်ဖြင့် လွှမ်းခြုံရစ်ပတ်ထားဘိသကဲ့သို့ ညိုမည်းသည့်အဆင်းရှိသော သူသေကောင်၏ အမည်ပေတည်း။

မှတ်ချက်

မာတကပုဒ်၌ က-ပစ္စည်း၏အနက်ကို ပြသည်။ ထို့ကြောင့် ဤတနည်းအဖွင့်ဖြင့် ဥဒ္ဓုမာတက-ပုဒ်ကို "စက်ဆုပ်ဖွယ်ကောင်းသော ဖူးဖူးရောင်နေသော သူသေကောင်"ဟူ၍သော်၎င်း၊ "ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ် သူသေကောင်"ဟူ၍သော်၎င်း အနက်ပြန်ရန် ပြသည်။ ယင်းဝါကျကို ပါဠိမူရင်းအတိုင်း အတိအကျပြန်လျှင် "စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကြောင့် စက်ဆုပ်ဖွယ်ကောင်းသော ဥဒ္ဓုမာတ သူသေကောင်ပေတည်း၊ ထို့ကြောင့် ဥဒ္ဓုမာတက မည်၏"ဟူ၍ ဖြစ်၏၊ မြန်မာဝါကျ မချောမော၊ ထို့ကြောင့် မြန်မာဝါကျ ချောမောစေရန် အထက်ပါအတိုင်း ပြန်ထားသည်။ ဝိနီလကစသော ပုဒ်တို့၏ တနည်းအဖွင့်တို့၌လည်း နည်းတူပင် သိပါ။

၁–ဝိ–ဝိမိဿိတ–အဖြူ အနီ ရောလျက်၊ ဝါ–ဝိပရိဘိန္နေ–ပကတိအဆင်း ပျက်လျက်+နီလ–ညိုမည်းသည့်အဆင်းရှိသည်=ဝိနီလ–အဖြူ အနီ ရောလျက်၊ ဝါ၊ ပကတိအဆင်းပျက်လျက် ညိုမည်းသည့်အဆင်းရှိသော သူသေကောင်။

http://www.dhammadownload.com

(၃) စုတ်ပြာပေါက်ပဲ့ကာ ပျက်စီးရာအရပ်တို့၌ ပြည်တစိုစို ယိုထွက်နေသော သူသေကောင်သည် ဝိပုဗ္ဗမည်၏[၁]၊ ဝိပုဗ္ဗသည်ပင်လျှင် ဝိပုဗ္ဗကမည်၏။ တနည်းကား စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကြောင့် စက်ဆုပ်ဖွယ်ကောင်းသော ဝိပုဗ္ဗသူသေကောင်သည် ဝိပုဗ္ဗကမည်၏။ (ဝိပုဗ္ဗကဟူသော) ဤအမည်သည် ထိုသို့ (ပြည်တစိုစို ယိုထွက်ခြင်း) သဘောရှိသော သူသေကောင်၏ အမည်ပေတည်း။

(၄) (ဓားဖြင့်) ၂-ပိုင်းဖြတ်ထားသော သူသေကောင်ကို ဝိစ္ဆိဒ္ဒ[၂] ဟုခေါ်ဆိုအပ်၏၊ ဝိစ္ဆိဒ္ဒသည်ပင်လျှင် ဝိစ္ဆိဒ္ဒကမည်၏။ တနည်းကား စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကြောင့် စက်ဆုပ်ဖွယ်ကောင်းသော ဝိစ္ဆိဒ္ဒ သူသေကောင်သည် ဝိစ္ဆိဒ္ဒကမည်၏။ (ဝိစ္ဆိဒ္ဒကဟူသော) ဤအမည်သည် အလယ်၌ ဖြတ်ထားသော သူသေကောင်၏ အမည်ပေတည်း။

(၅) ထိုမှ ဤမှအမျိုးမျိုးသော အခြင်းအရာဖြင့် ခွေး-မြေခွေးစသည်တို့ ခဲစားအပ်သော သူသေကောင်သည် ဝိက္ခာယိတမည်၏[၃]၊ ဝိက္ခာယိတသည်ပင်လျှင် ဝိက္ခာယိတကမည်၏။ တနည်းကား စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကြောင့် စက်ဆုပ်ဖွယ်ကောင်းသော ဝိက္ခာယိတ

မှတ်ချက်

၁–ဝိ–ဝိဿန္ဒမာန–ယိုထွက်နေသော+ပုဗ္ဗ–ပြည်ရှိသည်=ဝိပုဗ္ဗ–ပြည်တစိုစို ယိုထွက်နေသော သူသေကောင်။

၂–ဝိ–ဒ္ဓိခာ–နှစ်ပိုင်း+ ဆိဒ္ဒ–ဖြတ်အပ်သည်=ဝိစ္ဆိဒ္ဒ–နှစ်ပိုင်း ဖြတ်ထားသော သူသေကောင်–နှစ်ပိုင်းပြတ်နေသော သူသေကောင်။

၃–ဝိ–ဝိဝိခာ–အမျိုးမျိုးသော အခြင်းအရာဖြင့်+ခါယိတ–ခဲစားအပ်သည်=ဝိက္ခာယိတ–ထိုမှ ဤမှ အမျိုးမျိုးသော အခြင်းအရာဖြင့် ခွေး မြေခွေးစသည်တို့ ခဲစားထားသော သူသေကောင်။

http://www.dhammadownload.com

သူသေကောင်သည် ဝိက္ခာယိတကမည်၏။ (ဝိက္ခာယိတကဟူသော) ဤ အမည်သည် ထိုသို့ (အမျိုးမျိုးသောအခြင်းအရာဖြင့် ခဲစားထားခြင်း) သဘောရှိသော သူသေကောင်၏ အမည်ပေတည်း။

(၆) အထွေထွေသောအရပ်သို့ စွန့်ပစ်ထားအပ်သော သူသေကောင် သည် ဝိက္ခိတ္တမည်၏ [၁]၊ ဝိက္ခိတ္တသည်ပင်လျှင် ဝိက္ခိတ္တကမည်၏။ တနည်းကား စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကြောင့် စက်ဆုပ်ဖွယ်ကောင်းသော ဝိက္ခိတ္တသူသေကောင်သည် ဝိက္ခိတ္တကမည်၏။ (ဝိက္ခိတ္တကဟူသော) ဤ အမည်သည် "တခြားအရပ်၌ လက်ကို, တခြားအရပ်၌ ခြေကို, တခြား အရပ်၌ ခေါင်းကို (စွန့်ပစ်ထားသည်)" ဟူသော ဤပုံဤနည်းဖြင့် (ခွေး မြေခွေးစသည်တို့သည် အသီးအခြားပြုကာ ခဲစားခြင်းဖြင့် အပေါင်း ကိုယ် ကောင်မှ နှုတ်၍) ထိုထိုအရပ်၌ စွန့်ပစ်ထားသော သူသေကောင်၏ အမည် ပေတည်း။

(၇) သတ်ထားအပ်သည့်ပြင် ရှေးပုဒ်အဖွင့်၌ ဆိုခဲ့သောနည်းဖြင့် [၂] (ဝိက္ခိတ္တက) အထွေထွေသောအရပ်သို့ စွန့်ပစ်ထားသော စက်ဆုပ်ဖွယ် သူသေကောင်လည်းဖြစ်သောကြောင့် ဟတဝိက္ခိတ္တကမည်၏ [၃]။ (ဟတ

မှတ်ချက်

၁–ဝိ–ဝိဝိဓံ–အထွေထွေသောအရပ်သို့ + ခိတ္တ–စွန့်ပစ်ထားအပ်သည်= ဝိက္ခိတ္တ –ထိုထိုအရပ်အထွေထွေ၌ စွန့်ပစ်ထားအပ်သော သူသေကောင်။

၂–ဝိက္ခိတ္တပုဒ်၏အဖွင့်၌ "အထွေထွေသောအရပ်သို့ စွန့်ပစ်ထားအပ်သည်"ဟု ဖွင့်ပြခဲ့သော နည်းဖြင့်–ဟု ဆိုလို၏။

၃–ဟတ–သတ်အပ်သည်+ဝိက္ခိတ္တ–ထိုထိုအရပ်အထွေထွေ၌ စွန့်ပစ်ထားအပ် သည်+က–စက်ဆုပ်ဖွယ်=ဟတဝိက္ခိတ္တက–သတ်၍ ထိုထိုအရပ်အထွေထွေ၌ စွန့်ပစ်ထားအပ်သော စက်ဆုပ်ဖွယ်သူသေကောင်။

http://www.dhammadownload.com

ဝိက္ခိတ္တကဟူသော) ဤအမည်သည် ကျိုးခြေရာသဏ္ဌာန်အခြင်းအရာအား ဖြင့် (လက်ခြေစသော) အင်္ဂါကြီးငယ်တို့၌ ခား(စသော) လက်နက်ဖြင့် ခုတ်သတ်ပြီးလျှင် ဆိုခဲ့သောနည်းဖြင့် [၁] ထိုထိုအရပ်၌ စွန့်ပစ်ထားသော သူသေကောင်၏ အမည်ပေတည်း။

[၁၇၄] (ဂ) သွေးကို ပြန်ကြဲစေလျက် ထိုမှ ဤမှ ယိုထွက်စေသော သူသေကောင်သည် လောဟိတကမည်၏ [၂]။ (လောဟိတကဟူသော) ဤအမည်သည် ယိုထွက်သော သွေးတို့ဖြင့် လူးလဲနေသော သူသေကောင်၏ အမည်ပေတည်း။

(ဃ) ပိုးလောက်တို့ကို ပုဋ္ဌဝ [၃] ဟု ခေါ်ဆိုအပ်ကုန်၏၊ ပိုးလောက်တို့ကို ပြန်ကြဲစေသော သူသေကောင်သည် ပုဋ္ဌဝကမည်၏ [၄]။ (ပုဋ္ဌဝကဟူသော) ဤအမည်သည် ပိုးလောက်တို့ဖြင့် ပြည့်နှက်နေသော သူသေကောင်၏ အမည်ပေတည်း။

မှတ်ချက်

၁–နှာ-၅ မှတ်ချက် ၂-အညွှန်းကြည့်။

၂–လောဟိတ–သွေးကို+က–(ကိရတိ-ဝိက္ခိပတိ) ပြန်ကြဲစေလျက်–(ပဋ္ဌရတိ) –ယိုထွက်စေသည်=လောဟိတက–သွေးကို ပြန်ကြဲယိုထွက်စေသော၊ ဝါ–သွေးယိုထွက်နေသော သူသေကောင်။

၃–ရှေးဟောင်းမြန်မာစာမူတို့၌ ပုဋ္ဌဝ–ဟု ရှိ၏၊ ဆင္ဒသံဂါယနာမူ၌ နိုင်ငံခြားစာပေ သက္ကတစာပေတို့နှင့် တိုက်ဆိုင်လျက် ပုဋ္ဌဝ-ဟု ပြင်ထားသည်။

၄–ပုဋ္ဌဝ – ပိုးလောက်တို့ကို + က(ကိရတိ) – ပြန်ကြဲစေသည် – ပုဋ္ဌဝက= ပိုးလောက်တို့ကို ပြန်ကြဲစေသော၊ ဝါ–အနှံ့အပြား ပိုးလောက်တို့ပြည့်နှက်နေသော သူသေကောင်။

http://www.dhammadownload.com

(၁၀) အဋ္ဌိ-အရိုးသည်ပင်လျှင် အဋ္ဌိကမည်၏။ တနည်းကား စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကြောင့် စက်ဆုပ်ဖွယ်ကောင်းသော အရိုးသည် အဋ္ဌိကမည်၏။ (အဋ္ဌိကဟူသော) ဤအမည်သည် အရိုးစုကောင်၏ငင်း၊ တခုသောအရိုး၏ငင်း အမည်ပေတည်း။

အမည်ရပုံကို ဆက်၍ ပြဦးအံ့၊ ဥဒ္ဓုမာတက အစရှိသော ဤသူသေကောင်တို့ကို မှီ၍ဖြစ်ပေါ်လာသော ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်တို့သည်လည်း ဥဒ္ဓုမာတက စသည်မည်ကုန်၏၊ ထိုနိမိတ်တို့၌ ရအပ်သော (ဖြစ်ပေါ်လာသော) စျာန်တို့သည်လည်း ဥဒ္ဓုမာတက စသည်မည်ကုန်၏[၁]။

ဥဒ္ဓုမာတက ကမ္မဋ္ဌာန်းရှုပုံ

၁၀၃။ ထို (ဆယ်ပါးသော အသုဘတို့) တွင် ဥဒ္ဓုမာတကသူသေကောင်၌ ဥဒ္ဓုမာတက နိမိတ်ကို ဖြစ်စေ၍ ဥဒ္ဓုမာတကခေါ်ဆိုအပ်သော စျာန်ကို ဖြစ်ပွါးစေခြင်းငှါ အလိုရှိသော ယောဂီသည် ပထဝီကသိုဏ်း၌ ဆိုခဲ့သောနည်းဖြင့်ပင်လျှင်[၂] ပြခဲ့သောအရည်အချင်းတို့နှင့် ပြည့်စုံသော ဆရာကို ချဉ်းကပ်၍ ကမ္မဋ္ဌာန်းကို သင်ယူအပ်၏။ (သင်ယူသော) ဤယောဂီအား ကမ္မဋ္ဌာန်းကို ဟောပြသော ထိုဆရာသည် "(၁) အသုဘနိမိတ်ကို ယူရန်အတွက် သွားပုံအစီအရင်၊ (၂) ပတ်ဝန်းကျင်၌(ရှိသော) နိမိတ်ကို မှတ်သားခြင်း၊ (၃) တဆဲ့တပါးသော အခြင်းအရာအားဖြင့်

မှတ်ချက်

၁–ပါဠိရှိရင်းအတိုင်း အတိအကျပြန်လျှင် "နိမိတ်တို့၏ငင်း၊ စျာန်တို့၏ငင်း ထိုဥဒ္ဓုမာတကစသော အမည်တို့ပင်" ဟူ၍ ဖြစ်၏။ သုတနည်းသူတို့နားလည်မည် မဟုတ်ပေ။ ထို့ကြောင့် ဝိဘင်္ဂအနေအထားပြောင်းလဲ၍ ပေါ်လွင်အောင် ပြန်ထားသည်။

၂–ပဌမတွဲ စာမျက်နှာ ၃၀၅-စသည်၌ ဆိုခဲ့သောစကားရပ်တို့ကို ရည်ညွှန်းသည်။

http://www.dhammadownload.com

အသုဘနိမိတ်ကိုယူခြင်း၊ (၄) အသွားအပြန်လမ်းကို ဆင်ခြင်မှတ်သားခြင်း"ဟူသော ဤသို့သော အပြားအားဖြင့် အပွနာအစီအရင်အဆုံးရှိသော အလုံးစုံကို ပြောကြားအပ်၏။ ထိုတပည့်ယောဂီသည်လည်း (ဆရာပြောသမျှ) အလုံးစုံကို ကောင်းစွာ မှတ်ယူပြီးလျှင် ရှေး (ပဌမတွဲ နှာ-၃၇၂)၌ ပြခဲ့သော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော ကျောင်းသို့ ကပ်ရောက်၍ ဖူးဖူးရောင်နေသော သူသေကောင် အသုဘနိမိတ်ကို စုံစမ်းရှာမှီးလျက် နေအပ်ပေ၏။

၁၀၄။ ဤသို့ ရှာမှီးနေသော ယောဂီသည်လည်း[၁] "ဤမည်သော ရွာတံခါး၌ ဤမည်သော တောအုပ်အဝ၌ ဤမည်သော လမ်း၌ ဤမည်သော တောင်ခြေ၌ ဤမည်သော သစ်ပင်ရင်း၌ ဤမည်သော သုသာန်၌ ဥဒ္ဓုမာတကသူသေကောင်ကို ပစ်ချထားသည်"ဟု ပြောဆိုကြသောသူတို့၏ စကားကို ကြားရပြီးသော်လည်း[၁] ဆိပ်ကမ်းမဟုတ်ရာ၌ (အဆောတလျင်) သက်ဆင်းသကဲ့သို့ ထိုကြားပြီးသောခဏ၌ပင် (အဆောတလျင်) မသွားအပ်သေး-မသွားသင့်သေးပေ။ အဘယ့်ကြောင့်? ဆိုသော် ဤသူသေကောင်မည်သည်မှာ (ကျား စသော) သားရဲတို့ သိမ်းပိုက်စောင့်ရှောက်နေသည်လည်း ရှိတတ်၏၊ ဘီလူးတို့ သိမ်းပိုက်စောင့်ရှောက်နေသည်လည်း ရှိတတ်၏၊ ထိုသို့ သိမ်းပိုက်စောင့်ရှောက်နေရာ၌ (သွားလျင်) ဤယောဂီအား အသက်၏ အန္တရာယ်လည်းဖြစ်နိုင်၏။ ထို့ပြင် ထိုအသုဘကောင်ရှိရာ အရပ်သို့ သွားသောလမ်းသည် ရွာတံခါးဖြင့်သော်၎င်း၊ ရေချိုးဆိပ်ဖြင့်သော်၎င်း၊ လယ်ကန်သင်းရိုးဖြင့်သော်၎င်း ဖြစ်တတ်၏၊ ထိုသို့ဖြစ်ရာ၌ (သွားလျင်) ဝိသဘာဂ (အသွင်သဏ္ဌာန်ကွဲ) ပုဂ္ဂိုလ်၏ အဆင်းရူပါရုံကို

မှတ်ချက်

၁–ယောဂီသည်လည်း.... ကြားရပြီးသော်လည်း .... (အဆောတလျင်) မသွားအပ်သေး-ဟု စပ်ပါ။

http://www.dhammadownload.com

တွေ့မြင်ရတတ်၏[၁]၊ သို့မဟုတ် ထိုအသုဘ ကိုယ်ကောင်သည်ပင်လျှင် ဝိသဘာဂ (အသွင်သဏ္ဌာန်ကွဲ) သူ့သေကောင်ဖြစ်တတ်၏။ ဝိသဘာဂ ဟူသည်မှာ ယောကျ်ားအား မိန်းမ၏ ကိုယ်ကောင်သည်၎င်း၊ မိန်းမအား ယောကျ်ား၏ ကိုယ်ကောင်သည်၎င်း အသွင်သဏ္ဌာန်ချင်း မတူသော ဝိသဘာဂ ဖြစ်ပေသည်၊ ထိုဝိသဘာဂ သူ့သေကောင်သည် သေပြီးခါစ လောလောလတ်လတ်ဖြစ်ပါမူ တင့်တယ်သည့်အနေအားဖြင့်လည်း ထင်ရတတ်၏၊ ထိုသို့ ထင်ခြင်းကြောင့် ဤယောဂီအား ဗြဟ္မစရိယခေါ်သော ရဟန်းသီလအကျင့်မြတ်၏ အန္တရာယ်သော်လည်း ဖြစ်နိုင်၏။ သို့သော်လည်း "ဤဝိသဘာဂရှုပါရုံသည် ငါသို့သော ပုဂ္ဂိုလ်အား (သုဘသညာ မဖြစ်အောင် နှလုံးသွင်းရန်) ဝန်မလေး"ဟု မိမိကိုယ်ကို အားကိုးစိတ်ချ ပါမူ[၂] (ထို ရွာတံခါးလမ်းစသည်ဖြင့်လည်း) သွားနိုင်ပါသေး၏။

[၁၇၅] ၁၀၅။ (အသုဘကောင်ရှိရာ သုသာန်သို့) သွားသောယောဂီ သည်လည်း သံဃထေရ်အားဖြစ်စေ၊ ထင်ရှားသော အခြားရဟန်းအား ဖြစ်စေ ပန်ကြား၍ သွားအပ်၏။ အဘယ့်ကြောင့်? ဆိုသော် ဤယောဂီ အား သုသာန်၌ ဘီလူး ခြင်္သေ့ ကျား စသည်တို့၏ အဆင်း အသံ အစရှိသော အနိဋ္ဌာရုံတို့က နှိပ်စက် (အပ်) သောကြောင့် အင်္ဂါ

မှတ်ချက်

၁–ဝိသဘာဂရှုပံ အာပါထမာဂစ္ဆတိ-ဟူသော ပါဠိကို ဝိသဘာဂပုဂ္ဂိုလ်၏ အဆင်း ရှုပါရုံသည် ထင်ခြင်းသို့ ရောက်တတ်၏-ဟု အတိုအကျ ပြန်လျှင် သုတနည်း သူတို့က နားမလည်နိုင်ရာသောကြောင့် ပေါ်လွင်အောင် စကားပရိယာယ် လဲလှယ်၍ ပြန်ထားသည်။

၂–သစေ တက္ကယတိ၊ ဧဝံ-ပုဒ်တို့၏ ဆိုလိုရင်းအနက်ဖြစ်သည်။ အတိုအကျ ပြန်လျှင် "အကယ်၍ ကြံစည်ငြားအံ့၊ ဤသို့ ကြံစည်သည်ရှိသော်–ဟူ၍ ဖြစ်၏။

http://www.dhammadownload.com

ကြီးငယ်တို့သည်မူလည်း တုန်လှုပ်ကုန်ငြားအံ့၊ စားထားသောအစာသည်မူလည်း အစာအိမ်၌ ကောင်းစွာ မတည်ပဲ အန်ထွက်ငြားအံ့၊ အခြားတပါးသော အနာရောဂါသည်မူလည်း ဖြစ်ပေါ်ငြားအံ့၊ ထိုသို့ဖြစ်လျှင် ကျောင်း၌ (ရှိသော) ဤယောဂီရဟန်း၏ သပိတ်သင်္ကန်းကို ထိုသံဃထေရ်စသည်က ကောင်းစွာ စောင့်ရှောက်ပေလိမ့်မည်၊ ရဟန်းငယ်များသာမဏေများကို စေလွှတ်၍မူလည်း ထိုယောဂီရဟန်းကို စောင့်ရှောက်ပေလိမ့်မည်။ တနည်းသော်ကား သုသာန်မည်သည်မှာ "(ဖမ်းဆီးမည်သူတို့မှ) ချုံရှားဖွယ်-စိုးရိမ်ဖွယ်ကင်းသောအရပ် ဖြစ်သည်" ဟု မှတ်ယူကုန်လျက် [၁] ခိုးမူပြုပြီးသော ခိုးသူတို့သည်၎င်း၊ ခိုးမှုပြုရန် အကြံပြုနေသော ခိုးသူတို့သည်၎င်း [၂] သက်ဆောက်ခိုအောင်းတတ်ကြကုန်၏။ ထိုခိုးသူတို့သည် ရဲနှင့် ဥစ္စာရှင်လူတို့က လိုက်လာကြလျှင် ခိုးယူခဲ့သော ဥစ္စာကို (သုသာန်၌နေသော) ရဟန်း၏အနီး၌ ပစ်ချခဲ့၍မူလည်း ထွက်ပြေးတတ်ကြကုန်၏၊ (ထိုသို့ထွက်ပြေးကြလျှင်) ရဲနှင့်ဥစ္စာရှင်လူတို့က "ခိုးထုပ်ခိုးထယ်နှင့်တကွ ခိုးသူကိုတွေ့ကြသည်" ဟု နှလုံးသွင်းကုန်၍ (ထို) ရဟန်းကို ဖမ်းယူကာ နှိပ်စက်တတ်ကြကုန်၏။ ထိုသို့သောအခါ၌ (ပန်ကြားအပ်ခဲ့သော) ထိုသံဃထေရ်စသည်က "ဤရဟန်းကို မနှိပ်စက်ကြပါလင့်၊ ဤရဟန်း

မှတ်ချက်

၁–မှတ်ယူကုန်လျက်.....သက်ဆောက်ခိုအောင်းတတ်ကြကုန်၏-ဟု စပ်ပါ။

၂–အကတကမ္မာ-ဟူသောပုဒ်၏ ဆိုလိုရင်းအနက်ဖြစ်သည်။ ထိုသူခိုးတို့သည် မခိုးရသေးရုံမျှ မဟုတ်ကြပေ၊ ခိုးရန်အတွက် သုသာန်၌ စည်းဝေးတိုင်ပင်ခြင်း ဗလိနတ်စာကျွေးခြင်း ပူဇော်ခြင်းများကို ပြုလုပ်နေသူတို့ ဖြစ်ကြသည်။

၃–အနုဗန္ဓ–အစဉ်လိုက်အပ်ကုန်လတ်သော်-ဟူသောအနက်၏ ပေါ်လွင်သော စကားလှယ်ဖြစ်သည်။

http://www.dhammadownload.com

သည် ငါ့အားပန်ကြား၍ (အသုဘရှုခြင်းဟူသော) ဤမည်သောကိစ္စဖြင့် (သုသာန်သို့) သွားခဲ့ပါသည်" ဟု ပြောကြားကာ ထိုလူတို့ကို သိနားလည်မှုရစေ၍ ထို(ပန်ကြားသွားသော)ရဟန်းအား လွတ်မြောက်ချမ်းသာခြင်းကို ပြုပေလိမ့်မည်။ ဤသည်ကား ပန်ကြား၍သွားခြင်း၌ အကျိုးအာနိသင်ပေတည်း။ သို့ဖြစ်၍ ပြဆိုအပ်ခဲ့သော သံဃထေရ်နှင့် ထင်ရှားသောရဟန်းအား ပန်ကြား၍[၁] အသုဘနိမိတ်ကို ရှုခြင်း၌ ထက်သန်သော လိုလားခြင်းရှိသည်ဖြစ်၍[၂] ဥပမာအားဖြင့် အဘိသိက်ခံမည့်မင်းသည် အဘိသိက်သွန်းရာ(မင်္ဂလာခန်းမ)၌ဝင်သို့, ယဇ်ပူဇော်သော ယဇ်အရှင်သည် ယဇ်ပူဇော်ရာရုံသို့, ဥစ္စာမဲ့သောသူဆင်းရဲသည် ရွှေဌေးရတနာ မြုပ်နှံထားရာ၌ဝင်သို့ ဝမ်းမြောက်ဝမ်းသာ လွန်စွာဖြစ်လျက် သွားဘိသကဲ့သို့ ထို့အတူပင် (ဤအကျင့်ဖြင့် အိုခြင်း သေခြင်းမှ ကောန်မချွတ် လွတ်ရပေလိမ့်မည်ဟု နှလုံးသွင်းကာ) ဝမ်းမြောက်ဝမ်းသာခြင်းကို ဖြစ်စေလျက်[၃] အဋ္ဌကထာတို့၌ ပြဆိုထားသည့်အစီအရင်ဖြင့် သွားအပ်ပေသည်။ မှန်ပေ၏၊ အောက်ပါစကားကို (အဋ္ဌကထာတို့၌) မိန့်ဆိုထားပေ၏။

"ဥဒ္ဓုမာတက အသုဘနိမိတ်ကို ယူလိုသော ယောဂီသည် တပါးတည်း အဖော်မပါပဲ သွား၏၊ မမေ့မလျော့ ထင်သောသတိရှိလျက် အတွင်း၌တည်ကြသော မျက်စိစသော ဣန္ဒြေများရှိလျက်[၄] အပြင်သို့မသွားသော စိတ်ရှိသည်ဖြစ်၍ အသွားအပြန်လမ်းကို ဆင်ခြင်မှတ်သားလျက် (သွား၏)။ ဥဒ္ဓုမာတက သူသေ

မှတ်ချက်

၁–ပန်ကြား၍ ..... လိုလားခြင်းရှိသည်ဖြစ်၍ ..... ဝမ်းမြောက်ဝမ်းသာခြင်းကို ဖြစ်စေလျက် ..... သွားအပ်ပေသည်–ဟု စပ်ပါ။

၂–အပြင်ပအာရုံများကို အလေးမပြုပဲ ကြည့်ရှုခြင်း နားထောင်ခြင်း စသည်ကို မပြုပဲ သွားရမည်ဟု ဆိုလို၏။

http://www.dhammadownload.com

ကောင်နိမိတ်ကို ပစ်ချထားရာ အရပ်(အနီးအပါး)၌ (ရှိသော) ကျောက်ကိုဌင်း၊ တောင်ပို့ကိုဌင်း၊ သစ်ပင်ကိုဌင်း၊ ချုံကိုဌင်း၊ နွယ်ကိုဌင်း အသုဘကောင်နိမိတ်နှင့်တကွ (ယှဉ်တွဲလျက် ပိုင်းခြားမှတ်သားခြင်းကို)ပြု၏၊ အသုဘအာရုံနှင့်တကွ (မှတ်သားခြင်းကို) ပြု၏။ အသုဘနိမိတ်နှင့်တကွ အသုဘအာရုံနှင့်တကွ (မှတ်သားခြင်းကို) ပြုပြီးလျှင် ဥဒ္ဓုမာတကအသုဘနိမိတ်ကို မိမိ၏သဘောရင်းဖြစ်သော လက္ခဏာအားဖြင့် မှတ်သား၏။ အဆင်းအားဖြင့်လည်း (မှတ်သား၏), လိင်အသွင်အားဖြင့်လည်း, ပုံသဏ္ဌာန်အားဖြင့်လည်း, အရပ်အားဖြင့်လည်း, တည်ရာအားဖြင့်လည်း, အပိုင်းအခြားအားဖြင့်လည်း (မှတ်သား၏)၊ အစပ်အားဖြင့်, အကြားအရပ်အားဖြင့်, အနိမ့်အချိုင့်အားဖြင့်, အမြင့်အမောက်အားဖြင့်, ပတ်ဝန်းကျင်အားဖြင့် (မှတ်သား၏)[၁]။ ထိုယောဂီ

မှတ်ချက်

၁–"အဆင်းအစရှိသောအားဖြင့် မှတ်သားခြင်းသည် အသုဘအားလုံးတို့နှင့် ဆိုင်သောကြောင့် ၎င်းကိုတပေါင်းတည်းပင် ကောန်အလိုရှိအပ်သကဲ့သို့ ထို့အတူပင် အစပ်အစရှိသောအားဖြင့် မှတ်သားခြင်းကို တပေါင်းတည်း ကောန်ယူရန် မလိုအပ်ပေ"ဟူသော အနက်ကိုပြခြင်းငှါ "ဝဏ္ဏတောပိ-အဆင်းအားဖြင့်လည်း" အစရှိသည်ဖြင့် ဖ.ပါးသောဌာနတို့၌ ပေါင်းခြင်းအနက်ရှိသော ပိ–သဒ္ဒါ=လည်း–သဒ္ဒါနှင့်တကွ ဆိုထားပေသည်။ (ဋီကာ) မြန်မာစကားချောစေရန် အနည်းငယ်ပြင်၍ ပြန်ထားသည်။ ဆိုလိုသည်မှာ အဆင်းစသည်ဖြင့် မှတ်ယူရန်မှာ အသုဘအားလုံးနှင့် ဆိုင်၏၊ ထို့ကြောင့် အဆင်းအားဖြင့်လည်း (မှတ်သား၏) စသည်ဖြင့် ပေါင်းဆည်းလျက် ဆိုထားသည်။ အစပ်အားဖြင့် ။ပ။ ပတ်ဝန်းကျင်အားဖြင့် မှတ်ယူရန်မှာ အသုဘအားလုံးနှင့် မဆိုင်သော့ကြောင့် ပေါင်းခြင်းအနက်ရှိသော (ပိ=လည်း–ဟူသော) သဒ္ဒါမပါပဲ ဆိုထားသည်ဟု ဆိုလို၏။

http://www.dhammadownload.com

သည် ထိုဥဒ္ဓုမာတက သူသေကောင်နိမိတ်ကို ကောင်းစွာယူအပ်သည်ကို ပြု၏[၁]၊ ကောင်းစွာမှတ်မိအောင် မှတ်၏[၂]၊ ကောင်းစွာပိုင်းခြားနိုင်အောင် ပိုင်းခြား၏[၃]။ ထိုယောဂီသည် ထိုနိမိတ်ကို ကောင်းစွာယူအပ်သည်ကို ပြုပြီးလျှင် ကောင်းစွာမှတ်မိအောင် မှတ်ပြီးလျှင် ကောင်းစွာပိုင်းခြားနိုင်အောင် ပိုင်းခြားပြီးလျှင် တပါးတည်း အဖော်မပါပဲ (သုသာန်မှကျောင်းသို့) သွား၏ (ဝါ-ပြန်လာ၏) [၁၇၆] မမေ့ မလျော့ ထင်သောသတိရှိလျက် အတွင်း၌တည်သော (မျက်စိစသော) ဣန္ဒြေများရှိလျက် အပြင်သို့မသွားသော စိတ်ရှိသည်ဖြစ်၍ အသွားအပြန်လမ်းကို ဆင်ခြင်မှတ်သားလျက် (သွား၏၊ ဝါ-ပြန်လာ၏)။ ထိုသို့ပြန်လာပြီးသော ယောဂီသည် စကြံသွားလျှင်လည်း ထို(အသုဘနိမိတ်ဆီသို့ ရှေးရှုဖြစ်သော) အဖို့ရှိသည်သာလျှင် ဖြစ်သော စကြံသွားခြင်းကို ဆောက်တည်၏(ပြု၏)၊ ထိုင်နေလျှင်လည်း ထို(အသုဘနိမိတ်ဆီသို့ ရှေးရှုဖြစ်သော) အဖို့ရှိသည်သာလျှင်ဖြစ်သော နေရာကို ခင်းလျက်(ထိုင်)နေ၏။

အသုဘကောင်၏ ပတ်ဝန်းကျင်၌ (ကျောက်စသော)နိမိတ်ကို မှတ်သားခြင်းသည် အဘယ်အကျိုးအာနိသင်ရှိသနည်း? မတွေဝေ

မှတ်ချက်

၁-သုဂ္ဂဟိတံ ကရောတီ-ဟူသောပါဠိ၏ အတိအကျပြန်ဆိုချက် ဖြစ်သည်။ ကောင်းစွာမှတ်ယူ၏-ဟူ၍ပင် ဆိုလို၏။

၂-သုပဓာရိတံ ဥပဓာရေတိ-ဟူသောပါဠိ၏ ဆိုလိုရင်းအနက်ဖြစ်သည်။

၃-သုဝဝတ္ထိတံ ဝဝတ္ထပေတိ-ဟူသောပါဠိ၏ ဆိုလိုရင်းအနက်ဖြစ်သည်။

http://www.dhammadownload.com

ခြင်းဟူသော အကျိုးအာနိသင်ရှိပေ၏[၁]။ တဆဲ့တပါးသော အခြင်းအရာအားဖြင့် အသုဘနိမိတ်ကို မှတ်ခြင်းသည် အဘယ်အကျိုးအာနိသင်ရှိသနည်း? (အသုဘအာရုံ၌ စိတ်ကို) ဆောင်ကပ်၍ ဖွဲ့ချည်ခြင်းဟူသော အကျိုးအာနိသင်ရှိပေ၏။ အသွားအပြန်လမ်းကို ဆင်ခြင်မှတ်သားခြင်းသည် အဘယ်အကျိုးအာနိသင်ရှိသနည်း? (နှလုံးသွင်းမှုကို ကမ္မဋ္ဌာန်းလုပ်ငန်းစဉ်) လမ်းသို့ကောင်းစွာ တဖန်သွားစေခြင်း-တက်ရောက်စေခြင်းဟူသော အကျိုးအာနိသင် ရှိပေ၏။

ထိုယောဂီသည် "ဤအကျင့်ဖြင့် အိုခြင်း သေခြင်းမှ ကောန်မချွတ် လွတ်ရပေလိမ့်မည်" ဟု အကျိုးအာနိသင်ကို မြော်မြင်လျက် (အသုဘအာရုံကို) အလွန်ရခဲသော ရတနာမြတ်ဟု အမှတ်ပြုကာ ရိုသေလေးစားခြင်းကို ဖြစ်စေလျက်[၂] ကောင်းစွာ မြတ်နိုးသည်ဖြစ်၍ ထို(ဥဒ္ဓုမာတက အသုဘ)အာရုံ၌ စိတ်ကို ဆောင်ကပ်၍ ဖွဲ့ချည်၏[၃]။ ထို(သို့ စိတ်ကို အသုဘအာရုံ၌ ဆောင်

မှတ်ချက်

၁–မူရင်းပါဠိ၌ အမေးဝါကျမှာကဲ့သို့ပင် အဖြေဝါကျမှာလည်း ကတ္တားပုဒ်မျှားထပ်၍ ပြဆိုထား၏။ သို့သော် မြန်မာဝါကျ၌ တိုတိုဖြင့် အသိရှင်းစေရန် ထို ကတ္တားပုဒ်များကို မပြတော့ပဲ လိုရင်းအဖြေကိုသာ ပြထားသည်။ နောက် အဖြေ ၂-ရပ်တို့၌လည်း နည်းတူပင်။

၂–စိတ္တိကာရံ ဥပဋ္ဌပေတွာ-ဟူသောပါဠိ၏ ပြန်ရိုးပြန်စဉ်အနက် ဖြစ်သည်။ ထို စကားရပ်၌ ရှိသေရမည်ဟူသည်မှာ ရှိခိုးခြင်းစသည်ဖြင့် ရိုသေရမည်ကား မဟုတ်ပေ၊ ပေါ့ပေါ့ဆဆ မဟုတ်ပဲ လေးလေးနက်နက် နှလုံးသွင်းရမည်ကိုသာ ဆိုလိုပေသည်။

၃–ဤ၌ "ဆောင်ကပ်၍ ဖွဲ့ချည်" ဟူသည်မှာ စိတ်နှင့်အာရုံပူးတွဲလျက် စွဲမြဲနေအောင် နှလုံးသွင်းခြင်းပင် ဖြစ်သည်။

http://www.dhammadownload.com

ကပ်၍ ဖွဲ့ချည်လျက်ရှုနေသော) ယောဂီသည် ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ (သာလျှင်) ဝိတက်ဝိစာရနှင့် တကွဖြစ်သော ဝိဝေကကြောင့်ဖြစ်သော ပီတိသုခရှိသော ပဌမဈာန်ကို ပြည့်စုံစေလျက် နေ၏။ ထို(သို့နေသော) ယောဂီသည် ရှုပါဝစရပဌမဈာန်ကိုဂင်း၊ ဒိဗ္ဗဝိဟာရကိုဂင်း ၂၊ ဘာဝနာမယ ပုညကိရိယဝတ္ထုကိုဂင်း ရအပ်ပြီး ဖြစ်ပေတော့သည်"။ ဤကား အဋ္ဌကထာတို့၌ ဆိုထားသော အစီအရင်ပေတည်း။

၁၀၆။ ထို(သို့ အသုဘနိမိတ်ကို ယူခြင်းသည် အရိယာမဂ်၏ အနီးကပ်အကြောင်းဖြစ်သော ပဌမဈာန်ကို ရခြင်း၏ အကြောင်းမှန်ဖြစ်ခြင်း၊ "အသုဘနိမိတ်ကို ယူလိုသော ယောဂီသည် တပါးတည်းအဖော်မပါပဲ သွား၏"ဟု အဋ္ဌကထာတို့၌ ဆိုထားခြင်းဟူသော အကြောင်း ၂-ပါး) ကြောင့်၂ (အသုဘကောင်တို့ကို ကြည့်ရှု၍ ရုပ်ကိုယ်၏ ဖြစ်ရိုးသဘောမှန်ကို မှတ်သားခြင်းဖြင့်ဂင်း၊ ထိတ်လန့်မှု သံဝေဂကို ဖြစ်စေခြင်းဖြင့်ဂင်း မိမိ၏)စိတ်ကို သိမှတ်စေခြင်းအကျိုးငှါ သုသာန်ရှုသွားသော ပဂ္ဂိုလ်သည် ခေါင်းလောင်းထိုးစည်ကို တီးခေါက်လျက် အတူသွားဖော်အပေါင်းကို

မှတ်ချက်

၁–ဒိဗ္ဗ-ဗြဟ္မလောကဟူသော နတ်ပြည်၌ဖြစ်သော အာနုဘော်။ ထိုအာနုဘော်ကို ရစေနိုင်သော ဈာန်ကိုလည်း ဒိဗ္ဗဟူ၍ပင် ခေါ်ရ၏။ ဝိဟာရ–မျှတနေကြောင်းဖြစ်သောဈာန်။ ဒိဗ္ဗဝိဟာရ–ဗြဟ္မာ့ဘုံဟူသော နတ်ပြည်၌ဖြစ်သော အာနုဘော်ကို ရစေနိုင်သော မျှတနေကြောင်းဈာန်။ အတိုချုပ်အားဖြင့် ရူပဈာန် အရူပဈာန်တို့ကို ဒိဗ္ဗဝိဟာရခေါ်သည်ဟု မှတ်ရာ၏။

၂–ဋီကာအဖွင့်နှင့်အညီ ဖြည့်စွက်၍ ပြန်ထားသော (တသ္မာ–ပုဒ်၏)အနက် ဖြစ်သည်။

http://www.dhammadownload.com

စည်းဝေးစေ၍သော်လည်း သွားလိုက သွားပါစေ(ဝါ-သွားနိုင်ပေ၏)။ ကမ္မဋ္ဌာန်းကို ပဓာနပြုသဖြင့် သွားသောပုဂ္ဂိုလ်သည်ကား တပါတည်း အဖော်မပါပဲ မူလကမ္မဋ္ဌာန်းကို[၁] မစွန့်မူ၍ ထိုမူလကမ္မဋ္ဌာန်းကို နှလုံးသွင်း လျက်သာလျှင်[၂] သုသာန်၌ ခွေးအစရှိသော ဘေးရန်ကို ချောက်လှန့် ပယ်ရှားရန်အတွက် တောင်ဝှေးကိုဖြစ်စေ၊ နှင်တံကိုဖြစ်စေ ကိုင်ဆောင်၍[၂] ကောင်းစွာထင်ခြင်းကို ပြီးစေသဖြင့် မမေ့သော သတိကို ဖြစ်စေလျက်[၂] စိတ်လျှင် ၆-ခုမြောက်ရှိကုန်သော ဣန္ဒြေတို့၏[၃] အတွင်း၌ တည်သည်၏ အဖြစ်ကို ပြီးစေသဖြင့် အပြင်သို့ မသွားသော စိတ်ရှိသည်ဖြစ်၍(သုသာန်သို့) သွားအပ်ပေသည်။

ကျောင်းမှထွက်လျှင်ပင် "ဤမည်သောအရပ်၌ ဤမည်သောတံခါးဖြင့် ထွက်သည်"ဟု တံခါးကို မှတ်အပ်၏၊ ထို့နောင် သွားရာလမ်းကို "ဤလမ်းသည် အရှေ့အရပ်ဆီသို့ သွား၏"ဟူ၍သော်၎င်း၊ "အနောက်အရပ်-မြောက်အရပ်-တောင်အရပ်ဆီသို့ သွား၏"ဟူ၍သော်၎င်း၊ "(အရှေ့တောင်စသော) အထောင့်အရပ်ဆီသို့သွား၏"ဟူ၍သော်၎င်း မှတ်အပ်၏။ ထို့ပြင် "ဤဌာန၌ လက်ဝဲဘက်သို့သွား၏၊ ဤဌာန၌ လက်ျာဘက်သို့

မှတ်ချက်

၁–မူလကမ္မဋ္ဌာန်းဟူသည်မှာ ပကတိအားဖြင့် မိမိသည် ရုံဖန်ရုံခါ နှလုံးသွင်းလျက် ဆောင်ထားအပ်သော ဗုဒ္ဓါနုဿတိအစရှိသော သဗ္ဗတ္ထကကမ္မဋ္ဌာန်းပင်တည်း။ (ဋီကာ)

၂–နှလုံးသွင်းလျက်သာလျှင်.....ကိုင်ဆောင်၍.....သတိကို ဖြစ်စေလျက်..... စိတ်ရှိသည်ဖြစ်၍ သွားအပ်ပေသည်-ဟု စပ်ပါ။

၃–ဣန္ဒြေတို့၏.....တည်သည်၏အဖြစ်ကို-ဟု စပ်ပါ။

http://www.dhammadownload.com

သွား၏၊ ဤဌာန၌ [၁၇၇] ကျောက်ရှိ၏၊ ဤဌာန၌ တောင်ပို့ရှိ၏၊ ဤဌာန၌ သစ်ပင်ရှိ၏၊ ဤဌာန၌ ချုံရှိ၏၊ ဤဌာန၌ နွယ်ရှိ၏" ဟူ၍လည်း မှတ်အပ်၏။ ဤသို့ အသွားလမ်းကို ပိုင်းခြားမှတ်သားလျက် အသုဘနိမိတ် ရှိရာအရပ်သို့ သွားအပ်ပေသည်။ သို့သော် လေဆန်မူကား မသွားအပ်ပေ၊ လေဆန်သွားလျှင် အကောင်ပုပ်နံ့သည် နှာခေါင်းကိုတိုက်ခိုက်၍ ဦးနှောက်ကို ချောက်ချားပျက်ပြားစေရာ၏၊ အစာကိုမူလည်း အန်ထွက်စေရာ၏၊ "ဤလို အကောင်ပုပ်ရှိရာသို့ လာခဲ့မိလေခြင်း" ဟု နှလုံးမသာခြင်းကို မူလည်း ဖြစ်စေရာ၏။ ထို့ကြောင့် လေဆန်လမ်းကို ရှောင်လွှဲ၍ လေစုန်လမ်းဖြင့် သွားအပ်၏။ အကယ်၍ (ဖြတ်သန်းသွားရမည့်) လမ်းခုလတ်၌ တောင်, ကမ်းပါးပြတ်, ကျောက်တုံးကြီး, ကျောက်ဆောင်ကြီး, စည်းရိုး, ဆူးမျှားသောဌာန, ရေ, ချုံညွှန့်ဇုတ် တစုံတခု ခြားလျက်ရှိသောကြောင့် လေစုန်လမ်းဖြင့်သွားရန် မဖြစ်နိုင်ပါမူ သက်နှံးစွန်းဖြင့် နှာခေါင်းကိုပိတ်၍ သွားအပ်၏။ ဤသည်ကား ထိုယောဂီ၏ (သုသာန်သို့) သွားရာ၌ ပြုရမည့် ကျင့်ဝတ်ပေတည်း။

၁၀၇။ ဤဆိုခဲ့သည့်အတိုင်း (သုသာန်သို့) သွားရောက်ပြီးသော ယောဂီသည် ရှေးဦးစွာ အသုဘနိမိတ်ကို မကြည့်ရှုသင့်သေး။ ထိုင်သင့်သော အရပ်ကို ပိုင်းခြားရွေးချယ်ရဦးမည်။ ရွေးချယ်ပုံကို ခွဲပြရလျှင်—တခုသော အရပ်အဖို့၌ တည်သောသူအား အသုဘအာရုံလည်း ထင်ရှားစွာ မပေါ်၊ စိတ်လည်း (အသုဘရှုရန်) မခန့်ကျန်း မသန့်စွမ်းပဲ ရှိတတ်၏။ ထို့ကြောင့် ထိုသို့သောအရပ်ကို ပယ်၍ အသုဘအာရုံ ထင်ရှားပေါ်ရာ စိတ်လည်း ခန့်ကျန်းရာ အရပ်၌တည်ရာ၏။ ထို့ပြင် လေကြေလည်ာအရပ်ကိုလည်း ပယ်အပ်၏၊ အပြစ်ကား-လေကြေအရပ်၌တည်လျှင် အပုပ်နံ့က နှိပ်စက်သောကြောင့် စိတ်မတည်ပဲ ပြေးသွားနေတတ်၏၊ လေညာအရပ်၌ တည်နေလျှင် (လည်း) ထိုသူသေကောင်၌ စိုးအုပ်စောင့်ရှောက်နေသော ဘီလူး

http://www.dhammadownload.com

မြေဘုတ်တို့ ရှိနေပါမူ ၎င်းတို့က (ငါတို့၏ထံသို့ မကောင်းသောလူနှံ့ကို လာစေသည်ဟု နှလုံးသွင်းလျက်) စိတ်ဆိုးကြ၍ အကျိုးမဲ့ကို ပြုတတ်ကြကုန်၏။ ထို့ကြောင့် အနည်းငယ်ဖယ်ရှား၍ လေညာတည့်တည့် မကျလွန်းသောအရပ်၌ တည်နေရာ၏။ ဤသို့ တည်နေသောသူသည်လည်း (အသုဘကောင်နှင့်) မဝေးလွန်း မနီးလွန်းသောအရပ် ခြေရင်းခေါင်းရင်း မဟုတ်သောအရပ်၌ တည်ရာ၏။ အပြစ်ကား- ဝေးလွန်းသောအရပ်၌ တည်လျှင် အာရုံမထင်ရှားပဲ ရှိတတ်၏၊ နီးလွန်းသောအရပ်၌ (တည်နေလျှင်) ကြောက်ခြင်းဖြစ်ပေါ်တတ်၏[၁]၊ ခြေရင်းခေါင်းရင်းအရပ်၌ တည်နေလျှင် အသုဘကောင် တကိုယ်လုံး ညီတူညီမျှ မထင်ပေါ်ပေ။ ထို့ကြောင့် မနီးလွန်း မဝေးလွန်း၌ ကြည့်ရှုရန် ချမ်းသာလွယ်ကူရာဖြစ်သော သူသေကောင်၏ အလယ်ပိုင်းအရပ်၌ တည်နေရာ၏။

၁၀၈။ ဤသို့ တည်နေပြီးလျှင် "(သူသေကောင်ပစ်ချထားရာ)ထိုအရပ်၌ ကျောက်တုံး ကျောက်ခဲကိုင်း ။ပ။ နွယ်ကိုင်း အသုဘကောင်နိမိတ်နှင့်တကွ ပြု၏"ဟူ၍ ဆိုအပ်ခဲ့ကုန်သော ပတ်ဝန်းကျင်ရှိ နိမိတ်တို့ကို မှတ်သားအပ်ကုန်၏။ ထိုသို့ မှတ်သားရာ၌ ယခုဆိုမည့်စကားသည် မှတ်သားပုံအစီအရင်ပေတည်း၊ အကယ်၍ ထိုအသုဘကောင်နိမိတ်၏ အနီးအပါး မြင်နိုင်ရာအရပ်၌ ကျောက်ရှိငြားအံ့၊ ထိုကျောက်ကို "မြင့်သည်ဟူ၍ငင်း၊ နိမ့်သည်[၂]၊ ငယ်သည်၊ ကြီးသည်၊ နီသည်၊ ညိုမည်းသည်၊ ဖြူသည်၊

မှတ်ချက်

၁–သူသေကောင်သည် ပုထုဇဉ်ပုဂ္ဂိုလ်အား အမျှားအားဖြင့် ကြောက်ဖွယ်အနေအားဖြင့် ထင်တတ်သောကြောင့် "နီးလွန်းသောအရပ်၌ ကြောက်ခြင်းဖြစ်ပေါ်တတ်၏"ဟု မိန့်ဆိုပေသည်။ (ဋီကာ)

၂–ဤပုဒ်မှစ၍ "ဟူ၍ငင်း" ကို မြွှေပ်ထားသည်၊ ရှေးပုဒ်၌ကဲ့သို့ပင် နိမ့်သည်ဟူ၍ငင်း၊ ငယ်သည်ဟူ၍ငင်း စသည်ဖြင့် သိရန်ဖြစ်သည်။

http://www.dhammadownload.com

ရှည်သည်၊ ဝန်းဝိုင်းသည်ဟူ၍ငင်း ပိုင်းခြား(ဆုံးဖြတ်)အပ်၏[၁]။ ထို့နောင် "ဤမည်သော အရပ်၌ တည်နေသော ဤအရာကား ကျောက်, (စင်းစင်းခွေခွေ တည်နေသော)ဤအရာကား အသုဘကောင်နိမိတ်၊ ဤအရာကား အသုဘကောင်နိမိတ်, ဤအရာကား ကျောက်"ဟု (အပြန်အလှန်) ကောင်းစွာ မှတ်သားအပ်၏[၂]။ အကယ်၍ တောင်ပို့ရှိလျှင် ထိုတောင်ပို့ကိုလည်း "မြင့်သည်ဟူ၍ငင်း၊ နိမ့်သည်၊ [၁၇၈] ငယ်သည်၊ ကြီးသည်၊ နီသည်၊ ညိုမည်းသည်၊ ဖြူသည်၊ ရှည်သည်၊ ဝန်းဝိုင်းသည်ဟူ၍ငင်း"ပိုင်းခြားအပ်၏။ ထို့နောင် "ဤမည်သော အရပ်၌ တည်နေသော ဤအရာကား တောင်ပို့, ဤအရာကား အသုဘကောင်နိမိတ်"ဟု ကောင်းစွာ မှတ်သားအပ်၏။ အကယ်၍ သစ်ပင်ရှိလျှင် ထိုသစ်ပင်ကိုလည်း "ညောင်ဗုဒ္ဓဟေပင်ဟူ၍ငင်း၊ ပညောင်ပင်၊ ဖအောင်းနက်ပင်၊ ညောင်ချဉ်ပင်ဟူ၍ငင်း၊ မြင့်သည်၊ နိမ့်သည်၊ ငယ်သည်၊ ကြီးသည်၊ နီသည်၊ ညိုမည်းသည်၊ ဖြူသည်ဟူ၍ငင်း" ပိုင်းခြားအပ်၏။ ထို့နောင် "ဤမည်သော အရပ်၌ တည်နေသော ဤအရာကား သစ်ပင်, ဤအရာကား အသုဘကောင်နိမိတ်"ဟု ကောင်းစွာ မှတ်သားအပ်၏။ အကယ်၍ ချုံရှိလျှင် ထိုချုံကိုလည်း "သင်ပေါင်းချုံ(ဝါ-စွန်ပလွံချုံ)ဟူ၍ငင်း၊ ခံချုံ၊ ကုလားဇလပ်၊ လိပ်ဆူးခွေ ဟူ၍ငင်း၊ မြင့်သည်၊ နိမ့်သည်၊ ငယ်သည်၊ ကြီးသည် ဟူ၍ငင်း" ပိုင်းခြားအပ်၏။ ထို့နောင် "ဤမည်သော အရပ်၌ တည်နေသော ဤအရာကား ချုံ, ဤအရာကား အသုဘကောင်နိမိတ်"ဟု ကောင်းစွာမှတ်သားအပ်၏။ အကယ်၍ နွယ်

မှတ်ချက်

၁–ဝဝတ္ထပေတဗ္ဗော-ပုဒ်၏ မြန်မာပြန်ဖြစ်သည်။ နောက်၌လည်း ဤသို့သော အရာ၌ နည်းတူပင် သိပါ။

၂–သလ္လက္ခေတဗ္ဗံ-ပုဒ်၏ မြန်မာပြန်ဖြစ်သည်။ နောက်၌လည်း နည်းတူပင်သိပါ။

http://www.dhammadownload.com

ရှိလျှင် ထိုနွယ်ကိုလည်း "ပူးနွယ်ဟူ၍၎င်း၊ ဖရုံနွယ်၊ ကြံဟင်းညိုနွယ် (ဝါ-နွယ်ရွေ့-ဥပါသကာနွယ်)၊ နွယ်နက်-နွယ်ငန်း၊ ဆင်သမန္တယ်ဟူ၍၎င်း" ပိုင်းခြားအပ်၏။ ထို့နောင် "ဤမည်သော အရပ်၌ တည်နေသော ဤအရာကား နွယ်ပင်, ဤအရာကား အသုဘကောင်နိမိတ်၊ ဤအရာကား အသုဘကောင်နိမိတ်, ဤအရာကား နွယ်ပင်"ဟု ကောင်းစွာ မှတ်သားအပ်၏။

၁၀၉။ ထိုမှတပါး "အသုဘကောင်နိမိတ်နှင့်တကွ[၁] ပြု၏၊ အသုဘအာရုံနှင့်တကွ ပြု၏"ဟု ဆိုခဲ့သော စကားမှာမူ ယခု ပြဆိုခဲ့သော ပိုင်းခြားပုံ မှတ်သားပုံ၌ပင် အတွင်းဝင်သွားလေပြီ။ မှန်ပေ၏— အဖန်ဖန် ပိုင်းခြားဆုံးဖြတ်လျှင် အသုဘကောင်နိမိတ်နှင့်တကွ[၁] ပြုသည်မည်၏။ "ဤကား ကျောက်, ဤကား အသုဘနိမိတ်၊ ဤကား အသုဘနိမိတ်

မှတ်ချက်

၁– အသုဘကောင်နိမိတ်နှင့်တကွ·ဟူသော ဤအနက်သည် ရှေးဋ္ဌကထာစကားရပ်ဝယ် "တသ္မိံ ပဒေသေ ပါသာဏံ ဝါ ။ပ။ လတံ ဝါ သနိမိတ္တံ ကရောတိ·ထို သူသေကောင်ပစ်ချထားရာအရပ်၌ (ရှိသော) ကျောက်ကို၎င်း။ပ။နွယ်ကို၎င်း နိမိတ်နှင့်တကွ ပြု၏ဟူသော ပါဠိနှင့်အညီပင် ဖြစ်သည်။ ထိုပါဠို၌ ကျောက် ။ပ။ နွယ်တို့ကို နိမိတ်နှင့်တကွဟု ဆိုသော ကြောင့် ကျောက်စသည်ကို နိမိတ်ဟု မဆိုနိုင်ပေ၊ အသုဘကောင်ကိုသာ နိမိတ်ဟု ဆိုသင့်ပေသည်။ သို့သော် ဋီကာဌ်မူ ဤအရာ၌ "အသုဘကို ကျောက်အစရှိသော နိမိတ်နှင့်တကွ ပြုသည် ပိုင်းခြားမှတ်သားသည် ဟူ၍၎င်း၊ အသုဘနိမိတ်ကို၎င်း ကျောက်စသောနိမိတ်ကို၎င်း အတူတကွ တပေါင်းတည်းပြုလျက် ပိုင်းခြားမှတ်သားသည်ဟူ၍၎င်း ၂-နည်းဖွင့်ပြထားလေသည်။ ထို ၂-နည်းတို့တွင် ပဌမနည်းကို ရှေးအဋ္ဌကထာစကားနှင့် နှီးနှောရန် ခက်၏။

http://www.dhammadownload.com

ရန် အားထုတ်ခြင်းသဘော (၂) နိဒါနဋ္ဌ-ဆင်းရဲ၏အကြောင်းသဘော (၃) သံယောဂဋ္ဌ-သံသရာဆင်းရဲနှင့် ယှဉ်စေခြင်းသဘော (၄) ပလိဗောဓဋ္ဌ-မဂ်ကိုမရအောင် နှောင့်ရှက်တားမြစ်ခြင်းသဘောဖြင့် သမုဒယအရိယသစ္စာကို၎င်း[၁] (၁) နိဿရဏဋ္ဌ-ထွက်မြောက်ခြင်းသဘော (၂) ဝိဝေကဋ္ဌ-သခ်ါရတို့မှ ကင်းဆိတ်ခြင်းသဘော (၃) အသခ်တဋ္ဌ-မပြုအပ်သောသဘော (၄) အမတဋ္ဌ-မသေမပျက်ခြင်းသဘောဖြင့် နိရောဓအရိယသစ္စာကို၎င်း[၂] (၁) နိယျာနဋ္ဌ-ဝဋ္ဌဆင်းရဲမှ ထွက်သွားခြင်းသဘော (၂) ဟေတုဋ္ဌ-နိဗ္ဗာန်သို့ရောက်ကြောင်းသဘော (၃) ဒဿနဋ္ဌ-နိဗ္ဗာန်ကို မျက်မှောက်မြင်ခြင်းသဘော (၄) အဓိပတေယျဋ္ဌ-အကြီးအမှူးဖြစ်ခြင်းသဘောဖြင့် မဂ္ဂအရိယသစ္စာကို၎င်း[၃] ဝေဘန်တော်မူလေပြီ၊ "ဝေဘန်၍ ဖွင့်လှစ်၍ ဟောကြားတော်မူလေပြီ" ဟု ဆိုလို၏။ ထိုကြောင့် ဝိဘတ္တဝါ-ဟု ဆိုသင့်ရာ၌ ဘဂဝါ[၄]-ဟူ၍ ခေါ်ဆိုအပ်ပေသည်။ (၄)

မှတ်ချက်

၁ – အာယူဟနဋ္ဌသည် သမုဒယကို မြင်ခိုက်၌ ကျန်သုံးပါးသည် ဒုက္ခ နိရောဓ မဂ္ဂ တို့ကို မြင်ခြင်းဖြင့် ထင်ရှားသောသဘောများ ဖြစ်ကြသည်။ (၎င်းဋီပင်)

၂ – နိဿရဏဋ္ဌသည် နိရောဓကို မြင်ခိုက်၌ ကျန်သုံးပါးသည် သမုဒယ မဂ္ဂ ဒုက္ခ တို့ကို မြင်ခြင်းဖြင့် ထင်ရှားသော သဘောများ ဖြစ်ကြသည်။ (၎င်းဋီ ၁၉၁)

၃ – နိယျာနဋ္ဌသည် မဂ္ဂကို မြင်ခိုက်၌ ကျန်သုံးပါးသည် သမုဒယ နိရောဓ ဒုက္ခ တို့ကို မြင်ခြင်းဖြင့် ထင်ရှားသောသဘောများ ဖြစ်ကြသည်။ (၎င်းဋီပင်)

၄ – ဝိ + ဘဇ + တဝန္တု- ဝိဘတ္တဝန္တု- ဝိဘတ္တဝါ-မှ ဝိ-ကို ချေ၊ တ္တ-ကို ဂပြု၍ ပြီးသည်။

http://www.dhammadownload.com

ထို့ပြင် ထိုမြတ်စွာဘုရားသည် ဒိဗ္ဗဝိဟာရ ဗြဟ္မဝိဟာရ အရိယာဝိဟာရ တို့ကိုလည်း [၁]၊ ကာယဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေကတို့ကိုလည်း [၂]၊ သုညတ ဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခ အနိမိတ္တဝိမောက္ခတို့ကိုလည်း [၃]၊ ထို့မှတပါး ကုန်သော [၄] လောကီ လောကုတ္တရာဖြစ်ကုန်သော ဥတ္တရိမနုဿဓမ္မခေါ် လောကီအဘိညာဉ်စသော တရားထူးတို့ကိုလည်း [၅] ချဉ်းကပ်တော်မူခဲ့လေပြီ

မှတ်ချက်

၁–ဒိဗ္ဗ-နတ်ပြည်၌ ဖြစ်သည်- သက်ဆိုင်သည် + ဝိဟာရ-နေခြင်း=ဒိဗ္ဗဝိဟာရ-ဗြဟ္မာ ဟူသော နတ်ပြည်နှင့် သက်ဆိုင်သောစျာန် ဟူသော နေခြင်း၊ ဝါ-စျာန်ဖြင့် နေခြင်း။ ၎င်းမှာ အပ္ပမညာစျာန်မှ တပါးသော ရူပါဝစရစျာန် များပင် ဖြစ်သည်။ ဝိဟရတိ-ပုဒ်အဖွင့်ဆိုင်ရာ ဋီကာတို့၌ အရူပစျာန်တို့ကိုလည်း ဒိဗ္ဗဝိဟာရ၌ ထည့်သွင်း၍ ပြဆိုကြသေး၏။

ဗြဟ္မဝိဟာရ-မြတ်သော နေခြင်း။ ၎င်းမှာ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာစျာန် များပင် ဖြစ်သည်။

အရိယဝိဟာရ-အရိယာတို့၏ နေခြင်း။ ၎င်းမှာ ဖလသမာပတ်ပင် ဖြစ်သည်။

၂–အဖော်ကင်းလျက် တပါးတည်း နေခြင်းသည် ကာယဝိဝေက မည်၏၊ ပဌမစျာန် စသည်ဖြင့် နီဝရဏ စသည်တို့၏ ကင်းဆိတ်ခြင်းသည် စိတ္တ-ဝိဝေက မည်၏၊ နိဗ္ဗာန်သည် ဥပဓိဝိဝေက မည်၏။

၃–အနုတ္တာနုပဿနာဖြင့် ရသောမဂ်သည် သုညတဝိမောက္ခ မည်၏၊ ဒုက္ခာ-နုပဿနာ အနိစ္စာနုပဿနာတို့ဖြင့် ရသောမဂ်တို့သည် အပ္ပဏိဟိတဝိမောက္ခ, အနိမိတ္တဝိမောက္ခတို့ မည်ကုန်၏။ သာရတ္တဋီကာနှင့် အညီပင်။

၄–တပါးကုန်သော-ဟူသည်မှာ လောကီအဘိညာဉ်စသည်တို့ကို (ဆိုလို၏)။ (ဋီကာ)

၅–သာမန်လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော စျာန် အဘိညာဉ် မဂ်ဖိုလ်တရားတို့ကို ဥတ္တရိမနုဿဓမ္မဟု ခေါ်သည်။ ဤအဆုဥ်မူ

http://www.dhammadownload.com

မှီဝဲတော်မူခဲ့လေပြီ အကြိမ်များစွာ နှလုံးသွင်းလေ့လာတော်မူခဲ့လေပြီ။ ထို့ကြောင့် ဘတ္တဝါ-ဟု ဆိုသင့်ရာ၌ ဘဂဝါ[၁]-ဟူ၍ ခေါ်ဆိုအပ်ပေ၏။ (၅)

ထို့ပြင် သုံးပါးကုန်သော(ကာမ ရူပ အရူပ)ဘဝတို့၌ တဏှာဟုဆိုအပ်သော သွားခြင်းကို ဤမြတ်စွာဘုရားသည် ထွေးအန်စွန့်ပယ်တော်မူ(အပ်)လေပြီ၊ ထို့ကြောင့် ဘဝဝန္တဂမနော-(ဘဝတို့၌ထွေးအန်ပြီးသော သွားခြင်းရှိသည်)ဟု ဆိုသင့်ရာ၌ ဘဝ-သဒ္ဒါမှ ဘ-ကိုဌင်း၊ ဂမန-သဒ္ဒါမှ ဂ-ကိုဌင်း၊ ဝန္တ-သဒ္ဒါမှ ဝ-ကိုဌင်းယူ၍ (ဝ-မှ အ-ကို)အာ-ဒီဃပြု၍ ဘဂဝါ-ဟု ခေါ်ဆိုအပ်ပေ၏၊ လောက၌(ဝါ-လောကီကျမ်း၌) မေဟနသ(လျှို့ဝှက်အပ်သော၊ ဝါ-ရေဟောင်းစွန့်ကြောင်းဖြစ်သော) ခဿ (အရပ်၏၊ ဝါ-ကိုယ်အင်္ဂါအထူး၏) မာလာ(ဖုံးကွယ်စရာပန်းကုံးတည်း)·ဤသို့သော ဝစနတ္ထအရ (မေဟနခမာလာ-ဟု ဆိုသင့်ရာ၌) မေခလာ (ခါးစည်းကြိုးတန်ဆာ) ဟု ခေါ်ဆိုသကဲ့သို့ပင်တည်း။ (၆)

(ဘဂဝါဂုဏ်တော်အဖွင့်ပြီး၏)။

မှတ်ချက်

အညေ-ဆိုခဲ့ပြီးသော ဝိဟာရ, ဝိဝေက, ဝိမောက္ခ တို့မှ တပါးကုန်သော-ဟု ဆိုထားသဖြင့် ယင်းတို့မှ လုံးလုံးလွတ်ကင်းသော လောကီအဘိညာဉ်တို့ကိုဌင်း၊ မဂ္ဂဝီထိ၌ ဖိုလ်တို့ကိုဌင်း ယူနိုင်၏၊ ထို့ပြင် စတုတ္ထပါရာဇိက သိက္ခာပုဒ်၌ ဥတ္တရိမနုဿဓမ္မကို ဝေဘန်ဖွင့်ပြရာတွင် စျာန် ဝိမောက္ခ သမာဓိ စသည်ဖြင့် အမည်မျှ ကွဲပြားသည်တို့ကိုလည်း ခွဲခြား၍ ပြထားသောကြောင့် ဤ၌လည်း ဝိဟာရ ဝိမောက္ခတို့နှင့် အရတူသော်လည်း အမည်မျှဖြင့် ကွဲပြားသောစျာန် မဂ် ဖိုလ် သမာဓိတို့ကိုလည်းယူလျှင်(လောကီလောကုတ္တရာဖြစ်ကုန်သော) ဟူသော စကားနှင့် လျော်ရာ၏။

၁-စာမျက်နှာ ၁၂၇-မှတ်ချက် (၁) နှင့် တူ၏။

http://www.dhammadownload.com

၁၄၅။ (ထိုစကားရပ်၌ ယခုပြဆိုမည့်စကားသည် အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ပုံပေတည်း-စသည်ဖြင့်) ဤသို့ ပြဆိုခဲ့သည့်အတိုင်း "ထိုမြတ်စွာဘုရားသည် ဤအကြောင်းကြောင့်လည်း ဤအကြောင်းကြောင့်လည်း အရဟံ မည်တော်မူပါပေ၏။ပ။ ဤအကြောင်းကြောင့်လည်း ဤအကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူပါပေ၏"ဟူ၍ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်နေသော၂

မှတ်ချက်

၁–ဤသို့ ပြဆိုခဲ့သည့်အတိုင်း.... အောက်မေ့ဆင်ခြင်နေသော-ဟု စပ်ပါ။

၂–ရှေးဦး ပြခဲ့သော အောက်မေ့ ဆင်ခြင်ပုံများမှာ အလွန်ကျယ်ဝန်းသော ကြောင့်ရင်း၊ သဒ္ဒါနည်းများနှင့် ရောယှက်နေသောကြောင့်ရင်း၊ တချို့ အနက်အဖွင့်များမှာ အလွန်နက်နဲသောကြောင့်ရင်း သုတနည်းသော သူတို့သည် ယင်း ဖွင့်ပြချက်များကို ကျက်မှတ်၍ အောက်မေ့ ဆင်ခြင်ရန် လွယ်ကူလှမည် မဟုတ်ပေ၊ ထို့ကြောင့် မကျဉ်း မကျယ် သိလွယ်သော အနက်များကို ထပ်၍ ပြဦးအံ့။

ဘုရားဂုဏ်တော် ၉–ပါး

(၁–၁) သတ္တဝါအများတို့၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုဗုဒ္ဓ - မြတ်စွာဘုရားသည် ဝါသနာနှင့်တကွ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော် မူသောကြောင့်လည်း အရဟံ မည်တော်မူပါပေ၏။ (တနည်းကား– အရဟံ - ဝါသနာနှင့်တကွ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်တော် မူပေသော မြတ်စွာဘုရား၊ ဤသို့လည်း အောက်မေ့ ဆင်ခြင်နိုင်၏၊ နောက်နောက် ဂုဏ်ပုဒ်တို့၌လည်း နည်းတူပင်။)

(၁–၂) လောဘကိလေသာ ဒေါသကိလေသာ မောဟကိလေသာ မာန-ကိလေသာ ဒိဋ္ဌိကိလေသာ ဝိစိကိစ္ဆာကိလေသာ ထိနကိလေသာ ဥဒ္ဓစ္စကိလေသာ အဟိရိကကိလေသာ အနောတ္တပ္ပကိလေသာ တည်းဟူသော သရုပ်အားဖြင့် ကိလေသာ ဆယ်ပါး, အကျယ်ပွါးလျှင် တထောင်ငါးရာ ကိလေသာရန်သူတို့ကို ပယ်သတ်တော် မူပြီးသောကြောင့်လည်း အရဟံ မည်တော်မူပါပေ၏။

http://www.dhammadownload.com

မှတ်ချက်

(၁-၃) အဝိဇ္ဇာ တည်းဟူသော ပုံတောင်းနှင့် ဇရာမရဏ တည်းဟူသော အကွပ်ရှိသော ပဋိစ္စသမုပ္ပါဒ် သံသရာ စက်ရဟတ်၏ သခ်ါရမှ ဇာတိကျအောင် အလယ်က ဆယ်တန် ထောက်အကန့်တို့ကို ချိုးဟန့် ဖျက်ဆီးတော်မူ ပြီးသော ကြောင့်လည်း အရဟံ မည်တော်မူပါပေ၏။

(၁-၄) အမြတ်ဆုံး အလှူခံ ပုဂ္ဂိုလ်မြတ်ဖြစ်၍ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့်လည်း အရဟံ မည် တော်မူပါပေ၏။

(၁-၅) မျက်မှောက် မျက်ကွယ် အချင်းခပ်သိမ်းစင်ကြယ်၍ ဆိတ်ကွယ်ရာ မရှိတော်မူသောကြောင့်လည်း အရဟံ မည်တော်မူပါပေ၏။

(၂-၁) သစ္စာလေးပါး ခပ်သိမ်းသော တရားတို့ကို မဖောက်မပြန် မှန်ကန် လှစွာ ကိုယ်တော်တိုင်သာ သိတော်မူသောကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည် တော်မူပါပေ၏။

(၂-၂) ထူးသောဉာဏ်ဖြင့် သိသင့်သိထိုက်သော သစ္စာလေးပါး ဟူသော အဘိညေယျတရား၊ ပိုင်းခြား၍ သိသင့်သိထိုက်သော ဒုက္ခသစ္စာဟူသော ပရိ-ညေယျတရား၊ ပယ်သင့်ပယ်ထိုက်သော သမုဒယသစ္စာ ဟူသော ပဟာတဗ္ဗ တရား၊ မျက်မှောက် သိသင့်သိထိုက်သော နိရောဓသစ္စာဟူသော သစ္ဆိကာတဗ္ဗ တရား၊ ပွါးစေသင့် ပွါးစေထိုက်သော မဂ္ဂသစ္စာဟူသော ဘာဝေတဗ္ဗ တရား အားဖြင့် သစ္စာလေးပါး ခပ်သိမ်းသော တရားတို့ကို သူတပါးထံ နည်းမခံပဲ ကိုယ်ပိုင်ဉာဏ်အဟုန်အစွမ်းဖြင့် စူးစမ်းရှာဖွေကာ မှန်ကန်စွာ သိတော်မူသော ကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏။

(၃-၁) ဝိဇ္ဇာမည်သော ဉာဏ်ထူးသုံးပါး၊ ဉာဏ်ထူးရှစ်ပါး၊ စရဏ မည် သော အခြေခံ အကျင့်တရား တဆယ့်ငါးပါးတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူ သောကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နေ မည်တော်မူပါပေ၏။

http://www.dhammadownload.com

သော ကံက ဖြတ်အပ်သော ရုပ်နာမ်အစဉ်သန္တာန် ရှိသောသူတို့၏ (ဝါ-ကံကြောင့် ရုပ်နာမ်အစဉ်ပြတ်သွားသောသူတို့၏) အကြောင်သေခြင်းသည်လည်း ရှိ၏၊ ရှေးဘဝက ပြုခဲ့သော ပါဏာတိပါတကံ၏ အစုမ်းအားဖြင့် ဓားကို ဆောင်ထည့်ခြင်း (ဝါ-ဓားဖြင့်ထိုးခြင်း ခုတ်ခြင်း)အစရှိသော လုပ်ကြံမှုတို့ကြောင့် ပြတ်ဆဲဖြစ်သော ရုပ်နာမ်အစဉ်သန္တာန် ရှိသောသူတို့၏ (ဝါ-ရုပ်နာမ်အစဉ်ပြတ်ဆဲဖြစ်သောသူတို့၏) အကြောင်သေခြင်းသည်လည်း ရှိ၏၊ ဤနှစ်ပါးသော သေခြင်းသည် အကာလမရဏ မည်၏။ ကာလမရဏ, အကာလမရဏဟူသော ထိုသေခြင်းအလုံးစုံကိုလည်း ဆိုခဲ့ပြီးသောအပြားရှိသော ဇီဝိတိန္ဒြေ ပြတ်စဲခြင်းမရဏဖြင့် သိမ်းယူအပ်၏၊ သို့ဖြစ်၍ ဇီဝိတိန္ဒြေ ပြတ်စဲခြင်းဟု ဆိုအပ်သော (မရဏ) သေခြင်းကို အောက်မေ့ခြင်းသည် မရဏာဿတိ မည်၏။

၁၆၈။ ထိုမရဏာဿတိကို ပွါးစေခြင်းငှါ အလိုရှိသော ယောဂီသည် ဆိတ်ငြိမ်ရာသို့ကပ်ရောက်လျက် အပြင်ပအာရုံများမှ ဖဲခွါကာ(ကမ္မဋ္ဌာန်း၌) ကောင်းစွာကပ်ငြိသည်ဖြစ်၍—

> "(မရဏံ ဘဝိဿတိ)- သေခြင်းသည် ဖြစ်လတ့ံ၊ (ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇတိ)ဇီဝိတိန္ဒြေသည် ပြတ်လတ့ံ" ဟူ၍သော်၎င်း၊ "(မရဏံ မရဏံ)သေခြင်း သေခြင်း" ဟူ၍သော်၎င်း

မှတ်ချက်

ပြီးလျှင် ထိုနိမ်စက်ရာ ဥယျာဉ်မှ အထွက်၌ပင် မြေမျိုး၍ အဝီစိငရဲသို့ ရောက်ရလေ၏။ စသည်အရဖြင့် အရှင်သာရိပုတ္တရာ၏ ဦးခေါင်းကို ပုတ်ခတ်သော နန္ဒဘီလူးနှင့် ဥပ္ပလဝဏ် ထေရီမကို ပြစ်မှားသော နန္ဒလုလင်စသည်တို့ကို ယူရန် ဋီကာ၌ ပြထားသည်။

၁–လုပ်ကြံမှုဟူရာ၌ မိမိကိုယ်တိုင် သေရာသေကြောင်းကြံမှု သူတပါးကလုပ်ကြံသတ်ဖြတ်မှု ဟူသော နှစ်မျိုးလုံးကိုပင် ယူအပ်၏။

http://www.dhammadownload.com

နည်းလမ်းမှန်စွာ[၁] နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ နည်းလမ်းမှားယွင်းစွာ[၂] နှလုံးသွင်းသောသူမှာမူ လိုလားချစ်ခင်သူ၏ သေခြင်းကို အောက်မေ့ရာ၌ စိုးရိမ်ပူဆွေးမှု-သောက ဖြစ်တတ်၏ မွေးသည့်မိခင်မှာ သားချစ်ကလေး၏ သေခြင်းကို အောက်မေ့ရာ၌ ကဲ့သို့ပင်တည်း၊ မလိုလားသောမုန်းသူ၏ သေခြင်းကို အောက်မေ့ရာ၌ ဝမ်းမြောက်ခြင်းဖြစ်တတ်၏ ရန်သူတို့မှာ ရန်သူ၏သေခြင်းကို အောက်မေ့ရာ၌ကဲ့သို့ပင်တည်း၊ မချစ်မမုန်း အလယ်အလတ်ဖြစ်သူ၏ သေခြင်းကို အောက်မေ့ရာ၌ ထိတ်လန့်မှု-သံဝေဂ မဖြစ်တတ်ပေ သူသေကောင်ဖုတ်သော သုဘရာဇာမှာ သူသေကောင်ကို မြင်ရာ၌ကဲ့သို့ပင်တည်း၊ မိမိ၏သေခြင်းကို အောက်မေ့ရာ၌ ထိတ်လန့်ခြင်းဖြစ်တတ်၏ သူသတ်သမားက ခုတ်သတ်ရန် ခားမိုးထားသည်ကိုမြင်လျှင် [၂၂၃] ကြောက်တတ်သောသူမှာ (ထိတ်လန့်ခြင်းဖြစ်သ)ကဲ့သို့ပင်တည်း။ (သောကဖြစ်ခြင်း အစရှိသော) ထိုအလုံးစုံသည်လည်း အမှတ်ရမှု-သတိ, ထိတ်လန့်မှု-သံဝေဂနှင့် ဆင်ခြင်ဉာဏ်ကင်းခြင်းကြောင့် ဖြစ်ပေသည်[၃] ထို့ကြောင့် ထိုထို တောအရပ် သုသာန်စသည်တို့၌ အသတ်ခံရသူ အလိုလို

မှတ်ချက်

၁– ယောနိသော- ဥပါယေန- သင့်သောအကြောင်းဖြင့် အကြောင်းမှန် နည်းလမ်းမှန်ဖြင့် ဟူသော ပုဒ်အနက်တို့၏ အစား ဤ၌ နည်းလမ်းမှန်စွာ- ဟု ပြန်ထားသည်။

၂– အယောနိသော - အနုပါယေန - ပုဒ်တို့၏ အနက် ဖြစ်သည်။ မှားသော အကြောင်းဖြင့် နှလုံးသွင်းခြင်းသည် နည်းလမ်းမှားယွင်းစွာ နှလုံးသွင်းခြင်းပင်တည်း။ ယင်းသည် သတိသံဝေဂနှင့် ဆင်ခြင်ဉာဏ်ကို မဖြစ်စေပဲ သေခြင်းကို နှလုံးသွင်းမှုပင် ဖြစ်ကြောင်း ဋီကာ၌ ဖွင့်ပြထား၏။

၃– ထို အလုံးစုံသည်လည်း-ဟူရာ၌ စိုးရိမ်မှုနှင့် ဝမ်းမြောက်မှုတို့၏ ဖြစ်ခြင်းသည်ဌင်း၊ ထိတ်လန့်မှု၏ မဖြစ်ခြင်းသည်ဌင်း၊ ထိတ်လန့်မှု၏ ဖြစ်ခြင်းသည်ဌင်း

http://www.dhammadownload.com

သေသူတို့ကို ကြည့်ရှုပြီးလျှင် စည်းစိမ်ချမ်းသာနှင့် အထင်အရှားပြည့်စုံကုန်လျက် သေကြလေကုန်သော ပုဂ္ဂိုလ်တို့၏ သေခြင်းကိုလည်း ဆင်ခြင်ပြီးလျှင် အမှတ်ရမှု-သတိ, ထိတ်လန့်မှု-သံဝေဂနှင့် ဆင်ခြင်မှု-သမ္မဇဉ်ဉာဏ်ကို ဖြစ်စေ၍ "သေခြင်းသည် ဖြစ်လတ္တံ့" အစရှိသောနည်းဖြင့် နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ ဤဆိုခဲ့သည့်အတိုင်း (နှလုံးသွင်းခြင်းကို) ဖြစ်စေလျှင် သင့်သောအကြောင်းအားဖြင့် ဖြစ်စေသည်မည်ပေ၏၊ အကြောင်းမှန်-နည်းလမ်းမှန်ဖြင့် ဖြစ်စေသည်ဟု ဆိုလို၏။ မှန်ပေ၏—ဤဆိုခဲ့သည့်အတိုင်း (နှလုံးသွင်းခြင်းကို) ဖြစ်စေစဉ်ပင်လျှင် အချို့ယောဂီအား နိဝရဏတို့သည် ကွာကုန်၏၊ သေခြင်းလျှင်အာရုံရှိသော အမှတ်ရမှု-သတိ

မှတ်ချက်

အစဉ်အတိုင်း သတိကင်းခြင်း, သံဝေဂကင်းခြင်း, ဉာဏ်ကင်းခြင်းကြောင့် ပေတည်း။ မှန်ပေ၏- အကြင် သူသည် "သေခြင်းမည်သော ဤသဘောသည် ပဋိသန္ဓေအားဖြင့် ဖြစ်ပြီးသောသူအား ကောန်မလဲ တွေ့စမြဲပင်"ဟု ပညာရှိတို့၏ စကားကို အမှတ်ရ၏၊ ထို့သေခြင်း၌ ဖြစ်သော ထိတ်လန့်မှု သံဝေဂလည်း ရှိ၏၊ ကောင်းစွာလည်း ဆင်ခြင်သောဉာဏ် ရှိ၏၊ ထိုသူအား လိုလားချစ်ခင်သူ၏ သေခြင်း စသော အကြောင်းကြောင့် စိုးရိမ်ခြင်း စသည်တို့သည် ဖြစ်ပေါ်ရန်အခွင့်မရကြကုန်သည်သာတည်း။(ဋ္ဌကာ)

၁-ဒိဋ္ဌပုဗ္ဗသမ္ဗတ္တိနံ- ပုဒ်၏ အနက် ဖြစ်သည်၊ ယင်းကို အတိအကျပြန်လျှင် ရှေးဦး မြင်ဘူးသော စည်းစိမ်ရှိကုန်သော-ဟူ၍ ဖြစ်၏၊ သုတနည်းသူတို့ နားလည်နိုင်မည် မဟုတ်ပေ၊ ဆိုလိုသည်မှာ ထိုသေလေကုန်သော သူတို့၏ စည်းစိမ်ချမ်းသာဖြင့် ကြီးပွါးချမ်းသာနေကြသည်ကို ယောဂီက မြင်ဘူးခဲ့၏၊ ထိုသို့ ကြီးပွါးချမ်းသာကြသော ပုဂ္ဂိုလ်များ၏ သေခြင်းကို ဆင်ခြင်ရမည်ဟု ဆိုလို၏။ စည်းစိမ်ချမ်းသာနှင့် အထင်အရှား ပြည့်စုံကြသည်ဟု ဆိုလျှင် ယောဂီကလည်း ၎င်းတို့၏ စည်းစိမ်ချမ်းသာကို မြင်ဘူးကြောင်း ပေါ်လွင်ပေ၏၊ ထို့ကြောင့် အထက်ပါအတိုင်း ပရိယာယ် လဲလှယ် ပြန်ထားသည်။

http://www.dhammadownload.com

သည် ကောင်းစွာတည်၏၊ ဥပစာရသို့ ရောက်သည်သာလျှင် ဖြစ်သော ကမ္မဋ္ဌာန်းသည် ဖြစ်ပေ၏။

၁၆၉။ ဤဆိုခဲ့သည့်အတိုင်း နှလုံးသွင်းရုံမျှဖြင့် ဥပစာရသို့ မရောက်သေးလျှင် ထိုယောဂီသည် (၁) သူသတ်သမားကဲ့သို့ ရှေးရှုကပ်လျက် တည်သောအားဖြင့်၎င်း၊ (၂) ပြည့်စုံခြင်း ပျက်စီးခြင်းအားဖြင့်၎င်း၊ (၃) (သေခြင်းကို) အနီးသို့ဆောင်သောအားဖြင့်၎င်း၊ (၄) ရုပ်ကိုယ်၏ သတ္တဝါအများတို့နှင့် ဆက်ဆံသောအားဖြင့်၎င်း၊ (၅) အသက်၏ အားနည်းသောအားဖြင့်၎င်း၊ (၆) (သေခြင်း၏) အမှတ်နိမိတ်မရှိသော အားဖြင့်၎င်း၊ (၇) အသက်တမ်း၏ အပိုင်းအခြားအားဖြင့်၎င်း၊ (၈) ရှင်ဆဲခဏ၏ တိုတောင်းသောအားဖြင့်၎င်း ဤရှစ်ပါးသော အခြင်းအရာတို့ဖြင့် သေခြင်းတရားကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်အပ်၏။

(၁) သူသတ်သမားကဲ့သို့ ရှေးရှုကပ်လျက် တည်သောအားဖြင့်ရှုပုံ

ထိုတွင် (၁) သူသတ်သမားကဲ့သို့ ရှေးရှုကပ်လျက် တည်သောအားဖြင့်-ဟူရာ၌ အကျယ်ကား—သူသတ်သမား၏ ရှေးရှုအနီး၌ ရပ်နေခြင်းကဲ့သို့ သေခြင်း၏ ရှေးရှုကပ်လျက် တည်နေခြင်းအားဖြင့် (အောက်မေ့ဆင်ခြင်အပ်၏)။ ချဲ့၍ပြဦးအံ့–သူသတ်သမားသည် "ဤသူ၏ ဦးခေါင်းကို ဖြတ်အံ့" ဟု သန်လျက်ကို စွဲကိုင်ပြီးလျှင် (အသတ်ခံရမည့်သူ၏)လည်ပင်းဆီသို့ (သန်လျှက်ကို) ခုတ်သတ်မည့် အသွင်ဖြင့် သွားစေလျက် ရှေးရှုအနီး၌ တည်ဘိသကဲ့သို့ ဤအတူပင် သေခြင်းသည်လည်း ရှေးရှုကပ်လျက် တည်နေသည်သာဟု အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏။ အဘယ့်ကြောင့်နည်း?ဟူမူ ဇာတိနှင့်အတူတကွ လာခဲ့သောကြောင့်၎င်း၊ အသက်ကို ဆောင်သွားတတ်-သေစေတတ်သောကြောင့်၎င်း ဖြစ်ပေသည်။ ချဲ့၍ပြအံ့–မှိုင်းသည်(ပေါက်လာကတည်းက) ဦးထိပ်ဖြင့် မြေမှုန့်ကို ယူလျက်သာလျှင် ပေါက်လာသကဲ့သို့ ဤအတူပင် သတ္တဝါတို့သည် အိုခြင်း-သေခြင်းကို

http://www.dhammadownload.com

ယူလျက်သာလျှင် ဘဝအသစ်ဖြစ်လာကုန်၏၊ ထိုစကားမှန်ပေ၏-ယင်း သတ္တဝါတို့၏ ပဋိသန္ဓေစိတ်သည် ဖြစ်ခိုက်(ဥပါဒ်ခဏ)၏ အခြားမဲ့၌ပင်လျှင် ဌီ-ဟုဆိုအပ်သော အိုရင့်ခြင်းသို့ ရောက်ပြီးလျှင် တောင်ထွတ်မှပြုတ်ကြသော ကျောက်တုံးကဲ့သို့ ယှဉ်ဘက်ခန္ဓာတို့နှင့်တကွ ပျက်စီး၏၊ ဤဆိုခဲ့သည့် အတိုင်း ခဏိကမရဏ(စိတ်၏ခဏ ရုပ်၏ခဏနှင့်ဆိုင်သော သေခြင်း)သည် ဇာတိနှင့်အတူတကွ လာခဲ့ပေသည်။ သည်မျှသာ မကသေး-ဖြစ်ပြီးသော သတ္တဝါသည် မချွတ်ကေန် သေရခြင်းကြောင့် ဤမရဏသတိအရာ၌ အလို ရှိအပ်သော ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းဟူသော သေခြင်းသည်လည်း ဇာတိနှင့် အတူတကွပင် လာခဲ့ပေသည်။ ထို့ကြောင့် ဤသတ္တဝါသည် (ပဋိသန္ဓေ အားဖြင့်)ဖြစ်သောကာလမှ စ၍[1] ပုံပမာပြရလျှင် ထွက်ပြီးသောနေသည် ဝင်ခြင်းသို့ ရှေးရှုလျက် သွားသာလျှင် သွား၏၊ ရောက်ရာရောက်ရာ အရပ်မှ အနည်းငယ်မျှသော်လည်း ပြန်၍ဆုတ်ခြင်း မရှိသကဲ့သို့ဂုဏ်း၊ လျှင်သောအယဉ်ရှိသော (ကျလာသော မြက်သစ်ရွက်စသည်ကို) အလွန် လျှင်စွာဆောင်တတ်သော တောင်ကျခြောင်းသည် ရွှေသို့သာလျှင်စီးသွား သကဲ့သို့ လိမ့်ဆင်းသကဲ့သို့ အနည်းငယ်မျှသော်လည်း နောက်သို့မပြန် သကဲ့သို့ဂုဏ်း ဤအတူပင် အနည်းငယ်မျှသော်လည်း မပြန်မဆုတ်မူ၍[2] သေခြင်းသို့ ရှေးရှုလျက်သာလျှင် သွားနေ၏။ ထို့ကြောင့် အောက်ပါ ဂါထာကို မိန့်ဆိုထားပေသည်။

> " သတ္တဝါသည် အကြင် တခုသောညဉ့်၌ (ဝါ-တခုသောအချိန်၌)[3] ရှေးဦးစွာ အမိဝမ်း၌ ပဋိသန္ဓေတည်လျက် နေ၏၊ ထိုညဉ့် ထို

မှတ်ချက်

၁–ဖြစ်သော ကာလမှ စ၍.... မပြန်မဆုတ်မူ၍.... သွားနေ၏-ဟု စပ်ပါ။

၂–များသောအားဖြင့် သတ္တဝါတို့သည် ညဉ့်အခါ၌ ပဋိသန္ဓေကို ယူကုန်၏၊ ထို့ကြောင့် ရတ္တိ-ညဉ့်၌ ဟု ဆိုပေသည်။ (ဋီကာ) နေ့အခါ၌ သေသူတို့က

http://www.dhammadownload.com

အချိန်မှစ၍ ထိုသတ္တဝါသည် (သေခြင်းဆီသို့) ချီတက်လျက် သာလျှင် သွားနေ၏၊ ဤသို့ တသွားတည်း သွားနေသော ထိုသတ္တဝါသည် (တခဏမျှသော်လည်း) မပြန်မဆုတ်ချေ။"

ဤသို့ တသွားတည်းသွားနေသော ထိုသတ္တဝါအား[1] နွေရာသီအပူရှိန်ဖြင့် ပူလောင်သောကြောင့် မြစ်ငယ် ချောင်းမြောင်းတို့၏ ကုန်ခန်းခြင်းကဲ့သို့ငင်း၊ အညာရင်းသို့ အစဉ်လျှောက်သောရေ၏ ရသဓာတ်ဖြင့် စွတ်စိုကုန်သော သစ်သီးတို့၏ နံနက်ကာလ၌ ကြွေကျခြင်းကဲ့သို့ငင်း၊ ဆောက်ပုတ်-ဒုတ်ဖြင့် ရိုက်အပ်ကုန်သော [၂၂၄] မြေအိုးမြေခွက်တို့၏ ကွဲပျက်ခြင်းကဲ့သို့ငင်း၊ နေရောင်ဖြင့် တွေ့ထိခံရကုန်သော နှင်းပေါက်တို့၏ ပျက်စီးပျောက်ကွယ်ခြင်းကဲ့သို့ငင်း သေခြင်းသည်သာလျှင် (သာ၍ သာ၍)နီးကပ်လျက်ရှိ၏။ ထို့ကြောင့် အောက်ပါဂါထာတို့ကို မိန့်ဆိုထားပေသည်။

"နေ့ည၌်တို့သည် ကုန်လွန်သွားကုန်၏၊ အသက်သည် ချုပ်လျက်ရှိ၏၊ မြစ်ငယ်ချောင်းမြောင်းတို့၏ ရေသည်(နွေရာသီ၌ တနေ့တခြား)ကုန်သွားသကဲ့သို့ သတ္တဝါတို့၏ အသက်သည်(ဝါ-အသက်ရှင်နေရမည့် အချိန်ကာလသည်)ကုန်သွားလျက်ရှိ၏။

မှတ်ချက်

နည်းကြမည် မဟုတ်သောကြောင့်၎င်း၊ သေသည်၏အခြားမဲ့၌ပင် ပဋိသန္ဓေကို ယူကြရမည် ဖြစ်သောကြောင့်၎င်း ယင်းဌီကာအဖွင့်ကို ဆင်ခြင်သင့်၏။ အသင့်အားဖြင့်မူကား ထို ရှေးခေတ်က ဒီဃရတ္တံ- ရှည်မြင့်စွာသော ည၌်ပတ်လုံး၊ ရတ္တညူ-များစွာသော ည၌်တို့ကို သိသူ(အသက်ရှည်သူ) ဤသို့စသည်ဖြင့် ရတ္တိ-ည၌်ကို ပဓာနပြု၍ ပြောဆိုလေ့ရှိသောကြောင့် ဤအရာ၌လည်း ဇေရတ္တိ - တခုသော ည၌်၌-ဟု ဆိုသည် ဖြစ်ရာ၏။

၁–ထို သတ္တဝါတို့အား.... သေခြင်းသည်သာလျှင် (သာ၍ သာ၍)နီးကပ်လျက်ရှိ၏-ဟု စပ်ပါ။

http://www.dhammadownload.com

မှည့်ကုန်သော သစ်သီးတို့၏ နံနက်ခင်း၌ ကြွေကျမည်မှ ကြောက်ဖွယ်ဘေး[1] ရှိသကဲ့သို့ ထို့အတူပင် ပဋိသန္ဓေအားဖြင့် ဖြစ်လာပြီး ကုန်သော သတ္တဝါတို့အား သေခြင်းမှ(ဝါ-သေရမည်မှ) ကြောက်ဖွယ်ဘေးသည် အမြဲရှိနေချေ၏။

အိုးထိန်းသည်၏ ပြုလုပ်အပ်ပြီးသော အငယ် အကြီး မီးဖုတ်ပြီး မီးမဖုတ်ရသေးသော မြေအိုး မြေခွက်ဟူသမျှ အလုံးစုံသည် ကွဲပျက်ခြင်းလျှင် အဆုံးရှိသကဲ့သို့ ထို့အတူပင် သတ္တဝါတို့၏ အသက်သည် ပျက်စီးခြင်းလျှင် အဆုံးရှိချေ၏။

နေထွက်လာခြင်းကြောင့် မြက်ဖျား၌ နှင်းပေါက်(သည် သွေခြောက် ကွယ်ပျောက်သွားသ)ကဲ့သို့ ဤအတူ လူတို့၏ အသက်သည် (သေလွယ် ပျက်လွယ်လှ၏)။ ထို့ကြောင့် ကျွန်ုပ်ကို ရဟန်းပြုခြင်းမှ မတားမြစ်ပါလင့် မိခင်။"

ထိုမှတပါး ဤဆိုခဲ့သည့်အတိုင်း သန်လျက်ချိုမိုးနေသော သူသတ်သမား(သည် ရှေးရှုအနီး၌ တည်နေသ)ကဲ့သို့ ဇာတိနှင့်အတူတကွ ပါလာခဲ့သော ဤသေခြင်းသည် လည်ပင်းဆီသို့ သန်လျက်ကိုသွားစေသော ထိုသူသတ်သမားကဲ့သို့ပင် အသက်ကို ဆောင်သွားတတ်-သေစေတတ်သည်သာလျှင် တည်း၊ မဆောင်ပဲ-မသေစေပဲ ဆုတ်နစ်သည်ဟူ၍ မရှိပေ။ ထိုသို့ ဇာတိနှင့်

မှတ်ချက်

၁ – သစ်ပင်ထက်၌ တည်ရှိ (လက်ရဆွတ်ခူးခြင်း) အမှု၌ အားထုတ်ရန် အလိုရှိကုန်သော သစ်သီးပိုင်ရှင်တို့အား ကြွေကျသွားမည်မှ စိုးရိမ်ခြင်း ဘေးသည် (ဖြစ်၏)၊ တနည်းကား–သစ်ပင်အောက်သို့ ဝင်ကြသောသူတို့အား (သူတို့အထက်၌) (ကြွေကျမည်မှ စိုးရိမ်ကြောက်လန့်ခြင်းဘေးသည် ဖြစ်၏)။ (ဋီကာ)

http://www.dhammadownload.com

အတူတကွ လာခဲ့သောကြောင့်၎င်း၊ အသက်ကို ဆောင်သွားတတ်-သေစေတတ်သောကြောင့်၎င်း ခိုမိုးထားသည့် သန်လျက်ရှိသော သူသတ်သမားကဲ့သို့ သေခြင်းသည်လည်း ရှေးရှုကပ်လျက် တည်ရှိနေသည်သာတည်း၊ သို့ဖြစ်၍ ဤဆိုခဲ့သည့်အတိုင်း သူသတ်သမားကဲ့သို့ ရှေးရှုကပ်လျက် တည်သောအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်ပေသည်။ (၁)

(၂) ပြည့်စုံခြင်း ပျက်စီးခြင်းအားဖြင့်ရှုပုံ

၁၇၀။ (၂) ပြည့်စုံခြင်း ပျက်စီးခြင်းအားဖြင့်-ဟူရာ၌ အကျယ်ကား-ဤလောက၌ ပြည့်စုံခြင်း(သမ္ပတ္တိ)မည်သည်မှာ ပျက်စီးခြင်း(ဝိပတ္တိ)ကဉ်းကို မလွှမ်းမိုးမီအတွင်း၌သာလျှင် တင့်တယ်ကောင်းမြတ်ပေသည်၊ ပျက်စီးခြင်းကို ကျော်လွန်၍ တည်သော (၀၀-မပျက်စီးနိုင်သော)ပြည့်စုံခြင်းမည်သည်လည်း မရှိချေ။ ထို့ကြောင့်ပင်လျှင်—

> (နတ်စည်းစိမ်နှင့်တူသော စည်းစိမ်မျှားနှင့် အစိုးရခြင်းဖြင့်) အလွန်အကဲ ချမ်းသာနှင့် ပြည့်စုံသော[1] အသောကမင်းသည် ဇမ္ဗူဒိပ်(ခေါ် အိန္ဒိယ) တမြေထောင်လုံးကို အုပ်စိုးသုံးဆောင်လျက် ကုဋေတရာသော ဥစ္စာကို ပေးလှူပြီးလျှင် နောက်ဆုံးကာလ၌ ဆီးဖြူသီးတခြမ်းမျှကို အစိုးရသော ပိုင်ရှင်အဖြစ်သို့ ရောက်လေ၏။

မှတ်ချက်

၁–သုခီ-ပုဒ်၌ ဤ-ပစ္စည်းသည် အတိသယအနက်ကို ပြ၏၊ ထို့ကြောင့် အလွန်အကဲချမ်းသာနှင့် ပြည့်စုံသော-ဟု အနက်ပြန်သည်။ ထို အလွန်အကဲချမ်းသာကို လက်သည်းကွင်းအတွင်းရှိ ဒီကာအဖွင့်စကားဖြင့် သိအပ်၏။

http://www.dhammadownload.com

အသောက (မစိုးရိမ်) မည်သော ထိုကဏ္ဍမင်းသော်မှလည်း ကောင်းမှုကုန်ခြင်းသို့ ရောက်လတ်သော် ထိုကိုယ်ခန္ဓာဖြင့်ပင်လျှင် သေခြင်းသို့ ရှေးရှုဖြစ်လျက် စိုးရိမ်ပူဆွေးခြင်းသို့ ရောက်ရှာလေပြီ။ ဤကား သံဝေဂဂါထာ ၂-ပုဒ်ပေတည်း။

မှတ်ချက်

၁–ကျက်မှတ်၍ ဆင်ခြင် ဟောပြောလိုသူများအတွက် သံဝေဂဂါထာ ၂-ပုဒ်ကို ပါဠိအနက် ဖော်ပြဦးအံ့။

သကလံ မေဒိနိံ ဘုတ္တာ၊ ဒတ္တာ ကောဠိသတံ သုခီ။
အနုမလကမတ္တဿ၊ အန္တေ ဣဿရတံ ဂတော။

သုခီ၊ (နတ်စည်းစိမ်နှင့်တူသော စည်းစိမ်များနှင့် အစိုးရခြင်းဖြင့်) အလုန်အကဲ ချမ်းသာနှင့်ပြည့်စုံသော အသောကမင်းသည်။ သကလံ မေဒိနိံ၊ ဇမ္ဗူဒီပ် (ခေါ် အိန္ဒိယ) တမြေထောင်လုံးကို။ ဘုတ္တာ၊ အုပ်စိုးသုံးဆောင်ပြီး၍။ ကောဠိသတံ၊ ကုဋေတရာသောဥစ္စာကို။ ဒတ္တာ၊ ပေးလှူပြီး၍။ အန္တေ၊ အဆုံးစွန်ကျ နောက်ကာလ၌။ အနုမလကမတ္တဿ၊ ဆီးဖြူသီးတခြမ်းမျှ၏။ ဣဿရတံ၊ အစိုးရသူ ပိုင်ရှင်အဖြစ်သို့။ ဂတော၊ ရောက်ရလေ၏။

တေနေဝ ဒေဟဗန္ဓေန၊ ပုညမို့ ခယမာဂတေ။
မရဏာဘိမုခေါ သော်ပိ၊ အသောကော သောကမာဂတော။

အသောကော၊ အသောကမည်သော၊ ဝါ-မစိုးရိမ်သူ-စိုးရိမ်ကင်းသူမည်သော။ သော်ပိ၊ ထိုကဏ္ဍမင်းသည်သော်မှလည်း။ ပုညမို့၊ ကောင်းမှုသည်။ ခယံ အာဂတေ၊ ကုန်ခြင်းသို့ ရောက်လတ်သော်။ တေနေဝ ဒေဟဗန္ဓေန၊ ထိုတကိုယ်တည်းဖြင့်ပင်လျှင်။ မရဏာဘိမုခေါ၊ သေခြင်းသို့ ရှေးရှုဖြစ်လျက်။ သောကံ၊ စိုးရိမ်ပူဆွေးခြင်းသို့။ အာဂတော၊ ရောက်ရှာလေပြီ။

အသောကမင်း၏နောက်ဆုံးကာလ၌ ဆီးဖြူသီးတခြမ်းမျှ၏ပိုင်ရှင်ဖြစ်ရပုံကို ဒိဗျာဝဒါနကျမ်း (နှာ ၂၇၉)၌ အသောကာဝဒါန ဟူသော အမည်

http://www.dhammadownload.com

မှတ်ချက်

ဖြင့် ပြဆိုထား၏၊ ဝိသုဒ္ဓိမဂ် မဟာဋ္ဌကာ နိဿယ ဒု နှာ ၁၆၁-မှစ၍ အောက် ခြေမှတ်ချက်၌ ပါဠိဘာသာပြန်လျက် ပြထားခဲ့၏။ ထိုစကားမှ အကျဉ်း ချုံး၍ ဤ အရာ၌ ပြဦးအံ့။

အသောကမင်း၏ အလှူတော်

မြတ်စွာဘုရား၏ သာသနာတော်၌ မည်သူသည် အများဆုံး လှူဘူးပါ သနည်း-ဟု အသောကမင်းတရားကြီးက မေးလျှောက်၏။ အနာထပိဏ် သေဋ္ဌေးကြီးက အများဆုံး လှူဘူးသည်-ဟု ရဟန်းတော်တို့က ဖြေကြား ကြ၏။ အဘယ်မျှလောက် လှူပါသနည်း-ဟု မေးလျှောက်၏။ အနာထပိဏ် သေဋ္ဌေးက ကုဋေတရာ လှူဘူးသည်-ဟု ဖြေကြားကြ၏။ ထိုအခါ အသောက မင်းက "အကျွန်ုပ်လည်း မြတ်စွာဘုရားသာသနာ၌ ကုဋေတရာ လှူပါမည်"ဟု လျှောက်ပြီးလျှင် ဓမ္မရုဇီက ခေါ် စေတီပေါင်း ရှစ်သောင်း လေးထောင်ကို တည်လေသည်၊ မြတ်စွာဘုရား ဖွားတော်မူရာအရပ်, ဗောဓိမဏ္ဍိုင် အရပ်, ဓမ္မ စက္ကာတရား ဟောရာအရပ်, ပရိနိဗ္ဗာန်စံတော်မူရာအရပ် ဟူသော ဤလေးဌာန တို့၌ တသိန်းစီ လှူလေသည်၊ ငါးနှစ်တကြိမ် ပူဇော်ပဲ့ကိုလည်း ကျင်းပပူဇော် လေသည်၊ ထိုပူဇော်ပဲ့၌ လေးသိန်းသော ဒေတို့ကို စွန့်လှူ၍ ရဟန္တာ တသိန်း နှင့် သေက္ခ-ပုထုဇဉ် နှစ်သိန်းအားဖြင့် သုံးသိန်းသော ရဟန်းတို့ကို ဆွမ်းကပ် လှူဒါန်းလေသည်။ ထို့ပြင် ဘဏ္ဍာတိုက်မှ အပ ဇမ္ဗူဒီပ် မြေအပြင်ကိုလည်း၊ နန်းတွင်းသားများ အမတ်များနှင့်တကွ မိမိကိုယ်ကိုလည်း၊ သားတော် ကုဏာလ ကိုလည်း အရိယသံဃာအား စွန့်လှူပြီးလျှင် ဒေလေးသိန်းဖြင့် ပြန်လည်ရွေးယူ လေသည်။ ဤပုံ ဤနည်းဖြင့် ၉၆-ကုဋေသော ဒေတို့ကို မြတ်စွာဘုရား သာ သနာတော်၌ စွန့်လှူလေသည်။

အသောကမင်း၏ နောက်ဆုံးအချိန်

နောက်ဆုံးပိုင်းကာလ၌ အသည်းအသန် မကျန်းမမာ ဖြစ်၍ မကြာမီပင် သေရတော့မည် ဟု ဆင်ခြင်မိသောအခါ အသောကမင်းကြီးမှာ အလွန်ပင်

http://www.dhammadownload.com

မှတ်ချက်

နှလုံးမသာ ဖြစ်၍ မျက်ရည်များး ကျလာလေသည်။ ထိုအခါ အနီးအပါးရှိ ရာဓဂုတ္တ အမတ်ကြီးက—

"အရှင် မင်းမြတ်၏ မျက်နှာတော်ကို အင်အားကြီးမားကုန်သော ရန်သူအပေါင်းတို့က ရင်ဆိုင်တွေ့ဆုံကာ မော်၍ မကြည့်ရဲကြပါ၊ အလွန်ကြမ်းတမ်းစွာပူသော နေမင်းကြီးနှင့် တူပါပေသည်၊ ယင်း မျက်နှာတော်သည် ပဒုမ္မာကြာနှင့်တူစွာ အာရုမကသော ကြက်သရေများကို သောက်စို့ထားသကဲ့သို့ ချင်လန်းလျက် ရှိခဲ့ပါပေသည်၊ အရှင်မင်းမြတ်၏ ထို မျက်နှာသည် ယခုအခါ အဘယ့်ကြောင့် မျက်ရည် ကျရပါသနည်း" ဟု မေးလျှောက်လေ၏။

ထိုအခါ အသောကမင်းတရားကြီးက "အချင်း ရာဓဂုတ္တ, စည်းစိမ်ဥစ္စာ ပျက်စီးခြင်းကိုလည်း ငါ မစိုးရိမ်ဘူး၊ မင်းအဖြစ် ပျက်စီးဆုံးရှုံးခြင်းကိုလည်း ငါ မစိုးရိမ်ဘူး၊ နေရာဌာနနှင့် ကင်းကွာခြင်းကိုလည်း ငါ မစိုးရိမ်ဘူး၊ စင်စစ်မှာမူ သံဃာတော်အရှင်မြတ်တို့နှင့် ခွဲခွါရမည်ကိုသာ စိုးရိမ်ပါသည်။

ငါသည် အလုံးစုံသောဂုဏ်နှင့် ပြည့်စုံ၍ လူနတ်တို့ ပူဇော်ထိုက်သော ယခု မျက်မှောက် တွေ့နေရသည့် သံဃာတော်ကို မှန်မြတ်သော ဆွမ်းအဖျော်တို့ဖြင့် တဖန် ပူဇော်ရတော့မည်မဟုတ်ဟု ဤအကြောင်းအရာကို ကြံမိ၍ ငါ့မှာ မျက်ရည်ကျခြင်းဖြစ်လေသည်။

ထို့ပြင်လည်း ရာဓဂုတ္တရေ မြတ်စွာဘုရား သာသနာတော်၌ ကုဋေတရာ လှူမည်ဟု ငါ့မှာ စိတ်အလိုအကြံ ဖြစ်ခဲ့သည်။ ထိုအလိုလည်း မပြည့်စုံသေးပေ" ဟု ဆို၏။ ထို့နောင် အသောကမင်းသည် လိုနေသေးသော လေးကုဋေကို ပြည့်စေရန် ရည်ရွယ်၍ ရွှေငွေကို ကုန်ကျခွာရာမ ကျောင်းတိုက်သို့ ပို့စေရန် အားထုတ်ခဲ့လေ၏။

ထိုစဉ်အခါဝယ် ကုဏာလ၏သား (အသောက၏ မြေး) ဖြစ်သော သမ္မဒိမည်သော မင်းသားကလေးသည် အိမ်ရှေ့မင်း အဖြစ်၌ တည်လျက်ရှိ၏။ ထို

http://www.dhammadownload.com

မှတ်ချက်

အိမ်ရှေ့မင်းအား မှူးမတ်တို့က "မင်းသားကလေး, အသောက မင်းသည် အလွန် အားနည်း နေချေပြီ၊ ဤရွှေငွေ ပစ္စည်း များကိုလည်း ကုက္ကုဋ္ဌာရာမသို့ ပို့လှူရန်စေခိုင်းနေ၏။ မင်းတို့ဟူသည်မှာ ဘဏ္ဍာတိုက်လျှင် ခွန်အားရှိကြသည်။ ထို့ကြောင့် တားမြစ်သင့်ပါသည်"ဟု မင်းသားကလေးက ဘဏ္ဍာတိုက်ကို တားမြစ်ပိတ်ဆို့သည်တိုင်အောင်လျှောက်တင်ကုန်၏။ထိုသို့ မတားမြစ်မီအတွင်း၌ ရွှေခွက်ဖြင့် အာဟာရကို ဆက်ကြ၏။ အသောကမင်းသည် သုံးဆောင်ပြီးသောအခါ ထိုရွှေခွက်များကို ကုက္ကုဋ္ဌာရာမသို့ ပို့လှူပေ၏။ ထို့နောင် ငွေခွက်ဖြင့် အာဟာရကို ဆက်သကြ၏။ ထိုငွေခွက်များကိုလည်း ကုက္ကုဋ္ဌာရာမသို့ ပို့လှူစေ၏၊ နောက်ဆုံး၌ မြေခွက်ဖြင့် အာဟာရကို ဆက်သကြ၏။ ထိုစဉ်ကာလ၌ ဆီးဖြူသီးတခြမ်းသည် အသောကမင်း၏လက်သို့ ရောက်လာ၏။ထိုအခါ အသောကမင်းသည် ထိတ်လန့် တုန်လှုပ်လျက် မှူးမတ်များ နန်းတွင်းသားများကို စည်းဝေးစေပြီးလျှင်"ဤနိုင်ငံမြေကို မည်သူအစိုးရသနည်း"ဟုမေး၏၊ အမတ်ကြီးက နေရာမှထ၍ လက်အုပ်ချီကာ "အရှင်မင်းကြီး အစိုးရပါသည်"ဟု လျှောက်တင်၏။ ထိုအခါ အသောက မင်းတရားကြီးသည် မျက်ရည်များနှင့် တကွ မိုးစွေသက့ဲသို့သော မျက်လုံးမျက်နှာရှိသည်ဖြစ်၍ ဤသို့ မိန့်ဆိုလေသည်။

> အပြောအဆို လိမ္မာသောကြောင့် ဝါ– အားနာ သောကြောင့် မဟုတ် မမှန်သည်ကို အဘယ့်ကြောင့် ဆိုကုန်ဘိသနည်း၊ ငါတို့သည် ယခု အခါ မင်းအဖြစ်မှ လျှောကျနေကုန်ပြီ၊ ငါသုံးဆောင်ခဲ့ရာ ဤမြေပြင်၌ ကြွင်းကျန်သည်မှာမူ ဆီးဖြူသီးတခြမ်း ဤမျှသာ အဆုံးသတ် ငါပိုင်ပစ္စည်း ရှိတော့ပေသည်။ မြစ်ရေယဉ်၌ ကျရောက်သော အရာဝတ္ထုကဲ့သို့ မတည်ငြိမ်ပဲ ပြောင်းလဲ လှုပ်ရှားတတ်သည်ဖြစ်၍ မကောင်းမမြတ် ယုတ်ညံ့သော မင်းအဖြစ် စည်းစိမ်သည် စက်ဆုပ်ဖွယ် ကောင်းလေစွတကား။ လူတို့၏ အရှင်သခင် ဖြစ်သော ငါသို့သော မင်းအား သေခြင်းဆင်းရဲသားအဖြစ် ဟူသော ကြောက်ဖွယ်ဘေးသည် ယင်းမင်းစည်းစိမ်ကိုပင် စွဲ၍ ရောက်လာချေသေးသည်တကား။

http://www.dhammadownload.com

မှတ်ချက်

တနည်းပြောရလျှင် မြတ်စွာဘုရား၏ စကားကို တမျိုး တမည် ဖြစ်အောင် ဘယ်သူပြုနိုင်ပေလတံ့နည်း ၊ "အလုံးစုံသော ပြည့်စုံခြင်း ဟူသမျှတို့သည် ပျက်စီးခြင်းလျှင် အဆုံးရှိကုန်၏" ဟူ၍ မချတ်ဧကန် အမှန်ကိုသာ ဆိုလေ့ရှိသော ဂေါတမမြတ်စွာဘုရားသည် မိန့်ဆိုတော်မူခဲ့ပေ၏။ ထိုစကားသည် မချတ်ဧကန် မှန်လှပေ၏ စသည်ဖြင့် သံဝေဂစကားများကို မိန့်ဆိုတော်မူပြီးလျှင် မင်းချင်း တယောက်ကို သံဃာတော်ထံသို့ သွားစေ၍ ဆီးဖြူသီးတခြမ်းကို လှူစေ၏။ ယင်းဆီးဖြူသီးတခြမ်းသည် ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရသော အသောက မင်းကြီး၏ ယခုလက်ရှိဘဏ္ဍာတော် ဖြစ်ကြောင်း၊ နောက်ဆုံး အလှူဝတ္ထု ဖြစ်၍ အကျိုးများအောင် သံဃိက အဖြစ်ဖြင့် ခံယူ သုံးဆောင်တော်မူကြ စေလိုကြောင်းများကိုလည်း လျှောက်စေ၏။ ထို မင်းချင်း ယောက်ျားသည် ကုက္ကုဋ္ဌာရာမ ကျောင်းတိုက်သို့သွားပြီးလျှင် မင်းကြီးကမှာသည့်အတိုင်း သံဃာ တော်အား လျှောက်ထား၍ ထိုဆီးဖြူသီးတခြမ်းကို ကပ်လှူလိုက်လေ၏။

ထိုအခါ သံဃမထေရ်ကြီးက ရဟန်းတို့အား ဤသို့ မိန့်ဆိုတော်မူလေ၏၊ အရှင်တို့, အရှင်တို့သည် ယခုအခါ သံဝေဂကို ဖြစ်စေရန် စွမ်းနိုင်ကြပါသည်။ အဘယ့်ကြောင့် ဆိုသော် "သူတပါး၏ ပျက်စီးခြင်းသည် ထိတ်လန့်ခြင်း၏ အကြောင်းဖြစ်သည်" ဟုမြတ်စွာဘုရားက ဟောထားခြင်းကြောင့် ဖြစ်ပါသည်။ အသောကမင်းတရားကြီး၏ ပျက်စီးခြင်းကို တွေ့မြင်ရသော ယခုအခါ၌ သိတတ် သော စိတ်နှလုံးရှိသူမှန်လျှင် အဘယ်သူအား သံဝေဂမဖြစ်ပဲ ရှိပါအံ့နည်း။

စာဂသူရော နရိန္ဒေသော၊ အသောကော မောရိယကုဋ္ဌရော။
ဇမ္ဗုဒီပိဿရော ဟုတွာ၊ ဇာတောဒ္ဓါမလကိဿရော။

ဘစ္စေဟိ သ ဘူမိပတိ အဇ္ဇ ဟတာဓိကာရော။
ဒါနံ ပယစ္ဆတိ ကိလာမလကဒ္ဓမေတံ။
သိရိဘောဂဝိတ္ထာရမဒေဟျ'တိဂဗ္ဗိတာနံ။
ပစ္စာဒိသံ ဣဝ မနာနိ ပုထုဇ္ဇနာနံ။ ။

http://www.dhammadownload.com

မှတ်ချက်

စဂသူရော၊ စွန့်ကြဲပေးလှူခြင်း၌ ရဲရင့်ပေသော။ မောရိယ ကုဠုရော၊ မောရိယမင်းမျိုးတို့၏ အမြင့် အမြတ် ဖြစ်ပေသော။ အသောကော၊ အသောကမည်သော။ ဧသော နရိန္ဒော၊ ဤမင်းသည်။ ဇမ္ဗုဒီပိဿရော၊ ဇမ္ဗုဒီပ် တကျွန်းလုံးကို အစိုးရသည်။ ဗဟုတ္တာ၊ ဖြစ်ပြီး၍။ အဒ္ဓါမလကိဿရော၊ ဆီးဖြူသီးတခြမ်းကို အစိုးရ သူသည်။ ဇာတော၊ ဖြစ်ရှာပေ၏။

အဇ္ဇ၊ ယန္နေ ယခုအခါ၌။ ဘစ္စေဟိ၊ ကျေးကျွန်ဖြစ်ကုန်သော မှူးမတ်စသည်တို့က။ ဟတာဓိကာရော၊ ဖျက်ဆီးအပ်သော ကောင်းမှုတော်ရှိသည်ဖြစ်၍။ ဝါ-ကောင်းမှုတော်မျာ်းကို ဟန့်တားပယ်ဖျက်လိုက်သောကြောင့်။ သ ဘူမိပတိ၊ ထိုရေမြေ့ရှင်မင်းသည်။ အာမလကဒ္ဓံ၊ ဆီးဖြူသီးတခြမ်းမျှသော။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ပယစ္ဆတိ ကိလ၊ ပေးလှူသတတ်။ (ယုံဖွယ်ပင်မရှိဟု ဆိုလို၏) ဧတံ၊ ဤအလှူသည်။ ဝါ၊ ဤသို့ ဖြစ်ရခြင်းသည်။ သိရိဘောဂဝိတ္ထာရမဒေဟိ၊ ကြက်သရေနှင့် စီးပွါးဥစ္စာတို့၏ ကြီးပွါးပြန့်ကျယ်ခြင်းတို့ကို စွဲမှီ၍ ဖြစ်ကုန်သော မာန်ယစ်ခြင်းတို့ဖြင့်။ အတိဂဗ္ဘိတာနံ၊ ငါတကားဟု ထောင်လွှားလျက် အလွန် တက်ကြွကုန်သော။ ပုထုဇ္ဇနာနံ၊ ပုထုဇဉ်တို့၏။ မနာနိ၊ စိတ်တို့ကို။ ပစ္စာဒိသံ ဣဝ၊ ကြိုတင်၍ ညွှန်ကြားဘိသကဲ့သို့၊ ဝါ၊ အတပ်ဟောနှင့်ဘိသကဲ့သို့ ရှိပါပေသတည်း။ (ဤကား သံဃမထေရ်က မိန့်ဆိုသော သံဝေဂဂါထာမျာ်းဖြစ်သည်။)

ထို့နောင် အသောကမင်းသည် "ဆုဓဂုတ္တ ပြောစမ်း။ ယခု ဤမြေပြင်၌ မည်သူ အစိုးရသနည်း"ဟု မေး၏။ အရှင်မင်းမြတ် အစိုးရပါသည် ဟု ပြောကြား လျောက်တင်၏။ ထိုအခါ အသောကမင်းသည် အိပ်ရာမှ ထပြီးလျှင် အရပ်လေးမျက်နှာကို ကြည့်လျက် သံဃာတော်အား လက်အုပ်ချီ၍ "ယခု အကျွန်ုပ်သည် ဘဏ္ဍာတိုက်ကြီးမှအပ သမုဒ္ဒရာအဆုံး အပိုင်းအခြားရှိသော ဤ မဟာပထဝီမြေကြီးကို မြတ်စွာဘုရား၏ တပည့်အပေါင်း သံဃာတော်အား အပ်နှင်းလှူဒါန်းပါ၏"ဟုဆိုကာ လှူပြီးလျှင် စာချွန်တော်ကိုရေးစေ၍ ဆင်စွယ်တံဆိပ်ခပ်နှိပ်စေသည်။ ထိုသို့ မဟာပထဝီမြေကြီးကို သံဃာအား လှူပြီးလျှင် အသောကမင်းတရားကြီးသည် နတ်ရွာစံတော်မူလေ၏။ မှူးမတ်တို့သည် ရွှေ

http://www.dhammadownload.com

[၂၂၅] တနည်းသော်ကား အလုံးစုံသော အနာကင်းခြင်း ကျန်းမာခြင်းသည် နာခြင်းလျှင် အဆုံးရှိ၏၊ အလုံးစုံသော ပျိုမျစ်နုနယ် အရွယ်ကောင်းခြင်းသည် အိုခြင်းလျှင် အဆုံးရှိ၏၊ အလုံးစုံသော အသက်ရှင်ခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏၊ အလုံးစုံပင်ဖြစ်သော သတ္တဝါအပေါင်းကို ဘဝအသစ်ဖြစ်ခြင်းက အစဉ်လိုက်လာ၏၊ အိုခြင်းက ပူးဝင်ပြုံနှံ့လျက် ရှိ၏၊ နာခြင်းက လှုပ်မိုးနှိပ်စက်၏၊ သေခြင်းက ပြင်းစွာပုတ်ခတ် ရိုက်သတ်လျက် ရှိ၏။ ထို့ကြောင့် အောက်ပါ ဂါထာများကို ဟောကြားတော်မူပေသည်။

> မိုးကောင်းကင်ကို ထိဆိုက်လျက် မြင့်မားကြီးကျယ်ကုန်သော ကျောက်တောင်ကြီးတို့သည် ပတ်ဝန်းကျင် အရပ်လေးမျက်နှာမှ (ရှိသမျှကို) ကြိတ်ချေကုန်လျက် အစဉ်အတိုင်း လိမ့်၍လိမ့်၍ လာကုန်သကဲ့သို့—
>
> ထို့အတူပင် အိုခြင်းနှင့်သေခြင်းတို့သည် မင်းတို့ကိုလည်း၊ ပုဏ္ဏားတို့ကိုလည်း၊ သူကြွယ်တို့ကိုလည်း၊ သူဆင်းရဲတို့ကိုလည်း၊ ဒွန်းစဏ္ဍားပန်းမှိုက်သွန်တို့ကိုလည်း သတ္တဝါအားလုံးတို့ကို လှုပ်မိုးနှိပ်စက်ကုန်၏၊

မှတ်ချက်

ကလာပ်တော်ကို သင်္ကြိုဟ်ပြီးသောအခါ မင်းအသစ်တင်မြှောက်ရန် စီမံကြလေသည်။ ထိုအခါ ရာဓဂုတ္တအမတ်ကြီးက အသောက ဘုရင်မင်းမြတ်သည် မဟာပထဝီမြေကြီးကို သံဃာအား အပ်နှင်းလျှုဒါန်းသွားကြောင်း ပြောကြား၏။ ဘယ်အတွက် လှူသွားသနည်းဟု မေးကြသောအခါ ကုဋေ တရာ လှူရန် ရည်ရွယ်ထားရာမှာ ဧဖြ-ကုဋေမျှသာ လှူရသေး၍ လိုနေသေးသော ၄-ကုဋေ အတွက် လှူသွားကြောင်း ပြောကြားလေသည်။ ထိုအခါ မှူးမတ်တို့သည် လေးကုဋေသော ဥစ္စာတို့ကို သံဃာတော်အား လှူကာ ပထဝီမြေကြီးကို ရွေးယူပြီးလျှင် သမ္မဒိမင်းသားကို မင်းမြှောက်ကြလေသည်။ (ဤသည်ကား ဒီဗျာဝဒါနကျမ်းမှ အသောကမင်းအကြောင်း ထုတ်ဆောင်ချက်အကျဉ်းဖြစ်သည်)။

http://www.dhammadownload.com

၂၂၉။ ထို ငါးပါးတို့တွင် အသက်သည် "ဤမျှသာလျှင် ရှင်နိုင်သည်၊ ဤမှနောက်၌မရှင်နိုင်" ဟု အပိုင်းအခြားမရှိခြင်းကြောင့် (သိနိုင်ကြောင်း) အမှတ်နိမိတ် မရှိပေ။ မှန်ပေ၏-သတ္တဝါတို့သည် ကလလရေကြည် ကာလ၌လည်း သေကုန်၏၊ အမြှုပ်ကာလ သားတစ်ကာလ တခဲနက်ကာလ တလအတွင်းကာလ နှစ်လ သုံးလ လေးလ ငါးလ ဆယ်လကာလ၌လည်း (သေကုန်၏)၊ မွေးဖွားပြီးသောကာလ၌လည်း (သေကုန်၏)၊ ထိုမှနောက်၌ အနှစ်တရာ၏ အတွင်း၌လည်း (သေကုန်၏)၊ အပဖြစ်သော ရာကျော်ကာလ၌လည်း သေကုန်သည်သာတည်း။ အနာရောဂါသည်လည်း "ဤအနာဖြင့် သာလျှင် သတ္တဝါတို့သည် သေကုန်၏၊ အခြားအနာဖြင့် မသေကုန်" ဟု အပိုင်းအခြား မရှိခြင်းကြောင့် (သိနိုင်ကြောင်း) အမှတ်နိမိတ် မရှိပေ။ မှန်ပေ၏-သတ္တဝါတို့သည် မျက်စိရောဂါဖြင့်လည်း သေကုန်၏၊ နားရောဂါ စသည်တို့တွင် တမျိုးမျိုးဖြင့်လည်း သေကုန်၏။ သေရမည့် ကာလသည်လည်း "နံနက်ပိုင်းစသော ဤကာလ၌သာလျှင် သေနိုင်သည်၊ အခြားကာလ၌မသေနိုင်" ဟုဤသို့အပိုင်းအခြားမရှိခြင်းကြောင့် (သိနိုင်ကြောင်း) အမှတ်နိမိတ်မရှိပေ။ မှန်ပေ၏-သတ္တဝါတို့သည် နံနက်ပိုင်း၌လည်း သေကုန်၏၊ နေ့လယ်ပိုင်းစသည်တို့တွင် တပါးပါး၌လည်း (သေကုန်၏)။ ကိုယ်ကောင်ကို ပစ်ချရာအရပ်သည်လည်း "သေသူတို့၏ကိုယ်ကောင်သည် ဤအရပ်၌သာလျှင် ကျရာ၏၊ အခြားအရပ်၌ မကျရာ" ဟု ဤသို့ အပိုင်းအခြားမရှိခြင်းကြောင့် (သိနိုင်ကြောင်း) အမှတ်နိမိတ်မရှိပေ။ မှန်ပေ၏-ရွာ၏အတွင်း၌ မွေးသောသူတို့၏ ကိုယ်သည် ရွာ၏အပ၌လည်း ကျတတ်၏၊ ရွာ၏အပ၌ မွေးသောသူတို့၏ (ကိုယ်သည်)လည်း ရွာ၏အတွင်း၌ (ကျတတ်၏။) ထို့အတူ ကုန်း၌မွေးသူတို့၏ (ကိုယ်သည်) ရေ၌ (ကျတတ်၏)၊ ရေ၌မွေးသူတို့၏ (ကိုယ်သည်) ကုန်း၌ (ကျတတ်၏)-ဟုမျှသော အပြားအားဖြင့် ခဲ့အပ်၏။ လားရာဂတိသည်လည်း "ဤလူ့ပြည်မှ စုတေသောသူသည် လူ့ပြည်၌ ဖြစ်ရာ၏" စသည်ဖြင့် ဤသို့ အပိုင်းအခြားမရှိခြင်းကြောင့်

http://www.dhammadownload.com

(သိနိုင်ကြောင်း) အမှတ်နိမိတ်မရှိပေ။ မှန်ပေ၏-နတ်ပြည်မှ စုတေကုန်သော သူတို့သည် လူတို့၌လည်း ဖြစ်ကုန်၏၊ လူ့ပြည်မှ စုတေကုန်သော သူတို့သည် နတ်ပြည်စသည်တို့တွင် တပါးပါးသော အရပ်၌လည်း ဖြစ်ကုန်၏၊ ဤသို့ အစရှိသောနည်းဖြင့် ဆုံလည်စက်၌ က-ထားသော နွားကဲ့သို့ ဂတိငါးပါးအပေါင်း၌[1] သတ္တဝါအပေါင်းဟူသော လောကသည် အပြန်အပြန်လည်လျက် ရှိ၏။ ဤကား အကျယ်ပြချက်တည်း။ ဤဆိုခဲ့သည့် အတိုင်းအမှတ်နိမိတ်မရှိသောအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်ပေသည် (၆)

(၇) အသက်တမ်း၏ အပိုင်းအခြားအားဖြင့် ရှုပုံ

၁၇၅။ (၇) အသက်တမ်း၏ အပိုင်းအခြားအားဖြင့် ဟူရာ၌ အကျယ်ကား—ယခုအခါ၌ လူတို့၏အသက်ရှင်ရာ အဓွန့်ကာလမည်သည် နည်းလှတိုတောင်းလှ၏၊ အကြင်သူသည် ရှည်စွာအသက်ရှင်၏၊ ထိုသူသည် အနှစ်တရာ (အသက်ရှင်၏) အနှစ်တရာထက် ပိုလွန်၍ အနည်းငယ်သော်လည်း (အသက်ရှင်၏)။ ထို့ကြောင့် မြတ်စွာဘုရားသည်-"ရဟန်းတို့ လူတို့၏ ဤအသက်သည် နည်းစွ-တိုတောင်းစွ၊ နောင်တမလွန်လောကသို့ (မကြာမီပင်) သွားရချေမည်၊ ကုသိုလ်ကိုပြုသင့်၏၊ မြတ်သောအကျင့်ကို ကျင့်သင့်၏၊ ဘဝအသစ်ဖြစ်ပြီးသောသူ၏ မသေခြင်းမည်သည် မရှိချေ၊ ရဟန်းတို့ အကြင်သူသည် ရှည်စွာ အသက်ရှင်နေ၏၊ ထိုသူသည် အနှစ်တရာ(အသက်ရှင်၏) အနှစ်တရာထက် ပိုလွန်၍ အနည်းငယ်သော်လည်း (အသက်ရှင်၏)[2]" ဟူ၍ဥဒ်း—

မှတ်ချက်

၁–ဂတိငါးပါးဟူသည်မှာ ငရဲ တိရစ္ဆာန် ပြိတ္တာ လူ နတ်-ဤငါးပါးပင်ဖြစ်သည်။

၂–ပိုလွန်၍ အနည်းငယ်သော်လည်းဟူသည်ကား ပိုလွန်၍ အသက်ရှင်သူသည် တပါးသော ဒုတိယ အနှစ်တရာတိုင်အောင် အသက်ရှင်ရန် မစွမ်းနိုင်၊

http://www.dhammadownload.com

"(ယခုအခါ) လူတို့၏ အသက်သည် နည်းလှ-တိုတောင်းလှ၏၊ ထိုအသက်ကို ကောင်းသော အမြော်အမြင်ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရှုတ်ချရာ၏၊ ဦးခေါင်းကို မီးလောင်နေသောသူကဲ့သို့ (လျင်စွာ) ကျင့်ရာ၏၊ သေခြင်း၏ မလာခြင်းမည်သည် မရှိချေ" ဟူ၍ဝင်း ဟောတော်မူပေသည်။

ထို့ပြင်လည်း ဟောတော်မူသည်မှာ- "ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်မှာ အရကမည်သော ဂိုဏ်းဆရာကြီးသည် ရှိခဲ့လေပြီ" ဤသို့အစရှိ

မှတ်ချက်

အနှစ်ငါးဆယ်သော်ငင်း၊ ခြောက်ဆယ်သော်ငင်း (ပိုလွန်၍) ရှင်နိုင်၏။ (သံယုတ်အဋ္ဌကထာ ပဌမ ၁၆၁) ပိုလွန်၍ အနည်းငယ်သော်လည်း-ဟူသည်ကား အနှစ်တရာမှ အထက်၌ ဆယ်နှစ် အနှစ် နှစ်ဆယ် စသည်ဖြင့် ဒုတိယအနှစ်တရာသို့ (၀ါ-အနှစ် နှစ်ရာသို့) မရောက်မူ၍ အနည်းငယ်သော်လည်း (ပိုလွန်၍) ရှင်နိုင်၏-ဤကား အနက်။ (မဟာဋီ)

၁-မူရင်းဂါထာကို ပါဠိအနက် ထုတ်ပြဦးအံ့။

အပ္ပမာယု မနုဿာနံ၊ ဟီဠေယျ နံ သုပေါရိသော။
စရေယျာဒိတ္တသီသောဝ၊ နတ္ထိ မစ္စုဿနာဂမော။

(ဤဒါနို၊ အနှစ်တရာမျှ အသက်တမ်းရှိရာ ယခုအခါ၌။) မနုဿာနံ၊ လူတို့၏။ အာယု၊ အသက်သည်။ အပ္ပံ၊ နည်းလှ တိုတောင်းလှချေ၏။ သုပေါရိသော၊ ကောင်းသော အမြော်အမြင်ဉာဏ်ပညာနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်။ နံ၊ တိုတောင်းလှသော ထိုလူ့အသက်ကို။ ဟီဠေယျ၊ တိုလေစွဟု ရှုတ်ချကဲ့ရဲ့ရာ၏။ အာဒိတ္တသီသောဝ၊ ဦးခေါင်းကို မီးစွဲလောင်နေသောသူကဲ့သို့။ ၀ါ-ခေါင်းကို မီးလောင်နေသောသူသည် ထိုမီးကိုသာငြိမ်းသတ်ရန်လျင်စွာအားထုတ်သကဲ့သို့။ စရေယျ၊ သိက္ခာသုံးပါး ကျင့်တရားကို မနားလျင်စွာ ကျင့်သုံးရာ၏။ မစ္စုဿ၊ သေခြင်း၏။ အနာဂမော၊ မလာခြင်းမည်သည်။ ၀ါ၊ မလာမည့်အချိန်ကာလမည်သည်။ နတ္ထိ၊ မရှိသည်သာတည်း။

http://www.dhammadownload.com

ဩသာ ဥပမာ ခုနစ်မျိုးတို့ဖြင့် တန်ဆာဆင်အပ်သော အလုံးစုံသောသုတ်ကို ခွဲ၍သိအပ်ပေသည်။[၁]

ထို့ပြင်လည်း ဟောတော်မူပြန်သည်မှာ- ရဟန်းတို့ အကြင် ရဟန်းသည်လည်း "ငါသည် တည်ဋ္ဌိတနေ့မျှ အသက်ရှင်နေရမူ ကောင်းလေစ့၊ (ထိုကာလအတွင်း၌) ဘုရားအဆုံးအမကို နှလုံးသွင်းရပါမူ ငါသည် (ဘုရားအဆုံးအမကို) များစွာပြုကျင့်ရသည် စင်စစ် ဖြစ်လေရာ၏" ဟု ဤသို့ မရဏာဿတိကို ပွါးစေ၏။[၂] ရဟန်းတို့ အကြင်ရဟန်းသည်လည်း [၂၃၀] "ငါသည် တနေ့မျှ အသက်ရှင်နေရမူ ကောင်းလေစ့၊ (ထိုတနေ့အတွင်း၌) ဘုရားအဆုံးအမကို နှလုံးသွင်းရပါမူ ငါသည် (ဘုရားအဆုံးအမကို) များစွာပြုကျင့်ရသည် စင်စစ်ဖြစ်လေရာ၏" ဟု ဤသို့ မရဏာဿတိကို ပွါးစေ၏။ ရဟန်းတို့ အကြင်ရဟန်းသည်လည်း "ငါသည် ဆွမ်းတနပ်စား ချိန်အတွင်း၌ အသက်ရှင်နေရမူ ကောင်းလေစ့ (ထိုကာလအတွင်း၌) ဘုရားအဆုံးအမကို နှလုံးသွင်းရပါမူ ငါသည် (ဘုရားအဆုံးအမကို) များစွာကျင့်ရသည် စင်စစ်ဖြစ်လေရာ၏" ဟု ဤသို့ မရဏာဿတိကို ပွါးစေ၏။ ရဟန်းတို့ အကြင်ရဟန်းသည်လည်း "ငါသည် ဆွမ်းလေးငါးလုပ်ကို ဝါးမျိုခိုက်အတွင်း၌ အသက်ရှင်နေရပါမူ ကောင်းလေစ့၊ (ထိုကာလအတွင်း၌) ဘုရားအဆုံးအမကို နှလုံးသွင်းရပါမူ ငါသည် (ဘုရားအဆုံးအမကို) များစွာကျင့်ရသည် စင်စစ်ဖြစ်လေရာ၏" ဟု ဤသို့ မရဏာဿတိကို ပွါးစေ၏။

မှတ်ချက်

၁ – အင်္ဂုတ္တရပါဠိ မြန်မာပြန် ဒုတိယတွဲ နှာ ၆၂၅-၌ ကြည့်ပါ။

၂ – တည်ဋ္ဌိတနေ့ လွန်လျှင် သေနိုင်သည်၊ မသေမီ အားထုတ်မည်ဟု နှလုံးသွင်းသည်ဟူ၍ ဆိုလို၏၊ ဤသို့ နှလုံးသွင်းရာ၌ တည်ဋ္ဌိတနေ့အတွင်း၌ မသေနိုင်သေးဟု စိတ်ချ၍ မေ့လျော့နေရာရောက်၏၊ ထို့ကြောင့် ဤရဟန်းကို မေ့လျော့နေသော ပုဂ္ဂိုလ်ဟု ဆိုရလေသည်။ နောက် ၃-ပိုဒ်တို့၌လည်း နည်းတူပင်။

http://www.dhammadownload.com

ရဟန်းတို့ ၄-ပါးကုန်သော ဤရဟန်းတို့ကို "မေ့လျော့ကြလျက် နေကြသည်၊ အာသဝေါတို့၏ ကုန်ခြင်းငှါ မရဏဿတိကို နှံ့နှေးစွာ ပွါးစေကြသည်" ဟူ၍ ဆိုအပ်ကုန်၏။ ရဟန်းတို့ အကြင်ရဟန်းသည်ကား ငါသည် ဆွမ်းတလုပ်ကို ဝါးမျိုခိုက်အတွင်း၌ အသက်ရှင်နေရမူ ကောင်းလေစ့၊ (ထိုအခိုက်၌) ဘုရားအဆုံးအမကို နှလုံးသွင်းရပါမူ ငါသည် (ဘုရားအဆုံးအမကို) များစွာ ကျင့်ရသည် စင်စစ်ဖြစ်လေရာ၏"ဟု ဤသို့ မရဏဿတိကို ပွါးစေ၏။ ရဟန်းတို့ အကြင်ရဟန်းသည်လည်း "ငါသည် ရှူသွင်းပြီး၍ ရှိုက်ထုတ်နေစဉ်သော်ငင်း၊ ရှိုက်ထုတ်ပြီး၍ ရှူသွင်းနေစဉ်သော်ငင်း ထိုအခိုက်အတွင်း၌ အသက်ရှင်နေရမူ ကောင်းလေစ့၊ (ထိုအခိုက်၌) ဘုရားအဆုံးအမကို နှလုံးသွင်းရပါမူ ငါသည် (ဘုရားအဆုံးအမကို) များစွာကျင့်ရသည် စင်စစ်ဖြစ်လေရာ၏"ဟု ဤသို့ မရဏဿတိကို ပွါးစေ၏။ ရဟန်းတို့ ၂-ပါးကုန်သော ဤရဟန်းတို့ကို "မမေ့လျော့ပဲ နေကြသည်၊ အာသဝေါတို့၏ ကုန်ခြင်းငှါ မရဏဿတိကို ထက်မြက်စွာ ပွါးစေကြသည်"ဟူ၍ ဆိုအပ်ကုန်၏။ ဤကား ဘုရားဟောစကား ပေတည်း။ ဤသို့လျှင် အသက်၏ရှင်ရာ အဓွန့်ကာလသည် လေးငါးလုပ်စားဝါးခိုက်၌ပင် စိတ်မချရအောင် တိုတောင်းလှချေ၏။ သို့ဖြစ်၍ ဤဆိုခဲ့သည့်အတိုင်း အသက်တမ်း၏ အပိုင်းအခြားအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်ပေသည်။ (၇)

(၈) ရှင်ဆဲခဏ၏ တိုတောင်းသောအားဖြင့် ရှုပုံ

၁၇၆။ (၈) ရှင်ဆဲခဏ၏ တိုတောင်းသောအားဖြင့် ဟူရာ၌ အကျယ်ကား—သတ္တဝါတို့၏ အသက်ရှင်ဆဲခဏသည် ပရမတ္ထအားဖြင့် အလွန်ပင် တိုတောင်း၏၊ စိတ်တချက်၏ဖြစ်ခိုက်မျှသာလျှင် ရှိချေ၏၊ ဥပမာပြရလျှင် ရထားဘီးသည် လိမ့်နေစဉ်-သွားနေစဉ်လည်း အကွပ်-တကူ၏ တစိတ်ဖြင့်သာလျှင် လိမ့်၏-သွား၏၊ ရပ်နေစဉ်လည်း (အကွပ်-တကူ၏)တစိတ်ဖြင့်

http://www.dhammadownload.com

သာလျှင် ရပ်တည်၏၊ ဤအတူပင် သတ္တဝါတို့၏ အသက်သည် တခုသော စိတ်၏ခဏနှင့် ယှဉ်၏၊ ထိုစိတ်ချုပ်ကာမျှပင် သတ္တဝါသည် ချုပ်သည်-သေသည်ဟု ခေါ်ဆိုအပ်၏။ ဤအဆိုနှင့်အညီ မြတ်စွာဘုရား ဟောတော်မူသည်မှာ- "လွန်ပြီးသော အတိတ်စိတ်၏ခဏ၌ ရှင်ခဲ့ပြီ၊ ရှင်ဆဲမဟုတ်၊ ရှင်လတ္တံ့မဟုတ်။ မလာသေးသော အနာဂတ်စိတ်၏ခဏ၌ ရှင်ပြီးမဟုတ်၊ ရှင်ဆဲမဟုတ်၊ ရှင်လတ္တံ့ပေတည်း။ အကြောင်းကိုစွဲ၍ ဖြစ်ဆဲပစ္စုပ္ပန်စိတ်၏ ခဏ၌ ရှင်ပြီးမဟုတ်၊ ရှင်ဆဲပေတည်း၊ ရှင်လတ္တံ့မဟုတ်။

အသက်သည်ငင်း၊ အတ္တဘော-ကိုယ်ဟုခေါ်သော နာမ်ရုပ် အပေါင်းသည်ငင်း[၁]၊ ချမ်းသာနှင့်ဆင်းရဲတို့သည်ငင်း[၂] (အတ္တနှင့် ငင်း မြဲသည်၏အဖြစ်နှင့်ငင်း မရော ယှက်) သက်သက်သီးခြားသဘောတရားတို့ပေတည်း၊ တခု တခုသော စိတ်နှင့်ယှဉ်လျက် ပြိုင်လျက် ဖြစ်ကုန်၏၊ (ထိုအသက်စသည်တို့၏) ခဏသည် တိုတောင်းလျင်မြန်စွာ ဖြစ်၏။

သေဆဲပုဂ္ဂိုလ်၏ ချုပ်လေကုန်သော အကြင်ခန္ဓာတို့သည်ငင်း၊ ဤလောက၌ ရှင်လျက် တည်ဆဲပုဂ္ဂိုလ်၏ ချုပ်လေကုန်သော အကြင်ခန္ဓာတို့သည်ငင်း (ရှိကြ၏)။ အလုံးစုံလည်းဖြစ်ကုန်သော

မှတ်ချက်

၁ – အတ္တဘောဟူသောစကားဖြင့် အသက် ဝေဒနာ စိတ်တို့မှ ကြွင်းသောတရားတို့ကို ဆိုသည်။ (ဋီကာ)

၂-ချမ်းသာနှင့် ဆင်းရဲတို့ဟူသည်ကား သုခဝေဒနာနှင့် ဒုက္ခဝေဒနာတို့ပေတည်း၊ ဥပေက္ခာဝေဒနာသည်လည်း (အကုသိုလ်နှင့် အကုသိုလ်၏ အကျိုးဖြစ်လျှင်) အနိဋ္ဌ-အလိုမရှိအပ်သော ဥပေက္ခာဖြစ်၍ (ကြွင်းသော ဥပေက္ခာသည်) ဣဋ္ဌ-အလိုရှိအပ်သော ဥပေက္ခာဖြစ်သောကြောင့် ချမ်းသာနှင့် ဆင်းရဲတို့၌ သာလျှင် အတွင်းဝင်ပေသည်။ (ဋီကာ)

http://www.dhammadownload.com

ထိုချုပ်လေကုန်သော ခန္ဓာ ၂-မျိုးတို့သည် (ချုပ်ခြင်း-ပျက်ခြင်းအားဖြင့်) တူကုန်၏[၁]။ ချုပ်ပျက်သွားပြီးတို့သည် ပြန်၍စပ်ခြင်း-ပေါ်လာခြင်း မရှိကြပေ (ဝါ-ပြန်၍စပ်ခြင်း-ပေါ်လာခြင်းမရှိပဲ လုံးဝပျောက်ကွယ်သွားလေကုန်၏)[၂]။

[၂၃၁] မဖြစ်သေးသောစိတ်ဖြင့် ဖြစ်သည် ရှင်သည် မဟုတ်၊ ဖြစ်ဆဲစိတ်ဖြင့်သာ ရှင်၏၊ (ထိုဖြစ်ဆဲ)စိတ်၏ ပျက်ခြင်းကြောင့် သတ္တဝါဟူသော လောကသည် သေသည်မည်၏၊ (သို့သော်လည်း) (တိဿ ရှင်နေသည်-ဤသို့ အစရှိသော) သန္တာနပညတ်သည် (ရှင်ဆဲစိတ်ကို ရည်သောကြောင့်) အမှန် ပရမတ္ထသဘော ဖြစ်ပေ၏[၃]။ ဤကား ဟောတော်မူသော စကားပေတည်း။

ဤဆိုခဲ့သည့်အတိုင်း ရှင်ဆဲခဏ၏ တိုတောင်းသောအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်ပေသည်။ (၈)

မှတ်ချက်

၁–သေဆဲပုဂ္ဂိုလ်၏ စုတိခန္ဓာတို့သည် ပြန်မပေါ်လာပဲ လုံးဝချုပ်သွားကြသကဲ့သို့ ရှင်ဆဲပုဂ္ဂိုလ်၏ မြင်ခိုက် ကြားခိုက် စသည်၌ ခဏမစဲ ချုပ်သွားကြသော ခန္ဓာတို့သည်လည်း ပြန်မပေါ်လာပဲ ချုပ်သွားကြသည်ချည်းပင်၊ ထို့ကြောင့် နှစ်မျိုးလုံး အတူတူပင်ဟု ဆိုလို၏။

၂–ဤ၌ ပဌမပြန်ချက်သည် ၈တာ အပ္ပဋိသန္ဓိကာ-ပါဌ်ကို အစဉ်အတိုင်း ပြန်သည်။ ဒုတိယ ပြန်ချက်သည် ဋီကာအဖွင့်နှင့်အညီ ၈တာ-ကို ပဓာနပုဒ်ပြု၍ ပြန်သည်။

၃–ဋီကာအဖွင့်နှင့်အညီ ဖော်၍ ပြန်ချက်ဖြစ်သည်။ တနည်းအားဖြင့် [စိတ်၏ ပျက်ခြင်းကြောင့် သတ္တဝါဟူသော လောကသည် သေ၏၊(သေ၏-ဟူသော) ပညတ်သည် (စိတ်၏ ပျက်ခြင်းကို ပြသောကြောင့်) ပရမတ္ထပင် ဖြစ်သည်] ဟူ၍လည်း ယူသင့်သေး၏။

http://www.dhammadownload.com

၁၇၇။ ယခုပြဆိုခဲ့သည့်အတိုင်း ဤရှစ်ပါးသော အခြင်းအရာတို့တွင် တပါးပါးသော အခြင်းအရာအားဖြင့် အဖန်တလဲလဲ အောက်မေ့ဆင်ခြင်သော ယောဂီအားလည်း အဖန်ဖန်နှလုံးသွင်းခြင်း၏ အစွမ်းအားဖြင့် စိတ်သည် အထုံကိုရ၏၊ သေခြင်းလျင်အာရုံရှိသော အမှတ်ရမှု-သတိသည် ကောင်းစွာတည်၏၊ နိဝရဏတို့သည် ကွာကုန်၏၊ ဈာန်အင်္ဂါတို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏။ သို့သော်လည်း သေခြင်းဟူသောအာရုံ၏ သဘောတရားဖြစ်ခြင်းကြောင့်၎င်း၊ ထိတ်လန့်ဖွယ်ဖြစ်ခြင်းကြောင့်၎င်း အပွနာဈာန်သို့ မရောက်မူ၍ ဥပစာရဈာန်သို့သာလျင် ရောက်သောဈာန်သည် ဖြစ်၏။ အပွနာသို့ မရောက်ကြောင်းကို ဆက်၍ရှင်းပြဦးအံ့--လောကုတ္တရာဈာန်သည်၎င်း၊ ဒုတိယ စတုတ္ထ အရူပဈာန်တို့သည်၎င်း သဘောတရားအာရုံ၌သော်လည်း ဘဝနာအထူး(၏အစွမ်းအား)ဖြင့် အပွနာသို့ ရောက်ကုန်၏။ ခွဲ၍ပြဦးအံ့-လောကုတ္တရာဈာန်သည် (ပဋိပဒါဉာဏဒဿန)ဝိသုဒ္ဓိဘာဝနာအစဉ်၏ အစွမ်းအားဖြင့် အပွနာသို့ ရောက်ပေသည်[1]၊ အရူပဈာန်သည် အာရုံကို ကျော်လွန်သော ဘာဝနာ၏အစွမ်းအားဖြင့် (အပွနာသို့ ရောက်ပေသည်)။မှန်ပေ၏-ထိုအရူပဈာန်မှ အပွနာသို့ ရောက်ပြီးသာလျင် ဖြစ်သော ဈာန်၏အာရုံကို ကျော်လွန်ခြင်းမျက်သာလျင် (ပြုဖွယ်)ရှိပေ

မှတ်ချက်

၁-အောက်ဖြစ်သော ဝိသုဒ္ဓိ၏ အစွမ်းဖြင့် ရအပ်သော ထူးကဲခြင်းရှိသော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဘာဝနာဖြင့် အလုံးစုံသော သခါရတို့မှ ငြီးငွေ့ခြင်း စက်ဆုပ်ခြင်းအစရှိသော ကင်းရှင်းကျွတ်လွတ်ရန် နှလုံးသွင်းညွှတ်ကိုင်းခြင်း (ပြီးစီး၏)၊ အပွနာဖြင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သော အကုသိုလ်တရားတို့၏ ကင်းခြင်း(ပြီးစီး၏)။သို့ဖြစ်၍ ဤသို့သဘောရှိသော ဝိသုဒ္ဓိဘာဝနာအစဉ်၏ အစွမ်းဖြင့် လောကုတ္တရာဈာန်သည် အပွနာသို့ ရောက်သည်သာလျင် ဖြစ်ပေသည်။ (ဋီကာ)

http://www.dhammadownload.com

သည်[၁]။ ဤမရဏဿတိဘာဝနာဌာနကား (ဝိသုဒ္ဓိဘာဝနာအစဉ်နှင့် အာရုံကို ကျော်လွန်ခြင်းဟူသော) ထိုနှစ်ပါးလုံးပင် မရှိပေ၊ ထို့ကြောင့် (ဤ၌) ဥပစာရသို့သာလျှင်ရောက်သော စျာန်သည် ဖြစ်ပေသည်။ ထိုသို့ ဥပစာရသို့ရောက်သော ဤစျာန်သည် မရဏဿတိ၏ အားအစုမ်းဖြင့်ဖြစ်သောကြောင့် **မရဏဿတိ**ဟူ၍သာလျှင် ရေတွက်ခေါ်ဆိုအပ်ခြင်းသို့ ရောက်ပေသည်။

အကျိုးကား–ဤမရဏဿတိကမ္မဋ္ဌာန်းကို အားထုတ်သော ရဟန်းသည် အမြဲတမ်း မမေ့မလျော့ ဖြစ်လျက်ရှိ၏၊ အလုံးစုံသောဘဝတို့၌ မပျော်မမွေ့ငြီးငွေ့သော အမှတ်သညာကိုရ၏၊ အသက်၌ နှစ်သက်တွယ်တာခြင်းကို စွန့်၏၊ မကောင်းမှုကို ကဲ့ရဲ့လေ့ရှိပေ၏၊ သိမ့်သိမ်းဆည်းခြင်း မများမူ၍ ပရိက္ခရာတို့၌ တပ်မက်မှုအညစ်အကြေးနှင့် ဝန်တိုမှု ကင်းပေ၏၊ ထိုရဟန်းအား အနိစ္စသညာသည်လည်း လေ့လာအပ်ခြင်းသို့ ရောက်ပေ၏[၂]၊ ထိုအနိစ္စသညာသို့ အစဉ်လိုက်သောအားဖြင့်သာလျှင် ဒုက္ခသညာနှင့် အနတ္တသညာသည်လည်း ထင်ပေ၏၊ မရဏဿတိကို မပွါးစေဘူးသော သူတို့သည် သေခါနီးကာလ၌[၃] သားရဲ ဘီလူး မြွေ ဒမြေ သူသတ်သမားတို့၏

မှတ်ချက်

၁–သဘောတရားလျှင် အာရုံရှိသော အခြား ကမ္မဋ္ဌာန်းတို့၏ကဲ့သို့ စိတ်ကို ကောင်းစွာ ထားခြင်း၌ (၀၊-တည်စေခြင်း၌) ကြောင့်ကြပြုဖွယ်မရှိပေ၊ ကောင်းစွာထားပြီးသော (၀၊-တည်ပြီးသော) စိတ်ဖြင့် အာရုံဟောင်းကို ကျော်လွန်ခြင်းမျှကိုသာလျှင် ဘာဝနာဖြင့် ပြုဖွယ်ရှိပေသည်၊ ထို့ကြောင့် အရှုပစျာန်သည် သဘောတရား၌သော်လည်း အပွနာသို့ ရောက်ပေသည်။ (ဋီကာ)

၂–အနိစ္စသညာသည်လည်း အလေ့အကျင့်ရသည်ဟု ဆိုလို၏။

၃–မပွါးစေဘူးသောသူတို့သည် သေခါနီးကာလ၌....ကြောက်ခြင်း ထိတ်လန့်ခြင်း တွေဝေခြင်းသို့ ရောက်ကုန်သကဲ့သို့-ဟု စပ်ပါ။

http://www.dhammadownload.com

ရုပ်တရက် အနှိပ်စက်ခံရသောသူတို့ကဲ့သို့ ကြောက်ခြင်း ထိတ်လန့်ခြင်း တွေဝေခြင်းသို့ ရောက်ကုန်သကဲ့သို့ ထို့အတူ (ဤရဟန်းသည် ကြောက်ခြင်းစသည်သို့) မရောက်မူ၍ ကြောက်ခြင်းကင်းလျက် မတွေဝေဲ စုတေရ၏၊ မျက်မှောက်ဘဝ၌ အမြိုက်နိဗ္ဗာန်ကို အကယ်၍ မပြီးစေနိုင်လျှင် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ သုဂတိလျှင်လားရာရှိပေ၏။

> ထို(သို့ မမေ့လျော့ခြင်းမှ စ၍ သုဂတိလျှင်လားရာရှိခြင်းတိုင် အောင် မျှားစွာသောအကျိုးရှိခြင်း) ကြောင့် ကောင်းသော အမြော်အမြင်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဤဆိုခဲ့သည့် အတိုင်း ကြီးမားသော အာနုဘော်နှင့် ပြည့်စုံသော မရဏာဿတိ၌ အခါခပ်သိမ်း မမေ့မလျော့ အားထုတ်ခြင်းကို စင်စစ်မုချပြုသင့် လှပါပေသတည်း။ ဤကား ဥယျောဇဉ်ပေတည်း။

ယခုဆိုခဲ့သော စကားသည် မရဏာဿတိကမ္မဋ္ဌာန်း၌ အကျယ်ပြဆိုသော စကားအမြွက်ပေတည်း။

(မရဏာဿတိကမ္မဋ္ဌာန်းပြီး၏)။

ဂ-ကာယဂတာသတိပွါးပုံ ပြဆိုချက်

[၂၃၂] ၁၇။ ယခုအခါ၌ [1] ဘုရားပွင့်တော်မူရာကာလမှ တပါးသော အခါ၌ မဖြစ်စဖူးသော [2] အလုံးစုံသော တိတ္ထိတို့၏ အရာမဟုတ်သော

မှတ်ချက်

၁–ယခုအခါ၌.... ထိုကာယဂတာသတိကမ္မဋ္ဌာန်း၏ ပွါးစေပုံကို အကျယ်ပြရန် အခက်းသည် အစဉ်ရောက်လာလတ်ပေပြီ-ဟု စပ်ပါ။

၂–မဖြစ်စဖူးသော....အကြင်ကာယဂတာသတိကမ္မဋ္ဌာန်းကို-ဟု စပ်ပါ။

http://www.dhammadownload.com

အကြောင်ကာယဂတာသတိကမ္မဋ္ဌာန်းကို (မြတ်စွာဘုရား)ညွှန်ကြား ဟောပြတော်မူခဲ့၏ ၁၊ (အဘယ်သို့နည်း ?ဟူမူ) ထိုထိုသုတ္တန်တို့၌–

"ရဟန်းတို့ တခုသောတရားသည်(သူကို)ပွါးစေလျှင် အကြိမ်များစွာ လေ့လာလျှင် (ကာယ၏သဘောမှန်ကို သိရ၍) အကြီးအကျယ် ထိတ်လန့်ခြင်းဌာ ဖြစ်ပေ၏(၀ါ-အကြီးအကျယ်ထိတ်လန့်ခြင်းကို ဖြစ်စေတတ်၏)၊ (မျက်မှောက်အကျိုး အစရှိသော) များစွာသော အကျိုးအလိုဌာ ဖြစ်ပေ၏၊ ကြီးမားမြင့်မြတ်သော ၂ ယောဂတို့၏ ကုန်ခြင်းအလိုဌာ ဖြစ်ပေ၏၊ ကြီးကျယ်မြင့်မြတ်သော သတိနှင့်သမ္မဇဉ်ပွါးရန်အလိုဌာ ဖြစ်ပေ၏၊ ၀ိပဿနာဉာဏ်အမြင်ကို ရရန်အလိုဌာ ဖြစ်ပေ၏၊ မျက်မှောက်ဘ၀၌ ချမ်းသာစွာနေရခြင်းဌာ ဖြစ်ပေ၏၊ ၀ိဇ္ဇာဉာဏ်ထူးသုံးပါး, လွတ်မြောက်ရာနိဗ္ဗာန်, အရိယာဖိုလ်တို့ကို မျက်မှောက်ပြုရန်အလိုဌာ ဖြစ်ပေ၏။ တခုသော တရားဟူသည် အဘယ်နည်း ? ကာယဂတာသတိပေတည်း။ ရဟန်းတို့ အကြောင်သူတို့သည် ကာယဂတာသတိကို သုံးဆောင်ကုန်၏၊ ထိုသူတို့သည် အမြို့က်နိဗ္ဗာန်ကို ? သုံးဆောင်ရကုန်၏။ ရဟန်းတို့ အကြောင်

မှတ်ချက်

၁–ပါဠိကျမ်းရင်း၌ ၀ါကျ ရှည်သောကြောင့် သိနားလည်လွယ်စေရန် ဤ၌ ၀ါကျခွဲထားသည်။

၂–ကြီးမားမြင့်မြတ်သော....ကုန်ခြင်း-ဟု စပ်ပါ။ ယင်း ယောဂတို့၏ ကုန်ခြင်းသည် နိဗ္ဗာန်ပင် ဖြစ်သည်၊ ထို့ကြောင့် ယင်းကို ကြီးမားမြင့်မြတ်သည်ဟု ဆိုပေသည်။

၃–ကာယဂတာသတိသည် အမြို့က်နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းလည်းဖြစ်၏၊ အမြို့က်အရသာနှင့်တူသော အားမရနိုင်အောင် ကောင်းသည့် သမထ ၀ိပဿနာ ချမ်းသာနှင့်လည်းတကွဖြစ်၏၊ ထို့ကြောင့် ၎င်းကို အမြို့က်နိဗ္ဗာန်ဟု ဆိုပေသည်။ (ဋီကာ)

http://www.dhammadownload.com

သူတို့သည် ကာယဂတာသတိကို မသုံးဆောင်ကုန်၊ ထိုသူတို့သည် အမြို့က်နိဗ္ဗာန်ကို မသုံးဆောင်ရကုန်။ ရဟန်းတို့ အကြင်သူတို့သည် ကာယဂတာသတိကို သုံးဆောင်အပ်ပြီ၊ ထိုသူတို့သည် အမြို့က်နိဗ္ဗာန်ကို သုံးဆောင်အပ်ပြီ။ အကြင်သူတို့သည် ကာယဂတာသတိကို မသုံးဆောင်ဘူးသေး၊ ထိုသူတို့သည် အမြို့က်နိဗ္ဗာန်ကို မသုံးဆောင်ဘူးသေး။ အကြင်သူတို့အား ကာယဂတာသတိ(မပွါးရသဖြင့်) ဆုံးရှုံး၏။ ထိုသူတို့အား အမြို့က်နိဗ္ဗာန်ဆုံးရှုံး၏။ အကြင်သူတို့အား ကာယဂတာသတိ မဆုံးရှုံး၊ ထိုသူတို့အား အမြို့က်နိဗ္ဗာန်မဆုံးရှုံး။ အကြင်သူတို့သည် ကာယဂတာသတိကို ချုတ်ယှင်းစေ၏၊ ထိုသူတို့သည် အမြို့က်နိဗ္ဗာန်ကို ချုတ်ယှင်းစေ၏။ အကြင်သူတို့သည် ကာယဂတာသတိကို ပြီးစေ၏၊ ထိုသူတို့သည် အမြို့က်နိဗ္ဗာန်ကို ပြီးစေ၏"ဟု—

ဤသို့ မြတ်စွာဘုရားသည် များစွာသော အခြင်းအရာတို့ဖြင့် ချီးကျူးတော်မူပြီးလျှင်—

"ရဟန်းတို့ အဘယ်သို့ပွါးစေလျှင် အဘယ်သို့ အကြိမ်များစွာလေ့လာလျှင် ကာယဂတာသတိသည် များသောအကျိုးရှိသနည်း များသောအာနိသင်ရှိသနည်း? ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ ကပ်ရောက်၍ဖြစ်စေ၊ သစ်ပင်ရင်းသို့ ကပ်ရောက်၍ဖြစ်စေ၊ ဆိတ်ငြိမ်သောကျောင်းသို့ ကပ်ရောက်၍ဖြစ်စေ"

ဤသို့ အစရှိသောနည်းဖြင့် (၁) အာနာပါနပိုင်း၊ (၂) ဣရိယာပထပိုင်း၊ (၃) စတုသမ္ပဇညပိုင်း၊ (၄) ပဋိကူလမနသိကာရပိုင်း၊ (၅) ဓာတုမနသိကာရပိုင်း၊ (၆-၁၄)ကိုးခုသော သိဝထိကပိုင်းများဟူသော ဤ ၁၄-ပိုင်းတို့၏ အစွမ်းအားဖြင့် ကာယဂတာသတိကမ္မဋ္ဌာန်းကို ညွှန်ကြားဟောပြ

http://www.dhammadownload.com

တော်မူခဲ့ပေသည်။ ထိုကာယဂတာသတိကမ္မဋ္ဌာန်း၏ ပွါးစေပုံကို အကျယ် ပြရန်အခက်းသည် အစဉ်ရောက်လာလတ်ပေပြီ။

ထိုကာယဂတာသတိကမ္မဋ္ဌာန်း၌ (၀၊-ထို ၁၄-ပိုင်းတို့တွင်) ဣရိယာ ပထပိုင်း စတုသမ္ပဇညပိုင်း ဓာတုမနသိကာရပိုင်းဟူသော ဤ ၃-ပိုင်းတို့ကို ဝိပဿနာ၏ အစွမ်းအားဖြင့် ဟောတော်မူ(အပ်ကုန်)၏[၁]။ ၉-ခုသော သိဝထိကပိုင်းများကို ဝိပဿနာဉာဏ်တို့တွင်ပင်လျှင် အာဒီနဝါနုပဿနာ၏ အစွမ်းအားဖြင့် ဟောတော်မူ၏။ ဆက်၍ဆိုအံ့—ဤသိဝထိကပိုင်းတို့တွင် ဥဒ္ဓုမာတက စသည်တို့၌ သမာဓိဘာဝနာလည်း ပြီးစီးပြည့်စုံနိုင်ပေ၏၊ ထို သမာဓိဘာဝနာကို အသုဘနိဒ္ဒေသ၌ ပြခဲ့ပြီးသာလျှင် ဖြစ်ပေသည်။ ထို့ပြင် ထို ၁၄-ပိုင်းတို့တွင် အာနာပါနပိုင်းနှင့် ပဋိကူလမနသိကာရပိုင်းဟူသော ဤ ၂-ပိုင်းတို့ကိုသာလျှင် သမာဓိ၏ အစွမ်းအားဖြင့် ဟောတော်မူ(အပ်ကုန်)၏။ ထို ၂-ပိုင်းတို့တွင်(လည်း) အာနာပါနပိုင်းသည် အာနာပါနဿတိ၏ အစွမ်းအားဖြင့် အသီးအခြား ကမ္မဋ္ဌာန်းသာလျှင် ဖြစ်ပေသည်။ ထို့ကြောင့်—

> "ရဟန်းတို့ တဖန် ရှုပုံတမျိုးကား ရဟန်းသည် (ဤမမေ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ)[၂] — ခြေဖဝါးအပြင်မှ

မှတ်ချက်

၁—ဤ စကားကို အထူးသတိပြုအပ်၏၊ ဣရိယာပထပိုင်း စတုသမ္ပဇညပိုင်း ဓာတုမနသိကာရပိုင်း ဒေသနာတော်နှင့်အညီ အားထုတ်လျှင် ဝိပဿနာ ဖြစ်ကြောင်းကို ဤ ဝိသုဒ္ဓိမဂ် စကားဖြင့် ယုံမှားမရှိ မြဲမြံစွာမှတ်ထားအပ်၏။

၂—ဤ လက်သည်းကွင်းအတွင်းရှိ ပါဠိကို ပြထားခြင်းမှာ နောက်၌ ဖွင့်ပြလတ္တံ့ သောအရာ၌ အဖွင့်ခံပုဒ်ထုတ်ပြရန်နှင့် ထိုအဖွင့်များကို သိနားလည်လွယ် စေရန် ဖြစ်သည်။

http://www.dhammadownload.com

အထက်၌, ဆံဖျားမှ အောက်၌ အရေလျှင် အဆုံးအပိုင်းအခြား ရှိသော [၁] အမျိုးမျိုးသော မစင်မကြယ် စက်ဆုပ်ဖွယ်ဖြင့် ပြည့်နေသော ဤရုပ်ကိုယ်ကိုပင်လျှင် ဆင်ခြင်၏၊ (ဆင်ခြင်ပုံကား) (အတ္ထိ ဣမသ္မိံ ကာယေ) ဤကိုယ်ထဲ၌ ရှိကြသည်မှာ— ဆံပင်တို့သည် (ရှိကုန်၏) အမွေးတို့သည် လက်သည်း ခြေသည်းတို့သည် သွားတို့သည် (ရှိကုန်၏) အရေ (ရှိ၏)၊ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညှိုး၊ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ်၊ အူမ အူသိမ် အစာသစ် အစာဟောင်း (ဦးနှောက်) [၂]၊ သည်းခြေသလိပ် ပြည် သွေး ချွေး အဆီခဲ၊ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ်(ရှိ၏)"ဟူ၍—

ဤသို့ (မတ္ထလုင်္ဂံ အဋ္ဌိမိဥ္ဇေန သင်္ဂဟေတွာ) ဦးနှောက်ကို (အရိုး အတွင်းရှိ) ရိုးတွင်းခြင်ဆီဖြင့် သိမ်းယူ၍ [၃] ပဋိက္ကူလမနသိကာရ-စက်ဆုပ်

မှတ်ချက်

၁ – အပိုင်းအခြားရှိသော....ဤ ရုပ်ကိုယ်ကိုပင်လျှင်-ဟု စပ်ပါ။

၂ – ဘုရားဟောပါဋ္ဌိဟူသမျှ၌ "မတ္ထလုင်္ဂံ-ဦးနှောက်"ဟူသော ဤပုဒ် မရှိပေ။ သို့သော် ဖွင့်ပြလတံ့သော အဋ္ဌကထာနှင့်အညီ ဤနေရာ၌ပင် ထည့်၍ ယူရမည်ဖြစ်သောကြောင့် ဤ၌ လက်သည်းကွင်းဖြင့် ပိုင်းခြား၍ ပြထားသည်။

၃ – နောက်၌ ရွတ်ဆိုပုံကို ပြရာဝယ် "အစာဟောင်း ဦးနှောက်"ဟူ၍ အကြင် ဦးနှောက် ကောဋ္ဌာသကို ပြဆိုထားသည်၊ ထိုဦးနှောက် ကောဋ္ဌာသကို ဤအရာဝယ် ဘုရားဟောပါဋ္ဌိ၌ ရိုးတွင်းခြင်ဆီဖြင့်ပင်လျှင် သိမ်းယူ၍ ဒေသနာတော် လာရှိပေသည်ဟု ပြလိုသောကြောင့် "မတ္ထလုင်္ဂံ အဋ္ဌိမိဥ္ဇေန သင်္ဂဟေတွာ"ဟု မိန့်ဆိုတော်မူလေသည်။ (ဋီကာ) ဤအဋ္ဌကထာ ဋီကာတို့ အရဖြင့် ဘုရားဟောပါဋ္ဌိတော်ဟူသမျှ၌ မတ္ထလုင်္ဂံ-ဦးနှောက်ကို တိုက်ရိုက် မဟောခဲ့ကြောင်း သိအပ်၏။

http://www.dhammadownload.com

ဖွယ်နှလုံးသွင်းပုံ၏ အစွမ်းအားဖြင့် အကြင် ဒုတ္တိံသာကာရကမ္မဋ္ဌာန်းကို ဟောထားပေသည်၊ ဤဒုတ္တိံသာကာရကမ္မဋ္ဌာန်းကို ဤအရာ၌ ကာယ-ဂတာသတိဟူ၍ အလိုရှိအပ်ပေသည်။

[၂၃၃] ၁၇၉။ ထိုကာယဂတာသတိကမ္မဋ္ဌာန်း၌ ယခုဆိုမည့် စကား သည် ပါဠိအဖွင့်ကို ရှေးသွားပြု၍ ပုါးစေပုံကို အကျယ်ပြခြင်းပေတည်း။ ဤမမေဝ ကာယံ-ဟူသည်ကား မဟာဘုတ်လေးပါးကို မှီသော ဤအပုပ် ကောင် ရုပ်ကိုယ်ကို(ဟု ဆိုလို၏)။ ဥဒ္ဓံ ပါဒတလာ-ဟူသည်ကား ခြေဖဝါး အပြင်မှ အထက်၌[1](ဟု ဆိုလို၏)။ အဓော ကေသမတ္ထကာ-ဟူသည်ကား ဆံဖျားမှ အောက်၌(ဟု ဆိုလို၏)။ တစပရိယန္တံ-ဟူသည်ကား ဖီလာ-ဘေးပတ်ဝန်းကျင်၌ အရေဖြင့် ပိုင်းခြားလျက်ရှိသော(ဟု ဆိုလို၏)။ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ-ဟူသည်ကား ဤ ကိုယ်သည် အမျိုးမျိုးသော ဆံပင်အစရှိသော မစင်မကြယ် စက်ဆုပ်ဖွယ်ဖြင့် ပြည့် လျက် ရှိ၏[2]ဟု ရှု၏(ဟု ဆိုလို၏)။ အဘယ်သို့ ရှုသနည်း? ဤ ကိုယ်ထဲ၌ ရှိကြသည်မှာ ဆံပင်တို့သည်(ရှိကုန်၏) အမွေးတို့သည်။ ပ။ ကျင်ငယ် (ရှိ၏)ဟု (ရှု၏)။

ထိုရှုပုံပါဌ်၌ အတ္ထိ-ဟူသည်ကား ရှိကုန်၏(ဟု ဆိုလို၏)။ ဤမသို့-ဟူ သည်ကား အကြင်ကိုယ်ကို ခြေဖဝါးမှ အထက်၌, ဆံဖျားမှ အောက်၌

မှတ်ချက်

၁–ဤအရာ၌ မြန်မာပြန်ကို အဖွင့်ခံအဖြစ် ထုတ်ပြလျှင် အဖွင့်ခံ, အဖွင့် ၂-ရပ် လုံး ထပ်တူ ဖြစ်နေပေလိမ့်မည်၊ ထို့ကြောင့် ပါဠိကို အဖွင့်ခံအဖြစ် ထုတ်ပြ သည်။ နောက်၌လည်း ပါဠိကို အဖွင့်ခံအဖြစ်ထုတ်ပြရာ၌ နည်းတူပင်မှတ်ပါ။

၂–ပါဠိရှိရင်းအတိုင်း မဖွင့်မူ၍ ဆိုလိုသောအဓိပ္ပါယ်ကိုသာ ဖွင့်ပြသည်၊ ရှိရင်း အတိုင်း ဖွင့်လျှင် အမျိုးမျိုးသော ဆံပင်အစရှိသော မစင်ကြယ် စက်ဆုပ် ဖွယ်ဖြင့် ပြည့်လျက်ရှိသော ဤကိုယ်ကို ရှု၏-ဟူ၍ ဖြစ်သည်။

http://www.dhammadownload.com

အရေလျှင် အဆုံးအပိုင်းအခြား ရှိသည်ဟူ၍ငင်း၊ အမျိုးမျိုးသော မစင်မကြယ် စက်ဆုပ်ဖွယ်ဖြင့် ပြည့်နေသည်ဟူ၍ငင်း ဟောအပ်-ဆိုအပ်၏။ ထိုကိုယ်၌(ဟု ဆိုလို၏)။ ကာယေ-ဟူသည်ကား (သရီရေ)ကိုယ်၌(ဟု ဆိုလို၏)။ မှန်ပေ၏-ကိုယ်ကောင်ကို စက်ဆုပ်ဖွယ် အပေါင်းအစုဖြစ်သော ကြောင့်ငင်း [၁]၊ စက်ဆုပ်ဖွယ်ဖြစ်ကုန်သော ဆံပင်စသည်တို့၏ငင်း၊ မျက်စိရောဂါအစရှိကုန်သော အရာမက များစွာသော ရောဂါတို့၏ငင်း ဖြစ်ရာဖြစ်သောကြောင့်ငင်း [၂] ကာယဟု ခေါ်ဆိုအပ်ပေသည်။ ဆံပင်တို့သည် အမွေးတို့သည် အစရှိသောစကားဖြင့် "ဆံပင်အစရှိကုန်သော ဤ ၃၂-ပါးသော အခြင်းအရာအဖို့အစုတို့သည် (ရှိကုန်၏"ဟု ဆိုလို၏)။ ထို ဆံပင်တို့သည် အစရှိသော ပုဒ်တို့၌ "ဤကိုယ်ထဲ၌ ဆံပင်တို့သည် ရှိကုန်၏၊ ဤကိုယ်ထဲ၌ အမွေးတို့သည် ရှိကုန်၏" ဤသို့ စသည်ဖြင့် (ဝါ-ဤပုံဤနည်းဖြင့်) ဆက်စပ်ခြင်းကို သိအပ်၏။

ခြေဖဝါးအပြင်မှစ၍ အထက်, ဆံဖျားမှစ၍ အောက်, အရေပါးမှစ၍ ဖီလာ ပတ်ဝန်းကျင်ဟူသော ဤမျှအတိုင်းအရှည်ရှိသော တလံမျှလောက်သော ဤကိုယ်ထဲ၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် စူးစမ်းရှာဖွေသော်လည်း တစုံတယောက်သောသူသည် တစုံတခုသော ပုလဲကိုသော်၎င်း၊ ပတ္တမြားကိုသော်၎င်း၊ ကျောက်မျက်ရွှဲကိုသော်၎င်း၊ အကျောက်ကိုသော်၎င်း၊ ကုန်စုံမံကိုသော်၎င်း၊ ပရုပ်ကိုသော်၎င်း၊ အခိုး အထုန် အမှုန့် စသည်ကိုသော်

မှတ်ချက်

၁–ဤအကြောင်းပြချက်ဖြင့် ကာယ-ကိုယ်-ဟူသည်မှာ ဆံပင်အစရှိသော စက်ဆုပ်ဖွယ်တို့၏ အပေါင်းအစုပင် ဖြစ်သည်၊ ယင်းအပေါင်းအစုကိုပင် ကိုယ်-ဟု သိစေ၏။

၂–ကု-စက်ဆုပ်ဖွယ် ဆံပင်စသည်တို့၏-ဝါ-စက်ဆုပ်ဖွယ် ရောဂါတို့၏+အာယ–ဖြစ်ရာ=ကာယ-စက်ဆုပ်ဖွယ်တို့၏ ဖြစ်ရာကိုယ်။

http://www.dhammadownload.com

ငင်း အဏုမြူမျှသော်လည်း စင်ကြယ်သောသဘောကို မတွေ့မမြင်ရ၊ စင်စစ်သော်ကား အလွန်ပုပ်ညှီနံစော်၍ ကြက်သရေမဲ့ မြင်ကွင်းရှိသော အမျိုးမျိုးသော ဆံပင် အမွေး စသည် အပြားရှိသော မစင်မကြယ် စက်ဆုပ်ဖွယ်ကိုသာလျှင် တွေ့မြင်ရ၏။ ထို့ကြောင့် "ဤကိုယ်ထဲ၌ ရှိကြသည်မှာ ဆံပင်တို့သည်။ပ။ ကျင်ငယ်(ရှိ၏)" ဟူ၍ ဟောတော်မူပေသည်။ ဤသည်ကား ဤကာယဂတာသတိကမ္မဋ္ဌာန်းပါဠိ၌ ရှေးနောက်ပုဒ်တို့၏ ဆက်စပ်ပုံအားဖြင့် ဖွင့်ပြချက်ပေတည်း။

ကာယဂတာသတိကမ္မဋ္ဌာန်းယူပုံ

၁၈၀။ ဤကာယဂတာသတိကမ္မဋ္ဌာန်းကို ပွါးစေခြင်းငှါ အလိုရှိသော အားထုတ်ခါစ အမျိုးကောင်းသားသည် ဆိုခဲ့ပြီးသော အပြားရှိသော မိတ်ဆွေကောင်းဆရာကို ချဉ်းကပ်၍ ဤကမ္မဋ္ဌာန်းကို သင်ယူအပ်၏။ ထို သင်ယူသောတပည့်အား ကမ္မဋ္ဌာန်းကို ဟောကြားသင့်ပြသော ဆရာသည်လည်း ခုနစ်ပါးအပြားအားဖြင့် (ဥဂ္ဂဟကောသလ္လခေါ်)သင်ယူမှု၌ ကျွမ်းကျင်ကြောင်း အစီအရင်ကိုငင်း[၁]၊ ဆယ်ပါးအပြားအားဖြင့် (မနသိကာရ-ကောသလ္လခေါ်)နှလုံးသွင်းမှု၌ ကျွမ်းကျင်ကြောင်းအစီအရင်ကိုငင်း[၂] ပြောကြားအပ်၏။ထိုနှစ်ပါးတို့တွင် နူတ်ဖြင့် စိတ်ဖြင့် အဆင်းအားဖြင့် ပုံသဏ္ဌာန်အားဖြင့် အရပ်မျက်နှာအားဖြင့် တည်ရာအားဖြင့် အပိုင်းအခြားအားဖြင့် ဟူ၍ ဤခုနစ်ပါးအပြားအားဖြင့် ဥဂ္ဂဟကောသလ္လကို ပြောကြားအပ်၏။

မှတ်ချက်

၁–အကြင် အစီအရင်ဖြင့် သင်ယူခြင်း၌ ကျွမ်းကျင်တတ်သိ၏၊ ထိုကျွမ်းကျင်တတ်သိကြောင်းဖြစ်သော ခုနစ်ပါးသော အစီအရင်ကို ဥဂ္ဂဟကောသလ္လ-ဟု ခေါ်ဆိုအပ်၏၊ တနည်းကား ထိုအစီအရင်ကြောင့်ဖြစ်သော ကျွမ်းကျင်တတ်သိသောဉာဏ်ကို (ဥဂ္ဂဟကောသလ္လ-ဟု ခေါ်ဆိုအပ်၏)။ မနသိကာရကောသလ္လ-၌လည်း ဤနည်းကိုသာလျှင် သိအပ်၏။ (ဋီကာ)

http://www.dhammadownload.com

ဥဂ္ဂဟကောသလ္လကို ပြောကြားပုံ

ပြောကြားပုံမှာ – ဤ ပဋိက္ကူလမနသိကာရကမ္မဋ္ဌာန်း၌ ပိဋ္ဌကတ်သုံးပုံ ဆောင်ပင် ဖြစ်ငြားသော်လည်း ထိုယောဂီသည် နှလုံးသွင်းသောကာလ၌ ရှေးဦးစွာ နှုတ်ဖြင့် ရွတ်ဆိုခြင်းကို ပြုအပ်၏။ အကျိုးကား–အခ္ခိုပုဂ္ဂိုလ်အား ရွတ်ဆိုနေစဉ်ပင်လျှင် ကမ္မဋ္ဌာန်းသည် ထင်ရှားပေါ်တတ်၏၊ မလယအရပ်၌ သီတင်းသုံးလေ့ရှိသော မဟာဒေဝမထေရ်၏ထံ၌ ကမ္မဋ္ဌာန်းယူကြသော မထေရ် ၂-ပါးတို့အား ထင်ရှားပေါ်သကဲ့သို့ပင်တည်း။ [၂၃၄] တဆင့်ကြားဘူးသည်မှာ – မဟာဒေဝမထေရ်သည် မိမိထံမှ ကမ္မဋ္ဌာန်းတောင်းကြသော ထိုမထေရ် ၂-ပါးတို့အား "လေးလပတ်လုံး ဤပါဠိတို့ကို ရွတ်ဆိုနေကြလော့"ဟု ဒုတိယသာကာရပါဠိကို ပေးလိုက်၏။ ထိုမထေရ် ၂-ပါးတို့မှာ နိကာယ်နှစ်စောင် နှုတ်တက်ကျေပြန်နေကြသော်လည်း ရှိသေလေးမြတ်စွာ နာယူလေ့ရှိကြသောကြောင့် ဒုတိယသာကာရကို လေးလပတ်လုံး ရွတ်ဆိုကြစဉ်ပင် သောတာပန် ဖြစ်ကြလေကုန်၏[1]။ ထို့ကြောင့် ကမ္မဋ္ဌာန်းကို ဟောကြားညွှန်ပြသော ဆရာသည်"နှုတ်ဖြင့် ရွတ်ဆိုခြင်းကို ရှေးဦးစွာ ပြုနေပါ"ဟု တပည့်အား ပြောကြားအပ်ပေသည်။

မှတ်ချက်

၁ – လေးလပတ်လုံး ရွတ်ဆိုနေကြသော ထိုမထေရ်တို့အား ရွတ်ဆိုခြင်းလမ်းစဉ် ဖြင့်ပင်လျှင် ကောဋ္ဌာသတို့ကို စူးစမ်းဆင်ခြင်ကြသည် ဖြစ်၍ (၀ါ-စူးစမ်းဆင်ခြင်ကြသောကြောင့်) အစဉ်အတိုင်း ၃၂-ပါးသော ကောဋ္ဌာသတို့သည် အထူးသဖြင့် ပေါ်လွင်ကုန်လျက် ထင်ကုန်သတတ်၊ စက်ဆုပ်ဖွယ်ဟု ထင်သော အမှတ်သညာသည် ကောင်းစွာ တည်သတတ်၊ ထိုမထေရ်တို့သည် ယင်းကောဋ္ဌာသနိမိတ်၌ စျာန်ကိုဖြစ်စေပြီးလျှင် စျာန်လျှင် အခြေခံရှိသော ဝိပဿနာကို ပွါးစေကုန်၍ သောတာပတ္တိမဂ်ကို ထိုးထွင်း၍သိကုန်သတတ်။ ထို့ကြောင့် "ရွတ်ဆိုနေကြစဉ်ပင် သောတာပန်ဖြစ်ကြလေကုန်၏"ဟု မိန့်ဆိုတော်မူပေသည်။ (ဋီကာ)

http://www.dhammadownload.com

နှုတ်ဖြင့်ရွတ်ဆိုပုံ

ရွတ်ဆိုခြင်းကိုပြုသော ယောဂီသည်လည်း ကစပဋ္ဌက (အရေလျှင် ငါးခုမြောက်ရှိသောအပိုင်း)စသည်တို့ကို ပိုင်းခြားရ၍ အနုလုံပဋိလုံ (အစဉ်လိုက် အပြန်)တို့၏ အစွမ်းအားဖြင့် ရွတ်ဆိုခြင်းကို ပြုအပ်၏။ ခဲ့၍ပြအံ့-

"ဆံပင် အမွေး လက်သည်း ခြေးသည်း သွား အရေ"ဟု အစဉ်လိုက် အနုလုံအားဖြင့် ရွတ်ဆိုပြီးလျှင် တဖန် အပြန်-ပဋိလုံအားဖြင့် "အရေ သွား လက်သည်းခြေသည်း အမွေး ဆံပင်"ဟု ရွတ်ဆိုအပ်၏။ (တစပဋ္ဌက)

ထို၏အခြားမဲ့ ဝက္ကပဋ္ဌက (အညို့လျှင် ငါးခုမြောက်ရှိသောအပိုင်း)၌ "အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညို့"ဟု ရွတ်ဆိုပြီးလျှင် တဖန် ပဋိလုံအားဖြင့် "အညို့ ရိုးတွင်းခြင်ဆီ အရိုး အကြော အသား,အရေ သွား လက်သည်းခြေသည်း အမွေး ဆံပင်"ဟု ရွတ်ဆိုအပ်၏။

ထို့နောင် ပဖွါသပဋ္ဌက (အဆုတ်လျှင် ငါးခုမြောက်ရှိသော အပိုင်း)၌ "နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ်"ဟု ရွတ်ဆိုပြီးလျှင် တဖန် ပဋိလုံအားဖြင့် "အဆုတ် အဖျဉ်း အမြှေး အသည်း နှလုံး, အညို့ ရိုးတွင်းခြင်ဆီ အရိုး အကြော အသား, အရေ သွား လက်သည်းခြေသည်း အမွေး ဆံပင်"ဟု ရွတ်ဆိုအပ်၏။

ထို့နောင် မတ္ထလုင်္ဂပဋ္ဌက(ဦးနှောက်လျှင်ငါးခုမြောက်ရှိသောအပိုင်း)၌ "အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက်[1]"ဟု ရွတ်ဆိုပြီးလျှင် တဖန် ပဋိလုံအားဖြင့် "ဦးနှောက် အစာဟောင်း အစာသစ် အူသိမ် အူမ, အဆုတ် အဖျဉ်း အမြှေး အသည်း နှလုံး, အညို့ ရိုးတွင်းခြင်ဆီ အရိုး

မှတ်ချက်

၁-ဦးနှောက်သည် ပထဝီဓာတ်များသောကြောင့် (ယင်းကို) အစာဟောင်း၏ အဆုံး၌ ရွတ်ဆိုစဉ်တင်ခြင်းကို ပြဆိုတော်မူလေသည်။ (ဋီကာ)

http://www.dhammadownload.com

အကြောအသား, အရေသွား လက်သည်းခြေသည်း အမွေးဆံပင်"ဟု ရွတ်ဆိုအပ်၏။

ထို့နောင် မေဒဆက္ကဟူ(အဆီခဲလျှင် ခြောက်ခုမြောက်ရှိသောအပိုင်း)၌ "သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ"ဟု ရွတ်ဆိုပြီးလျှင် တဖန် ပဋိလုံအားဖြင့် "အဆီခဲ ချွေး သွေး ပြည် သလိပ် သည်းခြေ, ဦးနှောက် အစာဟောင်း အစာသစ် အူသိမ် အူမ, အဆုတ် အဖျဉ်း အမြှေး အသည်းနှလုံး, အညှို့ရိုးတွင်းခြင်ဆီ အရိုး အကြောအသား, အရေသွား လက်သည်းခြေသည်း အမွေးဆံပင်"ဟု ရွတ်ဆိုအပ်၏။

ထို့နောင် မုတ္တဆက္ကဟူ(ကျင်ငယ်လျှင် ခြောက်ခုမြောက်ရှိသော အပိုင်း)၌ "မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ်"ဟု ရွတ်ဆိုပြီးလျှင် တဖန် ပဋိလုံအားဖြင့် "ကျင်ငယ် အစေး နှပ် တံထွေး ဆီကြည် မျက်ရည်, အဆီခဲ ချွေး သွေး ပြည် သလိပ် သည်းခြေ, ဦးနှောက် အစာဟောင်း အစာသစ် အူသိမ် အူမ, အဆုတ် အဖျဉ်း အမြှေး အသည်း နှလုံး, အညှို့ရိုးတွင်းခြင်ဆီ အရိုး အကြောအသား, အရေသွား လက်သည်းခြေသည်း အမွေးဆံပင်"ဟု ရွတ်ဆိုအပ်၏။

[၂၃၅] ဤဆိုခဲ့သည့်အတိုင်း အကြိမ်တရာ အကြိမ်တထောင် အကြိမ် တသိန်းသော်လည်း နှုတ်ဖြင့် ရွတ်ဆိုခြင်းကို ပြုအပ်၏[1]။ အကျိုးကား—

မှတ်ချက်

၁–ဤရွတ်ဆိုပုံ အစီအရင်၌ "အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညှို့, အညှို့ ရိုးတွင်းခြင်ဆီ အရိုး အကြော အသား, အရေသွား လက်သည်း ခြေသည်း အမွေးဆံပင်" ဟု ဤပုံ ဤနည်းဖြင့် ဝက္ကပဋ္ဌက စသည်တို့၌ အနုလုံအားဖြင့် ရွတ်ဆိုပုံကို ပြဆိုပြီးလျှင် ပဋိလုံအားဖြင့် ရွတ်ဆိုပုံကို ရှေးဖြစ်သော ပဋ္ဌကဆက္ကတို့နှင့် တပေါင်းတည်း ဆက်စပ်လျက် ပြဆိုထားလေသည်။ ထိုပြဆိုချက်ကို (ဆိုထားသည်ဟု မှတ်အပ်၏-နှင့် စပ်) ဆမ္မောဟ-

http://www.dhammadownload.com

နှုတ်ဖြင့် ရွတ်ဆိုခြင်းကြောင့် ကမ္မဋ္ဌာန်းအစဉ်သည် ကျေပြွန်၏၊ စိတ်သည် ထိုမှ ဤမှ (ဝါ-ထိုထို ဤဤ အရပ်သို့) မပြေးသွားတော့ပေ၊ ဆံပင်စသော

မှတ်ချက်

ဝိနောဒနီအဋ္ဌကထာ၌ (အနုလုံ ငါးရက်၊ ပဋိလုံ ငါးရက်၊ အနုလုံ ပဋိလုံ ငါးရက်-ဤသို့အားဖြင့်) ရှေးပဋ္ဌက ဆက္ကတို့နှင့် မရောပဲ အသီးအခြား ငါးရက်သုံးလီ ၁၅-ရက်၊ ရှေးပဋ္ဌက ဆက္ကတို့နှင့် တပေါင်းတည်း ငါးရက်သုံးလီ ၁၅-ရက် ဤသို့အားဖြင့် (ပဋ္ဌက ဆက္က တခု တခု၌) ငါးရက် ခြောက်လီ ရက်သုံးဆယ် ရွတ်ပုံကို ပြဆိုထားသည်၊ ထို့ရွတ်ပုံတို့တွင် အစငါးရက် ရွတ်ပုံနှင့် အဆုံးငါးရက် ရွတ်ပုံကို ပြသည်၏ အစွမ်းဖြင့် (ဤဝိသုဒ္ဓိမဂ်၌) ဆိုထားသည် ဟု မှတ်အပ်၏။ တနည်းအားဖြင့်မူ ဤ ဝိသုဒ္ဓိမဂ်၌ ပြထားသော ရွတ်ဆိုပုံသည်လည်း ရွတ်ဆိုပုံနည်းတပါး ဖြစ်သည်ဟု သိအပ် ပေသည်။ (ဋီကာ)

သမ္မောဟဝိနောဒနီ၌ ပြသည့်ရွတ်ဆိုပုံ

တစပဋ္ဌကဋ္ဌ အနုလုံ ငါးရက်၊ ပဋိလုံ ငါးရက်၊ အနုလုံ ပဋိလုံ ငါးရက်၊ ပေါင်း ၁၅-ရက်။ ထို့အတူပင် ဝက္ကပဋ္ဌကဋ္ဌလည်း အသီးအခြား ၁၅-ရက်။ ရှေးပဋ္ဌကနှင့် ပေါင်း၍ "ဆံပင် အမွေး လက်သည်း ခြေသည်း သွား အရေ၊ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညို့" ဤသို့ အနုလုံ ၅-ရက်၊ "အညို့ ရိုးတွင်းခြင်ဆီ အရိုး အကြော အသား၊ အရေ သွား လက်သည်း ခြေသည်း အမွေး ဆံပင်" ဤသို့ ပဋိလုံ ၅-ရက်။ "ဆံပင်....အညို့၊ အညို့ ....ဆံပင်" ဤသို့ အနုလုံ ပဋိလုံ ၅-ရက်၊ ပေါင်း ရှေးနှင့်အရော ၁၅-ရက် ဖြစ်သည်။ သို့ဖြစ်၍ ဝက္ကပဋ္ဌကဋ္ဌ ငါးရက် ခြောက်လီ ရက် ၃၀-ဖြစ်သည်။ ထို့အတူပင် ပပ္ပါသပဋ္ဌကဋ္ဌ ရက် ၃၀၊ မတ္ထလုင်္ဂပဋ္ဌကဋ္ဌ ရက် ၃၀၊ မေဒဆက္ကဋ္ဌ ရက် ၃၀၊ မုတ္တဆက္ကဋ္ဌ ရက် ၃၀၊ တစပဋ္ဌကဋ္ဌ ၁၅-ရက်နှင့် ပေါင်းလျှင် ရက်ပေါင်း ၁၆၅-ရက်၊ လအားဖြင့် ၅-လခွဲ ရှိသည်။ ၎င်းသည် အခွဲနှင့်တကွ ၆-လ ဖြစ်သောကြောင့် ဆမာသ သဇ္ဈာယ ၆-လ ရွတ်ပုံ ဟူ၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာဋ္ဌ မိန့်ဆိုထားလေသည်။

http://www.dhammadownload.com

ကောဋ္ဌာသတို့သည် ထင်ရှားကုန်၏၊ လက်ချောင်းမျှား အစဉ်ကဲ့သို့ဝင်း၊ ဝင်းထရံခြေအစဉ်ကဲ့သို့ဝင်း ထင်ပေါ်ကုန်၏။ (၁)

စိတ်ဖြင့်ရွတ်ဆိုပုံ

နှုတ်ဖြင့် ရွတ်ဆိုခြင်းကဲ့သို့ ထို့အတူ စိတ်ဖြင့် ရွတ်ဆိုခြင်း-နှလုံးသွင်းခြင်းကိုလည်း ပြုအပ်၏။ အကျိုးကား နှုတ်ဖြင့်ရွတ်ဆိုခြင်းသည် စိတ်ဖြင့် ရွတ်ဆိုခြင်း-နှလုံးသွင်းခြင်းအား ကျေးဇူးပြု၏၊ စိတ်ဖြင့် နှလုံးသွင်းခြင်း-ရွတ်ဆိုခြင်းသည် အသုဘလက္ခဏာကို ထိုးထွင်းသိခြင်း-သဘောပေါက်ခြင်းအား (ဝါ-စက်ဆုပ်ဖွယ်သဘောကို မှတ်နိုင်ခြင်းအား) ကျေးဇူးပြုပေ၏။ (၂)

အဆင်းစသည်ဖြင့် ပိုင်းခြားပုံ

အဆင်းအားဖြင့်-ဟူသည်ကား ဆံပင်စသည်တို့၏ အဆင်းကို ပိုင်းခြားမှတ်သားအပ်၏။ (၃)

ပုံသဏ္ဌာန်အားဖြင့်-ဟူသည်ကား ထိုဆံပင်စသည်၏ပင်လျှင် ပုံသဏ္ဌာန်ကို ပိုင်းခြားမှတ်သားအပ်၏။ (၄)

မှတ်ချက်

၁–စိတ်ဖြင့် ရွတ်ဆိုခြင်း ဟူသော စကားဖြင့် စိတ်ဖြင့် ကြံခြင်း နှလုံးသွင်းခြင်းကို မိန့်ဆိုသည်။ ယင်းကို မာနသဇပွန-စိတ်ဖြင့် ရွတ်ခြင်း-စိပ်ခြင်းဟု ဆိုအပ်၏၊ (ပုတီးစိပ်သကဲ့သို့ စိပ်ပုံကို ဆိုလို၏) တနည်းအားဖြင့် ဖွင့်ပြရလျှင် သမ္မဒေဝ - ကောင်းစွာသာလျှင်၊ စျာယော - ရွှဲခြင်းတည်း၊ ထို့ကြောင့် သဇ္ဈာယမည်ပေသည်၊ စိန္တန-ကြံခြင်း ရွှဲခြင်း - ဟု အနက်ရ၏။ (ဋီကာ) ဤဋီကာ ဒုတိယအဖွင့် အလိုအားဖြင့် မနသာ- စိတ်ဖြင့်၊ သဇ္ဈာယော- ဟူရာ၌ သဇ္ဈာယ-ပုဒ်သည် သံ+အဇ္ဈာယ-မှ ဖြစ်လာသည် မဟုတ်၊ သံ+စျာယ-မှ ဖြစ်သာသည်-ဟု ဆိုလို၏။ ထို့ကြောင့် ထို သဇ္ဈာယော - ပုဒ်ကို ရွှဲခြင်း- ကြံခြင်းဟု အနက်ပြန်ရမည်ဟု ဆိုလို၏။

http://www.dhammadownload.com

အရပ်မျက်နှာအားဖြင့်-ဟူသည်ကား ဤကိုယ်၌ ချက်မှအထက်ပိုင်းသည် အထက်အရပ်မျက်နှာ မည်၏၊ အောက်ပိုင်းသည် အောက်အရပ်မျက်နှာ မည်၏၊ ထို့ကြောင့် "ဤကောဋ္ဌာသသည် ဤမည်သော အရပ်မျက်နှာ၌ (တည်ရှိ၏)"ဟု အရပ်မျက်နှာကို ပိုင်းခြားမှတ်သားအပ်၏ (၅)

တည်ရာအားဖြင့်—ဟူသည်ကား "ဤကောဋ္ဌာသသည် ဤမည်သော အရပ်၌တည်၏"ဟု ဤပုံဤနည်းဖြင့် ထိုထိုကောဋ္ဌာသ၏ တည်ရာအရပ်ကို ပိုင်းခြားမှတ်သားအပ်၏။ (၆)

အပိုင်းအခြားအားဖြင့်—ဟူသည်ကား အပိုင်းအခြားတို့သည် မိမိ၏ အဖို့ဖြင့် ပိုင်းခြားခြင်း(သဘာဂပရိစ္ဆေဒ), အခြားအဖို့ဖြင့် ပိုင်းခြားခြင်း (ဝိသဘာဂပရိစ္ဆေဒ)ဟူ၍ ၂-ပါးရှိကုန်၏။ ထိုတွင် "ဤကောဋ္ဌာသကို အောက်၌ခြင်း၊ အထက်၌ခြင်း၊ ဖီလာပတ်ဝန်းကျင်၌ခြင်း ဤမည်သော အရပ်ဖြင့် ပိုင်းခြားလျက်ရှိသည်"ဟူ၍ ဤပုံဤနည်းဖြင့် သဘာဂပရိစ္ဆေဒကို သိအပ်၏။"ဆံပင်တို့သည် အမွေးမဟုတ်ကုန်၊ အမွေးတို့သည်လည်း ဆံပင် မဟုတ်ကုန်"ဟူ၍ ဤပုံဤနည်းဖြင့် မရောနှောခြင်း၏ အစွမ်းအားဖြင့် ဝိသဘာဂပရိစ္ဆေဒကို သိအပ်၏။ (၇)

ဤမျှသာမကသေး-ယခုပြဆိုခဲ့သည့်အတိုင်း ခုနစ်ပါးအပြားဖြင့် ဥဂ္ဂဟ-ကောသလ္လကို ပြောကြားသောဆရာသည် ဤကာယဂတာသတိကမ္မဋ္ဌာန်းကို ဤမည်သောသုတ်၌ ပဋိက္ကူလ-စက်ဆုပ်ဖွယ် နှလုံးသွင်းခြင်း၏ အစွမ်း အားဖြင့် ဟောထားသည်၊ ဤမည်သောသုတ်၌ ဓာတ်၏အစွမ်းအားဖြင့် (ဟောထားသည်)ဟု သိနားလည်၍ ပြောကြားအပ်၏။ ခဲ့၍ပြအံ့-ဤ ကာယဂတာသတိကမ္မဋ္ဌာန်းကို မဟာသတိပဋ္ဌာနသုတ်၌ ပဋိက္ကူလ၏အစွမ်း အားဖြင့်သာလျှင် ဟောထားပေသည်။ မဟာဟတ္ထိပဒေါပမသုတ် မဟာ-ရာဟုလောဝါဒသုတ် အဘိဓမ္မာဓာတုဝိဘင်းနှင့် ဥပရိပဏ္ဏာသ ဓာတုဝိဘင်-သုတ်တို့၌ ဓာတ်၏အစွမ်းအားဖြင့် ဟောထားပေသည်။ ဥပရိပဏ္ဏာသ

http://www.dhammadownload.com

ကာယဂတာသတိ သုတ်၌မူကား အကြင်ပုဂ္ဂိုလ်အား အဆင်းအားဖြင့် ထင်၏၊ ထိုပုဂ္ဂိုလ်ကိုရည်၍ စျာန် ၄-ပါးတို့ကို ဝေဘန်ဟောကြားထားပေသည်။ထိုတွင် ဓာတ်၏အစွမ်းဖြင့် ဟောထားသော ကမ္မဋ္ဌာန်းသည် ဝိပဿနာကမ္မဋ္ဌာန်းပေတည်း၊ပဋိက္ကူလ၏အစွမ်းဖြင့် ဟောထားသောကမ္မဋ္ဌာန်းသည် သမထကမ္မဋ္ဌာန်းပေတည်း။ ထို ကာယဂတာသတိသုတ်၌လာသော ဤ ဒုတ္တိ သကာရကမ္မဋ္ဌာန်းသည် ဤကာယဂတာသတိအရာ၌ သမထကမ္မဋ္ဌာန်းသာလျှင် ဖြစ်ပေသည်။ ဤတွင် ဥဂ္ဂဟကောသလ္လ ပြောကြားပုံပြီး၏။

မနသိကာရကောသလ္လကို ပြောကြားပုံ

[၂၃၆] ၁၈၁။ ဤ ဆိုခဲ့သည့်အတိုင်း ခုနစ်ပါးအပြားဖြင့် ဥဂ္ဂဟကောသလ္လကို ပြောကြားပြီးလျှင် (က) ဆံပင် အမွေးအစရှိသောအစဉ်အားဖြင့်၊ (ခ)မမြန်လွန်းသောအားဖြင့်၊ (ဂ)မနှေးလွန်းသောအားဖြင့်၊ (ဃ)ပျံ့လွင့်ခြင်းကို မြစ်သောအားဖြင့်၊ (င)ဆံပင် အစရှိသောအမည်ပညတ်ကို ကျော်လွန်သောအားဖြင့်၊ (စ)အစဉ်အတိုင်း မထင်သည်ကို လှတ်သောအားဖြင့်၊ (ဆ)အပွနာအားဖြင့်၊ (ဇ၊စျ၊ည)သုံးပါးကုန်သော

မှတ်ချက်

၁–ဆံပင် စသည်ကို ရှုရာ၌ မည်းသော အဆင်းထင်လျှင် နီလကသိုဏ်း ပဋိဘာဂနိမိတ်ထင်၍ ရူပစျာန် ၄-ပါးကို ရ၏၊ အရိုးကို ရှုရာ၌ ဖြူသော အဆင်းထင်လျှင် ဩဒါတကသိုဏ်း ပဋိဘာဂနိမိတ်ထင်၍ ရူပစျာန် ၄-ပါးကို ရ၏။ ဤသို့သော ပုဂ္ဂိုလ်ကို ရည်၍ ထိုသုတ်၌ စျာန် ၄-ပါး ရပုံကို ပြထားသည်-ဟု ဆိုလို၏။

၂–ဝိသုဒ္ဓိမဂ်မှာ ပြထားသော ကာယဂတာသတိအရာ၌-ဟုဆိုလို၏။ ဋီကာ၌မူ “ဤ ပဋိက္ကူလမနသိကာရပိုင်း၌”ဟု ဖွင့်ပြထား၏။

http://www.dhammadownload.com

သုတ္တန်တို့ဟူ၍ ဤဆယ်ပါး အပြားအားဖြင့် မနသိကာရကောသလ္လကို ပြောကြားအပ်၏။ ထိုတွင်—

(က) **ဆံပင် အမွေး အစရှိသော အစဉ်အားဖြင့်**-ဟူသည်ကား ဤကာယဂတာသတိကမ္မဋ္ဌာန်းကို (အားထုတ်သော ယောဂီသည်) ရွတ်ဆိုခြင်းကို ပြုသည်မှစ၍ ဆံပင် အမွေး အစရှိသော အစဉ်ဖြင့် နှလုံးသွင်းအပ်၏၊ တခုကျော်အားဖြင့် နှလုံးမသွင်းအပ်[၁]။ အပြစ်ကား-တခုကျော်အားဖြင့် နှလုံးသွင်းလျှင်[၂] ဥပမာအားဖြင့် မလိမ္မာသောယောကျ်ားသည် ၃၂-ထစ်ရှိသော လှေကားကို တထစ်ကျော်ဖြင့် တက်လျှင် ကိုယ်ပင်ပန်းသည်ဖြစ်၍ လိမ့်ကျတတ်၏၊ တက်မှုကို မပြီးစေနိုင်ပဲ ရှိတတ်၏၊ ထို့အတူပင်[၂] ဘာဝနာပြည့်စုံသည်၏အစွမ်းဖြင့် ရသင့်ရထိုက်သော သာယာဖွယ်ကို မရခြင်းကြောင့် စိတ်ပင်ပန်းသည်ဖြစ်၍ (ဘာဝနာအလုပ်မှ) ကျတတ်၏၊ ဘာဝနာကို မပြီးစေနိုင်ပဲ ရှိတတ်၏။

(ခ) အစဉ်အတိုင်း နှလုံးသွင်းသော ယောဂီသည်လည်း **မမြန်လွန်း သောအားဖြင့်** နှလုံးသွင်းအပ်၏။ အပြစ်ကား—မြန်လွန်းသော အားဖြင့် နှလုံးသွင်းသော ယောဂီအား[၃] ဥပမာအားဖြင့် သုံးယူဇနာရှိခရီးကို သွားသောသူမှာ သွားသင့် မသွားသင့်သော အရပ်ကို မမှတ်မူ၍ လျင်သော အဟုန်ဖြင့် အကြိမ်တရာတိုင်အောင် သွားခြင်း ပြန်ခြင်းကို ပြုသော်လည်း

မှတ်ချက်

၁—တခုကျော်အားဖြင့်သော်လည်း နှလုံးမသွင်းအပ်၊ နှစ်ခုကျော် စသည်ဖြင့် ဆိုဖွယ်ပင် မရှိ-ဟု ဆိုလို၏။ (ဋီကာ)

၂—တခုကျော်အားဖြင့် နှလုံးသွင်းလျှင်.... ထို့အတူပင်.... သာယာဖွယ်ကို မရခြင်းကြောင့် စိတ်ပင်ပန်းသည်ဖြစ်၍ ကျတတ်၏-ဟု စပ်ပါ။

၃—ယောဂီအား.... ထို့အတူပင် ကမ္မဋ္ဌာန်းသည် အဆုံးသို့ ရောက်ရုံမျှ သက်သက်သာ ဖြစ်၏- စသည်ဖြင့် စပ်ပါ။

http://www.dhammadownload.com

ခရီးကား ကုန်ဆုံးခြင်းသို့ ရောက်ပေ၏၊ သို့သော် (သွားတိုင်းသွားတိုင်း) မေးရှိသာလျှင် သွားရ၏၊ ထို့အတူပင် ကမ္မဋ္ဌာန်းသည် အဆုံးသို့ ရောက်ရုံမျှ သက်သက်သာဖြစ်၏၊ ထင်ရှားသည်ကားမဖြစ်၊ တရားထူးကို မဆောင်နိုင်။ ထို့ကြောင့် မမြန်လွန်းသောအားဖြင့် နှလုံးသွင်းအပ်၏။

(ဂ) မမြန်လွန်းသောအားဖြင့် နှလုံးသွင်းအပ်သကဲ့သို့ ထို့အတူ မနှေးလွန်းသောအားဖြင့်လည်း နှလုံးသွင်းအပ်၏။ အပြစ်ကား– နှေးလွန်းသော အားဖြင့် နှလုံးသွင်းသော ယောဂီအား[၁] ဥပမာအားဖြင့် သုံးယူဇနာရှိ ခရီးကို ထိုနေ့ချင်းပင်လျှင် (ရောက်အောင်)သွားလိုသောသူအား လမ်းခုလတ်တွင် သစ်ပင် တောင် ဆည်ကန် စသည်တို့၌ ဖင့်နွဲနေပါမူ ခရီးသည် ပြီးဆုံးခြင်းသို့မရောက်၊ နှစ်ရက် သုံးရက်ဖြင့် ပြီးဆုံးစေရ၏၊ ထို့အတူပင်[၂] ကမ္မဋ္ဌာန်းသည် အပြီးအဆုံးသို့ မရောက်ပဲ ရှိတတ်၏၊ တရားထူးကိုရခြင်း၏ အကြောင်းမဖြစ်ပဲ ရှိတတ်၏။

(ဃ) **ပျံလွှင့်ခြင်းကို မြစ်သောအားဖြင့်**- ဟူသည်ကား ကမ္မဋ္ဌာန်းကို စွန့်လွှတ်၍ အပြင်ပဖြစ်သော အမျိုးမျိုးသောအာရုံ၌[၂] စိတ်၏ပျံလွှင့် ခြင်းကို တားမြစ်အပ်၏။ အပြစ်ကား မတားမြစ်သောသူအား[၃] ဥပမာ အားဖြင့် ခြေတဖဝါးစာနင်းလောက်သော ကမ်းပါးပြတ်လမ်းကိုသွားသော

မှတ်ချက်

၁–ယောဂီအား....ထို့အတူပင်....မရောက်ပဲ ရှိတတ်၏- စသည်ဖြင့် စပ်ပါ။

၂–ဆံပင်စသည်တို့၌ "မစင်ကြယ် စက်ဆုပ်ဖွယ်"ဟု ဖြစ်စေအပ်သော အသုဘာ နုပဿနာကို ပယ်၍ (၀၊-စက်ဆုပ်ဖွယ်ဟု ရှုမှုနှင့် ကင်း၍) တင့်တယ်၏ စသည်ဖြင့် ယူအပ်သော ဆံပင်စသည်တို့သည်လည်း ဤအရာ၌ အပြင်ပ ဖြစ်သော အမျိုးမျိုးသော အာရုံမည်သည်သာဟု သိအပ်၏။ (ဋီကာ)

၃–မတားမြစ်သောသူအား.... ထို့အတူပင်လျှင် အပြင်ပအာရုံ၌ ပျံလွှင့်လတ် သော်-စသည်ဖြင့် စပ်ပါ။

http://www.dhammadownload.com

ယောကျ်ားအား နင်းသောခြေကို(၀ါ-ခြေနင်းကွက်ကို)ကောင်းစွာ အမှတ်မပြုမူ၍ ထိုမှဤမှ မျော်ကြည့်လတ်သော် ခြေလှမ်းမှားတတ်၏၊ ထို့ကြောင့် အသူတရာနက်သော ကမ်းပါးပြတ်၌ ကျသွားလေရာ၏၊ ထို့အတူပင်လျှင် အပြင်ပအာရုံ၌ ပို့လွှင့်လတ်သော် ကမ္မဋ္ဌာန်းသည် ဆုတ်ယုတ်၏ ပျောက်ပျက်၏၊ ထို့ကြောင့် ပို့လွှင့်ခြင်းကိုမြစ်သောအားဖြင့် နှလုံးသွင်းအပ်၏။

[၂၃၇] (c) **ပညတ်ကို ကျော်လွန်သောအားဖြင့်**-ဟူသည်ကား ဆံပင်အမွေးအစရှိသော အမည်ပညတ်ကို ကျော်လွန်၍ စက်ဆုပ်ဖွယ်ဟု စိတ်ကိုထားအပ်၏။ ဥပမာအားဖြင့်ပြရလျှင် ရေရခဲသောကာလ၌ လူတို့သည် တောထဲ၌ ရေတွင်းကိုတွေ့ရ၍ ထိုအရပ်၌ ထန်းရွက်အစရှိသော တစုံတခုသော အမှတ်အသားကို ဖွဲ့ချည်၍ ထိုအမှတ်အသားဖြင့်လာကြ၍ ရေလည်းချိုးကြ၏၊ သောက်လည်းသောက်ကြ၏၊ ထိုလူတို့အား မကြာခဏသွားခြင်းကြောင့် အသွားအပြန် ခြေရာလမ်းထင်ရှားသောအခါ၌ ထိုအမှတ်အသားဖြင့် ပြုဖွယ်ကိစ္စ မရှိတော့ပြီ၊ အလိုရှိတိုင်းသောခဏ၌ သွားကြ၍ ချိုးလည်းချိုးကြ၏ သောက်လည်း သောက်ကြ၏၊ ထို့အတူပင် ရှေးအဖို့၌ ဆံပင် အမွေးအစရှိသော အမည်ပညတ်ဖြင့် နှလုံးသွင်းသော ယောဂီအား စက်ဆုပ်ဖွယ်အဖြစ်သည် (အကြင်အခါ၌)ထင်ရှား၏၊ ထိုအခါ၌(ထိုယောဂီသည်) ဆံပင် အမွေးအစရှိသော အမည်ပညတ်ကို ကျော်လွန်၍ စက်ဆုပ်ဖွယ်အဖြစ်၌သာလျှင် စိတ်ကိုထားအပ်ပေသည်။

(d) **အစဉ်အတိုင်း(မထင်သည်ကို)လှတ်သောအားဖြင့်**- ဟူသည်ကား အကြင် အကြင် ကောဋ္ဌာသသည် မထင်၊ ထိုထိုကောဋ္ဌာသကို လှတ်သည်ဖြစ်၍ အစဉ်အတိုင်း(မထင်သည်ကို)လှတ်သောအားဖြင့် နှလုံးသွင်းအပ်၏။ ခဲ့၍ပြအံ့— အားထုတ်ခါစ ယောဂီအား ဆံပင်ဟု နှလုံးသွင်းလျှင် နှလုံးသွင်းမှုသည် (နှုတ်တက်ရနေသည့်အတိုင်း)သွား၍ ကျင်ငယ်ဟူသော ဤအဆုံးကောဋ္ဌာသသို့သာလျှင် ဆိုက်၍ တည်၏၊ ကျင်ငယ်ဟူ၍လည်း

http://www.dhammadownload.com

နှလုံးသွင်းပြန်လျှင် နှလုံးသွင်းမှုသည် ပဋိလုံအားဖြင့် သွား၍ ဆံပင်ဟူသော ဤအစကောဋ္ဌာသသို့သာလျှင် ဆိုက်၍တည်၏။ ထိုအခါ ထိုယောဂီအား နှလုံးသွင်းစဉ် နှလုံးသွင်းစဉ် အချို့ကောဋ္ဌာသတို့သည် ထင်ကုန်၏၊ အချို့ကောဋ္ဌာသတို့သည် မထင်ကုန်၊ ထိုယောဂီသည် ထင်ကုန်ထင်ကုန်သော ထိုထို ကောဋ္ဌာသတို့ဌာသျှင် နှလုံးသွင်းခြင်းအမှုကို ပြုအပ်၏၊ (အဘယ်မျှတိုင်အောင်နည်း? ဟူမူ) နှစ်ခုကုန်သော ကောဋ္ဌာသတို့သာ ထင်ကြသည်တိုင်အောင်, ထိုနှစ်ခုတို့တွင်လဲ တခုသည် သာလွန်၍ ထင်သည်တိုင်အောင် (နှလုံးသွင်းခြင်းကို ပြုအပ်၏)။ ဤသို့ သာလွန်၍ ထင်သော ထိုတခုသောကောဋ္ဌာသကိုသာလျှင် အဖန်တလဲလဲ နှလုံးသွင်းသည် ဖြစ်၍ အပ္ပနာဈာန်ကို ဖြစ်စေအပ်ပေသည်။

ထိုသို့နှလုံးသွင်းရာ၌ ဤသည်ကား ဥပမာပေတည်း၊ ထန်း ၃၂-ပင်ရှိသော ထန်းတောဌာနေသော မျောက်ကို ဖမ်းယူလိုသော မူဆိုးသည် အစဉ်တည်သော ထန်းပင်၏အရွက်ကို မြားဖြင့်ပစ်၍ ဟစ်အော်ချောက်လှန့်ခြင်းကို ပြုရာ၏၊ ထိုအခါ ထိုမျောက်သည် အစဉ်အတိုင်း ထိုထို ထန်းပင်သို့ ခုန်သွား၍ အစွန်ဆုံးထန်းပင်သို့သာလျှင် ရောက်လေရာ၏။ ထိုထန်းပင်၌လည်း သွား၍ မူဆိုးသည် ထို့အတူပင် မြားဖြင့်ပစ်၍ အော်ဟစ်ချောက်လှန့်ခြင်းကို ပြုလျှင် တဖန် ထိုနည်းဖြင့်ပင်လျှင် အစထန်းပင်သို့ ပြန်လာရာ၏၊ ထိုမျောက်သည် ဤနည်းဖြင့် အဖန်တလဲလဲ အစွမ်းကုန်ခုန်သွားစေအပ်သည်ရှိသော်[1] ဟစ်အော်ရာ ဟစ်အော်ရာအရပ်၌သာလျှင် ထ၍ အစဉ်အတိုင်း တခုသောထန်းပင်သို့ ခုန်သွား၍ ထိုထန်းပင်၏အလယ်၌

မှတ်ချက်

၁–ပရိပါတိယမာနော-ပုဒ်၏ အနက်ဖြစ်သည်။ ထက်ဝန်းကျင် ခုန်သွားစေ(အပ်)သည်-ဟူသည်မှာ သူ့အစွမ်းရှိသမျှ အပြည့်အစုံ ခုန်စေ(အပ်)ခြင်းပင်ဖြစ်သည်။

http://www.dhammadownload.com

ထန်းရွက်ဖူးတံကို မြဲစွာကိုင်လျက်[1] များဖြင့်ပစ်အပ်သော်လည်း မထပဲ ရှိလေ၏၊ ထိုဆိုခဲ့သော နှလုံးသွင်းပုံကို[2] ဤဥပမာနှင့်အတူပင် ဖြစ်သည်ဟု မှတ်အပ်ပေ၏။

ထိုဥပမာ၌ ယခုဆိုမည့်စကားသည် ဥပမာနှင့် ဥပမေယျ နှီးနှောပုံ ပေတည်း၊ ထန်းတောဌ၌ ၃၂-ခုသောထန်းပင်တို့ကဲ့သို့ ဤကိုယ်ထဲ၌ ၃၂-ပါး သော ကောဋ္ဌာသတို့ကို(မှတ်အပ်၏)၊ မျောက်ကဲ့သို့ စိတ်ကို(မှတ်အပ်၏)၊ မူဆိုးကဲ့သို့ ယောဂီကို(မှတ်အပ်၏)၊ ထန်း ၃၂-ပင်ရှိသော ထန်းတောဌ မျောက်၏နေခြင်းကဲ့သို့ [၂၃၀] ၃၂-ကောဋ္ဌာသရှိသော ကိုယ်၌ အာရုံပြုသောအားဖြင့် ယောဂီ၏စိတ် အဖန်ဖန်ဖြစ်ခြင်း-ကျက်စားနေခြင်းကို (မှတ်အပ်၏)၊မူဆိုးက အစဉ်တည်သော ထန်းပင်၏အရွက်ကို များဖြင့်ပစ်၍ ဟစ်အော်ချောက်လှန့်အပ်သော် မျောက်သည် ထိုထိုထန်းပင်သို့ ခုန်သွား၍ အစွန်ဆုံးထန်းပင်သို့ ရောက်ခြင်းကဲ့သို့ ယောဂီသည် ဆံပင်ဟု နှလုံးသွင်း စပြုလိုက်လျှင် အစဉ်အတိုင်းသွား၍ အဆုံးကောဋ္ဌာသ၌သာလျှင် စိတ်၏ တည်ခြင်းကို (မှတ်အပ်၏)၊ တဖန်ပြန်လာရာ၌လည်း ဤနည်းအတူပင် တည်း။အဖန်တလဲလဲ အစွမ်းကုန်ခုန်သွားစေအပ်သည်ရှိသော် ဟစ်အော်ရာ ဟစ်အော်ရာအရပ်၌သာလျှင် မျောက်၏ ထခြင်းကဲ့သို့ အဖန်ဖန် နှလုံးသွင်း သော ယောဂီအား အချို့ အချို့ကောဋ္ဌာသတို့သာ ထင်ကုန်လတ်သော် မထင်သောကောဋ္ဌာသတို့ကို စွန့်လွှတ်၍ ထင်သောကောဋ္ဌာသတို့ကိုသာ (အားထုတ်စဘာဝနာဟူသော)ပရိကံကို ပြုခြင်းကို (မှတ်အပ်၏)၊ အစဉ် အတိုင်း (နောက်ဆုံးမှာ) တခုသောထန်းပင်သို့ ခုန်သွား၍ ထိုထန်းပင်၏

မှတ်ချက်

၁–မြဲစွာကိုင်လျက်....မထပဲ ရှိလေ၏-ဟု စပ်ပါ။

၂–နှလုံးသွင်းပုံကို....မှတ်အပ်ပေ၏-ဟုစပ်ပါ။

http://www.dhammadownload.com

အလယ်၌ ထန်းရွက်ဖူးတံကို မြစွာကိုင်လျက် မြားဖြင့်ပစ်အပ်သော်လည်း မထခြင်းကဲ့သို့ နောက်ဆုံး၌ ကောဋ္ဌာသနှစ်ခုတို့ ထင်ကြရာတွင် သာ၍ ထင်သော ကောဋ္ဌာသကိုသာလျှင် အဖန်တလဲလဲနှလုံးသွင်း၍ အပ္ပနာစျာန် ဖြစ်စေခြင်းကို (မှတ်အပ်၏)။

အခြားဥပမာတခုကား—၃၂-အိမ်ရှိသောရွာကို မှီ၍နေသော ဆွမ်းခံရဟန်းသည် ပဌမအိမ်၌ပင်လျှင် နှစ်အိမ်စာဆွမ်းကိုရလျှင် နောက်၌ တအိမ်မှဆွမ်းကို စွန့်လွှတ်ရာ၏၊ တဖန် နောက်တနေ့၌ (တအိမ်တည်းမှ) သုံးအိမ်စာဆွမ်းကိုရလျှင် နောက်၌ ၂-အိမ်မှဆွမ်းကို စွန့်လွှတ်ရာ၏၊တတိယနေ့၌ အစအိမ်မှာပင် သပိတ်ပြည့်အောင်ရလျှင် (အခြားအိမ်များသို့ မသွားတော့ပဲ) ဆွမ်းစားဇရပ်သို့သွား၍ ဘဉ်းပေးရာသကဲ့သို့ ထိုဆိုခဲ့သော နှလုံးသွင်းပုံကို ဤဥပမာနှင့် အတူပင် ဖြစ်သည်ဟု မှတ်အပ်ပေ၏။

ဥပမာနှင့် ဥပမေယျ နှီးနှောပုံကား—၃၂ အိမ်ရှိသောရွာကဲ့သို့ ၃၂-ပါးသော ကောဋ္ဌာသကို (မှတ်အပ်၏)၊ ဆွမ်းခံရဟန်းကဲ့သို့ ယောဂီကို (မှတ်အပ်၏)၊ ထိုရွာကိုမှီလျက် ထိုရဟန်း၏ နေခြင်းကဲ့သို့ ၃၂-ကောဋ္ဌာသ၌ ယောဂီ၏ပရိကံပြုခြင်းကို (မှတ်အပ်၏)၊ ပဌမအိမ်၌ နှစ်အိမ်စာဆွမ်းကို ရ၍ နောက်၌ တအိမ်မှဆွမ်းကို စွန့်ခြင်းကဲ့သို့ငင်း၊ ဒုတိယနေ့၌ သုံးအိမ်စာဆွမ်းကိုရ၍ နောက်၌ နှစ်အိမ်မှဆွမ်းတို့ကို စွန့်ခြင်းကဲ့သို့ငင်း နှလုံးသွင်းနေစဉ် မထင်သည်တို့ကိုစွန့်၍ ထင်သောကောဋ္ဌာသတို့တွင် ကောဋ္ဌာသနှစ်ခုတိုင်အောင် ပရိကံပြုခြင်းကို (မှတ်အပ်၏)၊ တတိယနေ့၌ အစအိမ်မှာပင်လျှင် သပိတ်ပြည့်အောင်ရ၍ (အခြားအိမ်များသို့ မသွားတော့ပဲ) ဆွမ်းစားဇရပ်သို့ (သွားပြီးလျှင် ထိုဇရပ်၌)ထိုင်၍ ဘဉ်းပေးခြင်းကဲ့သို့ နှစ်ခုသော ကောဋ္ဌာသတို့တွင် သာ၍ထင်သော ကောဋ္ဌာသကိုသာလျှင် အဖန်တလဲလဲ နှလုံးသွင်း၍ အပ္ပနာစျာန်ကို ဖြစ်စေခြင်းကို (မှတ်အပ်၏)။

http://www.dhammadownload.com

(ဆ) **အပွနာအားဖြင့်**-ဟူရာ၌ အပွနာ၏ဖြစ်ရာ ကောဋ္ဌာသအားဖြင့် ဆံပင် စသည်တို့တွင် တခုခုသော ကောဋ္ဌာသ၌ အပွနာဖြစ်သည်ဟု သိအပ်၏၊ ဤသည်ကား ဤဌာနဆိုလိုရင်း ဖြစ်သည်။

(ဇ၊စျ၊ည) **သုံးပါးကုန်သော သုတ္တန်တို့**-ဟူရာ၌ အဓိစိတ္တသုတ်, သီတိဘာဝသုတ်, ဗောဇ္ဈင်္ဂကောသလ္လသုတ်ဟူသော ဤသုံးပါးကုန်သော သုတ္တန်တို့ကို ဝိရိယနှင့်သမာဓိကို ယှဉ်ခြင်းအကျိုးငှါ သိအပ်ကုန်၏၊ ဤသည်ကား ဤဌာနဆိုလိုရင်းပေတည်း။ ထိုတွင်[၁]—

[၂၃၉] "ရဟန်းတို့ (အဓိစိတ္တမည်သော) လွန်ကဲထူးမြတ်သော သမထဝိပဿနာစိတ်ကို[၂] အားထုတ်သော ရဟန်းသည် သုံးပါးသော နိမိတ်တို့ကို(သင့်လျော်သော)ရံဖန်ရံခါ သမာဓိနိမိတ်ကို နှလုံးသွင်းအပ်၏[၃]၊ ရံဖန်ရံခါ (ဝိရိယဟူသော)ပဂ္ဂဟနိမိတ်ကို (ဝါ-ဝိရိယ၏အကြောင်းအာရုံဟူသော) ပဂ္ဂဟနိမိတ်ကို နှလုံးသွင်းအပ်၏၊ ရံဖန်ရံခါ (ဥပေက္ခာဟူသော) ဥပေက္ခာနိမိတ်ကို (ဝါ-ဥပေက္ခာ၏အကြောင်းအာရုံဟူသော) ဥပေက္ခာနိမိတ်ကို နှလုံး

မှတ်ချက်

၁–ထိုတွင်....အဓိစိတ္တသုတ်ဟု သိအပ်၏-စသည်ဖြင့် စပ်ပါ။

၂–အဓိ-လွန်ကဲထူးမြတ်သော+စိတ္တ-သမထဝိပဿနာစိတ်။

၃–မှတ်ထားအပ်သည့် တည်ကြည်ပုံအခြင်းအရာရှိသော သမာဓိသည်ပင်လျှင် သမာဓိနိမိတ် မည်၏။ နှလုံးသွင်းအပ်၏-ဟူသည်မှာ စိတ်၌ ပြုအပ်၏၊ "ဖြစ်စေအပ်၏"-ဤကား ပြုအပ်၏-ဟူသောစကား၏ အနက်။ တနည်းကား သမာဓိ၏ အကြောင်းဖြစ်သော အာရုံသည် သမာဓိနိမိတ်မည်၏၊ ၎င်းကို ဆင်ခြင်အပ်၏-ဟု ဆိုလို၏။ ပဂ္ဂဟနိမိတ် ဥပေက္ခာနိမိတ်တို့၌လည်း ဤနည်းပင် (၂-နက်စီယူလေဟု ဆိုလို၏)။ (ဋီကာ)

http://www.dhammadownload.com

သင့်းအပ်၏။ ရဟန်းတို့ လွန်ကဲထူးမြတ်သော သမထဝိပဿနာ စိတ်ကို အားထုတ်သော ရဟန်းသည် တသမတ်တည်း သမာဓိ နိမိတ်ကိုသာလျှင် အကယ်၍ နှလုံးသွင်းငြားအံ့၊ ထိုဘာဝနာစိတ် သည် ပျင်းရိခြင်းငှါ ဖြစ်ရာသောအကြောင်း (ရှိပေ၏)။....တသမတ် တည်း[၁] ပဂ္ဂဟနိမိတ်ကိုသာလျှင် အကယ်၍ နှလုံးသွင်းငြားအံ့၊ ထိုဘာဝနာစိတ်သည် ပို့လွှင့်ခြင်းငှါ ဖြစ်ရာသောအကြောင်း (ရှိပေ ၏)။....တသမတ်တည်း ဥပေက္ခာနိမိတ်ကိုသာလျှင် အကယ်၍ နှလုံး သွင်းငြားအံ့၊ ထိုဘာဝနာစိတ်သည် အာသဝေါတရားတို့ ကုန်ရန် အတွက် ကောင်းစွာ မတည်ကြည်ရာသော အကြောင်း(ရှိပေ၏)။ ရဟန်းတို့ စင်စစ်သော်ကား လွန်ကဲထူးမြတ်သော သမထဝိပဿနာ စိတ်ကို အားထုတ်သော ရဟန်းသည် ရံဖန်ရံခါ သမာဓိနိမိတ်ကို ရံဖန်ရံခါ ပဂ္ဂဟနိမိတ်ကို ရံဖန်ရံခါ ဥပေက္ခာနိမိတ်ကို နှလုံး သွင်း၏၊ ထို့ကြောင့် ထိုဘာဝနာစိတ်သည် နူးညံ့လည်း နူးညံ့ ပေ၏၊ အမှုဋ္ဌလည်း ခံ့ပေ၏၊ အညစ်အကြေးကင်းလျက် သန့်ရှင်း တောက်ပလည်း တောက်ပပေ၏[၂]၊ ချို့ယွင်း ပျက်စီးခြင်းလည်း

မှတ်ချက်

၁–ကေန္ဆံ-ပုဒ်၏ အနက် ဖြစ်သည်၊ တမျိုးတည်းကိုသာ သက်သက် ရှုနေလျှင်ဟု ဆိုလို၏။

၂–ပဘဿရံ-ဟူသည်ကား ညစ်ညူးကြောင်း ဥပက္ကိလေသ ကင်းဖြင့် ထက်ဝန်းကျင်စင်ကြယ်၏၊ ထက်ဝန်းကျင် ဖြူစင်၏-ဤကား တောက်ပ၏-ဟူသော စကား၏ အနက်။ (ဋီကာ) ဤအဖွင့်နှင့်အညီ တောက်ပ-ဟူသည်မှာ သန့်ရှင်းစင်ကြယ်ခြင်းပင် ဖြစ်သည်ဟု မှတ်အပ်၏။

http://www.dhammadownload.com

မရှိပေ၁၊ အာသဝေါတရားတို့ ကုန်ရန်အတွက် ကောင်းစွာတည်ကြည်ပေ၏။

ရဟန်းတို့ ဥပမာပြရလျှင် ရွှေပန်းထိမ်ဆရာဖြစ်စေ၊ရွှေပန်းထိမ်တပည့်ဖြစ်စေ မိုက်ခွက်-လုံကို ဖွဲ့ရာ-ပြုလုပ်ရာ၏၊ မိုက်ခွက်-လုံကို ပြုလုပ်ပြီးလျှင် မိုက်ခွက်အဝကို လောင်စေရာ၏၊ လောင်စေပြီးလျှင် ညှပ်ဖြင့် ရွှေကိုယူ၍ မိုက်ခွက်အဝ၌ ထည့်ပြီးလျှင် ရံဖန်ရံခါ (မီးဖြင့်)မှုတ်၏၊ ရံဖန်ရံခါ ရေဖြင့်ဖျန်း၏၊ ရံဖန်ရံခါ လျစ်လျူရှု၏၊ ရဟန်းတို့ ရွှေပန်းထိမ်ဆရာဖြစ်စေ၊ ရွှေပန်းထိမ်တပည့်ဖြစ်စေ ထိုရွှေကို အကယ်၍ တသမတ်တည်း မှုတ်နေငြားအံ့၊ ထိုရွှေကို အရည်ပျော်သွားအောင် လောင်ရာသော အကြောင်း (ရှိပေ၏)၊.... အကယ်၍ တသမတ်တည်း ရေဖြင့် ဖျန်းနေငြားအံ့၊ ထိုရွှေသည် ငြိမ်းအေးသွားရာသောအကြောင်း(ရှိပေ၏)၊ .... အကယ်၍ တသမတ်တည်း လျစ်လျူရှုနေငြားအံ့၊ ထိုရွှေသည် ကောင်းစွာရင့်ကျက်ခြင်းသို့ မရောက်ရာသောအကြောင်း(ရှိပေ၏)။ ရဟန်းတို့ စင်စစ်သော်ကား ရွှေပန်းထိမ်ဆရာဖြစ်စေ၊ ရွှေပန်းထိမ်တပည့်ဖြစ်စေ ထိုရွှေကို ရံဖန်ရံခါ(မီးဖြင့်)မှုတ်၏၊ ရံဖန်ရံခါ ရေဖြင့် ဖျန်း၏၊ ရံဖန်ရံခါ လျစ်လျူရှု၏၊ ထို့ကြောင့် ထိုရွှေသည် နူးလည်းနူးညံ့ပေ၏၊ အမှုဌ်လည်းခံ့ပေ၏၊ အညစ်အကြေးကင်းလျက် သန့်ရှင်းတောက်ပလည်း တောက်ပပေ၏၊ ချိုယွင်းပျက်စီးခြင်းလည်း မရှိ

မှတ်ချက်

၁–နစ ပဘဂုံ-ဟူသည်ကား ဘာဝနာအမှုဌ် ခံ့ကျန်းသန်စွမ်းသည်၏အဖြစ်သို့ ရောက်သဖြင့် ချိုယွင်းပျက်ကွက်ခြင်းလည်း မရှိ၊ ဥပမာ ကောင်းစွာ စင်ကြယ်စေပြီးသော ရွှေစင် ရွှေကောင်းသည် အလိုရှိသော အဆင် တန်ဆာပြုလုပ်ရန် ခံ့သကဲ့သို့ (ဖြစ်နိုင်သကဲ့သို့) တည်း။ (ဋီကာ)

ဝိသုဒ္ဓိ မြန် ၁၈—ပ-မ-သ-စ

http://www.dhammadownload.com

ပေ၊ လက်ကောက် လက်စွပ်စသော အမှုအတွက် ကောင်းစွာ ရောက်ပေ၏။ သင်းကျစ်ပြားအတွက် ဖြစ်စေ၊ နားခွောင်းအတွက် ဖြစ်စေ၊ [၂၄၀] လည်ဆွဲတန်ဆာအတွက်ဖြစ်စေ [၁]၊ ရွှေပန်းကုံး အတွက်ဖြစ်စေ အကြင် အကြင် အဆင်တန်ဆာအထူးအတွက် အလိုရှိပါမူ ထိုပန်းထိမ်ဆရာ ပန်းထိမ်တပည့်၏ ထိုအလိုရှိသမျှ အဆင်တန်ဆာဟူသော အကျိုးကိုလည်းပြီးစေနိုင်ပေ၏။

ရဟန်းတို့ ထို့အတူပင် လွန်ကဲထူးမြတ်သော သမထဝိပဿနာ စိတ်ကို အားထုတ်သော ရဟန်းသည် သုံးပါးသော နိမိတ်တို့ကို။ပ။ အာသဝေါတရားတို့ ကုန်ရန်အတွက် ကောင်းစွာ တည်ကြည်ပေ၏။ (ဣဒ္ဓိဝိဓစသော) ထူးသောဉာဏ်ဖြင့် မျက်မှောက် ပြုထိုက်သော အကြင် အကြင်တရားကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုရန် အတွက် စိတ်ကို ရှေးရှုညွတ်စေလျှင် (ပုဗ္ဗဟေတု စသော) အကြောင်း ရှိတိုင်း ရှိတိုင်း [၂] ထိုမျက်မှောက်ပြုထိုက်သော တရား၌

မှတ်ချက်

၁–ယဒိ ဂီဝေယျာယ-ပုဒ်၏ အနက်ဖြစ်သည်။ ဂီဝေယျ-ပုဒ်သည် နပုန်းလိင် ဖြစ်သောကြောင့် ဂီဝေယျာယ-ပုဒ်သည် တဒတ္ထအနက်၌ စတုတ္ထီဝိဘတ်ဖြင့် ပြီးကြောင်းထင်ရှား၏၊ ထို့ကြောင့် ယဒိ ပဋိကာယ-စသော အလားတူ ပုဒ်များကိုလည်း "သင်းကျစ်ပြားအတွက်ဖြစ်စေ" စသည်ဖြင့် သမ္ဗဒါန်အနက် ပြန်ထားသည်။

၂–သတိ သတိ အာယတနေ-ပါဠိ၏ အနက်ဖြစ်သည်။ တသ္မိံ တသ္မိံ ပုဗ္ဗဟေတုအာဒိကေ ကာရဏေ သတိ-ထို ထို ပုဗ္ဗဟေတု အစရှိသော အကြောင်းရှိလတ်သော်-ဟူသော ဋီကာအဖွင့်တွင် တသ္မိံ တသ္မိံ-ဟူသော ဝိစ္ဆာစကားဖြင့် သတိ သတိ-ဟူသော ၂-ပုဒ်ကို ဝိစ္ဆာပုဒ်များ ဖြစ်ကြောင်း ပြပေသည်။ အကျယ်အဆုံးအဖြတ်ကို မဟာဋီကာနိဿယ ဒု နှာ ၁၉၅-၌ ကြည့်ပါ။

http://www.dhammadownload.com

မျက်မြင်ကိုယ်တွေ့ရှိသူ ဖြစ်ထိုက်ခြင်းသို့ (ဝါ-မျက်မြင် ကိုယ်တွေ့ ဖြစ်ခြင်းသို့) ရောက်ပေ၏"ဟူသော—

ဤသုတ်ကို အဓိစိတ္တသုတ်ဟု သိအပ်၏။

"ရဟန်းတို့ ဇ-ပါးသောတရားတို့နှင့်ပြည့်စုံသော ရဟန်းသည် အမြတ်ဆုံးဖြစ်သော အေးချမ်းခြင်း(နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် ဖြစ်ထိုက်ပေ၏။ အဘယ် ဇ-ပါးတို့နှင့်နည်း? ဟူမူ၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ စိတ်ကို နှိပ်သင့်၏၊ ထိုအခါ၌ စိတ်ကို နှိပ်၏။ အကြင်အခါ၌ စိတ်ကို ပင့်မြှောက်သင့်၏၊ ထိုအခါ၌ စိတ်ကို ပင့်မြှောက်၏။ အကြင်အခါ၌ စိတ်ကို ရွှင်စေသင့်၏၊ ထိုအခါ၌ စိတ်ကို ရွှင်စေ၏။ အကြင်အခါ၌ စိတ်ကို လျစ်လျူရှုသင့်၏၊ ထိုအခါ၌ စိတ်ကို လျစ်လျူရှု၏။ မြတ်သော မဂ်ဖိုလ်၌ နှလုံးသွင်းညွတ်ကိုင်း၏၊ နိဗ္ဗာန်၌ မွေ့လျော်၏။ ရဟန်းတို့ ဤ ဇ-ပါးသောတရားတို့နှင့်ပြည့်စုံသော ရဟန်းသည် အမြတ်ဆုံးဖြစ်သော အေးချမ်းခြင်းကို မျက်မှောက်ပြုရန် ဖြစ်ထိုက်ပေ၏" ဟူသော—

ဤသုတ်ကို အနုတ္တရသီတိဘာဝသုတ်ဟု သိအပ်၏။

ဗောဇ္ဈင်္ဂကောသလ္လသုတ်ကိုမူ "ရဟန်းတို့ ဤအတူပင် တွန့်ဆုတ်သောစိတ်ဖြစ်သောအခါ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ သင့်လျော်သောအခါ မဟုတ်ပေ"ဤသို့စသည်ဖြင့် အပ္ပနာကောသလ္လကထာ(ပဌမတွဲ နှာ ၄၀၀)၌ ပြခဲ့ပြီးပင် ဖြစ်သည်။

ယခုပြဆိုခဲ့သည့်အတိုင်း ခုနစ်ပါးအပြားရှိသော ဤဥဂ္ဂဟကောသလ္လကို ကောင်းစွာမှတ်ယူပြီးလျှင် ဆယ်ပါးအပြားရှိသော ဤမနသိကာရကောသလ္လကိုလည်း ကောင်းစွာ ပိုင်းခြားမှတ်သား၍ ထိုယောဂီသည် နှစ်ပါး

http://www.dhammadownload.com

သော ကောသလ္လတို့၏အစွမ်းအားဖြင့် ကမ္မဋ္ဌာန်းကို ကောင်းစွာ သင်ယူအပ်ပေသည်။ ဆက်၍ဆိုဦးအံ့–ထိုယောဂီအား ကမ္မဋ္ဌာန်းဆရာနှင့်အတူ ဇာကျောင်းတည်း၌ပင်(နေရန်) အကယ်၍ အဆင်ပြေငြားအံ့၊ ယခု ပြဆိုခဲ့သည့်အတိုင်း အကျယ်အားဖြင့် မဟောစေမူ၍ ကမ္မဋ္ဌာန်းကို ကောင်းစွာ ပိုင်းခြားမှတ်သားကာ ကမ္မဋ္ဌာန်းကို အားထုတ်လျက် ဘာဝနာ၏ ထူးခြားခြင်းကို ရပြီးလတ်သော် အထက်အထက်၌(ဝါ-တိုးတက်၍ တိုးတက်၍) ဟောကြားစေအပ်၏။ အခြားအရပ် အခြားကျောင်း၌ နေလိုသော ယောဂီသည် ပြဆိုခဲ့တိုင်းသော အစီအရင်ဖြင့် အကျယ်ဟောကြားစေပြီးလျှင် အဖန်တလဲလဲ ပြန်လှန်၍ အလုံးစုံသော အထုံးအဖွဲ့ခက်ဆစ်ဌာနကို ဖြတ်ပယ်ရှင်းလင်းပြီးလျှင် ပထဝီကသိဏနိဒ္ဒေသ၌ ဆိုခဲ့သောနည်းဖြင့်ပင်လျှင် မလျော်သောကျောင်းကို ပယ်၍ [၂၄၁] လျော်သော ကျောင်း၌ နေလျက် ပလိဗောဓငယ်များကိုဖြတ်၍ စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းရသော ကာယဂတာသတိကမ္မဋ္ဌာန်း၌ (စ၍ အားထုတ်ခြင်း ဟူသော) ပရိကံကို ပြုအပ်ပေသည်။

ပရိကံကို ပြုပုံ

(ထိုသို့ ပရိကံကို)ပြုသော ယောဂီသည် ဆံပင်တို့၌ ရှေးဦးစွာ အသုဘထင်ကြောင်း နိမိတ်ကိုယူအပ်၏။ အဘယ်သို့နည်း?ဟူမူ–တခု နှစ်ခုသော ဆံပင်တို့ကို နှုတ်ယူပြီးလျှင် လက်ဝါးပြင်၌ တင်ထား၍ အဆင်းကို ရှေးဦးစွာ ပိုင်းခြားမှတ်သားအပ်၏၊ ခေါင်းရိတ်ရာအရပ်၌လည်း ဆံပင်တို့ကို ကြည့်ရှုရန် သင့်ပေ၏၊ ရေခွက်၌သော်၎င်း၊ ယာဂုခွက်၌သော်၎င်း (ထင်သောအရိပ်ကို) ကြည့်ရှုရန်လည်း သင့်သည်သာတည်း။ မည်းနက်စဉ်ကာလ၌ မည်းနက်ကုန်၏ဟု နှလုံးသွင်းအပ်၏၊ ဆံဖြူသောအခါ၌ ဖြူကုန်၏ဟု နှလုံးသွင်းအပ်၏၊ အမည်း အဖြူရောသောအခါ၌မူ မျှားရာ၏အစွမ်းအားဖြင့် နှလုံးသွင်းအပ်၏။ ဆံပင်တို့၌ကဲ့သို့ပင် ဤအတူ အလုံးစုံသော

http://www.dhammadownload.com

တစပဥ္ဇကဌ်လည်း ကြည့်၍သာလျှင် အသုဘထင်ကြောင်း နိမိတ်ကို ယူအပ်ပေသည်။

ကောဋ္ဌာသတို့ကို ပိုင်းခြားပုံ ပြဆိုချက်

၁၈၂။ ဤဆိုခဲ့သည့်အတိုင်း နိမိတ်ကို ယူပြီးလျှင် အလုံးစုံသော ကောဋ္ဌာသတို့ကို အဆင်း,သဏ္ဍာန်, အရပ်မျက်နှာ,တည်ရာ, အပိုင်းအခြားတို့၏ အစွမ်းအားဖြင့် ပိုင်းခြားဆုံးဖြတ်ပြီးလျှင် အဆင်း, သဏ္ဍာန်, အနုံ့, မှီရာအကြောင်း, တည်ရာတို့၏ အစွမ်းအားဖြင့် ငါးပါးအပြားဖြင့် စက်ဆုပ်ဖွယ်ရှိသည်၏အဖြစ်ကို ပိုင်းခြားမှတ်သားအပ်၏။

ထိုသို့မှတ်သားရာ၌ ယခုဆိုမည့်စကားသည် အလုံးစုံသော ကောဋ္ဌာသတို့၌ အစဉ်အတိုင်း ပြဆိုသောစကားပေတည်း။

(၁) ဆံပင်

(ကေသာ)ဆံပင်တို့သည် ပကတိအဆင်းအားဖြင့် မည်းနက်ကုန်၏၊ စိုသော ပုတီးနက်သီးအဆင်းရှိကုန်၏[၁]၊ ပုံသဏ္ဍာန်အားဖြင့် ရှည်၍လုံးကုန်

မှတ်ချက်

၁–ဆံပင်တို့သည် လူတိုင်းပင် မျက်မြင်ဖြစ်၍ ငယ်ရွယ်စဉ်၌ မည်းနက်ကြသည်ကိုဝင်း၊ အချို့လူမျိုးတို့၌ နီကျင်ကျင်ရှိကြသည်ကိုဝင်း၊ ကြီးရင့်သောအခါ၌ ဖြူကြသည်ကိုဝင်း ထင်ရှားသိနိုင်ကြပေ၏၊ ဥပမာပြစရာပင် မလိုပါ၊ သို့သော်လည်း အသိခက်သော နောက်ကောဋ္ဌာသတို့၌ ဥပမာဖြင့် ပြသွားမည် ဖြစ်သောကြောင့် ဤဌ်လည်း ဥပမာ ပြထားပေသည်၊ သို့ဖြစ်၍ ပုတီးနက်စေ့က ဘယ်လိုနေပါလိမ့် စသည်ဖြင့် စဉ်းစားနေရန်မလို၊ ဆံပင်တို့၏ အဆင်းကို မိမိ၏ မျက်မြင်အတိုင်းပင် မှတ်ရာ၏။

http://www.dhammadownload.com

၏၊ ချိန်ရိုးသဏ္ဌာန်ရှိကုန်၏ [၁]၊ အရပ်မျက်နှာအားဖြင့် အထက်အရပ်၌ ၂ ဖြစ်ကုန်၏၊ တည်ရာအားဖြင့် နံပါးနှစ်ဖက်တို့၌ နားပန်းစွန်းတို့ဖြင့်, ရှေ့ဖက်၌ နဖူးပြင်အဆုံးဖြင့်, နောက်ဖက်၌ လည်ကုပ်တင်းဖြင့် (ဆံပင်တို့ကို) ပိုင်းခြားလျက်ရှိသည် [၂]၊ ဦးခေါင်းခုံကို ရစ်ပတ်လျက်ရှိသော စိုသောအရေသည် ဆံပင်တို့၏ တည်ရာပေတည်း၊ အပိုင်းအခြားအားဖြင့် (တခုစီ တခုစီသော) ဆံပင်တို့ကို ဦးခေါင်းကို ရစ်ပတ်လျက်ရှိသော အရေ၌ စပါးလုံးအမြီးဖျားမျှ ဝင်၍တည်သော [၃] အောက်ဖက်၌ မိမိ၏ အမြစ်အပြင်ဖြင့်, အထက်ဖက်၌ ဟင်းလင်းပြင်ဖြင့်, ဖီလာပတ်ဝန်းကျင်၌ ဆံပင်အချင်းချင်းဖြင့် ပိုင်းခြားလျက်ရှိသည် [၄]၊ နှစ်ခုသောဆံပင်တို့သည် တပေါင်းတည်း

မှတ်ချက်

၁–ချိန်ရိုးဖြင့် ဥပမာပြခြင်းသည် လုံးပုံကို သိစေလိုသောကြောင့် ဖြစ်ရာ၏၊ မျက်မြင်ဖြစ်၍ ဤ၌လည်း ဥပမာက အရေးကြီးလှသည် မဟုတ်ပါ။ ယောအတွင်းဝန်၏ ကာယာနုပဿနာကျမ်း၌မူ "နက်သော ပိုးချည်မျှင်နှင့် တူသည်" ဟု ဆို၏။

၂–ဒီသာ-ဟူသော ပါဠိအရ အရပ်မျက်နှာဟူ၍သာ ပြန်သင့်သော်လည်း ဤပုဒ်အနက်မှစ၍ အရပ်-ဟူ၍သာ ပြန်သွားမည်။

၃–ပရိစ္ဆိန္နာ-ပုဒ်ကို အတိအကျပြန်လျှင် ပိုင်းခြားအပ်ကုန်၏-ဟု ဖြစ်၏။ ထို့သို့ပြန်လျှင် ဉာဏ်ဖြင့် ပိုင်းခြားသင့်သည်ဟူသော အနက်နှင့် ရောယှက်ဖွယ်ရှိသောကြောင့် ဤ၌ ပိုင်းခြားလျက်ရှိသည်-ဟု ပြန်ထားသည်၊ ဆံပင်တို့၏ တည်ရာ နယ်ပယ်သည် နားပန်းစွန်းစသော နယ်သတ်နိမိတ်တို့ဖြင့် ပိုင်းခြားကန့်သတ်လျက် ရှိသည်ဟု ဆိုလို၏။

၄–ဝင်၍တည်သော....အမြစ်အပြင်ဖြင့်-ဟု စပ်ပါ။

၅–ဤအနက်လည်း ပရိစ္ဆိန္နာ-ပုဒ်၏ အနက်ပင်၊ မှတ်ချက် ၃-၌ ကဲ့သို့ပင် ပရိယာယ်တပါးဖြင့် လိုလှယ်၍ ပြန်ထားသည်၊ နောက်၌လည်း အပိုင်းအခြားကို ပြုဆို၌ နည်းတူပင် ပြန်ထားသည်ဟု မှတ်ပါ။

http://www.dhammadownload.com

(တည်ကြသည်ဟု)မရှိကုန်၊ ဤသည်ကား မိမိ၏အဖို့ဖြင့် ပိုင်းခြားခြင်း (သဘာဂပရိစ္ဆေဒ)ပေတည်း။ ဆံပင်တို့သည် အမွေးမဟုတ်ကုန်၊ အမွေးတို့သည် ဆံပင်မဟုတ်ကုန်ဟု ဤပုံဤနည်းဖြင့် ကြွင်းသော ၃၁-ပါးသော ကောဋ္ဌာသတို့နှင့် မရောနှောပဲ ကဲ့ပြားကုန်သော ဆံပင်တို့မည်သည် အသီးအခြားတခုသော ကောဋ္ဌာသ(အဖို့အစု)ပေတည်း၊ ဤသည်ကား မိမိအဖို့ မဟုတ်သော အခြားအဖို့ဖြင့် ပိုင်းခြားခြင်း(ဝိသဘာဂပရိစ္ဆေဒ)ပေတည်း။ ဤသည်ကား ဆံပင်တို့ကို အဆင်းစသည်ဖြင့် ပိုင်းခြားဆုံးဖြတ်ခြင်းပေတည်း။

၁၇၃။ ယခုဆိုမည့်စကားသည်ကား ထိုဆံပင်တို့ကို အဆင်းစသည်တို့၏ အစွမ်းအားဖြင့် ငါးပါးအပြားဖြင့် စက်ဆုပ်ဖွယ်ဟု ပိုင်းခြားမှတ်သားခြင်းပေတည်း။ ဤဆံပင်တို့မည်သည်မှာ အဆင်းအားဖြင့်လည်း စက်ဆုပ်ဖွယ်ရှိကုန်၏၊ ပုံသဏ္ဌာန်အားဖြင့်လည်း စက်ဆုပ်ဖွယ်ရှိကုန်၏၊ အနံ့အားဖြင့်လည်း စက်ဆုပ်ဖွယ်ရှိကုန်၏၊ မီးရှူအကြောင်းအားဖြင့်လည်း စက်ဆုပ်ဖွယ်ရှိကုန်၏၊ တည်ရာအားဖြင့်လည်း စက်ဆုပ်ဖွယ်ရှိကုန်၏။

[၂၄၂] ခဲ့၍ပြအံ့—နှစ်သက်ဖွယ်ကောင်းငြားသော်လည်း ယာဂုခွက်၌သော်၎င်း၊ ထမင်းပန်းကန်၌သော်၎င်း ဆံပင်အဆင်းရှိသော တစုံတခုကို မြင်ရလျှင် ဤစားဖွယ်သည် ဆံပင်နှင့်ရောနေသည်၊ ထိုအရာကို ယူသွားကြဟု ဆိုလျက် စက်ဆုပ်ကုန်၏၊ ဤသို့ ဆံပင်တို့သည် အဆင်းအားဖြင့် စက်ဆုပ်ဖွယ်ရှိကုန်၏။

ညဉ့်အခါ၌ စားနေသောသူတို့သည်လည်း ဆံပင်၏ အသွင်သဏ္ဌာန်ရှိသော မရိုးမျင်ကိုသော်၎င်း၊ သင်ပန်းမျင်ကိုသော်၎င်း ထိမိ စမ်းမိ၍သော်လည်း ထို့အတူပင် စက်ဆုပ်တတ်ကုန်၏၊ ဤသို့ ပုံသဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ်ရှိကုန်၏။

http://www.dhammadownload.com

ဆီလိမ်းခြင်း ပန်းအမွှေးအထုံ စသည်တို့ဖြင့် ပြုပြင်ခြင်းမှ ကင်းကုန်သော ဆံပင်တို့၏ အနှံ့သည် အလွန်စက်ဆုပ်ဖွယ်ကောင်း၏၊ မီးဌ္ဌ ထည့်အပ်ကုန်သော ဆံပင်တို့၏ အနှံ့သည် ထို့ထက်သာ၍ စက်ဆုပ်ဖွယ်ကောင်း၏၊ မှန်ပေ၏– ဆံပင်တို့သည် အဆင်းသဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ်မရှိသော်လည်း ဖြစ်နိုင်ကြသေး၏၊ အနှံ့အားဖြင့်မူကား စက်ဆုပ်ဖွယ်ရှိကြသည်ချည်းသာတည်း။ ဥပမာဖြင့်ပြရလျှင် နို့စို့အရွယ် ကလေးသူငယ်၏ မစင်သည် အဆင်းအားဖြင့် နန္ဒင်းအဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့်လည်း နန္ဒင်းခဲသဏ္ဌာန်ရှိ၏။ ထို့ပြင် အမှိုက်ပုံ၌ စွန့်ပစ်ထားသော ခွေးနက်၏ ဖူးဖူးရောင်နေသော ကိုယ်ကောင်သည် အဆင်းအားဖြင့် ထန်းသီးမှည့် အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် လုံး၍ချောညက်သော မုရိုးစည်သဏ္ဌာန်ရှိ၏[၁]၊ ထိုခွေးနက်၏ အစွယ်တို့သည်လည်း မြတ်လေးပန်းငုံနှင့် တူကုန်၏၊ ထို့ကြောင့် သူငယ်၏ မစင်နှင့် ခွေးကောင်ပုပ်ဟူသော ထို ၂-ခုလုံးပင် အဆင်းနှင့်သဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ်မဟုတ်သည် ဖြစ်နိုင်သေး၏၊ အနှံ့အားဖြင့်မူကား စက်ဆုပ်ဖွယ်စင်စစ်သာတည်း [၂]။ ဤအတူပင် ဆံပင်တို့သည်လည်း အဆင်းနှင့် သဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ်မရှိကုန်သော်လည်း အနှံ့အားဖြင့်မူ စက်ဆုပ်ဖွယ်ရှိကုန်သည်သာတည်း [၂]။

မှတ်ချက်

၁– ဝဇ္ဇေတ္ထာ ဝိဿဋ္ဌမုဒိင်္ဂသဏ္ဌာနံ-ဟု ပါဠိရှိသောကြောင့် နိဿယဋ္ဌ လုံး၍ ပြုပြင်စီရင်အပ်သော မုရိုးစည်သဏ္ဌာန်ရှိသည်-ဟု ပြန်ထား၏။ ပြုပြင်စီရင်အပ်သည်-ဟူသော စကားဖြင့် အနက်ထူးမရပေ။ ထို့ကြောင့် ဝိဿဋ္ဌ-အဆုဋ္ဌ ဝိမဋ္ဌ-ဟု ရှိသင့်သည်ဟူ၍ ယူဆပြီးလျှင် ချောညက်သောဟု ပြန်သည်။ လိုရင်းမှာ ခွေးကောင်ပုပ်နှင့် မရိုးစည် ပုံတူဖြစ်ရန်ပင် ဖြစ်သည်။

၂– ပဋိက္ကူလ-ဟူသော ပုဒ်ကို စက်ဆုပ်ဖွယ်-ဟူ၍ငင်း၊ စက်ဆုပ်ဖွယ်ရှိသည်-ဟူ၍ငင်း၊ စက်ဆုပ်ဖွယ်ကောင်းသည်-ဟူ၍ငင်း ဤ သုံးနက်တို့တွင် စကားချော သည် အားလျော်စွာ ဤ၌ ပြန်ထားသည်။

http://www.dhammadownload.com

ထို့ပြင် မသန့်သော(ရွာအနီး) အရပ်၌ ရွာ၏အညစ်အကြေး အကျိုး ဆက်ဖြင့် ပေါက်ကုန်သော ဟင်းရွက်တို့သည် မြို့သူမြို့သား လူတို့အား စက်ဆုပ်ဖွယ်ဖြစ်၍ မသုံးဆောင်ကောင်းကုန်သကဲ့သို့ ထို့အတူပင် ဆံပင်တို့ သည်လည်း သွေး ကျင်ငယ် ကျင်ကြီး သည်းခြေ သလိပ် စသည်တို့၏ အကျိုးဆက်ဖြင့် ဖြစ်ကြသောကြောင့် စက်ဆုပ်ဖွယ်တို့ပင်တည်း၊ ဤ သည်ကား ထိုဆံပင်တို့၏မိုရာအကြောင်းအားဖြင့်စက်ဆုပ်ဖွယ်ကောင်းခြင်း ပေတည်း[၁]။

ထို့ပြင် ဤဆံပင်တို့မှာ မစင်ပုံ၌ပေါက်သော မှိုကဲ့သို့ ၃၁-ပါးသော ကောဋ္ဌာသအစု၌ ဖြစ်ကုန်၏၊ ထိုဆံပင်တို့သည် သုသာန်အမှိုက်ပုံစသည်တို့၌ ပေါက်သော ဟင်းရွက်ကဲ့သို့ငင်း၊ (မသန့်သော) ကျုံး စသည်တို့၌ ပေါက် သော ကြာနီ ကြာညိုစသော ပန်းကဲ့သို့ငင်း မသန့်သော (ကိုယ်) အရပ်၌ ဖြစ်ကြသောကြောင့် အလွန်ပင် စက်ဆုပ်ဖွယ်ကောင်းကုန်၏၊ ဤသည်ကား ထိုဆံပင်တို့၏ တည်ရာအရပ်အားဖြင့် စက်ဆုပ်ဖွယ် ကောင်းခြင်းပေတည်း။

ထိုမှတပါး ဆံပင်တို့ကဲ့သို့ ထို့အတူပင် ကြွင်းသော ကောဋ္ဌာသအားလုံး တို့၏[၂] အဆင်း, သဏ္ဌာန်, အနံ့, မှိုရာအကြောင်း, တည်ရာတို့၏ အစွမ်း အားဖြင့် ငါးပါးအပြားဖြင့် စက်ဆုပ်ဖွယ်ကောင်းခြင်းကို သိအပ်၏။ ထို့ပြင် အဆင်း, သဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြားတို့၏ အစွမ်းအားဖြင့်

မှတ်ချက်

၁–ပါဠိက္ကုလုံ့-စက်ဆုပ်ဖွယ်၏အဖြစ်၊ စက်ဆုပ်ဖွယ်ရှိသည်၏အဖြစ်၊ စက်ဆုပ် ဖွယ်ကောင်းသည်၏အဖြစ်၊ စက်ဆုပ်ဖွယ်ကောင်းခြင်း-ဟူသော ဤ အနက် ၄-ခုလုံး အတူတူပင် ဖြစ်သည်။

၂–ကြွင်းသော ကောဋ္ဌာသအားလုံးတို့၏.... စက်ဆုပ်ဖွယ်ကောင်းခြင်းကို သိ အပ်၏-ဟု စပ်ပါ။

http://www.dhammadownload.com

ကြွင်းသော ကောဋ္ဌာသအားလုံးတို့ကိုလည်း အသီးအသီး ပိုင်းခြားဆုံးဖြတ် အပ်ကုန်၏။

(၂) အမွေး

၁၀၄။ ထိုတွင် ရှေးဦးစွာ အစဉ်ကျသော (လောမာ) အမွေးတို့သည် ပကတိအဆင်းအားဖြင့် ဆံပင်တို့ကဲ့သို့ အမည်းသက်သက် မဟုတ်ကုန်၊ စင်စစ်အားဖြင့် မည်းကြောင်သော အဆင်းရှိကုန်၏။ သဏ္ဌာန်အားဖြင့် အောက်သို့ညွတ်သော အဖျားရှိကုန်၏ ထန်းပင်၏အမြစ်သဏ္ဌာန် ရှိကုန်၏။ အရပ်အားဖြင့် အထက်အောက် ၂·ပါးသောအရပ်တို့၌ ဖြစ်ကုန်၏။ တည်ရာအားဖြင့် ဆံပင်တို့၏တည်ရာအရပ်နှင့် လက်ဖဝါး ခြေဖဝါးအပြင်တို့မှတပါး အများအားဖြင့် ကြွင်းသောကိုယ်ကို ရစ်ပတ်လျက်ရှိသောအရေ၌ ဖြစ်ကုန်၏။ အပိုင်းအခြားအားဖြင့် ကိုယ်ကိုရစ်ပတ်လျက်ရှိသော အရေ၌ တလကမ္မခန်မျှ[1] [၂၄၃]ဝင်လျက်တည်သော[2] အောက်ဖက်၌ မိမိ၏ အမြစ်ဖြင့်,

---

မှတ်ချက်

၁–ပကတိမျက်စိဖြင့် မမြင်နိုင်သော အလွန်သေးငယ်သော မြူမှုန်ကို ပရမာဏုမြူခေါ် သည်၊ ပရမာဏုမြူ ၃၆-ခု အပေါင်းမျှရှိသော မြူကို အဏုမြူ ခေါ် သည်၊ အိမ်နံရံအပေါက်အကြားငယ်များမှ ထိုးဝင်လာသော နေရောင်ထဲ၌ ယင်းအဏုမြူကို မြင်တွေ့နိုင်သည်။

ထိုအဏုမြူ ၃၆-ခုအပေါင်းမျှရှိသော မြူကို တဇ္ဇာရီ မြူခေါ် သည်။ ၎င်းမှာ လှည်းလမ်းစသည်တို့၌ ကောင်းကင်သို့ လွင့်တက်နေသော မြူမှုန်ဖြစ်သည်။ ထိုတဇ္ဇာရီ မြူ ၃၆-ခုအပေါင်းမျှရှိသော မြူကို ရထရေဏုမြူခေါ် သည်။ ၎င်းမှာ လှည်းလမ်း မြင်းရထားလမ်းစသည်တို့၌ မြေတွင်ပင် တည်လျက်ရှိသော မြေမှုန်ဖြစ်သည်။ ထိုရထရေဏုမြူ ၃၆-ခု အပေါင်းမျှရှိသောမြူကို လိက္ခာမြူခေါ် သည်။ ကညစ်ခြေးကညစ်စာမြူဟူ၍လည်း ဆိုကြ၏။ ထိုလိက္ခာမြူခန်မျှ အရေထဲဝင်လျက်တည်နေသည်ဟု ဆိုလို၏။

၂–ဝင်လျက်တည်သော....အမြစ်ဖြင့်–ဟု စပ်ပါ။

http://www.dhammadownload.com

အထက်ဖက်၌ ဟင်းလင်းပြင်အရပ်ဖြင့်, ဖီလာပတ်ဝန်းကျင်၌ အချင်းချင်းဖြင့် ပိုင်းခြားလျက်ရှိသည်၊ အမွေး ၂-ပင်တို့သည် တပေါင်းတည်းမရှိကုန်၊ ဤသည်ကား ထိုအမွေးတို့၏ မိမိအဖို့အားဖြင့် ပိုင်းခြားခြင်းဟူသော သဘာဝပရိစ္ဆေဒပေတည်း[1]။ မိမိအဖို့မဟုတ်သော အခြားအဖို့ဖြင့်ပိုင်းခြားခြင်းဟူသော ဝိသဘာဝပရိစ္ဆေဒသည်ကား[1] ဆံပင်တို့နှင့် တူသည်သာတည်း။

(၃) လက်သည်းခြေသည်း

၁၈၅။ နခါ (လက်သည်း ခြေသည်း) ဟူသည်ကား နှစ်ဆယ်သော လက်သည်းခွံ ခြေသည်းခွံတို့၏ အမည်ပေတည်း။ ၎င်းတို့သည် အားလုံးပင် အဆင်းအားဖြင့် ဖြူကုန်၏၊ သဏ္ဌာန်အားဖြင့် ငါးပါး၏ အကြေးသဏ္ဌာန် ရှိကုန်၏၊ အရပ်အားဖြင့် ခြေသည်းတို့သည် အောက်အရပ်၌, လက်သည်းတို့သည် အထက်အရပ်၌ ဤသို့အားဖြင့် ၂-ပါးသောအရပ်တို့၌ ဖြစ်ကုန်၏၊ တည်ရာအားဖြင့် လက်ချောင်း ခြေချောင်းတို့၏ အဖျား အပေါ်ဖက်တို့၌ တည်ကုန်၏၊ အပိုင်းအခြားအားဖြင့် အထက်အောက် ၂-ပါးသော အရပ်တို့၌ လက်ချောင်း ခြေချောင်းတို့၏ အစွန်းအသားတို့ဖြင့်, အတွင်းဖက်၌ လက်ချောင်း ခြေချောင်းတို့၏ အမိုးဖက်အသားဖြင့်, အပြင်ဖက်နှင့် အဖျား၌ ဟင်းလင်းပြင်အရပ်ဖြင့်, ဖီလာပတ်ဝန်းကျင်၌ အချင်းချင်းဖြင့် ပိုင်းခြားလျက်ရှိသည်၊ လက်သည်း ခြေသည်းခွံ ၂-ခုတို့သည် တပေါင်းတည်း မရှိကုန်၊ ဤသည်ကား ထို လက်သည်း ခြေသည်းတို့၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဝပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

မှတ်ချက်

၁– ဤ သဘာဝပရိစ္ဆေဒ, ဝိသဘာဝပရိစ္ဆေဒ-ဟူသော အမည်တို့ကို နောက်၌ ပါဠိသက်သက်ဖြင့်သာ ပြသွားမည်။

http://www.dhammadownload.com

(၄) သွား

၁၈၆။ ဒန္တာ (သွားတို့)ဟူသည်မှာ သွားပြည့်စုံသောသူအား ၃၂-ခု သော သွားရိုးတို့ပေတည်း။ ၎င်းတို့သည်လည်း အဆင်းအားဖြင့် ဖြူကုန်၏၊ သဏ္ဌာန်အားဖြင့် များသောသဏ္ဌာန်ရှိကုန်၏။ ခဲ့၍ပြအံ့–ယင်းသွားတို့တွင် အောက်သွားအစဉ်၏ အလယ်၌ ၄-ချောင်းတို့သည် ချဲ့မြေစိုင်၌ အစဉ်အတိုင်း စိုက်ထားသော ဗူးစေ့သဏ္ဌာန် ရှိကုန်၏၊ ယင်းတို့၏ နံပါးနှစ်ဖက်တို့၌ တချောင်းတချောင်းသည် အမြစ်တခုစီရှိ၏၊ အဖျားချွန်အစွန်းတခုစီရှိ၏၊ စပယ်ငုံသဏ္ဌာန်ရှိ၏၊ ယင်းတို့မှ နံပါး၌ တချောင်းတချောင်းသည် အမြစ်နှစ်ခုစီရှိ၏၊ အစွန်းနှစ်ခုစီရှိ၏၊ လှည်းထောက်ခွသဏ္ဌာန်ရှိ၏၊ ယင်းတို့မှ နံပါး၌ နှစ်ချောင်းနှစ်ချောင်းတို့သည် အမြစ်သုံးခုစီရှိကုန်၏၊ အစွန်းသုံးခုစီရှိကုန်၏၊ ယင်းတို့မှ နံပါး၌ နှစ်ချောင်းနှစ်ချောင်းတို့သည် အမြစ်လေးခုစီရှိကုန်၏၊ အစွန်းလေးခုစီ ရှိကုန်၏။ အထက်သွားအစဉ်၌လည်း ဤအတူပင်။ အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်ကုန်၏၊ တည်ရာအားဖြင့် အထက်အောက်မေးရိုးနှစ်ခုတို့၌ တည်ကုန်၏၊ အပိုင်းအခြားအားဖြင့် အောက်ဖက်အရင်းဖက်၌ မေးရိုးတည်သော မိမိ၏အမြစ်အပြင်ဖြင့်, အထက်အဖျားဖက်၌ ဟင်းလင်းအရပ်ဖြင့်, ဖီလာနံပါး၌ အချင်းချင်းဖြင့် ပိုင်းခြားလျက်ရှိသည်၊ သွား ၂-ချောင်းတို့သည် တပေါင်းတည်း မရှိကုန်၊ ဤသည်ကား ထိုသွားတို့၏ သဘာဂဂရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့်တူသည်သာတည်း။

(၅) အရေ

၁၈၇။ တစော(အရေ)ဟူသည်မှာ တကိုယ်လုံးကိုရစ်ပတ်လွှမ်းခြုံလျက်တည်သော အရေထူပေတည်း။ ထိုအရေထူ၏ အထက်၌ အမည်း အညို အဝါ စသည်အဆင်းရှိသော အရေပါးမည်သည် ရှိ၏၊ ယင်းအရေပါးသည်

http://www.dhammadownload.com

တကိုယ်လုံးမှ ခွါရှိလုံးစုလျှင် ဆီးစေ့မျှရှိ၏။ အရေထူသည်ကား အဆင်းအားဖြင့်ဖြူသည်သာတည်း၊ ထိုအရေထူ၏ဖြူသည်၏အဖြစ်သည် မီးလောင်ခြင်း လက်နက်ဖြင့် ပုတ်ခတ်ခြင်း စသည်တို့ကြောင့် အရေပါးပွန်းပဲ့ပျက်စီးသွားသောအခါ၌ ထင်ရှား၏၊ သဏ္ဌာန်အားဖြင့် ကိုယ်၏သဏ္ဌာန်ရှိသည်သာဖြစ်ပေသည်။ ဤကား ဤအဏ္ဍ အကျဉ်းပေတည်း။

၂၄၄။ အကျယ်အားဖြင့်မူကား ခြေချောင်းအရေသည် အအိမ်ကို ပြုတတ်သော ပိုး၏ ပိုးချည်မျှင်အိမ်သဏ္ဌာန် ရှိ၏[၁]၊ ခြေဖမိုးရေသည် ဘွတ်ဘိနပ်၏ အမိုးဖုံးသဏ္ဌာန်ရှိ၏၊ ခြေသလုံးရေသည် ထမင်းထုပ်သည့် ထန်းရွက်သဏ္ဌာန်ရှိ၏၊ ပေါင်ရေသည် ဆန်တို့ဖြင့်ပြည့်နေသော ဆန်အိတ်ရှည် သဏ္ဌာန် ရှိ၏၊ တင်ပါးအရေသည် ရေဖြင့်ပြည့်နေသော အဝတ်ရေစစ်သဏ္ဌာန် ရှိ၏၊ ကျောက်ကုန်းရေသည် ပျဉ်ချပ်၌ ကြက်ထားသော သားရေသဏ္ဌာန် ရှိ၏၊ ဝမ်းဗိုက်ရေသည် စောင်းခွက်၌ ကြက်ထားသော သားရေသဏ္ဌာန် ရှိ၏၊ ရင်ပတ်ရေသည် အများအားဖြင့် လေးထောင့်သဏ္ဌာန် ရှိ၏၊ နှစ်ခုသော လက်မောင်းတို့၏ အရေသည် မြားထည့်စဏ္ဍာတောင့်၌ ကြက်ထားသော သားရေသဏ္ဌာန် ရှိ၏၊ လက်ဖမိုးရေသည် သင်ဓုန်းအိမ်သဏ္ဌာန် ရှိ၏[၂]၊ တနည်းကား ခေါင်းဖြီးသည့်ဖြီးအိတ်သဏ္ဌာန်

မှတ်ချက်

၁–အထက်ပါ ဥပမာသည် ယခုအခါ၌ တွေ့ရခဲသော ဥပမာ ဖြစ်သည်။ ပိုးမွေးမြူထုဌာန၌ သွား၍ကြည့်လျှင် တွေ့နိုင်သည်။ ခြေချောင်းများကို ကြည့်၍ သိနိုင်သောကြောင့် ဤဥပမာလည်း ကျေးဇူးမများလှချေ။

၂–ရှေးက သုံးသော သင်ဓုန်း၏ အိမ်ကိုဆိုသည်။ ကာယာနုပဿနာကျမ်း၌ တရုတ်မီးခတ်အိတ်သဏ္ဌာန် ရှိသည်ဟု ဆို၏။ ထိုမီးခတ်အိတ်ကိုလည်း ယခုအခါ သိရန်ခက်၏။ လက်ဖမိုးကို ကြည့်ရုံမျှဖြင့်ပင် သိနိုင်သောကြောင့် ဤဏ္ဍလည်း ဥပမာကို သိရန် အရေးမကြီးပါ။

http://www.dhammadownload.com

ရှိ၏ [၁]၊ လက်ချောင်းရေသည် သံကောက်အိမ်သဏ္ဌာန် ရှိ၏၊ လည်ရေသည် လည်ပတ်သဏ္ဌာန် ရှိ၏ [၂]၊ မျက်နှာရေသည်(ခံတွင်း နှာခေါင်း မျက်စိပေါက် တို့ဖြင့်) အပေါက်အပေါက် ရှိသည်ဖြစ်၍ ပိုးအိမ်သဏ္ဌာန်ရှိ၏(ဝါ-စာပေါင်း သိုက်သဏ္ဌာန်ရှိ၏)၊ဦးခေါင်းရေသည် သပိတ်အိတ်သဏ္ဌာန် ရှိ၏။

ပိုင်းခြားပုံ မှတ်ပုံကိုဆက်၍ပြအံ့ – အရေကို သိမ်းဆည်းသော ယောဂီသည် အထက်နှုတ်ခမ်းမှစ၍ အထက်ပိုင်းမျက်နှာသို့ ဉာဏ်ကို သွားစေလျက် ရှေးဦးစွာမျက်နှာကို မြေးယှက်လျက် တည်သောအရေကို ပိုင်းခြားအပ်၏ [၃]၊ ထို့နောင် နဖူးရေကို(ပိုင်းခြားအပ်၏)၊ ထို့နောင် အိတ်၌ ထည့်ထားသော သပိတ်နှင့် သပိတ်အိတ်တို့၏အကြားဖြင့် လက်ကိုသွားစေဘိသကဲ့သို့ ခေါင်းရိုးနှင့် ခေါင်းရေတို့၏အကြားဖြင့် ဉာဏ်ကိုသွားစေ၍ အရိုးနှင့်တကွ အရေ၏ တစပ်တည်းအဖြစ်ကို ခွဲခွါလျက် ခေါင်းရေကို ပိုင်းခြားအပ်၏၊ ထို့နောင်

မှတ်ချက်

၁ – ဖဏကတ္ထဝိက-ဖြိုးအိတ် (ဘီးအိတ်) ဟူသော အနက်သည် ပြည်မူ နိဿယ အနက်ဖြစ်သည်၊ ရှေးနိဿယ၌ ဖဏိက်ဓားအိမ်ဟု ပြန်ကြောင်းကိုလည်း ပြည်မူ နိဿယ၌ ဖော်ပြထား၏။ ယခုကာလ၌ ဖြိုးအိတ်, ဖဏိက်ဓားအိမ်တို့ မရှိသောကြောင့် ဤဥပမာမျှားလည်း အကျိုးမမျှားချေ။

၂ – ကဠာက-သဒ္ဒါသည် ရှေးကသင်တိုင်း ခေါ်သော အက်ျိဟော ဖြစ်သည်၊ ထို့ကြောင့် နိဿယ၌ ဂလကဠာက-ကို လည်စွပ်သင်တိုင်းဟု ပြန်၏၊ ဋီကာ၌ ကဏ္ဌတ္တာဏကံ-လည်ကို ကာကွယ်စောင့်ရှောက်သော သင်တိုင်းဟု ဆိုသော ကြောင့် လက်နက်စသည်ကို စောင့်ခြင်းငှါ လည်တွင်စွပ်သည့် သင်တိုင်းကို ယူ-ဟူ၍ ပြည်မူနိဿယ၌ပင် ပြဆိုထားသည်။ မည်သို့ပင်ဖြစ်စေ လည်ပတ် ဟူသောအနက်ကား သင့်လျော်သည့်ပြင် ထင်ရှားလည်း ထင်ရှား၏။

၃ – ဝဝတ္ထပေတဗ္ဗံ-ဟူသောပုဒ်၏ အနက်ဖြစ်သည်၊ ထို့ကြောင့် မှတ်အပ်၏-ဆုံး ဖြတ်အပ်၏-ဟူသော အနက်ကို ယူအပ်၏။ နောက်၌လည်း နည်းတူပင်။

http://www.dhammadownload.com

ပခုံးရေကို(ပိုင်းခြားအပ်၏)၊ ထို့နောင် အနုလုံအားဖြင့်၎င်း၊ ပဋိလုံအားဖြင့်၎င်း လက်ျာလက်အရေကို(ပိုင်းခြားအပ်၏)၊ ထို့နောင် ထိုနည်းဖြင့်ပင်လျှင် လက်ဝဲလက်အရေကို၊ ထို့နောင် ကျောက်ကုန်းရေကို (ပိုင်းခြားအပ်၏)၊ ၎င်းကိုပိုင်းခြားပြီးလျှင် အနုလုံအားဖြင့်၎င်း၊ ပဋိလုံအားဖြင့်၎င်း လက်ျာခြေအရေကို၊ ထို့နောင် ထိုနည်းဖြင့်ပင်လျှင် လက်ဝဲခြေအရေကို (ပိုင်းခြားအပ်၏)၊ ထို့နောင် အစဉ်အတိုင်းပင်လျှင် သိုအိမ်ရေ ဝမ်းရေ ရင်ရေ လည်ရေတို့ကို (ပိုင်းခြားအပ်ကုန်၏)၊ ထို့နောင် လည်ရေ၏အခြားမဲ့၌ အောက်မေးရေကို ပိုင်းခြားပြီးလျှင် အောက်နှုတ်ခမ်းအဆုံးသို့ ရောက်စေ၍ ပြီးဆုံးစေအပ်၏။ ဤဆိုခဲ့သည့်အတိုင်း ရှုနှုန်ရင်းရှုနှုန်ရင်းသော အရေကို သိမ်းဆည်းသောယောဂီအား သိမ်မွေ့သောအရေသည်လည်း[၁] ထင်ရှား၏။ အရပ်အားဖြင့် အထက်အောက် နှစ်ပါးသောအရပ်တို့၌ ဖြစ်၏၊ တည်ရာအားဖြင့် တကိုယ်လုံးကို မြေးယှက်ရစ်ပတ်လျက် တည်၏၊ အပိုင်းအခြားအားဖြင့် အောက်ဖက်အတွင်းဖက်၌ တည်ရာအရပ်၏အပြင်ဖြင့်, အထက်ဖက်အပြင်ဖက်၌ ဟင်းလင်းအရပ်ဖြင့် ပိုင်းခြားလျက်ရှိသည်[၂]။ ဤသည်ကား ထိုအရေ၏ သဘာဂပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒ သည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

မှတ်ချက်

၁ – သိမ်မွေ့သောအရေသည်လည်း ဟူသည်ကား ဆိုခဲ့သမျှသော ရှုနှုန်ရင်းကြမ်းတမ်းသော အရေထက် သိမ်မွေ့သော ခံတွင်းထဲ၌ ရှိသော အရေစသည်ပင်တည်း။ (ဋီကာ)

၂ – ပရိစ္ဆိန္နော-ပုဒ်၏ အနက်ဖြစ်သည်။ ပိုင်းခြားအပ်၏ဟု တိတိကျကျပြန်လျှင် ဝဝတ္ထပေတမ္မော-ပိုင်းခြားအပ်၏-ဟူသော အနက်ကဲ့သို့ ထင်မှားဖွယ်လည်း ရှိသောကြောင့် စကားပရိယာယ် လဲလှယ်၍ ပြန်ထားသည်။ နောက်၌လည်း ဤသို့သော အရာ၌ နည်းတူပင်။

http://www.dhammadownload.com

(၆) အသား

၁၈၈။ မံသံ(အသား)ဟူသည်မှာ ကိုးရာသော သားတစ်တို့ပေတည်း။ ထိုအလုံးစုံသည်လည်း အဆင်းအားဖြင့် နှိ၏ ပေါက်ပန်းနှင့်တူ၏၊ သဏ္ဌာန်အားဖြင့် ခြေသလုံး ကြွက်သားသည် ထန်းရွက် ထမင်းထုပ်သဏ္ဌာန် ရှိ၏၊ ပေါင်သားသည် ဆေးကြိတ်ကျောက်သား (ကျောက်လုံးငယ်) သဏ္ဌာန် ရှိ၏[၁]၊ တင်ပါးသားသည် ခုံလောက်စွန်းသဏ္ဌာန် ရှိ၏၊ ကျောက်ကုန်းသားသည် ထန်းလျက်ပြားသဏ္ဌာန် ရှိ၏[၂]၊ နံပါးနှစ်ဖက်၏ အသားသည် စပါးကျီ၏ ဝမ်းပိုက်နံရံ၌ ပါးပါးလိမ်းကျံထားသော မြေညက်သဏ္ဌာန် ရှိ၏၊ သားမြတ်သားသည် လုံးစေ့ပြီးလျှင် ပစ်ချလိုက်သော ချဉ်မြေညက်စိုင် သဏ္ဌာန် ရှိ၏၊ [၂၄၅] လက်မောင်း ၂-ခုအသားသည် နှစ်ကောင်ထပ်၍ ထားသော အရေမရှိသည့် ကြွက်ကောင်ကြီးသဏ္ဌာန် ရှိ၏။ ဤဆိုခဲ့သည့် အတိုင်း ရုန့်ရင်းရုန့်ရင်းသော အသားကို သိမ်းဆည်းသော ယောဂီအား သိမ်မွေ့သော အသားသည်လည်း ထင်ရှား၏။ အရပ်အားဖြင့် အထက် အောက် နှစ်ပါးသောအရပ်တို့၌ ဖြစ်၏၊ တည်ရာအားဖြင့် သုံးရာ့နှစ်ဆယ် (၃၂၀) သောအရိုးတို့ကို လိမ်းကျံတွယ်ကပ်လျက် တည်၏၊ အပိုင်းအခြား

မှတ်ချက်

၁- ကျောက်လုံးငယ်ဟူသည်မှာ သီလာပုတ္တကော-ကျောက်သား ပေတည်း။ (ဋီကာ)

၂- တာလဂုဋ္ဌပဋ္ဌလ-ထန်းလျက်ပြား မည်သည်မှာ ချက်ပြီးသော ထန်းသီးရည်ကို ထန်းရွက်ဖျာစသည်တို့၌ လိမ်းကျံ၍ ခြောက်စေပြီးလျှင် ထုတ်၍ ခွဲ၍ ယူအပ်သော အပြားတည်း။ (ဋီကာ) ကာယာနုပဿနာ ကျမ်းဌ်ကား ကျောက်ကုန်းဝယာ အသားမြောင်သည် မပွင့်မကဲ့သေးသော ထန်းနို့အိမ်သဏ္ဌာန် မပွင့်မကဲ့သေးသော ကွမ်းသီးဖူးသဏ္ဌာန် ရှိသည် ဟူ၍ ဆိုသည်။

http://www.dhammadownload.com

အားဖြင့် အောက်ဖက်အတွင်းဖက်၌ အချင်းချင်း ဆက်စပ်နေသော အရိုးဌ တည်ရာအပြင်ဖြင့်, အထက်ဖက် အပြင်ဖက်၌ အရေဖြင့်, ဗီလာပတ်ဝန်းကျင်၌ အချင်းချင်းဖြင့် ပိုင်းခြားလျက် ရှိသည်။ ဤသည်ကား ထိုအသား၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဝပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၇) အကြော

၁၈၉။ နှာရု(အကြော)ဟူသည်ကား ကိုးရာ(၉၀၀)သော အကြော တို့ပေတည်း။ (ထို)အကြောအားလုံးတို့သည်လည်း အဆင်းအားဖြင့် ဖြူကုန်၏၊ သဏ္ဌာန်အားဖြင့် အမျိုးမျိုးသောသဏ္ဌာန်ရှိကုန်၏။ ခဲ့၍ပြဦးအံ့- ဤအကြောကိုးရာတို့တွင် လည်၏ ရှေးအဖို့မှစ၍ ကိုယ်ကိုဖွဲ့ယှက်ကုန်လျက် အကြောမကြီးငါးခုတို့သည် ရှေ့ဖက်ဖြင့် ဆင်းသက်ကုန်၏၊ ငါးခုတို့သည် နောက်ဖက်ဖြင့်၊ ငါးခုတို့သည် လက်ျာနံပါးဖြင့်၊ ငါးခုတို့သည် လက်ဝဲနံပါးဖြင့် (ဆင်းသက်ကုန်၏)၊ လက်ျာလက်ကို ဖွဲ့ယှက်ကုန်လျက်လည်း လက်၏ ရှေ့ဖက်ဖြင့် ငါးခု၊ နောက်ဖက်ဖြင့် ငါးခု၊ လက်ဝဲလက်ကို ဖွဲ့ယှက်ကုန်လျက် ထို့အတူ (ရှေ့ဖက်ငါးခု နောက်ဖက်ငါးခု)၊ လက်ျာခြေကို ဖွဲ့ယှက်ကုန်လျက်လည်း ခြေ၏ရှေ့ဖက်ဖြင့်ငါးခု၊ နောက်ဖက်ဖြင့်ငါးခု၊ လက်ဝဲခြေကို ဖွဲ့ယှက်ကုန်လျက်လည်း ထို့အတူ(ရှေ့ဖက်ငါးခု နောက်ဖက်ငါးခု) ဤသို့ အားဖြင့် (သရီရဓာရက) ကိုယ်ကိုဆောင်သော အကြောမည်ကုန်သော ဖိဝ-သော အကြောမကြီးတို့သည် ကိုယ်ကို ဖွဲ့ယှက်ကုန်လျက် ဆင်းသက်ကုန်၏။ ယင်းအကြောမကြီးတို့ကို ကဏ္ဍရာဟူ၍လည်း ဆိုအပ်ကုန်၏။ ထို အကြောမကြီး အားလုံးတို့သည်လည်း ပြူဒိုင်းခတ္တာငုံသဏ္ဌာန် ရှိကုန်၏[၁]။

မှတ်ချက်

၁–ကာယာနုပဿနာကျမ်း၌ ဝါငုံဖူးသဏ္ဌာန်ရှိကုန်၏ဟု ဆိုပြီးလျှင် ကဏ္ဍာလကို ပြူဒိုင်း ခတ္တာဟု ပြန်သည်ကို အနက်မနိုင်သောကြောင့် ဟူ၍လည်းဆို၏။

http://www.dhammadownload.com

အခြားအကြောတို့သည်ကား ထိုထိုကိုယ်အရပ်ကို လွှမ်းမိုးဖြန့်ယှက်လျက် တည်ကုန်၏၊ ထိုအောက် သိမ်မွေသောအကြောတို့သည် ချည်ကြိုးသဏ္ဌာန် ရှိကုန်၏[၁]၊ ထိုအောက် သိမ်မွေကုန်သော အခြားအကြောတို့သည် ဆင်သမန္တယ်သဏ္ဌာန် ရှိကုန်၏[၂]၊ ထိုအောက် သိမ်မွေကုန်သော အခြားအကြောတို့သည် စောင်းကြိုးကြီးသဏ္ဌာန် ရှိကုန်၏[၃]၊ထိုအောက် သိမ်မွေသော အခြားအကြောတို့သည် အပ်ချည်ကြိုးကြမ်းသဏ္ဌာန် ရှိကုန်၏၊ လက်ဖမိုး ခြေဖမိုးတို့၌ အကြောတို့သည် ငှက်ခြေသဏ္ဌာန်ရှိကုန်၏၊ ဦးခေါင်း၌ အကြောတို့သည် သူငယ်တို့၏ ခေါင်းစွပ်ဇာသဏ္ဌာန်ရှိကုန်၏၊ ကျောက်ကုန်း၌ အကြောတို့သည် နေပူထဲ၌ ဖြန့်ထားသော ပိုက်စိုသဏ္ဌာန်ရှိကုန်၏၊ ဆိုခဲ့ပြီးတို့မှ ကြွင်းကုန်သော ထို ထို အင်္ဂါကြီးငယ်သို့ အစဉ်လျောက်ကုန်သော အကြောတို့သည် ကိုယ်၌ဝတ်ထားသော ဇာအင်္ကျီသဏ္ဌာန်ရှိကုန်၏။ အရပ်အားဖြင့် အထက်အောက် ၂-ပါးသောအရပ်တို့၌ ဖြစ်ကုန်၏၊ တည်ရာအားဖြင့် တကိုယ်လုံး၌ အရိုးတို့ကို ဖွဲ့ယှက်လျက် တည်ကုန်၏။ အပိုင်းအခြားအားဖြင့် အောက်ဖက်၌ သုံးရာသောအရိုးတို့၏အထက်တွင် တည်ရာ

မှတ်ချက်

၁–ချည်ကြိုးသဏ္ဌာန် ရှိကုန်၏ ဟူသော အနက်သည် သုတ္တရဇ္ဇုကသဏ္ဌာနာ ဟူသော ပါဠိ၏ အနက်ဖြစ်သည်။ အဓိပ္ပါယ် မထင်ရှား။ ကာယာနုပဿနာကျမ်း၌မူ ခုဒ္ဒကပါဌ အဋ္ဌကထာမှ သူကရဝါဂုရရဇ္ဇုသဏ္ဌာနာ ဟူသောပါဌ်အရ ဝက်ထောင်သော ပိုက်၏ကြိုးသဏ္ဌာန် ရှိကုန်၏ ဟု ဆိုပြီးလျှင် ဝိသုဒ္ဓိမဂ်၌ ရှိသောပါဌ်ကို ပါဌ်ပျက်ဟူ၍လည်း ဆို၏။

၂–ကာယာနုပဿနာကျမ်း၌ ပူတိလတာ ပုဒ်ကို ကလိန်ဖြူနွယ်ဟု အနက်ပြန်၍ ကလိန်ဖြူနွယ်သဏ္ဌာန်ရှိကုန်၏ ဟု ဆို၏။

၃–ကာယာနုပဿနာကျမ်း၌ ဝီဏာ ပုဒ်ကို တယောဟု အနက်ပြန်၍ တယောကြိုးကြီးသဏ္ဌာန် ရှိကုန်၏-ဟု ဆို၏။

http://www.dhammadownload.com

အရပ်အပြင်ဖြင့်, အထက်ဖက်၌ အသားနှင့်အရေတို့ကို ထိဆိုက်၍ တည်ရာ အရပ်တို့ဖြင့်, ဖီလာပတ်ဝန်းကျင်၌ အချင်းချင်းဖြင့် ပိုင်းခြားလျက် ရှိသည်၊ ဤ သည်ကား ထိုအကြောတို့၏ သဘာဂပရိစ္ဆေဒပေတည်း၊ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၈) အရိုး

၁၉၀။ အဋ္ဌိ(အရိုး)ဟူသည်ကား ၃၂-ချောင်းသော သွားရိုးတို့ကို ချန်ထား၍ ကြွင်းကုန်သော[၁] လက်ရိုး ၆၄-ခု၊ ခြေရိုး ၆၄-ခု[၂]၊ အသားကို မှီသော အရိုးနု ၆၄-ခု၊ ဖဏ္ဍောင့်ရိုး ၂-ခု၊ ခြေတဖက်တဖက်၌ ဖမျက်ရိုး[၃] ၂-ခုစီ(ပေါင်း ၄-ခု)၊ ခြေသလုံးရိုး ၂-ခုစီ၊ ဒူးဆစ်ရိုး ၁-ခုစီ၊ ပေါင်ရိုး ၁-ခုစီ၊

မှတ်ချက်

၁–ကြွင်းကုန်သော....အရိုးတို့သည် သုံးရာမျှ ရှိကုန်၏-ဟု စပ်ပါ။

၂–ခြေရိုးများ ရေတွက်ပုံကို ကာယာနုပဿနာကျမ်း၌ ဤသို့ပြထား၏(အနာ တမီကျမ်း၌ကား ခြေချောင်းဖျား ဆစ်ရိုး ငါး၊ ၎င်းအလယ် ဆစ်ရိုးလေး၊ ခြေမတွင် အလယ်ဆစ်မရှိ၊ ၎င်းအရင်းဆစ်ရိုးငါး၊ ဖမိုးရိုးငါး၊ ဖဏ္ဍောင့်ရိုး တစ်၊ မြင်းခေါင်းရိုးအောက်, ဖမိုးရိုးနှင့်ဖဏ္ဍောင့်ရိုးတို့၏ အထက်အကြား၌ ခြေကျဉ်းဝတ်ရိုး ခြောက်၊ ခြေသည်းငါး၊ ပေါင်းခြေတဖက်၌ ၃၁၊ ခြေနှစ်ဖက် ၌ ၆၂။ အဋ္ဌကထာ အရေအတွက်အောက် ၂ ခု လျော့သည်)။

၃—ကာယာနုပဿနာ ကျမ်း၌ကား "ခြေမျက်စိရိုးသည် မြင်းခေါင်းရိုး ၂-ခု တို့၏ အဖျားအဖု ၂-ခုပင် ဖြစ်သောကြောင့် အသီးအခြား မရေတွက်သင့်၊ ၎င်းကို အသီးအခြား ရေတွက်လျှင် လက်မျက်စိရိုးကိုလည်း အသီးအခြား ရေတွက်ရလိမ့်မည်။ ထို့ကြောင့် ရှေးအဋ္ဌကထာတွင် မရှိ။ သက်သေကား "ဧဝံ တိမတ္တာနိ ဟူသောပါဠ်၌ 'ဧဝံ မတ္တာသဒ္ဒါတို့ဖြင့် ဖမျက်ရိုးတို့ကို ဆိုမ ထားကြောင်းပြသည်ဟု သိအပ်၏' ဟူသော ဝိဘင်းမူလ ဋီကာပင်တည်း" ဟူ၍ ဆို၏။

http://www.dhammadownload.com

တင်ပါးရိုး ၂-ခု၊ ကျောက်ဆူးရိုး ၁၈-ခု[1]၊ နံရိုး ၂၄-ခု၊ [၂၄၆] ရင်ရိုး ၁၄-ခု၊ ရင်ညွန့်ရိုး ၁-ခု၊ ညှပ်ရိုး ၂-ခု၊ လက်ပြင်ရိုး ၂-ခု၊ လက်မောင်းရိုး ၂-ခု၊ လက်ဖျံရိုး ၂-ခုစီ(၄-ခု)၊ လည်ရိုး ၇-ခု၊ မေးရိုး ၂-ခု၊ နှာခေါင်းရိုး ၁-ခု၊ မျက်ကွင်းရိုး ၂-ခု၊ နားရိုး ၂-ခု၊ နဖူးရိုး ၁-ခု၊ ဦးထိပ်ရိုး ၁-ခု၊ ဦးခေါင်းခွံရိုး ၉-ခု၊ ဤသို့အားဖြင့် အရိုးတို့သည် သုံးရာမျှရှိကုန်၏။ ထိုအားလုံးတို့သည် လည်း အဆင်းအားဖြင့် ဖြူကုန်၏။ သဏ္ဌာန်အားဖြင့် အမျိုးမျိုးသော သဏ္ဌာန်ရှိကုန်၏။

ခဲ့၍ပြဦးအံ့ – ထိုတွင် ခြေချောင်းအဖျားဆစ်ရိုးတို့သည် ခပေါင်းစေ့ သဏ္ဌာန်ရှိကုန်၏၊ ထို၏အခြားမဲ့ အလယ်ဆစ်ရိုးတို့သည် ပိန်ခဲ့စေ့သဏ္ဌာန် ရှိကုန်၏၊ အရင်းဆစ်ရိုးတို့သည် ထက်စည်သဏ္ဌာန်ရှိကုန်၏၊ ခြေဖမိုးရိုး တို့သည် ထုပြားထားသော ဗြူဒိုင်းခတ္တာပင်၏ အကြောစုသဏ္ဌာန်ရှိကုန်၏[2]၊ ဖကျောင့်ရိုးသည် တစေ့သာရှိသော ထန်းသီးစေ့သဏ္ဌာန်ရှိ၏၊ ဖမျက်ရိုးတို့ သည် ကြိုးဖြင့်ဖွဲ့ချည်ထားသော ကစားစရာ ဂေါ်လီလုံးသဏ္ဌာန်ရှိကုန်၏၊ ဖမျက်ရိုးတို့၌ ခြေသလုံးရိုးတို့၏ တည်ရာအရပ်သည် အခဲ့သင်ထားသော စွန်ပလွံညောက်သဏ္ဌာန် ရှိ၏[3]၊ ခြေသလုံးရိုးအငယ်သည် ကစားစရာ လေးငယ်၏ကိုင်းသဏ္ဌာန်ရှိ၏၊ ခြေသလုံးရိုးအကြီးသည် ညှိုးပိန်နေသော

မှတ်ချက်

၁ – ကျောက်ဆူးရိုး ၁၈-ခုထဲ၌ ခါးဆစ်ရိုးလည်း ပါဝင်သည်။

၂ – ကာယာနုပဿနာ ကျမ်း၌ ပြားအောင် ထုထားသော ဝ-ပင်ရိုး သဏ္ဌာန်ရှိကုန်၏-ဟု ဆို၏။

၃ – နိဿယ၌ သင်ပေါင်းညောက်သဏ္ဌာန်ရှိ၏ဟု ပြန်ထား၏။ အဘိဓာန်နိဿယ သစ်တို့၌ငင်း၊ ကာယာနုပဿနာ ကျမ်း၌ငင်း သိန္ဒီကို စွန်ပလွံဟု ပြန်ဆိုကြသည်။

http://www.dhammadownload.com

မြေ၏ကျောက်ကုန်းသဏ္ဌာန်ရှိ၏၊ ဒူးဆစ်ရိုးသည် တဖက်ပဲ့သော ရေမြုပ်သဏ္ဌာန်ရှိ၏၊ ထိုဒူးဆစ်ရိုး၌ ခြေသလုံးရိုး၏ တည်ရာအရပ်သည် အဖျားမထက်သည့် နွားချိုသဏ္ဌာန်ရှိ၏၊ ပေါင်ရိုးသည် မကောင်းသဖြင့် ရွေထားသော ပဲခွပ်ရိုး ပုဆိန်ရိုးသဏ္ဌာန်ရှိ၏၊ တင်ပါးရိုး၌ ထိုပေါင်ရိုး၏ တည်ရာအရပ်သည် ကစားစရာ ဂေါ်လီလုံးသဏ္ဌာန်ရှိ၏၊ ထိုပေါင်ရိုးနှင့်(တကွ စပ်လျက်) တင်ပါးရိုး၏တည်ရာအရပ်သည် အဖျားပိုင်းပြတ်နေသော ပုန်းညက်သီးကြီးသဏ္ဌာန်ရှိ၏။

တင်ပါးရိုး ၂-ခုတို့သည်လည်း တပေါင်းတည်းဆက်စပ်လျက် ဖြစ်ကြပါမူ အိုးထိန်းသည်တို့ လုပ်ထားသည့် ခုံလောက်သဏ္ဌာန်ရှိကုန်၏၊ တခုစီကွဲနေလျှင် ပန်းပဲတို့၏ သံကိုက်သဏ္ဌာန်ရှိကုန်၏[1]၊ အစွန်း၌တည်သော တင်ပါးရိုးသည် တွဲလျားဆွဲထားသော မြေ၏ပါးပျဉ်းသဏ္ဌာန်ရှိ၏၊ ခုနစ်ခုရှစ်ခုသောဌာနတို့၌ အပေါက်အပေါက်ရှိ၏၊ ကျောက်ဆူးရိုးတို့သည် အတွင်းဖက်မှ (အမြင်အားဖြင့်) အဆင့်ဆင့်ထပ်လျက်တင်ထားသော ခဲပြားခွေတို့၏သဏ္ဌာန် ရှိကုန်၏၊ အပြင်ဖက်မှ(အမြင်အားဖြင့်)ဗိန်းလုံးအစဉ် (၀၊-

---

မှတ်ချက်

၁–နိဿယ၌ ပန်းပဲတို့၏ တူရိုးသဏ္ဌာန် ရှိကုန်၏ ဟူ၍ဆင်း၊ တူရိုး၌ ချည်သော လွန်ကြိုးသဏ္ဌာန် ရှိကုန်၏ဟူ၍ဆင်း ပြန်ထား၏။ သို့သော် နောက်၌ အောက်မေးရိုး အရာတွင် အယောကူဋ္ဌယောတ္ထက ဟူသော အလားတူပုဒ်ကို သံကိုက်ဟု ပြန်ထား သောကြောင့်ဆင်း၊ ကာယာနုပဿနာကျမ်း၌ ထိုအယောကူဋ္ဌယောတ္ထ, အယောကူဋ္ဌယောတ္ထက-ဟူသော နှစ်ပုဒ်လုံးကို သံကိုက်ဟူ၍ချည်း ပြန်ထားသောကြောင့်ဆင်း၊ သိပ္ပံ ဆရာတို့ ဖော်ပြထားသော အရိုးပုံထဲ၌ တင်ပါးရိုးတခြမ်းသည် မေးရိုးကဲ့သို့ပင် သံကိုက်နှင့် တူနေသည်ကို တွေ့ရ သောကြောင့်ဆင်း ဤ၌လည်း သံကိုက် ဟူ၍သာ ပြန်သည်။

http://www.dhammadownload.com

ဗိန်းလုံးအဆင့်ဆင့်) သဏ္ဍာန်ရှိကုန်၏[၁]၊ ထိုကျောက်ဆူးရိုးတို့၏ အကြား အကြား၌ လွှသွားနှင့်တူကုန်သော နှစ်ခု သုံးခုသော ဆူးနှင့်တူသော အရိုးများရှိကြ၏။ ၂၄-ခုသော နံရိုးတို့တွင် မပြည့်သောနံရိုးတို့သည် မပြည့်သောသန်လျှက် (ဓားရှည်, ဓားကောက်) သဏ္ဍာန်ရှိကုန်၏[၂]၊ ပြည့်သောနံရိုးတို့သည် ပြည့်သောသန်လျှက်သဏ္ဍာန်ရှိကုန်၏၊ နံရိုးအားလုံးတို့

မှတ်ချက်

၁ – နိဿယ၌မူ ဝဋ္ဌနာဝဋ္ဌိသဏ္ဍာနာနိပုဒ်ကို "ဝင်သီတံ၌ ထိုး၍ သီထားအပ်သော ဝင်သီချည်တို့၏ အသွယ်အစဉ် သဏ္ဍာန် ရှိကုန်၏"ဟု အနက် ပြန်ပြီးလျှင် "ဝင်သီတံ ဟူသည် ဝင်ရိုး၊ ဝင်သီ-ဟူသည် ချည်ဝင်"ဟူ၍လည်း ဖွင့်ပြထား၏။ ကာယာနုပဿနာ ကျမ်း၌မူ ဝဋ္ဌနာဝဋ္ဌိ ပုဒ်ကို "ချည်မရှိသော ဗိန်းလုံးအဆင့်ဆင့်"ဟု ပြန်ပြီးလျှင် နိဿယ၌ ပြန်သော အနက်ကို ဋီကာ အဖွင့်နှင့် မညီ ဟူ၍ဝင်း၊ အရိုးပုံနှင့် မကိုက်ဟူ၍ဝင်း ဝေဘန် သွားလေသည်။ အပ်ချည်မရှိသော အပ်ချည်လုံး အဆင့်ဆင့် စီထားသည်နှင့်တူသည် ဟူ၍လည်း ဆိုသင့်၏။

၂ – နိဿယ၌ အပရိပုဏ္ဏအသိ-ပါဌ်ကို အနှောင့်အသွား မပြည့်သောသန်လျှက် ဟု ပြန်၏။ ကာယာနုပဿနာကျမ်း၌မူ "တိုသော နံရိုးတို့သည် လုပ်၍မပြီး သေးသော ဓားကောက်သဏ္ဍာန်၊ ရှည်သော နံရိုးတို့သည် လုပ်၍ ပြီးပြီး သော ဓားကောက်သဏ္ဍာန် ရှိကုန်၏"ဟု ပြန်၏။ ထိုပြန်ချက်၌ နံရိုးတို သည်ကိုပင် မပြည့်ဟူ၍ဝင်း၊ လုပ်၍ မပြီးသေးသည်ကိုပင် မပြည့်ဟူ၍ဝင်း ဆိုလို၏။ ခုဒ္ဒကပါဌ အဌကထာ၌"မပြည့်သော နံရိုးတို့သည် မပြည့်သော သီဟိုဋ္ဌ် တံစဉ်သဏ္ဍာန်ရှိကုန်၏။ ပြည့်သော နံရိုးတို့သည် ပြည့်သော သီဟိုဋ္ဌ် တံစဉ်သဏ္ဍာန် ရှိကုန်၏"ဟု ဆို၏။ ထိုအဌကထာ၌ သီဟိုဋ္ဌ် တံစဉ်နှင့် တူသည်ဟု ဆိုသောကြောင့်ဝင်း၊ နံရိုးသည် ကောက်လျက် ရှည်သော ကြောင့်ဝင်း ထိုနံရိုးတို့နှင့်တူသည်ဟု ဆိုသော သန်လျှက်ကိုလည်း ဓား ကောက်ပင် ဖြစ်သင့်သည်ဟု ကာယာနုပဿနာကျမ်း၌ ဆုံးဖြတ် ထားလေ သည်။

http://www.dhammadownload.com

သည်လည်း ကြက်ဖြူ၏ဖြန့်ထားသော အတောင်သဏ္ဌာန်ရှိကုန်၏။ ၁၄-ခု သော ရင်ရိုးတို့သည် အိုမင်းပျက်စီးနေသော သန်လျင်းချိုင့်သဏ္ဌာန် ရှိကုန်၏[၁]။ ရင်ညွန့်ရိုးသည် ယောက်မရွက်သဏ္ဌာန် ရှိ၏။

ဥပ်ရိုး ၂-ခုတို့သည် သံပဲခွက်ငယ်၏အရိုးသဏ္ဌာန် ရှိကုန်၏၊ လက်ပြင်ရိုး ၂-ခုတို့သည် တဖက်မှ ကုန်နေသော သီဟိုဠ်ပေါက်တူးသဏ္ဌာန် ရှိကုန်၏[၂]၊

မှတ်ချက်

၁–သန်လျင်း-ဟူသော အနက်သည် သန္ဓမာနိက-ဟု ရှိသော ပါဠိ၏ အနက် ဖြစ်သည်။ ကာယာနုပဿနာကျမ်းဋ္ဌကား သန္ဓန-ဟူသော ပါဠိကို ယူ၍ ရထားပျက်အိမ်သဏ္ဌာန်ရှိကုန်၏-ဟု ပြန်ထားသည်။ ယခု စာအုပ်တို့ဋ္ဌကား သန္ဓမာနိက-ဟူ၍ပင် ရှိသည်။

၂–သီဟိုဠ်ဆရာတို့ရေးသော အဋ္ဌကထာ ဖြစ်သောကြောင့် သီဟိုဠ်ဋ္ဌ ထင်ရှား နေသော ပေါက်တူးကို ဥပမာပြု၍ ပြထားသည်။ မြန်မာတို့ အနေဖြင့် သီဟိုဠ်ပေါက်တူးပုံကို သိရန်ခက်၏။ ထို့ကြောင့် ဤသို့သော ဥပမာသည် အကျိုးမများပေ။ ထိုဥပမာမျိုးကို မသိသည့်အတွက် စိတ်ပျက်ဖွယ်လည်း မရှိ၊ လက်ပြင်ရိုးကို စမ်းသပ်ကြည့်လျှင်လည်း သိနိုင်ပါ၏။ သေသူတို့၏ အရိုးစုကို ကြည့်၍လည်း သိနိုင်ပါ၏။ သီပို့ ဆရာတို့က ထုတ်ပြန်ထားသော အရိုးပုံများကို ကြည့်ရှု၍လည်း သိနိုင်ပါ၏။ သို့ဖြစ်၍ ၃၂-ကောဋ္ဌာသ ထဲမှ ဤမြန်မာပြန်အရ သဘောမပေါက်သော ကောဋ္ဌာသများ ရှိလျှင် သီပို့ဆရာတို့ ပြထားသော ကောဋ္ဌာသပုံတို့ကို ကြည့်ရှုကြပါလေ။ သီဟိုဠ် အဋ္ဌကထာ ဆရာတို့သည်လည်း ထိုရှေးခေတ်က ထင်ရှားသော အိန္ဒိယဆေး ကျမ်းများမှယူ၍ ဖော်ပြထားကြပေသည်။ ဘုရားဟောမှာ အကျဉ်းချုပ် ခေါင်းစဉ်မျှသာရှိသည်။ အသေးစိတ် ဝေဘန်ချက်မရှိပါ။ ထိုအကျဉ်းချုပ် မျှဖြင့်လည်း တရားနှလုံးသွင်းရန် လုံလောက်ပါသည်။ ဆေးကျမ်း သီပို့ ကျမ်းတို့ဋ္ဌကား ခဲ့စိတ်ခြင်းစသည်ဖြင့် ဆေးကုရာဋ္ဌ အကြွင်းမဲ့ပြည့်စုံစေရန် အစ္ဈမ်းကုန် စမ်းသပ်၍ သူတို့ တွေ့ရသမျှကို အတိအကျ ဖော်ပြထားကြ ပေသည်။

http://www.dhammadownload.com

လက်မောင်းရိုး ၂-ခုတို့သည် ကြေးမုံရိုးသဏ္ဌာန်ရှိကုန်၏[၁]၊ ၂-ခု ၂-ခုသော လက်ဖျံရိုးတို့သည် အစုံတွဲလျက်ရှိသော ထန်းဖု-ထန်းညှောက်-ထန်းမြစ် သဏ္ဌာန်ရှိကုန်၏၊ လက်ကောက်ဝတ်ရိုးတို့သည် တဖက်မှတွယ်ကပ်စေလျက် ထားအပ်သော ခဲပြားရစ်ခွေသဏ္ဌာန် ရှိကုန်၏၊ လက်ဖမိုးရိုးတို့သည် ထုပြား ထားသော ဗြူဒိုင်းခတ္တာပင်၏ အကြောစုသဏ္ဌာန် ရှိကုန်၏၊ [၂၄၇] လက် ချောင်းရိုးတို့တွင် အရင်းဆစ်အရိုးတို့သည် ထက်စည်သဏ္ဌာန် ရှိကုန်၏၊ အလယ်ဆစ်အရိုးတို့သည် မပြည့်သောပိန္နဲစေ့သဏ္ဌာန် ရှိကုန်၏၊ အဖျားဆစ် အရိုးတို့သည် ခပေါင်းစေ့သဏ္ဌာန် ရှိကုန်၏။

ခုနစ်ခုသော လည်ရိုးတို့သည် ဒုတ်တံ(လှံကန်)ဖြင့် ထိုးလျှို၍ အစဉ် အတိုင်း ဆင့်ထားသော ဝါးမျစ်ကွင်းပိုင်းများသဏ္ဌာန် ရှိကုန်၏၊ အောက် မေးရိုးသည် ပန်းပဲသမားတို့၏ သံကိုက်သဏ္ဌာန်ရှိ၏၊ အထက်မေးရိုးသည် ကြံခွံသင်သည့် ဓားမောက်သဏ္ဌာန်ရှိ၏၊ မျက်တွင်းရိုး နှာတွင်းရိုးတို့သည် အဆံအနှစ်ကို ထုတ်ထားသည့် နုသောထန်းစေ့သဏ္ဌာန်ရှိကုန်၏၊ နဖူးရိုး သည် မှောက်ထားသော ခရုသင်းခွက်ကွဲခြမ်းသဏ္ဌာန် ရှိ၏၊ နားထင်ရိုးတို့ သည် ဆေတ္တာသည်၏ သင်ဓုန်းအိမ်သဏ္ဌာန် ရှိကုန်၏။ နဖူးရိုး-နားထင်ရိုး တို့၏အထက်၌ သင်းကျစ်ဖွဲ့ရာအရပ်၌ အရိုးသည် အတွန့်အတွန့်ရှိ၍ ထော ပတ်ဖြင့်ပြည့်သော အဝတ်ပိုင်းသဏ္ဌာန်ရှိ၏[၂]၊ ဦးထိပ်ရိုးသည် မျက်နှာဝကို

မှတ်ချက်

၁– ဤကြေးမုံရိုးသည်လည်း ရှေးခေတ်က သီဟိုဠ်၌ အသုံးပြုသော ကြေးမုံရိုး ဖြစ်သည်။

၂– သက်ုဋ္ဌိတဃတပုဏ္ဏပဋ္ဌခဏ္ဍသဏ္ဌာနံ-ဟူသော ပုဒ်၏ အနက်ဖြစ်သည်။ ဤ၌ သက်ုဋ္ဌိတ-ပုဒ်ကို နိဿယ၌ ပြန်ထားသည့်အတိုင်းပင် "အတွန့်အတွန့်ရှိ၍" ဟု ပြန်ထားသည်။ ကာယာနုပဿနာ ကျမ်း၌ကား "ဝဲယာ နားထင်ရိုးနှစ် ချောင်းအထက် ဝဲယာဦးကင်းရိုး နှစ်ချောင်းတို့သည် အနားပတ်လည်ကိုင်း

http://www.dhammadownload.com

ဖြတ်ထားသော ကောက်သောအုန်းမှုတ်သဏ္ဌာန် ရှိ၏၊ (နောက်ဖက်) ဦးခေါင်းရိုးတို့သည် ချုပ်စပ်ထားသော ကွဲအက်သော ဗူးအုံသဏ္ဌာန် ရှိကုန်၏[၁]။

အရပ်အားဖြင့် အထက်အောက် ၂-ပါးသောအရပ်တို့၌ ဖြစ်ကုန်၏။ တည်ရာအားဖြင့် သာမန်ပြောရလျှင် တကိုယ်လုံး၌ တည်ကုန်၏၊ ခွဲခြား၍ အထူးအားဖြင့်ပြောရလျှင်ကား ထိုအရိုးတို့တွင် ဦးခေါင်းရိုးတို့သည် လည်ရိုးတို့၌တည်ကုန်၏၊ လည်ရိုးတို့သည် ကျောက်ဆူးရိုးတို့၌ တည်ကုန်၏၊ ကျောက်ဆူးရိုးတို့သည် တင်ပါးရိုးတို့၌ တည်ကုန်၏၊ တင်ပါးရိုးတို့သည် ပေါင်ရိုးတို့၌၊ ပေါင်ရိုးတို့သည် ဒူးဆစ်ရိုးတို့၌၊ ဒူးဆစ်ရိုးတို့သည် ခြေသလုံးရိုးတို့၌၊ ခြေသလုံးရိုးတို့သည် ဖမျက်ရိုးတို့၌၊ ဖမျက်ရိုးတို့သည် ခြေဖမိုးရိုးတို့၌ တည်ကုန်၏။ အပိုင်းအခြားအားဖြင့် အတွင်းဖက်၌ ရိုးတွင်းခြင်ဆီဖြင့်, အထက်ဖက်-အပြင်ဖက်၌ အသားဖြင့်, အဖျားနှင့်အရင်းဖက်၌ အချင်းချင်းဖြင့် ပိုင်းခြားလျက်ရှိသည်၊ ဤသည်ကား ထိုအရိုးတို့၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

မှတ်ချက်

၍ ထောပတ်အပြည့်ထည့်ထားအပ်သော ပိတ်ပိုင်းသဏ္ဌာန် ရှိကုန်၏” ဟု ဆိုထားလေသည်။ အရိုးရုပ်ပုံတို့၌လည်း ယင်း အရိုးပုံကို ကုန်းကုန်းကိုင်းကိုင်းပင် တွေ့ရ၏၊ ထို့ကြောင့် သင်္ခါရိတ-အရ ကိုင်းသည်-ဟု ဆိုခြင်းက သာ၍သင့်သကဲ့သို့ ရှိပေ၏။ ခုဒ္ဒကပါဌအဋ္ဌကထာ၌မူ ထိုသင်္ခါရိတ- ပုဒ်မပါပဲ ဗဟလဿတပုဏ္ဏပဋိလောတိကသဏ္ဌာနံ-ဟု ပါဠိရှိ၏၊ ထို့ပါဠိအရ အားဖြင့် “ပြစ်သောထောပတ်ဖြင့် ပြည့်သော ပုဆိုးကြမ်းပိုင်း သဏ္ဌာန် ရှိ၏”ဟု ပြန်ရာ၏။ သို့သော် ပုံသဏ္ဌာန်ကား မထင်ရှား။

၁–ကာယာနုပဿနာကျမ်း၌ “ဦးခေါင်းနောက်ဖယ်ရိုးငါးခုတို့သည် စပ်ချုပ်၍ထားသော ဗူးတောင်းဟောင်းကဲ့ ငါးခု သဏ္ဌာန်ရှိကုန်၏”ဟု ဆို၏။

http://www.dhammadownload.com

(၉) ရိုးတွင်းခြင်ဆီ

၁၉၁။ အဋ္ဌိမိဉ္ဇံ(ရိုးတွင်းခြင်ဆီ)ဟူသည်ကား ထိုထိုအရိုးတို့၏အတွင်း၌တည်သော ခြင်ဆီပေတည်း။ ၎င်းသည် အဆင်းအားဖြင့်ဖြူ၏၊ သဏ္ဌာန်အားဖြင့် ကြီးကုန် ကြီးကုန်သော အရိုးတို့၏ အတွင်း၌တည်သော ခြင်ဆီသည် ဝါးကျည်တောက်၌ထည့်၍ ပြုတ်ထားသော ကြိမ်ညှန့်ကြီးသဏ္ဌာန်ရှိ၏၊ ငယ်ကုန် အလွန်ငယ်ကုန်သော အရိုးတို့၏ အတွင်း၌တည်သော ခြင်ဆီသည် ငယ်သောဝါးဆစ်တို့၌ ထည့်၍ပြုတ်ထားသော ကြိမ်ညှန့်နုသဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် အထက်အောက် ၂-ပါးသော အရပ်တို့၌ဖြစ်၏၊ တည်ရာအားဖြင့် အရိုးတို့၏အတွင်း၌ တည်၏၊ အပိုင်းအခြားအားဖြင့် အရိုးတို့၏ အတွင်းဖက်အပြင်တို့ဖြင့် ပိုင်းခြားလျက် ရှိသည်၊ ဤသည်ကား ထိုခြင်ဆီ၏ သဘာဂပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၁၀) အည္ဆို

၁၉၂။ ဝက္ကံ(အည္ဆို)ဟူသည်ကား အညှာတခုတည်း၌ ဖွဲ့တွယ်လျက် ရှိသော အသားစိုင် ၂-ခုတို့ပေတည်း။ ၎င်းသည် အဆင်းအားဖြင့် စဉ်းငယ်နီ၏ ပင်လယ်ကသစ်စေ့အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် သူငယ်တို့၏ကစားစရာ အစုံဖွဲ့ထားသော ဂေါ်လီလုံး ၂-ခုသဏ္ဌာန်ရှိ၏၊ တနည်းပြောရလျှင် အညှာတခုတည်း၌ ဖွဲ့တွယ်နေသော သရက်သီး ၂-လုံးတွဲသဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် အထက်အရပ်၌ဖြစ်၏၊ တည်ရာအားဖြင့် လည်မျိုမှ ထွက်သော တခုသောအညှာရင်းဖြင့် အတန်ငယ်ဆင်းသွားပြီးလျှင် [၂၄၈] နှစ်ဖြာကဲ့သော အကြောကြီးဖြင့် ဖွဲ့တွယ်လျက် နှလုံးသားကို ခြုံရုံ၍ တည်၏[၁]၊

မှတ်ချက်

၁–ဝက္ကဟု ခေါ်သော ဤအည္ဆိုကို ကျောက်ကပ်ဟူ၍ အများက ဆိုကြ၏။ ကာယာနုဿနာကျမ်း၌ကား ကျောက်ကပ်သည် တည်ရာအားဖြင့် အလွန်

http://www.dhammadownload.com

အပိုင်းအခြားအားဖြင့် အည္ဆို့ကို အည္ဆိုအဖို့ဖြင့် ပိုင်းခြားလျက်ရှိသည်၊ ဤသည်ကား ထိုအည္ဆို့၏ သဘာဂပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၁၁) နှလုံး

၁၉၃။ ဟဒယံ(နှလုံး)ဟူသည်ကား နှလုံးသားပေတည်း။ ၎င်းသည် အဆင်းအားဖြင့် နီ၏၊ ပဒုမ္မာကြာနီပွင့်ဖတ်၏ ကျောဖက်အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် ပြင်ပအပွင့်ဖတ်တို့ကို ခွါပစ်၍ စောက်ထိုးဆွဲထားသော

မှတ်ချက်

အောက်ကျသောကြောင့် စသည်ဖြင့် အပြစ်ပြပြီးလျှင် ထိုအဆိုကို ပယ်၍ အစာကို ယူတတ်သော အင်္ဂါ ဖြစ်သင့်ကြောင်းကိုလည်း ပြဆိုပြီးလျှင် အောက်ပါအတိုင်း ပြဆိုထားသည်။

"အနာဘမိကျမ်း၌ကား လျှာခင်၏ နောက် လည်ချောင်းပေါက်မှ ရေအစာဝင်သော အပေါက်က ကျောဘက်၌, အသက်ရှူလေ ဝင်သော အပေါက်က ရင်ပတ်ဘက်၌ ဖြစ်၍ ဝင်ပေါက် နှစ်ခုရှိ၏၊ ထိုနှစ်ခုတို့တွင် အသက်ရှူလေ ဝင်သော ရင်ပတ်ဘက် အပေါက်သည် ဆီသွတ်ကတော့သဏ္ဌာန် နှစ်ဆင့်ရှိ၏၊ ထိုနှစ်ဆင့်တို့တွင် ပြင်ဘက်အဆင့် ကတော့ကို လက်နှင့်စမ်းကြည့်လျှင် လည်ချောင်း၌ မာမာတွေ့ရသော အရိုးနှ အဖုအဆစ်တို့ပင်ဖြစ်သည်၊ ဤပြင်ဘက် ကတော့သည် ရေအစာတို့ကို မျိုလျှင် ရင်ပတ်ဘက်လေဝင်ပေါက်သို့ မဝင်ရအောင် တက်၍ပိတ်၏၊ ဤပြင်ဘက် ကတော့အောက် လေဝင်သော လည်ချောင်းပေါက်ဝယာ၌ ဤအည္ဆိုသည် တွယ်ကပ်လျက် တည်၏၊ သောက်ရေတွင် ထုံးဖြစ်စေ၊ ဆားဖြစ်စေ များစွာပါသည့် ရေငန်, ဖြူသောအဆင်းရှိသည့်ရေမျှားကို သောက်ရသော အရပ်သားတို့၌ လည်ပင်းကြီးရောဂါ ဖြစ်တတ်သည်ဟူ၍ ဆို၏။ အနာဘမိကျမ်းတွင် ဆိုသော ဤစကားသည် ယခု လူတို့ အည္ဆို့၏တည်ပုံနှင့် ညီသည်။"

http://www.dhammadownload.com

ပဒုမ္မာကြာငုံသဏ္ဌာန်ရှိ၏၊ အပ၌ ပြေပြစ်ချောညက်၏၊ အတွင်း၌ သပ္ပတ်ခါးသီး၏ အတွင်းသားနှင့်တူ၏၊ ပညာရှိသောသူတို့အား အနည်းငယ်ပွင့်၏၊ ပညာနုံ့သောသူတို့အား ငုံလျက်သာရှိ၏၊ ယင်းနှလုံး၏ အတွင်း၌ ပုန်းညက်စေ့၏တည်ရာမျှသော တွင်းငယ်သည်ရှိ၏၊ ယင်းတွင်းငယ်၌ လက်ဆွန်းဝက်ခန့်မျှသော ၁ သွေးသည် ကောင်းစွာ တည်ရှိ၏၊ ယင်းသွေးကိုမှီ၍ (၀၊-ယင်းသွေး၌ရှိသော ဝတ္ထုရုပ်ကိုမှီ၍) မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့သည် ဖြစ်ကုန်၏ ၂။ ဆက်ဦးအံ့—ထိုသို့သော ဤနှလုံးသွေးသည်

မှတ်ချက်

၁–လက်နှစ်ခု ယှက်၍ ခံယူရာ၌ လက်ခုပ်ဟု ခေါ်သည်၊ လက်တဖက်ဖြင့် ခံယူရာ၌ လက်ဆွန်းဟု ခေါ်သည်။ ယင်း လက်ဆွန်း၏ ထက်ဝက်ကို လက်ဆွန်းဝက်ဟု ခေါ်သည်။

၂–ပဉ္ဇဒ္ဒါရာဝဇ္ဇန်းစိတ် ၁၊ သမ္ပဋိစ္ဆိုင်းစိတ် ၂-ဤစိတ် ၃-ခုကို မနောဓာတ်ခေါ်သည်၊ စက္ခုဝိညာဏ် စသော ပဉ္ဇဝိညာဏ် ၁၀-နှင့် ဤ မနောဓာတ် ၃-ခုမှ ကြွင်းသော စိတ် ၇၆-ပါးတို့ကို မနောဝိညာဏဓာတ်ခေါ်သည်။ ယင်း ၇၆-ပါးနှင့် မနောဓာတ် ၃-ပါးဟူသော ဤစိတ်များသည် နှလုံးသွေး၌ မပြတ်ဖြစ်လျက်ရှိသော ဟဒယဝတ္ထု မည်သောရုပ်ကို မှီ၍ ဖြစ်ကြသည်ဟု ဆိုလို၏။ ထို အဆိုနှင့်စပ်၍ စောဒနာဖွယ်ရှိ၏။ အဘယ်သို့နည်း? ဟူမူ–ယခုခေတ်၌ နှလုံးဟောင်းကို ထုတ်ပယ်၍ နှလုံးသစ်ကိုထည့်လျက် ကုသနေချိန်တွင် ထိုစိတ်များသည် အဘယ်ကိုမှီ၍ ဖြစ်နေကြပါသနည်းဟု စောဒနာဖွယ်ရှိ၏။ အဌကထာ အဆိုအတိုင်း အတိအကျ ယူလိုလျှင် "နှလုံးအသစ်နှင့် ကိုယ်မှသွေးများ မစပ်မိသေးချိန်၌ နှလုံးဟောင်းထဲက ဝတ္ထုရုပ်ကိုပင် မှီ၍ ဖြစ်နေကြသည်၊ စပ်မိသောအခါမှစ၍ နှလုံး အသစ်ထဲ၌ ဝတ္ထုရုပ် ဖြစ်ပေါ်၍ ထို ဝတ္ထုရုပ်ကိုမှီလျက် ဖြစ်သွားကြသည်"ဟု ယူရာ၏။ ထိုသို့ အတိအကျ မယူပဲ "နှလုံးထဲက သွေး၌၎င်း၊ နှလုံးမှ ပန်းထုတ်လိုက်သော သွေးထဲ၌၎င်း ဝတ္ထုရုပ် ဖြစ်သည်၊ ထိုဝတ္ထုရုပ်ကို မှီ၍ ဖြစ်ကြသည်" ဟု ယူလျှင်မူကား ထိုစောဒနာမျိုး ဖြစ်ဖွယ်ပင် မရှိတော့ပေ။

http://www.dhammadownload.com

ရာဂအားကြီးသောသူအား နှိ၍ ၁၊ ဒေါသအားကြီးသောသူအား မည်း၏၊ မောဟအားကြီးသောသူအား အသားဆေးရေနှင့်တူ၏။ ဝိတက်အားကြီးသောသူအား ပဲပိစပ်ပြုတ်ရည်အဆင်းရှိ၏၊ သဒ္ဓါအားကြီးသောသူအား မဟာလှေကားပုဇွန်အဆင်း ရှိ၏၊ ပညာအားကြီးသောသူအား ကြည်၏ အထူးကြည်လင်၏ နောက်ကျုခြင်းမရှိ ဖြူစင်၏ ထက်ဝန်းကျင် စင်ကြယ်၏ ကောင်းစွာ သွေးထားသော ပတ္တမြားဇာစ်ကဲ့သို့ အရောင်တောက်လျက် ထင်၏။ အရပ်အားဖြင့် အထက်အရပ်၌ဖြစ်၏၊ တည်ရာအားဖြင့် သားမြတ်နှစ်ခုတို့၏ အလယ်ကြား ကိုယ်၏အတွင်း၌ တည်၏။ ၂၊ အပိုင်းအခြား

မှတ်ချက်

၁–ရာဂအားကြီးသောသူ - ဟူသည်မှာ ရာဂအဖြစ်များသူ - ရာဂစရိုက်ရှိသူပင် ဖြစ်သည်၊ ထို့ကြောင့် ရာဂစရိုက်ရှိသူ-ဟု ဆိုမည့်အစား ဤ၌ ရာဂအားကြီးသောသူ-ဟု ဆိုထားခြင်း ဖြစ်သည်။ ဒေါသအားကြီးသောသူ စသည်ဖြင့် ဆိုရာတို့၌လည်း နည်းတူပင်။

၂–ဤအရာ၌ ယခုခေတ် အနောက်တိုင်းဆရာတို့၏အဆိုကိုအကျဉ်းချုပ် ပြအံ့။ နှလုံးသည် ခန္ဓာကိုယ် ရင်ခေါင်းအတွင်း အဆုတ်နှစ်ခုအကြား၌တည်သည်၊ အရွယ်အားဖြင့် လက်သီးဆုပ် ပမာဏ ရှိသည်၊ သစ်တော်သီး ပုံသဏ္ဌာန်ရှိသည်၊ အောက်ပိုင်း လက်ဝဲဖက်အဖျားတွင် ချွန်နေဟန် ရှိသည်၊ တကိုယ်လုံးသို့ သွေးများကို ပို့ပေးသော အင်္ဂါဖြစ်သည်၊ ထိုနှလုံး၌ လက်ဝဲလက္ခဏာ အခန်း ၂-ခု ရှိသည်၊ လက်ဝဲအခန်း၌ အထက်ခန်း အောက်ခန်း ၂-ခု ရှိသည်၊ လက္ခဏာအခန်း၌လည်း နည်းတူပင် အထက်အောက် ၂ ခန်း ပင် ရှိသည်၊ တကိုယ်လုံးမှ သွေးပြန်ကြောများဖြင့် ပြန်လာသောသွေးများသည် သွေးပြန်အကြောမကြီးဖြင့် နှလုံး၏လက္ခဏာဘက် အထက်ခန်းသို့ ဝင်ကြသည်၊ အထက်ခန်းမှ အောက်ခန်းသို့ ဝင်ကြသည်၊ ထိုအခန်း၌ ပြည့်သောအခါ ယင်းသွေးများကို နှလုံးက ညှစ်ထုတ်လိုက်သည်၊ ထိုသွေးများသည် သွေးလွှတ်ကြောမကြီးဖြင့် ထွက်၍ ထိုအကြောမကြီးမှ လက္ခဏာဘက်အဆုတ်သို့ တသွယ် လက်ဝဲဘက်အဆုတ်သို့ တသွယ် ခွဲသွားသော

http://www.dhammadownload.com

အားဖြင့် နှလုံးသည် နှလုံးအဖို့အားဖြင့် ပိုင်းခြားလျက် ရှိသည်၊ ဤသည်ကား ထိုနှလုံး၏ သဘာဂပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၁၂) အသည်း

၁၉၄။ ယကနံ(အသည်း)ဟူသည်ကား အစုံသော အသားလွှာပေတည်း။ ၎င်းသည် အဆင်းအားဖြင့် နီရောင်ရှိ၏ ဖြေ့တော့သော သဘောရှိ၏ နီလွန်းသည်ကား မဟုတ် ကုမုဒ္ဒရာကြာပွင့်ဖတ်၏ ကျောဖက်အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် အရင်း၌ တခုတည်း, အဖျား၌ အစုံဖြစ်၍ ပင်လယ်

မှတ်ချက်

အကြောကြီးများဖြင့် လက်ျာ လက်ဝဲ အဆုတ် ၂-ခုအတွင်းသို့ ဝင်ကြသည်၊ ထိုအဆုတ်များထဲ၌ သေးငယ်သော အလွန်သေးငယ်သော သွေးကြောများဖြင့် ထိုသွေးများ ပြန့်နှံ့သွားသည်၊ ရှူသွင်းလိုက်သော အသက်ရှူလေက ထိုသွေးများထဲသို့ အောက်ဆီဂျင်ခေါ် လိုအပ်သော အငွေ့များကို ထည့်သွင်းပေးသည်၊ ရှူထုတ်သောလေက မလိုအပ်သော ကာဘွန်ဒိုင်အောက်ဆိုက်ခေါ် အငွေ့များကို သယ်ဆောင်သွားခြင်းဖြင့် သွေးများကို စင်ကြယ်စေသည်၊ ထိုသို့ စင်ကြယ်ပြီးသော သွေးများသည် သွေးပြန်အကြောမကြီးများဖြင့် အဆုတ်မှထွက်၍ နှလုံး၏ လက်ဝဲဘက် အထက်ခန်းသို့ဝင်ကြသည်၊ အထက်ခန်းမှ အောက်ခန်းသို့ ဝင်ကြသည်၊ ထိုအခန်း၌ ပြည့်သောအခါ ထို သွေးသန့်များကို နှလုံးက ညှစ်ထုတ်လိုက်သည်၊ ထို သွေးသန့်များသည် သွေးလွှတ်ကြောမကြီးမှ အထက်အောက် တကိုယ်လုံးသို့ ပြန့်နှံ့သွားသည်၊ တမိနစ်ခန့်အတွင်းမှာ ထိုသွေးများသည် သွေးပြန်ကြောများဖြင့် ပြန်လာ၍ နှလုံးသို့ ပြန်ရောက်သည်။ နှလုံးမှ တမိနစ်လျှင် အကြိမ် ခုနစ်ဆယ်ခန့်မျှ သွေးများကို ညှစ်ထုတ်ပေးနေသည်-ဟု ဆို၏။ ထိုထက် ကျယ်ပြန့်စွာသိလိုလျှင် ခန္ဓာကိုယ်အစိတ်အပိုင်းများကို ဖော်ပြထားသော စာအုပ်စာတမ်းများကို ကြည့်ပါလေ။

http://www.dhammadownload.com

ကသစ်ရွက်သဏ္ဌာန်ရှိ၏၊ ထိုအသည်းသည်လည်း ပညာနှံ့သော သူတို့အား တခုတည်းသာ ဖြစ်လျက် ကြီး၏၊ ပညာရှိသော သူတို့အား နှစ်ခု သုံးခု ဖြစ်လျက် ငယ်ကုန်၏၊ အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏၊ တည်ရာ အားဖြင့် နှစ်ခုသော သားမြတ်တို့၏အတွင်း၌ လက္ခဏာနှံပါးကိုမှီ၍တည်၏ [၁]၊ အပိုင်းအခြားအားဖြင့် အသည်းသည် အသည်းအဖို့ဖြင့် ပိုင်းခြားလျက် ရှိသည်၊ ဤသည်ကား ထိုအသည်း၏ သဘာဂပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၁၃) အမြှေး

၁၉၅။ ကိလောမကံ(အမြှေး)ဟူသည်ကား ဖုံးလွှမ်းတတ်သော အမြှေး မဖုံးလွှမ်းတတ်သော အမြှေးတို့၏ အပြားအားဖြင့် နှစ်ပါးအပြားရှိသော မြှေးယှက်တတ်သော အသားလွှာပေတည်း။ ထိုနှစ်ပါးလုံးသည်လည်း အဆင်းအားဖြင့် ဖြူ၏ ဘွဲ့ဖြူပုဆိုးကြမ်းနှင့်တူသော အဆင်းရှိ၏ [၂]၊ သဏ္ဌာန်အားဖြင့် မိမိ၏ တည်ရာအရပ်သဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် ဖုံးလွှမ်း တတ်သော အမြှေးသည် အထက်အရပ်၌ ဖြစ်၏၊ အခြားအမြှေးသည် [၂]-

---

မှတ်ချက်

၁-ဤအသည်း၏ တည်နေပုံကိုလည်း ကိုယ်အစိတ်အပိုင်းများကို ပြထားသော ထိုစာအုပ်စာတမ်းများ၌ ကြည့်ရှုလျှင် သာ၍အသိရှင်းပေလိမ့်မည်။

၂-ကာယာနုပဿနာကျမ်း၌ ဒုက္ကူလပိလောတိက-ဘွဲ့ဖြူပုဆိုးကြမ်းအကြောင်း ကို ဤသို့ ပြဆိုထား၏ "ဒုက္ကူလကား စိန်ရတီချိန်သော ဘီသွာ (ဘီဇွာ) စေ့ထွက်သည့် နှမ်းကြပ်ပင်က လျှော်ကို ယက်သည့် အဝတ် ဖြစ်သည်၊ ပိလောတိက-သဒ္ဒါလည်း ကြမ်းသော အဝတ်ကို ဟောသည်၊ ထို့ကြောင့် တံငါ သားမွေးရာ၌ ဒုက္ကူလမည်သော လျှော်ယက် ပုဆိုးကြမ်းနှင့် ခံသော ကြောင့် ဒုက္ကူလ မည်ကြောင်း သုဝဏ္ဏသာမဇာတ်၌ ဆိုသည်။"

http://www.dhammadownload.com

ပါးသောအရပ်တို့၌ ဖြစ်၏၊ တည်ရာအားဖြင့် [၂၄၉] ဖုံးလွှမ်းတတ်သော အမြေးသည် နှလုံးနှင့်အညှိုကို ဖုံးလွှမ်းလျက်တည်၏၊ မဖုံးလွှမ်းတတ်သော အမြေးသည် တကိုယ်လုံး၌ အရေ၏အောက်ရှိ အသားကို မြေးယှက်လျက်တည်၏၊ အပိုင်းအခြားအားဖြင့် အောက်ဖက်၌ အသားဖြင့်, အထက်ဖက်၌ အရေဖြင့်, ဖီလာပတ်ဝန်းကျင်၌ အမြေးအဖို့ဖြင့် ပိုင်းခြားလျက်ရှိသည်၊ ဤသည်ကား ထိုအမြေး၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၁၄) အဖျဉ်း

၁၉၆။ ပိဟကံ (အဖျဉ်း)ဟူသည်ကား အစာသစ်အိမ်၏ အထက်စောင်၌တည်သော သရက်ရွက်ခေါ် ဝမ်းလွှာ အသားတုံးပေတည်း။ ၎င်းသည် အဆင်းအားဖြင့် ညို၏ ကြောင်ပန်းပွင့်အဆင်း ရှိ၏၊ သဏ္ဌာန်အားဖြင့် လက်ခုနစ်သစ်ပမာဏရှိ၏ အဖွဲ့ အညှာ မရှိ နွားနို့(နက်)ငယ်၏ လျှာသဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏၊ တည်ရာအားဖြင့် နှလုံး၏ လက်ဝဲဖက်၌ အစာသစ်အိမ်လွှာ၏ အထက်ဖက်ကို မှီ၍တည်၏၊ ယင်းအဖျဉ်းကို လက်နက်ဖြင့် ထိုးခုတ် ပုတ်ခတ်ခြင်းကြောင့် အပြင်သို့ ထွက်လတ်သော် သတ္တဝါတို့၏ အသက်ကုန်ခြင်း ဖြစ်လေတော့၏[၁]၊ အပိုင်း

မှတ်ချက်

၁–ကာယာနုပဿနာကျမ်း၌ "တွဲလျားကျသော အသားပျဉ်းဖြစ်၍ ရှေးအခါက အဖျဉ်းဟု ခေါ်သည်၊ သရက်ရွက်နှင့် တူသောကြောင့် နောက်အခါ သရက်ရွက်ဟု ခေါ်သည်"ဟု ဆို၏။ ထို့ပြင် "သရက်ရွက်သည် အထက်မှ ရေလျှင် ၆-ခုမြောက်နံရိုးကစ၍ အောက်ကို တမိုက်တိုင်အောင် လက်ဝဲနံပါးအတွင်း အစာသစ်အိမ်၏ လက်ဝဲဘက် အထက်ပိုင်းကို ဖိကပ်လျက် လူ့ကိုယ်၏ အထက်အောက် အလျားလိုက် တည်၏" စသည်ဖြင့် အနာဟပီကျမ်း အဆိုကိုလည်း ပြထားသေး၏။

http://www.dhammadownload.com

အခြားအားဖြင့် အမြေးအဖို့ဖြင့် ပိုင်းခြားလျက်ရှိသည်၊ ဤသည်ကား ထို အမြေး၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဝပရိစ္ဆေဒသည်ကား ဆံပင် တို့နှင့် တူသည်သာတည်း။

(၁၅) အဆုတ်

၁၉၇။ ပပ္ဖါသံ(အဆုတ်)ဟူသည်ကား အသားပိုင်း နှစ်ခု သုံးခုအပြား ရှိသော အဆုတ်မည်သော အသားပေတည်း [၁]။ ၎င်းသည် အဆင်းအားဖြင့် နီ၏ မမှည့်လွန်းသေးသော ရေသဖန်းသီး အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် မညီမညွတ်ဖြတ်ထားသော ထူသောမုံ့ပိုင်းသဏ္ဌာန်ရှိ၏၊ အတွင်းဖက်၌ စားသောက်ထားသော အစာမရှိသောအခါ တက်သော ကမ္မဇတေဇော အပူဇွေဖြင့် ပူလောင်နှိပ်စက်သောကြောင့် ညက်စ္စာ ဝါးထားသော ကောက်ရိုးထွေးကဲ့သို့ပင် အနှစ်အရသာမရှိ၊ အဆီအြဖဇာမရှိ၊ အရုပ်အားဖြင့် အထက်အရုပ်၌ ဖြစ်၏၊ တည်ရာအားဖြင့် ကိုယ်၏အတွင်း၌ သားမြတ်နှစ်ခု တို့၏ အကြား၌ နှလုံးနှင့်အသည်းကို ဖုံးအုပ်ကာ တဲရရွဲဆဲလျက် တည်၏၊ အပိုင်းအခြားအားဖြင့် အဆုတ်အဖို့ဖြင့် ပိုင်းခြားလျက်ရှိသည်၊ ဤသည် ကား ထိုအဆုတ်၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဝပရိစ္ဆေဒသည် ကား ဆံပင်တို့နှင့်တူသည်သာတည်း။

မှတ်ချက်

၁–ဤ၌ အသားပိုင်း နှစ်ခု သုံးခု အပြားရှိသော-ဟူသော အနက်သည် ဒွတ္တိ-မံသခဏ္ဍပ္ပဘေဒံ-ဟူသော သီဟိုဠ်မူပါဠိနှင့်အညီ ပြန်ချက် ဖြစ်သည်၊ လက်ဝဲ ဖက် အဆုတ်မှာ အသားပိုင်း ၂-ခု, လက်ျာဖက်အဆုတ်မှာ အသားပိုင်း ၃-ခု ရှိသောကြောင့် ဒွတ္တိ-နှစ်ခု သုံးခု-ဟု ဆိုထားခြင်း ဖြစ်ပေသည်၊ ကောဋ္ဌာသ ရုပ်ပုံများကို ကြည့်လျှင် အဆုတ်၏ပုံစံကို ဤအတိုင်းပင် တွေ့ရသည်။ မြန်မာ စာအုပ်တို့၌ကား ယင်းဒွတ္တိ-အစား၌ ဒွတ္တိ သ-ဟု ပါ၌ပျက်လျက် ရှိ၏။

http://www.dhammadownload.com

(၁၆) အူမ

၁၉၇။ အန္တံ(အူမ)ဟူသည်ကား ယောကျ်ားမှာ ၃၂-တောင်, မိန်းမမှာ ၂၈-တောင်ရှိသော အူမခွေပေတည်း၊ ၂၁-ခုသော နေရာတို့၌ တွန့်လျက် ခွေလျက်ရှိ၏၊ ထိုသို့သော ဤအူမခွေသည် အဆင်းအားဖြင့် ဖြူ၏ ကျောက်ဖြူမှုန့်အင်္ဂတေအဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် နီသော ဆိုးရေကျင်း၌ ခွေ၍ ထည့်ထားသော ခေါင်းဖြတ်ထားသည့် မြွေသဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် ၂-ပါးသောအရပ်တို့၌ ဖြစ်၏၊ တည်ရာအားဖြင့် အထက်တွင် လည်မျိုနှင့် အောက်တွင် ကျင်ကြီးလမ်း(ဝစ္စမဂ်)၌ ဖွဲ့စပ်လျက်ရှိသောကြောင့် လည်မျိုအစ ဝစ္စမဂ်အဆုံးရှိသော ကိုယ်တွင်း၌ တည်၏၊ အပိုင်းအခြားအားဖြင့် အူမအဖို့ဖြင့် ပိုင်းခြားလျက်ရှိသည်၊ ဤသည်ကား ထိုအူမ၏ သဘာဝ ပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၁၇) အူသိမ်

[၂၅၀] ၁၉၉။ အန္တဂုဏံ (အူသိမ်) ဟူသည်ကား အူမခွေအရပ်တို့၌ ဖွဲ့တွယ်သောအရူပေတည်း။ ထိုအူသိမ်သည် အဆင်းအားဖြင့် ဖြူ၏ ကြာသိမ်မြစ်အဆင်းရှိ၏၊ ၀၊-ရှည်နစ်နေသော မှော်မြစ်အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် ကြာသိမ်မြစ် မှော်မြစ်သဏ္ဌာန်ပင်ရှိ၏၊ အရပ်အားဖြင့် ၂-ပါးသောအရပ်တို့၌ ဖြစ်၏၊ တည်ရာအားဖြင့် ပေါက်တူးပေါက်ခြင်း ပုဆိန်ပေါက်ခြင်းအမှု စသည်တို့ကို ပြုလုပ်သောသူတို့၏ အူခွေတို့ကို လျှောမကျအောင် [1] ယန္တြားစက်ကို ဆွဲငင်သောအခါ၌ ယန္တြားစက်ကြိုးသည် ယန္တြားစက်ပျဉ်ချပ်တို့ကို လျှောမကျအောင် ဖွဲ့တွယ်ထားသကဲ့သို့ တပေါင်း

မှတ်ချက်

၁ – လျှောမကျအောင်....တပေါင်းတည်း ဖွဲ့တွယ်လျက်....ချုပ်စပ်လျက် တည်၏-ဟုစပ်ပါ။

http://www.dhammadownload.com

တည်း ဖွဲ့တွယ်လျက်[၁] ခြေသုတ်ကြိုးဝန်း၏ အကြားဌာန် ချုပ်စပ်လျက် တည်သော ကြိုးငယ်တို့ကဲ့သို့ ၂၁-ခုသော အူမခွေတို့၏ အကြားဌာန် ချုပ်စပ်လျက် တည်၏၊ အပိုင်းအခြားအားဖြင့် အူသိမ်အဖို့ဖြင့် ပိုင်းခြားလျက် ရှိသည်၊ ဤသည်ကား ထိုအူသိမ်၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဂ ပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၁၈) အစာသစ်

၂၀၀။ ဥဒရိယံ(အစာသစ်)ဟူသည်ကား အစာသစ်အိမ်ဟူသော ဝမ်းဌာန် ဖြစ်သော(ဝါ-တည်ရှိနေသော)စား-သောက်-ခဲ-လျက်ထားသော အစာပေ တည်း။ ၎င်းသည် အဆင်းအားဖြင့် စားမျိုထားသည့် အစာအဆင်း ရှိ၏၊ သဏ္ဌာန်အားဖြင့် အဝတ်ရေစစ်ဌာန် လျော့လျော့ထုပ်ထားသော ဆန်မျိုး သဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် အထက်အရပ်ဌာန် ဖြစ်၏၊ တည်ရာအားဖြင့် အစာသစ်အိမ်ဟူသော ဝမ်းဌာန် တည်၏။

(ဥဒရ)အစာသစ်အိမ်—ဝမ်းမည်သည်မှာ စိုသောအဝတ်ပုဆိုးကို နှစ် ဖက်မှကိုင်၍ လိမ်၍ညှစ်လျှင် အလယ်ဌာန်ဖြစ်သော လေအူဖောင်းနှင့်တူသော အူမလွှာပေတည်း၊ အပြင်ပဌာန် ချောညက်၏ အတွင်းဌာန် အသားမို့က်. အသားပုပ်ကို ရစ်ထုပ်ထားသော ညစ်နွမ်းသော တဘက်၏ အမြိတ်အဆာ နှင့်တူ၏၊ ပုပ်ရိသောပိန္နဲသီးအခွံ၏ အတွင်းဖက်နှင့်တူသည်ဟူ၍လည်း ဆိုသင့် ပေ၏၊ ယင်းအစာသစ်အိမ်ဌာန် တက္ကောဋ္ဌကပိုး ဂဏ္ဍုပ္ပါဒကပိုး တာလဟီရကပိုး သူစိမုခကပိုး ပဋ္ဌတန္တသုတ္တကပိုး ဤသို့ အစရှိကုန်သော ၃၂-ပါးသော

မှတ်ချက်

၁–ဖွဲ့တွယ်လျက်....ချုပ်စပ်လျက်တည်၏-ဟုစပ်ပါ။

http://www.dhammadownload.com

အမျိုးအားဖြင့်ကွဲပြားကုန်သော ပိုးတို့သည် [၁] ရှုပ်ယှက်ခတ်လျက် အစုလိုက်အပြုံလိုက် သွားလာကျက်စားကြလျက် နေကုန်၏၊ ယင်းပိုးတို့သည် (အစာအိမ်ထဲ၌) အဖျော်ဘောဇဉ် စသည် မရှိသောအခါ မြည်အော်ကုန်လျက် ခုန်တက်ကုန်၍ နှလုံးသားကို တိုက်ခိုက်ထိပါးကုန်၏၊ အဖျော်ဘောဇဉ် စသည်ကို စားမျိုသောအခါ၌လည်း မော့သော ပါးစပ်ရှိကုန်လျက် [၂] ရှေးဦးစွာမျိုလိုက်သော နှစ်လုပ် သုံးလုပ်တို့ကို လျင်စွာ လျင်စွာ လှုယက်စားသောက်ကုန်၏၊ ယင်းအစာသစ်အိမ်သည် ထိုပိုးတို့၏ မီးနေအိမ်လည်း ဖြစ်၏၊ ကျင်ကြီးအိမ်လည်းဖြစ်၏ သူနာရုံလည်းဖြစ်၏ သုသာန်လည်းဖြစ်၏၊ ယင်းအစာသစ်အိမ်၌ [၃] ဥပမာဖြင့် ပြရလျှင် ဒွန်းစဏ္ဍားရွာ တံခါးပေါက်တွင် ရေပုပ်အိုင်၌ နွေအခါမှာ မိုးသည်းထန်စွာ ရွာလတ်သော် မိုးရေဖြင့် မျောပါလာသော ကျင်ငယ် ကျင်ကြီး အရေပိုင်း အရိုးပိုင်း အကြောပိုင်း တံထွေး နှပ် သွေး အစရှိသော အမျိုးမျိုးသော အပုပ် အရို အရွဲအပေါင်းသည် [၄] ကျရောက်ပြီးလျှင် ချဲ့ပုပ်ရေဖြင့် ရောယှက်နှောက်နှက်အပ်သည့်ပြင်

မှတ်ချက်

၁ – သုံးဆဲ့နှစ်မျိုးသော ပိုးတို့ကိုဂင်း၊ပိုးမျိုးဂျစ်ဆယ်တို့ကိုဂင်း ကာယာနုပဿနာ ကျမ်း နာ ၁၀၀-၁၀၂ တို့၌ ပြထား၏။ သို့သော် ဤအရာမှာ အစာသစ်အိမ်၌ ပိုးမျိုးများစွာ ရှိနေကြောင်း သိရန်မျှသာ လိုရင်း ဖြစ်သည်။

၂ – ပါးစပ်ရှိကုန်လျက်....လှုယက်စားသောက်ကုန်၏-ဟု စပ်ပါ။

၃ – ယင်း အစာသစ်အိမ်၌....ဤအတူပင် အမျိုးမျိုးသော စားဖွယ် သောက်ဖွယ်သည်....ခွေးအန်ဖတ်တို့နှင့် တူစွာ ကျပြီးလျှင်....စက်ဆုပ်ဖွယ် ကောင်းလှသည့် အနေသို့ ရောက်လျက် တည်ပေ၏-ဟု စပ်ပါ။

၄ – အပုပ် အရို အရွဲ အပေါင်းသည် ကျရောက်ပြီးလျှင်....နှောက်နှက်အပ်သည့်ပြင်....ရောပြွမ်းလျက် ရှိ၏၊ ကျိုက်ကျိုက် ဆူလျက်-စသည်ဖြင့် စပ်ပြီးလျှင် နောက်ဆုံး၌ "ချဉ်းကပ်ရန် ကြည့်ရှုရန်ပင် မထိုက်သည့်အနေသို့ ရောက်

http://www.dhammadownload.com

နှစ်ရက် သုံးရက်လွန်သောအခါ ပေါက်ပွါးသော ပိုးလောက်များနှင့်လည်း ရောပြွမ်းလျက်ရှိ၏၊ နေပူရောင်၏ အပူရှိန်ဖြင့်လည်း ကျိုက်ကျိုက်ဆူလျက် အမြဲပ်တစီစီထစေကာ ညိုပုပ်သော အဆင်းရှိသည်ဖြစ်၍ အလွန်နံစော် လျက် အလွန်စက်ဆုပ်ဖွယ်ကောင်းသဖြင့် ချဉ်းကပ်ရန် ကြည့်ရှုရန်ပင် မထိုက်သည့်အနေသို့ ရောက်လျက် တည်၏၊ [၂၅၁]နမ်းရှူရန် စားသုံးရန် မထိုက်သည်မှာမူ ဆိုဖွယ်ပင် မရှိတော့ပေ၊ ဤအတူပင် အမျိုးမျိုးသော စားဖွယ် သောက်ဖွယ် စသည်သည် သွားတည်းဟူသော ကျည်ပွေဖြင့် ထောင်းထုကြိတ်ခွဲလျက် လျာတည်းဟူသော လက်ဖြင့် ပြန်လှန် မွှေနှောက်ကာ တံထွေးသွားရည်တို့ဖြင့် မြွေးယှက်လူးလည်းလိုက်သဖြင့် ထို ခဏ၌ပင် အဆင်း အနံ့ အရသာ ကောင်းခြင်းစသည်မှ ကင်းသည်ဖြစ်၍ ယက္ကန်းသည်တို့၏ ချည်စာကစိဖတ် ခွေးအန်ဖတ်တို့နှင့်တူစွာ (အစာသစ် အိမ်၌) ကျပြီးလျှင် သည်းခြေ သလိပ် လေတို့ဖြင့် ဖုံးအုပ် ရစ်ပတ်သည့်ပြင် ဝမ်းမီးအပူရှိန်ဖြင့် ကျိုက်ကျိုက်ဆူလျက် ပိုးမျိုး သုံးဆွဲနှစ်ပါးတို့ဖြင့်လည်း ရှုပ်ယှက်ခတ်လျက် နောက်နောက်ကာလ၌ (၀၊-ကြာလေလေ) အမြဲပ် စီဖောင်းအပွက်တို့ကို ထစေလျက်ရှိသဖြင့် အလွန်ပုပ်ရိ နံစော်၍ စက်ဆုပ် ဖွယ်ကောင်း လှသည့်အနေသို့ ရောက်လျက် တည်ခဲ့ချေသည်၊ ယင်းအစာသစ် အိမ်အကြောင်းကို ကြားရုံမျှ ကြားရသောကြောင့်သော်လည်း စားဖွယ် သောက်ဖွယ် စသည်တို့၌ မနှစ်သက် မမြိန်ရှက်ဖွယ်၏အဖြစ်သည် ကောင်းစွာ

မှတ်ချက်

လျက် တည်၏၊ နမ်းရှုရန် စားသုံးရန် မထိုက်တန်သည်မှာ ဆိုဖွယ်ပင် မရှိတော့ပေ”ဟု စပ်ပါ။

၁-စားဖွယ် သောက်ဖွယ် စသည်သည်....ကြိတ်ခွဲလျက်....မွှေနှောက်ကာ.... လူးလည်းလိုက်သဖြင့်....ကင်းသည်ဖြစ်၍ ...ကျပြီးလျှင်....ရစ်ပတ်သည့်ပြင်.... ကျိုက်ကျိုက်ဆူလျက်....ရှုပ်ယှက်ခတ်လျက်....ထစေလျက် ရှိသဖြင့်....ရောက် လျက်တည်ခဲ့ချေသည်-ဟု စပ်ပါ။

http://www.dhammadownload.com

တည်လေတော့၏။ ဉာဏ်မျက်စိဖြင့် ရှုမြင်ရပါမူ ဆိုဖွယ်ပင် မရှိတော့ပြီ၊ ထို့ပြင်လည်း ယင်း အစာသစ်အိမ်၌ ကျလာသော အဖျော်ဘောဇဉ်စသည်သည် ငါးပုံ ခဲ့ခြမ်းခြင်းသို့ ရောက်လေ၏၊ တပုံကို ပိုးတို့စားကြသည်၊ တပုံကို ဝမ်းမီးက လောင်သည်၊ တပုံက ကျင်ငယ်ဖြစ်သွားသည်၊ တပုံက ကျင်ကြီး ဖြစ်သွားသည်၊ တပုံက ရသဓာတ်ဖြစ်ပြီးလျှင် အသွေးအသား စသည်တို့ကို ဖြစ်ပွါးစေသည်။

အပိုင်းအခြားအားဖြင့် အစာသစ်အိမ်အသားလွှာဖြင့်ငင်း၊ အစာသစ်အဖို့ဖြင့်ငင်း ပိုင်းခြားလျက်ရှိသည်၊ ဤသည်ကား ထိုအစာသစ်၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၁၉) အစာဟောင်း

၂၀၁။ ကရီသံ(အစာဟောင်း)ဟူသည်ကား ကျင်ကြီးပေတည်း။ ငင်းသည် အဆင်းအားဖြင့် စားမျိုလိုက်သော အစာ၏ အဆင်းရှိသည်သာလျှင် အများအားဖြင့် ဖြစ်တတ်၏၊ သဏ္ဌာန်အားဖြင့် တည်ရာအရပ်၏ သဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် အောက်အရပ်၌ တည်၏၊ တည်ရာအားဖြင့် အစာကျက်အိမ်(အစာဟောင်းအိမ်)၌တည်၏၊ အစာဟောင်းအိမ် မည်သည်မှာ ရွှေအဖို့အားဖြင့် ချက်အောက်အရပ်နှင့် နောက်အဖို့အားဖြင့် အောက်ဆုံးကျောက်ဆူးရိုးဆစ်တို့၏ အလယ်၌ အူမ၏အဆုံးဝယ် အစောက်အားဖြင့် ရှစ်လက်သစ်မျှရှိသော ဝါးကျည်အခေါင်းနှင့်တူသော အရပ်ပေတည်း၊

မှတ်ချက်

၁–ယခုခေတ် အနောက်တိုင်း ဆရာတို့ ပြထားသော အစာဟောင်းအိမ် အူမကြီးပုံမှာ လက္ခဏာဖက် တင်ပါးဆုံကွင်းအတွင်း အထက်ပိုင်းဆီမှ စ၍ လက္ခဏာဖက် အသည်းအောက်နားအထိ တက်သွားပြီးလျှင် လက်ဝဲဖက်သို့ အစာသစ်အိမ်အောက်မှ ဖြတ်သွားသည်၊ တဖန် သရက်ရွက်ခေါ် အဖျဉ်း၏

http://www.dhammadownload.com

ယင်း အစာဟောင်းအိမ်၌[၁] ဥပမာဖြင့်ပြရလျှင် မြင့်မောက်ရာမြေအဖို့၌ ကျသော မိုးရေသည် လျှောကျစီးဆင်း၍ နိမ့်သောမြေအဖို့ကို ပြည့်စေလျက် တည်သကဲ့သို့ ထို့အတူပင်[၁] အစာသစ်အိမ်၌ ကျလာသမျှ အဖျော်ဘောဇဉ် စသည်သည်[၂] ဝမ်းမီးက အမြဲပ်ထစေလျက် ချက်ပြီးတိုင်းချက်ပြီးတိုင်း[၂] ဆေးကြိတ်ကျောက်လုံးဖြင့် ကြိတ်ချေလိုက်သကဲ့သို့ ကြေညက်သိမ်မွေ့ခြင်းသို့ ရောက်ပြီးလျှင်[၂] အူခေါင်းဖြင့် လျှောကျကာ လျှောကျကာ[၂] ဖိသိပ်၍ ဝါးကျည်တောက်၌ ထည့်ထားသော ဝါဖျော့ဖျော့မြေညက်ကဲ့သို့ စုဝေးလျက် တည်၏။ အပိုင်းအခြားအားဖြင့် အစာဟောင်းအိမ်အလှာဖြင့်ငင်း၊ ကျင်ကြီးအဖို့ဖြင့်ငင်း ပိုင်းခြားလျက် ရှိသည်၊ ဤသည်ကား ထိုအစာဟောင်း၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဝပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၂၀) ဦးနှောက်

၂၀၂။ မတ္ထလုင်္ဂံ (ဦးနှောက်) ဟူသည်ကား ဦးခေါင်းခွံ အတွင်း၌ တည်သော ခြင်ဆီအစုပေတည်း။ ၎င်းသည် အဆင်းအားဖြင့် ဖြူ၏ မွှေ

မှတ်ချက်

အောက်သို့ ရောက်သောအခါ အောက်ဖက်သို့ ဆင်းသွားပြန်သည်၊ လက်ဝဲဖက် တင်ပါးဆုံကွင်းအဝင်သို့ ရောက်သောအခါ အူကောက်ဖြစ်ပြီးနောက် ဝစ္ဆမဂ်အဝဆီသို့ ဆင်းသွားသည်။ ထိုတွင် အူကောက်မှ အောက် ၆-လက်မခန့် ရှိသော အပိုင်းကို ကျင်းကြီးအိမ်ဟု ခေါ်သည်၊ ထို ကျင်ကြီးအိမ်ထဲ၌ အစာဟောင်း ကျင်ကြီးများ ပြည့်လာသောအခါ ကျင်ကြီး စွန့်လိုခြင်း ဖြစ်ပေါ်လေသည်။ အထက်ပါ ဝိသုဒ္ဓိမဂ်၌ ပဓာနဖြစ်သော ဤနောက်ဆုံး အပိုင်းကိုသာ အစာဟောင်းအိမ်ဟု ပြထားခြင်း ဖြစ်ပေသည်။

၁–ယင်း အစာဟောင်းအိမ်၌....ထို့အတူပင်....စုဝေးလျက် တည်၏-ဟု စစ်ပါ။

၂–ဘောဇဉ် စသည်သည်.... ချက်ပြီးတိုင်း.... ရောက်ပြီးလျှင်....လျှောကျကာ.... စုဝေးလျက် တည်၏-ဟု စစ်ပါ။

http://www.dhammadownload.com

အစိုင်အခဲ အဆင်းရှိ၏၊ နို့ဓမ်းအဖြစ်သို့ မရောက်တတ်သေးသော ပကတိ အနေမှပျက်၍ ခဲစပြုနေသော နို့ရည်အဆင်းရှိသည်ဟူ၍လည်း ဆိုသင့်၏၊ သဏ္ဌာန်အားဖြင့် တည်ရာအရပ်သဏ္ဌာန် ရှိ၏၊ အရပ်အားဖြင့် အထက် အရပ်၌ ဖြစ်၏၊ တည်ရာအားဖြင့် ဦးခေါင်းခွံ၏အတွင်း၌ လေးခုသော ချုပ်စပ်ကြောင်းတို့ကိုမှီ၍ ပေါင်းစပ်လျက် ထားအပ်ကုန်သော လေးခု သော မုန့်ညက်စိုင်တို့ကဲ့သို့ ပေါင်းစပ်လျက် တည်၏၊ အပိုင်းအခြားအားဖြင့် ဦးခေါင်းခွံ၏ အတွင်းဖက်အပြင်တို့ဖြင့်ဂင်း၊ ဦးနှောက်အဖို့ဖြင့်ဂင်း [၂၅၂] ပိုင်းခြားလျက် ရှိသည်၊ ဤသည်ကား ထိုဦးနှောက်၏ သဘာဝပရိစ္ဆေဒ ပေတည်း။ ဝိသဘာဝပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့်တူသည်သာတည်း။

(၂၁) သည်းခြေ

၂၀၃။ ပိတ္တံ (သည်းခြေ)ဟူသည်ကား ဗဒ္ဓသည်းခြေခေါ် ဖွဲ့အပ်သော သည်းခြေ, အဗဒ္ဓသည်းခြေခေါ် မဖွဲ့အပ်သော သည်းခြေအားဖြင့် ၂-ပါး သော သည်းခြေတို့ပေတည်း။ ထိုတွင် ဗဒ္ဓသည်းခြေသည် အဆင်းအားဖြင့် ပြစ်ခွဲသော သစ်မည်စည်ဆီ အဆင်းရှိ၏၊ အဗဒ္ဓသည်းခြေသည် ညှီးသော တောင်ကျည်းပန်းအဆင်း ရှိ၏၊ သဏ္ဌာန်အားဖြင့် နှစ်မျိုးလုံးပင် တည်ရာ အရပ်သဏ္ဌာန် ရှိ၏၊ အရပ်အားဖြင့် ဗဒ္ဓသည်းခြေသည် အထက်အရပ်၌ ဖြစ်၏၊ အဗဒ္ဓသည်းခြေသည် နှစ်ပါးသောအရပ်တို့၌ ဖြစ်၏၊ တည်ရာ အားဖြင့် အဗဒ္ဓသည်းခြေသည် ဆံပင် အမွေး သွား လက်သည်း ခြေသည်း တို့၏ အသားမှလွဲတ်နေသော အရပ်ကိုငင်း၊ မာခြောက်နေသော အရေကို ငင်း ချန်ထား၍ကြွင်းသော တကိုယ်လုံးကို ဆီပေါက်သည် ရေ၌ ပြန့်သကဲ့သို့ ပြန့်နှံ့လျက် တည်၏၊ ယင်းအဗဒ္ဓသည်းခြေပျက်လျင် မျက်စိများဝါကုန်၏၊ မူးကုန်၏၊ ကိုယ်တုန်လှုပ်၏၊ ယားယံ၏။ ဗဒ္ဓသည်းခြေသည် နှလုံးနှင့်အဆုတ် တို့၏ အလယ်အကြား၌ အသည်းအသားကိုမှီ၍ တည်သော သပ္ပတ်ကြီးသီး အိမ်နှင့် တူသော သည်းခြေအိမ်၌ တည်၏၊ ယင်း ဗဒ္ဓသည်းခြေပျက်လျင်

http://www.dhammadownload.com

သတ္တဝါတို့သည် ရှူးကုန်၏၊ ဖောက်ပြန်သောစိတ် ရှိကုန်သည်ဖြစ်၍ အရှက်အကြောက်ကို စွန့်လျက် မပြုသင့်သည်ကို ပြုကုန်၏၊ မပြောသင့်သည်ကို ပြောကုန်၏၊ မကြံသင့်သည်ကို ကြံကုန်၏။ အပိုင်းအခြားအားဖြင့် သည်းခြေအဖို့ဖြင့် ပိုင်းခြားလျက် ရှိသည်၊ ဤသည်ကား ထိုသည်းခြေ၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၂၂) သလိပ်

၂၀၄။ သေမ္ဟံ(သလိပ်) ဟူသည်ကား ကိုယ်၏အတွင်း၌ တကွန်းစား-တစလယ်ပြည့်ပမာဏရှိသော သလိပ်ပေတည်း။ ၎င်းသည် အဆင်းအားဖြင့် ဖြူ၏ ဝက်ခြေးပန်းရွက်ရည် အဆင်းရှိ၏[၁]၊ သဏ္ဌာန်အားဖြင့် တည်ရာအရပ် သဏ္ဌာန် ရှိ၏၊ အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏၊ တည်ရာအားဖြင့် အစာသစ်အိမ်ဟူသော ဝမ်းလွှာအူခေါင်း၌ တည်၏၊ ယင်း သလိပ်သည် စားသောက်ဖွယ်စသည်ကို မျိုသောအခါ[၂] ဥပမာဖြင့်ပြရလျှင် ရေ၌ ရေမှော်ရေညှိသည် သစ်သားဖြစ်စေ ခဲဖြစ်စေ ကျလျှင် နှစ်ခြမ်း ပြတ်ကွဲပြီးနောက် တဖန်ပြန်၍စေ့ကာ ရေကို ဖုံးလျက် တည်သကဲ့သို့ ထို့အတူပင် စားဖွယ်သောက်ဖွယ်စသည် ကျလာသောအခါ နှစ်ခြမ်း ပြတ်ကွဲပြီးနောက် တဖန် အစာသစ်ကို ဖုံးလျက်တည်၏၊ ယင်းသလိပ်နည်းလျှင် ပြည့်မှည့်သော

မှတ်ချက်

၁–ရွှေစဉ်တိုင်းရွက်ရည်အဆင်း ရှိ၏-ဟူ၍လည်း နိဿယ၌ ပြန်၏။ ကာယာနုပဿနာကျမ်း၌မူ ထို နာဂဗလအပင်မျိုး မြန်မာပြည်၌ မရှိဟု ဆိုသည့်ပြင် သလိပ်၏ အဆင်းကို သနပ်သီးမှည့်, တမာသီးမှည့် အဆင်း ရှိ၏-ဟူ၍လည်း ပြဆိုထားလေသည်။

၂–မျိုသော အခါ၌....ထို့အတူပင် စသည်၌ စပ်ပါ။

http://www.dhammadownload.com

အနာကဲ့သို့ဝင်း၊ကြက်ဥပုပ်ကဲ့သို့ဝင်း ဝမ်းဗိုက်-အစာသစ်အိမ်သည် ပုပ်သော အနံ့ရှိလျက် အလွန်စက်ဆုပ်ဖွယ်ကောင်း၏။ ထို့ပြင် ထိုအစာသစ်အိမ်မှ တက်လာသော အနံ့ဖြင့် အဆန်လေသည်ဝင်း၊ခံတွင်းသည်ဝင်း အကောင်ပုပ် အနံ့ရှိ၏။ ထိုသို့သော ပဂ္ဂိုလ်သည်လည်း "သင်က အပုပ်နံ့ ထွက်သည် ဖဲခွါသွားပါ"ဟု အဆိုခံရတတ်၏။ ထို့ပြင် ယင်းသလိပ်သည် ပွါးမျှား၍ ထူထဲခြင်းသို့ ရောက်နေလျှင် ကျင်ကြီးတွင်း၌ အဖုံးပျဉ်ချပ်ကဲ့သို့ အပုပ်နံ့ကို အစာအိမ်၏ အတွင်း၌သာလျှင် ပိတ်ဆို့လျက် တည်၏။ အပိုင်းအခြား အားဖြင့် သလိပ်အဖို့ဖြင့် ပိုင်းခြားလျက်ရှိသည်၊ ဤသည်ကား ထိုသလိပ်၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဝပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၂၉) ပြည်

[၂၅၃] ၂၀၅။ ပုဗ္ဗော(ပြည်)ဟူသည်ကား ပုပ်သောသွေး၏ အစွမ်းအားဖြင့်ဖြစ်သော ပြည်ပေတည်း။ ၎င်းသည် အဆင်းအားဖြင့် ဖျော့တော့သော ဖက်ရွက်ယော်အဆင်း ရှိ၏၊ သူသေကောင်၌မူ ပြစ်ခဲ့သော ထမင်းရည်အပုပ်အသိုး အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် တည်ရာသဏ္ဌာန် ရှိ၏၊ အရပ်အားဖြင့် ၂-ပါးသော အရပ်တို့၌ ဖြစ်၏၊ တည်ရာအားဖြင့်မူကား ပြည်၏ အမြဲတမ်းတည်ရာ မည်သည် မရှိပေ[၁]၊ သစ်ငုတ် ဆူး လက်နက် မီးလှံစသည်တို့ဖြင့် ထိခိုက်ခံရသော အကြင်အကြင် ကိုယ်အရပ်၌ သွေးသည် စုဝေးတည်နေလျက် ရင့်ကျက်၏၊ အိုင်းအမာ အဖုအလုံး စသည်တို့သည်မူလည်း

မှတ်ချက်

၁–"ပြည်၏အမြဲတမ်းတည်ရာ မည်သည် မရှိပေ" ဟူသော ဤစကားဖြင့်ပင် မြန်မာဝါကျ ရှင်းနေပြီ ဖြစ်သောကြောင့် "အကြင် အရပ်၌ ထိုပြည်သည် စုဝေးလျက် တည်ရာ၏"ဟူသော အနိယတ်ဝါကျကို ချန်ထားသည်။

http://www.dhammadownload.com

(အကြင်အကြင် ကိုယ်အရပ်၌)ဖြစ်ပေါ် ကုန်၏၊ ထိုထို ကိုယ်အရပ်၌(ပြည်သည်)တည်၏။ အပိုင်းအခြားအားဖြင့် ပြည်၏အဖိုဖြင့် ပိုင်းခြားလျက်ရှိသည်၊ ဤသည်ကား ထိုပြည်၏ သဘာဂပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၂၄) သွေး

၂၀၆။ လောဟိတံ(သွေး)ဟူသည်ကား စုဝေးတည်နေသော သန္ဓိစိတသွေး,ရွှေရှားသွားနေသော သံသရဏသွေးအားဖြင့် ၂-ပါးသော သွေးတို့ပေတည်း။ ထိုတွင် သန္ဓိစိတသွေးသည် အဆင်းအားဖြင့် ချက်ထားပြီးသော ပြစ်ချဲသော ချိပ်ရည်အဆင်း ရှိ၏၊ သံသရဏသွေးသည် ကြည်သောချိပ်ရည်အဆင်း ရှိ၏၊ သဏ္ဌာန်အားဖြင့် နှစ်ပါးလုံးပင် တည်ရာအရပ်၏သဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် သန္ဓိစိတသွေးသည် အထက်အရပ်၌ ဖြစ်၏၊ သံသရဏသွေးသည် ၂-ပါးသော အရပ်တို့၌ ဖြစ်၏၊ တည်ရာအားဖြင့် သံသရဏသွေးသည် ဆံပင် အမွေး လက်သည်း ခြေသည်းတို့၏ အသားမှ လွတ်နေသော အရပ်ကိုငှင်း၊ မာခြောက်နေသော အရေကိုငှင်း ချန်ထား၍ ကြွင်းသော အလုံးစုံသော ဥပါဒိဏ္ဍကိုယ်ကို[၁] ဓမနီမည်သော သွေးကြော ကွန်ရက်ကို အစဉ်လျှောက်သဖြင့် ပြန့်နှံ့လျက် တည်၏၊ သန္ဓိစိတသွေးသည် အသည်းတည်ရာအရပ်၏ အောက်အဖို့ကို ပြည့်စေလျက် တကွန်းစားမျှ ရှိ၏၊ နှလုံး

မှတ်ချက်

၁ – ဥပ-တဏှာဒိဋ္ဌိတို့ကပ်နိုင်-စွဲလမ်းနိုင်သော ကံက+အာဒိဏ္ဍ-အကျိုးအဖြစ်ဖြင့် ယူအပ်သော ကမ္မဇရုပ် ဝိပါက်တရား=ဥပါဒိဏ္ဍ-တဏှာဒိဋ္ဌိတို့ ကပ်နိုင်သော လောဂီကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးတရား၊ ဤ၌ကား လူ၏ကိုယ်ကို ဆိုသောကြောင့် ကုသိုလ်ကံကြောင့်ဖြစ်သော ကမ္မဇရုပ် အပေါင်းကိုယ်ကို ဆိုသည်။ တနည်း–ငါ, ငါ့ကိုယ်ဟု ဒိဋ္ဌိတဏှာတို့ဖြင့် စွဲလမ်းအပ်သော ကိုယ်တွင်းသန္တာန်ရှိ ရုပ်အပေါင်းကို ဥပါဒိဏ္ဍ-ဟု ခေါ်သည်။

http://www.dhammadownload.com

အညို့ အဆုတ်တို့၏ အထက်၌ အနည်းငယ်အနည်းငယ် ယိုလျက် အညို့နှလုံး အသည်း အဆုတ်တို့ကို စိုစွတ်စေလျက် တည်၏[၁]၊ မှန်ပေ၏ – ထိုသန္ဓိစိတသွေးက အညို့ နှလုံး စသည်တို့ကို မစိုစွတ်စေပါမူ သတ္တဝါတို့သည် ရေဆာကုန်၏[၂]။ အပိုင်းအခြားအားဖြင့် သွေး၏အဖို့ဖြင့် ပိုင်းခြားလျက် ရှိသည်၊ ဤသည်ကား ထိုသွေး၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဝ ပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၂၅) ချွေး

၂၀၇။ သေဒေါ(ချွေး)ဟူသည်ကား အမွေးတွင်း စသည်တို့မှယိုထွက်သော အာပေါဓာတ်(အရည်ဓာတ်)ပေတည်း။ ထိုချွေးသည် အဆင်းအား

မှတ်ချက်

၁ – လူ့ကိုယ်ထဲ၌ အဆုတ်က အထက်၌ တည်သည်၊ အသည်းက အဆုတ်၏ အောက်၌ တည်သည်၊ ဤသန္ဓိစိတသွေးသည် အသည်း၏အောက်၌ တည်ပြီးလျှင် ထို အဆုတ်ကိုပါ အနည်းငယ် အနည်းငယ် ယိုကျလျက် စိုစွတ်စေသည်-ဟု ဆိုသောစကားကို နားလည်ရန်ခက်၏။ ကာယာနုပဿနာကျမ်း၌လည်း အသိခက်သည်ဟု ညည်းညူပြီးလျှင် "အရပ်ရပ် ဆေးကျမ်း အနာတမီကျမ်းတို့၌လည်း ဤ သန္ဓိစိတသွေးရှိကြောင်း မလာမရှိ၊ နှလုံး ကျောက်ကပ် အဆုတ်တို့ကို ဤ သွေးအပေါက်အစက် မစိုမစွတ်လျှင် သတ္တဝါတို့ ရေမွတ်သိပ် ကုန်၏-ဟု ဆိုသောစကားသည်လည်း ဆေးကျမ်းတို့၌ဆိုသော စကားနှင့်မညီ၊ ဆေးကျမ်းတို့တွင်မူကား ပြည်အိတ်က ပြည်အထွက်နည်းလျှင်သာ ရေမွတ်သည်ဟု ဆိုကုန်၏"ဟူ၍ ဆိုထားလေသည်။ ယခုခေတ် သိပ္ပံဆရာတို့၏ ဖော်ပြချက်များ၌လည်း ဤသန္ဓိစိတသွေး အကြောင်းပြဆိုချက် မရှိပေ။ ထို့ကြောင့် အထက်ပါ ပြဆိုချက်များသည် ထို ရှေးခေတ်က ထင်ရှားသော ကျမ်းတခုမှ ယူ၍ ရေးခဲ့လေသလော်ဟု စဉ်းစားဖွယ် ရှိ၏။

http://www.dhammadownload.com

ဖြင့် ကြည်လင်သော နှမ်းဆီအဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် တည်ရာအရပ် သဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် ၂-ပါးသောအရပ်တို့၌ ဖြစ်၏၊ တည်ရာအားဖြင့် သန္ဓိစိတသွေး၏ တည်ရာကဲ့သို့ ချွေး၏အမြဲတမ်းတည်ရာမည်သည် မရှိပေ။ စင်စစ်သော်ကား အကြင်အခါ၌ မီးပူ နေပူ ဥတုဖောက်ပြန်ခြင်း စသည်တို့ ကြောင့် ကိုယ်သည် ပူ၏၊ ထိုအခါ၌ ရေမှန္ုတ်ပြီးခါမျှဖြစ်သော မည်မည္ဆုတ် ဖြတ်ထားသည့် ကြာစွယ် ကြာရင်း ကုမုဒ္ဒရာကြာရိုးစည်း(မှ ရေယိုကျသ) ကဲ့သို့ အလုံးစုံသော ဆံတွင်း အမွေးတွင်း အပေါက်အကြားတို့မှ (ချွေး) ယိုထွက်၏၊ ထို့ကြောင့် ထိုချွေး၏သဏ္ဌာန်ကိုလည်း ဆံတွင်း အမွေးတွင်း အပေါက်အကြားတို့၏ အစွမ်းအားဖြင့်ပင်လျှင် သိအပ်၏။ ဆက်ဦးအံ့- ချွေးကို သိမ်းဆည်းသော ယောဂီသည် ဆံတွင်း အမွေးတွင်း အပေါက် အကြားတို့ကို ပြည့်စေလျက် တည်သည်၏အစွမ်းအားဖြင့်သာလျှင် ချွေးကို နှလုံးသွင်းအပ်၏။ [၂၅၄] အပိုင်းအခြားအားဖြင့် ချွေး၏အဖို့ဖြင့် ပိုင်းခြားလျက်ရှိသည်၊ ဤသည်ကား ထိုချွေး၏သဘာဂပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၂၆) အဆီခဲ

(၂၀၈)။ မေဒေါ(အဆီခဲ)ဟူသည်ကား ခဲသောအဆီပေတည်း။ ထို အဆီခဲသည် အဆင်းအားဖြင့် ခြမ်းအပ်သောနွားသားအဆင်းရှိ၏၊သဏ္ဌာန် အားဖြင့် ကိုယ်ကာယဆူဖြိုးသောသူမှာ အရေနှင့်အသားတို့၏အကြား၌ နွားရောင်ဘွဲ့ဖြူပုဆိုးကြမ်းကို ထည့်ထားသကဲ့သို့ သဏ္ဌာန်ရှိ၏၊ ကိုယ် ကာယပိန်သောသူမှာ သလုံးသား ပေါင်သား ကျောက်ဆူးရိုးကိုမှီသော ကျောက်ကုန်းသား ဝမ်းပြင်းသားဟူသော ဤအသားတို့ကို မှီ၍ နှစ်ထပ် သုံးထပ်ပြုလျက်ထားသော နွားရောင်ဘွဲ့ဖြူပုဆိုးကြမ်းသဏ္ဌာန် ရှိ၏၊ အရပ် အားဖြင့် ၂-ပါးသောအရပ်တို့၌ ဖြစ်၏၊ တည်ရာအားဖြင့် ဝသောသူအား တကိုယ်လုံးကို ပြန့်လျက်, ပိန်သောသူအား သလုံးသားစသည်တို့ကိုမှီ၍တည်

http://www.dhammadownload.com

၏၊ အဆီအစေးဟု ခေါ်ခြင်းသို့ ရောက်သော်လည်း ယင်းအဆီခဲကို အလွန်စက်ဆုပ်ဖွယ်ရှိခြင်းကြောင့် ခေါင်းလိမ်းဆီ အကျိုးငှါလည်း မယူကုန်၊ နှာခေါင်းဆီစသည် အကျိုးငှါလည်း မယူကုန်၊ အပိုင်းအခြားအားဖြင့် အောက်ဖက်၌ အသားဖြင့်, အထက်ဖက်၌ အရေဖြင့်, ဖီလာပတ်ဝန်းကျင်၌ အဆီခဲအဖို့ဖြင့် ပိုင်းခြားလျက်ရှိသည်၊ ဤသည်ကား ထိုအဆီခဲ၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဝပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၂၇) မျက်ရည်

၂၀၈။ အဿု (မျက်ရည်) ဟူသည်ကား မျက်စိတို့မှ ယိုထွက်သော အာပေါဓာတ်ပေတည်း။ ၎င်းသည် အဆင်းအားဖြင့် ကြည်သောနှမ်းဆီအဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် တည်ရာအရပ်သဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် အထက်အရပ်၌ဖြစ်၏၊ တည်ရာအားဖြင့် မျက်တွင်းတို့၌ တည်၏၊ သို့သော်လည်း ဤမျက်ရည်သည် သည်းခြေအိမ်၌ သည်းခြေကဲ့သို့ မျက်တွင်းတို့၌ အခါခပ်သိမ်း စုဝေးလျက် တည်သည်ကား မဟုတ်ပေ၊ စင်စစ်သော်ကား အကြင်အခါ၌ သတ္တဝါတို့သည် ရှင်လန်းဝမ်းမြောက်ကုန်လျက် သည်းစွာရယ်ရွှင်ကုန်၏၊ နှလုံးမသာဖြစ်ကုန်လျက်(မူလည်း) ငိုကြွေးမြည်တမ်းကုန်၏၊ မျက်ရည်ကျစေနိုင်သည့် ထိုသို့သဘောရှိသော မလျော်သော အစာကိုမူလည်း စားသုံးမိကုန်၏၊ အကြင်အခါ၌မူလည်း ထိုသတ္တဝါတို့၏ မျက်စိတို့ကို မီးခိုး မြူ ဖုံမှုန့်စသည်တို့က ထိပါးနှိပ်စက်ကုန်၏၊ ထိုအခါ၌ ဤဆိုခဲ့သော ဝမ်းမြောက်ခြင်း ဝမ်းနည်းခြင်းနှင့် မသင့်လျော်သောအစာဥတုတို့ကြောင့် (ထိုမျက်ရည်သည်) ဖြစ်ပေါ်လာပြီးလျှင် မျက်တွင်းတို့ကို ပြည့်စေလျက် တည်မူလည်း တည်၏ ယိုထွက်မူလည်း ယိုထွက်၏၊ ဆက်ဦးအံ့-မျက်ရည်ကို သိမ်းဆည်းသော ယောဂီသည် မျက်တွင်းတို့ကို ပြည့်စေလျက် တည်သည်၏ အစွမ်းအားဖြင့် သိမ်းဆည်းအပ်၏။ အပိုင်းအခြားအားဖြင့် မျက်ရည်၏ အဖို့ဖြင့် ပိုင်းခြားလျက် ရှိသည်၊ ဤသည်ကား

http://www.dhammadownload.com

ထိုမျက်ရည်၏ သဘာဂပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၂၈) ဆီကြည်

၂၀၉။ ဝသာ (ဆီကြည်) ဟူသည်ကား မခဲမူ၍ ကျေနေသောဆီ ပေတည်း။ ၎င်းသည် အဆင်းအားဖြင့် အုန်းဆီအဆင်းရှိ၏၊ ထမင်းချိုး (ထမင်းရည်)၌ သွန်းလောင်းထားသော ဆီအဆင်းရှိသည်ဟူ၍လည်း ဆိုသင့်၏၊ သဏ္ဍာန်အားဖြင့် ရေချိုးသောအခါ၌ ကြည်သောရေ၏အထက်၌ လည်နေသော ဆီပေါက်၏ ပျံ့ဟန်သဏ္ဍာန်ရှိ၏[၁]၊ အရပ်အားဖြင့် ၂-ပါး သောအရပ်တို့၌ ဖြစ်၏၊ တည်ရာအားဖြင့်(ဆိုလျှင်) အများအားဖြင့် လက်ဖဝါးအပြင် လက်ဖမိုး ခြေဖဝါးအပြင် ခြေဖမိုး နှာခေါင်းဖု နဖူး ပခုံး စွန်းတို့၌ တည်၏၊ ဆက်ဦးအံ့-ဤဆီကြည်သည် ဆိုခဲ့သော ဤအရပ်တို့၌ အခါခပ်သိမ်း ကျေသည် ပျော်သည်သာလျှင်ဖြစ်လျက် တည်နေသည် မဟုတ်ပေ၊ စင်စစ်သော်ကား အကြင်အခါ၌ မီးပူ နေပူ ဥတုဏ်ထူးခြား ဖောက်ပြန်ခြင်း သွေးလေစသော ဓာတ်တို့၏ ထူးခြား ဖောက်ပြန် ခြင်းတို့ကြောင့် ထိုဆိုခဲ့သော အစိတ်အပိုင်းအရပ်တို့သည် [၂၅၅]ဖြစ်သော အပူငွေ့ ရှိကုန်၏ (ဝါ-ပူကုန်၏)၊ ထိုအခါ ထိုအရပ်တို့၌ ရေချိုးစဉ်မှာ ကြည်သောရေပေါ်၌ အဆီပေါက်၏ ပျံ့သွားခြင်းကဲ့သို့ (ဤဆီကြည်သည်) ထိုမှဤမှ ရွှေရှား၏၊ အပိုင်းအခြားအားဖြင့် ဆီကြည်အဖို့ဖြင့် ပိုင်းခြား

မှတ်ချက်

၁ – ပရိဗ္ဘမန္တသိနေဟဗိန္ဒုဝိသဋ္ဌသဏ္ဍာနာ-ဟူသော ပုဒ်ကို အစဉ်အတိုင်း ပြန် ထားချက် ဖြစ်သည်။ ဝိသဋ္ဌံ ဟုတွာ ပရိဗ္ဘမန္တသိနေဟဗိန္ဒုသဏ္ဍာနာ-ဟူ သော ဋီကာဖွင့်ပြချက်အရအားဖြင့် ပျံ့လျက် လည်နေသော ဆီပေါက် သဏ္ဍာန် ရှိ၏-ဟူ၍လည်း ပြန်နိုင်၏။

http://www.dhammadownload.com

လျက်ရှိသည်၊ ဤသည်ကား ထိုဆီကြည်၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဝပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၂၉) တံထွေး

၂၁၀။ ခေဠော(တံထွေး) ဟူသည်ကား ခံတွင်းထဲ၌ အမြုပ်နှင့်ရောသောအာပေါဓာတ်ပေတည်း။ ၎င်းသည် အဆင်းအားဖြင့်ဖြူ၏ ရေမြုပ်နှင့်တူသော အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် တည်ရာအရပ်သဏ္ဌာန်ရှိ၏၊ ရေမြုပ်သဏ္ဌာန်ရှိသည်ဟူ၍လည်း ဆိုသင့်၏၊ အရပ်အားဖြင့် အထက်အရပ်၌ဖြစ်၏၊ တည်ရာအားဖြင့် နှစ်ဖက်သောပါးစောင်တို့မှ သက်ဆင်း၍ လျှာ၌တည်၏၊ ဆက်ဦးအံ့-ဤတံထွေးသည် ဤဆိုခဲ့သော ပါးစောင် လျှာတို့၌ အခါခပ်သိမ်း စုဝေးလျက် တည်နေသည်ကား မဟုတ်ပေ၊ စင်စစ်သော်ကား အကြင်အခါ၌ သတ္တဝါတို့သည် တံထွေးဖြစ်ဖွယ် ထိုသို့သဘောရှိသော အစာအာဟာရကို မြင်မူလည်းမြင်ကုန်၏ အမှတ်ရမူလည်း အမှတ်ရကုန်၏၊ အပူ အခါး အစပ် အငန် အချဉ်တို့တွင် တစုံတခုကိုမူလည်း ခံတွင်း၌ထည့်ကုန်၏၊ သို့မဟုတ် အကြင်အခါ၌ ထိုသတ္တဝါ၏ နှလုံးသည် မကျွန်းမမာနာ၏ (ဝါ-ဖောက်ပြန်၏)၊ တစုံတရာ၌မူလည်း စက်ဆုပ်ခြင်းဖြစ်၏၊ ထို အခါ၌ တံထွေးသည် ဖြစ်ပေါ်ပြီးလျှင် နှစ်ဖက်သောပါးစောင်တို့မှ သက်ဆင်း၍ လျှာ၌တည်ပေသည်၊ အထူးမှတ်ဖွယ်ကား- ဤတံထွေးသည် လျှာဖျားဌ ပါး၏ ကျဲ၏၊ လျှာရင်း၌ ပြစ်ခဲ့၏၊ ထို့ပြင် ခံတွင်း၌ထည့်လိုက်သော မုံဆန်းကိုဖြစ်စေ, ဆန်ကိုဖြစ်စေ, အခြားခဲဖွယ်တစုံတခုကိုဖြစ်စေ[1] မြစ်ထဲက သဲသောင်ပြင်၌ လက်ယက်တွင်းငယ်ကဲ့သို့ ကုန်ခြင်းသို့ မရောက်မူ၍သာလျှင် စိုစွတ်စေခြင်းငှါ စွမ်းနိုင်ပေ၏။ အပိုင်းအခြားအားဖြင့်

မှတ်ချက်

၁-တစုံတခုကို ဖြစ်စေ....စိုစွတ်စေခြင်းငှါ စွမ်းနိုင်ပေ၏-ဟု စပ်ပါ။

http://www.dhammadownload.com

တံထွေးအဖြိုဖြင့် ပိုင်းခြားလျက် ရှိသည်။ ဤသည်ကား ထိုတံထွေး၏ သဘာဂပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့်တူသည်သာတည်း။

(၃၀) နှပ်

၂၁၁။ သိင်္ဃာဏိကာ(နှပ်)ဟူသည်ကား (မတ္ထလုင်္ဂတော) ဦးနှောက်မှ ယိုထွက်ကျသော မစင်ကြယ်သော အရာပေတည်း။ ၎င်းသည် အဆင်းအားဖြင့် နုသောထန်းသီးဆံအဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် တည်ရာအရပ် သဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် အထက်အရပ်၌ ဖြစ်၏၊ တည်ရာအားဖြင့် နှာခေါင်းဖုတို့ကို ပြည့်စေလျက် တည်၏၊ ဆက်ဦးအံ့—ဤနှပ်သည် ထို နှာခေါင်းဖုတို့၌ အခါခပ်သိမ်း စုဝေးလျက် တည်နေသည်ကား မဟုတ်ပေ၊ စင်စစ်သော်ကား ဥပမာအားဖြင့် ပြရလျှင် လူတယောက်သည် ပဒုမ္မာကြာဖက်၌ နို့ဓမ်းကိုထုပ်ပြီးလျှင် အောက်ဖက်၌ ဆူးဖြင့်ထိုးဖောက်ရာ၏၊ ထိုအခါ ၎င်းအပေါက်ဖြင့် နို့ဓမ်းရည်ကြည်သည်လျှောချ၍ ပြင်ဖက် အောက်ဖက်သို့ ကျရာသကဲ့သို့ ဤအတူပင်လျှင် အကြင်အခါ၌ သတ္တဝါတို့သည် ငိုကုန်၏၊ ထူးခြားဖောက်ပြန်သော အစာ ဥတုတို့၏ အစွမ်းဖြင့်ဖြစ်သော ဓာတ်ချောက်ချားခြင်းရှိကုန်သည်(ဝါ-ဓာတ်ဖောက်ပြန်ကုန်သည်)မူလည်း ဖြစ်ကုန်၏၊ ထိုအခါ၌ ဦးခေါင်းအတွင်းမှ သလိပ်ပုပ်အဖြစ်သို့ ရောက်သော ဦးနှောက်သည် လျှောကျပြီးလျှင် အာခေါင်ထိပ်မှ အပေါက်အကြားဖြင့် သက်ဆင်း၍ နှာခေါင်းဖုတို့ကို ပြည့်စေလျက် တည်မူလည်း တည်၏ ယိုထွက်မူလည်း ယိုထွက်၏[၁]၊ ဆက်ဦးအံ့—နှပ်ကိုသိမ်းဆည်းသော ယောဂီ

မှတ်ချက်

၁—ယခုခေတ် ဆေးကျမ်း သိပ္ပံကျမ်းတို့၌မူ နှာရည်အိတ်ကလေးများမှ နှာရည် ထွက်ကျကြောင်း ပြဆိုကြသည်၊ ဦးနှောက်က ပျက်၍ နှာရည် ဖြစ်ကြောင်း

http://www.dhammadownload.com

သည် နှာခေါင်းဖုတို့ကို ပြည့်စေလျက် တည်သည်၏ အစုမ်းအားဖြင့် သာလျှင် သိမ်းဆည်းအပ်၏၊ အပိုင်းအခြားအားဖြင့် နှပ်အဖို့ဖြင့် ပိုင်းခြားလျက် ရှိသည်၊ ဤသည်ကား ထိုနှပ်၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၃၁) အစေး

[၂၅၆] ၂၁၂။ လသိကာ(အစေး)ဟူသည်ကား ကိုယ်ထဲ၌ အရိုးဆက်တို့၏အကြားဥ၌ ကျိုခဲ့သော အစေးပုပ်ပေတည်း။ ၎င်းသည် အဆင်းအားဖြင့် မဟာလေ့ခါးပင်၏ အစေးနှင့်တူသော အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် တည်ရာအရပ်သဏ္ဌာန် ရှိ၏၊ အရပ်အားဖြင့် ၂-ပါးသောအရပ်တို့၌ ဖြစ်၏၊ တည်ရာအားဖြင့် အရိုးဆက်တို့၏ နယ်ဆီကိစ္စကိုပြီးစေလျက် တရာ့ရှစ်ဆယ်သော အရိုးဆက်တို့၏အကြားဥ၌ တည်၏၊ အထူးကား ဤအစေးနည်းသောသူမှာ ထစဉ် ထိုင်စဉ် သွားစဉ် ဆုတ်စဉ် ကွေးစဉ် ဆန့်စဉ် အရိုးတို့သည် ခင်္ခဉ်ခင်္ခဉ်-ဂုတ်ဂုတ် မြည်ကုန်၏၊ လက်ဖျစ်သံကိုပြုလျက် သွားလာသကဲ့သို့ရှိတတ်၏၊ တယူဇနာ နှစ်ယူဇနာခန့်မျှ ခရီးသွားမိလျှင် ဝါယောဓာတ်သည် ပျက်တတ်၏၊ ကိုယ်(အင်္ဂါ)တို့သည် ဆင်းရဲပင်ပန်းကုန်၏။ (ဤအစေး) များသောသူမှာမူ ထခြင်း ထိုင်ခြင်း စသည်တို့(ကို ပြုသောအခါ)၌ အရိုးတို့သည် ခင်္ခဉ်ခင်္ခဉ်-ဂုတ်ဂုတ် မမြည်ကုန်၊ ရှည်ဝေးသောခရီးကို သွားပြီးသော်လည်း ဝါယောဓာတ်သည် မပျက်၊ ကိုယ်(အင်္ဂါ)တို့သည် မဆင်းရဲ မပင်ပန်းကုန်။ အပိုင်းအခြားအားဖြင့် အစေးအဖို့ဖြင့် ပိုင်းခြား

မှတ်ချက်

ကိုမူ ပြဆိုခြင်း မရှိပေ။ ထို့ကြောင့် အထက်ပါ အဆိုသည် ထိုရှေးခေတ်က ထင်ရှားသော ကျမ်းတခုမှ ယူ၍ ဆိုခဲ့လေသလောဟု စဉ်းစားဖွယ်ရှိပေ၏။

http://www.dhammadownload.com

လျက်ရှိသည်၊ ဤသည်ကား ထိုအစေး၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဂပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(၃၂) ကျင်ငယ်

၂၁၃။ မုတ္တံ(ကျင်ငယ်)ဟူသည်ကား ကျင်ငယ်ရည်-ဆီးရည်ပေတည်း။ ၎င်းသည် အဆင်းအားဖြင့် ပဲကြီးပြာရည်အဆင်းရှိ၏[၁]၊ သဏ္ဌာန်အားဖြင့် မှောက်ထားသည့် ရေအိုးအတွင်း၌ရှိသော ရေသဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် အောက်အရပ်၌ ဖြစ်၏၊ တည်ရာအားဖြင့် ဆီးအိမ်စည်ဖောင်း၏အတွင်း၌ တည်၏၊ ဆည်းအိမ်မည်သည်မှာ စည်ဖောင်းဖုလုံးကို ဆိုသည်၊ ယင်းစည်ဖောင်း၌ ဥပမာဖြင့်ပြရလျှင် တံစီးတွင်း၌ ၂ ထည့်ထားသော ရေဝင်ပေါက်မရှိသည့် ယဝနဃဋ္ဌခေါ် ရေစစ်အိုး၌[၂] တံစီးရည်သည် ဝင်သကဲ့သို့ သို့သော်

မှတ်ချက်

၁–ပဲကြီးပြာရည်-ဟူသော အနက်သည် မာသခါရ-ပုဒ်၏ အနက်ဖြစ်သည်။ ဋီကာ၌ "အမြစ်နှင့်တကွ ပဲကြီးပင်ကို မီးရှို့၍ ပြာကို စစ်ပြီးယူသော အရည်သည် မာသခါရမည်၏"ဟု ပြဆိုထား၏။ ကာယာနုပဿနာကျမ်း၌ ကား မာသ်ပဲကို မီးဖုတ်၍ ပြာကို ရေနှင့်ဖျော်ပြီးလျှင် စစ်၍ ယူထားရာ ကြည်လင်သော အရည်အဆင်း ရှိ၏"ဟု ပြဆိုပြီးလျှင် တပင်လုံးကို မီးဖုတ်၍ ပြာကို စစ်၍ယူသော ပဲပြာရည်အဆင်း ရှိ၏"ဟူသော အနက်ကို မယူသင့်ဟူ၍လည်း ပယ်မြစ်သွားလေသည်။

၂–ပန်းကန်ခွက်ယောက် ဆေးကြောရေနှင့် ကိုယ်ဝန်အညစ်အကြေးစသည် တို့ကို စွန့်သွန်ထုဌာနသည် (စန္ဒနိကာ) တံစီးတွင်းမည်၏။ (ဋီကာ) ဤ ဋီကာနှင့်အညီ အညစ်အကြေးရေပုပ် ရေသိုးတို့၏တည်ရာ ကျင်းချိုင့်ကို တံစီးတွင်းခေါ်သည်။

၃–ယဝနဃဋ္ဌမည်သော ရေစစ်အိုးသည် ပင်ကို ပကတိအားဖြင့်ပင် ဝင်ပေါက်မရှိသည်သာ၊ သို့ဖြစ်ပါလျက် (အမုခေ)ဝင်ပေါက်မရှိသော-ဟု ဝိသေသန

http://www.dhammadownload.com

ၛင်း၏ ဝင်ရောလမ်းပေါက်သည် မထင်သကဲ့သို့ ထို့အတူပင် ကိုယ်မှ ကျင်ငယ်သည် ဝင်၏၊ သို့သော် ၛင်း၏ ဝင်ရောလမ်းပေါက်ကား မထင်ပေ [၁]၊ ထွက်ပေါက်လမ်းကား ထင်ရှားပေ၏၊ ယင်းစည်ဖောင်းသည် ကျင်ငယ်ဖြင့် ပြည့်လတ်သော် "ကျင်ငယ်စွန့်မည်"ဟု သတ္တဝါတို့၏ အားထုတ်ခြင်းဖြစ်လေသည်။ အပိုင်းအခြားအားဖြင့် ဆီးအိမ်စည်ဖောင်း၏ အတွင်းအရပ်ဖြင့်ၛင်း၊ ကျင်ငယ်အဖို့ဖြင့်ၛင်း ပိုင်းခြားလျက်ရှိသည်၊ ဤသည်ကား ထိုကျင်ငယ်၏ သဘာဝပရိစ္ဆေဒပေတည်း။ ဝိသဘာဝပရိစ္ဆေဒသည်ကား ဆံပင်တို့နှင့် တူသည်သာတည်း။

(ဤတွင် ပိုင်းခြားဆုံးဖြတ်ပုံ ပြီး၏)။

မှတ်ချက်

မ–ရခြင်း၏အကြောင်းကား အကြင်ရေစစ်အိုးမှာ စူးဖျားမျှသော်လည်း ရေဝင်စရာ အနာအဆာ အပေါက်မရှိ၊ ထိုသို့သော ရေစစ်အိုးကောင်းကို ပြခြင်းငှါ "အမုခေ ယဝနဃဋ္ဌေ-ဝင်ပေါက်မရှိသော ယွန်းလူမျိုးတို့၏ ရေစစ်အိုး၌"ဟူ၍ ဆိုပေသည်။ (ဋ္ဌကာ) ယင်း ရေစစ်အိုးသည် ယခုကာလ၌ အိုးအုံကြီး၍ ပုလင်းပုကြီးသဖွယ် မြေညက်ဖြင့် ပြုလုပ်၍ မီးဖုတ်ထားသော ရေစစ်အိုးမျိုးပင် ဖြစ်သည်။ ယင်း ရေစစ်အိုးကို သောက်ရေအိုးထဲ၌ ချထားရသည်၊ ထိုရေစစ်အိုးထဲသို့ စိမ့်၍ဝင်သော ရေကိုငှဲ့ ယူ၍ သောက်ကြရ၏။ ထိုရေစစ်အိုးကို ရှေးခေတ်က ယဝန-ယောန-ယောနက-ဟု ခေါ်သော ယွန်း-ဂရိတ်-ပါးရှားလူမျိုး ပသိလူမျိုးတို့ကစ၍ သုံးစွဲခဲ့သောကြောင့် ယင်းကို ယဝနဃဋ္ဌ-ယဝနအိုးဟု ခေါ်တွင်ခဲ့သည်ဖြစ်ရာ၏။ ယင်းမှာ ပုလင်းကဲ့သို့ ရေထုတ်ရန် မျက်နှာဝအပေါက်ရှိသော်လည်း ရေဝင်ရန်အပေါက် ထင်ရှားမရှိပေ၊ စိမ့်၍သာ ဝင်နိုင်သည်။ ထို့ကြောင့် အမုခေ-ရေဝင်ပေါက်မရှိဟု ဆိုပေသည်။

၁–ဆီးအိမ်၌ ကျင်ငယ်ဝင်စရာ လမ်းပေါက်မရှိ-ဟူသော ဤစကားမှာ သာမန်ပုဂ္ဂိုလ်တို့ မြင်နိုင်အောင် အထင်အရှားမရှိခြင်းကို ရည်၍ အဋ္ဌကထာဆရာတို့

http://www.dhammadownload.com

ရှုဆင်ခြင်ပုံနှင့် တိုးတက်ပုံ

၂၁၄။ ယခုပြဆိုခဲ့သည့်အတိုင်း ဆံပင်အစရှိကုန်သော ၃၂-ကောဋ္ဌာသတို့ကို အဆင်း, သဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြားတို့၏ အစွမ်းအားဖြင့် ပိုင်းခြားဆုံးဖြတ်ပြီးလျှင် "အစဉ်အတိုင်း ရွတ်ဆိုနှလုံးသွင်းခြင်း, မမြန်လွန်းသောအားဖြင့် ရွတ်ဆိုနှလုံးသွင်းခြင်း" အစရှိသောနည်းဖြင့် အဆင်း, သဏ္ဌာန်, အနံ့, မှီရာအကြောင်း, တည်ရာတို့၏ အစွမ်းအားဖြင့် ငါးပါး အပြားအားဖြင့် "စက်ဆုပ်ဖွယ် စက်ဆုပ်ဖွယ်"ဟု နှလုံးသွင်းသော ၂

မှတ်ချက်

ဆိုကြသည်ဟု ယူရာ၏။ ယခုခေတ် အနောက်တိုင်းဆရာတို့က ကျင်ငယ်ဖြစ်လာပုံကို ပြထားကြသည်မှာ အစာသစ်အိမ်မှ အတောင်အတန် ကြေညက်ပြီးသော အစာသည် အူငယ် အူခွေသို့ရောက်သည်၊ ထိုအူငယ်အတွင်း၌လည်း အစာကို ထပ်၍ ချေသည်၊ ထိုသို့ ချေရင်းပင် အူငယ်၏အတွင်း နံရံများ၌ ရှိသော ဗိလိုင်ခေါ် အသားမျှင် အသားဖုကလေးများက အသွေး စသည်ဖြစ်စေနိုင်သော ရသဓာတ်ခေါ် အရည်အနှစ်များကို စုတ်ယူပြီးလျှင် သွေးကြောဂငယ်အဆင့်ဆင့်ဖြင့် သွေးကြောမကြီးများသို့ ပို့ပေးသည်၊ ထိုသွေးကြောမကြီးတို့မှ သွေးကြောကြီး ၂-ခုသည် ကျောက်ကပ် ၂-ခုသို့ သွေးများကို ပို့ပေးသည်၊ ကျောက်ကပ် တခု တခု အတွင်း၌ အညစ်အကြေးများကို စစ်ထုတ်ရန် ကရိယာများ တသန်းမက အသီးအသီး ရှိ၍ ထို ကရိယာများဖြင့် စီးဝင်လာသော သွေးထဲမှ အညစ်အကြေးရေများကို စစ်ထုတ်ပြီး ဆီးကြောပိုက် ၂-ခုဖြင့် ဆီးအိမ်သို့ ပို့ပေးသည်၊ ထိုဆီးအိမ်စည်ဖောင်းမှ တဖန် ဆီးလမ်းကြောင်းပိုက်ဖြင့် ပဿာဝမဂ်သို့ ထွက်သည်-ဟု ရှုပ်ပုံများနှင့်တကွ ပြထားကြလေသည်။ ထိုအလိုအားဖြင့် ဆီးအိမ်မှာ ဝင်ပေါက် ၂-ခုရှိ၍ ထွက်ပေါက် တခုရှိသည်ဟု ဆိုရပေလိမ့်မည်။

၁–အဆင်းသဏ္ဌာန် စသော ငါးပါးအပြားအားဖြင့်-ဟူ၍ပင် ဆိုလို၏။

၂–ဤစကားဖြင့် ရှုပုံကို ပြသည်။ ဤကာယဂတာသတိကမ္မဋ္ဌာန်းကို အားထုတ်လိုသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ ဆံပင်စသည်တို့ကို အဆင်း, သဏ္ဌာန်,

http://www.dhammadownload.com

ယောဂီအား အမည်ပညတ်ကို လွန်မြောက်သည်၏ အဆုံး၌ ဥပမာဖြင့် ပြရလျှင် မျက်စိကောင်းသော ယောကျ်ားအား အဆင်းအရောင် သုံးဆဲ့ နှစ်မျိုးရှိကုန်သော ပန်းတို့၏ တခုတည်းသောချည်ဖြင့် သီကုံးထားသော ပန်းကုံးကို ကြည့်ရှုနေလျှင် ပန်းအားလုံးတို့သည် မရှေးမနှောင်း တပြိုင် နက်လိုပင် ထင်ရှားပေါ်နေကုန်သကဲ့သို့ ထို့အတူပင် "ဤကိုယ်ထဲ၌ ဆံပင်တို့ ရှိကြ၏" ဤသို့ စသည်ဖြင့် ဤကိုယ်ကို (ဉာဏ်ဖြင့်) ကြည့်ရှုနေစဉ် ထို အလုံးစုံသော ကောဋ္ဌာသတရားတို့သည် [၂၅၇] မရှေးမနှောင်း တပြိုင် နက်လိုပင် ထင်ရှားပေါ်ကုန်၏။ ထို့ကြောင့် မနသိကာရကောသလ္လကို ပြဆိုသောစကား (နှာ ၂၆၇)၌ "ချဲ့၍ပြအံ့—အားထုတ်ခါစ ယောဂီအား ဆံပင်ဟု နှလုံးသွင်းလျှင် နှလုံးသွင်းမှုသည် (နှုတ်တက်ရနေသည့်အတိုင်း) သွား၍ ကျင်ငယ်ဟူသော အဆုံးကောဋ္ဌာသသို့သာလျှင် ဆိုက်၍ တည်၏" ဟူ၍ ငါဆိုခဲ့ပေသည် ၁။

မှတ်ချက်

အထက်အောက်အရပ်, တည်ရာ, အပိုင်းအခြားဟူသော ငါးပါးဖြင့် ပိုင်းခြား ဆုံးဖြတ်၍ သိနားလည်စေရမည်။ ထို့နောင် ရှုဆင်ခြင်သောအခါ၌ အဆင်း စသည်ဖြင့် စက်ဆုပ်ဖွယ်ကောင်းပုံကို နှလုံးသွင်း၍-ရှုဆင်ခြင်ရမည်၊ ထိုသို့ နှလုံးသွင်း ရှုဆင်ခြင်နေသော ယောဂီမှာ-ဟု ဆိုလို၏။

၁–"အဆုံးကောဋ္ဌာသသို့သာလျှင် ဆိုက်၍ တည်၏" ဟူသော ဤစကားကို "(နှုတ်တက်ရနေသော)ကမ္မဋ္ဌာန်းပါဠိသို့အစဉ် လျော်သဖြင့် အားထုတ် ခါစ၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းသည် ဖြစ်၏"ဟု ယူတော်မူ၍ ဆိုပေ သည်။(ဋီကာ)ဤဋီကာနှင့် အညီပင် ယင်းနှာ ၂၆၇-၌ (ကမ္မဋ္ဌာနတန္တိအနု-သာရေန)ဟူသော ဋီကာအဆိုကိုပါ လက်သည်းကွင်းဖြင့် ဖော်ပြခဲ့သည်၊ ထို ဖော်ပြချက်အတိုင်းပင် ဤ၌လည်း ပြဆိုထားခြင်းဖြစ်သည်။ သို့သော် ဤအရာ၌မူ အဋ္ဌကထာအဆိုသည် နှုတ်တက်ရသည့်ပါဠိကို အစဉ်လျော်၍ သွားခြင်းကို ရည်, မရည် စဉ်းစားရန်ရှိသေး၏။

http://www.dhammadownload.com

ထို့ပြင် အကယ်၍ အပြင်ပ သူတပါးသန္တာန်၌လည်း (ငါ့သန္တာန်မှာ လိုပင် စက်ဆုပ်ဖွယ်ချည်းဟု) နှလုံးသွင်းမှုကို ပုံတူပြု၍ ဆောင်ငြားအံ့၊ ထို့သို့ဆောင်လျှင် ထိုယောဂီအား ဤဆိုခဲ့သည်အတိုင်း ကောဋ္ဌာသ အားလုံးတို့ ထင်ကြသောအခါ၌[၁] လှည့်လည်သွားလာနေကုန်သော လူတိရစ္ဆာန် စသည်တို့သည် သတ္တဝါ၏အခြင်းအရာကို စွန့်ကုန်၍ (ဝါ-သတ္တဝါ၏ အခြင်းအရာ ကင်းကုန်လျက်) စက်ဆုပ်ဖွယ် ကောဋ္ဌာသ အစုအပုံ၏ အနေအားဖြင့်သာလျှင် ထင်ပေါ်ကုန်၏။[၁] ထိုလူ တိရစ္ဆာန်စသည်တို့ စားမျိုသော စားဖွယ် သောက်ဖွယ်စသည်သည်လည်း စက်ဆုပ်ဖွယ်ကောဋ္ဌာသ အစုအပုံထဲ၌ ထည့်(အပ်)သကဲ့သို့ ထင်ပေါ်လေသည်။

ထိုအခါ အစဉ်ကို စွန့်ခြင်းစသည်၏ အစွမ်းအားဖြင့် "စက်ဆုပ်ဖွယ် စက်ဆုပ်ဖွယ်"ဟူ၍ အဖန်တလဲလဲ နှလုံးသွင်းသော ထိုယောဂီအား အစဉ် (အတိုင်း တိုးတက်သော)အားဖြင့် အပ္ပနာသည် ဖြစ်ပေါ်၏။ ထို့သို့ ဖြစ်ရာ၌ ဆံပင်စသည်တို့၏ အဆင်း, သဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြားတို့၏အစွမ်းဖြင့် ထင်ခြင်းသည် ဥဂ္ဂဟနိမိတ်ပေတည်း။ ခပ်သိမ်းသော အခြင်းအရာအားဖြင့် စက်ဆုပ်ဖွယ်၏အစွမ်းဖြင့် (ဝါ-စက်ဆုပ်ဖွယ်ဟု) ထင်ခြင်းသည် ပဋိဘာဂနိမိတ်ပေတည်း။ ထိုပဋိဘာဂနိမိတ်ကို (ဝါ-ထိုပဋိဘာဂနိမိတ်လျှင် အာရုံရှိသော နှလုံးသွင်းမှုကို) အထပ်ထပ်မှီဝဲလျက် ပွါးစေသော ယောဂီအား ရှေး၌ ဆိုခဲ့ပြီးသောနည်းဖြင့် အသုဘကမ္မဋ္ဌာန်းတို့၌ကဲ့သို့ ပဌမစျာန်၏ အစွမ်းအားဖြင့်သာလျှင် အပ္ပနာသည် ဖြစ်၏။

ထိုအပ္ပနာသည် အကြင်ပုဂ္ဂိုလ်အား ကောဋ္ဌာသ တခုတည်းသာလျှင် ထင်ရှား၏၊ သို့မဟုတ် (အကြင်ပုဂ္ဂိုလ်သည်) တခုသော ကောဋ္ဌာသ၌

မှတ်ချက်

၁-ထင်ကြသောအခါ၌.....ထင်ပေါ်ကုန်၏၊.....ထင်ပေါ်လေသည်-ဟုစပ်ပါ။

http://www.dhammadownload.com

အပ္ပနာသို့ ရောက်ပြီးလျှင် တဖန် အခြားကောင်္ဂသဒ္ဒ အားထုတ်ခြင်းကို မပြုတော့ပေ၊ ထိုသို့သော ပုဂ္ဂိုလ်နှစ်ဦးအား အပ္ပနာတပါးသာ ဖြစ်သည်။ အကြင်ပုဂ္ဂိုလ်အားမူ မျှားစ့ာကုန်သော ကောင်္ဂသတို့သည် ထင်ကုန်၏၊ သို့မဟုတ် (အကြင်ပုဂ္ဂိုလ်သည်) တခုသော ကောင်္ဂသဒ္ဒ ဈာန်သို့ရောက်ပြီးလျှင် တဖန် အခြားကောင်္ဂသဒ္ဒလည်း အားထုတ်ခြင်းကို ပြု၏၊ ထိုသို့သော ပုဂ္ဂိုလ်နှစ်ဦးအား (ထင်သော သို့မဟုတ် နှလုံးသွင်းသော) ကောင်္ဂသအရေအတွက်အားဖြင့် ပဌမဈာန်တို့သည် ဖြစ်ကုန်၏၊ မလွှကထေရ်အား (ဖြစ်ကုန်သ)ကဲ့သို့ပေတည်း။

တဆင့်ကြားဘူးသည်မှာ ထို မလွှကထေရ်အရှင်သည် ဒီဃနိကာယ်ဆောင် အဘယထေရ်ကို လက်ဦးကိုင်၍ "ငါ့ရှင် အဘယ ဤ ပြဿနာကို မှတ်ယူပါဦး"ဟု ဆိုပြီးလျှင် "မလွှကထေရ်ဟာ ၃၂-ပါးသော ကောင်္ဂသတို့ဌ ၃၂-ပါးသော ပဌမဈာန်တို့ကို ရသည်၊ အကယ်၍ ညဉ့်မှာ ဈာန်တပါး နေ့မှာ ဈာန်တပါး ဝင်စားလျှင် လဝက်-လခွဲကျော်ဖြင့် (၀၊-၁၇-ရက်ဖြင့်)တဖန်ပြန်၍ ဝင်စားရသည်၊ အကယ်၍ နေ့စဉ် ဈာန်တပါးကိုသာ ဝင်စားပါမူကား တလကျော်ဖြင့် တဖန်ပြန်၍ ဝင်စားရသည်"ဟု ဆိုသတတ်။

ဆက်ဦးအံ့—ဤဆိုခဲ့သည့်အတိုင်း ပဌမဈာန်၏ အစွမ်းအားဖြင့် ပြီးစီးခြားသော်လည်း ဤကမ္မဋ္ဌာန်းကို အဆင်း, သဏ္ဌာန်စသည်တို့ဌ သတိ၏ အားစွမ်းဖြင့် ပြီးစီးသောကြောင့် ကာယဂတာသတိဟူ၍ (သတိဖြင့် ပဓာနပြု၍)ဆိုအပ်ပေသည်။

အကျိုးကား—ဤကာယဂတာသတိကမ္မဋ္ဌာန်း အားထုတ်သော ရဟန်းသည် ကမ္မဋ္ဌာန်းကျောင်း, ဘာဝနာတို့ဌ မပျော်မွေ့ခြင်းနှင့် ကာမဂုဏ်ဌ ပျော်မွေ့ခြင်းတို့ကို နှိမ်နင်းနိုင်ပေ၏၊ ထိုရဟန်းကို (ထို)မပျော်မွေ့ခြင်းနှင့်

http://www.dhammadownload.com

ပျော်မွေ့ခြင်းက မနှိမ်နင်းနိုင်ပေ၊ ဖြစ်ပေါ်လာသော မပျော်မွေ့ခြင်း, ပျော်မွေ့ခြင်းကို နှိမ်နင်း၍ နှိမ်နင်း၍ နေနိုင်ပေ၏။ ဘေးငယ် ဘေးကြီးကို သည်းခံနိုင်ပေ၏၊ ထိုရဟန်းကို ဘေးငယ် ဘေးကြီးက မနှိပ်စက်နိုင်ပေ၊ ဖြစ်ပေါ်လာသော ဘေးငယ် ဘေးကြီးကို နှိမ်နင်း၍ နှိမ်နင်း၍ နေနိုင်ပေ၏၊ အအေးကို သည်းခံနိုင်ပေ၏၊ [၂၅၈] အပူကို အစာဆာခြင်းကို ရေဆာခြင်းကို မှက် ခြင် လေ နေပူ မြွေ ကင်းတို့၏ ကိုက်ခဲထိပါးခြင်းအတွေ့တို့ကို (သည်းခံနိုင်ပေ၏) မကောင်းသဖြင့် ပြောဆိုကုန်သော မကောင်းသဖြင့် ရောက်လာကုန်သော စကားဆိုးတို့ကို (သည်းခံနိုင်ပေ၏)၊ ကိုယ်ထဲ၌ ဖြစ်ပေါ်လာကုန်သော ပြင်းထန်ကြမ်းတမ်းကုန်သော မခံသာကုန်သော သာယာဖွယ်ကင်းကုန်သော မနှစ်မြို့ဖွယ်ဖြစ်ကုန်သော သေစေနိုင်လောက်ကုန်သော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်သော သဘောရှိပေ၏၊ ဆံပင် စသည်တို့၏ အညို အဝါ အနီ အဖြူ ဟူသော အဆင်းအထူးကိုမှီ၍ ဈာန်၄-ပါးတို့ကို ရနိုင်ပေ၏၊ အဘိညာဉ်တို့ကို ထိုးထွင်းသိနိုင်ပေ၏ ရနိုင်ပေ၏။

ထို (သို့မပျော်မွေ့မှု ပျော်မွေ့မှုကို နှိမ်နင်းနိုင်ခြင်းမှစ၍ ဈာန်လေးပါးနှင့် အဘိညာဉ်တို့ကို ရသည်တိုင်အောင် များစွာသော အကျိုးရှိခြင်း)ကြောင့် အမြော်အမြင်ဉာဏ်ပညာနှင့် ပြည့်စုံသော ပညာရှိသည် ဤဆိုခဲ့သည့်အတိုင်း များပြားသော အကျိုးအာနိသင်နှင့် ပြည့်စုံသော ဤကာယဂတာသတိကမ္မဋ္ဌာန်းကို မမေ့မလျော့ပဲ စင်စစ်မှန်စွာ အားထုတ်ရာတော့သတည်း။ ဤကား ဥယျောဇဉ်ပေတည်း။

ယခုဆိုခဲ့ပြီးသော စကားသည် ကာယဂတာသတိကမ္မဋ္ဌာန်း၌ အကျယ်ပြဆိုသော စကားအမြွက်ပေတည်း။

(ကာယဂတာသတိကမ္မဋ္ဌာန်း ပြီး၏)။

http://www.dhammadownload.com

၉-အာနာပါနဿတိပွါးပုံပြဆိုချက်

၂၁၅။ ယခုအခါ၌[၁] မြတ်စွာဘုရားသည်[၂]—

"ရဟန်းတို့ ဤ အာနာပါနဿတိ သမာဓိသည်လည်း ပွါးစေ (အပ်)လျှင် အကြိမ်များစွာပြု(အပ်)လျှင် ငြိမ်သက်သည်သာလျှင် လည်း ဖြစ်ပေ၏ မွန်မြတ်သည်သာလျှင်လည်း ဖြစ်ပေ၏ သွန်း ထည့်အပ်သည်လည်း မရှိပေ ချမ်းသာသော နေခြင်းလည်း ဖြစ်ပေ၏၊ ပေါ်လာကုန် ပေါ်လာကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကိုလည်း တခဏချင်းပင် ကွယ်ပျောက်စေနိုင် ပေ၏ ငြိမ်းစေနိုင်ပေ၏"ဟု—

ဤသို့ ချီးမွမ်းတော်မူပြီးလျှင်—[၂]

(ကထံ ဘာဝိတော စ ဘိက္ခဝေ အာနာပါနဿတိသမာဓိ ကထံ ဗဟုလီကတော သန္တော စေဝ ပဏီတော စ အသေစနကော စ သုခေါ စ ဝိဟာရော၊ ဥပ္ပန္နုပ္ပန္နေ စ ပါပကေ အကုသလေ ဓမ္မေ ဌာနသော အန္တရဓာပေတိ ဝူပသမေတိ။ ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္တာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတ္တာ၊ သော သတောဝ အဿသတိ သတော ပဿသတိ။ ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ။ ဒီဃံ ဝါ ပဿန္တော ။ပ။ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ

မှတ်ချက်

၁—ယခုအခါ၌....ပွါးစေပုံနည်းသည်(ဖွင့်ပြရန်)အစဉ်ရောက်လာပြီ-ဟု စပ်ပါ။

၂—မြတ်စွာဘုရားသည်.... ချီးမွမ်းတော်မူပြီးလျှင်.... ဟောကြားညွှန်ပြတော်မူ (အပ်)လေပြီ-ဟု စပ်ပါ။

http://www.dhammadownload.com

ပဇာနာတိ။ ရဿံ ဝါ ပဿသန္တော ။ပ။ သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။ သဗ္ဗကာယပဋိသံဝေဒီ ပဿသိ-ဿာမီတိ သိက္ခတိ။ ပဿမ္ဘယံ ကာယသခ်ါရံ အဿသိဿာမီတိ သိက္ခတိ။ ပဿမ္ဘယံ ကာယသခ်ါရံ ပဿသိဿာမီတိ သိက္ခတိ။ ပီတိပဋိသံဝေဒီ အဿသိဿာမီတိ ။ပ။ သုခပဋိသံဝေဒီ ။ပ။ စိတ္တသခ်ါရပဋိသံဝေဒီ ။ပ။ ပဿမ္ဘယံ စိတ္တသခ်ါရံ ။ပ။ စိတ္တပဋိ-သံဝေဒီ ။ပ။ အဘိပ္ပမောဒယံ စိတ္တံ ။ပ။ သမာဒဟံ စိတ္တံ ။ပ။ ဝိမောစယံ[၂၅၉] စိတ္တံ ။ပ။ အနိစ္စာနုပဿီ ။ပ။ ဝိရာဂါနုပဿီ ။ပ။ နိရောဓာနုပဿီ ။ပ။ ပဋိနိဿဂ္ဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ။ ပဋိနိဿဂ္ဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ။)[၁]

"ရဟန်းတို့ အာနာပါနဿတိသမာဓိသည် အဘယ်သို့ ပွါးစေ(အပ်) လျှင် အဘယ်သို့အကြိမ်များစွာပြု(အပ်)လျှင်ငြိမ်သက်သည်သာလျှင်လည်း ဖြစ်သနည်း မွန်မြတ်သည်သာလျှင်လည်း ဖြစ်သနည်း သွန်းလောင်းအပ်သည်လည်း မရှိသနည်း ချမ်းသာသော နေခြင်းလည်း ဖြစ်သနည်း၊ ပေါ်လာကုန် ပေါ်လာကုန်သော ယုတ်ညှံကုန်သော အကုသိုလ်တရားတို့ကို တခဏချင်းပင် ကွယ်ပျောက်စေနိုင်သနည်း ငြိမ်းစေနိုင်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ ကပ်ရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့ ကပ်ရောက်၍ဖြစ်စေ၊ လူသူဆိတ်သော ကျောင်းသို့ ကပ်ရောက်၍ ဖြစ်ဓစ ထက်ဝယ်ဖွဲ့ခွေကာ အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာထားလျက် ကမ္မဋ္ဌာန်းဆီသို့ ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်နေ၏။ ထိုင်ပြီးသော ထိုရဟန်းသည် အမှတ်ရလျက်သာလျှင် ဝင်သက်ရှူ၏ အမှတ်ရလျက်သာ

မှတ်ချက်

၁–ဤပါဋ္ဌိမူရင်းကို အပြည့်အစုံထုတ်ပြခြင်းမှာ နောက်၌ ပြလတံ့ဖြစ်သော အဖွင့်များအရာတွင် အဖွင့်ခံထုတ်ပြရန်နှင့် တိုက်ဆိုင်ကြည့်ရှုနိုင်ရန်ဖြစ်သည်။

http://www.dhammadownload.com

လျှင် ထွက်သက်ရှူ၏[၁]။ ရှည်စွာ ရှူသွင်းလျှင်လည်း ရှည်စွာ ရှူသွင်းသည်ဟု အပြားအားဖြင့် သိ၏[၂]။ ရှည်စွာ ရှူထုတ်လျှင်လည်း ရှည်စွာ ရှူထုတ်သည်ဟု သိ၏။ တိုစွာ ရှူသွင်းလျှင်လည်း တိုစွာ ရှူသွင်းသည်ဟု သိ၏။ တိုစွာ ရှူထုတ်လျှင်လည်း တိုစွာ ရှူထုတ်သည်ဟု သိ၏။ အလုံးစုံသော ဝင်သက် အပေါင်းကို သိလျက် ရှူသွင်းအံ့ဟု လေ့ကျင့်၏။ အလုံးစုံသော ထွက်သက် အပေါင်းကို သိလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏။ ကာယသင်္ခါရကို ငြိမ်းစေလျက် ရှူသွင်းအံ့ဟု လေ့ကျင့်၏။ ကာယသင်္ခါရကို ငြိမ်းစေလျက် ရှူထုတ်

မှတ်ချက်

၁–ဝိနည်းအဋ္ဌကထာနှင့် လောကီကျမ်းတို့၏ အလိုအားဖြင့် အဿာသော ထွက်သက်၊ ပဿာသော-ဝင်သက်-ဟု ပြန်ရပေမည်။ သို့သော် နောက်၌ ပြလတ္တံ့သော ပဋိသမ္ဘိဒါမဂ်ပါဠိနှင့် ညီစေရန်ငင်း၊ အားထုတ်ခါစ၌ ဝင်သက်မှစ၍ ရှုရမြဲဖြစ်သောကြောင့်ငင်း ဤ၌ အဿသတိ-ပုဒ်ကို ဝင်သက်ရှု၏-ဟူ၍ငင်း၊ ပဿသတိ-ပုဒ်ကို ထွက်သက်ရှု၏-ဟူ၍ငင်း ပြန်သည်။ ထိုသို့ ပြန်ခြင်းသည် အာနာပါန-ပုဒ်၏ အနက်နှင့်လည်း လျော်ပေ၏။

၂–ပဇာနာတိ-ပုဒ်၌ ပ-၏ အနက်ကို ဖော်၍ ပြန်သည်။ သို့သော်လည်း မြန်မာစကားအဆုံ၌ သိ၏-ဟု ဆိုလျှင်ပင် အပြားအားဖြင့် သိသည်-ဉာဏ်ဖြင့် သိသည်-ဟူသော အနက်ကို သိစေနိုင်သောကြောင့်ငင်း၊ ဇာနာတီတိ-သိတတ်သောကြောင့်၊ ဉာဏ်-ဉာဏ်မည်၏။ ဇာနတာ ပဿတာ-သိတော်မူသော မြင်တော်မူသော။ ဇာနတော ပဿတော-သိသော သူ မြင်သော သူ၏ (အာသဝေါ ကုန်ခြင်းကိုဟော၏)။ ဉာတဋ္ဌေန-သိတတ်သော သဘောကြောင့်၊ ဉာဏ်-ဉာဏ်မည်၏။ သမ္ပညူ-အလုံးစုံကို သိတော်မူသော ဘုရား ဤသို့ အစရှိသော ပါဠိဘာသာအဆုံ၌လည်း ပ-အပြားဖြင့်-ဟု မဆိုပဲ သိသည်-ဟု ဆိုရုံမျှဖြင့်ပင် ဉာဏ်ဟူသောအနက်, ပညာဟူသောအနက်ကို သိစေနိုင်သောကြောင့်ငင်း နောက်၌ ပဇာနာတိ-ပုဒ်ကို သိ၏-ဟူ၍ ဤမျှသာ ပြန်သွားမည်။

http://www.dhammadownload.com

အံ့ဟု လေ့ကျင့်၏။ ပီတိကိုသိလျက် ရှူသွင်းအံ့ဟု လေ့ကျင့်၏။ ပီတိကို သိလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏။ သုခကိုသိလျက် ရှူသွင်းအံ့ဟု လေ့ကျင့်၏။ သုခကိုသိလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏။ စိတ္တ သင်္ခါရကို သိလျက် ရှူသွင်းအံ့ဟု လေ့ကျင့်၏။ စိတ္တသင်္ခါရကိုသိလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏။ စိတ္တသင်္ခါရကို ငြိမ်းစေလျက် ရှူသွင်းအံ့ဟု လေ့ကျင့်၏။ စိတ္တ သင်္ခါရကို ငြိမ်းစေလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏။ စိတ်ကိုသိလျက် ရှူသွင်းအံ့ဟု လေ့ကျင့်၏။ စိတ်ကိုသိလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏။ စိတ်ကို ဝမ်းမြောက်စေလျက် ရှူသွင်းအံ့ဟု လေ့ကျင့်၏။ စိတ်ကိုဝမ်းမြောက်စေလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏။ စိတ်ကို ကောင်းစွာထားလျက် ရှူသွင်းအံ့ဟု လေ့ကျင့်၏။ စိတ်ကို ကောင်းစွာထားလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏။ စိတ်ကို လွတ်စေလျက်[၂၅၉]ရှူသွင်းအံ့ လေ့ကျင့်၏။ စိတ်ကို လွတ်စေလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏။ မမြဲဟု ရှုလျက် ရှူသွင်းအံ့ဟု လေ့ကျင့်၏။ မမြဲဟုရှုလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏။ ဝိရာဂကိုရှုလျက် ရှူသွင်းအံ့ဟု လေ့ကျင့်၏။ ဝိရာဂကိုရှုလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏။ နိရောဓကိုရှုလျက် ရှူသွင်းအံ့ဟု လေ့ကျင့်၏။ နိရောဓကိုရှုလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏။ ပဋိနိဿဂ္ဂကို ရှုလျက် (၀၀-လွှတ်သောအားဖြင့်ရှုလျက်၊ ၀၀-လွှတ်နိုင်အောင် ရှုလျက်)ရှူသွင်းအံ့ လေ့ကျင့်၏။ ပဋိနိဿဂ္ဂကိုရှုလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏”ဟူ၍—

ဤသို့ တဆဲ့ခြောက်ပါးသော တည်ရာဌာနရှိသော အကြောင် အာနာပါန-ဿတိကမ္မဋ္ဌာန်းကို ဟောကြားညွှန်ပြတော် မူ(အပ်)လေပြီ၊ ထိုအာနာပါန ဿတိကမ္မဋ္ဌာန်းကို ပွါးစေပုံနည်းသည် (ဖွင့်ပြရန်) အစဉ်ရောက်လေပြီ။ သို့သော်လည်း ထိုပွါးစေပုံနည်းသည် ပါဠိအဖွင့်သို့ အစဉ်လျော်သဖြင့် သာလျှင် ဖွင့်ဆို(အပ်)သည်ရှိသော် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပြည့်စုံနိုင်ပေ၏၊ထို့ကြောင့် ယခုဆိုမည့်စကားရပ်သည် ဤအာနာပါနဿတိ

http://www.dhammadownload.com

ကမ္မဋ္ဌာန်း၌ ပါဠိကို ဖွင့်ခြင်းလျှင် ရှေးသွားရှိသော အကျယ်ဖွင့်ပြချက် ပေတည်း။

၂၁၆။ ကထံ ဘာဝိတော စ ဘိက္ခဝေ အာနာပါနဿတိသမာဓိ-အစ ရှိသော ဤစကားထဲ၌ (ကထံ) **အဘယ်သို့နည်း**-ဟူသောစကားသည် အာနာပါနဿတိဘာဝနာကို အမျိုးမျိုးသော အပြားအားဖြင့် ခွဲပြရန် အလိုရှိသဖြင့် မေးသောစကားပေတည်း။ **ပွါးစေ(အပ်)လျှင် အာနာပါနဿ-သတိသမာဓိသည်**-ဟူသောစကားသည် ခွဲ၍ပြရန်အလိုရှိသဖြင့် မေးထား သောတရားကို ဖော်ပြသောစကားပေတည်း။ အဘယ်သို့ အကြိမ်များစွာ ပြု(အပ်)လျှင် ။ပ။ ငြိမ်းစေနိုင်သနည်း-ဟူသော ဤစကားရပ်၌လည်း ဤ နည်းပင်တည်း။ ထိုစကားရပ်၌ **ဘာဝိတော**-ဟူသည်ကား ဖြစ်စေအပ်သည်, တနည်းကား ပွါးစေအပ်သည်(ဟု ဆိုလို၏)။ **အာနာပါနဿတိသမာဓိ**-ဟူသည်ကား ဝင်လေ ထွက်လေကို သိမ်းဆည်းသော သတိနှင့်ယှဉ်သော သမာဓိပေတည်း။ တနည်းကား ဝင်လေ ထွက်လေကို သိမ်းဆည်းသော သတိကြောင့် (ဖြစ်သော) သမာဓိသည် အာနာပါနဿတိသမာဓိ မည်၏[1]။ **ဗဟုလီကတော**-ဟူသည်ကား အဖန်ဖန်ပြုအပ်သည်(ဟု ဆိုလို၏) **သန္တော**

မှတ်ချက်

၁–ဤ၌ ၂-နည်းတို့တွင် ပဌမနည်းအားဖြင့် အာနာပါန-ဝင်လေ ထွက်လေကို+ သတိ-အမှတ်ရမှုနှင့် ယှဉ်သော+သမာဓိ-တည်ကြည်မှု= အာနာပါနဿတိ-သမာဓိ-ဝင်လေထွက်လေကို အမှတ်ရမှုနှင့် ယှဉ်သော စိတ်တည်ကြည်မှု။ ဒုတိယနည်းအားဖြင့် အာနာပါနဿတိ-ဝင်လေထွက်လေကို အမှတ်ရမှု ကြောင့်ဖြစ်သော+သမာဓိ-တည်ကြည်မှု + အာနာပါနဿတိသမာဓိ - ဝင်လေထွက်လေကို အမှတ်ရမှုကြောင့်ဖြစ်သော စိတ်တည်ကြည်မှု။ ဤဒုတိယ နည်း၌ ဥပစာရအခိုက်အတန့်က ဖြစ်ခဲ့သောသတိကြောင့် ဖြစ်သည်ကိုလည်း ပြ၏။ ဋီကာကို မှီ၍ ဖွင့်ပြခြင်းဖြစ်သည်။

http://www.dhammadownload.com

စေဝ ပဏီတော စ-ဟူသည်ကား ငြိမ်သက်သည်သာလျှင်လည်း (ဖြစ်၏) မွန်မြတ်သည်သာလျှင်လည်း (ဖြစ်၏)[၁]။ [၂]-ပုဒ်လုံးတို့၌ (စေဝ-သဒ္ဒါ) သာလျှင် ဟူသောစကားဖြင့် ကိန်းသေသတ်မှတ်ခြင်းကို သိအပ်၏။ အဘယ်သို့ဆိုလိုသနည်း? ဟူမူ အသုဘကမ္မဋ္ဌာန်းသည် ထိုးထွင်း၍သိခြင်း (ပဋိဝေဓ)၏ အစွမ်းသက်သက်အားဖြင့်သာလျှင်[၂] ငြိမ်သက်သည်ရင်း၊ မွန်မြတ်သည်ရင်း ဖြစ်ပေသည်၊ သို့သော်လည်း ရုန့်ရင်းသော အာရုံရှိခြင်းကြောင့်ရင်း၊ စက်ဆုပ်ဖွယ်အာရုံ ရှိခြင်းကြောင့်ရင်း အာရုံ၏အစွမ်းအားဖြင့် မငြိမ်သက်သည်သာလျှင် မမွန်မြတ်သည်သာလျှင် ဖြစ်သကဲ့သို့ ဤအာနာပါနဿတိကမ္မဋ္ဌာန်းသည်ကား ထိုကဲ့သို့ မငြိမ်သက်သည်သော်ရင်း၊ မမွန်မြတ်သည်သော်ရင်း တစုံတခုသောအကြောင်းကြောင့်မျှ မဖြစ်ပေ၊ စင်စစ်သော်ကား အာရုံ၏ငြိမ်သက်ခြင်းကြောင့်လည်း ငြိမ်သက်ပေ၏ အထူးငြိမ်သက်ပေ၏ ငြိမ်းအေးပေ၏၊ ပဋိဝေဓဟုဆိုအပ်သော ဈာန်အင်္ဂါ၏ ငြိမ်သက်ခြင်းကြောင့်လည်း (ငြိမ်သက်ပေ၏ အထူးငြိမ်သက်ပေ၏ ငြိမ်းအေးပေ၏)၊ အာရုံ၏ မွန်မြတ်ခြင်းကြောင့်လည်း မွန်မြတ်ပေ၏ မရောင့်ရဲနိုင်အောင် ကောင်းသည်ကိုပြုတတ်ပေ၏၊ ဈာန်အင်္ဂါ၏ မွန်မြတ်ခြင်းကြောင့်လည်း မွန်မြတ်ပေ၏ မရောင့်ရဲနိုင်အောင် ကောင်းသည်ကို ပြုတတ်ပေ၏၊ ထို့ကြောင့် "သန္တော စေဝ ပဏီတော စ" ဟု ဟောတော်မူပေသည်။

မှတ်ချက်

၁–ပဏီတော စ-၌ စေဝ-မပါသော်လည်း သန္တော စေဝ-မှ လိုက်၍ ယူရန် ဖွင့်ပြ၏၊ တို့ကြောင့် ဤအဖွင့်ကို မှီ၍ သုတ်ရင်း၏ မြန်မာပြန်၌ပင် ပဏီတော စ-ကို မွန်မြတ်သည်သာလျှင်လည်း ဖြစ်ပေ၏-ဟု စေဝ-၏ အနက်သာလျှင်-ဟူသောစကားကိုပါ ဖြည့်စွက်၍ ပြန်ခဲ့ပေသည်။

၂–ပဋိဝေဓဟူသော ဈာန်အင်္ဂါအလိုအားဖြင့်သာလျှင် ငြိမ်သက် မွန်မြတ်ပေသည်၊ အာရုံအလိုအားဖြင့်မူ ငြိမ်သက် မွန်မြတ်ခြင်း မရှိဟု ဆိုလို၏။

http://www.dhammadownload.com

အသေစနကော စ သုခေါ စ ဝိဟာရော-ဟူသော ဤစကားရပ်၌ (အနက်ကား) အကြင်သမာဓိမှာ[၁] (ငြိမ်သက်ခြင်း မွန်မြတ်ခြင်းကို ဖြစ်စေတတ်သော) သွန်းထည့်ပေးအပ်သော အကြောင်း(တစုံတခုမျှ)မရှိ၊ ထိုသမာဓိသည် **အသေစနက**မည်၏၊ သွန်းထည့်ပေးအပ်သောအကြောင်း မရှိသော သမာဓိ၊ အကူအညီအခြားတပါးနှင့် မရောပြွမ်းသော အသီးအခြားတခုတည်းသော သီးသန့်ဖြစ်သော သမာဓိ (ဟု ဆိုလိုသည်)။ ဤအာနာပါနဿတိသမာဓိ၌ (ကသိုဏ်းစျာန်စသည်မှာကဲ့သို့) ရှုစရာအာရုံကို ကြိုတင်၍ ပြုရခြင်းလည်း[၂] မရှိ၊ ဥပစာရဖြင့်မူလည်း ငြိမ်သက်သည်၏အဖြစ် မရှိ[?]၊ (စင်စစ်သော်ကား) အစအဦး နှလုံးသွင်းသည်မှစ၍ မိမိ၏သဘောအားဖြင့်

မှတ်ချက်

၁–ပါဠိ၌ အဿ-ဟုရှိသော်လည်း သုတနည်းသူတို့ပါ သိလွယ်စေရန် အနိယတ်ပြု၍ ပြန်သည်။

၂–ငြိမ်သက်ခြင်း၏အကြောင်းဖြစ်သော ပရိကံသည်မူလည်း(မရှိပေ)၊ ပရိကံ-ဟူသည်မှာလည်း ကသိုဏ်းပုံပြုခြင်းမှ စ၍ နိမိတ်ကိုဖြစ်စေခြင်းအဆုံးရှိသော ကြိုတင်ပြုမှုပေတည်း၊ ထိုသို့သော ကြိုတင်ပြုမှု-ပရိကံသည် ဤအာနာပါနဿတိသမာဓိ၌ မရှိဟု ဆိုလိုသည်၊ မှန်ပေ၏-(ပရိကံရှိပါမူ) ထိုပရိကံ ပြုနေသောအခါ၌ ကမ္မဋ္ဌာန်းသည် သာယာဖွယ်မရှိသောကြောင့် မငြိမ်သက်သည် မမွန်မြတ်သည် ဖြစ်ရာ၏။(ဋီကာ)ဤဋီကာနှင့်အညီ ပြန်သည်၊ ယခုဝိသုဒ္ဓိမဂ် စာအုပ်၌ကား ပရိကမ္မေန ဝါ-ဟု ပါင်ရှိ၏။ ထိုပါဠိအလိုအားဖြင့် ပရိကံဖြင့်သော်၎င်း၊ ဥပစာဖြင့်သော်၎င်း ငြိမ်သက်သည်၏အဖြစ်မရှိ-ဟု ပြန်ရာ၏။

၃–ဥပစာခဏ၌ နီဝရဏကင်းခြင်းကြောင့်၎င်း၊ အင်္ဂါတို့၏ထင်ရှားဖြစ်ပေါ်ခြင်းကြောင့်၎င်း အခြားသမာဓိတို့၏ ငြိမ်သက်ခြင်းသည်ဖြစ်သကဲ့သို့ ဤအာနာနဿတိသမာဓိ၏ ငြိမ်သက်ခြင်းသည် ထိုကဲ့သို့မဟုတ်ပေ၊ ဤသမာဓိသည်ကား အစအဦး နှလုံးသွင်းသည်မှစ၍ မိမိသဘောအားဖြင့်ပင်လျှင် ငြိမ်သက်သည်၎င်း၊ မွန်မြတ်သည်၎င်း ဖြစ်ပေသည်-ဟု ယှဉ်စပ်ရာ၏။ (ဋီကာ)

http://www.dhammadownload.com

ပင်လျှင် ငြိမ်သက်သည်ရင်း၊ မွန်မြတ်သည်ရင်း ဖြစ်သည်-ဤကား အသေစနကော-ပုဒ်၏ အနက်ပေတည်း။ အခြို့ဆရာတို့ကမူ အသေစနကော ဟူသည်ကား ,မသွန်းမဆမ်းအပ်ပဲ သြဇာရှိသော [၂၆၀] ပင်ကိုသဘော အားဖြင့်ပင်လျှင် ချို့မြိန်ကောင်းမွန်သောသမာဓိ-ဟု ဖွင့်ဆိုကုန်၏။ ဤ ဆိုခဲ့သည့်အတိုင်း ဤအာနာပါနဿတိသမာဓိသည် သွန်းထည့်ပေးအပ် သည်-သွန်းလောင်းပေးအပ်သည်လည်း မရှိပေ၊ ဝင်စားတိုင်း ဝင်စားတိုင်း သောခဏ၌ ကိုယ်ချမ်းသာ စိတ်ချမ်းသာကို ရခြင်းငှါဖြစ်သောကြောင့် ချမ်းသာသောနေခြင်းလည်း ဖြစ်ပေသည်ဟူ၍ သိအပ်ပေ၏။ **ပေါ်လာကုန်ပေါ်လာကုန်သော**-ဟူသည်မှာ မခွါအပ်ကုန်သေး မခွါအပ်ကုန်သေးသော (ဟု ဆိုလို၏)[၁]။ **ပါပကေ**-ဟူသည်ကား ယုတ်ညံ့ကုန်သော (ဟု ဆိုလို၏)။ **အကုသလေ ဓမ္မေ**-ဟူသည်ကား မလိမ္မာကြောင်း မိုက်မဲကြောင်း အဝိဇ္ဇာ ကြောင့် ဖြစ်ကုန်သော တရားတို့ကို[၂] (ဟုဆိုလို၏)။ **ဌာနသော အန္တရဓာပေတိ**-ဟူသည်ကား တခဏချင်းဖြင့်ပင်လျှင် ကွယ်စေ၏ ကွာစေ၏ (ဟု ဆိုလို၏)။ **ဝူပသမေတိ**-ဟူသည်ကား ကောင်းစွာ ငြိမ်းစေ၏၊ တနည်း ကိလေသာကို ဖောက်ခွဲခြင်းအဖို့ရှိသောကြောင့် အစဉ်အတိုင်း (တိုးတက်၍)

မှတ်ချက်

၁–ဤအဆုံး ဥပ္ပန္နုပ္ပန္နေ-ပေါ်လာကြသည် ပေါ်လာကြသည်ဟု ဆိုခြင်းမှာ ဥပါဒ်အားဖြင့် ဖြစ်ပေါ်လာခြင်းကို ဆိုလိုသည်မဟုတ်၊ ဝိက္ခမ္ဘနပဟာန်ဖြင့် မပယ်ခွါရသေးသောကြောင့် ဖြစ်ပေါ်လာနိုင်ကြသည့် အကုသိုလ်တို့ကို ဆိုလိုသည်ဟုသိစေ၏။

၂–အဝိဇ္ဇာကို အကောသလ္လ-မလိမ္မာသူ-မိုက်မဲသူဖြစ်ကြောင်းဟု ဆိုအပ်၏၊ ထိုအဝိဇ္ဇာကြောင့် ဖြစ်ကုန်သော တရားတို့ကို။ မှန်ပေ၏-အလုံးစုံသော အကုသိုလ်တရားတို့သည် ထိုအဝိဇ္ဇာလျှင် ရှေသွားရှိကုန်၏။ (ဋီကာ)

http://www.dhammadownload.com

အရိယာမဂ်ဟူသော ကြီးပွါးခြင်းသို့ ရောက်လတ်သော် အကြွင်းမဲ့ပယ်ဖြတ်တတ်၏၊ (အရိယာဖိုလ်ဖြင့်) တဖန်ငြိမ်းစေတတ်၏ဟု ဆိုလိုပေသည်။[၁]

ယခုဆိုမည့် စကားသည်ကား ဤအရာ၌ အကျဉ်းချုပ်အနက်ပေတည်း-ရဟန်းတို့ အဘယ်အပြားအားဖြင့် အဘယ်အခြင်းအရာ အဘယ်အစီအရင်အားဖြင့် ပွါးစေ(အပ်)လျှင် အဘယ်အပြားအားဖြင့် အကြိမ်များစွာပြု(အပ်)လျှင် အာနာပါနဿတိသမာဓိသည် ငြိမ်သက်သည်သာလျှင် ဖြစ်သနည်း။ပ။ငြိမ်းစေနိုင်သနည်း—ဤကား အကျဉ်းချုပ်အနက်။

၂၁၇။ ယခုအခါ၌ ထိုအနက်ကို ခွဲပြလိုသည်ဖြစ်၍ **ဣဓ ဘိက္ခဝေ**-စသည်ကို မိန့်တော်မူလေသည်။ ထိုစကားတော်ထဲ၌ **ဣဓ ဘိက္ခဝေ ဘိက္ခု** ဟူသည်ကား ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်(ဟု ဆိုလို၏)။ မှန်ပေ၏—ဤစကားတော်၌ ဣဓ-ဟူသော ဤသဒ္ဒါသည် ခပ်သိမ်းသော အပြားအားဖြင့် အာနာပါနဿတိသမာဓိကို ဖြစ်စေတတ်သော ပုဂ္ဂိုလ်၏ မှီရာဖြစ်သော သာသနာကိုလည်းပြ၏၊ အခြားသာသနာ၏ (အာနာပါ-နဿတိသမာဓိကို ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဖြစ်စေတတ်သော ပုဂ္ဂိုလ်၏ တည်ရာဟူသော) ထိုအဖြစ်ကိုလည်း ပယ်မြစ်၏။[၂] မှန်ပေ၏—

မှတ်ချက်

၁—ဤဒုတိယအဖွင့်အလိုအားဖြင့် အရိယာမဂ်ဖိုလ်သို့ ရောက်စေလျက် ငြိမ်းစေသည်ကို ဆိုလို၏။

၂—ဗုဒ္ဓသာသနာမှ အပြင်ပဋ္ဌလည်း အာနာပါနကို အားထုတ်သူများ ရှိကြသေး၏၊ သို့သော်လည်း ထိုသာသနာပဂ္ဂိုလ်တို့သည် ကာယသခ်ါရကို ချုပ်စေလျက်-ဟု ဟောထားသော စတုတ္ထဈာနုပုံအထိ အစပိုင်း ၄-နည်းကိုသာ သိကြသည်၊ ၁၆-နည်းလုံးကို အပြည့်အစုံမသိကြ၊ ထို့ကြောင့် အထက်ပါအတိုင်း ဆိုပေသည်။

http://www.dhammadownload.com

"ရဟန်းတို့ ဤသာသနာတော်၌သာလျှင် ကိလေသာငြိမ်းသော သမဏ-ရဟန်းကိုရအပ်၏။ပ။ဤသာသနာမှ အခြားသောဝါဒတို့သည် (ဝန်ခံသည့် အတိုင်း)သိကုန်သော ကိလေသာငြိမ်းကုန်သော သမဏ-ရဟန်းတို့မှ ဆိတ်ကုန်၏"ဟူသော ဤစကားကို ဟောတော်မူပေသည်။ ထို့ကြောင့်"ဤသာသနာတော်၌ ရဟန်းသည်"ဟူ၍ ငါ ဖွင့်ဆိုပေသည်။

အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ-ဟူသော ဤစကားသည် အာနာပါနဿတိသမာဓိ ဘာဝနာအားလျော်သော ကျောင်း အိပ်ရာ နေရာကို ထိုယောဂီရဟန်းသိမ်းယူပုံကို ပြသောစကား ပေတည်း[1]။ ခဲ့၍ပြအံ့–ဤရဟန်း၏ စိတ်သည် အဆင်းအစရှိကုန်သော အာရုံတို့၌ ရှည်မြင့်စွာသော ကာလပတ်လုံး အစဉ်လိုက်ကာ ပြန့်သွားလျက် ရှိ၏၊ ထိုသို့ပြန့်သွားနေသောစိတ်သည်[2] အာနာပါနဿတိသမာဓိ၏ အာရုံသို့ တက်ခြင်းငှါ အလိုမရှိ၊ ကောက်ကျစ်သောနွားး က-ထားသည့် လှည်းသည် လမ်းမဟုတ်ရာသို့သာလျှင် ပြေးသွားသကဲ့သို့ ဘာဝနာလမ်းမှန်မဟုတ်ရာသို့သာလျှင် ပြေးသွားတတ်၏။ ထို့ကြောင့် ဥပမာဖြင့် ပြရလျှင် ကောက်ကျစ်သော မိခင်နွားမ၏ နို့ရည်ကို အကုန်သောက်စို်၍ ကြီးပြင်းလာသော ကောက်ကျစ်သော နွားငယ်ကို ဆုံးမလိုသော နွားကျောင်းသမား(နွားမွေးသူ)သည် မိခင်နွားမမှ ခွဲဆောင်၍ တခုသောအရပ်၌ ကြီးစွာသောတိုင်ကို စိုက်ထူ၍ ထိုတိုင်၌ ကြိုးဖြင့်ဖွဲ့ချည်ထားရာ၏၊ ထိုအခါ

မှတ်ချက်

၁–ပရိဒီပန-ပုဒ်ကို ပြကြောင်းဖြစ်သော စကားဟု အတိအကျ ပြန်သင့်သော်လည်း သုတနည်းသူတို့ပါ အလွယ်တကူ နားလည်စေရန် ပြသောစကားဟု ပြန်သည်။ နောက်၌လည်း နည်းတူပင် ကရိဏီးအနက်ကိုပင် ကတ္တားပြု၍ ပြန်ချက်မျှားရှိလိမ့်မည်။

၂–ဝါကျရှည်သောကြောင့် သိလွယ်စေရန် ၂-ဝါကျခွဲ၍ ပြန်သည်။

http://www.dhammadownload.com

ထိုသူ၏ ထိုန္ဒြေးငယ်သည် ထိုမှ ဤမှ ရုန်းကန်လှုပ်ရှားနေရာ၏၊ လှုပ်ရှားပြီးလျှင် ထွက်ပြေးရန် မစွမ်းနိုင်သောကြောင့် ထိုတိုင်ကိုသာလျှင် မှီ၍ မူလည်း နေရာ၏ မှီ၍မူလည်း အိပ်ရာ၏၊ ထို့အတူပင် ရှည်မြင့်စွာသော ကာလပတ်လုံး ရူပါရုံစသည်တို့ကို စွဲ၍ဖြစ်သော (သုခဝေဒနာ ဟူသော) အရသာကို သောက်သုံးခြင်းဖြင့် ကြီးပွါးလာသော ပျက်ခြေ်နေသည့် စိတ်ကို ဆုံးမလိုသော ဤရဟန်းသည်လည်း ရူပါရုံအစရှိသော အာရုံများမှ ခွဲဆောင်၍ တောသို့ဖြစ်စေ, သစ်ပင်ရင်းသို့ဖြစ်စေ, လူသူဆိတ်ရာကျောင်းသို့ ဖြစ်စေ သွင်းထားပြီးလျှင် ထိုအရပ်ဝယ် ဝင်လေ ထွက်လေဟူသောတိုင်၌ သတိတည်းဟူသောကြိုးဖြင့် ဖွဲ့ချည်ထားအပ်၏၊ ဤသို့ဖွဲ့ချည်ထားလျှင် ထို ရဟန်း၏ ထိုစိတ်သည် ထိုမှ ဤမှ ရုန်းကန်လှုပ်ရှား၍ နေငြားသော်လည်း ရှေးအခါက လေ့ကျက်နေကျအာရုံကို မရသဖြင့် သတိတည်းဟူသော ကြိုးကိုဖြတ်၍ [၂၆၁] ထွက်ပြေးရန် မစွမ်းနိုင်သောကြောင့် ထိုဝင်လေထွက်လေဟူသော အာရုံကိုသာလျှင် ဥပစာရသမာဓိ အပ္ပနာသမာဓိတို့၏ အစွမ်းအားဖြင့် မှီ၍လည်း နေ၏ မှီ၍လည်း အိပ်၏။ ထို့ကြောင့် ရှေးဆရာတို့သည်—

> "ဒြေးငယ်ကို ဆုံးမလိုသော လူသည် တိုင်၌ ဖွဲ့ချည်ထားရာ သကဲ့သို့ ထို့အတူ ဤသာသနာတော်၌ မိမိစိတ်ကို ဆုံးမလိုသော ရဟန်းသည် ကမ္မဋ္ဌာန်းအာရုံ၌ သတိဖြင့် မြဲမြံစွာ ဖွဲ့ချည်ထားရာ၏"ဟု မိန့်ဆိုကြပေသည်။

ယခုပြဆိုခဲ့သည့်အတိုင်း ထိုယောဂီရဟန်း၏ (တောအစရှိသော) ဤကျောင်းသည် ဘာဝနာအားလျော်ပေ၏။ ထို့ကြောင့် "ဤစကားသည် အာနာပါနဿတိသမာဓိဘာဝနာအားလျော်သော ကျောင်းအိပ်ရာနေရာကို ထိုရဟန်းသိမ်းယူပုံကို ပြသောစကားပေတည်း"ဟူ၍ ငါဆိုခဲ့ပေသည်။

http://www.dhammadownload.com

တနည်းသော်ကား ဤအာနာပါနကမ္မဋ္ဌာန်းသည် (လေးဆယ်သော) ကမ္မဋ္ဌာန်းအပြားထဲတွင် ဦးထိပ်သဖွယ် ဖြစ်ပေ၏၊ (အလုံးစုံသော) ဘုရားများ (အချို့)ပစ္စေကဗုဒ္ဓါများ (အချို့) သာဝကများတို့၏ မဂ်ဖိုလ်တရားထူးကို ရခြင်း၏ နီးစွာသော အကြောင်းလည်း ဖြစ်ပေ၏၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း၏ နီးစွာသောအကြောင်းလည်း ဖြစ်ပေ၏၊ [၁] ယင်းအာနာပါနဿတိကမ္မဋ္ဌာန်းကို မိန်းမ ယောကျ်ား ဆင် မြင်း စသည်တို့၏ အသံများဖြင့် ပြွမ်းသော ရွာနားကျောင်းကို မစွန့်ပဲ ပွါးစေခြင်းငှါ မလွယ်ကူပေ၊ (အကြောင်းမူကား) စျာန်မှာ အသံဟူသော (ပျက်စီးကြောင်း) ဆူးငြောင့်ရှိသောကြောင့်ပေတည်း။ စင်စစ်သော်ကား ဤယောဂီရဟန်းသည် ရွာနှင့်ဝေးသော တောအရပ်၌ ဤအာနာပါနဿတိကမ္မဋ္ဌာန်းကို သိမ်းဆည်းရှုမှတ်လျက် အာနာပါနလျှင် အာရုံရှိသော စတုတ္ထစျာန်ကို (ဝါ-အာနာပါနလျှင် အာရုံရှိသော စျာန်လေးပါးအပေါင်းကို) [၂] ဖြစ်စေပြီးလျှင် ထိုစျာန်ကိုပင် အခြေခံပြု၍ သင်္ခါရတို့ကို သုံးသပ်လျက် အမြတ်ဆုံး အရဟတ္တဖိုလ်သို့ရောက်ရန် လွယ်ကူပေသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ထိုရဟန်းအား လျော်သောကျောင်းကို ပြတော်မူလိုသောကြောင့် "တောသို့ ကပ်ရောက်၍ဖြစ်စေ"အစရှိသော စကားကို မိန့်တော်မူပေသည်။

မှတ်ချက်

၁ – ဤ၌လည်း နားလည်လွယ်စေရန် ၃-ဝါကျခွဲ၍ ပြန်ထားသည်။

၂ – စျာန် ၄-ပါးထဲက စျာန်တပါးမျှကို ရလျှင်ပင် ၎င်းကို ပါဒကပြု၍ အရဟတ္တဖိုလ်သို့ ရောက်အောင် ဝိပဿနာရှုနိုင်သောကြောင့် စတုတ္ထဈာနံ-၏ အရာ၌ စတုက္ကဈာနံ-ဟု ရှိလျှင် သာ၍သင့်သောကြောင့် ထိုပါဌ်ကိုရည်၍ လက်သည်းကွင်းအတွင်းရှိ ဤဒုတိယအနက်ကို ပြန်သည်။

http://www.dhammadownload.com

မှန်ပေ၏—မြတ်စွာဘုရားသည် မြေကြွန်တတ်သောဆရာနှင့်တူတော်မူပေ၏၊ (တူပုံကား) မြေကြွန်တတ်သောဆရာသည် မြို့ရာမြေကို ကြည့်ရှုပြီးလျှင် ကောင်းစွာ စူးစမ်းဆင်ခြင်၍ "ဤအရပ်၌ မြို့ကို တည်ထောင်ကြလော့"ဟု ညွှန်ပြ၏၊ ချမ်းသာစွာ မြို့ပြီးလတ်သော် မင်း၏အိမ်တော်မှ ကြီးစွာသော ပူဇော်သက္ကာရကို ရသကဲ့သို့ ထို့အတူပင် မြေကြွန်ဆရာနှင့်တူသော ထိုမြတ်စွာဘုရားသည် ယောဂီရဟန်းအား လျော်သောကျောင်းကို စူးစမ်းဆင်ခြင်တော်မူ၍ "တောအစရှိသော ဤအရပ်၌ ကမ္မဋ္ဌာန်းကို အားထုတ်ရမည်"ဟု ညွှန်ပြတော်မူ၏၊ ထို့နောင် ထိုအရပ်၌ ကမ္မဋ္ဌာန်းကို အားထုတ်သောယောဂီသည် သမာဓိဝိပဿနာ အရိယာမဂ် အစဉ်အားဖြင့် အရဟတ္တဖိုလ်သို့ ရောက်ပြီးလတ်သော် "ငါတို့ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် စင်စစ် မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်သိတော်မူသော ဘုရားရှင်ပါပေတကား"ဟု (ချီးကျူးမြတ်နိုးခြင်း အစရှိသော) ကြီးစွာသော ပူဇော်သက္ကာရကို ရတော်မူပေသည်။

ထိုမှတပါး (တောအရပ်စသည်၌ အားထုတ်နေသော) ဤယောဂီရဟန်းကို ကျားသစ်နှင့် တူသည်ဟူ၍ ဆိုအပ်၏၊ ခဲ့၍ပြအံ့—တောမင်းဖြစ်သော ကျားသစ်ကြီးသည် တောထဲ၌ မြက်တောရှုပ်ကိုငင်း၊ သစ်တောရှုပ်ကိုငင်း၊ တောင်ရှုပ်ကိုငင်း မှီကာ ပုန်းအောင်း၍ တောကျွဲ စိုင် ဝက် အစရှိကုန်သော သားကောင်တို့ကို ဖမ်းယူသကဲ့သို့ ထို့အတူပင်လျှင် တောစသောအရပ်တို့၌ ကမ္မဋ္ဌာန်းကို အားထုတ်သော ဤရဟန်းသည် အစဉ်အတိုင်း သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်တို့ကိုငင်း၊ လေးပါးသော အရိယာဖိုလ်ကိုငင်း ယူသည်ဟု သိအပ်ပေ၏။ ထို့ကြောင့် ရှေးဆရာတို့သည်—

> [၂၆၂] "ကျားသစ်မည်သည်မှာ ပုန်းအောင်းလျက် သားကောင်တို့ကို ဖမ်းယူသကဲ့သို့ ထို့အတူပင် အားထုတ်သည့်လုံ့လနှင့်

http://www.dhammadownload.com

ပြည့်စုံသော ဝိပဿနာရှုသူ ဤဘုရားသားတော်သည် တောသို့ ဝင်၍ မြတ်သော အရိယာဖိုလ်ကို ယူပေသည်”ဟု မိန့်ဆိုကြပေသည်။

ထို့ကြောင့် ထိုရဟန်း၏ ဘာဝနာအားထုတ်မှု အဟုန်အစွမ်းအားသင့်လျော်သည့် အောင်မြေဖြစ်သော တောကျောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည် “တောအရပ်သို့ ကပ်၍ဖြစ်စေ”အစရှိသော စကားကို မိန့်တော်မူပေသည်။

၂၁၈။ ထိုစကားရပ်၌ အရညဂတော—ဟူရာတွင် “(အရည)တော ဟူသည်မှာ တံခါးခုံမှ ထွက်၍ အပြင်၌ အလုံးစုံသော ဤအရပ်သည် (အရည)တော မည်၏”ဟူ၍ဎင်း၊ “လေးတာဖြင့် တာငါးရာ ဝေးကွာသော ကျောင်းသည် အောက်ထစ်ဆုံး (အနီးဆုံး) တောကျောင်းမည်၏”ဟူ၍ဎင်း ဤသို့ ပြဆိုသည့်လက္ခဏာရှိသော တောတို့တွင် ဆိတ်ငြိမ်ချမ်းသာရှိသော တစုံတခုသော တောသို့ ကပ်သည်(ဖြစ်၍)။ **သစ်ပင်ရင်းသို့ကပ်၍**-ဟူသည်ကား သစ်ပင်၏ အနီး(သစ်ပင်အောက်)သို့ ကပ်သည်(ဖြစ်၍)။ **ဆိတ်သောကျောင်းသို့ ကပ်၍**-ဟူသည်ကား ဆိတ်ငြိမ်သော လူသူကင်းသော အရပ်သို့ ကပ်သည်(ဖြစ်၍)။ ဆက်ဦးအံ့-ဤအရာ၌ တောအရပ်နှင့် သစ်ပင်ရင်းကို ချန်ထားပြီးလျှင် ကြွင်းသော ခုနစ်ပါးအပြားရှိသော ကျောင်းသို့[1] ကပ်ရောက်သည်ကိုလည်း “လူသူဆိတ်သောကျောင်းသို့ ကပ်ရောက်သည်”ဟု ဆိုသင့်ပေ၏။

မှတ်ချက်

၁–ကြွင်းသောကျောင်း(၇)ခု ဟူသည်မှာ (၁) တောင်၊ (၂)တောင်ချောက်၊ (၃) တောင်ခေါင်းလိုဏ်ဂူ၊ (၄) သုသာန်၊ (၅) တောအုပ်၊ (၆) အမိုးမရှိသော ဟင်းလင်းပြင်၊ (၇) ကောက်ရိုးပုံ၊ ဤ(၇) ခုပင် ဖြစ်သည်။

http://www.dhammadownload.com

ဤဆိုခဲ့သည့်အတိုင်း ထိုယောဂီရဟန်းအား ဥတုသုံးပါးနှင့်လျော်သည့်ပြင် သလိပ်စသော ဓာတ်သုံးပါး, မောဟစသော စရိုက်သုံးပါးနှင့်လည်း လျော်သည်ဖြစ်၍ [၁] အာနာပါနဿတိဘာဝနာအား လျော်သော (တော အစရှိသော)ကျောင်းကို ညွှန်ပြပြီးလျှင် မတွန့်ဆုတ်ခြင်း, မပျို့လွင့်ခြင်း အဖို့ရှိသော ငြိမ်သက်သော ဣရိယာပုထ်ကို ညွှန်ပြတော်မူလိုသောကြောင့် "ထိုင်နေ၏"ဟု မိန့်တော်မူပေသည်။ ထို့နောင် ထိုယောဂီအား ထိုင်ခြင်း ဣရိယာပုထ်၏ ခိုင်မြဲခြင်းကိုဌင်း၊ ဝင်လေ ထွက်လေတို့ကို ဖြစ်စေရန် ချမ်းသာလွယ်ကူခြင်းကိုဌင်း၊အာရုံသိမ်းဆည်းကြောင်းနည်းကိုဌင်း ပြတော်မူလိုသည်ဖြစ်၍ "ထက်ဝယ်ဖွဲ့ခွေကာ" စသည်ကို မိန့်တော်မူလေသည်။ ထိုစကားရပ်၌ (ပလ္လင််)**ထက်ဝယ်** ဟူသည်ကား ထက်ဝန်းကျင်မှ ပေါင်တို့ကို ဖွဲ့ယှက်၍ ထိုင်ခြင်းပေတည်း။ (အာဘုဇီတ္ထာ) **ဖွဲ့ခွေ၍**-ဟူသည်ကား ဖွဲ့၍ [၂]။ **ဥဇုံ ကာယံ ပဏိဓာယ**-ဟူသည်ကား အထက်ပိုင်းကိုယ်ကို ဖြောင့်စွာထား၍။ တဆဲ့ရှစ်ခုသော ကျောက်ဆူးရိုးတို့ကို အစွန်းအချင်းချင်း တည့်တည့်မတ်မတ် ဖြစ်စေ၍ (ဟု ဆိုလို၏)။ အကျိုးကား-ဤသို့အထက်ပိုင်း

မှတ်ချက်

၁–နွေဥတု၌ တောသည် လျော်၏၊ ဆောင်းဥတု၌ သစ်ပင်ရင်းသည် လျော်၏၊ မိုးဥတု၌ လူသူဆိတ်သောကျောင်းသည် လျော်၏။ သလိပ်ဓာတ် များသူအား တောသည် လျော်၏၊ သည်းခြေဓာတ်များသူအား သစ်ပင်ရင်းသည် လျော်၏၊ လေဓာတ်များသူအား လူသူဆိတ်သောကျောင်းသည် လျော်၏။ မောဟစရိုက်ရှိသူအား တောသည် လျော်၏၊ ဒေါသစရိုက်ရှိသူအား သစ်ပင်ရင်းသည် လျော်၏၊ ရာဂစရိုက်ရှိသူအား လူသူဆိတ်သော ကျောင်းသည် လျော်၏။ (ဋီကာ)

၂–ဤသို့သော သဒ္ဒါနက်အဖွင့်များသည် ပါဠိကျမ်း၌သာ အကျိုးများသည်၊ မြန်မာပြန်၌ကား အကျိုးမများပေ၊ သို့သော် ပြည့်စုံစေရန် ဤ၌ဖော်ပြသည်။

http://www.dhammadownload.com

ကိုယ်ကို ဖြောင့်မတ်စွာထား၍ ထိုင်နေသော ယောဂီအား အရေ အသား အကြော တို့သည် ညှတ်မကျကုန်၊ ထိုအခါ ထိုယောဂီအား ထိုအရေ အသား အကြောတို့၏ ညှတ်ကျခြင်းကြောင့် ခဏတိုင်း ခဏတိုင်း ဖြစ်နိုင် ကုန်သော ဒုက္ခဝေဒနာတို့သည် မဖြစ်ပေါ်လာကုန်၊ ထိုဒုက္ခဝေဒနာတို့ မဖြစ်ပေါ်ကုန်လတ်သော် စိတ်သည် တအာရုံတည်းရှိလျက် တည်ကြည်၏၊ ကမ္မဋ္ဌာန်းသည် မကျပေ၊ ကြီးပွါးခြင်းသို့ ရောက်ပေ၏။ **ပရိမုခံ သတိံ ဥပဋ္ဌပေတ္ဝာ**-ဟူသည်ကား ကမ္မဋ္ဌာန်းအာရုံဆီသို့ ရှေးရှု သတိကို ထား၍ (ဖြစ်စေ၍) တနည်းကား **ပရိ**-သည် သိမ်းဆည်းခြင်းအနက် ရှိ၏၊ **မုခံ**-သည် ထွက်သွားခြင်းအနက် ရှိ၏၊ **သတိ**-သည် ထင်ခြင်းအနက် ရှိ၏၊ ထို့ကြောင့် "ပရိမုခံ သတိံ" ဟုဆိုပေသည် ဟူ၍ ဤသို့ ပဋိသမ္ဘိဒါမဂ်၌ ဟောထားသော နည်းဖြင့်လည်း ဤအရာ၌ အနက်ကို မှတ်အပ်ပေ၏။ ထိုပဋိသမ္ဘိဒါမဂ်အဖွင့်၌ ဤကား အကျဉ်းချုပ်အနက်ပေတည်း-ထက်ဝန်းကျင်ယူအပ်-သိအပ်သဖြင့် ဆန့်ကျင်ဘက်မှ ထွက်သွား·လွတ်မြောက်သော သတိကို ပြု၍·ဖြစ်စေ၍၊ ဤကား အကျဉ်းချုပ်ပေတည်း[၁]။

[၂၆၃] ၂၁၉။ **သော သတော၁ အဿသတိ သတော ပဿသတိ**(ထို ရဟန်းသည် အမှတ်ရလျက်သာလျှင်ဝင်သက်ရှု၏၊ အမှတ်ရလျက်သာလျှင် ထွက်သက် ရှု၏)ဟူသည်ကား ထိုရဟန်းသည် ဤဆိုခဲ့သည့်အတိုင်း ထိုင်ပြီးလျှင် ဤဆိုခဲ့သည့်အတိုင်း သတိကို ဖြစ်စေပြီးလျှင် ထိုသတိကို မစွန့်မူ၍ အမှတ်ရလျက်သာလျှင် ဝင်သက်ရှု၏၊ အမှတ်ရလျက်သာလျှင် ထွက်သက် ရှု၏၊ အမှတ်ရလျက် ပြုလေ့ရှိသည်ဟု ဆိုလို၏။ ယခုအခါ အကြင် အခြင်း

မှတ်ချက်

၁–ဤတပိုဒ်လုံး၌ သဒ္ဒါအနက်ဖွင့်ဟူသမျှသည် မြန်မာပြန်၌ **အကျိုးမများ**၊ သို့သော် ပြည့်စုံစေရန် ဖော်ပြထားသည်။ ထို့ကြောင့် ပါဠိမတတ်သော သူတို့သည် ထိုအဖွင့်များနှင့်စပ်၍ အချိန်ကုန်ခံကာ စဉ်းစားမနေရာ။

http://www.dhammadownload.com

အရာတို့ဖြင့် အမှတ်ရလျက် ပြုလေ့ ရှိ၏၊ ထိုအခြင်းအရာတို့ကို ပြခြင်းငှါ ဒီဃံ ဝါ အဿသန္တော(ရှည်စွာရှူသွင်းလျှင်လည်း)စသည်ကို ဟောတော်မူလေသည်။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်၌ "သော သတော၀ အဿသတိ သတော ပဿသတိ"ဟူသော ဤအကျဉ်းချုပ် စကား၏ပင်လျှင် အကျယ် ဝေဘန်ချက်ဝယ် အောက်ပါစကားကို ဟောတော်မူပေသည်။

၃၂-ပါးသော အခြင်းအရာတို့ဖြင့် အမှတ်ရလျက် ပြုလေ့ ရှိ၏၊ ရှည်စွာ(ဟုဟောထားသော)ဝင်လေ၏ အစွမ်အား ဖြင့်[၁] စိတ်၏ တအာရုံတည်းရှိခြင်း မပျံ့လွင့်ခြင်းကို သိသောသူအား အမှတ်ရမှု သတိသည် ထင်၏၊ ထိုအမှတ်ရမှု-သတိဖြင့် ထိုသိမှု-ဉာဏ်ဖြင့် အမှတ် ရလျက်ပြုလေ့ ရှိ၏(၁)။ရှည်စွာ(ဟုဟောထားသော)ထွက်လေ၏ အစွမ်းအား ဖြင့်....(၂)။ တိုစွာ(ဟု ဟောထားသော, ဝင်လေ၏ အစွမ်းအားဖြင့်....(၃)။ တိုစွာ(ဟု ဟောထားသော) ထွက်လေ၏ အစွမ်းအားဖြင့်....(၄)။ အလုံးစုံသောဝင်လေအပေါင်းကိုသိလျက် (ဟု ဟောထားသော)ဝင်လေ၏ အစွမ်းအားဖြင့်....(၅)။ အလုံး စုံသော ထွက်လေအပေါင်းကို သိလျက်(ဟု ဟောထားသော) ထွက်လေ၏အစွမ်းအားဖြင့်....(၆)။ကာယသင်္ခါရကိုငြိမ်းစေလျက် (ဟု ဟောထားသော)ဝင်လေ၏....(၇)။ ကာယသင်္ခါရကို ငြိမ်း စေလျက်(ဟုဟောထားသော)ထွက်လေ၏....(၈)။ပီတိကိုသိလျက် (ဟု ဟောထားသော) ဝင်လေ၏....(၉)။ ....ထွက်လေ၏-(၁၀)။ သုခကို သိလျက်(ဟုဟောထားသော)ဝင်လေ၏....(၁၁)။....ထွက်

မှတ်ချက်

၁–ဒီဃံ အဿာသ၀သေနဟူသည်ကား ဒီဃံဟု ဟောထားသော အဿာသ၏ အစွမ်းအားဖြင့်။ ကြွင်းသောပုဒ်တို့၌လည်း ဤနည်းပင်။ ဤပဋိသံ-၌-၂၈ နှင့်အညီ ပြန်သည်။

http://www.dhammadownload.com

လေ၏....(၁၂)။ စိတ္တသခ်ါရကိုသိလျက်(ဟု ဟောထားသော်) ဝင်လေ၏....(၁၃)။....ထွက်လေ၏....(၁၄)။ စိတ္တသခ်ါရကို ငြိမ်းစေ လျက် (ဟု ဟောထားသော်)ဝင်လေ၏....(၁၅)။....ထွက်လေ၏.... (၁၆)။စိတ်ကိုသိလျက်(ဟု ဟောထားသော) ဝင်လေ၏....(၁၇)။ ....ထွက်လေ၏....(၁၈)။ စိတ်ကို ဝမ်းမြောက်စေလျက်(ဟု ဟော ထားသော) ဝင်လေ၏....(၁၉)။ ...ထွက်လေ၏....(၂၀)။ စိတ်ကို ကောင်းစွာထားလျက်(ဟုဟောထားသော)ဝင်လေ၏....(၂၁)။.... ထွက်လေ၏....(၂၂)။ စိတ်ကိုလွတ်စေလျက်(ဟုဟောထားသော) ဝင်လေ၏....(၂၃)။ ....ထွက်လေ၏....(၂၄)။ မမြဲဟု ရှုလျက်(ဟု ဟောထားသော်) ဝင်လေ၏....(၂၅)။ ....ထွက်လေ၏....(၂၆)။ ဝိရာဂကိုရှုလျက်(ဟု ဟောထားသော)ဝင်လေ၏....(၂၇)။....ထွက် လေ၏....(၂၈)။ နိရောဓကိုရှုလျက်(ဟု ဟောထားသော) ဝင် လေ၏....(၂၉)။....ထွက်လေ၏....(၃၀)။ပဋိနိဿဂ္ဂကို ရှုလျက်(ဟု ဟောထားသော) ဝင်လေ၏ အစွမ်းဖြင့်....(၃၁)။ ပဋိနိဿဂ္ဂကို ရှုလျက်(ဟု ဟောထားသော)ထွက်လေ၏အစွမ်းအားဖြင့် စိတ်၏ တအာရုံတည်းရှိခြင်း မပျံ့လွင့်ခြင်းကို သိသော်သူအား အမှတ်ရမှု-သတိသည် ထင်၏၊ ထိုအမှတ်ရမှု-သတိဖြင့် ထိုသိမှု ဉာဏ်ဖြင့် အမှတ် ရလျက်ပြုလေ့ရှိ၏(၃၂)။" (ပဋိသမ္ဘိဒါမဂ်ပါဋိ၏မြန်မာပြန်)

(ဒီဃံ ဝါ အဿသန္တော-အစရှိသော) ထိုစကားရပ်၌ ဒီဃံ ဝါ အဿ-သန္တော-ဟူသည်ကား ရှည်သောဝင်လေကို ဖြစ်စေလျှင် မူလည်း(ဟု ဆိုလို ၏)။ "အဿာသ-ဟူသည်ကားအပြင်သို့ ထွက်သောလေ၊ ပဿာသ-ဟူသည် ကား အတွင်းသို့ဝင်သောလေ"ဟူ၍ ဝိနည်းအဋ္ဌကထာ၌ ဖွင့်ဆိုထားသည်။ သုတ္တန်အဋ္ဌကထာတို့၌မူကား (အဿာသ-ဝင်လေ၊ပဿာသ-ထွက်လေ-ဟု)

http://www.dhammadownload.com

ပြောင်းပြန် ဖွင့်ပြထားသည်[၁]။ ထိုတွင် အမိဝမ်းတွင်း၌ ကိန်းအောင်း၍ ဖွားမြင်သော (ဂဗ္ဘသေယျက) သတ္တဝါအားလုံးတို့၏လည်း အမိ၏ဝမ်းမှ ထွက်သောအခါ ရှေးဦးစွာ အတွင်းမှ လေသည် အပြင်သို့ ထွက်၏၊ နောက်မှ အပြင်က လေသည် သိမ်မွေ့သော မြူမှုန်ကို ယူကာ အတွင်းသို့ ဝင်လျက် အာစောက်သို့ ထိဆိုက်၍ ငြိမ်း၏၊ ဤသို့ ထွက်လေ ဝင်လေတို့ကို ရှေးဦးစွာ ဖြစ်ပုံအားဖြင့် သိအပ်ကုန်၏။

ထိုမှတပါး ထိုဝင်လေ ထွက်လေတို့၏ ရှည်ခြင်း တိုခြင်းကို ကာလအဓွန့်၏ အစွမ်းအားဖြင့် သိအပ်၏။ ဥပမာတင်၍ ထင်စွာပြအံ့—တည်ရာဟူသော (အရှည် အတို)အဓွန့်ကို ပြန့်လျက် တည်သော ရေကို ဖြစ်စေ၊ သဲကို ဖြစ်စေ "ရှည်သောရေ ရှည်သောသဲ, တိုသောရေ တိုသောသဲ"ဟု ဆိုရသကဲ့သို့ ထို့အတူပင် ဝင်လေ ထွက်လေတို့သည် အမှုန့် အမှုန့် အသေးအမှားကလေးများဖြစ်ကြငြားသော်လည်း ဆင် မြွေတို့၏ ကိုယ်ထဲ၌ (ဖြစ်ကြလျှင်)ယင်း ဆင် မြွေတို့၏ ကိုယ်ဟု ဆိုအပ်သော ရှည်သော အဓွန့်အရပ်ကို ဖြည်းဖြည်း ပြည့်စေလျက် ဖြည်းဖြည်းပင်လျှင် ထွက်ကုန်၏၊ ထို့ကြောင့် ရှည်ကြသည်ဟူ၍ ဆိုအပ်ကုန်၏။ ခွေးယုန် စသည်တို့၏ ကိုယ်ဟု ဆိုအပ်သော တိုသော အဓွန့်အရပ်ကို လျင်စွာပြည့်စေ၍ လျင်စွာပင်လျှင် ထွက်ကုန်၏၊ ထို့ကြောင့် တိုကြသည်ဟူ၍ ဆိုအပ်ကုန်၏။ လူတို့တွင်မူကား အခ္ခါက[၂] ဆင် မြွေစသည်တို့ကဲ့သို့ ရှည်သောကာလအဓွန့်၏ အစွမ်းအားဖြင့် ရှည်စွာ ရှူသွင်းကုန်၏ ရှူထုတ်ကုန်၏၊ အခ္ခါက[၂] ခွေး ယုန်စသည်တို့ကဲ့သို့

မှတ်ချက်

၁—နားလည်လွယ်စေရန် ပရိယာယ်တပါးဖြင့် လဲ၍ ပြန်ထားသည်။

၂—ပါဠိ၌ ဗဟုဝုစ်ဖြင့် ဆိုထားသော်လည်း မြန်မာစကားချောစေရန် တို့-မပါပဲ ပြန်ထားသည်၊ နောက်၌လည်း အလားတူပုဒ်များကို နည်းတူပင်မှတ်ပါ။

http://www.dhammadownload.com

တိုသောကာလ အဓွန့်၏ အစွမ်းအားဖြင့် တိုစွာ ရှူသွင်းကုန်၏ ရှူထုတ်ကုန်၏၊ ထို့ကြောင့် ထိုလူတို့၏[၁] ကာလ၏ အစွမ်းအားဖြင့် [၂၆၄] ရှည်သော အဓွန့်ပတ်လုံး[၂] ထွက်ကုန်-ဝင်ကုန်သော ထိုရှူရှိုက်လေတို့ကို[၃] ရှည်သည်ဟူ၍ ၎င်း၊ တိုသောအဓွန့်ပတ်လုံး ထွက်ကုန်-ဝင်ကုန်သော ထိုရှူရှိုက်လေတို့ကို[၃] တိုသည်ဟူ၍၎င်း သိအပ်ကုန်၏။

(ရှည်စွာ ရှူသွင်းသည် ရှူထုတ်သည်ဟု သိ၏ဟူသော) ထိုစကားရပ်၌ ဤယောဂီရဟန်းသည် ကိုးပါးသောအခြင်းအရာတို့ဖြင့် ရှည်စွာ ရှူသွင်းလျက်၎င်း၊ ရှူထုတ်လျက်၎င်း "ရှည်စွာရှူသွင်းသည်, ရှူထုတ်သည်" ဟု သိ၏။ ဤသို့သိလျှင် ထိုယောဂီအား(အခြင်းအရာကိုးပါးတို့တွင် တပါးသော အခြင်းအရာအားဖြင့် ကာယာနုပဿနာသတိပဋ္ဌာန်ဘာဝနာသည် ပြည့်စုံသည်ဟူ၍ သိအပ်ပေ၏။ ဤအဆိုနှင့်အညီ ပဋိသမ္ဘိဒါမဂ်ပါဋ္ဌိ၌ ဟောတော်မူထားသည်မှာ —

"အဘယ်သို့ ရှည်စွာရှူသွင်းလျှင် ရှည်စွာရှူသွင်းသည်ဟု သိသနည်း၊ ရှည်စွာ ရှူထုတ်လျှင် ရှည်စွာ ရှူထုတ်သည်ဟု

မှတ်ချက်

၁ – ဆင် မြွေစသည်တို့နှင့် ခွေးယုန်စသော သတ္တဝါတို့၏ ရှုရှိုက်လေများကို ရှေးဝါကျများ၌ပင် အပြည်အစုံပြခဲ့ပြီး ဖြစ်သောကြောင့် ဤအရာ၌ လူတို့၏ ရှုရှိုက်လေကိုသာ ပြရန်လိုပေသည်၊ ထို့ကြောင့် နေသံ-ပုဒ်ကို ထိုလူတို့၏-ဟုပြန်သည်၊ ၎င်းကို ထိုလူတို့၏.... ထိုရှူရှိုက်လေတို့ကို-ဟု စပ်ပါ။ ဋီကာ၌ကား ထိုသတ္တဝါတို့၏-ဟု အနက်ဖော်ထားသည်။

၂ – ကာလ၏အစွမ်းအားဖြင့် ရှည်သောအဓွန့်ပတ်လုံး-ဟူရာ၌ မြန်မာအချောအားဖြင့် ရှည်သော ကာလပတ်လုံး-ဟူ၍ သော်၎င်း၊ ရှည်သောကာလ၌-ဟူ၍သော်၎င်း ဆိုလို၏။

၃ – ထိုရှူရှိုက်လေတို့ကို....သိအပ်ကုန်၏-ဟု စပ်ပါ။

http://www.dhammadownload.com

သိသနည်း။ ရှည်သောဝင်လေကို အရှည်ဟုဆိုအပ်သောကာလ၌ ရှူသွင်း၏၊ ရှည်သောထွက်လေကို အရှည်ဟု ဆိုအပ်သောကာလ၌ ရှူထုတ်၏၊ ရှည်သော ဝင်လေထွက်လေကို အရှည်ဟုဆိုအပ်သော ကာလ၌ ရှူ၍လည်းသွင်း၏ ရှူ၍လည်းထုတ်၏။ ရှည်သောဝင်လေထွက်လေကို အရှည်ဟုဆိုအပ်သောကာလ၌ ရှူသွင်းစဉ်လည်း ရှူထုတ်စဉ်လည်း (တိုးရှိအားထုတ်လိုသော) ဆန္ဒသည် ဖြစ်ပေါ်၏[၁]၊ ဆန္ဒ၏အစွမ်းအားဖြင့် ထို့ထက်သာ၍ သိမ်မွေ့သော ရှည်သော ဝင်လေကို ။ပ။ ရှည်သော ထွက်လေကို ။ပ။ ရှည်သော ဝင်လေထွက်လေကို အရှည်ဟုဆိုအပ်သော ကာလ၌ ရှူ၍လည်းသွင်း၏ ရှူ၍လည်းထုတ်၏။ ဆန္ဒ၏အစွမ်းအားဖြင့် ထို့ထက်သာ၍ သိမ်မွေ့သော ရှည်သော ဝင်လေထွက်လေကို အရှည်ဟုဆိုအပ်သော ကာလ၌ ရှူသွင်းစဉ်လည်း ရှူထုတ်စဉ်လည်း ပါမောဇ္ဇ(ဟု ဆိုအပ်သော နုသောပီတိ)သည် ဖြစ်ပေါ်၏၊ ပါမောဇ္ဇ၏အစွမ်းအားဖြင့် ထို့ထက်သာ၍ သိမ်မွေ့သော ရှည်သောဝင်လေ ။ပ။ ရှည်သောထွက်လေကို။ ပ။ ရှည်သောဝင်လေထွက်လေကို အရှည်ဟုဆိုအပ်သော ကာလ၌ ရှူ၍လည်းသွင်း၏ ရှူ၍လည်းထုတ်၏။ပါမောဇ္ဇ၏အစွမ်းအားဖြင့် ထို့ထက်သာ၍ သိမ်မွေ့သော ရှည်သောဝင်လေထွက်လေကို အရှည်ဟုဆိုအပ်သော ကာလ၌ ရှူသွင်းစဉ်လည်း ရှူထုတ်စဉ်လည်း ရှည်

မှတ်ချက်

၁–ဆန္ဒသည် ဖြစ်ပေါ်၏-ဟူသည်ကား ဘာဝနာသည် ရှေးကာလမှ နောက်ကာလ၌ ထူးခြားသည်ကို ဆောင်လတ်သော် (ဝါ-ထူးထူးခြားခြားဖြစ်လတ်သော်) သာယာဖွယ်ကို ရသောကြောင့် ထိုဘာဝနာအလုပ်၌ ပြုလိုခြင်း လက္ခဏာရှိသော ကုသိုလ်ဆန္ဒသည် လွန်ကဲထက်သန်စွာ ဖြစ်၏။ (ဋီကာ) ထိုသို့သော ဆန္ဒသည် ရှူသွင်းစဉ်မှာရော ရှူထုတ်စဉ်မှာရော ဖြစ်ပေါ်သည်ဟု ဆိုလို၏။

http://www.dhammadownload.com

၎-အနုံသတိကမ္မဋ္ဌာနနိဒ္ဒေသ၊ ၉-အာနာပါနသတိပွါးပုံပြဆိုချက် ၃၅၁

စွာ(ဟု ဟောထားသော) ပကတိဝင်လေ ထွက်လေမှု (ဘာဝနာ) စိတ်သည်နှစ်၏[၃]၊ လျစ်လျူရှုမှု-ဥပေက္ခာသည် ကောင်းစွာတည်၏[၂]။ ဤကိုးပါးသော အခြင်းအရာတို့ဖြင့် ရှည်စွာ(ဟု ဟောထားသော) ဝင်လေ ထွက်လေတို့သည် ကာယပေတည်း၊ ထင်ခြင်း-အမှတ်ရခြင်းသည် သတိပေတည်း၊ ရှုခြင်းသည် ဉာဏ်ပေတည်း။ ကာယ

မှတ်ချက်

၁–တတော သုခုမတရံ-ဟူသည်ကား ဆိုခဲ့တိုင်းသော ဆန္ဒ၏ ဖြစ်ခြင်းကြောင့် ရှေး ဝင်လေ ထွက်လေထက် သာ၍ သိမ်မွေ့သော (ဝင်လေ ထွက်လေကို)။ မှန်ပေ၏-ဘာဝနာ၏ အားစွမ်းကြောင့် ကိုယ်မှာ ပူပန်မှု ပူလောင်မှု ငြိမ်းလတ်သော် ဝင်လေ ထွက်လေတို့သည် သာ၍ သိမ်မွေ့ကုန်လျက် ဖြစ်ကုန်၏။ ပါမောဇ္ဇ ဖြစ်ပေါ်၏–ဟူသည်ကား ဝင်လေ ထွက်လေတို့၏ သာ၍ သိမ်မွေ့သည်၏ အဖြစ်ဖြင့် အာရုံ၏ သာ၍ ငြိမ်သက်ခြင်းကြောင့်ဂျင်း၊ နှလုံးသွင်းမှုဟူသော ကမ္မဋ္ဌာန်း၏ လမ်းမှန်သွားခြင်းကြောင့်ဂျင်း ဘာဝနာစိတ်နှင့် တကွဖြစ်သော ဝမ်းမြောက်ခြင်းဟူသော ခုဒ္ဒကာပီတိ စသည် အပြားရှိသော နုသော ပီတိသည် ဖြစ်ပေါ်၏။ စိတ်သည် နှစ်၏-ဟူသည်ကား အစဉ်အတိုင်း ဝင်လေ ထွက်လေ တို့၏ အလွန်အလွန် သိမ်မွေ့ခြင်းသို့ ရောက်လတ်သော် မထင်ခြင်းကြောင့် ရှိ-မရှိ စူးစမ်းဆင်ခြင်အပ်သည့် အခြေအနေသို့ ရောက်ကုန်သော ဝင်လေ ထွက်လေတို့မှ စိတ်သည် ဆုတ်နစ်၏ဟု အချို့က ဖွင့်ဆိုကြ၏။ စင်စစ်သော်ကား ဘာဝနာ၏ အားအစွမ်းကြောင့် ဝင်လေထွက်လေတို့သည် သာ၍ သိမ်မွေ့ခြင်းသို့ ရောက်ကုန်လတ်သော် ထို ဝင်လေ ထွက်လေတို့၌ ပဋိဘာဂနိမိတ်သည် ဖြစ်၏၊ ထိုအခါ ပကတိ ဝင်လေ ထွက်လေမှ(ဘာဝနာ)စိတ်သည် နှစ်၏။ (ဋီကာ)

၂–ဥပေက္ခာသည် ကောင်းစွာတည်၏-ဟူသည်ကား ထိုပဋိဘာဂနိမိတ်၌ဥပစာရအပ္ပနာ အပြားရှိသော သမာဓိ ဖြစ်ပြီးလတ်သော် တဖန် စျာန်ဖြစ်စေရန် ကြောင့်ကြဖွယ်မရှိခြင်းကြောင့် လျစ်လျူရှုခြင်း ဖြစ်ပေသည်၊ ထိုလျစ်လျူရှုသော ဤဥပေက္ခာသည် တတြမဇ္ဈတ္တုပေက္ခာပင်ဟူ၍ သိအပ်၏။ (ဋီကာ)

http://www.dhammadownload.com

သည် သတိ၏ထင်ရာဖြစ်သောကြောင့် ဥပဒ္ဓာနသာ မည်၏၊ (အမှတ်ရမှုမဟုတ်သောကြောင့်) သတိကား မမည်။ သတိသည်ကား ထင်တတ်-အမှတ်ရတတ်သောကြောင့် ဥပဒ္ဓာနလည်း မည်၏ သတိလည်းမည်၏။ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုဝင်လေ ထွက်လေ အပေါင်း ကာယကို အဖန်ဖန်ရှု၏။ ထို့ကြောင့် ကာယ၌ ကာယကို ရှုသော (ဝါ-ကာယဟုရှုသော) သတိပဋ္ဌာန်ဘာဝနာဟု ဆိုအပ်ပေသည်" ဟူ၍ ပေတည်း။ (ဤကား ပဋိသမ္ဘိဒါမဂ်ပေတည်း)

[၂၆၅] တိုစ္စာ—ဟူသောပုဒ်၌လည်း ဤနည်းပင်တည်း။ ဤသည်ကား အထူးပေတည်း၊ ယခုပြခဲ့သော ဝါရ၌ "ရှည်သော ဝင်လေကို အရှည်ဟု ဆိုအပ်သော ကာလ၌" ဟု ဆိုထားသကဲ့သို့ ထို့အတူ ဤအတိုဝါရ၌ "တိုသော ဝင်လေကို အတိုဟုဆိုအပ်သော ကာလ၌ ရှူသွင်း၏" ဟု လာ၏[1]။ ထို့ကြောင့် "ထို့ကြောင့် ကာယ၌ကာယဟု ရှုသော သတိပဋ္ဌာန်ဘာဝနာဟု ဆိုအပ်ပေသည်" ဟူသော နိဂုံးစကားတိုင်အောင် တိုသည်-အတို-ဟူသော ပုဒ်၏ အစွမ်းအားဖြင့် (လဲလှယ်၍) ယှဉ်စေအပ်၏။

ယခုပြဆိုခဲ့သည့်အတိုင်း ရှည်သောအခွန့်၏ အစွမ်းအားဖြင့်ငင်း[2]၊ တိုသောကာလ၏ အစွမ်းအားဖြင့်ငင်း ဤ ၉-ပါးသောအခြင်းအရာတို့ဖြင့် ဝင်လေ ထွက်လေတို့ကို သိသော ဤယောဂီကို "ရှည်စွာ ရှူသွင်းလျှင်လည်း ရှည်စွာ ရှူသွင်းသည်ဟု သိသည်၊ ရှည်စွာရှူထုတ်လျှင်လည်း ။ပ။ တိုစ္စာ

မှတ်ချက်

၁–ဆိုထားသည်ဟူ၍ပင် ဆိုလို၏။

၂–အခွါန်-ပုဒ်ကို ရှည်သော အခွန့်ဟု ပြန်သည်၊ ရှည်သောကာလ-ဟူ၍ပင် ဆိုလို၏။

http://www.dhammadownload.com

ရှူသွင်းလျှင်လည်း ။ပ။ တိုစွာရှူထုတ်လျှင်လည်း တိုစွာရှူထုတ်သည်ဟု သိသည်''ဟူ၍ မှတ်ယူအပ်ပေသည်[၁]။ ဤဆိုခဲ့သည့်အတိုင်းသိသော—

> ထိုရဟန်း၏ ရှည်သော တိုသော ဝင်လေ ၂-ခုတို့နှင့် ထိုသို့သော အရှည်အတိုထွက်လေ ၂-ခုဟူသော လေးမျိုးသော လေတို့သည် နှာသီးဖျားဌာန်မှလည်း ဖြစ်လျက် (ထင်လျက်) ရှိကုန်၏ (အထက် နှုတ်ခမ်းဌာန်မှလည်း ထင်လျက်ရှိကုန်၏)[၂]။

၂၂၀။ **သမ္ဗကာယပဋိသံဝေဒီ အဿသိဿာမိတိ ။ပ။ ပဿသိဿာမိတိ သိက္ခတိ**-ဟူရာ၌ အနက်ကား အလုံးစုံသော ဝင်လေအပေါင်း၏ အစ အလယ် အဆုံးကို သိအောင် ထင်ရှားအောင်ပြုလျက် (ဝါ-ထင်ရှားစေလျက်-ထင်ရှားသိလျက်) ရှူသွင်းအံ့ဟု လေ့ကျင့်၏။ အလုံးစုံသော ထွက်လေအပေါင်း၏ အစ အလယ် အဆုံးကို သိအောင် ထင်ရှားအောင်ပြုလျက်

မှတ်ချက်

၁–ဝေဒိတဗ္ဗော-သိအပ်၏-ဟု ပြန်သင့်သော်လည်း သိသည်-သိသော-ဟူသော ရှေးနောက် စကားများနှင့် မရောနှောစေရန် မှတ်ယူအပ် ပေသည်-ဟု လဲလှယ်၍ ပြန်ထားသည်။

၂–ဂါထာဖွဲ့ရာ၌ လွယ်ကူစေရန် ဝါ-ကို ဝ-ဟု ရဿပြု၍ ဆိုထားသည်။ နာသိကဂ္ဂေ ဝ-၌ ဝါ-သဒ္ဒါသည် ကိန်းသေမမှတ်ခြင်း ဟူသော အနိယမ အနက်ရှိ၏၊ ထို ဝါ-သဒ္ဒါဖြင့် အထက်နှုတ်ခမ်းကို သိမ်းယူ၏။ (ဋီကာ) ဤ ပါဠိအဋ္ဌကထာ ဋီကာတို့၌ နှာသီးဖျား အထက်နှုတ်ခမ်းတို့၌သာ ရှုရန် ညွှန်ပြခြင်းမှာ သမထ သမာဓိ အတွက်သာ ဖြစ်သည်၊ မှန်၏-သမထ သမာဓိသည် တနေရာတည်း၌ စူးစိုက်၍ ရှုနေပါမှ ဖြစ်ပေါ်နိုင်ပေသည်။ ဝိပဿနာ အရာ၌မူကား ဥဒ္ဓင်္မစသော အခြား လေများကို နေရာမရွေး ရှုကောင်း သကဲ့သို့ ဤ ဝင်လေ ထွက်လေကိုလည်း နေရာမရွေးပင် ရှုကောင်းကြောင်း အထူးသတိပြုအပ်၏။

http://www.dhammadownload.com

ရှူထုတ်အံ့ဟု လေ့ကျင့်၏။ ဤသို့ သိအောင် ထင်ရှားအောင်ပြုလျက် ဉာဏ်နှင့်ယှဉ်သောစိတ်ဖြင့် ရှူ၍လည်းသွင်း၏ ရှူ၍လည်းထုတ်၏။ ထို့ကြောင့် "ရှူသွင်းအံ့ ရှူထုတ်အံ့ဟု လေ့ကျင့်သည်" ဟူ၍ ဆိုအပ်ပေသည်။ မှန်ပေ၏- တပါးသော ရဟန်းအား (မျှားစွာသော ကလာပ်အပေါင်းဖြစ်၍) အမှုန်အမွှားရုပ်အပေါင်းဖြင့်ပြန့်သော ဝင်လေအပေါင်း၌သော်၎င်း ထွက်လေအပေါင်း၌သော်၎င်း အစသာ ထင်ရှား၏၊ အလယ်နှင့်အဆုံးသည် မထင်ရှား၊ ထိုရဟန်းသည် အစကိုသာ သိမ်းဆည်းရှုမှတ်ခြင်းငှါ စွမ်းနိုင်၏၊ အလယ်နှင့်အဆုံး၌ ပင်ပန်း၏။ (အခြား) ရဟန်းတပါးအား အလယ်သာ ထင်ရှား၏၊ အစနှင့်အဆုံးသည် မထင်ရှား။ (အခြား) ရဟန်းတပါးအား အဆုံးသာ ထင်ရှား၏၊ အစနှင့်အလယ်သည် မထင်ရှား၊ ထိုရဟန်းသည် အဆုံးကို သာလျှင် သိမ်းဆည်းရှုမှတ်ခြင်းငှါ စွမ်းနိုင်၏၊ အစနှင့်အလယ်၌ ပင်ပန်း၏။ (အခြား) ရဟန်းတပါးအား အလုံးစုံပင် ထင်ရှား၏၊ ထိုရဟန်းသည် အလုံးစုံကိုပင် သိမ်းဆည်းရှုမှတ်ခြင်းငှါ စွမ်းနိုင်၏၊ တစုံတရာ၌မျှ မပင်ပန်း၊ ထိုသို့သောပုဂ္ဂိုလ်ဖြစ်သင့်သည်ဟု ပြတော်မူလိုသောကြောင့် "အလုံးစုံသော ဝင်လေအပေါင်းကိုသိလျက် ရှူသွင်းအံ့ဟု ။ပ။ ရှူထုတ်အံ့ဟု လေ့ကျင့်၏" ဟူ၍ ဟောတော်မူလေသည်။

[၂၆၆] ထိုစကားထဲ၌ သိက္ခတိ-(လေ့ကျင့်၏)ဟူသည်ကား (အလုံးစုံသော ဝင်လေ ထွက်လေအပေါင်းကို သိလျက် ရှူသွင်းအံ့ ရှူထုတ်အံ့-ဟူသော) ဤအခြင်းအရာအားဖြင့် အားထုတ်၏ လုံ့လပြု၏။ တနည်းကား ထိုသို့ (ဝင်လေ ထွက်လေအပေါင်း၏ အစ အလယ် အဆုံးကိုသိအောင် ရှုနေခြင်း) သဘောရှိသော ရဟန်း၏ အကြင် သတိသံဝရ ဝီရိယသံဝရသည် ရှိ၏၊ ဤသံဝရသည် ထိုသုံးပါးသောသိက္ခာတို့တွင် အဓိသီလသိက္ခာ ပေတည်း။ ထိုသို့သဘောရှိသော ရဟန်း၏ အကြင် စိတ်ကိုကောင်းစွာ ထားခြင်း-စိတ်တည်ကြည်ခြင်းဟူသော သမာဓိသည် ရှိ၏၊ ဤသမာဓိသည်

http://www.dhammadownload.com

အဓိစိတ္တသိက္ခာပေတည်း။ ထိုသို့သဘောရှိသော ရဟန်း၏ အကြင်ပညာသည် ရှိ၏၊ ဤပညာသည် အဓိပညာသိက္ခာပေတည်း၊ ဤသို့အားဖြင့် သုံးပါးသောသိက္ခာတို့ကို ထိုဝင်လေ ထွက်လေအာရုံ၌ ထိုသတိဖြင့် ထိုနှလုံးသွင်းခြင်းဖြင့် လေ့ကျင့်၏ မှီဝဲ၏ ပွါးစေ၏ အကြိမ်များစွာပြု၏-ဟူ၍ ဤသို့သော အနက်ကို ဤ"သိက္ခတိ-လေ့ကျင့်၏"ဟူသောပုဒ်၌ မှတ်အပ်ပေသည်။

(တည်ရာ ၁၆-ပါးရှိသော) ထိုဘာဝနာနည်းတို့တွင် (ရှူသွင်းသည်ဟု သိ၏၊ ရှူထုတ်သည်ဟု သိ၏-ဟု အရှည်-အတိုနှင့်စပ်၍ ဟောထားသော) ရှေးနည်း ၂-ပါး၌ သက်သက်ရှူသွင်းအပ်သည်သာလျှင် ရှူထုတ်အပ်သည် သာလျှင် ဖြစ်ပေသည်၊ အခြားတပါးသော ပြုဖွယ် တစုံတခုမျှ မရှိပေ[၁]။ ဤတတိယနည်းမှစ၍မူကား ဉာဏ်ကို ဖြစ်စေခြင်း စသည်တို့၌ အားထုတ်ခြင်းကို ပြုအပ်၏၊ ထို့ကြောင့် ထိုအရှည်+အတိုနှင့်စပ်၍ ဟောထားသော ပဌမ ဒုတိယနည်း ၂-ပါး၌"ရှူသွင်းသည်ဟု သိ၏၊ ရှူထုတ်သည်ဟု သိ၏" ဟူ၍သာလျှင် ပစ္ဆိမပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ဒေသနာအစဉ်ကို ဟောတော်မူပြီးလျှင် ဤတတိယနည်းမှစ၍ ပြူသင့် ပြုထိုက်သော ဉာဏ်ကိုဖြစ်စေခြင်း အစရှိသော အခြင်းအရာကို ပြခြင်းငှါ "အလုံးစုံသော ဝင်လေအပေါင်းကို သိလျက် ရှူသွင်းအံ့"ဤသို့ အစရှိသောဘနည်းဖြင့် အနာဂတ်

မှတ်ချက်

၁–ဝင်လေ ထွက်လေတို့၏ အရှည်အတိုကို ဟုတ်မှန်စွာ သိခြင်း၏ ရှိခြင်းကြောင့် ထို ရှေးနည်း ၂-ပါး၌လည်း ဉာဏ်ကို ဖြစ်စေခြင်းကို ရအပ်သည်သာ၊ သို့သော်လည်း ထိုဉာဏ်ကို ဖြစ်စေခြင်းသည် ဖြစ်တိုင်း ဖြစ်တိုင်းကုန်သော ထို ဝင်လေ ထွက်လေတို့ကို ယူခြင်းမျှ ဖြစ်သောကြောင့် ပြုရန်မခဲယဉ်းလှပေ၊ ထို့ကြောင့် ထိုနည်း ၂-ပါး၌ ပစ္ဆိမပုဂ္ဂိုလ်နှင့် ယှဉ်ခြင်းကို ပြုထားပေသည်၊ ဤတတိယနည်း စသည်၌ သိခြင်းသည်ကား ခဲယဉ်း၏ သင်ဓနုန်းသွားရှိသော လမ်း၌ ယောကျ်ား၏ သွားရခြင်းနှင့် တူပေ၏။ (ဋီကာ)

http://www.dhammadownload.com

ကာလဟော ဝိဘတ်၏ အစွမ်းအားဖြင့် ဒေသနာအစဉ်ကို တင်ထားတော်မူသည်ဟု သိအပ်ပေသည်။

ကာယသခ်ါရကို ငြိမ်းစေလျက် ရှူသွင်းအံ့ ။ပ။ ရှူထုတ်အံ့ဟု လေ့ကျင့်၏-ဟူရာ၌ အနက်ကား ရုန့်ရင်းသော(ဝင်လေ ထွက်လေဟူသော) ကာယသခ်ါရကို ငြိမ်းစေလျက် တဖန် ငြိမ်းစေလျက် ချုပ်စေလျက် အထူးသဖြင့် ငြိမ်းစေလျက် ရှူသွင်းအံ့ ရှူထုတ်အံ့ဟု လေ့ကျင့်၏။ ထိုစကားရပ်၌ ရုန့်ရင်းခြင်း သိမ်မွေ့ခြင်းကိုငင်း၊ ငြိမ်းခြင်းကိုငင်း ဤဆိုမည့်စကားဖြင့် သိအပ်၏။ ချဲ့၍ပြအံ့ - ဤယောဂီရဟန်း၏(သန္တာန်၌)ဝင်လေ ထွက်လေတို့ကို မသိမ်းဆည်းသေးမီ (မရှုမှတ်သေးမီ) ရှေးအခါက ကိုယ်သည်ငင်း၊ စိတ်သည်ငင်း ပူပန်ခြင်းရှိလျက် ရုန့်ရင်းကုန်၏၊ ကိုယ်နှင့် စိတ်တို့၏ ရုန့်ရင်းမှု မငြိမ်းလျှင် ဝင်လေ ထွက်လေတို့သည်လည်း ရုန့်ရင်းကုန်၏၊ အလွန်အားကြီးစွာ ဖြစ်ကုန်လျက် ဝင်ကုန် ထွက်ကုန်၏[1]၊ နှာခေါင်းပေါက် မဆန့်ပဲရှိတတ်၏၊ ခံတွင်းဖြင့် ရှူသွင်းလျက် ရှူထုတ်လျက်သော်လည်း တည်တတ်၏[2]။ အကြင်အခါ၌မူ ထိုရဟန်း၏ ကိုယ်နှင့် စိတ်တို့သည် သိမ်းဆည်းအပ်ပြီး ဖြစ်ကုန်၏[3]၊ ထိုအခါ၌ ထိုကိုယ်နှင့်စိတ်တို့သည် ငြိမ်သက်ကုန်၏ အထူးသဖြင့် ငြိမ်သက်ကုန်၏။ ထိုကိုယ်နှင့် စိတ်တို့ ငြိမ်သက်ကုန်လတ်သော်

မှတ်ချက်

၁–ဗလဝတရာ ဟုတ္တာ ပဝတ္တန္တိ-ပါဠိ၏ သိလှယ်သော မြန်မာပြန် ဖြစ်သည်၊ အတိအကျပြန်လျှင် "အထူးသဖြင့် အားကြီးကုန်သည် ဖြစ်ကုန်၍ မပြတ် ဖြစ်ကုန်၏"ဟူ၍ ဖြစ်သည်။ နောက်၌လည်း အလားတူ ပြန်ဆိုချက်ရှိသည်။

၂–ဤတိုင်အောင်သော စကားရပ်ဖြင့် အာနာပါနကို မရှုမီက ဝင်လေ ထွက်လေများ ရုန့်ရင်းကြမ်းတမ်းပုံကို ပြသည်။

၃–ကိုယ်နှင့် စိတ်တို့ကို သိမ်းဆည်းသည် ရှုသည်ဟူ၍ပင် ဆိုလို၏။

http://www.dhammadownload.com

ဝင်လေ ထွက်လေတို့သည် သိမ်မွေ့စွာ ဖြစ်ကုန်လျက် ဝင်ကုန် ထွက်ကုန်၏၊ "(ဝင်လေ ထွက်လေ)ရှိလေသလော မရှိလေသလော"ဟု စူးစမ်းဆင်ခြင်အပ်သည့် အခြေအနေသို့ ရောက်ကုန်၏ [၁]။

ဥပမာဖြင့် ပြရလျှင် ပြေးပြီး၍သော်ငင်း၊ တောင်မှ ဆင်းလာပြီး၍သော်ငင်း၊ (သယ်ယူလာခဲ့သည့်)ဝန်ထုပ်ကြီးကို ခေါင်းပေါ်မှ ချပြီး၍သော်ငင်း တည်နေသော ယောကျ်ားအား ရုန့်ရင်းကုန်သော ဝင်လေ ထွက်လေတို့သည် ဖြစ်ကုန်၏၊ နှာခေါင်းပေါက်သည် မဆန့်ပဲရှိ၏၊ ခံတွင်းဖြင့် ရှူသွင်းလျက် ရှူထုတ်လျက်သော်လည်း တည်၏။ အကြင်အခါ၌မူ ထိုယောကျ်ားသည် ထိုမောပန်းခြင်းကို ပယ်ဖျောက်ပြီးနောက် ရေချိုးရေသောက်ပြီးလျှင် စိုသောအဝတ်ကို ရင်၌ တင်ထား၍ အေးမြသော အရိပ်၌ လျောင်းနေ၏၊ ထိုအခါ ထိုသူ၏ [၂၆၇] ထိုဝင်လေ ထွက်လေတို့သည် သိမ်မွေ့ကုန်၏၊ "ရှိလေသလော မရှိလေသလော"ဟု စူးစမ်းဆင်ခြင်အပ်သည့် အခြေအနေသို့ ရောက်ကုန်သကဲ့သို့ ထို့အတူပင် ဤယောဂီရဟန်း၏ (သန္တာန်၌)ဝင်လေ ထွက်လေတို့ကို မသိမ်းဆည်းသေးမီ ရှေးအခါက ကိုယ်သည်ငင်း၊ စိတ်သည်ငင်း ပူပန်ခြင်းရှိလျက် ရုန့်ရင်းကုန်၏၊ ကိုယ်နှင့်စိတ်တို့၏ ရုန့်ရင်းမှု မငြိမ်းလျှင် ဝင်လေ ထွက်လေ တို့သည်လည်း ရုန့်ရင်းကုန်၏၊ အလွန်အားကြီးစွာ ဖြစ်ကုန်လျက် ဝင်ကုန် ထွက်ကုန်၏၊ နှာခေါင်းပေါက် မဆန့်ပဲ ရှိတတ်၏၊ ခံတွင်းဖြင့် ရှူသွင်းလျက် ရှူထုတ်

မှတ်ချက်

၁–အာနာပါနကို ရှုမှတ်သောကာလမှ စ၍ တဖြည်းဖြည်းချင်း သိမ်မွေ့သွားရာ နောက်ဆုံး၌ အလွန်သိမ်မွေ့သွားသောကြောင့် မရှူမရှိုက်ပဲ နေသကဲ့သို့ပင် ဖြစ်သည်၊ထိုအခါ၌ ရှူရှိုက်မှု ရှိမှရှိသေး၏လောဟု စမ်းသပ် ဆင်ခြင်ရတတ်လေသည်၊ ထိုသို့ ဖြစ်ပုံကို ပြသည်။ ဝင်သက် ထွက်သက်တို့ကို ပြင်းပြင်းကြီး ရှူရှိုက်၍ အားထုတ်ခြင်းကို ဤအဆိုနှင့် ညီမညီ စဉ်းစားဆင်ခြင်ရာ၏။

http://www.dhammadownload.com

လျက်သော်လည်း တည်၏။ အကြောင်အခါဌ်မူ ထိုရဟန်း၏ ကိုယ်နှင့်စိတ်တို့သည် သိမ်းဆည်းအပ်ပြီး ဖြစ်ကုန်၏၊ ထိုအခါဌ် ထိုကိုယ်နှင့် စိတ်တို့သည် ငြိမ်သက်ကုန်၏ အထူးသဖြင့် ငြိမ်သက်ကုန်၏၊ ထိုကိုယ်နှင့်စိတ် ငြိမ်သက်ကုန်လတ်သော် ဝင်လေထွက်လေတို့သည် သိမ်မွေ့စွာ ဖြစ်ကုန်လျက် ဝင်ကုန်ထွက်ကုန်၏၊ "ရှိလေသလော မရှိလေသလော" ဟု စူးစမ်း ဆင်ခြင်အပ်သည့် အခြေအနေသို့ ရောက်ကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း? ဤ ယောဂီရဟန်းမှာ ဝင်လေထွက်လေတို့ကို မသိမ်ဆည်းသေးမီ ရှေးအခါက "ရုန့်ရင်းကုန် ရုန့်ရင်းကုန်သော ကာယသခ်ါရတို့ကို ငြိမ်းစေမည်" ဟု ရည်ရွယ်ခြင်း ကြံစည်ခြင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း မရှိသေး၊ သိမ်းဆည်းသောကာလဌ်မူ ရှိ၏၊ ထို့ကြောင့် ဤယောဂီရဟန်းမှာ မသိမ်းဆည်းသေးမီကာလကထက် သိမ်းဆည်းသောကာလဌ် ကာယသခ်ါရသည် သိမ်မွေ့ပေသည်။ ထို့ကြောင့် ရှေးဆရာတို့သည်—

> "ကိုယ်သည်ငင်း၊ စိတ်သည်ငင်း ပူပန်ခြင်းရှိလျင် လွန်ကဲသော ဝင်လေ ထွက်လေသည် ဖြစ်၏၊ ကိုယ်သည်ငင်း (စိတ်သည်ငင်း) ပူပန်ခြင်းမရှိလျင် သိမ်မွေ့သော ဝင်လေ ထွက်လေသည် ကောင်းစွာ ဖြစ်၏" ဟု ဆိုကြပေသည်။

၂၂၁။ သိမ်းဆည်းသောအခါဌ်လည်း ရုန့်ရင်းသေး၏၊ ပဌမစျာန်၏ ဥပစာဌ် သိမ်မွေ့၏။ ထိုပဌမစျာန်၏ ဥပစာဌ်လည်း ရုန့်ရင်းသေး၏၊ ပဌမစျာန်ဌ် သိမ်မွေ့၏။ ပဌမစျာန်ဌ်ငင်း၊ ဒုတိယစျာန်၏ဥပစာဌ်ငင်း ရုန့်ရင်းသေး၏၊ ဒုတိယစျာန်ဌ် သိမ်မွေ့၏။ ဒုတိယစျာန်ဌ်ငင်း၊ တတိယစျာန်၏ ဥပစာဌ်ငင်း ရုန့်ရင်းသေး၏၊ တတိယစျာန်ဌ် သိမ်မွေ့၏။ တတိယစျာန်ဌ်ငင်း၊ စတုတ္ထစျာန်၏ ဥပစာဌ်ငင်း ရုန့်ရင်းသေး၏၊ စတုတ္ထစျာန်ဌ် အလွန်သိမ်မွေ့၏ မဖြစ်ခြင်း မရှိခြင်းသို့သာလျင် ရောက်လေ၏။ ဤသည်ကား ဒီဃနိကာယ်ဆောင် သံယုတ္တနိကာယ်ဆောင် ဆရာတို့၏အလိုပေတည်း။

http://www.dhammadownload.com

မဇ္ဈိမနိကာယ်ဆောင်ဆရာတို့သည်ကား ပဌမစျာန်၌ ရှုန့်ရင်း၏၊ဒုတိယ စျာန်၏ ဥပစာ၌ သိမ်မွေ့၏—ဤသို့စသည်ဖြင့် အောက်အောက်စျာန်ထက် အထက်အထက်စျာန်၏ ဥပစာ၌လည်း သာ၍ သိမ်မွေ့သည်ကို အလိုရှိကုန်၏။ အချုပ်အားဖြင့်မူကား နိကာယ်ဆောင်ဆရာ အားလုံးတို့၏ပင် အလိုအားဖြင့် မသိမ်းဆည်းသေးမီကာလ၌ဖြစ်သော ကာယသခ်ါရသည် သိမ်းဆည်းသောကာလ၌ ငြိမ်း၏၊ သိမ်းဆည်းဆဲ (ရှေ့ပိုင်း) ကာလ၌ ဖြစ်သော ကာယသခ်ါရသည် ပဌမစျာန်၏ ဥပစာ၌ ငြိမ်း၏၊ ပဌမစျာန်၏ ဥပစာ၌ဖြစ်သော ကာယသခ်ါရသည် ပဌမစျာန်၌ ငြိမ်း၏ ။ပ။ စတုတ္ထ စျာန်၏ ဥပစာ၌ဖြစ်သော ကာယသခ်ါရသည် စတုတ္ထစျာန်၌ ငြိမ်း၏။ ဤသည်ကား ရှေးဦးစွာ သမထအရာ၌(ငြိမ်းပုံကို) သိကြောင်းနည်းပေတည်း။

ဝိပဿနာအရာ၌ (သိကြောင်းနည်း)ကား မသိမ်းဆည်းသေးမီ၌ ဖြစ်သော ကာယသခ်ါရသည် ရှုန့်ရင်း၏၊ မဟာဘုတ်တို့ကို သိမ်းဆည်းသော အခါ၌ သိမ်မွေ၏။ ၎င်းသည်လည်း ရှုန့်ရင်းသေး၏၊ ဥပါဒါရုပ်တို့ကို သိမ်းဆည်းသောအခါ၌ သိမ်မွေ၏။ ၎င်းသည်လည်း ရှုန့်ရင်းသေး၏၊ ရုပ်အားလုံးကို သိမ်းဆည်းသောအခါ၌ သိမ်မွေ့၏။၎င်းသည်လည်း ရှုန့်ရင်းသေး၏၊ နာမ်ကိုသိမ်းဆည်းသောအခါ၌ သိမ်မွေ့၏။ ၎င်းသည်လည်း ရှုန့်ရင်းသေး၏၊ ရုပ်နာမ်နှစ်ပါးလုံးကို သိမ်းဆည်းသောအခါ၌ သိမ်မွေ့၏၊ ၎င်းသည်လည်း ရှုန့်ရင်းသေး၏၊ အကြောင်းကို သိမ်းဆည်းသောအခါ၌ သိမ်မွေ့၏။ ၎င်းသည်လည်း ရှုန့်ရင်းသေး၏၊ အကြောင်းနှင့်တကွ နာမ်ရုပ်တို့ကို သိမ်းဆည်းသောအခါ၌ သိမ်မွေ့၏။ ၎င်းသည်လည်း ရှုန့်ရင်းသေး၏၊ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာကို သိမြင်သောဝိပဿနာ၌ သိမ်မွေ့၏။၎င်းသည်လည်း အားနည်းသော ဝိပဿနာ၌ ရှုန့်ရင်းသေး၏၊ အားကြီးသော (ဗလဝ)ဝိပဿနာ၌ သိမ်မွေ့၏။ ထိုသို့အဆင့်ဆင့် သိမ်မွေ့ရာ၌ ရှေးသမထ အရာမှာ ဆိုခဲ့သောနည်းဖြင့် ပင်လျှင် [၂၆၈] နောက်နောက် သိမ်မွေ့သော

http://www.dhammadownload.com

ကာယသခ်ၤါရဖြင့် ရှေးရှေးရှုန့်ရင်းသော ကာယသခ်ၤါရ၏ ငြိမ်းခြင်းကို သိအပ်၏။ (ရှုန့်ရင်းသော ကာယသခ်ၤါရကို ငြိမ်းစေလျက်ဟူသော) ဤစကားရပ်၌ ရှုန့်ရင်းခြင်း သိမ်မွေ့ခြင်းကိုငင်း၊ ငြိမ်းခြင်းကိုငင်း ယခုပြဆို ခဲ့သည့်အတိုင်းပင် သိအပ်ပေသည်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ကား (ရှုန့်ရင်းသော ကာယသခ်ၤါရကို ငြိမ်းစေလျက်-ဟူသော) ဤပုဒ်၏အနက်ကို[၁] (အပြစ်ပြလျက်မေးခြင်းဟူသော) စောဒနာ(ဖြေရှင်းသုတ်သင်ခြင်းဟူသော) သောဓနာတို့နှင့်တကွ အောက်ပါအတိုင်း မိန့်ဆိုထားလေသည်--

"အဘယ်သို့ ကာယသခ်ၤါရကို ငြိမ်းစေလျက် ရှုသင့်အံ့ဟု။ ပ။ ရှုထုတ်အံ့ဟု လေ့ကျင့်သနည်း။ကာယသခ်ၤါရတို့ဟူသည် အဘယ်သည်တို့နည်း။ ရှည်သော ဝင်လေထွက်လေတို့သည်[၂] ကိုယ်၌ ဖြစ်ကုန်၏၊ ဤဝင်လေ ထွက်လေတရားတို့သည် ကိုယ်နှင့်စပ်၍ ဖြစ်ကြသောကြောင့် ကာယသခ်ၤါရမည်ကုန်၏၊ ထိုကာယသခ်ၤါရတို့ကို ငြိမ်းစေလျက် ချုပ်စေလျက် အထူးသဖြင့် ငြိမ်းစေလျက် လေ့ကျင့်၏။ [တိုသော ဝင်လေ ထွက်လေတို့သည်။ပ။အလုံးစုံသော ဝင်လေ ထွက်လေအပေါင်းကို သိလျက်(ဟု ဟောထားသော) ဝင်လေ ထွက်လေတို့သည် ကိုယ်၌ဖြစ်ကုန်၏၊ ဤဝင်လေ ထွက်လေ

မှတ်ချက်

၁—ဤပုဒ်၏ အနက်ကို.... မိန့်ဆိုထားလေသည်-ဟု စပ်ပါ။

၂—ပဋိသမ္ဘိဒါမဂ် ပါဠိရင်း၌ ဒီဃံ အဿာသာ-ရှည်သော ဝင်လေတို့သည်- စသည်က တဝါရ၊ ဒီဃံ ပဿာသာ- ရှည်သော ထွက်လေတို့သည်- စသည်က တဝါရ အသီးအသီးပင် ဟောထားသည်၊ ဤ၌ကား အကျဉ်းချုံးသော အားဖြင့် တပေါင်းတည်းပြထားခြင်း ဖြစ်ပေသည်၊ နောက်၌လည်း နည်းတူပင်။

http://www.dhammadownload.com

တရားတို့သည် ကိုယ်နှင့်စပ်၍ဖြစ်ကြသောကြောင့် ကာယသခ်ါရ မည်ကုန်၏။ ထိုကာယသခ်ါရတို့ကို ငြိမ်းစေလျက် ချုပ်စေလျက် အထူးသဖြင့် ငြိမ်းစေလျက် လေ့ကျင့်၏။[၁] အကြင်သို့သော ဝင်လေ ထွက်လေ ကာယသခ်ါရတို့ကြောင့် ကိုယ်၏(အာနမနာ) ရှေ့သို့ညွတ်ခြင်း (ဝိနမနာ)ဘေးသို့ညွတ်ခြင်း (သန္နမနာ)ထက် ဝန်းကျင်ညွတ်ခြင်း (ပဏမနာ) နောက်သို့ညွတ်ခြင်း (ဥန္နမနာ) တုန်ခြင်း (ဖန္ဒနာ)လှုပ်ခြင်း (စလနာ)ရွေ့ရှားခြင်း (ကမ္မနာ) တုန်လှုပ်ခြင်း[၂](ဖြစ်၏)၊ ထိုသို့သော ကာယသခ်ါရကို ငြိမ်းစေ လျက် ရှူသွင်းအံ့ဟု လေ့ကျင့်၏၊ ထိုသို့သော ကာယသခ်ါရကို ငြိမ်းစေလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏။ အကြင်သို့သော ကာယ သခ်ါရတို့ကြောင့် ကိုယ်၏ရှေ့သို့ညွတ်ခြင်းမဖြစ် ဘေးသို့ညွတ်ခြင်း မဖြစ် ထက်ဝန်းကျင်ညွတ်ခြင်းမဖြစ် နောက်သို့ညွတ်ခြင်းမဖြစ် မတုန် မလှုပ် မရွေ့ရှား မတုန်လှုပ်၊ ထိုသို့သော ငြိမ်သက်သိမ်မွေ့ သော ကာယသခ်ါရကို ငြိမ်းစေလျက် ရှူသွင်းအံ့ဟု လေ့ကျင့်၏။ ပ။ ရှူထုတ်အံ့ဟု လေ့ကျင့်၏။

မှတ်ချက်

၁–ဤထောင့်ကွင်း အတွင်းရှိ စကားများမှာ ပေယျာလကို ဖော်သည့် အနေဖြင့် ပဋိသမ္ဘိဒါမဂ်မှ ယူ၍ပြထားခြင်းဖြစ်သည်။

၂–ဥန္နမနာ စသော ၄-ပုဒ်တို့ကို အာနမနာစသော ၄-ပုဒ်တို့နှင့် အနက်တူသည်ဟူ၍ဝင်း၊ အနည်းငယ်တုန်ခြင်း စသည်ကို ဟောသည်ဟူ၍ဝင်း ဋီကာ၌ ဖွင့်ပြ၏။ ထိုတွင် စလနာ-ဟူသော ပါဠိသည် ရွေ့ရှားခြင်းကိုလည်း ဟော သောကြောင့် အခြားပုဒ်များနှင့် အနက်မထပ်စေရန် ၎င်းကို ရွေ့ရှားခြင်း ဟုပြန်သည်။ ထို့ပြင် ပဋိသမ္ဘိဒါမဂ်ပါဠိရင်း၌ ကမ္မနာအရာတွင် ပကမ္မနာ-ဟု ရှိ၏၊ ၎င်း၏အဋ္ဌကထာ၌ ဘုသံ ကမ္မနာ-ပြင်းစွာ လှုပ်ခြင်း-ဟု ဖွင့်ပြ ထားသည်။ ထို့ကြောင့် ထိုပုဒ်ကို တုန်လှုပ်ခြင်းဟု ပြန်သည်။

http://www.dhammadownload.com

ယခုပြဆိုခဲ့သည့်အတိုင်း အလွန်အလွန် သိမ်မွေ့သော ကာယသခ်ါရကို ငြိမ်းစေလျက် ရှူသွင်းအံ့ဟု အကယ်၍ လေ့ကျင့်ငြားအံ့၊ အလွန် အလွန်သိမ်မွေ့သော ကာယသခ်ါရကို ငြိမ်းစေလျက် ရှူထုတ်အံ့ဟု အကယ်၍ လေ့ကျင့်ငြားအံ့၊ သို့ဖြစ်လျှင် ဝင်လေ ထွက်လေကို ရသောစိတ်ကို ပွါးစေခြင်းလည်း မဖြစ်၊ ဝင်လေ ထွက်လေတို့ကို ပွါးစေခြင်းလည်း မဖြစ်၊ ဝင်လေ ထွက်လေကို အမှတ်ရမှု အာနာပါနဿတိကို ပွါးစေခြင်းလည်း မဖြစ်၊ အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကို ပွါးစေခြင်းလည်း မဖြစ်၊ ထိုဆိုခဲ့သော အာနာပါနသမာပတ်ကို ပညာရှိတို့သည် ဝင်စားနိုင်ကုန်သည်လည်း မရှိရာ၊ ထိုသမာပတ်မှ ထကုန်သည်လည်း မရှိရာ၊ (ဤကား စောဒနာတည်း)။

ယခုပြဆိုခဲ့သည့်အတိုင်း အလွန်အလွန်သိမ်မွေ့သော ကာယသခ်ါရကို ငြိမ်းစေလျက် ရှူသွင်းအံ့ဟု....ရှူထုတ်အံ့ဟု အကယ်၍ လေ့ကျင့်ငြားအံ့၊ သို့ဖြစ်လျှင် ဝင်လေ ထွက်လေကို ရသောစိတ်ကို ပွါးစေခြင်းလည်း ဖြစ်ပေ၏၊ ဝင်လေ ထွက်လေတို့ကို ပွါးစေခြင်းလည်း ဖြစ်ပေ၏၊ ဝင်လေ ထွက်လေကို အမှတ်ရမှု-အာနာပါနဿတိကို ပွါးစေခြင်းလည်း ဖြစ်ပေ၏၊ အာနာပါနဿတိနှင့် ယှဉ်သော သမာဓိကို ပွါးစေခြင်းလည်း ဖြစ်ပေ၏၊ ထိုဆိုခဲ့သော အာနာပါနသမာပတ်ကို ပညာရှိတို့သည် ဝင်စားလည်း ဝင်စားနိုင်ကုန်၏၊ ထိုသမာပတ်မှ ထလည်း ထကုန်၏။ အဘယ်ကဲ့သို့နည်း? ဟူမူ—

ကြေးခွက်ကို တီးခေါက်လိုက်လျှင် ရှုန့်ရင်းပြင်းထန်သော အသံတို့သည် ဖြစ်ကုန်၏၊ ရှုန့်ရင်းပြင်းထန်သော အသံတို့၏ နိမိတ်ကို ကောင်းစွာ ယူထားခြင်း ကောင်းစွာ နှလုံးသွင်းထား

http://www.dhammadownload.com

ခြင်း ကောင်းစွာ မှတ်ထားခြင်းကြောင့် ရှုနှုန်ရင်းပြင်းထန်သော အသံချုပ်သွားသော်လည်း ထို့နောင် [၂၆၉] သိမ်မွေ့သော အသံတို့သည်(နားဥ ကြားရလျက်)မပြတ်ဖြစ်နေကုန်၏၊ သိမ်မွေ့သော အသံတို့၏ နိမိတ်ကို ကောင်းစွာ ယူထားခြင်း ကောင်းစွာ နှလုံးသွင်းထားခြင်း ကောင်းစွာ မှတ်ထားခြင်းကြောင့် သိမ်မွေ့သော အသံ ချုပ်သွားသော်လည်း ထို့နောင်(ဖြစ်ပေါ်လာသော သာ၍) သိမ်မွေ့သော အသံလျှင် အာရုံရှိသော စိတ်သည်လည်း မပြတ်ဖြစ်နေသကဲ့သို့ ထို့အတူပင် ရှေးဦးစွာ ရှုနှုန်ရင်းသော ဝင်လေထွက်လေတို့သည် ဖြစ်ကုန်၏၊ ရှုနှုန်ရင်းသော ဝင်လေ ထွက်လေတို့၏ နိမိတ်ကို ကောင်းစွာ ယူထားခြင်း ကောင်းစွာ နှလုံးသွင်းထားခြင်း ကောင်းစွာ မှတ်ထားခြင်းကြောင့် ရှုနှုန်ရင်းသော ဝင်လေ ထွက်လေ ချုပ်သွားသော်လည်း ထို့နောင် သိမ်မွေ့သော ဝင်လေ ထွက်လေတို့သည်(ရှုသော ဘာဝနာစိတ်၌ ထင်ရှားလျက်) မပြတ်ဖြစ်ကုန်၏၊ သိမ်မွေ့သော ဝင်လေ ထွက်လေတို့၏ နိမိတ်ကို ကောင်းစွာ ယူထားခြင်း ကောင်းစွာ နှလုံးသွင်းထားခြင်း ကောင်းစွာ မှတ်ထားခြင်းကြောင့် သိမ်မွေ့သော ဝင်လေ ထွက်လေ ချုပ်သွားသော်လည်း ထို့နောင် (ဖြစ်ပေါ်လာသော သာ၍) သိမ်မွေ့သော ဝင်လေ ထွက်လေနိမိတ်လျှင် အာရုံရှိသော စိတ်သည်လည်း (မပြတ်ဖြစ်ပေ၏) ပျံ့လွင့်ခြင်းသို့ မရောက်ပေ။

သို့ဖြစ်လျှင် (၀၊-သို့ဖြစ်သောကြောင့်) ဝင်လေ ထွက်လေကို ရသောစိတ်ကို ပွါးစေခြင်းသည်လည်း ဖြစ်ပေ၏၊ ဝင်လေ ထွက်လေတို့ကို ပွါးစေခြင်းသည်လည်း ဖြစ်ပေ၏၊ ဝင်လေ ထွက်လေကို အမှတ်ရမှု အာနာပါနဿတိကို ပွါးစေခြင်းသည်လည်း ဖြစ်ပေ၏၊ အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကို ပွါးစေခြင်းသည်လည်း

http://www.dhammadownload.com

ဖြစ်ပေ၏၊ ထိုဆိုခဲ့သော အာနာပါနသမာပတ်ကို ပညာရှိတို့သည် ဝင်စားလည်း ဝင်စားနိုင်ကုန်၏၊ ထိုသမာပတ်မှ ထလည်း ထ, ကုန်၏။ ကာယသခ်ါရကို ငြိမ်းစေလျက်(ဟု ဟောထားသော) ဝင်လေ ထွက်လေတို့သည် ကာယပေတည်း၊ ထင်ခြင်း အမှတ် ရခြင်းသည် သတိပေတည်း၊ ရှုခြင်းသည် ဉာဏ်ပေတည်း။ ကာယ သည် သတိ၏ ထင်ရာဖြစ်သောကြောင့် ဥပဋ္ဌာနသာ မည်၏၊ (အမှတ်ရမှု မဟုတ်သောကြောင့်) သတိကား မမည်။ သတိ သည်ကား ထင်တတ် အမှတ်ရတတ်သောကြောင့် ဥပဋ္ဌာနလည်း မည်၏ သတိလည်း မည်၏။ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုဝင်လေ ထွက်လေအပေါင်း ကာယကို အဖန်ဖန် ရှု၏။ ထို့ကြောင့် ကာယ၌ ကာယကို ရှုသော (ဝါ-ကာယဟု ရှုသော) သတိပဋ္ဌာန် ဘာဝနာဟု ဆိုအပ်ပေသည်"ဟူ၍ ပေတည်း။ (ဤကား ပဋိ-သမ္ဘိဒါမဂ်)

ယခု ဆိုခဲ့သောစကားသည် ဤအာနာပါနဿတိကမ္မဋ္ဌာန်း၌ ကာယာ-နုပဿနာအလိုအားဖြင့် ဟောထားသော ပဌမစတုက္ကဓ်၏ အစဉ်အတိုင်း ပုဒ်တို့ကို ဖွင့်ပြခြင်းပေတည်း။

အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံ

၂၂၂။ ပုဒ်အဖွင့်မှတပါး အားထုတ်ပုံကို ပြဆိုအံ့ - (ထုတ်ပြခဲ့သော ၁၆-ပါးသော တည်ရာရှိသော) ထိုဒေသနာတော်၌ ဤပဌမစတုက္ကကို သာလျှင် အားထုတ်ခါစ ပုဂ္ဂိုလ်၏ ကမ္မဋ္ဌာန်းအဖြစ်ဖြင့် ဟောတော်မူပေ သည်၊ အခြား စတုက္ကသုံးခုတို့ကိုမူကား ဤပဌမစတုက္ကဌ၌ စျာန်ရပြီးသော ပုဂ္ဂိုလ်၏ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာတို့အလိုအားဖြင့် ဟောတော်မူပေသည်၊ ထို့ကြောင့် ဤအာနာပါနကမ္မဋ္ဌာန်းကို ပွါးစေ

http://www.dhammadownload.com

ပြီးလျှင် အာနာပါနစတုတ္ထစျာန်ကို အခြေခံပြုကာ ဝိပဿနာရှုရ၍ [၁] ပဋိ-သမ္ဘိဒါဉာဏ်တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လိုသော အားထုတ်ခါစ အမျိုးကောင်းသားသည် ရှေးဦး ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် သီလကို စင်ကြယ်စေခြင်း အစရှိကုန်သော အလုံးစုံသောကိစ္စတို့ကို ပြုပြီးလျှင် ဆိုခဲ့ပြီးသော ဂုဏ်အပြားရှိသော ဆရာ၏ထံ၌ ငါးပိုင်း ငါးပုံရှိသော ကမ္မဋ္ဌာန်းကို သင်ယူအပ်ပေသည်။

[၂၇၀] ထိုစကားရပ်၌ ငါးပိုင်း ငါးပုံတို့ဟူသည်မှာ (၁) သင်ယူခြင်း၊ (၂) မေးမြန်းခြင်း၊ (၃) ထင်ခြင်း၊ (၄) အပြီးအဆုံးရောက်ခြင်း၊ (၅) မှတ်သားခြင်း-ဟူသော ဤငါးပါးတို့ပေတည်း။ ထိုတွင် (၁) သင်ယူခြင်းမည်သည်မှာ ကမ္မဋ္ဌာန်း အားထုတ်ပုံနည်းကို နှုတ်တက်သင်ယူခြင်းပေတည်း။ (၂) မေးမြန်းခြင်းမည်သည်မှာ ကမ္မဋ္ဌာန်း၏ အနက်အဓိပ္ပါယ်ကို မေးမြန်းခြင်းပေတည်း။ (၃) ထင်ခြင်းမည်သည်မှာ ကမ္မဋ္ဌာန်းအာရုံ နိမိတ်၏ ထင်ပုံပေတည်း။ (၄) အပြီးအဆုံးရောက်ခြင်းမည်သည်မှာ ကမ္မဋ္ဌာန်းဘာဝနာ၏ အပြီးအဆုံးသို့ ရောက်ခြင်း—စျာန်ရခြင်းပေတည်း။ (၅) မှတ်သားခြင်းမည်သည်မှာ ကမ္မဋ္ဌာန်းကို မှတ်သားခြင်းပေတည်း၊ "ဤကမ္မဋ္ဌာန်းသည် ဤသို့သော သဘောလက္ခဏာရှိသည်ဟု ကမ္မဋ္ဌာန်း၏ သဘောကို မှတ်သားခြင်း" ဟူ၍ ဆိုလိုပေသည်။

ဤသို့ ငါးပိုင်း ငါးပုံရှိသော ကမ္မဋ္ဌာန်းကို (၀၊-ကမ္မဋ္ဌာန်းကို ငါးပိုင်း ငါးပုံပြု၍) သင်ယူလျှင် မိမိကိုယ်တိုင်လည်း မပင်ပန်း၊ ဆရာကိုလည်း

မှတ်ချက်

၁–ပါဠိဋ္ဌရှိရင်းအတိုင်း **အတိအကျ**ပြန်လျှင် "အာနာပါန စတုတ္ထစျာန်လျှင် **နီး**သောအကြောင်းရှိသော ဝိပဿနာဖြင့်" ဟူ၍ ဖြစ်၏၊ သုတန်းသူတို့ **နား**လည်ရန် ခက်၏။ ထို့ကြောင့် **အထက်ပါ**အတိုင်း စကားပရိယာယ် လဲလှယ်၍ပြန်**ထား**သည်။

http://www.dhammadownload.com

မပင်ပန်းစေ၊ ထို့ကြောင့် အနည်းငယ် ရွတ်ပြစေပြီးလျှင် များစွာသော ကာလပတ်လုံး ပြန်လှည့်ရွတ်ဆို၍ ဤပုံ ဤနည်းဖြင့် ငါးပိုင်း ငါးပုံရှိသော ကမ္မဋ္ဌာန်းကို နှုတ်တက်သင်ယူပြီးနောက် ဆရာ၏ထံ၌ဖြစ်စေ အခြားအရပ်၌ ဖြစ်စေ ရှေး၌ ပြဆိုခဲ့ပြီးသော အင်္ဂါအပြားရှိသော ကျောင်း၌ နေလျက် ပလိဗောဓအငယ်များကို ဖြတ်ပယ်ပြီးလျှင် ဆွမ်းစားပြီးသောအခါ ဆွမ်းဆီ ယစ်ခြင်းကို ပယ်ဖျောက်၍ ချမ်းသာစွာ ထိုင်နေလျက် ရတနာသုံးပါး၏ ဂုဏ်ကို အောက်မေ့ဆင်ခြင်ခြင်းဖြင့် စိတ်ကို ရှင်လန်းစေပြီးလျှင် ဆရာ့ထံမှ သင်ယူခဲ့သော ကမ္မဋ္ဌာန်းအစီအရင်မှ တပုဒ်မျှကိုသော်လည်း မတွေဝေပဲ ဤအာနာပါနဿတ်ကမ္မဋ္ဌာန်းကို နှလုံးသွင်းအပ်ပေသည်။

၂၂၃။ ထိုသို့ နှလုံးသွင်းရာ၌ ယခုဆိုမည့်စကားသည် နှလုံးသွင်းပုံ အစီအရင်ပေတည်း။

> (ဂဏနာ) ရေတွက်ခြင်း၊ (အနုဗန္ဓနာ) အစဉ်လိုက်ခြင်း၊ (ဖုသနာ) ထိရာ၊ (ဋ္ဌပနာ)ထားခြင်း၊ (သလ္လက္ခဏာ) ကောင်းစွာ မှတ်ခြင်း၊ (ဝိဝဋ္ဋနာ) နှစ်ခြင်း၊ (ပါရိသုဒ္ဓိ) ထက်ဝန်းကျင် စင်ကြယ်ခြင်း၊ (တေသဉ္စ ပဋိပဿနာ)ငင်းတို့ကို တဖန်ရှုခြင်း။ (ဤကား ခေါင်းစဉ်ဂါထာ)

ထိုဂါထာ၌ ဂဏနာ—ဟူသည်ကား ရေတွက်ခြင်းပင်တည်း။ အနုဗန္ဓနာ-ဟူသည်ကား အစဉ်လိုက်၍ အမှတ်သတိကို ဆောင်ခြင်း—ဖြစ်စေခြင်းပေတည်း။ ဖုသနာ—ဟူသည်ကား ထိရာဋ္ဌာနပေတည်း။ ဋ္ဌပနာ—ဟူသည်ကား စျာန်စိတ်ကို ထားခြင်း-စျာန်သို့ရောက်ခြင်းဟူသော အပ္ပနာပေတည်း။ သလ္လက္ခဏာ - ကောင်းစွာ မှတ်ခြင်းဟူသည်ကား ဝိပဿနာပေတည်း။ ဝိဝဋ္ဋနာ-နှစ်ခြင်းဟူသည်ကား (သင်္ခါရအာရုံမှ နှစ်သော) မဂ်ပေတည်း။ ပါရိသုဒ္ဓိ—ဟူသည်ကား ဖိုလ်ပေတည်း။ ငင်းတို့ကို တဖန်ရှုခြင်း ဟူသည်ကား မဂ်ဖိုလ်တို့ကို ပြန်လည်ဆင်ခြင်မှု ပစ္စဝေက္ခဏာပေတည်း။

http://www.dhammadownload.com

ထိုတွင် အားထုတ်ခါစဖြစ်သော ဤအမျိုးသားသည် ရှေးဦးစွာ ရေတွက်ခြင်းဖြင့် ဤကမ္မဋ္ဌာန်းကို နှလုံးသွင်းအပ်၏။ ရေတွက်သော အခါ၌လည်း[၁] ငါးခုတို့၏ အောက်၌ မထားရာ၊ ဆယ်ခုတို့၏ အထက်သို့ မဆောင်ရာ၊ အကြားဒ္ဒ ကျိုးခြင်း ပြတ်ခြင်းကို[၂] မပြုရာ။ အပြစ်ကား ငါးခုတို့၏ အောက်၌ ထားလျှင် ကျဉ်းမြောင်းသော အရေအတွက်ဟူသော အရာ၌ စိတ်ဖြစ်ခြင်းသည် တုန်လှုပ်၏၊ ကျဉ်းမြောင်းသော နွားခြံထဲ၌ ပိတ်လှောင်ထားသော နွားအပေါင်းကဲ့သို့ပင်တည်း၊ ဆယ်ခုတို့၏ အထက်သို့ ဆောင်လျှင် စိတ်ဖြစ်ခြင်းသည် ရေတွက်ခြင်းကိုသာ မှီလျက်ရှိ၏[၃]။ အကြားဒ္ဒ ကျိုးခြင်း ပြတ်ခြင်းကို ပြလျှင် "ငါ၏ကမ္မဋ္ဌာန်းသည် အထွတ်အထိပ် အဆုံးသို့ ရောက်လေသလော မရောက်လေသလော"ဟု စိတ်သည် တုန်လှုပ်တတ်၏[၄]။ ထို့ကြောင့် ထိုအပြစ်တို့ကို ကြဉ်ရှောင်၍ ရေတွက်အပ်ပေသည်။

ရေတွက်သောအခါ၌လည်း ရှေးဦးစွာ စပါးခြင်းသူ၏ ရေတွက်ခြင်းမျိုးဖြစ်သော နှေးနှေးရေတွက်ခြင်းဖြင့် ရေတွက်အပ်၏။ ခွါ၍ပြအံ့ - စပါး

မှတ်ချက်

၁–ဂဏေန္တေန စ-၏ အနက်ဖြစ်သည်၊ အတိအကျပြန်လျှင် "ရေတွက်သော သူသည်လည်း"ဟု ဖြစ်၏။ မြန်မာစကား သာ၍ ချောစေရန် အထက်ပါ အတိုင်း ပြန်သည်၊ နောက်ဒ္ဒလည်း နည်းတူပင်။

၂–ခဏ္ဍ-ဟူသည်မှာ တစ် သုံး ငါး-ဟု ဤသို့ရေတွက်ခြင်း၏ ကျိုးခြင်း ပြတ်ခြင်း ပေတည်း။ (ဋီကာ)

၃–ရေတွက်ခြင်းကိုသာလျှင် မှီလျက်ရှိ၏၊ ကမ္မဋ္ဌာန်းအာရုံကို မမှီ၊ (ဋီကာ)

၄–အထွတ်အထိပ်-အဆုံးသို့ ရောက်လေသလော-ဟူသောဤစကားကို ရေတွက်ခြင်းဖြင့် အလွန်ကြာမြင့်စွာ နှလုံးသွင်းနေသောသူ၏ အစွမ်းအားဖြင့် ဆို(အပ်)ပေသည်။ မှန်ပေ၏-ထိုသို့သော ပုဂ္ဂိုလ်သည် ထိုသို့ ရေတွက်လျက်

http://www.dhammadownload.com

ခြင်သောသူသည် တင်းတောင်းကို ပြည့်စေပြီးလျှင် တတင်းဟု ဆို၍ လောင်း၏။ တဖန် တင်းတောင်းကို ပြည့်စေစဉ် တစုံတခုသော အမှိုက်ကို မြင်၍ ထိုအမှိုက်ကို ဖယ်ထုတ်ပစ်သော်လည်း တတင်း တတင်း ဟူ၍သာ ဆိုနေ၏။ နှစ်ဘင်း နှစ်ဘင်း စသည်ဘို့၌လည်း ဤနည်းပင်တည်း[၁]။ ထို့အတူပင် ဤယောဂီသည်လည်း ဝင်လေထွက်လေတို့တွင် အကြင်လေသည်

မှတ်ချက်

ကြာမြင့်စွာ နှလုံးသွင်းခြင်းဖြင့် ရသော စိတ်မပျံ့လွင့်ခြင်းမျှကို မှီ၍ ဤသို့ ပြဆိုထားသည့်အတိုင်း အောက်မေ့မှတ်ထင်ရာ၏။ (ဋီကာ) ဝိသုဒ္ဓိမဂ်၌ "အကြားဥ္စ ကျိုးပြတ်နေလျှင် စိတ်တုန်လှုပ်ခြင်း ဖြစ်တတ်သည်" ဟု ဆိုသည်၊ အကြားဥ္စ ကျိုးပြတ်ခြင်းဟူသည်မှာ တစ် သုံး ငါး-ဤသို့ စသည်ဖြင့် ရေတွက်ခြင်းပင် ဖြစ်ကြောင်း ဋီကာဥ္စဖွင့်ပြ၏။နှာ ၃၆၇ မှတ်ချက် ၂-၌ ကြည့်ပါ။ ထိုသို့ တခုကျော် ရေတွက်ခြင်းကြောင့် ကြာမြင့်သောအခါ အဆုံးသို့ ရောက်-မရောက် ယုံမှားခြင်းအဘယ်သို့ ဖြစ်ရာသနည်း-ဟု စဉ်းစားကြည့်လျှင် အလွန်အဆန်းဖြစ်လှပေ၏။ ဤအရာတွင် ပြည်မူနိဿယ၌ ပြထားသည်မှာ-အကြားဥ္စ အချိန်ကာလအနည်းငယ် မရေတွက်ပဲ ရပ်နားနေလျှင် အကြားဥ္စ ပြတ်ခြင်းမည်ကြောင်း၊ ထိုသို့သော ယောဂီအား ငါ၏ စိတ်သည် ကမ္မဋ္ဌာန်းဥ္စ ညှတ်သလော မညှတ်သလောဟု စုံစမ်းခြင်းဖြင့် ပံ့လွှင့်သည်ကိုပင် ရည်၍ အထူတ်အထိပ်သို့ ရောက်လေသလော-စသည်ကို ဆိုကြောင်း ပြထား၏။ ထိုအလိုအားဖြင့် သိခါပတ္တ-အထူတ်အထိပ်သို့ ရောက်ခြင်းဟူသည်မှာ ကမ္မဋ္ဌာန်းအာရုံ၌ ထက်သန်စွာ စိတ်ညှတ်ခြင်းပင် ဖြစ်သည်ဟု ယူရာ၏။

၁–ဒုတိယတင်းကို မသွန်မလောင်းရသေးမီ တတင်း တတင်းဟူ၍သာ ဆိုနေသည်၊ ဒုတိယ တင်းကို လောင်းပြီးသောအခါ တတိယတင်းကို မသွန်မလောင်းရသေးမီ နှစ်တင်း နှစ်တင်းဟူ၍သာ ဆိုနေသည်၊ ဤသို့သော ရွှတ်ဆိုပုံကို ပြသည်။

http://www.dhammadownload.com

ထင်ပေါ်၏၊ [၂၇၁] ထိုလေကိုယူ၍[၁] တစ် တစ်မှစ၍ တဆယ် တဆယ်တိုင် အောင်၂ ဖြစ်တိုင်းဖြစ်တိုင်းသော ဝင်လေထွက်လေကို မှတ်လျက်သာလျှင် ရေတွက်အပ်၏။ ဤသို့ ရေတွက်နေလျှင် ထိုယောဂီအား ဝင်ကုန်ထွက်ကုန်သော[၃] ဝင်လေထွက်လေတို့သည် ထင်ရှားကုန်၏။

ထိုအခါ စပါးခြင်သူ၏ ရေတွက်ခြင်းမျိုးဖြစ်သော နှေးနှေး ရေတွက်ခြင်းကို ပယ်၍ နွားကျောင်းသွား၏ ရေတွက်ခြင်းမျိုးဖြစ်သော မြန်မြန် ရေတွက်ခြင်းဖြင့် ရေတွက်အပ်၏။ခဲ့၍ပြအံ့—ကျွမ်းကျင်သောနွားကျောင်းသွားသည် ကျောက်စရစ်စသည်တို့ကို ခါးပိုက်ဖြင့် ယူခဲ့၍ ကြိုးနှင့် ဝါးရင်းဒုတ်ကို လက်ဖြင့်ကိုင်လျက် နံနက်စောစောကပင် ခြံသို့သွား၍ နွားတို့ကို ကျောက်ကုန်း၌ ပုတ်ခတ်ကာ တံခါးတိုင်ထိပ်၌ ထိုင်လျက် တံခါးဝသို့ ရောက်လာတိုင်းရောက်လာတိုင်းသော နွားကိုသာလျှင် ကျောက်စရစ်ဖြင့် ပစ်ခတ်၍ တစ်နှစ်စသည်ဖြင့် ရေတွက်၏၊ ကျဉ်းမြောင်းသော အရပ်၌ တည့်တို့လုံး

မှတ်ချက်

၁–ထိုလေကို ယူ၍-ဟူသော ဤစကားကို အကြောင်ပုဂ္ဂိုလ်အား ဝင်လေ ထွက်လေတို့တွင် တခုသာ ရှေးဦးစွာ ထင်၏၊ ထိုပုဂ္ဂိုလ်ကို ရည်၍ ဆိုထားပေသည်။ အကြောင်ပုဂ္ဂိုလ်အားမူ ဝင်လေ ထွက်လေ ၂-ခုလုံး ထင်ရှားကုန်၏၊ ထိုပုဂ္ဂိုလ်သည် ၂-ခုလုံးကို ယူ၍ ရေတွက်အပ်၏။ (ဋီကာ)

၂–တစ် တစ် ဟု ရေတွက်ခြင်းမှ စ၍ တဆယ် တဆယ်တိုင်အောင်....ရေတွက်အပ်၏-ဟု စပ်၍ အဓိပ္ပါယ် ယူပါ။

၃–ဝိသုဒ္ဓိမဂ်ပါဠိတွင်ရှိရင်းအတိုင်းပြန်လျှင် ထွက်ကုန် ဝင်ကုန်သော-ဟူ၍ဖြစ်သည်။ ဤဥဒ္ဒေသ်ကား ရှေး၌ ပြခဲ့သည့်အတိုင်း အဿာသ-ကို ဝင်လေ-ဟု ပြန်သော ကြောင့် ထိုနှင့် ညီစေရန် ဝင်ကုန် ထွက်ကုန်သော-ဟု ပြင်၍ ပြန်သည်။ အဿာသပဿာသ-ပုဒ်ကို ဝင်လေ ထွက်လေဟု ပြန်သင့်ကြောင်း သာဓက ကို စာပိုဒ်နံပါတ် ၂၂၄၊ နှာ ၃၇၃-၌ တွေ့ရလတ္တံ့။

http://www.dhammadownload.com

ဆင်းရဲစွာနေရသော နွားအပေါင်းသည် ထွက်လတ် ထွက်လတ်သော် အချင်းချင်း တိုးဝှေ့ပွတ်တိုက်လျက် လျင်စွာ လျင်စွာ အစုလိုက်အစုလိုက် ထွက်၏၊ ထိုနွားကျောင်းသွားသည် "သုံးလေး ငါး တဆယ်" စသည်ဖြင့် လျင်စွာ လျင်စွာ ရေတွက်သည်သာလျှင်တည်း။ ထို့အတူပင် ဤယောဂီ မှာလည်း ရှေးဦးပြခဲ့သော အနှေးနည်းဖြင့်[၁] ရေတွက်နေစဉ် ဝင်လေ ထွက်လေတို့သည် ထင်ရှားဖြစ်ကုန်လျက် လျင်စွာ လျင်စွာ အဖန်ဖန် ဝင်ကုန် ထွက်ကုန်၏[၂]၊ ထိုအခါ ဤယောဂီသည်"အဖန်ဖန် ဝင်ကုန်ထွက်ကုန်သည်" ဟု သိသဖြင့် အတွင်းဦးဌင်း၊ အပြင်ဦးဌင်း မယူမူ၍ နှာသီးဝသို့ ရောက်လာ တိုင်း ရောက်လာတိုင်းသော ဝင်လေ ထွက်လေကိုသာလျှင် ယူလျက် "တစ် နှစ် သုံးလေး ငါး၊ တစ် နှစ် သုံး လေး ငါး ခြောက်၊ တစ် နှစ် သုံး လေး ငါး ခြောက် ခုနစ်၊ တစ် နှစ် သုံး လေး ငါး ခြောက် ခုနစ် ရှစ်၊ တစ် နှစ် သုံး လေး ငါး ခြောက် ခုနစ် ရှစ် ကိုး၊ တစ် နှစ် သုံး လေး ငါး ခြောက် ခုနစ် ရှစ် ကိုး တဆယ်[၃]" ဟု လျင်စွာ လျင်စွာ ရေတွက်အပ်သည်သာလျှင်တည်း။

မှတ်ချက်

၁ – ရှေးနည်း အရကို အနှေးနည်းဖြင့်-ဟု ပြန်ခြင်းသည် ရှေနောက်ညှိ၍ ဝိမတိ ဋီကာနှင့်အညီ ပြန်ချက်ဖြစ်သည်။ ဤမဟာဋီကာ၌ကား အမြန်ရေတွက် နည်းဖြင့်-ဟု ဖွင့်ပြထား၏။

၂ – သဉ္ဇရန္တိ-ပုဒ်၏ အနက်ဖြစ်သည်။(ဝင်လေ ထွက်လေတို့)မပြတ်သွားကုန်၏– မပြတ်ဖြစ်ကုန်၏-ဟူသည်မှာ ဝင်ကုန် ထွက်ကုန်၏-ဟူ၍ပင် ဆိုလိုပေ၏။

၃ – ဤ၌ ရေတွက်ပုံကို ပြထားသည်မှာ တစ်မှ ငါးအထိ ရေတွက်ပြီးလျှင် တစ်မှ ခြောက်အထိစသည်ဖြင့် တခုတခု တိုး၍ ရေတွက်ရန် ပြထားသကဲ့သို့ရှိပေ၏။ ပရမတ္ထ သရူပဘေဒနီကျမ်း၌ထိုသို့ ငါးခုဝါရပြီး ခြောက်ခုဝါရစသည်တခုတခု တိုး၍ တိုး၍ မရေတွက်အပ်ကြောင်း။ ထိုသို့ တခုတခု တိုး၍ ရေတွက်လျှင် "ဂဏနာနိဿိတောဝ-ရေတွက်ခြင်းကိုသာ မှီသည်၊ နကမ္မဋ္ဌာနနိဿတော- ကမ္မဋ္ဌာန်းအာရုံကို မမှီ"ဟူ၍ အဋ္ဌကထာ ဋီကာတို့၌ ပြထားသော အပြစ်

http://www.dhammadownload.com

မှန်ပေ၏–ရေတွက်ခြင်းနှင့်စပ်သော ကမ္မဋ္ဌာန်း၌ ရေတွက်ခြင်း၏အားစွမ်းဖြင့်ပင်လျှင် စိတ်သည် တခုတည်းသော အာရုံရှိလျက် တည်ကြည်ပေ၏။ ဥပမာ ရေစီးသန့်သော ရေယဉ်၌ ထိုးဝါးအကူအညီ၏အစွမ်းဖြင့် လှေ၏ ရပ်တည်ခြင်းကဲ့သို့ပင်တည်း။

ဤသို့ လျင်စွာ လျင်စွာ ရေတွက်နေသော ထိုယောဂီအား ကမ္မဋ္ဌာန်း အာရုံသည် အခြားမရှိပဲ မပြတ်ဖြစ်နေသကဲ့သို့ ဖြစ်လျက် ထင်ပေါ်၏။

မှတ်ချက်

ရောက်ကြောင်း၊ စင်စစ်အားဖြင့်မူ တစ် နှစ် သုံး လေး ငါး, တစ် နှစ် သုံး လေး ငါး ဟူ၍သော်၎င်း၊ ဆယ်ခုတိုင်အောင်သော်၎င်း၊ ငါးခုနှင့် ဆယ်ခုတို့၏ အတွင်း၌ နှစ်သက်ရာ ဂဏန်းသခင်္ချာကိုယူ၍ ရေတွက်အပ်ကြောင်း ပြဆိုထားသည်။ ပြည်မူ နိဿယဌ်လည်း "ငါးခုတို့၏ အောက်၌ မထားရာ ဟူရကား ငါးခုမစေ့မီ တခေါက် မပြန်ကောင်း၊ ငါးခုစေ့၍ မပြန်လိုမူ ခြောက်ခုမြောက် ရှုလေ မလာမီ ငါး-ငါးဟု အလျဉ်မပြတ် မှတ်သား၍ ၆-ခု မြောက် ရှုလေ လာလတ်သော် ခြောက်ဟု ရေတွက်။ ထိုတွင် ပြန်လိုလျှင်လည်း တစ် တစ် စသည်ဖြင့် ခြောက် ခြောက်ကျအောင် ရှေးနည်းရေ။ ဤနည်းဖြင့် ဆယ်ခု ကျသော် တဆယ်ဟု ရေတွက်။" ဤသို့ အနှေးရေတွက်ပုံအရာ၌ ပြဆိုထားသည်။ ဤအလိုအားဖြင့် ငါးခုအထိ ဝါရနှင့် တဆယ်အထိ ဝါရတို့ အတွင်းမှာ အလိုရှိသလို ရေတွက်နိုင်သည်-ဟု သိအပ်၏။ သို့သော် သမာဓိရမှုက လိုရင်းဖြစ်သောကြောင့် ကိုယ်တွေ့အားထုတ် ကြည့်သောအခါ အကောင်းဆုံး နည်းကို ယူ၍ အားထုတ်ရာ၏။ ဘုရားဟော ပါဠိ၌ ရေတွက်ရန် မပြ၊ သတော၀ အဿသတိ သတော ပဿသတိ–အမှတ်ရလျက် သာလျှင် ဝင်သက် ရှု၏၊ အမှတ်ရလျက် သာလျှင် ထွက်သက် ရှု၏ဟု ရှုသွင်းတိုင်း ရှုထုတ်တိုင်း အမှတ်ရရန်သာ ပြတော်မူပေသည်။ သို့ဖြစ်၍ ဝင်လေ ထွက်လေ ထိရာဌာနဉ်၌ စိတ်သတိကို ကပ်ထား၍ ရှုသည် ရှိုက်သည် ဟူ၍သော်ငင်း၊ ဝင်သည် ထွက်သည် ဟူ၍သော်ငင်း ဤသို့ စသည်ဖြင့် ရှုမှတ်နေလျှင်လည်း သင့်လျော်သည်သာတည်း။

http://www.dhammadownload.com

ထိုအခါ "အခြားမရှိပဲ မပြတ်ဖြစ်နေသည်"ဟု သိပြီးလျှင် အတွင်းသို့ ဝင်သွားသော လေကိုဂင်း၊ အပြင်သို့ ထွက်သွားသော လေကိုဂင်း နှလုံးမသွင်း—မသိမ်းဆည်းမူ၍ ရှေးနည်းဖြင့်ပင် လျင်စွာ လျင်စွာ ရေတွက်အပ်၏။ မှန်ပေ၏—အတွင်းသို့ ဝင်သွားသောလေနှင့်အတူ စိတ်ကိုဝင်စေလျှင် ကိုယ်တွင်းအရပ်သည် လေဖြင့် ခတ်အပ်-ကားစေအပ်သကဲ့သို့ဂင်း၊ အဆီဖြင့် ပြည့်နေသကဲ့သို့ဂင်း ဖြစ်တတ်၏၊ အပြင်သို့ ထွက်သွားသော လေနှင့်အတူ စိတ်ကိုထုတ်ဆောင်လျှင် အပြင်ပ အထူးထူးသောအာရုံ၌ စိတ်သည် ပျံလွှင့်တတ်၏။ စင်စစ်သော်ကား ထိရာ ထိရာ အရပ်၌သာလျှင် သတိကိုထား၍ ပွါးစေသူအား ဘာဝနာသည် ပြီးစီးပြည့်စုံ၏။ ထို့ကြောင့် "အတွင်းသို့ ဝင်သွားသောလေကိုဂင်း၊ အပြင်သို့ ထွက်သွားသော လေကိုဂင်း နှလုံးမသွင်း-မသိမ်းဆည်းမူ၍ ရှေးနည်းဖြင့်ပင် လျင်စွာ လျင်စွာ ရေတွက်အပ်၏"ဟု ငါဆိုခဲ့ပေသည်။

အဘယ်မျှလောက်ကြာအောင် ဤ ဝင်လေ ထွက်လေကို ရေတွက်အပ်သနည်း?ဟူမူ- ရေတွက်ခြင်းနှင့်ကင်း၍ ဝင်လေ ထွက်လေအာရုံ၌ သတိကောင်းစွာ တည်သည်တိုင်အောင် (ရေတွက်အပ်ပေသည်)။ မှန်ပေ၏-ရေတွက်ခြင်းသည် အပြင်ပ၌ ပြန့်သွားနေသော ဝိတက်၏ ပြတ်စဲခြင်းကိုပြု၍ ဝင်လေ ထွက်လေအာရုံ၌ သတိကို ကောင်းစွာတည်စေခြင်း အကျိုးငှါ သာလျှင် ဖြစ်ပေသည်။

[၂၃၂] ၂၂၄။ ဤဆိုခဲ့သည့်အတိုင်း ရေတွက်ခြင်း(ဂဏနာနည်း)ဖြင့် နှလုံးသွင်းပြီးလျှင် အစဉ်လိုက်ခြင်း (အနုပဋ္ဌနာနည်း)ဖြင့် နှလုံးသွင်းအပ်၏။ အနုပဋ္ဌနာမည်သည်ကား ရေတွက်ခြင်းကို ရုပ်သိမ်း၍ ဝင်လေ ထွက်လေတို့ကို အခြားအပြတ်မရှိပဲ အမှတ်-သတိဖြင့် အစဉ်လိုက်ခြင်းပေတည်း။ ၎င်းသည်လည်း အစ အလယ် အဆုံးတို့ကို အစဉ်လိုက်သည်၏ အစွမ်းအားဖြင့် (အစဉ်လိုက်ခြင်းကား)မဟုတ်ပေ။ ခဲ့၍ပြအံ့—အပြင်သို့

http://www.dhammadownload.com

ထွက်သောလေ၏ အစကား ချက်ပေတည်း၊ အလယ်ကား ရင်ချိုင့်အရပ် ပေတည်း၊ အဆုံးကား နှာသီးဖျားပေတည်း။ အတွင်းသို့ဝင်သော လေ၏ အစကား နှာသီးဖျားပေတည်း၊ အလယ်ကား ရင်ချိုင့်အရပ်ပေတည်း၊ အဆုံးကား ချက်ပေတည်း။ ထို အစ အလယ် အဆုံးကို အစဉ်လိုက်သော ထိုယောဂီ၏ စိတ်သည် ပျံ့လွင့်ခြင်းသို့ ရောက်လျက် ပူပန်ပင်ပန်းမှုနှင့်တကွ ဖြစ်ရန်လည်း ဖြစ်၏ ကမ္မဋ္ဌာန်းနှလုံးသွင်းမှု လှုပ်ရှားရန်လည်း (ဖြစ်၏)။ ဤ အဆိုနှင့်အညီ ဟောထားသော ဒေသနာကား—

> "အဿာသ (ဝင်လေ)၏ အစ အလယ် အဆုံးကို သတိဖြင့် အစဉ်လိုက်သော ပုဂ္ဂိုလ်အား အတွင်း၌ ပျံ့လွင့်ခြင်းသို့ ရောက်သော စိတ်ဖြင့် ကိုယ်သည်၎င်း၊ စိတ်သည်၎င်း ပူပန်ပင်ပန်းမှုနှင့်တကွ ဖြစ်ကုန်၏ တုန်လည်းတုန်ကုန်၏ လှုပ်လည်းလှုပ်ကုန်၏။ပဿာသ (ထွက်လေ)၏ အစ အလယ် အဆုံးကို သတိဖြင့် အစဉ်လိုက်သော ပုဂ္ဂိုလ်အား အပြင်ပ၌ ပျံ့လွင့်ခြင်းသို့ ရောက်သောစိတ်ဖြင့် ကိုယ်သည်၎င်း၊ စိတ်သည်၎င်း ပူပန်ပင်ပန်းမှုနှင့်တကွ ဖြစ်ကုန်၏ တုန်လည်း တုန်ကုန်၏ လှုပ်လည်းလှုပ်ကုန်၏"ဟူသော ပဋိသမ္ဘိဒါ မဂ်ပေတည်း[၁]။

မှတ်ချက်

၁–ဤပဋိသမ္ဘိဒါ မဂ်ပါဠိ၌ အဿာသ၏ အစ အလယ် အဆုံးကို အစဉ်လိုက်၍ ရှုလျှင် အတွင်း၌ ပျံ့လွင့်ခြင်းသို့ ရောက်သည်ဟူ၍၎င်း။ ပဿာသ၏ အစ အလယ် အဆုံးကို အစဉ်လိုက်၍ ရှုလျှင် အပြင်ပ၌ ပျံ့လွင့်ခြင်းသို့ ရောက်သည်ဟူ၍၎င်း ပြဆိုထားသောကြောင့် အဿာသကို ဝင်သက်-ဝင်လေ ဟူ၍၎င်း၊ ပဿာသကို ထွက်သက်-ထွက်လေ ဟူ၍၎င်း ဆိုလိုကြောင်း ထင်ရှားလှပေ၏။ထို့ကြောင့် ဤပါဠိနှင့်တလျောက်လုံးညီစေရန် အဿာသကို ဝင်လေဟူ၍၎င်း၊ ပဿာသကို ထွက်လေဟူ၍၎င်း အစမှပင်စ၍ ပြန်ခဲ့ပေသည်။

http://www.dhammadownload.com

ထို့ကြောင့် အနုဗန္ဓနာနည်းဖြင့် နှလုံးသွင်း ရှုမှတ်သော ယောဂီသည် (ဝင်လေ ထွက်လေတို့၏) အစ အလယ် အဆုံးတို့၏ အစွမ်းအားဖြင့် (အစဉ်လိုက်၍) နှလုံးမသွင်းအပ်ပေ၊ စင်စစ်သော်ကား ထိရှု (ဖုသနာ)၏ အစွမ်းအားဖြင့်၎င်း၊ စိတ်ကိုထားခြင်း (ဌပနာ)၏အစွမ်းအားဖြင့်၎င်း နှလုံးသွင်းအပ်-ရှုအပ်ပေသည်။ မှန်ပေ၏-ဂဏနာနည်း, အနုဗန္ဓနာနည်းတို့၏ အစွမ်းအားဖြင့် (အသီးအခြား နှလုံးသွင်းခြင်း ရှိသ)ကဲ့သို့ ဖုသနာ, ဌပနာတို့၏ အစွမ်းအားဖြင့် အသီးအခြား နှလုံးသွင်းခြင်းသည် မရှိပေ၊ စင်စစ် အားဖြင့်မူ ထိရှု ထိရှုဌာန၌သာလျှင် ရေတွက်နေလျှင် ဂဏနာဖြင့်၎င်း၊ ဖုသနာဖြင့်၎င်း နှလုံးသွင်းနေသည်ဟု ဆိုအပ်ပေ၏၊ ထိုထိရှုဌာန၌ပင်လျှင် ရေတွက်ခြင်းကို ရပ်သိမ်း၍ ထိုဝင်လေထွက်လေတို့ကို သတိဖြင့် အစဉ်လိုက်နေလျှင်၎င်း၊ အပ္ပနာ၏ အစွမ်းအားဖြင့် စိတ်ကိုထားလျှင်၎င်း[၁] အနုဗန္ဓနာဖြင့်၎င်း ဖုသနာဖြင့်၎င်း ဌပနာဖြင့်၎င်း နှလုံးသွင်းနေသည်[၂]ဟု ဆိုအပ်ပေ၏။ ထိုဆိုခဲ့သော ဤအနက်ကို အဋ္ဌကထာတို့၌ ပြဆိုထားသော သူဆို့ဥပမာ တံခါးစောင့်ဥပမာတို့ဖြင့်၎င်း၊ ပဋိသမ္ဘိဒါမဂ်၌ ပြဆိုထားသော လှည်းဥပမာဖြင့်၎င်း သိအပ်၏။

မှတ်ချက်

၁–အပ္ပနာ၏ အစွမ်းအားဖြင့် စိတ်ကိုထားလျှင် ဟူသည်ကား အကြင် အခြင်းအရာဖြင့်သာလျှင် အပ္ပနာသည်ဖြစ်၏။ ဤသို့ အပ္ပနာကို ဖြစ်စေနိုင်သော အခြင်းအရာဖြင့် ထင်မြဲတိုင်းသော နိမိတ်၌ စိတ်ကို ကောင်းစွာထားလျှင် (ဟု ဆိုလို၏)။ (ဋီကာ)

၂–အနုဗန္ဓနာဖြင့်၎င်း ဖုသနာဖြင့်၎င်း (အနုဗန္ဓနာဖြင့်၎င်း) ဌပနာဖြင့်၎င်း နှလုံးသွင်းနေသည်ဟု ဆိုအပ်ပေသည်ဟူ၍ နှစ်မျိုးယှဉ်အပ်၏။ (ဋီကာ) ထိရှုဌာန၌ သတိဖြင့်ကပ်၍ အစဉ်လိုက်နေလျှင် အနုဗန္ဓနာ ဖုသနာဖြင့် နှလုံးသွင်းနေသည် မည်၏။ ပဋိဘာဂနိမိတ်၌ စိတ်ကိုထား၍ အစဉ်လိုက်နေလျှင် အနုဗန္ဓနာ ဌပနာဖြင့် နှလုံးသွင်းနေသည် မည်၏-ဟု ဆိုလို၏။

http://www.dhammadownload.com

၂၂၅။ ထိုတွင် ဤသည်ကား သူဆွံ့ ဥပမာပေတည်း—သူဆွံ့သည် ပုခက်ဖြင့် ကစားနေကြသော သားအမိတို့၏ ပုခက်ကိုလဲ့လျက် ထိုပုခက်တိုင် အနီး၌ပင် ထိုင်နေလျှင် အစဉ်အတိုင်းလာသော သွားသော ပုခက်ပျဉ် ချပ်၏ နှစ်ဖက်အစွန်းတို့ကိုဂင်း၊ အလယ်ကိုဂင်း. မြင်၏၊ နှစ်ဖက်အစွန်းနှင့် အလယ်တို့ကို မြင်အောင် ကြောင့်ကြမစိုက်ရသကဲ့သို့ ထို့အတူပင် ဤယောဂီရဟန်းသည် သတိ၏အစွမ်းဖြင့် ချည်တိုင်၏အနီး၌ (၀၊-၀င်လေထွက်လေ၏ ထိခိုက်ရာ နှာသီးဖျား အထက်နှုတ်ခမ်း၌)[၁] တည်၍ ဝင်လေထွက်လေဟူသော ပုခက်ကို ပစ်လဲ့လျက် ထိုနှာသီးဖျားနှင့် အထက်နှုတ်ခမ်းဟူသော နိမိတ်၌ပင်လျှင် သတိဖြင့် ထိုင်နေလတ်သော် အစဉ်အတိုင်း လာကုန် သွားကုန်သော ဝင်လေထွက်လေတို့၏ ထိရာအရပ်၌ အစ အလယ်အဆုံးကို သတိဖြင့် အစဉ်လိုက်သည်ဖြစ်၍ဂင်း၊ ထိုထိရာအရပ်၌ စိတ်ကိုထားသည်ဖြစ်၍ဂင်း ရှုမြင်ပေ၏၊ ထိုအစ အလယ် အဆုံးတို့ကို ရှုမြင်နိုင်အောင် ကြောင့်ကြမစိုက်ရပေ။ ဤကား သူဆွံ့ဥပမာပေတည်း။

[၂၇၃] ၂၂၆။ ယခု ဆိုမည့်စကားသည်ကား တံခါးစောင့် ဥပမာပေတည်း—တံခါးစောင့်သည် မြို့၏အတွင်း၌ဂင်း၊ အပြင်၌ဂင်း လူတို့ကို "သင်က မည်သူနည်း၊ ဘယ်မှလာခဲ့သနည်း၊ ဘယ်သို့ သွားမည်နည်း၊

မှတ်ချက်

၁–ဝိသုဒ္ဓိမဂ်စာပိုဒ်နံပါတ် ၂၁၇-ဒုတိယပိုဒ်၌ အဿာသ ပဿာသထမ္ဘေ-ဝင်လေထွက်လေဟူသောတိုင်း၌-ဟူသောစကားဖြင့် ဝင်လေထွက်လေကိုပင်ချည်တိုင်ဟုပြဆိုခဲ့၏၊ဤအရာ၌ကားဝင်လေထွက်လေကိုပုခက်ဟုဆိုထားသောကြောင့် ထိုဝင်လေ ထွက်လေကို ပုခက်တိုင်ဟု မဆိုသင့်ပြီ၊ ဝင်လေ ထွက်လေ တို့၏ ထိခိုက်ရာအရပ်ကိုသာလျှင် ပုခက်တိုင်ဟု ဆိုသင့်ပေသည်။ ထို့ကြောင့် ဤအရာ၌ ဥပနိဗန္ဓနာထမ္ဘမူလ အရ သတိဖြင့် စိတ်ကိုဖွဲ့ချည်ရာတိုင်ဟု ဆိုအပ်သော ဝင်လေ ထွက်လေ တို့၏ ထိရာဌာနကို ဖော်၍ ပြန်သည်။ တိုင်ရင်း-တိုင်၏အနီးဟု ဆိုသော်လည်း ထိခိုက်ရာဌာနကိုပင် ဆိုလိုသည်။

http://www.dhammadownload.com

သင်၏ လက်၌ အဘယ်ပစ္စည်းနည်း" ဤသို့ စသည်ဖြင့် မစူးစမ်းပေ။ မှန်ပေ၏-ထိုမြို့တွင်း မြို့ပြင်က လူတို့သည် ထိုတံခါးစောင့်၏ တာဝန်မဟုတ်ပေ၊ စင်စစ်သော်ကား တံခါးပေါက်သို့ ရောက်လာတိုင်း ရောက်လာတိုင်းသော လူကိုသာလျှင် စူးစမ်းသကဲ့သို့ ထို့အတူပင် အတွင်းသို့ဝင်သွားသော လေတို့သည်ငင်း၊ အပြင်သို့ ထွက်သွားသော လေတို့သည်ငင်း ဤယောဂီရဟန်း၏ တာဝန်မဟုတ်ကုန်၊ နှာသီးဝသို့ ရောက်လာတိုင်း ရောက်လာတိုင်းသော ဝင်လေ ထွက်လေတို့သည်သာလျှင် ရှုရန် တာဝန်များ ဖြစ်ကြပေသည်။ ဤသည်ကား တံခါးစောင့် ဥပမာပေတည်း။

၂၂၇။ လွှဥပမာကိုမူ အစမှစ၍ ယခုပြဆိုမည့်အတိုင်း သိအပ်၏။ မှန်ပေ၏–အောက်ပါစကားကို (ပဋိသမ္ဘိဒါမဂ်၌) ဟောထားပေ၏။

"(သတိဖြင့် စိတ်ကိုဖွဲ့ချည်ရာ နှာသီးဖျားနှင့် အထက်နှုတ်ခမ်းဟူသော) နိမိတ်သည်ငင်း[၁]၊ ဝင်လေထွက်လေတို့သည်ငင်း တခုတည်းသော စိတ်၏ အာရုံမဟုတ်ပေ၊ (နိမိတ် ဝင်လေ ထွက်လေဟူသော) သုံးပါးသော တရားတို့ကို မသိသောသူသည် အာနာပါန-ဿတိ သမာဓိဘာဝနာကို မရနိုင်သည် မဟုတ်ပါလော။

နိမိတ်သည်ငင်း၊ ဝင်လေ ထွက်လေတို့သည်ငင်း တခုတည်းသော စိတ်၏ အာရုံမဟုတ်ပေ၊ သို့သော်လည်း သုံးပါးသောတရားတို့ကို

မှတ်ချက်

၁–နိမိတ်ဟူသည်ကား ဥပနိဗန္ဓနာ နိမိတ်တည်း။ (ဋီကာ) စိတ်ကို ဖွဲ့ချည်ကြောင်းဖြစ်သောကြောင့် သတိကို ဥပနိဗန္ဓနာဟု ဆို၏၊ ထိုသတိ၏ ရှုရှိုက်လေတို့ကို မှတ်ကြောင်းဖြစ်သောကြောင့် ရှုရှိုက်လေတို့၏ ထိခိုက်ရာ နှာသီးဖျားနှင့် အထက်နှုတ်ခမ်းကို ဥပနိဗန္ဓနာ နိမိတ်ဟု ဆိုကြောင်း ဤ မဟာဋီကာနှင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတို့၌ ဆို၏။ သတိဖြင့် စိတ်ကို ဖွဲ့ချည်ရာ နိမိတ်ဟု ဆိုလျှင် သိလွယ်၏။ ထို့ကြောင့် အထက်ပါအတိုင်း ပြန်သည်။

http://www.dhammadownload.com

သိသည်ဖြစ်၍ အာနာပါနဿတိသမာဓိဘာဝနာကို ရနိုင်ပေ၏—ဤကား အဖြေ။

ဤသုံးပါးသော တရားတို့သည် တခုတည်းသော စိတ်၏အာရုံ မဟုတ်ကြပေ၊ သို့ဖြစ်ပါလျက် အဘယ်သို့လျှင် ဤသုံးပါးသော တရားတို့ကို မသိရသည် မဟုတ်ပဲ သိရပါကုန်သနည်း၊ စိတ်သည်လည်း အဘယ်သို့လျှင် ပို့ချလွှင့်ခြင်းသို့ မရောက်ပါသနည်း၊ အားထုတ်မှု လုံ့လသည်လည်း အဘယ်သို့ ထင်ပါသနည်း၊ ယှဉ်စေခြင်း-ပြုလုပ်ခြင်းကိစ္စကိုလည်း အဘယ်သို့ ပြီးစေပါသနည်း၊ အထူးဝိသေသကိုလည်း အဘယ်သို့ ရပါသနည်း။ ဥပမာ အားဖြင့်ပြရလျှင် ညီသောမြေပြင်၌ ချထားသော သစ်တုံးတခုရှိရာ၏၊ ထိုသစ်တုံးကို ယောကျ်ားသည် လှဖြင့်ဖြတ်ရာ၏၊ (ထိုသို့ဖြတ်လျှင်) သစ်တုံး၌ တိုက်ထိသော လှသွားတို့၏အစွမ်းအားဖြင့် ထိုယောကျ်ား၏ သတိသည် ထင်၏၊ လာကုန် သွားကုန်သော လှသွားတို့ကိုလည်း နှလုံးမသွင်း၊ လာကုန် သွားကုန်သော လှသွားတို့ကို မသိရသည်လည်းမဟုတ်၊ လှတိုက်မှုလုံ့လလည်း ထင်၏၊ သစ်တုံးကိုဖြတ်မှု-ပယောဂကိုလည်း ပြီးစေ၏၊ နှစ်ပိုင်းသုံးပိုင်း စသည်ပြတ်ခြင်းဟူသော အထူးဝိသေသကိုလည်း ရပေ၏။

ညီသောမြေပြင်၌ ချထားသော သစ်တုံးကဲ့သို့ ဤအတူပင် သတိဖြင့် ဖွဲ့ချည်ရာနိမိတ်ကို မှတ်အပ်၏၊ လှသွားကိုကဲ့သို့ ဤအတူပင် ဝင်လေထွက်လေတို့ကို မှတ်အပ်(ကုန်)၏၊ သစ်တုံး၌တိုက်ထိသော လှသွားတို့၏ အစွမ်းအားဖြင့် ယောကျ်ား၏ သတိထင်သကဲ့သို့ငင်း၊ လာကုန် သွားကုန်သော လှသွားတို့ကို နှလုံးမသွင်းသကဲ့သို့ငင်း၊ လာကုန် သွားကုန်သော လှသွားတို့ကို မသိရသည်မဟုတ် သိရကုန်သကဲ့သို့ငင်း၊ လှတိုက်မှု လုံ့လလည်းထင်လျက် ဖြတ်မှုပယောဂကိုလည်း ပြီးစေလျက် ပြတ်ခြင်း အထူးဝိသေသကို ရသကဲ့သို့ငင်း ဤအတူပင် ရဟန်းသည် နှာသီးဖျားဌ ဖြစ်စေ, မုခနိမိတ်ခေါ်သော အထက်နှုတ်ခမ်းဌဖြစ်စေ သတိကို ထင်စေ-

http://www.dhammadownload.com

ဖြစ်စေလျက် ထိုင်နေ၏၊ လာကုန် သွားကုန်သော ဝင်လေ ထွက်လေတို့ကို နှလုံးမသွင်း၊ သို့သော်လည်း လာကုန် သွားကုန်သော ဝင်လေ ထွက်လေတို့ကို [၂၇၄] မသိရကုန်သည်လည်းမဟုတ် သိရကုန်၏၊ အားထုတ်မှုလုံ့လလည်းထင်၏၊ ယှဉ်စေခြင်း ကိစ္စကိုလည်း ပြီးစေ၏၊ အထူးဝိသေသကိုလည်း ရပေ၏။

အားထုတ်မှုလုံ့လဟူသည် အဘယ်နည်း? အားထုတ်သော လုံ့လရှိသော ယောဂီ၏ကိုယ်နှင့်စိတ်သည် ဘာဝနာကိုပွါးစေရန် ခံ့ကျန်းသန်စွမ်းပေ၏၊ ဤခံ့ကျန်းသန်စွမ်းကြောင်းဖြစ်သော လုံ့လသည် အားထုတ်မှု (ပဓာန)ပေတည်း။

ယှဉ်စေခြင်းကိစ္စ(ပယောဂ)ဟူသည် အဘယ်နည်း? အားထုတ်သော လုံ့လရှိသော ယောဂီ၏(သန္တာန်၌) စိတ်၏ညစ်ညူးကြောင်း နိဝရဏတို့ကို ပယ်အပ်ကုန်၏(ဝါ-နိဝရဏတို့သည် ကင်းကွာကုန်၏)၊ မိစ္ဆာဝိတက်တို့သည် ငြိမ်းကုန်၏၊ ဤနိဝရဏ မိစ္ဆာဝိတက်တို့ ကင်းငြိမ်းကြောင်းဖြစ်သော ရှုမှတ်အားထုတ်ခြင်းသည် ယှဉ်စေခြင်းကိစ္စ(ပယောဂ)ပေတည်း။

အထူးဝိသေသဟူသည် အဘယ်နည်း? အားထုတ်သောလုံ့လရှိသော ယောဂီ၏(သန္တာန်၌) သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏(ဝါ-သံယောဇဉ်တို့သည် ကင်းကုန်၏)၊ ဖြစ်နိုင်ခွင့်ရှိသော အနုသယကိလေသာတို့သည် (အရိယာမဂ်ဖြင့် မဖြစ်နိုင်သည့်အခြေအနေသို့ ရောက်လျက်)အစွန်းအစမျှ မကျန်မကြွင်း ကင်းကုန်၏၊ ဤသံယောဇဉ် ကိလေသာတို့၏ ကင်းခြင်းသည် အထူးဝိသေသပေတည်း။

ဤဆိုခဲ့သည့်အတိုင်း ဤသုံးပါးသောတရားတို့သည် တခုတည်းသော စိတ်၏ အာရုံမဟုတ်ကြသော်လည်း ဤသုံးပါးသောတရားတို့ကို မသိရသည်မဟုတ် သိရပေကုန်၏၊ စိတ်သည်လည်း ပျံ့လွင့်ခြင်းသို့ မရောက်ပေ၊

http://www.dhammadownload.com

အားထုတ်မှုလုံ့လသည်လည်း ထင်ပေ၏၊ ယှဉ်စေခြင်းကိစ္စကိုလည်း ပြီးစေနိုင်ပေ၏၊ အထူးဝိသေသကိုလည်း ရပေ၏။

> "အချင်းခပ်သိမ်းပြည့်စုံသော အာနာပါနဿတိကို မြတ်စွာဘုရားဟောထားသည့်အတိုင်း အကြင် ရဟန်းသည် အစဉ်အတိုင်း လေ့လာလျက် ကောင်းစွာပွါးစေ(အပ်)၏၊ ထိုရဟန်းသည် တိမ်တိုက်မှလွတ်သော လကဲ့သို့ (မိမိခန္ဓာအစရှိသော)ဤလောကကို ထွန်းလင်းစေနိုင်၏" ဤကား ပဋိသမ္ဘိဒါမဂ်ပေတည်း။

ဤသည်ကား လှည့်ပတ်မှာပေတည်း၊ ဤလှည့်ပတ်မှာ၌ကား ထိုယောဂီရဟန်း၏ လာသောလေ သွားသောလေတို့ကို နှလုံးမသွင်း(ပဲ ထိရာ၌သာ နှလုံးသွင်း)ခြင်းမျှသည်သာလျှင် အကျိုးပေတည်းဟူ၍ သိအပ်၏။

၂၂၈။ ဤအာနာပါနကမ္မဋ္ဌာန်းကို နှလုံးသွင်းသော အချို့ပုဂ္ဂိုလ်အားမကြာမီပင် ပဋိဘာဂနိမိတ်သည်လည်း ဖြစ်ပေါ်၏၊ ကြွင်းသော စျာန်အင်္ဂါတို့ဖြင့် တန်းဆာဆင်အပ်သော အပ္ပနာခေါ်သော စိတ်ကိုထားတတ်သော သမာဓိသည်လည်း ပြီးစီးပြည့်စုံ၏။ အချို့ပုဂ္ဂိုလ်မှာမူ ရေတွက်ခြင်း၏ အစွမ်းအားဖြင့် နှလုံးသွင်းသောကာလမှ စ၍ပင် အစဉ်အတိုင်း ရှုန့်ရင်းသော ဝင်လေထွက်လေတို့ ချုပ်သည်၏အစွမ်းအားဖြင့် ကိုယ်၏ ပူပန်ပင်ပန်းခြင်းငြိမ်းလတ်သော် ကိုယ်ရော စိတ်ပါ ပေါ့ပါး၏၊ ကိုယ်သည် ကောင်းကင်သို့ ပုံတက်သော အခြေအနေရောက်သကဲ့သို့ ရှိ၏။ ဥပမာဖြင့် ပြရလျှင်—ကိုယ်၏ ပူပန်ပင်ပန်းခြင်းရှိသူသည် ညောင်စောင်းအင်းပျဉ်ပေါ်၌နေလျှင် ညောင်စောင်းအင်းပျဉ်သည် ညွတ်ကျ၏၊ ကျိတ်ကျိတ်အသံမည်၏၊ အိပ်ရာခင်းသည်တွန့်၏၊ ကိုယ်၏ပူပန်ပင်ပန်းခြင်းကင်းသောသူနေလျှင်ကား ညောင်စောင်းအင်းပျဉ်သည် ညွတ်မကျ အသံမမြည် အိပ်ရာခင်းမတွန့်၊ ညောင်စောင်းအင်းပျဉ်သည် မို့ဂုမ်းတို့ဖြင့် ပြည့်နေသကဲ့သို့

http://www.dhammadownload.com

ဖြစ်၏၊ အဘယ့်ကြောင့်နည်း? ပူပန်ပင်ပန်းခြင်းမရှိသော ကိုယ်သည် ပေါ့ပါးသောကြောင့် ပေတည်း။ ထို့အတူပင် ရေတွက်ခြင်း၏အစွမ်းအားဖြင့် နှလုံးသွင်းသောကာလမှစ၍ အစဉ်အတိုင်းရှုနိုင်းသော ဝင်လေထွက်လေတို့ချုပ်သည်၏ အစွမ်းအားဖြင့် ကိုယ်၏ပူပန်ပင်ပန်းခြင်း ငြိမ်းလတ်သော် ကိုယ်ရောစိတ်ပါ ပေါ့ပါး၏၊ ကိုယ်သည် ကောင်းကင်သို့ ပျံတက်သော အခြေအနေရောက်နေသကဲ့သို့ ရှိပေ၏။

[၂၇၅] ထိုယောဂီမှာ ရှုနိုင်းသော ဝင်လေ ထွက်လေချုပ်သွားလျှင် သိမ်မွေ့သော ဝင်လေ ထွက်လေ နိမိတ်လျှင် အာရုံရှိသော စိတ်သည် ဖြစ်၏[၁]။ ထိုသိမ်မွေ့သော ဝင်လေ ထွက်လေ ချုပ်သွားပြန်လျှင်လည်း အဆင့်ဆင့် ထို့ထက် သာ၍ သာ၍ သိမ်မွေ့သော ဝင်လေ ထွက်လေနိမိတ်လျှင် အာရုံရှိသောစိတ် ဖြစ်သည်သာလျှင်တည်း။ အဘယ်ကဲ့သို့နည်း? ဟူမူ-လူတယောက်သည် ကြီးသောသံချောင်းဖြင့် ကြေးခွက်-ကြေးလင်ပန်းကို တီးခေါက်ရာ၏၊ တီးခေါက်သည်နှင့်တပြိုင်နက် ကြီးစွာသောအသံ ဖြစ်ပေါ်လာရာ၏၊ ထိုလူမှာ ရှုနိုင်းသောအသံလျှင် အာရုံရှိသော စိတ်သည် ဖြစ်ရာ၏၊ ရှုနိုင်းသော အသံချုပ်သွားလျှင် ထို့နောင် သိမ်မွေ့သောအသံ နိမိတ်လျှင်အာရုံရှိသောစိတ်သည် ဖြစ်ရာ၏၊ ထိုသိမ်မွေ့သောအသံချုပ်သွားပြန်လျှင်လည်း အဆင့်ဆင့် ထို့ထက် သာ၍ သာ၍ သိမ်မွေ့သောအသံ နိမိတ်လျှင် အာရုံရှိသောစိတ် ဖြစ်သည်သာလျှင် ဖြစ်သကဲ့သို့ ဤအတူပင် ဖြစ်သည်ဟု သိအပ်၏။ မှန်ပေ၏-ဟောထားသော ဤဆိုလတံ့ စကားလည်း ရှိပေ၏- "ကြေးခွက်ကို တီးခေါက်လိုက်လျှင်" ဤသို့စသည်ကို နှာ ၃၆၂-၌ ထုတ်ပြခဲ့သည့်အတိုင်း ခွဲ၍ သိအပ်၏။

မှတ်ချက်

၁–သိမ်မွေ့သော ဝင်လေ ထွက်လေ နိမိတ်ကို အာရုံပြုလျက် စိတ် ဖြစ်သည်ဟူ၍ပင် ဆိုလို၏။

http://www.dhammadownload.com

၂၂၉။ အခြားကမ္မဋ္ဌာန်းတို့သည် နောက်နောက်ကာလ၌ ထင်ရှားကုန်သကဲ့သို့ ဤကမ္မဋ္ဌာန်းသည် ထို့အတူ မဟုတ်ပေ၊ စင်စစ်သော်ကား ဤကမ္မဋ္ဌာန်းသည် ပွါးစေသောသူအား နောက်နောက်ကာလ၌ သိမ်မွေ့ခြင်းသို့ ရောက်၏၊ ထင်ခြင်းသို့သော်လည်း မရောက်ပဲရှိတတ်၏၊ ၎င်းသည် ဤသို့ မထင်ပဲရှိနေလျှင် ထိုယောဂီရဟန်းသည် နေရာမှထကာ သားရေပိုင်းအခင်းကို ခါ၍ မသွားအပ်သေး။ အသို့ပြုသင့်သနည်း? "ဆရာကို မေးအံ့" ဟူ၍သော်၎င်း၊ "ယခုအခါ ငါ၏ကမ္မဋ္ဌာန်း ပျောက်သွားပြီ" ဟူ၍သော်၎င်း (နှလုံးသွင်း၍) နေရာမှ မထအပ်သေး။ အကြောင်းမူကား—ဤရိယာပုထ်ကိုဖျက်၍ ထသွားသောသူအား ကမ္မဋ္ဌာန်းသည် အသစ် အသစ် သာလျှင်ဖြစ်၏၊ ထို့ကြောင့် ထိုင်မြဲထိုင်လျက်သာလျှင် ပကတိအားဖြင့် တိုက်ထိနေကျအရပ်မှ ဆောင်အပ်၏။

ထိုသို့ဆောင်ရာ၌ ယခုဆိုမည့်စကားသည် ဆောင်ကြောင်းဖြစ်သောနည်းပေတည်း—ထိုယောဂီရဟန်းသည် ကမ္မဋ္ဌာန်း၏ မထင်ခြင်းကို သိပြီးသောအခါ ဤသို့ဆင်ခြင်အပ်၏၊ ဤအသက်ရှူလေတို့မည်သည် အဘယ်အရပ်၌ ရှိကြသနည်း၊ အဘယ်အရပ်၌ မရှိကြသနည်း၊ အဘယ်ပုဂ္ဂိုလ်အား ရှိကြသနည်း၊ အဘယ်ပုဂ္ဂိုလ်အား မရှိကြသနည်းဟု ဆင်ခြင်အပ်၏။ ထိုအခါ ဤသို့ဆင်ခြင်လိုက်လျှင် "ဤအသက်ရှူလေတို့သည် အမိဝမ်းတွင်း ပဋိသန္ဓေနေစဉ်၌ မရှိ၊ ရေထဲ၌ နစ်မြုပ်နေသူတို့အား မရှိ၊ မွေ့မျောနေသူတို့အား မရှိ၊ သူသေတို့အား မရှိ၊ စတုတ္ထဈာန်ဝင်စားနေသူတို့အား မရှိ၊ ရူပဘဝ အရူပဘဝသို့ ရောက်နေသောသူတို့အား မရှိ၊ နိရောဓသမာပတ်ဝင်ရောက်နေသူတို့အား မရှိ" ဟုသိ၏၊ ထိုသို့သိပြီးလျှင်[၁] မိမိကိုယ်တိုင်ပင်

မှတ်ချက်

၁–ဥတ္တ-ပုဒ်ကို ရှင်းလင်းစေရန် "သိ၏၊ ထိုသို့ သိပြီးလျှင်" ဟု ဝါကျခွဲ၍ ပြန်ထားသည်။

http://www.dhammadownload.com

မိမိကိုယ်ကို ဤသို့စောဒနာအပ်၏-"ပညာရှိ၊ သင်သည် အမိဝမ်းဌ်ပဋိသန္ဓေ နေသူမဟုတ်သည် မဟုတ်တုံလော၊ ရေထဲဌ်နစ်မြုပ်နေသူမဟုတ်၊ မွေ့မျော နေသူမဟုတ်၊ သေသူမဟုတ်၊ စတုတ္ထစျာန်ဝင်စားနေသူ မဟုတ်၊ ရူပဘဝ အရူပဘဝရောက်နေသူမဟုတ်၊ နိရောဓသမာပတ် ဝင်ရောက်နေသူ မဟုတ် သည် မဟုတ်တုံလော။ သင်အား အသက်ရှူလေတို့သည် ရှိကြသည်သာ၊ သို့သော် ပညာနှံ့သောကြောင့် သိမ်းဆည်းရှုမှတ်ရန် မစ္ဆမ်းနိုင်ပဲ ရှိခြေ သည်"ဟု စောဒနာအပ်၏။ ထို့နောင် ဤယောဂီရဟန်းသည် ပကတိ အားဖြင့် တိုက်ထိနေကျအရပ်၏ အစ္ဆမ်းအားဖြင့် စိတ်ကိုထားလျက် နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ဤအသက်ရှူလေတို့သည် နှာတံရှည်သော သူအား နှာခေါင်းဖုကို တိုက်ခိုက်ကုန်လျက် ဖြစ်ကုန်၏၊ နှာတံတိုသော သူအား အထက်နှုတ်ခမ်းကို(တိုက်ခိုက်ကုန်လျက် ဖြစ်ကုန်၏)။ ထို့ကြောင့် ဤယောဂီရဟန်းသည် ဤမည်သောအရပ်ကို တိုက်ခိုက်ကုန်၏ဟု နိမိတ်ကို ထားအပ်၏[၁] (၀ါ-နှာသီးဖျား အထက်နှုတ်ခမ်းဟူသော ချည်တိုင်နိမိတ်၌ စိတ်ကိုထားအပ်၏)[၂]။ မှန်ပေ၏-ဤသို့သော ဖြစ်တတ်ပုံအကြောင်းထူး

မှတ်ချက်

၁–နိမိတ္တံ ဌပေတဗ္ဗံ-နိမိတ်ကို ထားအပ်၏-ဟူသည်မှာ သတိ၏ ထိုဌ် အလွယ် တကူဖြစ်ခြင်း အကျိုးငှါ သာ၍ခိုင်မြဲသော မှတ်သားခြင်းကို ဖြစ်စေအပ်၏ (ဟု ဆိုလို၏)၊ မှန်ပေ၏၊ သတိသည် ခိုင်မြဲသော အမှတ်သညာလျှင် နီးသောအကြောင်း ရှိပေ၏။ (ဋ္ဌီကာ) အဖွင့်ခံပါဌ်နှင့် အဖွင့် နီးနှောရန် ခက်၏။ ပြည်မူ နိဿယဌ်ကား နိမိတ္တံ၊ ရှေးဌ် ယူဘူးသော အာကာရနိမိတ်ကို ယူတတ်မှတ်တတ်သော သာ၍ခိုင်မြဲသော အမှတ်သညာကို။ ဌပေတဗ္ဗံ၊ ထားအပ်၏၊ ၀ါ-ဖြစ်စေအပ်၏-ဟု အနက်ပြန်၏။ နိမိတ္တ-ပုဒ်က သာ၍ ခိုင်မြဲ သော အမှတ်သညာ ဟူသော အနက်ကို ဟောသည်ဟု ယူရန် ခက်၏။

၂–ဤဌ် တနည်း အနက်သည် နိမိတ္တံ ဌပေတဗ္ဗံ-အရာဌ် နိမိတ္တေ ဌပေတဗ္ဗံ–ဟူ၍ သော်၎င်း၊ စိတ္တံ ဌပေတဗ္ဗံ-ဟူ၍သော်၎င်း ရှိသင့်သောပါဌ်ကိုရည်၍

http://www.dhammadownload.com

ကိုပင် စွဲ၍ မြတ်စွာဘုရားသည် "ရဟန်းတို့ ငါသည် အာနာပါနုဿတိ ဘာဝနာကို သတိမေ့သူ ဆင်ခြင်ဉာဏ်မရှိသူအား မဟောပေ" ဟူ၍ မိန့်တော်မူပေသည်။

[၂၇၆] ၂၃၀။ ဆက်၍ရှင်းပြဦးအံ့-အမှတ်မရှိ တစုံတခုသော ကမ္မဋ္ဌာန်း သည် (ဝါ-မည်သည့်ကမ္မဋ္ဌာန်းမဆို) သတိရှိသူ ဆင်ခြင်ဉာဏ်ရှိသူအား သာလျှင် ပြည့်စုံပေသည်၊ သို့သော်လည်း ဤအာနာပါနဿတိကမ္မဋ္ဌာန်းမှ အခြားကမ္မဋ္ဌာန်းသည် နှလုံးသွင်းသူအား ထင်ရှားပေ၏၊ ဤအာနာပါ-နဿတိကမ္မဋ္ဌာန်းသည်ကား ဝန်လေး၏ ဝန်လေးသော ဘာဝနာပေတည်း (ဝါ-ပွါးစေရန် ဝန်လေးလှပေ၏) ဘုရား, ပစ္စေကဗုဒ္ဓါ, ဘုရားသားတော် ဖြစ်ကုန်သော ယောကျ်ားမြတ်တို့၏သာလျှင် နှလုံးသွင်းရာဌာန ဖြစ်ပေ၏၊ သေးနုံ့ပ်သိမ်ငယ်သည်လည်း မဟုတ်ပေ၊ သေးနုပ်သိမ်ငယ်သော ပုဂ္ဂိုလ်တို့ မှီဝဲနိုင်ကောင်းသည်လည်း မဟုတ်ပေ။ နှလုံးသွင်းတိုင်း နှလုံးသွင်းတိုင်း သော အခြင်းအရာအားဖြင့် (ဝါ-နှလုံးသွင်းလေ နှလုံးသွင်းလေ) ငြိမ်သက် သိမ်မွေလေလေ ဖြစ်ပေသည်၊ ထို့ကြောင့် ဤအာနာပါနဿတိကမ္မဋ္ဌာန်း၌ အားကောင်းသော သတိနှင့်ပညာကို အလိုရှိအပ်ပေသည်။

ဥပမာတင်၍ပြအံ့ - ပါးလွှာ ချောညက်သော ပုဆိုးကို ချုပ်သော ကာလ၌ အပ်ကိုလည်း သိမ်မွေသည်ကို အလိုရှိအပ်၏၊ အပ်နဖားထွင်းသော စူးကိုလည်း ထိုအပ်ထက်သာ၍ သိမ်မွေသည်ကို အလိုရှိအပ်သကဲ့သို့ ထို့အတူပင်လျှင် ပါးလွှာချောညက်သည့် ပုဆိုးနှင့်တူသော ဤအာနာ

မှတ်ချက်

ပြန်သောအနက်ဖြစ်သည်။ မှတ်ချက် ၁-၌ ထုတ်ပြခဲ့သော ဋီကာတွင်လည်း တတ္ထ- ထို၌-ဟူသောပုဒ်ဖြင့် နိမိတ္တော-ဟု ရှိသောပုဒ်ကို ဖွင့်သည်ဟု ယူသင့်၏။ ထိရတရသဒ္ဒါနနံ - သာ၍ ခိုင်မြဲသော မှတ်သားခြင်းကို ဟူသော အဖွင့်မှာမူ ပါဠိကြွင်းအဖြစ်ဖြင့် ဖြည့်စွက်၍ ပြသောအဖွင့် ဖြစ်သင့်ပေ၏။

http://www.dhammadownload.com

ပါနဿတိကမ္မဋ္ဌာန်းကို ပွါးစေသောကာလ၌ အပ်နှင့်တူသော သတိကို လည်း အားကောင်းသည်ကို အလိုရှိအပ်၏၊ အပ်နဖားထွင်းစူးနှင့်တူသော ထိုသတိနှင့်ယှဉ်သော ပညာကိုလည်း အားကောင်းသည်ကို အလိုရှိအပ်၏။

ထို့ပြင် ထိုသတိပညာတို့နှင့်ပြည့်စုံသော ရဟန်းသည်လည်း ထိုအသက် ရှူလေတို့ကို ပကတိအားဖြင့် ထိုနေကျဖြစ်သော နှာသီးဖျားနှင့် အထက် နှုတ်ခမ်းအရပ်မှ တပါးသောအရပ်၌(၀ါ-ပကတိထိုနေကျအရပ်ကို ကြဉ်၍) မရှာမှီးအပ်ပေ။ ဥပမာဖြင့်ပြရလျှင် လယ်သမားသည် လယ်ထွန်ခြင်းကို ပြုပြီးလျှင် နွားတို့ကို လှတ်လိုက်ကာ စားကျက်ဆီသို့ ရှေးရှုမောင်းလိုက်၍ အရိပ်၌ ထိုင်နေလျက် အပန်းဖြေနေရာ၏၊ ထိုသို့ အပန်းဖြေနေစဉ် သူ၏ ထိုနွားတို့သည် လျင်စွာ တောထဲသို့ ဝင်သွားလေကုန်ရာ၏။ ကျွမ်းကျင် သော လယ်သမားဖြစ်ပါမူ ထိုသူသည် တဖန် ထိုနွားတို့ကို ဖမ်းယူ၍ ထွန်ခြင်းအမှု၌ ယှဉ်စေလိုလျှင် ထိုနွားတို့၏ ခြေရာအစဉ်အတိုင်းလိုက်၍ တောထဲ၌ မလှည့်လည်ပေ၊ စင်စစ်သော်ကား ကြိုးနှင့်နှင်တံကိုယူ၍ ထို နွားတို့၏ သွားရောက်နေကျ ရေဆိပ်သို့သာလျှင် ဖြောင့်ဖြောင့်သွားကာ ထိုင်၍မူလည်း နေ၏ လျောင်း၍မူလည်း နေ၏။ ထိုသို့နေစဉ်မှာ ထိုနွား တို့သည် တနေ့လုံး ကျက်စားပြီးလျှင် သွားရောက်နေကျ ရေဆိပ်သို့ သက်ဆင်းကြ၍ ရေချိုး ရေသောက်ပြီးနောက် ပြန်တက်၍ တည်နေကြ သည်ကို တွေ့မြင်၍ ကြိုးဖြင့် ဖွဲ့ချည်ပြီးလျှင် နှင်တံဖြင့် ထိုးကာ ဆောင်ယူ ခဲ့၍ ထွန်၌ ကပြီးလျှင် တဖန် လယ်ထွန်မှုကို ပြုသကဲ့သို့ ထို့အတူပင် ထို ယောဂီရဟန်းသည် ထိုအသက်ရှူလေတို့ကို ပကတိ ထိနေကျအရပ်မှ တပါး အခြားအရပ်၌ မရှာမှီးအပ်ပေ၊ စင်စစ်သော်ကား သတိတည်း ဟူသော ကြိုးနှင့် ပညာတည်းဟူသော နှင်တံကိုယူ၍ ပကတိအားဖြင့် ထိနေကျဖြစ်သော နှာသီးဖျား, နှုတ်ခမ်းအရပ်၌ စိတ်ကိုထားလျက် နှလုံး သွင်းခြင်းကို ဖြစ်စေအပ်ပေသည်။ အကျိုးကား ဤသို့ နှလုံးသွင်းနေလျှင်

http://www.dhammadownload.com

ထိုရဟန်းအား မကြာမီပင် ထိုအသက်ရှူလေတို့သည် သွားရောက်နေကျ ရေဆိပ်၌ နွားတို့ကဲ့သို့ ထင်ပေါ်ကုန်၏။ ထိုအခါ ထိုရဟန်းသည် သတိတည်းဟူသော ကြိုးဖြင့် ဖွဲ့ချည်၍ ထိုထိရာဌာနဌ်ပင်လျှင် ယှဉ်စေကာ ပညာတည်းဟူသော နှင်တံဖြင့် ထိုးလျက် အဖန်ဖန် ကမ္မဋ္ဌာန်းကို အားထုတ်အပ်ပေသည်။

၂၃၁။ ဤဆိုခဲ့သည့်အတိုင်း အားထုတ်သော ထိုယောဂီအား မကြာမြင့်မီပင်လျှင် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်သည် ထင်၏။ ထိုသို့ ထင်ပေါ်သော ဤဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်သည် အားလုံးသော ပုဂ္ဂိုလ်တို့အား တထပ်တည်း တူသည် မဟုတ်ပေ၊ စင်စစ်သော်ကား အချို့ပုဂ္ဂိုလ်အား ချမ်းသာသောအတွေ့ကို ဖြစ်စေလျက် လဲမို့ကဲ့သို့ငင်း၊ ဝါဂွမ်းကဲ့သို့ငင်း၊ လေအယဉ်ကဲ့သို့ငင်း ထင်၏ဟူ၍ အချို့ဆရာတို့က ဆိုကြသည်။

[၂၇၇] ယခုဆိုမည့်စကားသည်ကား အဋ္ဌကထာတို့၌ ပြထားသော အဆုံးအဖြတ်ပေတည်း။ ဤ အာနာပါနနိမိတ်သည် အချို့ပုဂ္ဂိုလ်အား ကြယ်ရောင်ကဲ့သို့ငင်း၊ ကျောက်နီပုတီးကုံးကဲ့သို့ငင်း၊ ပုလဲပုတီးကုံးကဲ့သို့ငင်း ထင်၏၊ အချို့ပုဂ္ဂိုလ်အား ဝါရိုးကဲ့သို့ငင်း၊ သစ်သားနှစ် တံကျင်ကဲ့သို့ငင်း ကြမ်းသောအတွေ့ရှိလျက် ထင်၏၊ အချို့ပုဂ္ဂိုလ်အား ရှည်သော ဆောက်လုံးကြိုးကဲ့သို့ငင်း (ဝါ-စလွယ်ကြိုးကဲ့သို့ငင်း)၊ ပန်းဆိုင်းကဲ့သို့ငင်း၊ မီးခိုးညွှန့်ကဲ့သို့ငင်း ထင်၏၊ အချို့ပုဂ္ဂိုလ်အား ကျယ်ပြန့်သော ပင့်ကူချည်မျှင်အိမ်

မှတ်ချက်

၁–နိမိတ် ဟူသည်ကား ဥဂ္ဂဟနိမိတ်တည်း၊ တနည်းကား ပဋိဘာဂနိမိတ်တည်း။ မှန်၏- နိမိတ် ၂-ပါးလုံးကိုပင် ဤအရာ၌ တပေါင်းတည်း ဆိုထားပေသည်။ လဲမို့ အစရှိသော ဥပမာသုံးခုအပေါင်းသည် ဥဂ္ဂဟနိမိတ်၌သင့်၏၊ အကြွင်းသည် နိမိတ် ၂-ပါးလုံး၌ သင့်၏။ (ဋီကာ) သို့သော် ရှေးနောက် ဆက်စပ်ကြည့်လျှင် ပဋိဘာဂနိမိတ်သာလျှင် သင့်သကဲ့သို့ ရှိပေ၏။

http://www.dhammadownload.com

ကဲ့သို့ဌင်း, တိမ်လွှာကဲ့သို့ဌင်း, ပဒုမ္မာကြာပွင့်ကဲ့သို့ဌင်း, ရထားဘီးကဲ့သို့ဌင်း, လဝန်းကဲ့သို့ဌင်း, နေဝန်းကဲ့သို့ဌင်း ထင်၏။ ထိုသို့ ထင်သော ဤနိမိတ်သည် အမှတ်သညာချင်းမတူပဲ ကွဲပြားခြင်းကြောင့် ကွဲပြားသော အားဖြင့် ထင်ပေသည်။ ဥပမာပြရလျှင် တခုသောသုတ်ကို ရွတ်ဆိုလျက် ထိုင်နေကုန်သော များစွာသော ရဟန်းတို့တွင် တပါးသော ရဟန်းက "အရှင်တို့အား ဤသုတ်သည် အဘယ်သို့သဘောရှိလျက် ထင်ပါသနည်း" ဟု မေးလတ်သော် တပါးက "ငါ့မှာ တောင်ကျချောင်းကြီးကဲ့သို့ ဖြစ်လျက် ထင်သည်"ဟု ဆို၏။ အခြားရဟန်းတပါးက "ငါ့မှာ ဆက်စပ်သည့် အရိပ်ရှိသော အကိုင်းအခက်တို့နှင့်ပြည့်စုံသော အသီးဝန်ဖြင့် ညွတ်ကျလျက်ရှိသော သစ်ပင်တပင်ကဲ့သို့ ဖြစ်လျက် ထင်သည်"ဟု ဆို၏။ ထိုတသုတ်တည်းသည်ပင်လျှင် ထိုရဟန်းတို့အား အမှတ်သညာချင်းမတူပဲ ကွဲပြားခြင်းကြောင့် ကွဲပြားလျက် ထင်သကဲ့သို့ ထို့အတူ ဤကမ္မဋ္ဌာန်းသည်လည်း တခုတည်းဖြစ်ပါလျက် အမှတ်သညာချင်းမတူပဲ ကွဲပြားခြင်းကြောင့် ကွဲပြားသောအားဖြင့် ထင်ပေသည်၊ မှန်ပေ၏- ဤကမ္မဋ္ဌာန်း အာရုံနိမိတ်သည် မှန်းဆ၍ရှုသော ဘာဝနာသညာကြောင့် ဖြစ်ပေသည်၊ ဘာဝနာသညာလျှင် အကြောင်းရှိပေသည်၊ ဘာဝနာသညာလျှင် အမှန် အစရှိပေသည်။ ထို့ကြောင့် အမှတ်သညာချင်းမတူပဲ ကွဲပြားခြင်းကြောင့် ကွဲပြားသောအားဖြင့် ထင်သည်ဟူ၍ သိအပ်ပေသည်။

(ဝင်လေ ထွက်လေ နိမိတ်ဟူသော)ဤသုံးပါးတို့တွင်လည်း ဝင်လေကို အာရုံပြုသော စိတ်က တခြား၊ ထွက်လေကို အာရုံပြုသော စိတ်က တခြား၊ နိမိတ်ကိုအာရုံပြုသော စိတ်က တခြားသာ ဖြစ်သည်၊ သို့ရာတွင် အကြင် ပုဂ္ဂိုလ်မှာ ဤသုံးပါးသော တရားတို့သည် (ကမ္မဋ္ဌာန်းအာရုံအဖြစ်ဖြင့်) မရှိကုန်ငြားအံ့၊ ထိုပုဂ္ဂိုလ်၏ ကမ္မဋ္ဌာန်းသည် အပွနာသို့ မရောက်နိုင်သည်သာ၊ ဥပစာသို့လည်း မရောက်နိုင်သည်သာ။ အကြင်ပုဂ္ဂိုလ်မှာမူ ဤသုံးပါး

http://www.dhammadownload.com

သော တရားတို့သည် ရှိကုန်၏၊ ထိုပုဂ္ဂိုလ်၏ ကမ္မဋ္ဌာန်းသည်သာလျှင် ဥပစာသို့ရင်း၊ အပ္ပနာသို့ရင်း ရောက်နိုင်ပေသည်။ မှန်ပေ၏-အောက်ပါ စကားကို ဟောတော်မူပေသည်။

"နိမိတ်သည်ရင်း ၁၊ ဝင်လေ ထွက်လေတို့သည်ရင်း တခုတည်းသော စိတ်၏ အာရုံမဟုတ်ပေ၊ သုံးပါးသော တရားတို့ကို မသိသော သူသည် အာနာပါနဿတိသမာဓိဘာဝနာကို မရနိုင်သည် မဟုတ်ပါလော။

နိမိတ်သည်ရင်း၊ ဝင်လေ ထွက်လေတို့သည်ရင်း တခုတည်းသော စိတ်၏ အာရုံမဟုတ်ပေ၊ သို့သော်လည်း သုံးပါးသောတရားတို့ကို သိသည်ဖြစ်၍ အာနာပါနဿတိသမာဓိဘာဝနာကို ရနိုင်ပေ၏" ဤသို့ ဟောတော်မူပေသည်။

၂၃၂။ ဆက်၍ပြဦးအံ့ - ဤဆိုခဲ့သည့်အတိုင်း နိမိတ် ထင်လတ်သော် ထိုရဟန်းသည် ဆရာ့ထံသို့သွား၍ "အရှင်ဘုရား တပည့်တော်မှာ ဤသို့ သဘောရှိသော အာရုံထင်နေပါသည်"ဟု ပြောကြားအပ်၏။ ဆရာသည်ကား "ထိုအာရုံသည် နိမိတ်ဖြစ်သည်"ဟူ၍ဖြင့်၊ "နိမိတ် မဟုတ်"ဟူ၍ဖြင့် မဆိုအပ်၊ "ဤသို့ ဖြစ်တတ်ပါသည် ငါ့ရှင်"ဟု ပြောပြီးလျှင် အဖန်တလဲလဲ

မှတ်ချက်

၁–ဤဂါထာကို စာပို့ဒ်နံပါတ် ၂၂၇-၌လည်း ပြခဲ့၏။ ထိုအရာ၌ နိမိတ်ဟူသည်မှာ ဥပနိဗန္ဓနာနိမိတ်ဖြစ်ကြောင်း၊အာရုံ၌ စိတ်ကို ဖွဲ့ချည်ကြောင်းဖြစ်သောကြောင့် သတိသည် ဥပနိဗန္ဓနာမည်ကြောင်း၊ ထိုသတိ၏ ဝင်လေ ထွက်လေတို့ကို မှတ်ကြောင်း ဖြစ်သောကြောင့် နာသီးဖျားနှင့် အထက်နှုတ်ခမ်းသည် ဥပနိဗန္ဓနာ နိမိတ်မည်ကြောင်း ဋီကာ၌ ဖွင့်ပြခဲ့၏။ ၎င်းကို မှတ်လွယ်စေရန် "သတိဖြင့် စိတ်ကို ဖွဲ့ချည်ရာ"ဟူ၍ ငါတို့က ပြန်ဆိုခဲ့၏။ သို့သော် ဤအရာ၌ကား ရှေးစာပို့ဒ်များနှင့် နောက်စာပို့ဒ်တို့၌ ပဋိဘာဂ နိမိတ် ထင်ပုံကို ပြထားသောကြောင့် ထိုပဋိဘာဂနိမိတ်ကို ရည်ရွယ်သကဲ့သို့ရှိ၏။

http://www.dhammadownload.com

နှလုံးသွင်းပါလေ"ဟု ပြောကြားအပ်၏။ အပြစ်ကား - နိမိတ်ဖြစ်သည်ဟု ပြောလျှင် အဆုံးသတ်ခြင်း ရပ်နားခြင်းသို့ ရောက်လေရာ၏၊ နိမိတ်မဟုတ်ဟု ပြောလျှင် မြှောလင့်မှုကင်းသည်ဖြစ်၍ စိတ်ပင်ပန်းခြင်း ဆုတ်နစ်ခြင်းသို့ ရောက်လေရာ၏။ ထို့ကြောင့် ထိုနှစ်မျိုးလုံးကို မပြောမူ၍ နှလုံးသွင်းခြင်းဌာနသာလျှင် တိုက်တွန်းအပ်ပေသည် - ဟူ၍ ဒီဃနိကာယ်ဆောင် ဆရာတို့က ဤသို့ ဆိုကြလေသည်။

မဇ္ဈိမနိကာယ်ဆောင် ဆရာတို့ကမူ "ငါ့ရှင် သင်ပြောသော ဤအာရုံသည် နိမိတ်ပင်တည်း၊ ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ နှလုံးသွင်းပါလေသူတော်ကောင်းဟု ပြောရမည်"ဟူ၍ မိန့်ဆိုကြလေသည်။ ထိုအခါ ဤယောဂီရဟန်းသည် ပဋိဘာဂနိမိတ်ဌာနသာလျှင် စိတ်ကို [၂၇၈] ထားအပ်၏။ ယခု ပြဆိုခဲ့သည့်အတိုင်း ဤနိမိတ်ထင်သည်မှစ၍ ထိုရဟန်း၏ ဤဘာဝနာသည် ဌပနာ၏အစွမ်းအားဖြင့် ဖြစ်ပေသည်။ မှန်ပေ၏- ရှေးဆရာတို့သည် အောက်ပါဂါထာကို မိန့်ဆိုထားပေ၏။

> "ပညာရှိ ယောဂီသည် ဝင်လေ ထွက်လေ၌(အရှည်အတိုဟူသော) အထူးထူးသော အခြင်းအရာကို ရှေးအဖို့၌ ထင်ရှားပေါ်စေလျက် (ဝါ-နောက်အဖို့၌ ကွယ်ပျောက်စေလျက်) [၁] ပဋိဘာဂနိမိတ်၌ စိတ်ကို ထားလျက် မိမိ၏ စိတ်ကို ဖွဲ့ချည်၏"ဟု မိန့်ဆိုထားပေ၏။

မှတ်ချက်

၁ –ဤ၌ ဒုတိယအနက်သည် ဋီကာဆရာ၏ ပဌမဖွင့်ပြသောအနက် ဖြစ်သည်။ ပဋိဘာဂနိမိတ်ထင်သည်မှစ၍ ထိုပဋိဘာဂ နိမိတ်ကိုသာ အာရုံပြုနေသဖြင့် ဝင်လေရှည်တို့ ထွက်လေရှည်တို့ အခြင်းအရာတို့သည် ကွယ်ပျောက် သွားကြသည်၊ ထိုသို့ ကွယ်ပျောက်သွားစေသည်ကိုပင် ဝိဘာဝေန္တော အန္တရဓာပေန္တော· ကွယ်ပျောက်စေသည်ဟု ဖွင့်ပြလေသည်။ ပဌမ အနက်သည်ကား ဋီကာ၌ အခြားဆရာတို့၏ အလိုအရ ပြသော အနက် ဖြစ်သည်။

http://www.dhammadownload.com

ထိုယောဂီအား ဤဆိုခဲ့သည့်အတိုင်း ပဋိဘာဂနိမိတ်ထင်သည်မှစ၍ နီဝရဏတို့ကို ပယ်ခွါအပ်ကုန်ပြီးသာလျှင် ဖြစ်ကုန်၏၊ ကိလေသာတို့သည် ငြိမ်ဝပ်လျက်သာလျှင် ရှိကုန်၏၊ သတိသည် ထင်လျက်ပင်ရှိ၏၊ စိတ်သည် ဥပစာရသမာဓိဖြင့် ကောင်းစွာထားအပ်သည်ဖြစ်၍ တည်ကြည်သည်သာ တည်း။ ထိုအခါ ဤယောဂီသည် ထိုပဋိဘာဂနိမိတ်ကို အဆင်းအားဖြင့် နှလုံးမသွင်းအပ်၊ တောင့်ခြင်း လှုပ်ခြင်း စသော သဘာဝလက္ခဏာ, မမြဲခြင်းစသော သာမညလက္ခဏာအားဖြင့် မဆင်ခြင်အပ်။ စင်စစ်သော် ကား မင်းမျိုးဖြစ်သော မိဖုရားကြီးသည် စကြဝတေးမင်းလောင်း ကိုယ်ဝန်ကို စောင့်ရှောက်သကဲ့သို့ငင်း၊ လယ်ယာသမားသည် သလေးဂျုံ တို့၏ အဖုံးအလုံးကို စောင့်ရှောက်သကဲ့သို့ငင်း ကျောင်းအစရှိကုန်သော အသပ္ပါယခုနစ်ပါးတို့ကိုကြဉ်၍ သပ္ပါယခုနစ်ပါးတို့ကို မှီဝဲလျက် ကောင်းစွာ စောင့်ရှောက်အပ်ပေသည်။ ထိုအခါ ယင်းနိမိတ်ကို ဤဆိုခဲ့သည့်အတိုင်း စောင့်ရှောက်လျက် အဖန်ဖန် နှလုံးသွင်းသည်၏ အစွမ်းအားဖြင့် ကြီးပွါး စည်ပင်ခြင်းသို့ ရောက်စေ၍ (ဝါ-ရောက်စေလိုသဖြင့်) ဆယ်ပါးအပြား ရှိသော အပ္ပနာကောသလ္လကို ပြည့်စုံစေအပ်၏၊ ဝီရိယ၏ သမာဓိနှင့်ညီမျှ ခြင်းကို ယှဉ်စေအပ်၏။ ဤဆိုခဲ့သည့်အတိုင်း ကြိုးစားအားထုတ်နေသော ထိုယောဂီအား ပထဝီကသိုဏ်းအရာ၌ ဆိုခဲ့သော အစဉ်ဖြင့်ပင်လျှင် ထို ပဋိဘာဂနိမိတ်၌ လေးပါး ငါးပါးသော စျာန်တို့သည် ဖြစ်ပေါ်ကုန်၏။

ဝိပဿနာရှုပုံ

၂၃၃။ ဝိပဿနာရှုပုံကိုပြအံ့--ယခုပြဆိုခဲ့သည့် အတိုင်း ဤအာနာပါန ကမ္မဋ္ဌာန်း၌[၁] စျာန်လေးပါး ငါးပါးကိုရပြီးသော ရဟန်းသည် သလ္လက္ခဏာ

မှတ်ချက်

၁– ဧတ္ထ-ပုဒ်၏အနက်ဖြစ်သည်။ဋီကာ၌ကား ဤကာယာနုပဿနာ၌-ဟု ဖွင့်ပြ၏။ ရှေ့အနီး၌ကာယာနုပဿနာဟူသောစကားမရှိသောကြောင့်စဉ်းစားသင့်၏။

http://www.dhammadownload.com

ဝိဝဋ်ဆန္နာတို့၏ အစွမ်းအားဖြင့် ကမ္မဋ္ဌာန်းကို ပွါးစေ၍ ပါရိသုဒ္ဓိမည်သော ဖိုလ်သို့ ရောက်လိုလျှင် ထိုရပြီးစျာန်ကိုပင်လျှင် ငါးပါးသော အခြင်းအရာတို့ဖြင့် နိုင်နင်းအောင် လေ့လာပြီးလျှင် နာမ်ရုပ်ကို ပိုင်းခြား၍ ဝိပဿနာကို ဖြစ်စေရာ၏။အဘယ်သို့နည်း?ဟူမူ-ထိုရဟန်းသည် (စျာန်ကိုဝင်စားပြီးလျှင် ထို)စျာန်သမာပတ်မှထ၍ ရုပ်ကိုယ်သည်၎င်း စိတ်သည်၎င်း အသက်ရှူလေတို့၏ ဖြစ်ကြောင်းဟူ၍ ရှုမြင်၏၊ ဥပမာအားဖြင့် ပန်းပဲတို့၏ ဖားဖို (မီးမှုတ်သော သားရေအိတ်)သည် (လေကို)မှုတ်လတ်သော် ဖားဖို သားရေအိတ်ကိုဂြင်း၊ ပန်းပဲသွား၏ ထိုအမှုနှင့် လျော်သော လုံ့လကိုဂြင်း စွဲမှီ၍ လေသည် ဝင်ချည်ထွက်ချည် မပြတ်သွားနေသကဲ့သို့ ထို့အတူပင် ရုပ်ကိုယ်ကိုဂြင်း စိတ်ကိုဂြင်း စွဲမှီ၍ အသက်ရှူလေတို့သည် မပြတ်သွားနေကုန်၏-ဟု မြင်၏။ ထို့နောင် ဝင်လေထွက်လေတို့ကိုဂြင်း ရုပ်ကိုယ်ကိုဂြင်း ရုပ်ဟူ၍ဂြင်း၊ စိတ်ကိုဂြင်း ထိုစိတ်နှင့်ယှဉ်ဘက် စေတသိက်တို့ကိုဂြင်း ရုပ်မဟုတ်သည့် နာမ်ဟူ၍ဂြင်း ပိုင်းခြားဆုံးဖြတ်၏။ ဤသည်ကား ဤအရာ၌ အကျဉ်းပေတည်း။ အကျယ်အားဖြင့် နာမ်ရုပ်ကို ပိုင်းခြားဆုံးဖြတ်ပုံသည်ကား နောက်ဒိဋ္ဌိ-ဝိသုဒ္ဓိနိဒ္ဒေသ၌ ထင်စွာ ဖြစ်ပါလိမ့်မည်။

ဤဆိုခဲ့သည့်အတိုင်း နာမ်ရုပ်ကို ပိုင်းခြားပြီးလျှင် ထိုနာမ်ရုပ်၏ အကြောင်းကို ရှာ၏၊ ရှာလတ်သော် ထိုအကြောင်းကိုမြင်၍ သုံးပါးကုန်သော အဓွန့်ကာလတို့၌ နာမ်ရုပ်၏ ဖြစ်ခြင်းကို အကြောင်းပြု၍ ယုံမှားကို လွန်မြောက်၏၊ ယုံမှားကိုလွန်မြောက်ပြီးလတ်သော် အပေါင်းလိုက်သုံးသပ်သော ကလာပသမ္မသန၏အစွမ်းအားဖြင့် လက္ခဏာသုံးပါးကို တင်ပြီးလျှင် ဥဒယဗ္ဗယဉာဏ်၏ ရှေးအဖို့၌ ဖြစ်ပေါ်လာကုန်သော အလင်းရောင် အစရှိကုန်သော ဝိပဿနာ ညစ်ညူးကြောင်း ဥပက္ကိလေသ ဆယ်ပါးတို့ကို [၂၇၉] ပယ်၍ ဥပက္ကိလေသမှ လွတ်သော ရှုမြဲ-သွားမြဲ ပဋိပဒါဉာဏ်ကို လမ်းမှန်ဟု ပိုင်းခြား ဆုံးဖြတ်ပြီးလျှင် ဖြစ်ခြင်းကိုပယ်ကာ ပျက်ခြင်းကို

http://www.dhammadownload.com

သာ ရှုသော ဘင်္ဂဉာဏ်သို့ ရောက်၍အပျက်ကိုရှုခြင်းဖြင့် အပြတ်အခြားမရှိပဲ ပျက်သောအားဖြင့် ထင်ကုန်သော အလုံးစုံသော သန်ဂါရတို့၌ ငြီးငွေ့လျက် တပ်မက်ကင်းလျက် လွတ်မြောက်လျက် အစဉ်အတိုင်း လေးပါးသော အရိယာမဂ်တို့ကို ရောက်ပြီးလျှင် အရဟတ္တဖိုလ်၌တည်၍ တဆယ့်ကိုးပါး အပြားရှိသော ပစ္စဝေက္ခဏာဉာဏ်၏ အဆုံးသို့ ရောက်လျက် နတ်နှင့်တကွသော လောက၏ (အဂ္ဂဒက္ခိဏေယျ) အမြတ်ဆုံး အလှူခံပုဂ္ဂိုလ် ဖြစ်လေတော့သည်။

ဤမျှသော စကားအစဉ်ဖြင့် အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်သော ဤယောဂီရဟန်း၏ ရေတွက်ခြင်း(ဂဏနာနည်း)ကို အစပြု၍ ဝိပဿနာ အဆုံးရှိသော အာနာပါနဿတိသမာဓိဘာဝနာသည် ပြည့်စုံပြီးဆုံးပေပြီ။ ဤသည်ကား ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပဌမစတုက္ကဓ်၏ အဖွင့်ပေတည်း။

ဒုတိယစတုက္ကဓသည်၏ အဖွင့်

၂၃၄။ ဤမှတပါး အခြားစတုက္ကသုံးခုတို့၌ အသီးအခြားကမ္မဋ္ဌာန်းကို ပွါးစေပုံ ဘာဝနာနည်း မည်သည် မရှိခေျ၊ ထို့ကြောင့် ပုဒ်စဉ်အတိုင်း ဖွင့်သော နည်းဖြင့်ပင်လျှင် ထိုသုံးပါးသော စတုက္ကတို့၏ အနက်ကို ဤဆိုလတံ့အတိုင်း သိအပ်ပေ၏။

ပီတိပဋိသံဝေဒီ (ပီတိကိုသိလျက်) ဟူသည်ကား ပီတိကို သိအောင် ပြုလျက် ထင်ရှားအောင် ပြုလျက် ရှုသွင်းအံ့ ရှုထုတ်အံ့ဟု လေ့ကျင့်၏။ ထိုပုဒ်၌ ပီတိကို သိခြင်းသည် အာရုံအားဖြင့်ငင်း၊ မတွေဝေသော အားဖြင့်ငင်း နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဖြစ်ပေသည်။

ပီတိကို အာရုံအားဖြင့် အဘယ်သို့ သိသနည်း? ပီတိရှိသော (ပဌမဒုတိယ)ဈာန် နှစ်ပါးတို့ကို ဝင်စား၏၊ ထိုပုဂ္ဂိုလ်မှာ ဈာန်ဝင်စားခိုက်၌ ဈာန်ကို ရခြင်း-ရောက်ခြင်းကြောင့် (ပဋိဘာဂနိမိတ်)အာရုံအလိုအားဖြင့်

http://www.dhammadownload.com

(၀၂-အာရုံသိခြင်းကို အကြောင်းပြုသဖြင့်) ပီတိကို သိပေ၏၊ (အဘယ့်ကြောင့်နည်း?) ပဋိဘာဂနိမိတ်အာရုံကို (ပီတိရှိသော ဈာန်ဖြင့်) သိခြင်းကြောင့်ပေတည်း[1]။ မတွေ့ဝေသောအားဖြင့် အဘယ်သို့ သိသနည်း? ပီတိရှိသော ဈာန် ၂-ပါးတို့ကို ဝင်စားပြီးလျှင် ထ၍ ဈာန်နှင့်ယှဉ်သော ပီတိကို ကုန်သွားသည်ဟု ပျက်သွားသည်ဟု သုံးသပ်၏၊ ထိုပုဂ္ဂိုလ်မှာ ဝိပဿနာရှုခိုက်၌ ပီတိ၏ သဘာဝလက္ခဏာ သာမညလက္ခဏာကို သိခြင်းကြောင့် ပီတိကို မတွေ့ဝေသောအားဖြင့် သိပေ၏။ မှန်ပေ၏-အောက်ပါစကားကို ဟောထားပေ၏။

"ရှည်စွာ(ဟု ဟောထားသော) ဝင်လေ၏ အစွမ်းအားဖြင့် စိတ်၏ တအာရုံတည်းရှိလျက် မပျံ့လွင့်ခြင်းကို သိသောသူအားသတိသည် ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုပီတိကို သိခြင်းဖြစ်ပေ၏။ ရှည်စွာ (ဟု ဟောထားသော) ထွက်လေ၏ အစွမ်းအားဖြင့်....တိုစွာ (ဟု ဟောထားသော)ဝင်လေ၏....ထွက်လေ၏အစွမ်းအားဖြင့်....အလုံးစုံသော အသက်ရှူလေအပေါင်းကို သိလျက်(ဟု ဟောထားသော) ဝင်လေ၏ ....ထွက်လေ၏ အစွမ်းအားဖြင့်.... ကာယသင်္ခါရကိုငြိမ်းစေလျက်(ဟု ဟောထားသော)ဝင်လေ၏.... ထွက်လေ၏ အစွမ်းအားဖြင့် စိတ်၏ တအာရုံတည်းရှိလျက် မပျံ့လွင့်ခြင်းကို သိသောသူအား [၂၈၀] သတိသည် ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုပီတိကို သိခြင်း ဖြစ်ပေ၏။ နှလုံးသွင်းသောသူအား ထိုပီတိကို သိခြင်း ဖြစ်ပေ၏၊ သိသောသူအား မြင်သောသူအား ပြန်လှည့်၍ ဆင်ခြင်သောသူအား စိတ်ကို ဆောက်တည်သော

မှတ်ချက်

၁-အာရုံဝတ္ထု တခုခုကို ဝမ်းမြောက်ဝမ်းသာ ထင်ရှားအာရုံ ပြုမိလျှင် ထို ဝမ်းမြောက်မှုကိုလည်း ထင်ရှားသိသည်သာ ဖြစ်သကဲ့သို့ပင်ဟု ဆိုလို၏။

http://www.dhammadownload.com

သူအား သဒ္ဓါဖြင့် ယုံကြည်ဆုံးဖြတ်သောသူအား ဝီရိယကို အားပေးသောသူအား သတိကို ထင်စေသောသူအား စိတ်ကိုကောင်းစွာထားသောသူအား ပညာဖြင့် သိသောသူအား အဘိညေယျတရားကို ထူးသောဉာဏ်ဖြင့် သိသောသူအား ပရိညေယျတရားကို ပိုင်းခြားရ၍ သိသောသူအား ပဟာတဗ္ဗတရားကို ပယ်သောသူအား ဘာဝေတဗ္ဗတရားကို ပွါးစေသောသူအား သစ္ဆိကာတဗ္ဗတရားကို မျက်မှောက် ပြုသောသူအား ထိုပီတိကို သိခြင်း ဖြစ်ပေ၏။ ဤသို့လျှင် ထိုပီတိကို သိပေသည်"ဟူ၍ ဟောထားပေသည်။

ဤနည်းဖြင့်ပင်လျှင် (သုခပဋိသံဝေဒီ စိတ္တသခ်ါရပဋိသံဝေဒီဟူသော) ကြွင်းသောပုဒ်တို့ကိုလည်း အနက်အားဖြင့် သိအပ်ကုန်၏။ ယခုဆိုမည့် စကားမှာ ထိုပုဒ်တို့၌ အထူးပေတည်း။ ပဌမ ဒုတိယ တတိယ စျာန်သုံးပါးတို့၏ အစွမ်းအားဖြင့် သုခကို သိခြင်းကိုဂင်း၊ စျာန်လေးပါးတို့၏ အစွမ်းအားဖြင့် စိတ္တသခ်ါရကို သိခြင်းကိုဂင်း သိအပ်ပေသည်။ စိတ္တသခ်ါရဟူသည်မှာ ဝေဒနာ သညာဟူသော ခန္ဓာနှစ်ပါးတို့ပင်တည်း။ (သုခပဋိသံဝေဒီ, စိတ္တသခ်ါရပဋိသံဝေဒီဟူသော) ဤနှစ်ပုဒ်တို့တွင် သုခပဋိသံဝေဒီ (သုခကို ခံစားလျက်)ဟူသောပုဒ်၌ ဝိပဿနာ၏ဖြစ်ရာဘုံ (၀၀-ဝိပဿနာရှုအပ်သောတရား)ကို ပြခြင်းငှါ ပဋိသမ္ဘိဒါမဂ်၌ "သုခသည် ကိုယ်ချမ်းသာစိတ်ချမ်းသာဟု နှစ်ပါးရှိသည်"ဟူ၍ ဟောတော်မူ၏[၁]။ ပဿမ္ဘယံ စိတ္တ-

---

မှတ်ချက်

၁-ဝိပဿနာ၏ဖြစ်ရာ ဘုံကို ပြခြင်းငှါ ဟူသည်ကား ပြိုးပြမ်းသော သခ်ါရ (ပကိဏ္ဏကသခ်ါရ)တို့ကို သုံးသပ်ခြင်း၏အစွမ်းအားဖြင့် ဝိပဿနာ၏ ဖြစ်ရာဘုံကို ပြခြင်းငှါ "သုခသည် ကိုယ်ချမ်းသာနှင့် စိတ်ချမ်းသာဟု နှစ်ပါးအပြားရှိသည်"ဟူ၍ ဟောတော်မူပေသည်။ (အဘယ့်ကြောင့် ဆိုသော် သမထစျာန်၌(ကာယိကသုခ)ကိုယ်ချမ်းသာ မရှိသောကြောင့် ပေတည်း။ (ဋီကာ) ဝိပဿနာရှုခြင်းသည် စျာန်မှထ၍ စျာန်တရားတို့ကို ရှုခြင်းက

http://www.dhammadownload.com

သခ်ၤါရံ (စိတ္တသန္ဓါရကို ငြိမ်းစေလျက်) ဟူသည်ကား ရုန့်ရင်းရုန့်ရင်းသော စိတ္တသန္ဓါရကို ငြိမ်းစေလျက်၊ "ချုပ်စေလျက်" ဟု ဆိုလို၏။ ထိုငြိမ်းစေပုံကို အကျယ်အားဖြင့် ကာယသန္ဓါရအရာ၌ ပြဆိုခဲ့သော နည်းဖြင့်ပင်လျှင် သိအပ်ပေသည်။

တနည်းသော်ကား ဤလေးပုဒ်တို့တွင် ပီတိကို သိလျက်ဟူသောပုဒ်၌ ပီတိကို ခေါင်းတပ်၍ ဝေဒနာကို ဟောသည်၊ သုခကိုသိလျက်ဟူသောပုဒ်၌ သရုပ်အားဖြင့်ပင်လျှင် ဝေဒနာကို ဟောသည်၊ စိတ္တသန္ဓါရကို သိလျက်, စိတ္တသန္ဓါရကို ငြိမ်းစေလျက်ဟူသော နှစ်ပုဒ်တို့၌[1] "သညာ ဝေဒနာဟူသော ဤတရားတို့သည် စိတ်၌ ယှဉ်ကုန်လျက် စိတ်နှင့် စပ်ကုန်သည်ဖြစ်၍ စိတ်က

မှတ်ချက်

တမျိုး, စျာန်မှထ၍မြင်မှု ကြားမှုစသည် ပေါ်ရာ ပေါ်ရာ လိုက်၍ ရှုခြင်းက တမျိုး ဤသို့ ၂-မျိုးရှိသည်။ ထိုတွင် မြင်မှုကြားမှုစသည် ပေါ်ရာပေါ်ရာ လိုက်၍ ရှုခြင်းသည် ပကိဏ္ဏကသခ်ါရ–ပြိုးပြမ်းသော သခ်ါရတို့ကို ရှုခြင်းမည်၏။ စျာန်မှထ၍ အလွန်ထင်ရှားသော ကိုယ်အတွေ့ကြောင့် ဖြစ်သည့် ကာယိကသုခ-ကိုယ်ချမ်းသာကို ရှုခြင်းသည် ထိုပကိဏ္ဏကသခ်ါရကို ရှုခြင်း၌ အတွင်းဝင်၏။ ထို့ကြောင့် အာနာပါနစျာန်မှထ၍ ရှုသင့်သော ရှုကောင်းသော ကာယိကသုခ-ကိုယ်ချမ်းသာကို ဝိပဿနာ၏ ဖြစ်ရာဘုံ အာရုံအဖြစ်ဖြင့် ပြခြင်းငှါ ပဋိသမ္ဘိဒါမဂ်၌ ဝေဘန် ဟောပြထားသည်။ စျာန်၌ကား ကာယိကသုခမရှိသောကြောင့် သမထသက်သက်သာပြလိုလျှင် ထိုကာယိကသုခကို ထည့်သွင်း၍ ပြဖွယ်မရှိဟုဆိုလို၏။ ဤဋီကာစကားဆဲ၌ ပကိဏ္ဏကသခ်ါရသုံးသပ်ပုံကို အထူးသတိပြု၍ မှတ်သားထားရာ၏။ သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်တို့မှာ စျာန်မရှိသောကြောင့် ဤပကိဏ္ဏကသခ်ါရ မည်သော မြင်မှုကြားမှုစသည် ပေါ်ရာပေါ်ရာကိုပင် လိုက်၍ ရှုရပေသည်။ ဤအချက်ကိုလည်း အထူးသတိပြု၍ မှတ်သားထားရာ၏။

၁–နှစ်ပုဒ်တို့၌....သညာနှင့်ယှဉ်သော ဝေဒနာကို ဟောသည်-ဟုစပ်ပါ။

http://www.dhammadownload.com

ပြုပြင်အပ်သော စိတ္တသန်ဓါရ မည်ကုန်၏"ဟု ဟောတော်မူသောကြောင့် သညာနှင့်ယှဉ်သော ဝေဒနာကို ဟောသည်။ သို့ဖြစ်၍ ဤဒုတိယစတုက္ကကို ဝေဒနာနုပဿနာ နည်းဖြင့် ဟောထားသည်ဟု သိအပ်ပေသည်။

၂၃၅။ တတိယစတုက္ကဥ်လည်း ၄-ပါးသော စျာန်တို့၏ အစွမ်းအားဖြင့် စိတ်ကို သိခြင်းကို သိအပ်၏။ အဘိပွမောဒယံ စိတ္တံ-(စိတ်ကို ဝမ်းမြောက်စေလျက်)ဟူသည်ကား စိတ်ကိုဝမ်းမြောက်စေလျက် အလွန်ဝမ်းမြောက်စေလျက် ရွှင်စေလျက် အလွန်ရွှင်စေလျက် ရှုသွင်းအံ့ ရှုထုတ်အံ့ဟု လေ့ကျင့်၏ (ဟုဆိုလို၏)။ ထိုအရာ၌ သမာဓိ၏ အစွမ်းအားဖြင့်ငင်း၊ ဝိပဿနာ၏အစွမ်းအားဖြင့်ငင်း နှစ်ပါးသောအခြင်းအရာတို့ဖြင့်ဝမ်းမြောက်စေခြင်းသည်ဖြစ်၏။

သမာဓိ၏ အစွမ်းအားဖြင့် အဘယ်သို့ (ဝမ်းမြောက်စေသ)နည်း ? ပီတိရှိသော စျာန် ၂-ပါးတို့ကို ဝင်စား၏၊ ထိုပုဂ္ဂိုလ်သည် စျာန်ဝင်စားခိုက်၌ ယှဉ်ဘက်ပီတိဖြင့် စိတ်ကို ဝမ်းမြောက်စေ၏ အလွန် ဝမ်းမြောက်စေ၏။ ဝိပဿနာ၏ အစွမ်းအားဖြင့် အဘယ်သို့ (ဝမ်းမြောက်စေသ)နည်း ? ပီတိရှိသော စျာန် ၂-ပါးတို့ကို ဝင်စားပြီးလျှင် ထ၍ စျာန်နှင့်ယှဉ်သော ပီတိကို ကုန်သွားသည်ဟု ပျက်သွားသည်ဟု သုံးသပ်၏၊ ဤသို့ ဝိပဿနာရှုခိုက်၌ စျာန်နှင့်ယှဉ်သော ပီတိကို အာရုံပြုလျက် စိတ်ကို ဝမ်းမြောက်စေ၏ အလွန်ဝမ်းမြောက်စေ၏။ [၂၀၁]ဤသို့ကျင့်သောပုဂ္ဂိုလ်ကို "စိတ်ကို ဝမ်းမြောက်စေလျက် ရှုသွင်းအံ့ ရှုထုတ်အံ့ဟု လေ့ကျင့်သည်"ဟူ၍ ဆိုအပ်ပေသည်။

သမာဒဟံ စိတ္တံ (စိတ်ကို ကောင်းစွာထားလျက်)ဟူသည်ကား ပဌမစျာန်စသည်၏ အစွမ်းအားဖြင့် စိတ်ကို အာရုံ၌ အညီအညွတ်ထားလျက်။ တနည်းကား ထိုစျာန်တို့ကို ဝင်စားပြီးလျှင် ထ၍ စျာန်နှင့်ယှဉ်သော စိတ်ကို ကုန်သွားသည်ဟု ပျက်သွားသည်ဟု ရှုမြင်သောသူအား ဝိပဿနာရှုခိုက်၌ အနိစ္စ အစရှိသော လက္ခဏာကို သိသဖြင့် ခဏိကစိတ္တေကဂ္ဂတာ

http://www.dhammadownload.com

မည်သော ဈာကသမာဓိသည်[၁] ဖြစ်၏၊ ဤသို့ဖြစ်သော ဈာကသမာဓိ၏ အစွမ်းအားဖြင့်လည်း စိတ်ကို အာရုံ၌ အညီအညွတ်ထားသော ပုဂ္ဂိုလ်ကို "စိတ်ကို ကောင်းစွာထားလျက် ရှူသွင်းအံ့ ရှူထုတ်အံ့ဟု လေ့ကျင့်သည်" ဟူ၍ ဆိုအပ်ပေသည်။

ဝိမောစယံ စိတ္တံ (စိတ်ကို လွတ်စေလျက်)ဟူသည်ကား ပဌမစျာန်ဖြင့် နီဝရဏတို့မှ စိတ်ကို လွတ်စေလျက် အထူးသဖြင့် လွတ်စေလျက်၊ ဒုတိယစျာန်ဖြင့် ဝိတက် ဝိစာရတို့မှ၊ တတိယစျာန်ဖြင့် ပီတိမှ၊ စတုတ္ထစျာန်ဖြင့် သုခဒုက္ခတို့မှ စိတ်ကို လွတ်စေလျက် အထူးသဖြင့် လွတ်စေလျက်။တနည်းသော်ကား ထိုစျာန်တို့ကို ဝင်စားပြီးလျှင် ထ၍ စျာန်နှင့်ယှဉ်သော စိတ်ကို ကုန်သွားသည်ဟု ပျက်သွားသည်ဟု သုံးသပ်၏၊ ထိုသုံးသပ်သော သူသည် ဝိပဿနာရှုခိုက်၌ အနိစ္စာနုပဿနာဖြင့် နိစ္စသညာမှ စိတ်ကို လွတ်စေလျက်၊ ဒုက္ခာနုပဿနာဖြင့် သုခသညာမှ၊ အနတ္တာနုပဿနာဖြင့် အတ္တသညာမှ၊နိဗ္ဗိဒါနုပဿနာဖြင့် နှစ်သက်ပျော်မွေ့ခြင်းမှ၊ဝိရာဂါနုပဿနာ

မှတ်ချက်

၁–ဈာကိစတ္တေကဂ္ဂတာဟူသည်ကား ရှုခိုက် ဈာနမျှသာ တည်ခြင်း ရှိသော သမာဓိပေတည်း။ ထိုသမာဓိကို ယူသင့် ဆိုသင့်သည် မှန်ပေ၏-ထိုဈာကိသမာဓိသည်လည်း အာရုံ၌ အပြတ် အခြားမရှိပဲ တမျိုးတည်းသော တည်ကြည်ပုံ အခြင်း အရာအားဖြင့် မပြတ် ဖြစ်လတ်သော် ဆန့်ကျင်ဘက်က မလှမ်းမိုးအပ်သည်(အလှမ်းမိုးမခံရသည်) ဖြစ်၍ အပွနာစျာန်သို့ရောက်နေသကဲ့သို့ပင် စိတ်ကို မလှုပ်ရှားအောင် ထားနိုင်ပေ၏။ ထို့ကြောင့် "ဤသို့ဖြစ်သော ဈာကိသမာဓိ၏ အစွမ်းဖြင့်လည်း စိတ်ကို အာရုံ၌ အညီအညွတ်ထားသော ပုဂ္ဂိုလ်ကို ။ပ။ ဆိုအပ်ပေသည်"ဟု ဝိသုဒ္ဓိမဂ်၌ မိန့်ဆိုပေသည်။ (ဋ္ဌီကာ) ဤအဋ္ဌကထာဋ္ဌီကာတို့နှင့်အညီ ဈာကိသမာဓိဖြင့် စိတ်ကို ကောင်းစွာထားနိုင်ကြောင်းကို ပြည့်စုံစွာ အားထုတ်၍ ဤဈာကိသမာဓိကို ကိုယ်တိုင် တွေ့ရသော သူတို့၏ ကောင်းစွာ သဘောပေါက်နိုင်ပေ၏။

http://www.dhammadownload.com

ဖြင့် တပ်မက်ခြင်းမှ၊ နိဇောဓာနုပဿနာဖြင့် ဖြစ်ပွါးစေခြင်းမှ၊ ပဋိနိဿဂ္ဂါနုပဿနာဖြင့် စွဲယူခြင်းမှ စိတ်ကိုလွတ်စေလျက် ရှုရှုလည်းသွင်း၏ ရှုရှုလည်းထုတ်၏။ ထို့ကြောင့် "စိတ်ကို လွတ်စေလျက် ရှုသွင်းအံ့ ရှုထုတ်အံ့ဟု လေ့ကျင့်သည်" ဟူ၍ ဆိုအပ်ပေသည်။ ဤဆိုခဲ့သည့်အတိုင်း ဤတတိယစတုက္ကကို စိတ္တာနုပဿနာ၏အစွမ်းအားဖြင့် ဟောထားသည်ဟူ၍ သိအပ်ပေသည်။

၂၃၆။ စတုတ္ထစတုက္ကဋ္ဌကား အနိစ္စာနုပဿီဟူသော ဤပုဒ်၌ ရှေးဦးစွာ အနိစ္စ-မမြဲသည်ကို သိအပ်၏၊ အနိစ္စတာ-မမြဲသည်၏အဖြစ်ဟူသော အနိစ္စလက္ခဏာကို သိအပ်၏၊ အနိစ္စာနုပဿနာကို သိအပ်၏၊ အနိစ္စာနုပဿီ-မမြဲဟု ရှုမြင်သူကို သိအပ်၏။

ထိုတွင် အနိစ္စ-မမြဲဟူသည်မှာ ငါးပါးသောခန္ဓာတို့ပေတည်း။ အဘယ့်ကြောင့် (မမြဲသ)နည်း?ဟူမူ-ဖြစ်ခြင်း, ပျက်ခြင်း, တမျိုးတမည်ဖြစ်ခြင်း သဘောရှိခြင်းကြောင့် ပေတည်း ။ အနိစ္စတာ-မမြဲသည်၏အဖြစ်(ဝါ-မမြဲဟု

မှတ်ချက်

၁–ဖြစ်ခြင်း(ဥပါဒ်)သဘောရှိခြင်း, ပျက်ခြင်း (ဘင်) သဘောရှိခြင်း, ထိဉ်ပါဒ်ဘင်တို့မှတပါး တမျိုး တမည်ဖြစ်ခြင်း (ဌိ) သဘော ရှိခြင်းကြောင့်-ဟု ဆိုလို၏။ထိုတွင် တမျိုးတမည်ဖြစ်ခြင်းဟူသည်မှာ ဥပါဒ် ဌိ ဘင်တို့နှင့် မတူပဲ အခိုက်အတန့်မျှ တည်လျက် ရှင်ခြင်းသဘောပေတည်း။ ၎င်းကို-ဌိ ဟု ခေါ်သည်။ ထို့ကြောင့် တိုတို့နှင့်ရှင်းရှင်းပြန်ရလျှင် ဥပါဒ်-ဌိ-ဘင် ရှိခြင်းကြောင့်၊ ဝါ-ဖြစ်ခြင်း တည်ခြင်း ပျက်ခြင်း ရှိခြင်းကြောင့် ဟူ၍လည်း ပြန်နိုင်၏။ ထို့ကြောင့် ဌီကာဌ် အောက်ပါအတိုင်း ဖွင့်ပြထားပေသည်။ ထိဉ်ပ္ပါဒဝယညထတ္တာဘာဝါ-ဟူသောပုဒ်၌ သခ်ါရတရားတို့၏ မူလအကြောင်း အထောက်အပံ့ အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာခြင်းသည် မူလက မရှိသေးပဲ ရှိလာခြင်း ဖြစ်လာခြင်းသည် မိမိ၏သရုပ်သဘောကို ရလာခြင်းသည်

http://www.dhammadownload.com

မှတ်ရကြောင်း အနိစ္စလက္ခဏာ)ဟူသည်မှာ ထိုခန္ဓာတို့၏ပင်လျှင် ဖြစ်ခြင်း, ပျက်ခြင်းဖြင့် တမျိုးတမည်ဖြစ်ခြင်း-ဟူသော ရင့်ခြင်းပေတည်း။ ဝါ-ဥပါဒ်, ဌိ, ဘင်ပေတည်း။ တနည်းကား မူလကမရှိသေးပဲ ဖြစ်ပေါ်လာပြီး၍ မရှိခြင်း-ပျောက်ကွယ်သွားခြင်း ပေတည်း၊ "ဖြစ်ပေါ်လာပြီးသော တရားတို့၏ ထိုရှိနေသောအခြင်းအရာအားဖြင့် မတည်မှု၍ ခဏဘင်အားဖြင့် ပျက်ခြင်းပင်"ဟူ၍ ဆိုလို၏[၁]။ အနိစ္စာနုပဿနာဟူသည်မှာ ထိုဖြစ်-တည်-ပျက်ဟူသော အနိစ္စတာ-အနိစ္စလက္ခဏာ၏ ဝါ-ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားခြင်းဟူသော အနိစ္စလက္ခဏာ၏အစွမ်းအားဖြင့် ရှုပဝေဒနာ

မှတ်ချက်

ဥပ္ပါဒမည်၏။ ဖြစ်ပေါ် လာကုန်ပြီးသော ထိုသင်္ခါရတို့၏ ပျက်ဆဲခဏဖြင့် ချုပ်ခြင်း-ပျက်ခြင်း-ပျောက်ကွယ်ခြင်းသည် ဝယမည်၏၊ ရင့်ခြင်း-အိုခြင်း (ဇရာ)ဖြင့်တပါးသော အပြားအားဖြင့်ဖြစ်ခြင်း(ဝါ-တမျိုးတမည် ဖြစ်ခြင်း) သည် အညထတ္တမည်၏။ (ဋီကာ)

၁–တစုံတခုသော တရားသည် ဖြစ်ပေါ်လာပြီးလျှင် ရင့်ကျက်လျက် ပျက်သွားပါက ထိုတရားကို အနိစ္စ-မမြဲဟု သိမှတ်အပ်၏။ ထိုသို့ အသိ အမှတ် ပြုရာ၌ မမြဲဟု အသိအမှတ် ပြုရကြောင်း အထိမ်းအမှတ် လက္ခဏာသည် ဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်း ဟူသော ဥပါဒ် ဌိ ဘင်တို့ပင်ဖြစ်သည်။ ထို့ကြောင့် ထိုဖြစ်-တည်–ပျက်,ဥပါဒ် ဌိ ဘင်တို့ကို အနိစ္စလက္ခဏာဟုဆိုသည်။တနည်းအားဖြင့် တစုံတခုသောတရားသည် ဖြစ်ပေါ် လာပြီးနောက် ကွယ်ပျောက်သွားလျှင် ထိုတရားကို အနိစ္စ-မမြဲဟု သိမှတ်အပ်၏။ လက်ကနဲ့ ပေါ်လာပြီးနောက် ပျောက်ကွယ်သွားသော လျှပ်ရောင်ကို သိမှတ် အပ်သကဲ့သို့ပင်။ ထိုသို့ အသိ အမှတ်ပြုရာ၌ မမြဲဟု အသိအမှတ်ပြုရကြောင်း အထိမ်းအမှတ် လက္ခဏာသည် ပေါ်လာပြီးနောက် ကွယ်ပျောက်သွားခြင်းပင် ဖြစ်သည်။ထို့ကြောင့် ဟုတ္တာ အဘာဝေါ-ရှိလာ-ဖြစ်လာပြီးလျှင် မရှိခြင်း-ကွယ်ပျောက်သွားခြင်းကို အနိစ္စ လက္ခဏာဟု တနည်းအားဖြင့် ပြဆိုပေသည်။

http://www.dhammadownload.com

သညာ သန်ဂါရ ဝိညာဏ်တို့၌ မမြဲဟု ရှုမြင်ခြင်းပေတည်း[၁]။ အနိစ္စာနုပဿီ-မမြဲဟုရှုသူဟူသည်မှာ ထိုမမြဲဟု ရှုသောဉာဏ်အမြင်နှင့် ပြည့်စုံသူပေတည်း။ ထို့ကြောင့် ဤသို့ မမြဲဟုရှုမြင်သည်ဖြစ်၍ [၂၀၂] ရှုသွင်းလျက် ရှုထုတ်လျက် ရှိသောသူကို ဤအရာ၌ "အနိစ္စာနုပဿီ-မမြဲဟုရှုလျက် ရှုသွင်းအံ့ ရှုထုတ်အံ့ဟု လေ့ကျင့်သည်" ဟူ၍ သိအပ်ပေသည်။

ဝိရာဂါနုပဿီဟူသော ဤပုဒ်၌ကား ဝိရာဂ-ပျက်ပြယ်ခြင်းတို့သည် ခယဝိရာဂ-ကုန်ခြင်းဟူသော ပျက်ပြယ်ခြင်း, အစ္စန္တဝိရာဂ-အဆုံးကို လွန်သော ပျက်ပြယ်ခြင်း (၀ါ-စင်စစ်ပျက်ပြယ်ခြင်း)ဟူ၍ နှစ်ပါးအပြားရှိကုန်၏၊ ထိုတွင် သန်ဂါရတို့၏ ခဏဘင်သည် ခယဝိရာဂမည်၏။ နိဗ္ဗာန်သည် အစ္စန္တဝိရာဂ-မည်၏။ ထိုဝိရာဂ ၂-ပါးကို မြင်သည်၏အစွမ်းဖြင့်ဖြစ်သော (၀ါ-ထိုဝိရာဂ ၂-ပါးကိုမြင်သော)ဝိပဿနာသည်ဌာန်းအရိယာမဂ်သည်ဌာန်း၂ ဝိရာဂါနုပဿနာမည်၏။ နှစ်ပါးအပြားရှိသော ထိုအနုပဿနာနှင့် ပြည့်စုံလျက် ရှုသွင်းသော ရှုထုတ်သောသူကို "ဝိရာဂကိုရှုလျက် ရှုသွင်းအံ့

မှတ်ချက်

၁–ဖြစ်ပေါ်လာသော ရုပ်နာမ်ဘရားကိုရှုလျက် ဖြစ်ပေါ်လာပြီးနောက်အခိုက်အတန့်မျှတည်ပြီးလျှင် ပျက်သွားသည်-ပျောက်သွားသည်ကိုတွေ့ရ၍ မမြဲဟုသိမြင် သဘောကျလျှင် ဖြစ်-တည်-ပျက်ဟူသော အနိစ္စလက္ခဏာဖြင့် မမြဲဟုရှုမြင်သော အနိစ္စာနုပဿနာမည်၏။ ဤအနုပဿနာသည် သမ္မသနဉာဏ်နှင့်သော ဥဒယဗ္ဗယဉာဏ်အရာတို့၌ ထင်ရှားဖြစ်ပေါ်တတ်၏။ ထို့ပြင် ရှုမိသော ရုပ်နာမ်တရား၏ ပေါ်လာပြီးနောက် ကွယ်ပျောက်သွားခြင်းဟူသော အနိစ္စလက္ခဏာကို တွေ့ရသဖြင့် မမြဲဟု သိမြင် သဘောကျခြင်းသည်လည်း အနိစ္စာနုပဿနာမည်၏။ ၎င်းသည်ကား ရင့်သော ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ် စသည်တို့၌ ထင်ရှားဖြစ်ပေါ်တတ်၏။

၂–ဝိပဿနာသည် ခယဝိရာဂကို မြင်၏၊ အရိယာမဂ်သည် အစ္စန္တဝိရာဂကို မြင်၏-ဟု ခွဲခြား၍ သိရာ၏။

http://www.dhammadownload.com

ရှုထုတ်အံ့ဟု လေ့ကျင့်သည်" ဟူ၍ သိအပ်ပေသည်။ နိဏောဓာနုပဿီပုဒ်၌လည်း ဤနည်းပင်တည်း[၁]။

ပဋိနိဿဂ္ဂါနုပဿီဟူသော ဤပုဒ်၌လည်း ပဋိနိဿဂ္ဂ·လွှတ်ခြင်းတို့သည် စွန့်လွှတ်ခြင်းဟူသော ပရိစ္စာဂပဋိနိဿဂ္ဂ, ပြေးဝင်ခြင်း - စေလွှတ်ခြင်းဟူသော ပက္ခန္ဒနပဋိနိဿဂ္ဂ ဟူ၍ နှစ်ပါးအပြားရှိကုန်၏။ ပဋိနိဿဂ္ဂ-စွန့်လွှတ်ခြင်း-စေလွှတ်ခြင်းသည်ပင်လျှင် ရှုမြင်မှု - အနုပဿနာပေတည်း၊ ထို့ကြောင့် ပဋိနိဿဂ္ဂါနုပဿနာမည်၏၊ ဤအမည်သည် ဝိပဿနာနှင့် အရိယာမဂ်တို့၏ အမည်ပေတည်း။

ချုပ်ပြအံ့—ဝိပဿနာသည် ဖြစ်ထိုက်သော အကျိုးခန္ဓာ, ဖြစ်စေတတ်သော ကုသိုလ်ကံ အကုသိုလ်ကံဟူသော အဘိသင်္ခါရတို့နှင့်တကွ ကိလေသာတို့ကို တဒင်္ဂအလိုအားဖြင့် စွန့်ပယ်တတ်၏[၂]၊ ထို့ကြောင့် ပရိစ္စာဂပဋိနိဿဂ္ဂ

မှတ်ချက်

၁–နည်းတူသိပုံမှာ-နိဏောဓ-ချုပ်ခြင်းတို့သည် ခယနိဏောဓ-ကုန်ခြင်းဟူသော ချုပ်ခြင်း, အစွန့်ကနိဏောဓ-စင်စစ်ချုပ်ခြင်းဟူ၍ နှစ်ပါးအပြားရှိကုန်၏၊ ထိုတွင် သင်္ခါရတို့၏ ခဏဘင်သည် ခယနိဏောဓမည်၏။ နိဗ္ဗာန်သည် အစွန့်ကနိဏောဓမည်၏။ ထိုနိဏောဓ ၂-ပါးကို မြင်သော ဝိပဿနာသည်ၵင်း, အရိယာမဂ်သည်ၵင်း နိဏောဓာနုပဿနာမည်၏။ထိုအနုပဿနာ ၂-ပါးနှင့် ပြည့်စုံလျက် ရှသွင်းသော ရှုထုတ်သောသူကို"နိဏောဓကို ရှလျက် ရှသွင်းအံ့ ရှုထုတ်အံ့ဟု လေ့ကျင့်သည်"ဟူ၍ သိအပ်ပေသည်။ ဤကား နည်းတူသိပုံ။

၂–တဒင်္ဂအလိုအားဖြင့်ဟူသော ဤစကားဌ အနိစ္စာနုပဿနာသည် တဒင်္ဂပဟာန်အလိုအားဖြင့် မြဲသည်ထင်မှတ်မှု-နိစ္စသညာကို စွန့်ပယ်၏၊ စွန့်ပယ်လတ်သော် (၀ါ-စွန့်ပယ်ပုံမှာ) မမြဲဟုရှုမြင်မှု မဖြစ်ခဲ့ပါမူ(ထိုအာရုံကို)မြဲသည်ဟု ယူသည်၏ အစွမ်းအားဖြင့် အကြင် ကိလေသာတို့သည်ၵင်း၊ ထိုကိလေသာလျှင် အကြောင်းရင်းရှိကုန်သော အကုသိုလ်ကံ ကုသိုလ်ကံ ဟူသော

http://www.dhammadownload.com

လည်း မည်၏၊ ထို့ပြင် သခ်တတရားတို့၏ အပြစ်ကိုမြင်သောကြောင့် ထိုမှ ပြောင်းပြန်ဖြစ်သော (၀၊-သခ်တတရားတို့၏ ကင်းရာဖြစ်သော) နိဗ္ဗာန်၌ ညွှတ်ကိုင်းသည့်အလိုအားဖြင့် ပြေးဝင်တတ်၏[၁]။ ထို့ကြောင့် ပက္ခန္ဒန ပဋိနိဿဂ္ဂလည်း မည်၏ဟူ၍ ဆိုအပ်၏[၂]။ အရိယာမဂ်သည် ဖြစ်ထိုက်သော ခန္ဓာ အဘိသခ်ါရတို့နှင့်တကွ ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်းဟူသော သမုစ္ဆေဒအလိုအားဖြင့် စွန့်ပယ်တတ်၏၊ ထို့ကြောင့် ပရိစ္စာဂပဋိနိဿဂ္ဂ လည်း မည်၏[၃]၊ ထို့ပြင် အာရုံပြုသောအားဖြင့် နိဗ္ဗာန်၌ ပြေးဝင်တတ်၏၊ ထို့ကြောင့် ပက္ခန္ဒနပဋိနိဿဂ္ဂလည်း မည်၏ဟူ၍ ဆိုအပ်၏။ ထိုဝိပဿနာ နှင့် မဂ် နှစ်ပါးလုံးပင် ရှေးရှေးဉဏ်တို့၏ နောက်နောက်၌ ရှုတတ်သော

မှတ်ချက်

အကြင် အဘိသခ်ါရတို့သည်၎င်း၊ ထိုကိလေသာနှင့် အဘိသခ်ါရလျှင် အကြောင်းရင်းရှိကုန်သော အကျိုးဝိပါကက္ခန္ဓာတို့သည်၎င်း နောင်အခါ၌ ဖြစ်ပေါ်လာနိုင်ကုန်၏၊ ဖြစ်ပေါ်နိုင်ကုန်သော ထိုကိလေသာ ကံ ခန္ဓာ တို့ကို မဖြစ်အောင်ပြုသောအားဖြင့် စွန့်ပယ်၏။ ဒုက္ခာနုပဿနာ စသည်တို့ သည် ထို့အတူပင် စွန့်ပယ်ကုန်၏။ (ဋီကာ)

၁–နိဗ္ဗာန်သို့ စိတ်ညွှတ်သည်ကိုပင် ပြေးဝင်သည်-ဟု ဆိုလို၏။

၂–ဝိသုဒ္ဓိမဂ်၌ ပဋိနိဿဂ္ဂ ၂-ခုကို တဝါကျတည်း ပေါင်း၍ ပြထားသည်၊ ဤ၌ ကား သုတနည်းသူတို့ သိလွယ်စေရန် အသီးအသီးခွဲ၍ ပြထားသည်။

၃–အရိယာမဂ် ဖြစ်ပေါ်သောသူ၏ သန္တာန်၌ ဒိဋ္ဌိ ဝိစိကိစ္ဆာ အစရှိကုန်သော အသီးအသီးသော ကိလေသာတို့သည်၎င်း, အပါယ်ကျစေနိုင်သော ကံအစ ရှိကုန်သော အသီးအသီးသော အဘိသခ်ါရတို့သည်၎င်း၊ အပါယ်ခန္ဓာ, ခုနစ်ဘဝထက် ပိုလွန်သော ခန္ဓာအစရှိကုန်သော ဝိပါကက္ခန္ဓာတို့သည်၎င်း မဖြစ်ပေါ်လာနိုင်ကုန်တော့ပြီ၊ ဤသို့ မဖြစ်ပေါ်လာနိုင်အောင် အရိယာမဂ် လေးပါက ထိုကိလေသာ အဘိသခ်ါရ ဝိပါကက္ခန္ဓာတို့ကို အမြစ်ပြတ် စွန့်ပယ် သည်-ဟု ဆိုလို၏။

http://www.dhammadownload.com

ကြောင့်[၁] အနုပဿနာဟု ဆိုအပ်၏။ နှစ်ပါးအပြားရှိသော ထိုပဋိနိဿဂ္ဂါနုပဿနာနှင့် ပြည့်စုံလျက် ရှုသွင်းသော ရှုထုတ်သောသူကို "ပဋိနိဿဂ္ဂကို ရှုလျက် ရှုသွင်းအံ့ ရှုထုတ်အံ့ဟု လေ့ကျင့်သည်" ဟူ၍ သိအပ်ပေသည်။

ဤစတုက္ကစတုက္ကကို ဝိပဿနာသက်သက်၏ အစွမ်းအားဖြင့်သာလျှင် ဟောတော်မူ(အပ်)၏၊ ရှေးစတုက္ကသုံးပါးတို့ကိုမူ သမထ ဝိပဿနာ ၂-ပါး လုံး၏အစွမ်းအားဖြင့် ဟောတော်မူ(အပ်ကုန်)၏။ ဤဆိုခဲ့သည့်အတိုင်း လေးပါးသော စတုက္ကတို့၏အစွမ်းအားဖြင့် ၁၆-ပါးသော တည်ရာဌာန ရှိသော အာနာပါနဿတိကို ပွါးစေပုံကို သိအပ်ပေသည်။

၂၃၇။ ဆက်၍ အကျိုးအာနိသင်ကိုပြအံ့၊ ဤဆိုခဲ့သည့်အတိုင်း ၁၆-ပါးသော တည်ရာဌာန၏ အစွမ်းအားဖြင့်[၂] (ပွါးစေအပ်သော) ဤ အာနာပါနဿတိသည် များသောအကျိုးရှိပေ၏ များသောအာနိသင် ရှိပေ၏။ (များသောအာနိသင် ရှိသည်ဟူသော) ထိုစကားရပ်၌ ထို

မှတ်ချက်

၁–မဂ်ဉာဏ်ကိုလည်း (ဂေါတြဘုဉာဏသဿ အနုပစ္ဆာ) ဂေါတြဘူဉာဏ်၏ နောက်၌ နိဗ္ဗာန်ကို မြင်တတ်သောကြောင့် အနုပဿနာဟု ဆိုအပ်၏-ဟူသော မူလဋီကာနှင့်အညီ (ပုရိမပုရိမဉာဏာနံ အနုအနုပဿနတော) ပုဒ်၏ အနက်ကို ပြန်ဆိုချက် ဖြစ်သည်။

၂–စ ပန-နိပါတ်တို့၏ အနက်ဖြစ်သည်။

၃–သောဋ္ဌသဝတ္ထုဝသေန စ-ဟူရာ၌ စ-သဒ္ဒါသည် "တဆယ့်ခြောက်ပါးကုန်သော ဝတ္ထုတို့၏ အစွမ်းအားဖြင့်၎င်း၊ ဆိုအပ်လတ္တံ့သော သန္တဘာဝ-ငြိမ်သက်သည်၏အဖြစ်-စသည်တို့၏အစွမ်းအားဖြင့်၎င်း" ဟူ၍ ပေါင်းဆည်းခြင်း အနက်ရှိ၏။(ဋီကာ) ဤသို့ ဋီကာဆရာက ဆိုသော်လည်း သန္တဘာဝ-စသည်သည် ပွါးစေပုံအခြင်းအရာမဟုတ်သောကြောင့် သင့်အံ့ မထင်ပေ၊ ထို့ကြောင့် စ-သဒ္ဒါကို ဝါကျဇောတကအဖြစ်ဖြင့်သာ ပြန်ထားခြင်းဖြစ်သည်။

http://www.dhammadownload.com

အာနာပါနဿတိ၏ [၁] "ရဟန်းတို့ ဤအာနာပါနဿတိသမာဓိသည်လည်း ပွါးစေ(အပ်)လျှင် အကြိမ်များစွာပြု(အပ်)လျှင် ငြိမ်သက်သည်သာလျှင်လည်း ဖြစ်ပေ၏ မွန်မြတ်သည်သာလျှင်လည်း ဖြစ်ပေ၏" ဤသို့စသည်ကို ဟောတော်မူသောကြောင့် ငြိမ်သက်သည်၏အဖြစ်စသည်၏ အစွမ်းအားဖြင့်ဂုဏ်း၊ မိစ္ဆာဝိတက်တို့ကို ပယ်ဖြတ်ခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်ဖြင့်ဂုဏ်း များစွာသော အာနိသင်ရှိသည်၏အဖြစ်ကို သိအပ်၏။ မှန်ပေ၏–ဤအာနာပါနဿတိသည် ငြိမ်သက်သည်၏အဖြစ် မွန်မြတ်သည်၏အဖြစ် မသွန်းထည့်အပ်သည်၏အဖြစ် ချမ်းသာသော နေခြင်း၏အဖြစ်ကြောင့် သမာဓိ၏ အန္တရာယ်ကို ပြုတတ်ကုန်သော မိစ္ဆာဝိတက်တို့၏ အစွမ်းအားဖြင့် ထိုထိုအာရုံသို့ စိတ်၏ပြေးသွားခြင်းကို ပယ်ဖြတ်၍ [၂၇၃] စိတ်ကို ဝင်လေထွက်လေအာရုံဆီသို့သာလျှင် ရှေးရှုဖြစ်နေအောင် ပြုတတ်ပေ၏။ ထို့ကြောင့်ပင် "မိစ္ဆာဝိတက်တို့ကို ပယ်ခြင်းငှါ အာနာပါနဿတိကို ပွါးစေအပ်၏" ဟု ဟောတော်မူပေသည်။

ထို့ပြင် ဝိဇ္ဇာဝိမုတ္တိ ထက်ဝန်းကျင်ပြည့်စုံခြင်း၏ အခြေခံအကြောင်းရင်းအဖြစ်ဖြင့်လည်း ထိုအာနာပါနဿတိ၏ များသောအာနိသင်ရှိသည်၏

မှတ်ချက်

၁–ထိုအာနာပါနဿတိ၏....များစွာသောအာနိသင်ရှိသည်၏အဖြစ်ကိုသိအပ်၏-ဟု စပ်ပါ။ ထိုအာနာပါနဿတိ၏-ဟူသော အနက်သည် အဿာ-ဟု ရှိသော ပါဠိအရ ရှေးဝါကျ၌ ဆိုခဲ့သော အာနာပါနဿတိယာ-ပုဒ်အနက်ကို ပြန်စွဲသော ပက္ကန္ဓဝိသယအနက် ဖြစ်သည်။ ဒို့ကာဠကား ပြုလတ္တံ့သော သာဓကသုတ်ကို ငဲ့၍ "အဿ-ဟူသည်ကား အာနာပါနဿတိသမာဓိ၏"ဟု ဖွင့်ပြထားလေသည်။ ပြည်မူနိဿယ၌ ဤအဆုတွင် "ဒို့ကာဠကား အဿာတိ အာနာပါနဿတိသမာဓိဿ-ဟု စွဲ၏။ သာဓကပါဠိနှင့် လျော်၏၊ ပက္ကန္ဓဝါကျနှင့်မူ ချော်သည်"ဟု စိစစ်ပြဆိုထားလေသည်။

http://www.dhammadownload.com

အဖြစ်ကို သိအပ်သေး၏။ မှန်ပေ၏—အောက်ပါစကားကို မြတ်စွာဘုရား ဟောတော်မူပေသည်။

"ရဟန်းတို့ အာနာပါနဿတိသည် ပွါးစေလျှင် အကြိမ်များစွာပြုလျှင် လေးပါးသော သတိပဋ္ဌာန်တို့ကို ထက်ဝန်းကျင် ပြည့်စေ၏။ လေးပါးသော သတိပဋ္ဌာန်တို့သည် ပွါးစေလျှင် အကြိမ်များစွာပြုလျှင် ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို ထက်ဝန်းကျင် ပြည့်စေကုန်၏၊ ခုနစ်ပါးသော ဗောဇ္ဈင်တို့သည် ပွါးစေလျှင် အကြိမ်များစွာပြုလျှင် ဝိဇ္ဇာမည်သောမင်္ဂနှင့် ဝိမုတ္တိမည်သော ဖိုလ်ကို တက်ဝန်းကျင် ပြည့်စေကုန်၏" ဟု ဟောတော်မူပေသည်။

တနည်းအားဖြင့်မူကား နောက်ဆုံး၌ဖြစ်ကုန်သော ဝင်လေ ထွက်လေတို့ကို သိအပ်သည်၏အဖြစ်(သိခြင်း)ကို ပြုခြင်းဖြင့်လည်း ထိုအာနာပါနဿတိ၏ များသောအာနိသင်ရှိသည်၏ အဖြစ်ကို သိအပ်ပေသည်။ မှန်ပေ၏—အောက်ပါစကားကို မြတ်စွာဘုရား ဟောတော်မူပေသည်။

"ချစ်သားရာဟုလာ၊ အာနာပါနဿတိကိုကျင့်ဆိုခဲ့သည့်အတိုင်း ပွါးစေထားလျှင် ကျင့်ဆိုခဲ့သည့်အတိုင်း အကြိမ်များစွာပြုထားလျှင် အကြင်ဝင်လေ ထွက်လေတို့သည် စုတေခါနီး နောက်ဆုံးကာလ၌ ဖြစ်ကုန်၏၊ ထိုနောက်ဆုံး ဝင်လေ ထွက်လေတို့သည်လည်းသိ(အပ်)ကုန်လျက်သာ ချုပ်ကုန်၏၊ မသိ(အပ်)ကုန်ပဲ ချုပ်သည် မဟုတ်ကုန်" ဟု ဟောတော်မူပေသည်။

၂၃၈။ ထိုစကားရပ်၌ ချုပ်သည်၏အစွမ်းအားဖြင့် နောက်ဆုံး၌ဖြစ်သော အသက်ရှူလေတို့သည် ဘဝအလိုအားဖြင့် နောက်ဆုံးအသက်ရှူလေ, စျာန်အလိုအားဖြင့် နောက်ဆုံး အသက်ရှူလေ, စုတိအလိုအားဖြင့် နောက်ဆုံး အသက်ရှူလေဟူ၍ သုံးမျိုးရှိကုန်၏။ ခဲ့၍ပြအံ့—ဘဝသုံးပါး

http://www.dhammadownload.com

တို့တွင် ကာမဘဝ၌ အသက်ရှူလေတို့သည် ဖြစ်ကုန်၏၊ ရူပဘဝ အရူပဘဝတို့၌ မဖြစ်ကုန်၊ ထို့ကြောင့် (နောက်ဆုံးကာမဘဝ၌ ဖြစ်ကုန်သော) ထိုအသက်ရှူလေတို့သည် (ဘဝစရိမက) ဘဝအလိုအားဖြင့် နောက်ဆုံးအသက်ရှူလေတို့ မည်ကုန်၏[2]။ စျာန်တို့တွင် အောက်စျာန်သုံးပါး၌

မှတ်ချက်

၁–ဤ၌ ဆိုလိုသည်မှာ ကာမလောက၌ အနာဂါမ်ဖြစ်၍ ထိုဘဝမှ စုတေ၍ ရူပလောက အရူပလောက၌ ဖြစ်ကုန်သော အနာဂါမ်ပုဂ္ဂိုလ်တို့မှာ နောက်ဆုံးကာမဘဝ၌ ဖြစ်ကုန်သော အသက်ရှူလေတို့သည် ဘဝအလိုအားဖြင့် နောက်ဆုံးဖြစ်သောကြောင့် ဘဝစရိမက မည်ကုန်၏။ ကာမလောကမှ စုတေ၍ ရူပ အရူပလောက၌ ဖြစ်ကုန်သော သောတာပန် သကဒါဂါမ်တို့မှာလည်း နောက်ဆုံး ကာမဘဝ၌ ဖြစ်ခဲ့သော အသက်ရှူလေတို့သည် ထို့အတူပင် ဘဝအလိုအားဖြင့် နောက်ဆုံးဖြစ်သောကြောင့် ဘဝစရိမက မည်ကုန်၏။ ကာမဘဝ၌ ပရိနိဗ္ဗာန်စံကုန်သော ရဟန္တာတို့မှာလည်း ထိုဘဝ၌ အသက်ရှူလေတို့သည် ဘဝစရိမကပင် မည်သင့်ကုန်၏-ဟု ဤသို့ ဆိုလိုသည် ဖြစ်ရာ၏။ ဤသို့ယူလျှင် စရိမကမည်သော အသက်ရှူလေတို့နှင့် စရိမက မမည်သော အသက်ရှူလေတို့ ကွဲပြားသောကြောင့် စရိမကဟု ဝိသေသန မ-ရခြင်းအကျိုးရှိနိုင်ပေ၏။ ဋ္ဌကာ၌ကား "ဘဝစရိမကတို့ဟူသည်ကား ဘဝအလိုအားဖြင့် စရိမကဖြစ်ကုန်၏ (နိဟီနဘဝ) ယုတ်ညံ့သော ကာမဘဝ၌ ဖြစ်ကုန်၏။ စျာနစရိမကတို့ကိုလည်း ထို့အတူပင် သိအပ်ကုန်၏" ဟူ၍ဌင်း၊ "တသ္မာ-ထို့ကြောင့်ဟူသည်ကား သုံးပါးကုန်သော ဘဝတို့တွင် (နိဟီနေ) ယုတ်ညံ့သော ကာမဘဝ၌ ဖြစ်ခြင်းကြောင့်" ဟူ၍ဌင်း ဖွင့်ပြထား၏။ ထိုအလိုအားဖြင့် အသက်ရှူလေဟူသမျှတို့သည် စရိမက အယုတ်အညံ့ချည်းသာဟု ဆိုရပေလိမ့်မည်။ အဘယ့်ကြောင့်နည်း? ဟူမူ-အသက်ရှူလေ ဟူသမျှသည် ကာမဘဝ၌သာ ဖြစ်ကြသောကြောင့်ပေတည်း။ သို့ဖြစ်လျှင် စရိမက မမည်သော အသက်ရှူလေဟူ၍ မရှိသောကြောင့် ဘဝစရိမကဟူ၍ပင် ဝိသေသန မ-ဖွယ်မလိုတော့ပေရာ၊ ပညာရှိတို့ အထူးသတိပြု၍ ဆင်ခြင်သင့်၏။

http://www.dhammadownload.com

ဖြစ်ကုန်၏၊ စတုတ္ထစျာန်၌ မဖြစ်ကုန်၊ ထို့ကြောင့် (စတုတ္ထစျာန်၏ ရှေးအဖို့တွင် ဝင်စားသော အောက်စျာန်၌ ဖြစ်ကုန်သော) ထိုအသက်ရှူလေတို့သည် (စျာနစရိမက) စျာန်အလိုအားဖြင့် နောက်ဆုံးအသက်ရှူလေတို့မည်ကုန်၏[၁]။ ထိုမှတပါး အကြင် အသက်ရှူလေတို့သည် စုတိစိတ်၏ ရှေး၌ ၁၆-ခုမြောက်စိတ်နှင့် အတူတကွ ဖြစ်ကြပြီးလျှင် စုတိစိတ်နှင့် ပြိုင်တူ ချုပ်ကုန်၏၊ ဤအသက်ရှူလေတို့သည် (စုတိစရိမက) စုတိအလိုအားဖြင့် နောက်ဆုံးအသက်ရှူလေတို့ မည်ကုန်၏။ ဤစုတိစရိမက အသက်

မှတ်ချက်

၁–ဤဥလည်း ဆိုလိုသည်မှာ ပဌမ ဒုတိယ တတိယစျာန်တို့ကို အစဉ်အတိုင်း ဝင်စားပြီးနောက် စတုတ္ထစျာန်ကို ဝင်စားလျှင်ဖြစ်စေ၊ အောက်စျာန်သုံးပါးတို့တွင် တပါးပါးကို ဝင်စားပြီးနောက် စတုတ္ထစျာန်ကို ဝင်စားလျှင်ဖြစ်စေ စတုတ္ထစျာန်၏ ရှေးအဖို့က ဝင်စားခဲ့သော အနီးဆုံး အောက်စျာန်တိုင် အောင် အသက်ရှူလေမျှားဖြစ်လျက်ရှိခဲ့ကြ၏၊ စတုတ္ထစျာန်သို့ ရောက်သော အခါ အသက်ရှူလေတို့သည် မဖြစ်ပေါ်လာကြတော့ပဲ ချုပ်ကုန် ကင်းကုန်၏၊ ထို့ကြောင့် စတုတ္ထစျာန်၏ ရှေးအဖို့က ဝင်စားခဲ့သော အနီးကပ် အောက်စျာန် တပါးပါးနှင့် အတူတကွ ဖြစ်ပေါ်ကြသော အသက်ရှူလေတို့သည် စျာန်အလိုအားဖြင့် နောက်ဆုံးဖြစ်သောကြောင့် စျာနစရိမက မည်ကြသည်ဟု ဆိုလိုသည်ဖြစ်ရာ၏။ ဤသို့ယူလျှင် နိရောဓသမာပတ် ဝင်စားသောအခါ ကာယသင်္ခါရချုပ်ပုံကိုပြသော ပါဠိတော်တို့နှင့်လည်း ညီ၏၊ စျာန်နှင့် အတူတကွ ဖြစ်ကြသော်လည်း နောက်ဆုံးမဟုတ်သော အသက်ရှူလေမျှားလည်း ရှိကြသောကြောင့် စျာနစရိမက-ဟု ဝိသေသန မ-ရခြင်းလည်း အကျိုးရှိ၏။ ဋီကာ၌ကား–ယုတ်ညံ့သော အောက်စျာန်သုံးပါးနှင့် တကွသော အသက်ရှူလေဟူသမျှကို စျာနစရိမကဟူ၍ချည်း ဆိုလိုသောကြောင့် ထိုအလိုအားဖြင့် စျာနစရိမကဟု အထူးပြု၍ ခေါ်ဝေါ်ရခြင်းအတွက် အကျိုးမရှိနိုင်ပေရာ။ ဤအချက်ကိုလည်း စဉ်းစားသင့်၏။

http://www.dhammadownload.com

ရှူလေတို့ကို ဤအရာ၌ (စရိမက)နောက်ဆုံး၌ဖြစ်သော အသက်ရှူလေတို့ဟူ၍ အလိုရှိအပ်ကုန်၏။

ဤအာနာပါနကမ္မဋ္ဌာန်းကို အားထုတ်သော ရဟန်းအား အသက်ရှူလေအာရုံကို ကောင်းစွာသိမ်းဆည်းပြီးဖြစ်သောကြောင့် (အသက်ရှူလေတို့သည် ထင်ရှားကုန်၏ [၁]) စုတိစိတ်၏ ရှေး၌ ၁၆-ခုမြောက်စိတ်၏ ဖြစ်ဆဲခဏ၌ ဖြစ်ခြင်း-ဥပါဒ်ကို ဆင်ခြင်လျှင် ထိုအသက်ရှူလေတို့၏ ဥပါဒ်သည်လည်း ထင်ရှားသတတ်၊ တည်ခြင်း-ဌိတိကို ဆင်ခြင်လျှင် ထိုအသက်ရှူလေတို့၏ ဌိသည်သည်း ထင်ရှားသတတ်၊ ပျက်ခြင်း-ဘင်ကို ဆင်ခြင်လျှင် ထိုအသက်ရှူလေတို့၏ ဘင်သည်လည်း ထင်ရှားသတတ်။

ဤအာနာပါနမှ တပါးသော ကမ္မဋ္ဌာန်းကို ပွါးစေ၍ အရဟတ္တဖိုလ်သို့ ရောက်သော ရဟန်းသည် အသက်၏အဆုံးအပိုင်းအခြားကို ပိုင်းဖြတ်နိုင်သည်လည်း ရှိ၏ မပိုင်းဖြတ်နိုင်သည်လည်း ရှိ၏။ ၁၆-ပါးသော တည်ရာဌာနရှိသော ဤအာနာပါနဿတိကမ္မဋ္ဌာန်းကို ပွါးစေ၍ အရဟတ္တဖိုလ်သို့ ရောက်သော ရဟန်းသည်ကား အသက်၏ အဆုံး အပိုင်း အခြားကို ပိုင်းဖြတ်နိုင်သည်သာတည်း။ ထိုသို့သော ရဟန်းသည် "ယခုအခါ ငါ၏ အာယုသင်္ခါရတို့သည် ဤမျှလောက်သာ ဖြစ်ကုန်လတ္တံ့၊ [၂၀၄] ဤမှ နောက်၌ မဖြစ်ကုန်လတ္တံ့"ဟု သိပြီးလျှင် မိမိ၏ အလိုသဘောအားဖြင့် သာလျှင် ကိုယ်ကို သုတ်သင်ခြင်း သင်းပိုင်ဝတ်ခြင်း ကောသီကို ရုံခြင်း အစရှိကုန်သော ကိစ္စအားလုံးတို့ကို ပြုပြီး၍ မျက်စိတို့ကို မှိတ်လေတော့၏၊ အဘယ်ပုဂ္ဂိုလ်ကဲ့သို့နည်း? ဟူမူ ကောဠတောင်ကျောင်းတိုက်၌ နေလေ့

မှတ်ချက်

၁–လက်သည်းကွင်းအတွင်းရှိ ၂-ပုဒ်သည် ဋီကာဖွင့်နှင့်အညီ ဖြည့်စွက်ချက်ဖြစ်သည်။ ထိုဖြည့်စွက်ချက်မပါပဲ ရှေးနောက်စကားများကို ဆက်စပ်၍ ယူရုံမျှဖြင့်လည်း ပြည့်စုံချောမောသော အနက်အဓိပ္ပါယ်ကို ရနိုင်သည်ပင်။

http://www.dhammadownload.com

ရှိသော တိဿမထေရ်ကဲ့သို့ငင်း၊ မဟာကရဃဉ္ဇကျောင်းတိုက်၌ နေလေ့ရှိသော မဟာတိဿမထေရ်ကဲ့သို့ငင်း၊ ဒေဝပုတ္တမည်သော တိုင်းကြီး၌ ပိဏ္ဍပါတ်ခုတင်ဆောင် တိဿမထေရ်ကဲ့သို့ငင်း၊ စိတ္တလတောင်ကျောင်းတိုက်၌ နေလေ့ရှိကြသော နှစ်ပါးကုန်သော ညီနောင်မထေရ်တို့ကဲ့သို့ငင်း ဖြစ်ပေသည်။

ထိုတွင် ဤသည်ကား တခုသောဝတ္ထုကို ပြသော စကားပေတည်း၊ ညီနောင်မထေရ်နှစ်ပါးတို့တွင် တပါးသောမထေရ်သည် လပြည့်ဥပုသ်နေ့၌ ပါတိမောက်ကို ပြပြီးလျှင် ရဟန်းအပေါင်းခြံရံလျက် မိမိ၏ နေရာအရပ်သို့ သွား၍ စကြံ၌ ရပ်လျက် လရောင်ကိုကြည့်ပြီးလျှင် မိမိ၏ အာယုသင်္ခါရတို့ကို စူးစမ်းဆင်ခြင်ပြီးနောက် "သင်တို့သည် အဘယ်သို့နေလျက် ပရိနိဗ္ဗာန်စံကြသော ရဟန်းတို့ကို မြင်ဘူးကြသနည်း"ဟု ရဟန်းသံဃာကို မေးလေ၏။ ထိုရဟန်းတို့တွင် အချို့က "နေရာ၌ ထိုင်နေကုန်လျက်သာလျှင် ပရိနိဗ္ဗာန်စံကြသည်ကို တပည့်တော်တို့ မြင်ဘူးပါသည်"ဟု လျှောက်ကုန်၏။ အချို့က "ကောင်းကင်၌ ထက်ဝယ်ဖွဲ့ကာ ထိုင်နေကုန်လျက် ပရိနိဗ္ဗာန်စံကြသည်ကို တပည့်တော်တို့ မြင်ဘူးပါသည်"ဟု လျှောက်ကုန်၏။ ထိုအခါ ရဟန္တာမထေရ်က "ယခု ငါသည် သင်တို့အား စကြံသွားလျက်သာလျှင် ပရိနိဗ္ဗာန်စံသည်ကို ပြပေအံ့"ဟု ဆို၏၊ ထိုသို့ ဆိုပြီးနောက် စကြံလမ်း၌ အရေးအကြောင်းကို ပြုပြီးလျှင် "ငါသည် ဤဘက် စကြံအစွန်းမှ ဟိုဘက် အစွန်းသို့ သွားပြီးလျှင် ပြန်လာသောအခါ ဤအရေးအကြောင်းသို့ ရောက်၍သာလျှင် ပရိနိဗ္ဗာန်စံမည်"ဟု ဆို၍ စကြံသို့တက်ကာ တဖက် အဖို့သို့ သွားပြီးလျှင် ပြန်လာလတ်သော် ခြေတဘက်ဖြင့် အရေး အကြောင်းကို နင်းမိသောခဏ၌ပင်လျှင် ပရိနိဗ္ဗာန်စံတော်မူလေသတတ်။

ထို(သို့ အာနာပါနဿတိသည် များသော အကျိုးအာနိသင် ရှိခြင်း)ကြောင့် အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသော ပညာ

http://www.dhammadownload.com

ရှိသည် ဤဆိုခဲ့သည့်အတိုင်း များပြားသော အာနိသင်နှင့်ပြည့်စုံသော အာနာပါနဿတိကမ္မဋ္ဌာန်းကို နေ့ရောညဉ့်ပါ အခါခပ်သိမ်း မမေ့မလျော့ပဲ စင်စစ်မှန်စွာ အားထုတ်ရာတော့သတည်း။ ဤကား ဥယျောဇဉ်ပေတည်း။

ယခု ဆိုခဲ့ပြီးသော စကားသည် အာနာပါနဿတိကမ္မဋ္ဌာန်း၌ အကျယ်ပြဆိုသော စကားအမြွက်ပေတည်း။

(အာနာပါနဿတိကမ္မဋ္ဌာန်း ပြီး၏)။

၁၀-ဥပသမာနုဿတိပွါးပုံ ပြဆိုချက်

၂၃၉။ ထိုမှတပါး အာနာပါနဿတိ၏ အခြားမဲ့၌ အကျဉ်းပြခဲ့သော ဥပသမာနုဿတိကို ပွါးစေခြင်းငှါ အလိုရှိသော ယောဂီသည် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက် အပြင်ပအာရုံများမှ ဖဲခွါကာ (ကမ္မဋ္ဌာန်း၌) ကောင်းစွာကပ်ငြိသည်ဖြစ်၍ [1] "ရဟန်းတို့ ပြုအပ်သော သစ်တတရားတို့ဖြစ်စေ၊ မပြုအပ်သော အသစ်တတရားတို့ဖြစ်စေ အကြင်မျလောက်ကုန်သော တရားတို့သည် ရှိကုန်၏၊ ထို(ရှိသမျှ)တရားတို့တွင် ကိလေသာတို့၏ ပျက်ပြယ်ရာ (ဝိရာဂ)တရားကို အမြတ်ဆုံးဟူ၍ ဆိုအပ်ပေ၏၊ ယင်းတရားသည် ယစ်မူးမှုတို့၏ အယစ်အမူးပြေရာ ကင်းရာဖြစ်သောကြောင့် မဒနိမ္မဒန လည်း မည်၏ [2]၊ ဆာလောင်မှုဟူသမျှတို့၏ ကင်းပျောက်ရာ ဖြစ်သော

မှတ်ချက်

၁–ကောင်းစွာကပ်ငြိသည်ဖြစ်၍ .... အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်ကုန်၏-ဟု စပ်ပါ။

၂–မဒနိမ္မဒနော-ပုဒ်၏အနက် ဖြစ်၍"ယစ်မူးမှုတို့၏ အယစ်အမူးပြေရာ ကင်းရာလည်းဖြစ်၏"ဟု ဤမျှ ပြန်လျှင်ပင် ပြည့်စုံလုံလောက်၏။ သို့သော်လည်း နောက်၌ ဖွင့်လတ္တံ့သော အဖွင့်နှင့် တိုက်ဆိုင်ကြည့်သောအားဖြင့် ပို၍

http://www.dhammadownload.com

ကြောင့် **ပိပါသဝိနယ** လည်း မည်၏၊ တွယ်တာရာနှင့် တွယ်တာမှုဟူသမျှတို့ကို နှုတ်ပယ်ရာဖြစ်သောကြောင့် **အာလယသမုဂ္ဃါတ** လည်း မည်၏၊ ဝဋ်၏ပြတ်ရာဖြစ်သောကြောင့် **ဝဋ္ဋုပစ္ဆေဒ** လည်း မည်၏၊ တဏှာ၏ကုန်ရာဖြစ်သောကြောင့် **တဏှာက္ခယ** လည်း မည်၏၊ **ကိလေသာ**တို့၏ ပျက်ပြယ်ရာဖြစ်သောကြောင့် **ဝိရာဂ** လည်း မည်၏[၃]၊ ဆင်းရဲတို့၏ ချုပ်ရာဖြစ်သောကြောင့် **နိရောဓ** လည်း မည်၏[၄]၊ ဝါနမည်သော တဏှာမှ ထွက်မြောက်သောကြောင့် (ဝါ-ပူလောင်မှုဟူသမျှတို့၏ ငြိမ်းရာဖြစ်သောကြောင့်[၅]) **နိဗ္ဗာန** လည်း မည်၏"ဟူ၍ ဤသို့ ဟောတော်မူသည့်အတိုင်း အလုံးစုံသော ဆင်းရဲတို့၏ ငြိမ်းရာဟု ဆိုအပ်သော နိဗ္ဗာန်၏ ဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်ကုန်၏။

ထို ယာဝတာ အစရှိသော စကားရပ်၌ ယာဝတာ-ဟူသည်ကား[၆] အကြင်မျှလောက်ကုန်သော (ဟု ဆိုလို၏)။ ဓမ္မာ-ဟူသည်ကား[၇] သဘောတရား

မှတ်ချက်

ရှင်းစေရန် အထက်ပါအတိုင်း ပါဠိအမည်ကိုပါ ဖော်ပြထားသည်။ နောက်ပုဒ်တို့၌လည်း နည်းတူပင်။

၁–အံ-၌ ဒု-၂၉၆ ၌ သုတ်ရင်း အဖွင့်အဋ္ဌကထာကို မှီ၍ ပြန်သောအနက် ဖြစ်သည်၊ ဤ ဝိသုဒ္ဓိမဂ်၌ အဖွင့်ကို နောက်စာပိုဒ်၌ တွေ့ရလတံ့။ သို့သော် **အ**ဓိပ္ပါယ်အားဖြင့် အတူတူပင် ဖြစ်သည်။

၂–ဤ **အ**နက်လည်း ၎င်းသုတ်ရင်း၏ အဋ္ဌကထာကို မှီသည်။

၃–**လ**က်သည်းကွင်းအတွင်းရှိ အနက်သည် (တံ အာဂမ္မ) သဗ္ဗေ ပရိဋ္ဌာဟာနိဗ္ဗာယန္တိ-ဟု ဖွင့်ပြသော သုတ်ရင်း၏ **အ**ဖွင့်**အ**ဋ္ဌကထာ**နှင့်အ**ညီပင်ဖြစ်**သ**ည်။

၄–ဤ ယာဝတာ-ပုဒ်ကို သုတ်၏ **မြန်**မာပြန်၌ "အကြင်မျှလောက်ကုန်သော" ဟူ၍ ပြန်ထားခဲ့ပြီးဖြစ်သောကြောင့် ဤ၌ မလိုသော်လည်း ဝိသုဒ္ဓိမဂ်အဖွင့် ပြည့်စုံစေရန် ဤအရာ၌ ထပ်၍ မြန်မာပြန်ပြခြင်း ဖြစ်သည်။

၅–ဤ ဓမ္မာ-ပုဒ်ကိုလည်း "တရားတို့သည်"ဟု အထက်၌ ပြန်ခဲ့ပြီး ဖြစ်သည်။

http://www.dhammadownload.com

တို့သည်(ဟု ဆိုလို၏)။ သန်တာ ဝါ အသန်တာ ဝါ-ဟူသည်ကား ပေါင်းစု ညီညွတ်ကုန်၍ ပြုအပ်ကုန်သည်မူလည်း ဖြစ်ကုန်သော မပြုအပ်ကုန်သည် မူလည်း ဖြစ်ကုန်သော (ဟု ဆိုလို၏)။ ထို(ရှိသမျှ) တရားတို့တွင် ဝိရာဂကို [၂၈၅] အမြတ်ဆုံးဟူ၍ ဆိုအပ်ပေ၏—ဟူသည်ကား ထိုသန်တ အသန်တတရားတို့တွင် ဝိရာဂကို အထူးသဖြင့် ချီးမွမ်းအပ်သည့် အမြတ် ဟူ၍ ဆိုအပ်ပေ၏။ ထိုစကား၌ ဝိရာဂ ဟူသည်မှာ ရာဂ၏ မရှိခြင်းမျှကိုသာ ဆိုလိုသည် မဟုတ်၊ စင်စစ်သော်ကား "ယင်းတရားသည် မဒနိမ္မဒနလည်း မည်၏ ။ပ။ နိဗ္ဗာနလည်း မည်၏"ဟု ဆိုရာတွင် အကြင် အသန်တတရားသည် မဒနိမ္မဒန အစရှိသော အမည်တို့ကို ရ၏၊ ထိုအသန်တတရားကို ဝိရာဂ ဟူ၍ ယုံကြည်မှတ်သားအပ်၏။ မှန်ပေ၏—ထိုအသန်တတရားသို့ အရိယာ မဂ်ဖြင့် ရောက်၍ မာန်တက်လျက် ယစ်ခြင်း, ယောက်ျားဟု ယစ်ခြင်း အစ ရှိကုန်သော အလုံးစုံကုန်သော ယစ်ခြင်းတို့သည် အယစ်အမူး ကင်းကုန်၏ ပျက်စီးကုန်၏၊ ထို့ကြောင့် **မဒနိမ္မဒန** မည်၏။ ထိုအသန်တတရားသို့ ရောက်၍ အလုံးစုံသော ကာမအာရုံ ဆာလောင်မှု(ပိပါသ)သည် (ဝါ-ကာမအာရုံ ဆာလောင်မှု အစရှိသော အလုံးစုံသော ဆာလောင်မှုသည်[၂])

မှတ်ချက်

၁ – သံ-ပေါင်းစုညီညွတ်၍ + ကတ-ပြုအပ်သည် = သန်တ-ပေါင်းစု ညီညွတ်၍ ပြုအပ်သောတရား။ သက်ဆိုင်ရာအကြောင်းတရားတို့ အညီအညွတ်ပေါင်းစု မိသောအခါ ဖြစ်ပေါ်လာသည်ကိုပင် ပေါင်းစုညီညွတ်၍ ပြုအပ်သည်ဟု ဆိုသည်၊ ဥပမာ ဒုတ် ၂-ချောင်း တိုက်ခိုက်မိသောအခါ ဖြစ်ပေါ်လာသော အသံကို "သန်တ-ပေါင်းစုညီညွတ်၍ ပြုအပ်သောတရား"ဟု ဆိုအပ်သကဲ့သို့ ပင်တည်း။ အ-မဟုတ်+သန်တ-ပေါင်းစုညီညွတ်၍ ပြုအပ်သည်=အသန်တ-ပေါင်းစုညီညွတ်၍ ပြုအပ်သည်မဟုတ်သောတရား။ ဝါ-မပြုအပ်ပဲ ရှိနေသော တရား။

၂ – သုတ်ရင်းအဖွင့်အဋ္ဌကထာ, ဣတိဝုတ်အဋ္ဌကထာ ၂၇၂-တို့နှင့် အညီပင်။

http://www.dhammadownload.com

ကင်းခြင်း ချုပ်ခြင်းသို့ ရောက်၏၊ ထို့ကြောင့် **ပိပါသဝိနယ** ဟူ၍ ဆိုအပ်၏။ ထို့ပြင် ထိုအသန်တသို့ရောက်၍ ငါးပါးသော ကာမဂုဏ် ဟူသော တွယ်တာရာတို့သည် (၀ါ-ကာမဂုဏ်၌ တွယ်တာမှုအစရှိကုန်သော တွယ်တာမှု ဟူသမျှတို့သည်[၁]) အကြွင်းမဲ့ နှုတ်ပယ်အပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏၊ ထို့ကြောင့် **အာလယသမုဂ္ဃါတ** ဟူ၍ ဆိုအပ်၏။ ထို့ပြင် ထိုအသန်တသို့ ရောက်၍ ဘုံသုံးပါး၌ အတွင်း၀င်သော ၀ဋ်သုံးပါးသည် ပြတ်စဲ၏၊ ထို့ကြောင့် **၀ဋ္ဋုပစ္ဆေဒ** ဟူ၍ ဆိုအပ်၏။ ထို့ပြင် ထိုအသန်တသို့ရောက်၍ တဏှာသည် အချင်းခပ်သိမ်း ကုန်ခြင်းသို့ ရောက်၏ ပျက်ပြယ်၏ ချုပ်၏၊ ထို့ကြောင့် တဏှက္ခယ, ဝိရာဂ, နိရောဓ ဟူ၍ ဆိုအပ်၏။ ထို့ပြင် တဏှာသည် ယောနိ လေးပါး ဂတိ ငါးပါး ဝိညာဏဋ္ဌိတိ ခုနစ်ပါး သတ္တာဝါသ ကိုးပါးတို့ကို တပါးပြီးတပါး အဆက်ဆက်ဖြစ်ရန် ဖွဲ့တတ် ချည်နှောင်တတ် ချုပ်စပ်တတ်သောကြောင့် ဝါန မည်၏၊ ဤတရားသည် ထို၀ါန မည်သော တဏှာမှ ထွက်မြောက်၏ ကျွတ်လွတ်၏ ကင်းရှင်း၏၊ ထို့ကြောင့် ဤတရားကို နိဗ္ဗာနဟူ၍လည်း ဆိုအပ်၏[၂]။ ဤကား ပုဒ်တို့၏အဖွင့်။ ဤဖွင့်ပြခဲ့သည့်အတိုင်း (မဒနိမ္မဒနတာ) ယစ်မူးမှုတို့၏ ပြေရာ အယစ်အမူး ကင်းရာဖြစ်ခြင်း အစရှိကုန်သော ဤဂုဏ်တို့၏ အလိုအားဖြင့် နိဗ္ဗာန်ဟု ဆိုအပ်သော ငြိမ်းခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်ပေသည်။

ထိုမှတပါး "ရဟန်းတို့ သင်တို့အား မပြုအပ်သော (အသန်တ) တရားကိုလည်း ဟောပေအံ့။ အစစ်အမှန် (သစ္စ) တရားကိုလည်း။ သံသရာ၏ ဟိုဘက်ကမ်း (ပါရ) တရားကိုလည်း။ အလွန်မြင်နိုင်ခဲသော (သုဒုဒ္ဒသ) တရား

မှတ်မှတ်

၁–နှာ ၄၁၁၊ မှတ်ချက် ၂-အတိုင်းပင်။

၂–ဤ၌ သိလှယ်စေရန် ၀ါန-ပုဒ်၏ ၀စနတ္ထကို သီးခြားခွဲ၍ ပြန်သည်။ နိ၀ါန-မှ နိဗ္ဗာန-ဟု ဖြစ်လာသည်။

http://www.dhammadownload.com

ကိုလည်း။ အိုခြင်းကင်းသော(အဇရ)တရားကိုလည်း။ ခိုင်မြဲသော(ဓုဝ) တရားကိုလည်း။ နယ်ချဲ့မှု ဖင့်နှဲ့မှုကင်းသော (နိပ္ပပဉ္စ)တရားကိုလည်း။ သေခြင်း ကင်းသော(အမတ)အမြိုက် တရားကိုလည်း။ ငြိမ်းအေးသော(သိဝ) တရားကိုလည်း။ ဘေးကင်းသော(ခေမ)တရားကိုလည်း။ မဖြစ်စဖူး အလွန် ထူးသော (အဗ္ဘုတ)တရားကိုလည်း။ အကျိုးမဲ့ ဘေးရန်ကင်းသော (အနီတိက) တရားကိုလည်း။ ဆင်းရဲကင်းသော (အဗျာပဇ္ဈ) တရားကိုလည်း။ စင်ကြယ်သော(ဝိသုဒ္ဓိ)တရားကိုလည်း။ ရေလယ်မှာထွန်းသည့် ကျွန်းကုန်း ပမာ မှီခိုရာ(ဒီပ)တရားကိုလည်း။ဆင်းရဲဟူသမျှမှ ကာကွယ်စောင့်ရှောက် တတ်သော(တာဏ)တရားကိုလည်း။ ရဟန်းတို့ သင်တို့အား ' ဆင်းရဲ ဟူသမျှမှ လုံခြုံအောင် ပုန်းအောင်းရာ(လေဏ)တရားကိုလည်း ဟောပေ အံ့" ဤသို့ အစရှိသော သုတ်တို့၌ အခြားတပါးကုန်သော ဥပသမဂုဏ် တို့ကိုလည်း မြတ်စွာဘုရား ဟောထားတော်မူပေသည်။ ထိုဂုဏ်တို့ အလို အားဖြင့်လည်း အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်သည်သာတည်း။

ဤဆိုခဲ့သည့်အတိုင်း ယစ်မူးမှုတို့၏ အယစ်အမူးပြေရာ–ကင်းရာဖြစ်ခြင်း အစရှိကုန်သောဂုဏ်တို့အလိုအားဖြင့် ငြိမ်းအေးသောနိဗ္ဗာန်၏ဂုဏ်ကို အဖန် တလဲလဲ အောက်မေ့ဆင်ခြင်နေသော ထိုယောဂီအား ရာဂလွန်မ်းမိုးနှိပ်စက် ခံရသောစိတ် မဖြစ်တော့သည်သာ၊ ဒေါသလွန်မ်းမိုးနှိပ်စက်ခံရသောစိတ် မဖြစ်တော့သည်သာ၊ မောဟလွန်မ်းမိုးနှိပ်စက်ခံရသောစိတ် မဖြစ်တော့ သည်သာ၊ ထိုအခါ၌ ထိုယောဂီ၏ စိတ်သည် နိဗ္ဗာန်(၏ ငြိမ်းအေးခြင်း ဂုဏ်)ကို အာရုံပြုလျက် ဖြောင့်မတ်နေသည်သာလျှင် ဖြစ်ပေသည်၊ ဤသို့ စသည်ဖြင့် ဗုဒ္ဓါနုဿတိ စသည်တို့၌ ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် နိဝရဏ ကင်းကွာပြီးသော ယောဂီအား တခုသောခဏ၌ ဈာန်အင်္ဂါတို့သည် ဖြစ်ပေါ် ကုန်၏။ သို့သော်လည်း နိဗ္ဗာန်၏ဂုဏ်တို့၏နက်နဲခြင်းကြောင့်ဌင်း၊ မျှားစွာသောဂုဏ်တို့ကို အောက်မေ့ခြင်းငှါ နှလုံးသွင်းညွှတ်ကိုင်းခြင်း

http://www.dhammadownload.com

ကြောင့်၎င်း အပွနာစျာန်သို့ မရောက်မူ၍ ဥပစာရသို့သာလျှင်ရောက်သော စျာန်သည် [၂၀၆] ဖြစ်ပေ၏။ ထိုသို့ ဥပစာရသို့ရောက်သော ဤစျာန်သည် ဥပသမမည်သော နိဗ္ဗာန်၏ ဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့် ဥပသမာနုဿတိဟူ၍သာလျှင် ရေတွက်ခေါ်ဆိုအပ်ခြင်းသို့ ရောက်ပေသည်။

ဆက်၍ ရှင်းပြဦးအံ့—ဤဥပသမာနုဿတိသည်လည်း (ဗုဒ္ဓါနုဿတိအစရှိသော) ၆-ပါးသော အနုဿတိတို့ကဲ့သို့ အရိယာသာဝကအားသာလျှင် ပြည့်စုံမြဲသည်၊ ဤသို့ ဖြစ်ငြားသော်လည်း ငြိမ်းအေးသောနိဗ္ဗာန်ကို အလေးဂရုပြုသော ပုထုဇဉ်ပုဂ္ဂိုလ်သည်လည်း နှလုံးသွင်းအပ်-နှလုံးသွင်းသင့်-နှလုံးသွင်းကောင်းပေ၏။ မှန်ပေ၏-ကြားနာရသော သုတ၏အစွမ်းအားဖြင့်လည်း ငြိမ်းအေးသောနိဗ္ဗာန်၌ စိတ်သည် ကြည်လင်တတ်-ကြည်ညိုတတ်ပေ၏။အကျိုးကား ဤဥပသမာနုဿတိကမ္မဋ္ဌာန်းကို အားထုတ်သော ရဟန်းသည် ချမ်းသာစွာ အိပ်ရ၏၊ ချမ်းသာစွာနိုးရ၏၊ ငြိမ်သက်သော ဣန္ဒြေရှိ၏၊ ငြိမ်သက်သော နှလုံးရှိ၏၊ ဟိရိသြတ္တပ္ပနှင့် ပြည့်စုံ၏၊ ကြည်ညိုဖွယ်ကို ဆောင်၏၊ မြတ်သောနိဗ္ဗာန်၌ညွှတ်ကိုင်းသဖြင့် မွန်မြတ်သောနှလုံးသွင်းခြင်း ရှိ၏၊ သီတင်းသုံးဘော်တို့က အလေးပြုအပ်သူ မေတ္တာပွါးအပ်သူ ဖြစ်ပေ၏။ အထက်၌ မဂ်ဖိုလ်တရားထူးကို မသိငြား မရငြားသော်လည်း သုဂတိလျှင် လားရာရှိပေ၏။

ထို(သို့ ချမ်းသာစွာ အိပ်ရခြင်းမှစ၍ သုဂတိလျှင် လားရာရှိသည်တိုင်အောင် များစွာသောအကျိုးရှိခြင်း)ကြောင့် အမြော်အမြင် ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဤဆိုခဲ့သည့် အတိုင်း များသော အာနိသင်ရှိသော[1] မြတ်သော(၀၊-အရိယာ

မှတ်ချက်

၁-များသောအာနိသင်ရှိသော....အောက်မေ့မှု-သတိကို-ဟု စပ်ပါ။

http://www.dhammadownload.com

တို့၏ဥစ္စာဖြစ်သော) ငြိမ်းအေးသောနိဗ္ဗာန်၌ အောက်မေ့မှု-
သတိကို မမေ့မလျော့ပဲ စင်စစ်မှန်စွာ ပွါးစေရာတော့သတည်း။
ဤကားဥယျောဇဉ်ပေတည်း။

ဤဆိုခဲ့သောစကားသည် ဥပသမာနုဿတိကမ္မဋ္ဌာန်း၌ အကျယ်ပြဆို
သော စကားအမြွက်ပေတည်း။

(ဥပသမာနုဿတိကမ္မဋ္ဌာန်း ပြီး၏)။

ဤသည်ကား သူတော်ကောင်းအပေါင်းတို့၏ နှစ်သိမ့်ဝမ်းမြောက်ခြင်းငှါ
စီရင်အပ်သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ် သမာဓိဘာဝနာအရာ၌
အနုဿတိကမ္မဋ္ဌာန်းကို အကျယ်ပြချက်(အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ)
မည်သော ရှစ်ခုမြောက်ဖြစ်သော
အပိုင်းအခဏ်းပေတည်း။

(အနုဿတိကမ္မဋ္ဌာန်းကို အကျယ်ပြချက် ပြီး၏)။

http://www.dhammadownload.com

၉-မြဟ္မဝိဟာရနိဒ္ဒေသ—မြဟ္မဝိဟာရကို အကျယ်ပြဆိုချက်

၁-မေတ္တာပွါးပုံအဖွင့်

[၂၈၇] ၂၄၀။ ထိုမှတပါး အနုဿတိကမ္မဋ္ဌာန်းအခြားမဲ့၌ အကျဉ်းခေါင်းစဉ်အနေဖြင့် ပြထားခဲ့ကုန်ပြီးသော (၁)မေတ္တာ၊ (၂)ကရုဏာ၊ (၃)မုဒိတာ၊ (၄)ဥပေက္ခာဟူသော ဤလေးပါးသော မြဟ္မဝိဟာရတို့တွင် မေတ္တာကို ပွါးစေခြင်းငှါ အလိုရှိသော အားထုတ်ခါစ ယောဂါဝစရ ပုဂ္ဂိုလ်သည်[၁] ပလိဗောဓတို့ကို ဖြတ်ပြီးနောက် ဆရာ့ထံမှ ကမ္မဋ္ဌာန်းကို သင်ယူခဲ့ပြီးလျှင် ဆွမ်းစားခြင်းကိစ္စကို ပြုပြီးသောအခါ ဆွမ်းဆီယစ်ခြင်းကို ပယ်ဖျောက်၍ ဆိတ်ငြိမ်သောအရပ်ဝယ် ကောင်းစွာ ခင်းထားသော နေရာ၌ နေသာသည့်အလျောက် ချမ်းသာစွာ ထိုင်နေလျက် ဘာဝနာမပွါးမီ ရှေးဦးစွာ ဒေါသ၌ အပြစ်ကိုငဲ့၊ သည်းခံခြင်း၌ အကျိုးအာနိသင်ကိုငဲ့ ဆင်ခြင်အပ်ပေသည်။

အဘယ့်ကြောင့်နည်း? ဟူမူ—ဤမေတ္တာဘာဝနာဖြင့် ဒေါသကို ပယ်အပ်၏၊ သည်းခံခြင်းဂုဏ်ကို ရယူအပ်၏၊ သို့သော် အပြစ်မမြင်ရသေးသော တစုံတခုသောတရားကို ပယ်ရန်လည်း မစွမ်းနိုင်၊ အကျိုးအာနိသင်ကို မသိရသေးသော တစုံတခုသောတရားကို ရယူရန်လည်းမစွမ်းနိုင်၊ထို့ကြောင့် ပေတည်း။ သို့ဖြစ်၍—

"ငါ့ရှင် (ပရိဗိုဇ်)ဒေါသက ဖျက်ဆီးအပ်သော ဒေါသက လှမ်းမိုးလျက် စိတ်အားလုံးကို ဆွဲဆောင်သွားသောသူသည် သတ္တဝါ

မှတ်ချက်

၁—ယောဂါဝစရ ပုဂ္ဂိုလ်သည် ... ဖြတ်ပြီးနောက်.... သင်ယူခဲ့ပြီးလျှင်—စသည်ဖြင့် စပ်၍ နောက်ဆုံး၌ ဆင်ခြင်အပ်ပေသည်-ဟူသောပုဒ်နှင့် စပ်ပါ။

http://www.dhammadownload.com

ကိုလည်း သတ်၏"ဟု ဤသို့ အစရှိသောသုတ်၏ အစွမ်းအားဖြင့် ဒေါသ၌ အပြစ်ကို ရှုအပ်၏။

"ချုပ်တည်းခြင်းဟူသော (ခန္ဓိ) သည်းခံခြင်းသည် အမြတ်ဆုံး အကျင့်ပေတည်း။ နိဗ္ဗာန်ကို အမြတ်ဆုံးဟူ၍ ဘုရားရှင်တို့က မိန့်ဆို ကြသည်။"

"သည်းခံခြင်းဟူသော ခွန်အားရှိသော သည်းခံခြင်းခွန်အား ဟူသောစစ်တပ်ရှိသော ထိုပုဂ္ဂိုလ်ကို 'မကောင်းမှုကို အပပြုပြီး သောပြာဟ္မဏ သူမြတ်'ဟူ၍ ငါဆိုပေသည်"။

"သည်းခံခြင်းထက်သာလွန်သော အကျိုးစီးပွါးမည်သည် မရှိခေ" ဤသို့ အစရှိကုန်သော သုတ်တို့၏ အစွမ်းအားဖြင့် သည်းခံခြင်း၌ အကျိုးအာနိသင်ကို သိအပ်၏။

ထို့နောင် ဤဆိုခဲ့သည့်အတိုင်း မြင်ပြီးသည့်အပြစ်ရှိသော ဒေါသမှ စိတ်ကို ခွဲခွါခြင်းအကျိုးငှါ၎င်း၊ သိအပ်ပြီးသော အကျိုးအာနိသင်ရှိသော သည်းခံခြင်းနှင့် (စိတ်ကို) ယှဉ်စေခြင်း အကျိုးငှါ၎င်း မေတ္တာဘာဝနာကို အားထုတ်အပ်၏။ အားထုတ်သော်သူသည်လည်း ရှေးဦးကပင်လျှင်၂ "ဤပုဂ္ဂိုလ်တို့၌ မေတ္တာကို ရှေးဦးစွာ မပွါးစေအပ်၊ ဤပုဂ္ဂိုလ်တို့၌ လုံးဝမပွါးစေအပ်" ဟူ၍ ဘာဝနာကို ပျက်စေတတ်သောပုဂ္ဂိုလ်တို့ကို သိအပ်ကုန်၏[၃]။

မှတ်ချက်

၁–ပါဏာမိ ဟနတိ-သတ္တဝါကိုလည်း သတ်၏-ဟူသော စကားအဆုံး၌ သုတ်ရင်းပါဠိတွင် အတ္တဗျာဗာဓာယပိ စေတေတိ-မိမိကိုယ်ကို နှိပ်စက်ခြင်းငှါလည်း စေ့ဆော်အားထုတ်၏-စသည်ဖြင့် ရှိပေသည်။

၂–ရှေးဦးကပင်လျှင် ...သိအပ်ကုန်၏-ဟု စပ်ပါ။

၃–ပုဂ္ဂလဒေါသာ ဇာနိတဗ္ဗာ-ဟူသောပါဌ်ကို ဋ္ဌိကာဖွင့်နှင့်အညီ ပြန်ဆိုချက် ဖြစ်သည်။ ထိုဋ္ဌိကာ၌ ပုဂ္ဂလ-ပုဂ္ဂိုလ်+ဒေါသ–ဘာဝနာကို ပျက်စေတတ်

http://www.dhammadownload.com

ခွဲ၍ပြအံ့— (၁) မချစ်အပ်သော-မုန်းအပ်သောပုဂ္ဂိုလ်၊ (၂) အလွန်ချစ်အပ်သော ပုဂ္ဂိုလ်၊ (၃)မချစ်မမုန်း အလယ်အလတ်ပုဂ္ဂိုလ်၊ (၄)ရန်သူပုဂ္ဂိုလ်ဟူသော ဤလေးဦးသော ပုဂ္ဂိုလ်တို့၌ ဤမေတ္တာကို ရှေးဦးစွာမပွါးစေအပ်ပေ။ လိုင်အသွင် ကွဲပြားသောပုဂ္ဂိုလ်၌ သီးသန့် အပိုင်းအခြားအားဖြင့် မပွါးစေအပ်၊ သေလေသောသူ၌ လုံးဝ မပွါးစေအပ်။ မုန်းအပ်သောပုဂ္ဂိုလ် စသည်တို့၌ ရှေးဦးစွာ အဘယ့်ကြောင့် မပွါးစေအပ်သနည်း? ဟူမူ-အဖြေကား—မုန်းအပ်သူကို ချစ်အပ်သူအရာ၌ ထားလျှင် ပင်ပန်း၏၊ အလွန်ချစ်အပ်သော သူငယ်ချင်းကို အလယ်အလတ်အရာ၌ ထားလျှင် ပင်ပန်း၏၊ မှန်ပေ၏-ထိုအလွန်ချစ်အပ်သူအား အနည်းငယ်မျှသော်လည်း ဆင်းရဲဖြစ်(သည်ကို သိရ)လတ်သော် ငိုမည့်အခြင်းအရာသို့ ရောက်သကဲ့သို့ ဖြစ်တတ်၏။ [၂၀၈] အလယ်အလတ်ပုဂ္ဂိုလ်ကို အလေးပြုအပ်သူအရာ၌ငင်း၊ ချစ်အပ်သူအရာ၌ငင်း ထားလျှင် ပင်ပန်း၏။ရန်သူကို အောက်မေ့ ဆင်ခြင်မိသောသူအား အမျက်ထွက်ခြင်း ဖြစ်တတ်၏။ ထို့ကြောင့် မုန်းအပ်သောပုဂ္ဂိုလ်စသည်တို့၌ (မေတ္တာကို)ရှေးဦးစွာ မပွါးစေအပ်ပေသတည်း။

လိုင်အသွင် ကွဲပြားသောပုဂ္ဂိုလ်၌မူကား ထိုသူ တဦးတည်းကိုသာလျှင် အာရုံပြု၍ သီးသန့် အပိုင်းအခြားအားဖြင့် (၀ါ-သီးသန့် ပိုင်းခြား၍) (မေတ္တာကို)ပွါးစေသောသူအား တပ်စွဲမှု-ရာဂဖြစ်တတ်၏၊ အမတ်၏သားဖြစ်သော လူတယောက်သည် "အရှင်ဘုရား အဘယ်ပုဂ္ဂိုလ်အား မေတ္တာကို

မှတ်ချက်

သည်=ပုဂ္ဂလဒေါသာ-ဘာဝနာကို ပျက်စေတတ်သော ပုဂ္ဂိုလ်မျှားဟု နက်နဲစွာ ဖွင့်ပြထားလေသည်။ ရှေးဦးစွာ မပွါးစေအပ်သော ပုဂ္ဂိုလ်နှင့် လုံးဝ မပွါးစေအပ်သော ပုဂ္ဂိုလ်ဟူသော ဤပုဂ္ဂိုလ်အပြားကို သိအပ်၏ဟု ယူလျှင် ပုဂ္ဂလဘေဒေါ ဇာနိတဗ္ဗော-ဟူသော ယခုလက်ရှိ ပါဠိသည်လည်း သိလွယ်လျက် သင့်ရာသည်သာ။

http://www.dhammadownload.com

ပွါးစေအပ်ပါသနည်း”ဟု ဆွမ်းခံလာနေကျ မထေရ်ကို မေးလျှောက်သတတ်။ မထေရ်က “ချစ်သည့်ပုဂ္ဂိုလ်၌ ပွါးစေအပ်သည်”ဟု ပြောကြား၏။ ထိုအမတ်၏သားသည် မိမိ၏မယားကို ချစ်၏၊ (ထို့ကြောင့်) ထိုအမတ်၏သားသည် ထိုမယား၌ မေတ္တာကိုပွါးစေလတ်သော် တည်ဉ့်ပတ်လုံး (သူ၏မယားရှိရာသို့သွားရန်) နံရံနှင့် တိုးဝှေ့တိုက်ခိုက်ခြင်းကို ပြုရလေသတတ်[1]။ ထို့ကြောင့် လိင်အသွင်ကဲ့ပြားသောပုဂ္ဂိုလ်၌ သီးသန့်အားဖြင့် (မေတ္တာကို) မပွါးစေအပ်။

သေလေသောသူ၌ ပွါးစေလျှင်ကား အပ္ပနာသို့ မရောက်သည်သာ၊ ဥပစာသို့သော်လည်း မရောက်။ ရဟန်းငယ်တပါးသည် ဆရာကို အာရုံပြု၍ မေတ္တာကို အားထုတ်၏၊ ထိုရဟန်းငယ်အား မေတ္တာသည် မဖြစ်ပဲ ရှိ၏။ ထိုရဟန်းငယ်သည် မထေရ်ကြီးတပါးထံသို့ သွား၍ “အရှင်ဘုရား တပည့်တော်မှာ မေတ္တာစျာန်သမာပတ်သည် ကျေပြွန်လျက်ရှိပါ၏၊ သို့သော်လည်း ထိုသမာပတ်ကို (ယခု) မဝင်စားနိုင်ပါ၊အဘယ်အကြောင်းကြောင့်နည်း”ဟု မေးလျှောက်၏။ မထေရ်ကြီးက “ငါ့ရှင် အာရုံနိမိတ်(ဖြစ်သူ)ကို ရှာကြည့်ပါလော”ဟု မိန့်ဆိုလိုက်၏။ ထိုရဟန်းငယ်သည် ရှာကြည့်လတ်သော်

မှတ်ချက်

၁–ဘိတ္တိယုဒ္ဓမကာသိ-နံရံနှင့်တိုက်ခိုက်ခြင်းကို ပြုလေသည်–ဟူသည်ကား (ထို အမတ်၏သားသည်) ဥပုသ်သီလကို ဆောက်တည်ပြီးလျှင် တံခါးပိတ်ထားသော တိုက်ခန်းဝယ် အိပ်ရာ အင်းပျဉ်၌ ထိုင်လျက် မေတ္တာကို ပွါးစေလတ်သော် မေတ္တာကို ရွေသွားပြုသဖြင့် ဖြစ်ပေါ်လာသော ရာဂ-က ဉာဏ်မြင်ကန်းအောင် ပြုလိုက်သောကြောင့် မယားထံသို့ သွားလိုလတ်သော် တံခါးပေါက်ကို မမှတ်နိုင်သဖြင့် နံရံကို ဖောက်ခဲ့၍သော်လည်း သွားလိုသောကြောင့် နံရံကို တိုက်ခိုက်ပုတ်ခတ်လေသည်။ ထို့ကြောင့် “မေတ္တာပွါးမှုကို ရွေသွားပြုသဖြင့် ရာဂ-က လှည့်စားတတ်သည်”ဟု နေတ္တိအဋ္ဌကထာ၌ ပြဆိုထားပေသည်။ (ဋီကာ)

http://www.dhammadownload.com

ဆရာ၏ ကွယ်လွန်လေသည်၏အဖြစ်ကို သိရ၍ အခြားပုဂ္ဂိုလ်ကို အာရုံပြုလျက် မေတ္တာကို ပွါးစေလတ်သော် သမာပတ်သို့ ရောက်လေသတတ်။ ထို့ကြောင့် သေလေသောသူ၌ မပွါးအပ်သည်သာတည်း။

မေတ္တာပွါးပုံ

၂၄၁။ ပွါးစေသင့်သည်မှာ–အလုံးစုံသောသူတို့၏ ရှေးဦးစွာ[၁] "ငါသည် ချမ်းသာလို၏၊ ဆင်းရဲကင်းလို၏၊ (ငါချမ်းသာရပါစေ၊ ဆင်းရဲကင်းရပါစေ)" ဟူ၍သော်၎င်း၊ "အဝေရော (ဟောမိ) ငါသည် ရန်ကင်းသည် ဖြစ်လို၏၊ (ရန်ကင်းရပါစေ)၊ အဗျာပဇ္ဈော (ဟောမိ) စိတ်ဆင်းရဲကင်းသည်ဖြစ်လို၏၊ (စိတ်ဆင်းရဲ ကင်းရပါစေ) အနီဃော (ဟောမိ) ကိုယ်ဆင်းရဲကင်းသည် ဖြစ်လို၏၊ (ကိုယ်ဆင်းရဲ ကင်းရပါစေ) သုခီ အတ္တာနံ ပရိဟရာမိ-ချမ်းသာနှင့် ပြည့်စုံသည်ဖြစ်၍ (ချမ်းသာစွာ) မိမိကိုယ်ကို ရွက်ဆောင်နိုင်ရပါစေ" ဟူ၍သော်၎င်း ဤပုံဤနည်းဖြင့် အဖန်တလဲလဲ မိမိ၌သာလျှင် ပွါးစေအပ်၏။

ဤသို့ဖြစ်ပါမူ အဘိဓမ္မာပိဋကဝိဘင်းပါဠိတော်၌–

> "ရဟန်းသည် အဘယ်သို့လျှင် မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကိုဖြန့်၍ နေသနည်း။ ဥပမာဖြင့် ပြရလျှင် ချစ်အပ် မြတ်နိုးအပ်သော ပုဂ္ဂိုလ်တယောက်ကို မြင်၍ မေတ္တာပွါးရာသကဲ့သို့ ထို့အတူပင် (တခုသော အရပ်မျက်နှာ၌) အလုံးစုံကုန်သော သတ္တဝါတို့ကို မေတ္တာဖြင့် ဖြန့်၏" ဟူ၍—

ဟောထားသော စကားသည်၎င်း၊၂၊

မှတ်ချက်

၁–ရှေးဦးစွာ....မိမိ၌သာလျှင် ပွါးစေအပ်၏-ဟု စပ်ပါ။

၂–အနိယတ်နှင့် နိယတ်ကို တပေါင်းတည်းပြု၍ ပြန်ထားသည်။ နောက် ၂–ဝါကျ၌လည်း နည်းတူပင်။

http://www.dhammadownload.com

"အပိုင်းအခြား အကန့်အသတ်မရှိသောအားဖြင့် ဖြန့်သော မေတ္တာစေတောဝိမုတ္တိကို အဘယ်ငါးပါးသော အခြင်းအရာတို့ဖြင့် ပွါးစေအပ်သနည်း။ (သဗ္ဗေ သတ္တာ)အလုံးစုံသော သတ္တဝါတို့သည် (အဝေရာ ဟောန္တု) ရန်ဘေးကင်းကြပါစေ၊ (အဗျာပဇ္ဈာ)စိတ် ဆင်းရဲကင်းကြပါစေ၊ (အနီဃာ) ကိုယ်ဆင်းရဲကင်းကြပါစေ၊ (သုခီ အတ္တာနံ ပရိဟရန္တု) ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။ (သဗ္ဗေ ပါဏာ)အလုံးစုံသော အသက်ရှူသူတို့သည်.....။ (သဗ္ဗေ ဘူတာ) အလုံးစုံသော ကိုယ်ထင်ရှားဖြစ်သူတို့သည်.....။ (သဗ္ဗေ ပုဂ္ဂလာ) အလုံးစုံသော ပုဂ္ဂိုလ်တို့သည်.....။ (သဗ္ဗေ အတ္တဘာဝပရိယာပန္နာ) အလုံးစုံသော အတ္တဘောဌ် အတွင်းဝင်သူတို့သည် ရန်ကင်းကြပါစေ စိတ်ဆင်းရဲကင်းကြပါစေ ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ" ဤသို့အစရှိသည်ဖြင့်[1]—

ပဋိသမ္ဘိဒါမဂ်၌ ဟောထားသော စကားသည်၎င်း၊

[၂၀၉] အလုံးစုံသော သတ္တဝါတို့သည် ချမ်းသာနှင့်ပြည့်စုံကုန်သည်၎င်း၊ ဘေးငြိမ်းကုန်သည်၎င်း ဖြစ်ကြပါစေ၊ ချမ်းသာနှင့်ပြည့်စုံသော ကိုယ်စိတ်ရှိကုန်သည် ဖြစ်ကြပါစေ" ဤသို့စသည်ဖြင့်[2]—

မေတ္တာသုတ်၌ ဟောထားသော စကားသည်၎င်း ဆန့်ကျင်ပါသလော၊ ထို ပါဠိတော်သုံးရပ်တို့မှာ မိမိ၌ မေတ္တာပွါးစေခြင်းကို မဟောခဲ့သည်

မှတ်ချက်

၁–ပါဠိရင်း၌ ဣတိအာဒိ-ဟု ပဌမန္တနှင့်ရှိသော်လည်း သိလွယ်စေရန် တတိယန္တ ဖြင့် ပြင်၍ပြန်ထားသည်။

http://www.dhammadownload.com

မဟုတ်ပါလော၊ဟူ၍ စောဒနာငြားအံ့၊ (အဖြေကား) ထိုစကားသုံးရပ်သည်လည်း မဆန့်ကျင်ပါ၊ အဘယ်ကြောင့်နည်း?ဟူမူ – ထိုစကားသုံးရပ်ကို အပ္ပနာဈာန်ကို ဆောင်တတ်သော ဘာဝနာအလိုအားဖြင့် ဟောထားခြင်းဖြစ်သောကြောင့်၎င်း၊ ဤဝိသုဒ္ဓိမဂ်၌ပြသော မိမိ၌ မေတ္တာပွါးပုံစကားကို သက်သေအဖြစ် အလိုအားဖြင့် ဆိုခြင်းဖြစ်သောကြောင့်၎င်း ဖြစ်ပေသည်။

မှန်ပေ၏–"ငါသည် ချမ်းသာလို၏"အစရှိသော နည်းဖြင့် မိမိ၌ မေတ္တာကို အနှစ်တရာပတ်လုံးသော်၎င်း၊ အနှစ်တထောင်ပတ်လုံးသော်၎င်း အကယ်၍ ပွါးစေကာမူ ထိုပုဂ္ဂိုလ်အား အပ္ပနာ မဖြစ်သည်သာတည်း။ စင်စစ်သော်ကား "ငါသည် ချမ်းသာလို၏"စသည်ဖြင့် ပွါးစေသော သူအား ငါသည် ဆင်းရဲကို စက်ဆုပ်လျက် ချမ်းသာကို အလိုရှိသကဲ့သို့၎င်း၊ အသက်ရှင်နေလိုလျက် မသေလိုသကဲ့သို့၎င်း အခြားသတ္တဝါတို့သည်လည်း ဤအတူပင်ဟု မိမိကိုယ်ကို သက်သေပြု၍ (ဝါ-ကိုယ်ချင်းစာ၍) အခြားသတ္တဝါတို့၌ စီးပွါးချမ်းသာကို လိုလားခြင်းသည် ဖြစ်ပေါ်ပေ၏။ မြတ်စွာဘုရားသည်လည်း[၁] –

> အလုံးစုံသော အရပ်မျက်နှာမျှားသို့ စိတ်ဖြင့်လှည့်လည်၍ (ရှာကြည့်သော်လည်း) မိမိကိုယ်ထက် သာ၍ချစ်အပ်သောသူကို တစုံတခုသောအရပ်၌မျှ မတွေ့မြင်ရလေရာ၊ မိမိမှ တပါးသောသူတို့သည်လည်း အသီးအသီးသော သူတို့၏ကိုယ်ကို ဤအတူပင် ချစ်

မှတ်ချက်

၁ – မြတ်စွာဘုရားသည်လည်း....ဟောတော်မူလျက်....ဤနည်းကို ပြတော်မူအပ်ပေသည်-ဟု စပ်ပါ။

http://www.dhammadownload.com

(အပ်)ပေသည်။ ထို့ကြောင့် မိမိ၏ စီးပွါးချမ်းသာကို အလိုရှိသောသူသည် သူတပါးကို မညှဉ်းဆဲရာ"[၁] ဟူ၍—

ဟောတော်မူလျက် (မိမိကိုယ်ကို သက်သေပြု၍ မေတ္တာပွါးသော) ဤနည်းကို ပြတော်မူ(အပ်)ပေသည်။

၂၄၂။ ထို့ကြောင့် သက်သေအဖြစ်ထားရန် ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာဖြင့် ဖြန့်ပြီးလျှင် ထိုမှအခြားမဲ့၌ မေတ္တာပွါးရန် လွယ်ကူစေခြင်း

မှတ်ချက်

၁–မူရင်းဂါထာကို ပါဠိအနက် ထုတ်ပြဦးအံ့။

သဗ္ဗာ ဒိသာ အနုပရိဂမ္မ စေတသာ၊
နေဝဇ္ဈဂါ ပိယတရမတ္တနာ ကွစိ။
ဧဝံ ပိယော ပုထု အတ္တာ ပရေသံ၊
တသ္မာ နု ဟိ ံသေ ပရမတ္တကာမော။

သဗ္ဗာ ဒိသာ၊ အလုံးစုံသောအရပ်မျက်နှာများသို့။ စေတသာ၊ စိတ်ဖြင့်။ အနုပရိဂမ္မ၊ ရှာဖွေသောအားဖြင့် လှည့်လည်၍။ ဝါ-လှည့်လည်၍ရှာဖွေကြည့်လတ်သော်။ အတ္တနာ၊ မိမိထက်။ ပိယတရံ၊ သာ၍ ချစ်အပ်သော သူကို။ ကွစိ၊ တစုံတခုသောအရပ်၌မျှ။ နေဝ အဗ္ဈဂါ၊ မရနိုင်ရာ။ ဝါ-မတွေ့မမြင်ရလေရာ။ ပရေသံ၊ မိမိမှတပါး အခြားသူတို့၏၊ ဝါ-အခြားသူတို့သည်လည်း။ ပုထု အတ္တာ၊ အသီးအသီးသောသူတို့ကိုယ်ကို။ ဧဝံ၊ ဤအတူပင်။ ပိယော၊ ချစ်အပ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ အတ္တကာမော၊ မိမိကိုယ်ကို ချစ်ခင်သောသူသည်။ ဝါ-မိမိ၏စီးပွါးချမ်းသာကို အလိုရှိသောသူသည်။ ပရံ၊ သူတပါးကို။ နု ဟိ ံသေ–နု ဟိ ံသေယျ၊ ကိုယ်ချင်းစာကာ သနားညှာလျက် မနှိပ်စက်မညှဉ်းဆဲရာ။

http://www.dhammadownload.com

အကျိုးငှါ[၁] ထိုယောဂီ၏ ချစ်အပ် မြတ်နိုးအပ် အလေးပြုအပ် မေတ္တာပွါး အပ်-ပွါးထိုက်သော ဆရာဖြစ်စေ, ဆရာနှင့်တူမျှသူဖြစ်စေ, ဥပဇ္ဈာယ် ဖြစ်စေ, ဥပဇ္ဈာယ်နှင့်တူမျှသူဖြစ်စေ အကြင်ပုဂ္ဂိုလ်သည် ရှိရာ၏၊ ထို ပုဂ္ဂိုလ်၏ ချစ်အပ်သူ မြတ်နိုးအပ်သူ ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော ပေးကမ်းမှု ချစ်ဖွယ်စကားကို ပြောဆိုမှုစသည်တို့ကိုဂုဏ်း၊ အလေးပြုအပ်သူ မေတ္တာပွါးအပ်သူဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော သီလ သုတစသည် တို့ကိုဂုဏ်း အောက်မေ့ဆင်ခြင်၍ "ဤသူတော်ကောင်း ချမ်းသာနှင့် ပြည့်စုံပါစေ ဆင်းရဲကင်းပါစေ" ဤသို့ အစရှိသောနည်းဖြင့် မေတ္တာကို ပွါးစေအပ်၏။

ဤသို့သောပုဂ္ဂိုလ်၌မူ အပွနာစျာန်သည် ပြီးစီးပြည့်စုံနိုင်ပေ၏၊ သို့သော်လည်း ဤယောဂီရဟန်းသည် ထိုမျှဖြင့်သာ ရောင့်ရဲခြင်းသို့ မရောက်မူ၍ သီမာသမ္ဘေဒခေါ် နယ်ပယ်ပျက်ခြင်းကို ပြုလိုလျှင် ထိုမှအခြားမဲ့၌ အလွန် ချစ်အပ်သော သူငယ်ချင်း၌ဂုဏ်း၊ ထို့နောင် အလယ်အလတ်ပုဂ္ဂိုလ်၌ဂုဏ်း၊ ထို့နောင် ရန်သူပုဂ္ဂိုလ်၌ဂုဏ်း မေတ္တာကို ပွါးစေအပ်၏။ ထိုသို့ပွါးစေလျှင်လည်း (ချစ်အပ် အလေးပြုအပ်သောပုဂ္ဂိုလ်, အလွန်ချစ်အပ်သော ပုဂ္ဂိုလ်, အလယ်အလတ်ပုဂ္ဂိုလ်, ရန်သူပုဂ္ဂိုလ်ဟူသော လေးပါးသော ပုဂ္ဂိုလ်အဖို့တို့တွင်) တပါး တပါးသော ပုဂ္ဂိုလ်အဖို့၌ စိတ်ကို နှုးညံ့အောင် ဘာဝနာအမှု၌ ခန့်ကျန်းသန်စွမ်းအောင်ပြု၍ ထိုထိုအဖို့မှ အခြားမဲ့ အခြားမဲ့၌ (မေတ္တာစိတ်ကို) ဆောင်ပို့အပ်၏ (ပွါးစေအပ်၏)။

မှတ်ချက်

၁–လွယ်ကူစေခြင်းအကျိုးငှါ....ထိုပုဂ္ဂိုလ်၏....ပြောဆိုမှုစသည်တို့ကိုဂုဏ်း....သီလ သုတ စသည်တို့ကိုဂုဏ်း အောက်မေ့ဆင်ခြင်၍....မေတ္တာကို ပွါးစေအပ်၏-ဟု စပ်ပါ။

http://www.dhammadownload.com

[၂၉၀] အကြင်ပုဂ္ဂိုလ်မှာမူ ရန်သူပုဂ္ဂိုလ် မရှိသည်မူလည်း ဖြစ်၏၊ သို့မဟုတ် ယောကျ်ားမြတ်တို့၏ သဘောရှိသောကြောင့် အကျိုးမဲ့ကို ပြုသောသူ၌သော်လည်း ရန်သူဟု အမှတ်ထားခြင်းသည်ပင် မရှိ၊ ထိုသို့သော ပုဂ္ဂိုလ်သည်ကား "ငါ၏ မေတ္တာစိတ်သည် အလယ်အလတ်ပုဂ္ဂိုလ်၌ ခန့်ကျန်းစွာ ဖြစ်ပြီ၊ ယခုအခါ ထိုမေတ္တာစိတ်ကို ရန်သူထံ ဆောင်ပို့အံ့" ဟု ကြောင့်ကြစိုက်ခြင်းကိုပင် မပြုအပ်တော့ပြီ၊ သို့ဖြစ်၍ "အလယ်အလတ် ပုဂ္ဂိုလ်မှနောက် ရန်သူပုဂ္ဂိုလ်၌ မေတ္တာကိုပွါးစေအပ်၏" ဟု ဆိုခဲ့သော စကားမှာ ရန်သူရှိသော ယောဂီကိုရည်၍ ဆိုသောစကား ဖြစ်ပေသည်။

၂၄၃။ ဆက်ဦးအံ့–ရန်သူပုဂ္ဂိုလ်၌ မေတ္တာစိတ်ကို ဆောင်ပို့သော ထို ယောဂီအား ထိုရန်သူက ပြုထားဘူးသော ပြစ်မှားမှုကို အောက်မေ့ ဆင်ခြင်မိသဖြင့် အကယ်၍ အမျက်ဒေါသဖြစ်ငြားအံ့၊ သို့ဖြစ်လျှင် ဤ ယောဂီသည် (အလေးပြုအပ်သူ အစရှိသော သုံးဦးသော) ရှေးပုဂ္ဂိုလ်တို့ တွင် တဦးဦးသောပုဂ္ဂိုလ်၌ အဖန်တလဲလဲ မေတ္တာ(စျာန်)ကို ဝင်စားပြီး လျှင် (ထိုမှ) ထ၍ ထိုရန်သူပုဂ္ဂိုလ်ကို အဖန်တလဲလဲ မေတ္တာပို့ခြင်းဖြင့် အမျက်ဒေါသကို ပယ်ဖျောက်အပ်၏။ ဤသို့ အားထုတ်သော်လည်း (အမျက်ဒေါသသည်) အကယ်၍ မငြိမ်းသေးငြားအံ့၊ သို့ဖြစ်လျှင်—

> (ကကစူပမဩဝါဒ)လွှဲပမာဖြင့်ပြသော အဆုံးအမ စသည်တို့ကို လျော်ကန်၍ ဆင်ခြင်သောအားဖြင့် အမျက်ဒေါသကို ပယ်ခြင်းငှါ အဖန်တလဲလဲ အားထုတ်အပ်၏။

မှတ်ချက်

၁–ဤအရာ၌ မေတ္တံ–မေတ္တာကို-ဟု သာမညဆိုထားသော်လည်း အခြားမဲ့၌ သမာပဇ္ဇိတ္တာ-ဝင်စား၍-ဟုငှင်း၊ဝုဋ္ဌာယ-ထ၍-ဟုငှင်း ဆိုထားသောကြောင့် မေတ္တာစျာန်ကိုသာ ဆိုလိုကြောင်း ဋီကာ၌ ဖွင့်ပြထားသည်။

http://www.dhammadownload.com

ထိုသို့ အားထုတ်ခြင်းကိုလည်း ယခုပြမည့် အခြင်းအရာအားဖြင့် မိမိကိုယ်ကို ဆုံးမလျက်သာလျှင် ပြုအပ်ပေသည်။ (ဆုံးမပုံမှာ) အမျက်ထွက်နေသည့် အချင်းယောကျ်ားက၊ မြတ်စွာဘုရားက အောက်ပါဩဝါဒစကားများကို ဟောကြားခဲ့သည် မဟုတ်ပါလော—

"ရဟန်းတို့, ယုတ်မာသည့် အကျင့်ရှိကုန်သော ခိုးသူ ဒမြတို့သည် အစွန်းနှစ်ဖက်၌ အရိုးတပ်ထားသော ငါးမန်းစွယ်လှကြီးဖြင့် အင်္ဂါကြီးငယ်တို့ကို တိုက်ဖြတ်ကုန်ရာ၏၊ ထိုသို့ တိုက်ဖြတ်ကြရာ၌သော်လည်း တိုက်ဖြတ်ခံရသော အကြင်သူသည် အကယ်၍ စိတ်ကို ပြစ်မှားစေငြားအံ့၊ ထိုသူသည် ထိုသို့စိတ်ကို ပြစ်မှားစေခြင်းဖြင့် ငါဘုရား၏ အဆုံးအမကို လိုက်နာသူ မမည်တော့ချေ" ဟူ၍ဎင်း၊

"အကြင်သူသည် အမျက်ထွက်သောသူကို တုံ့ပြန်၍ အမျက်ထွက်၏၊ ထိုသူသည် ထိုတုံ့ပြန်၍ အမျက်ထွက်ခြင်းဖြင့် ပဌမက အမျက်ထွက်နေသော သူထက်ပင် သာ၍ ယုတ်မာသူ ဖြစ်လေသည်[1]၊ အမျက်ထွက်သော သူကို တုံ့ပြန်၍ အမျက်မထွက်ပဲ သည်းခံနိုင်သော သူသည် အောင်နိုင်ခဲသော စစ်ပွဲကို အောင်နိုင်ပေသည်။

မှတ်ချက်

၁–ပဌမက အမျက်ထွက်နေသူထက် အဘယ့်ကြောင့် သာ၍ယုတ်မာသူ ဖြစ်သနည်း? ဟူမူ-သူထက်ကျေအောင် ပြုခြင်းအစရှိသော ကိလေသာများအစဉ်လိုက်၍ ဖြစ်ရန် တည်ရာအကြောင်း ဖြစ်သောကြောင့်ဟု ဋီကာ၌ ဆို၏။ အချို့ဆရာတို့ အလိုအားဖြင့် "အမျက်ထွက်ခြင်းကို အပြစ်ရှိမှန်း သိလျက် အမျက်ထွက်သောကြောင့်"ဟု ပြဆို၏။

http://www.dhammadownload.com

အကြောင်သူသည် သူတပါးကို ပြင်းစွာ အမျက်ထွက်နေကြောင်း သိပြီးလျှင် သတိပြုလျက် အမျက်မထွက်ပဲ ငြိမ်းချမ်းစွာနေ၏၊ ထိုသူသည် မိမိနှင့် သူတပါး နှစ်ဦးသားလုံးတို့၏ အကျိုးကို ကျင့်သည် မည်ပေ၏" ဟူ၍ဂင်း၊

"ရဟန်းတို့, ရန်သူတို့ အကြိုက်ဖြစ်၍ ရန်သူတို့က ပြုအပ်-ပြုထိုက်ကုန်သော ဤသဘောတရားမုနစ်ပါးတို့သည် အမျက်ထွက်သော မိန်းမထံသို့ ဖြစ်စေ, ယောကျ်ားထံသို့ ဖြစ်စေ ရောက်လာကုန်၏။ အဘယ် ခုနစ်ပါးတို့နည်း?ဟူမူ-(၁) ရဟန်းတို့,ရန်သူသည် ရန်သူအား 'ဤသူသည် အဆင်းမလှ အရုပ်ဆိုးသည် ဖြစ်ပါမူ ကောင်းလေစွ'ဟု ဤသို့ အလိုရှိ၏။ ထိုသို့အလိုရှိခြင်းသည် အဘယ်အကြောင်းကြောင့်နည်း?ရဟန်းတို့, ရန်သူသည် ရန်သူ၏ အဆင်းလှခြင်းကို မနှစ်သက်၊ (ထို့ကြောင့် ပေတည်း)။ ရဟန်းတို့, အမျက်ထွက်နေသော ဤယောကျ်ားပုဂ္ဂိုလ်သည် အမျက်ဒေါသက လွှမ်းမိုးအပ်သည် အမျက်ဒေါသက နှိပ်စက်အပ်သည် ဖြစ်၍

မှတ်ချက်

၁–ဝိသုဒ္ဓိမဂ် ပဌမတွဲ နှာ ၂၁၂-၌ သံဃာဂုဏ်ပါဠိတွင် အဋ္ဌ ပုရိသပုဂ္ဂလာဟူရာ၌ ပုရိသနှင့် ပုဂ္ဂလ အရ အတူတူပင်၊ ဝေနေယျတို့၏ အလိုအားဖြင့် ဟောသည်-ဟု ပြဆိုခဲ့၏။ ထိုအရာတွင် ဦးကာ၌ကား ပုရိသဖြင့် ပဌမသတ္တဝါ-ယောကျ်ားကို ဆိုသည်၊ ပုဂ္ဂလဖြင့် ပဌမ ဒုတိယ သတ္တဝါ နှစ်မျိုးလုံးကို ဆိုသည်ဟူ၍လည်း ပြဆိုခဲ့၏။ ဤအရာ၌လည်း ထိုအဋ္ဌကထာအဖွင့်ကို မှီ၍ ယောကျ်ားနှင့် ပုဂ္ဂိုလ်အရတူဟူ၍ဂင်း၊ ထိုဦးကာအဖွင့်ကိုမှီ၍ ပုဂ္ဂိုလ်ဟူသော စကားဖြင့် ယောကျ်ား မိန်းမ ၂-မျိုးလုံးကို ဆိုသည်ဟူ၍ဂင်း ယူနိုင်၏။ ယောကျ်ားနှင့် ပုဂ္ဂိုလ်အရတူဟု ယူလျှင် အမျက်ထွက်သော မိန်းမကိုမူ အပွဓာနအားဖြင့် ယူအပ်ပေ၏။

http://www.dhammadownload.com

(ဝါ-အမျက်ဒေါသ လှုပ်မိုးနှိပ်စက်ခံနေရသောကြောင့်)[1] ထိုသူသည် ကောင်းစွာရေချိုးပြီး၍ ကောင်းစွာလိမ်းကျံကာ ဆံမုတ်ဆိတ်ကို သပ်ပြီး၍ ဖြူစင်သောအဝတ်ကို ဝတ်ဆင်ထားသည်ဖြစ်စေကာမူ စင်စစ်အားဖြင့် ထိုသူသည် အမျက်ဒေါသ လှုပ်မိုးခံရသောကြောင့်[2] အဆင်းမလှ အရုပ်ဆိုးနေသည်သာ ဖြစ်ချေသည်၊ [၂၉၁] ရဟန်းတို့, ဤသည်ကား အမျက်ထွက်သော မိန်းမယောကျ်ားထံသို့ ရောက်လာတတ်သော ရန်သူတို့ အကြိုက်ဖြစ်၍ ရန်သူတို့က ပြုထိုက်သော ပဌမသဘောတရားပေတည်း။ (၂) ရဟန်းတို့, တဖန် အခြားသဘောတရားကား ရန်သူသည် ရန်သူအား 'ဤသူသည် ဆင်းရဲစွာ အိပ်နေရပါမူ ကောင်းလေစွ' ဟု ဤသို့အလိုရှိ၏ ။ပ။ 'ဤသူသည် များသော အကျိုးစီးပွါးနှင့် မပြည့်စုံပါမူ ကောင်းလေစွ' ဟု ဤသို့အလိုရှိ၏ ။ပ။ 'ဤသူသည် စည်းစိမ်ဥစ္စာနှင့် မပြည့်စုံပါမူ ကောင်းလေစွ' ဟု ဤသို့ အလိုရှိ၏။ပ။'ဤသူသည် အခြေအရံနှင့် မပြည့်စုံပါမူ ကောင်းလေစွ'ဟု ဤသို့ အလိုရှိ၏။ပ။'ဤသူသည် မိတ်ဆွေမရှိသည်ဖြစ်ပါမူ ကောင်းလေစွ'ဟုဤသို့ အလိုရှိ၏။ပ။ (၇)ရဟန်းတို့,တဖန်အခြား သဘောတရားကား ရန်သူသည် ရန်သူအား ဤသူသည် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ သုဂတိ နတ်ပြည်သို့ မရောက်ပါမူ ကောင်းလေစွ'ဟု ဤသို့ အလိုရှိ၏။ ထိုသို့ အလိုရှိခြင်းသည် အဘယ်အကြောင်းကြောင့်နည်း? ရဟန်းတို့, ရန်သူသည် ရန်သူ၏

မှတ်ချက်

၁–ဤဟိတ်ပုဒ်ကို အရုပ်ဆိုးနေသည်သာ ဖြစ်ချေသည်-ဟူသော ပုဒ်များနှင့် စပ်ပါ။

၂–မှတ်ချက် ၁-ဟိတ်နှင့် အဘူတူပင်၊ ဝါကျရှည်သွားသောကြောင့် ထပ်၍ ပြဆိုသည်။

http://www.dhammadownload.com

သုဂတိသို့ ရောက်ခြင်းဖြင့် မနှစ်သက်၊ (ထို့ကြောင့်ပေတည်း)။ ရဟန်းတို့, အမျက်ထွက်သော ဤယောကျ်ားပုဂ္ဂိုလ်သည် အမျက်ဒေါသက လှမ်းမိုးအပ် နှိပ်စက်အပ်သည်ဖြစ်၍ ကိုယ်ဖြင့် ဒုစရိုက်ကို ပြုကျင့်၏၊ နှုတ်ဖြင့်၊ စိတ်ဖြင့် ဒုစရိုက်ကို ပြုကျင့်၏၊ ထိုအမျက်ထွက်သောသူသည် အမျက်ဒေါသ လှမ်းမိုး ခံရသောကြောင့် ကိုယ်ဖြင့်, နှုတ်ဖြင့်, စိတ်ဖြင့် ဒုစရိုက်ကို ပြုကျင့်ပြီးလျှင် ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌ အပါယ်ဘုံ ဒုဂ္ဂတိဘုံ ပျက်စီး၍ ကျရောက်ရာ ဝိနိပါတဘုံ[1] ငရဲဘုံသို့ ကပ်ရောက်ရချေ၏။ ရဟန်းတို့, ဤသည်ကား အမျက်ထွက်သော မိန်းမ ယောကျ်ားထံသို့ ရောက်လာတတ်သော ရန်သူတို့ အကြိုက်ဖြစ်၍ ရန်သူတို့က ပြုထိုက်သော သတ္တမသဘောတရားပေတည်း" ဟူ၍ဝင်း၊

"ရဟန်းတို့, အစွန်းနှစ်ဖက်၌မီးလောင်ထားသော အလယ်၌ မစင်လူးနေသော သူသေကောင်ဖုတ်သည့် ထင်းကုလားသည် ရွာ၌ သစ်သားဖြင့် ပြုဖွယ်ကိစ္စကို မပြီးစေသည်သာ၊ တော၌ သစ်သားဖြင့် ပြုဖွယ်ကိစ္စကို မပြီးစေသည်သာ ဖြစ်သကဲ့သို့ အဘိဇ္ဈာဗျာပါဒစသည် ဖြစ်ပွါးနေသော ဤပုဂ္ဂိုလ်ကို ထိုထင်းကုလားနှင့် တူသည်ဟု ငါဘုရား ဆိုပေသည်" ဟူ၍ဝင်း မြတ်စွာဘုရား ဟောကြားထားခဲ့သည် မဟုတ်ပါလော။

ယခုအခါ ထိုသို့ အမျက်ထွက်နေသော သင်သည် ဤသို့ အမျက်ထွက်နေသောကြောင့် မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာသူလည်း မဖြစ်လတ့ံ၊ တံ့ပြန်၍ အမျက်ထွက်သောကြောင့် ပဌမအမျက်ထွက်သောသူထက်

မှတ်ချက်

၁—ဝိနိပါတဘုံဟူသည်မှာလည်း အပါယ်လေးဘုံပင် ဖြစ်သည်။

http://www.dhammadownload.com

သော်လည်း ယုတ်ညံ့သည်ဖြစ်၍ အောင်နိုင်ခဲသော စစ်ပွဲကိုလည်း မအောင်နိုင်ရလတံ့၊ ရန်သူက ပြုထိုက်သော သဘောတရားတို့ကိုလည်း မိမိကိုယ်တိုင်ပင် မိမိအား ပြုရာရောက်လတံ့၊ (လူ့စည်းစိမ်လည်း ဆုံးရှုံး, ရဟန်းကိစ္စလည်း မပြီးသဖြင့်) ထင်းကုလားနှင့်တူသည်လည်း ဖြစ်ရလတံ့-ဟူ၍ (မိမိကိုယ်ကို ဆုံးမလျက်သော်လျှင် အမျက်ဒေါသကို ပယ်ရန် အားထုတ်ခြင်းကို ပြုအပ်ပေသည်)။

၂၄၄။ ဤဆိုခဲ့သည့်အတိုင်း အမျက်ဒေါသကို ပယ်ရန် အားထုတ်လျက် လုံ့လပြုနေသော ထိုယောဂီအား ထိုအမျက်ဒေါသသည် အကယ်၍ ငြိမ်းငြားအံ့၊ ဤသို့ ငြိမ်းခြင်းသည် ကောင်းလှပေ၏။ အကယ်၍ မငြိမ်းသေးပါမူ ရန်သူဖြစ်သော ထိုပုဂ္ဂိုလ်၏ အကြင် အကြင် အမူအရာသဘောတရားသည် ငြိမ်သက်သည် ထက်ဝန်းကျင် စင်ကြယ်သည်ဖြစ်အံ့၊ အောက်မေ့ဆင်ခြင်လျှင် ကြည်လင်ခြင်း ကြည်ညိုခြင်းကို ဆောင်ငြားအံ့၊ ထိုထို အမူအရာသဘောတရားကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်၍ အမျက်ဒေါသကို ပယ်ဖျောက်အပ်၏။

ချဲ့၍ပြရလျှင် အချို့သောသူမှာ ကိုယ်အမူ အကျင့်သည်သာလျှင် ငြိမ်သက် ငြိမ်းအေး၏၊ မျှားစွာသော ဝတ်ကြီး ဝတ်ငယ်ကို ပြုသည်ဖြစ်၍ ထိုသူ၏ ကိုယ်အမူအရာ ငြိမ်သက် ငြိမ်းအေးသည်၏အဖြစ်ကို အလုံးစုံသော အတူနေပုဂ္ဂိုလ်အပေါင်းက သိရပေ၏၊ နှုတ်အမူအကျင့် စိတ်အမူအကျင့်တို့သည်ကား မငြိမ်သက် မငြိမ်းအေးကုန်။ ထိုသူ၏ ထိုမငြိမ်းအေးသော နှုတ်စိတ် အမူအကျင့်တို့ကို မစဉ်းစားမူ၍ ကိုယ်အမူအကျင့်၏ ငြိမ်သက် ငြိမ်းအေးခြင်းကိုသာလျှင် အောက်မေ့ဆင်ခြင်အပ်၏။

[၂၉၂] အချို့သောသူမှာ နှုတ်အမူအကျင့်သည်သာလျှင် ငြိမ်သက် ငြိမ်းအေး၏၊ ထိုနှုတ်အမူအကျင့်၏ ငြိမ်သက် ငြိမ်းအေးသည်၏ အဖြစ်ကိုလည်း အတူနေပုဂ္ဂိုလ်အားလုံးက သိရပေ၏၊ သိရပုံမှာ ထိုသူသည် ပကတိ

http://www.dhammadownload.com

ပင်ကိုအားဖြင့်ပင်လျှင် စေ့စပ်ပြောဆိုမှု ပဋိသန္ဓာရဒ္ဓ ကျွမ်းကျင်၏ အပြောအဆို ပြေပြစ်၏ နားချမ်းသာအောင် ပြောတတ်၏ အညီအညွတ် ဝမ်းမြောက်အောင် ပြောဆိုတတ်၏ (မျက်မှောင်မကုပ် မျက်နှာမငုံ့ပဲ) ပေါ်လွင်သောမျက်နှာရှိ၏ ရှေးဦးစွာ နှုတ်ဆက်ပြောဆိုလေ့ရှိ၏ ချို့သာသော အသံဖြင့် တရားကို ရွတ်ဆိုတတ်၏ ထက်ဝန်းကျင်ပြည့်စုံသော ပုဒ်ဝါကျတို့ဖြင့် တရားစကားကို ပြောဟောတတ်၏၊ သို့သော် ကိုယ်အမူအကျင့် စိတ်အမူအကျင့်တို့သည်ကား မငြိမ်သက် မငြိမ်းအေးကုန်၊ ထိုသူ၏ ထိုမငြိမ်သက် မငြိမ်းအေးသော ကိုယ်စိတ်အမူအကျင့်တို့ကို မစဉ်းစားမူ၍ နှုတ်အမူအကျင့်၏ ငြိမ်သက် ငြိမ်းအေးခြင်းကိုသာလျှင် အောက်မေ့ဆင်ခြင်အပ်၏။

အချို့သောသူမှာ စိတ်အမူအကျင့်သည်သာလျှင် ငြိမ်သက် ငြိမ်းအေး၏၊ ထိုစိတ်အမူအကျင့်၏ ငြိမ်သက် ငြိမ်းအေးသည်၏ အဖြစ်သည်လည်း စေတီတော်ကို ရှိခိုးခြင်း စသည်တို့၌ အဘူနေပုဂ္ဂိုလ်အား လုံးအား ထင်ရှားပေ၏။ ထင်ရှားပုံကား - စိတ် မငြိမ်သက် မငြိမ်းအေးသောသူသည် စေတီတော်ကိုဖြစ်စေ, ဗောဓိပင်ကိုဖြစ်စေ, မထေရ်တို့ကိုဖြစ်စေ ရှိခိုးလျှင် ကောင်းမွန်ရှိသေစွာ ရှိမခိုး၊ တရားနာရာမဏ္ဍပ်၌ဘုန်၌ စိတ်ပျံ့လွင့်လျက် သော်၎င်း၊ ငိုက်မျည်းလျက်သော်၎င်း ထိုင်နေ၏၊ စိတ်ငြိမ်သက် ငြိမ်းအေးသောသူသည်ကား သက်ဝင်ယုံကြည်၍ ရှိခိုး၏၊ နားစိုက်လျက်(တရားကို) စီးပွါးသဖွယ်ပြုလျက် ကိုယ်ဖြင့် နှုတ်ဖြင့် စိတ်၏ကြည်လင်ခြင်းကို ပြုလျက်—ပြလျက် တရားကို နာ၏၊ ဤပုံ ဤနည်းဖြင့် အချို့သောသူမှာ စိတ်အမူအကျင့်သည်သာလျှင် ငြိမ်သက် ငြိမ်းအေး၏။ ကိုယ်နှုတ်အမူအကျင့်တို့သည်ကား မငြိမ်သက် မငြိမ်းအေးကုန်။ ထိုသူ၏ ထိုမငြိမ်သက် မငြိမ်းအေးသော ကိုယ်နှုတ်အမူအကျင့်တို့ကို မစဉ်းစားမူ၍ စိတ်အမူအကျင့်၏ ငြိမ်သက် ငြိမ်းအေးခြင်းကိုသာလျှင် အောက်မေ့ဆင်ခြင်အပ်၏။

http://www.dhammadownload.com

အချို့သောသူမှာမူ ဤသုံးပါးသော အကျင့်သဘောတို့တွင် တခုမျှ သော်လည်း မငြိမ်သက် မငြိမ်းအေးပေ၊ ထိုပုဂ္ဂိုလ်၌ [၁] "ဤသူသည် ယခုအခါ လူ့လောက၌ ကျက်စားသွားလာနေသော်လည်း ရက်အနည်းငယ်လွန်သောအခါ (တော်တော်ကြာလျှင်) ငရဲကြီးရှစ်ခု ဥဿဒငရဲငယ် တဆယ့်ခြောက်ခုတို့ကို ပြည့်စေလျက် ဖြစ်ရရှာလိမ့်မည်" ဟု ဆင်ခြင်ကာ သနားခြင်းကရုဏာကို ဖြစ်စေအပ်၏။ ဖြစ်စေသင့်သည် မှန်ပေ၏—သနားခြင်း ကရုဏာကို စွဲ၍လည်း ရန်ငြိုးသည် ငြိမ်းတတ်ပေ၏။

အချို့သောသူမှာ ဤအကျင့်သဘောမျှား သုံးပါးလုံးပင် ငြိမ်သက် ငြိမ်းအေးကုန်၏၊ ထိုသူ၏ အမူအကျင့်မျှားတွင်မူ အလိုရှိရာရာကို အောက်မေ့ဆင်ခြင်နိုင်ပေ၏၊ မှန်ပေ၏—ထိုသို့သော ပုဂ္ဂိုလ်၌ မေတ္တာကို ပွါးစေရန် မခဲယဉ်းပေ။

ဤဆိုခဲ့သောအနက် ထင်ရှားပေါ်လွင်စေရန် "ငါ့ရှင်တို့, ရန်ငြိုး (အာဃာတ)ကို ပယ်ဖျောက်ကြောင်းတရားတို့သည် ဤငါးပါးတို့ပေတည်း၊ ယင်းငါးပါးတို့၌ ရဟန်းမှာ ဖြစ်ပေါ်လာသည့် ရန်ငြိုး (အာဃာတ)ကို အချင်းခပ်သိမ်း ပယ်ဖျောက်အပ်၏" ဤသို့ အစရှိသော အဂုံတွာရပါဠိ ပဥ္စကနိပါတ်လာ ဤအာဃာတပဋိဝိနယသုတ်ကိုခွဲ၍ပြအပ်၏။

၂၄၅။ ဤသို့ လုံ့လပြုနေသော်လည်း ဤယောဂီအား အာဃာတ ဒေါသသည် ဖြစ်လျက်ပင် ရှိငြားအံ့၊ သို့ဖြစ်လျှင် ဤယောဂီသည် မိမိကိုယ်ကို ဤသို့ ဆုံးမအပ်၏—

> [၂၉၃] ရန်သူသည် သင်အား ဆင်းရဲကို ပြုအပ်-ပြုနိုင်ပါမူ သူ၏ ပြုနိုင်ကောင်းသော အရာ (ဖြစ်သော သင်၏ကိုယ်)၌ (ပြုရာ၏)

မှတ်ချက်

၁—ထိုပုဂ္ဂိုလ်၌....ကရုဏာကို ဖြစ်စေအပ်၏-ဟု စပ်ပါ။

http://www.dhammadownload.com

ထိုရန်သူ၏ အရာမဟုတ်သော မိမိ၏စိတ်၌ဆင်းရဲကို(ကိုယ်တိုင်ပင်) ပြုရန် အဘယ့်ကြောင့် သင် အလိုရှိဘိသနည်း။

များသောကျေးဇူးရှိသော ဆွေမျိုးအပေါင်းကို မျက်ရည်စီးယို ငိုကြွေးတားမြစ်နေစဉ် ၁ စွန့်ပစ်(၍ ရဟန်းပြု)နိုင်ခဲ့ပါလျက် များစွာသောအကျိုးမဲ့ကို ပြုတတ်သော အမျက်ဒေါသဟူသော ရန်သူကို အဘယ့်ကြောင့် မစွန့်နိုင်ပါသနည်း။

(သူတော်ကောင်း,)သင်သည် အကြင် သီလတို့ကို စောင့်ရှောက်နေ၏၊ ထိုသီလတို့၏ အမြစ်အရင်း(ဖြစ်သော ဟိရီ ဩတ္တပ္ပ ခန္တီ မေတ္တာ ကရုဏာ)တို့ကို ဖြတ်တတ်သော အမျက်ဒေါသကို အလိုလိုက်ထားဘိ၏၊ သင်နှင့်တူသော သူမိုက်သည် အဘယ်သူရှိအံ့နည်း။

(ပညာရှိ,)သူတပါးက ငါ့အား ယုတ်မာသော ပြစ်မှားမှုကို ပြုလေပြီ ဟူ၍ အကြင် သင်သည် အမျက်ထွက်ဘိ၏၊ ထိုသင်သည် သူတပါးကပြုသည့် ထိုပြစ်မှားမှုနှင့် အလားတူသည်သာဖြစ်သော မကောင်းမှုကို ကိုယ်တိုင်ပြုရန် အဘယ့်ကြောင့် အလိုရှိဘိသနည်း။

(ပညာရှိ,)ရန်သူဖြစ်သော သူတပါးက သင့်ကို ဒေါသဖြစ်စေလို သောကြောင့် မနှစ်မြို့ မခံချင်ဖွယ်အမှုကို အကယ်၍ ပြုသည် ဖြစ်ငြားအံ့၊ သင်ကိုယ်တိုင်က အမျက်ဒေါသကို ဖြစ်စေခြင်းဖြင့် ထိုရန်သူ၏ပင်လျှင် နှလုံးအလိုကို ပြည့်စေသည် မဟုတ်ပါလော။

(ချမ်းသာလိုသည့်သူတော်ကောင်း,)သင်သည် အမျက်ထွက်သည် ဖြစ်၍ ပြစ်မှားဘူးသော ထိုရန်သူအား ဆင်းရဲမည်သည်ကိုမူ

မှတ်ချက်

၁–ရွေးခေတ်က အိန္ဒိယ သိဟိုဠ်တို့၌ ဖြစ်ခဲ့ဘူးသည်မျှားကို ချည်၍ ဆိုသည်။

http://www.dhammadownload.com

ပြုနိုင်သည်လည်း ရှိရာ၏၊ မပြုနိုင်သည်လည်း ရှိရာ၏၊ သို့သော် မိမိကိုယ်ကိုမူ ယခုလက်ငင်းပင်လျှင် အမျက်ဒေါသ ဟူသော ဆင်းရဲဖြင့် နှိပ်စက်နေချေပြီတကား။

(ပညာရှိ,) ရန်သူတို့သည် အမျက်ဒေါသဖြင့် ဉာဏ်မြင်ကန်းကြသည် ဖြစ်၍ [၁] အကျိုးမဲ့ လမ်းမှားသို့ အကယ်၍ လိုက်သွားကြငြားအံ့၊ သင်သည်လည်း အမျက်ထွက်လျက် ထိုရန်သူတို့အားပင်လျှင် အဘယ့်ကြောင့် အတုလိုက်၍ ပြုကျင့်ဘိသနည်း။

(ပညာရှိ,) သင်၏ ရန်သူသည် အကြင်ဒေါသကိုမှီ၍ မုန်းဖွယ်အမှုကို သင်အား ပြုခဲ့လေပြီ၊ အကြောင်းရင်းဖြစ်သော ထိုဒေါသကို သာလျှင် ပယ်ဖြတ်ပါလော့၊ (ဒေါသ၏ အစေခံဖြစ်၍)အရာ မဟုတ်သော ထိုပုဂ္ဂိုလ်၌ အဘယ့်ကြောင့် ပင်ပန်းနေဘိသနည်း။

စဉ်းစားစရာ နောက်တခုကတော့ [၂] ပရမတ်တရားတို့၏ တခဏ မျှသာ တည်ကြခြင်းကြောင့် ရန်သူ၏သန္တာန်၌ အကျိုးဝင်သော အကြောင်ခန္ဓာတို့က သင့်အား မနှစ်မြို့ဖွယ်ကို ပြုခဲ့၏၊ ထိုခန္ဓာတို့သည် ချုပ်သွားလေကုန်ပြီ။ ယခုအခါ (မနှစ်မြို့ဖွယ်ကို ပြုသူဟု ထင်မှတ်ရသော)ဤရန်သူ၏ သန္တာန်၌ အဘယ်ခန္ဓာကို သင် အမျက်ထွက်နေသနည်း။

အကြင်သူသည် အကြင်သူအား ဆင်းရဲကို ပြုသည် (ဆိုလျှင်) ဆင်းရဲအပြုခံ ထိုသူနှင့်ကင်း၍ ထိုဆင်းရဲပြုသောသူသည် အဘယ်သူအား ပြုနိုင်အံ့နည်း။ (သို့ဖြစ်၍) ဆင်းရဲအပြုခံ သင်ကိုယ်တိုင်

မှတ်ချက်

၁—ကောဓန္ဓာ-ဟူသော သီ၊ ဣ-မူကွဲအရ ပြန်သည်။

၂=စ-နိပါတ်၏ ဆိုလိုသောအနက်ကို ဖော်၍ ပြန်သည်။

http://www.dhammadownload.com

သည်လည်း ဆင်းရဲ(ပြုခြင်း)၏ အကြောင်းဖြစ်ပေသည်။ ဤသို့ ပြုသူ ခံသူ နှစ်ဦးစလုံးပင် ဆင်းရဲပြုခြင်း၏ အကြောင်း ဖြစ်ပါလျက် ထိုဆင်းရဲပြုသူကိုသာ အဘယ့်ကြောင့် အမျက်ထွက်နေဘိသနည်း။ ဤသို့ (မိမိကိုယ်ကို ဆုံးမအပ်ပေသည်။)

၂၄၆။ ဤဆိုခဲ့သည့်အတိုင်း မိမိကိုယ်ကိုဆုံးမသော်လည်း ဤယောဂီ၏ အမျက်ဒေါသသည် အကယ်၍ မငြိမ်းသေးသည်သာ ဖြစ်ငြားအံ့၊သို့ဖြစ်လျှင် ဤယောဂီသည် မိမိ၏ငင်း၊ သူတပါး၏ငင်း ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၏အဖြစ်ကို ဆင်ခြင်အပ်၏။ ထိုတွင် ရှေးဦးစွာ မိမိ၏ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိပုံကို ဤသို့ ဆင်ခြင်အပ်ပေသည် "အချင်းယောဂီ သင်သည် ထိုသူအား အမျက်ထွက်သဖြင့် အဘယ်ကို ပြုမည်နည်း၊ ဒေါသလျှင် အကြောင်းရှိသော သင်ပြုမည့် ဤမကောင်းမှုသည် သင်၏သာလျှင်အကျိုးမဲ့အလို့ငှါ ဖြစ်မည်မဟုတ်ပါလော။ မှန်ပေ၏-သင်သည် ကိုယ်တိုင်ပြုသည့် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏ ကံ၏အမွေခံဖြစ်၏ ကံသာလျှင် (ဆင်းရဲရန် ချမ်းသာရန်) အကြောင်းရှိ၏ ကံသာလျှင် ဆွေမျိုးရှိ၏ ကံသာလျှင် အားကိုးရာရှိ၏၊ အကြင်ကံကို ပြုငြားအံ့၊ ထိုကံ၏ အမွေခံ ဖြစ်ရလိမ့်မည်။ သင်ပြုလိုသော ဤကံသည်လည်း [၂၉၄] သမ္မာသမ္မောဓိဉာဏ်ကို မပြီးစေနိုင် ပစ္စေကဗောဓိ ဉာဏ်ကိုလည်း မပြီးစေနိုင် သာဝကဗောဓိဉာဏ်ဟူသော သာဝကဘုံကိုလည်း မပြီးစေနိုင် ပြဟ္မာအဖြစ်, သိကြားအဖြစ်, စကြဝတေးမင်း ပဒေသရာဇ်မင်း စသည်တို့၏ စည်းစိမ်တို့တွင် တပါးပါးသော စည်းစိမ်ကိုလည်း မပြီးစေနိုင်၊ စင်စစ်သော်ကား သင်၏ ဤကံသည် သာသနာတော်မှ ချွေလျော့စေ၍ စားကြွင်းစားစသည်၏ အဖြစ်ကိုငင်း၊ ငရဲဆင်းရဲ အစရှိသော ဆင်းရဲအထူးတို့ကိုငင်း ဖြစ်စေနိုင်၏။ အမျက်ဒေါသကို မငြိမ်းစေနိုင်သော ထိုသင်သည် ဤမကောင်းမှုကိုပြုလျှင် လက်နှစ်ဖက်တို့ဖြင့် မီးလှျံကင်းသော မီးကျီးခဲတို့ကိုသော်ငင်း, မစင်ကိုသော်ငင်းကိုင်၍

http://www.dhammadownload.com

သူတပါးကို ပုတ်ခတ်လိုသော ယောကျ်ားကဲ့သို့ မိမိကိုယ်ကိုသာလျှင် ရှေးဦးစွာ လောင်စေသည်ထင်း၊ မကောင်းသော အနှံ့ရှိသည်ကို ပြုသည်ထင်း ဖြစ်လိမ့်မည်ဘ" ဟု ဆင်ခြင်အပ်ပေသည်။

ဤသို့ မိမိ၏ကံသာလျှင် ဥစ္စာရှိပုံကို ဆင်ခြင်ပြီးလျှင် သူတပါး၏လည်း ကံသာလျှင် ဥစ္စာရှိပုံကို ဤသို့ ဆင်ခြင်အပ်ပေသည်—"သင်၏ ရန်သူဖြစ်သော ထိုသူသည်လည်း သင်အား အမျက်ထွက်သဖြင့် အဘယ်ကို ပြုလိမ့်မည်နည်း၊ ထိုသူပြုသော ဤမကောင်းမှုသည် ထိုသူ၏သာလျှင် အကျိုးမဲ့အလိုငှါ ဖြစ်လိမ့်မည်၊ မှန်၏-ဤအရှင်သည် ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိ၏ ကံ၏အမွေခံဖြစ်၏။ပ။ အကြင်ကံကို ပြုငြားအံ့၊ ထိုကံ၏ အမွေခံဖြစ်ရလိမ့်မည်။ ထိုသူ၏ ဤကံသည်လည်း သမ္မာသမ္မောဓိဉာဏ်ကို မပြီးစေနိုင် ။ပ။ ပဒေသရာဇ်မင်းအစရှိသော စည်းစိမ်တို့တွင် တပါးပါးသော စည်းစိမ်ကိုလည်း မပြီးစေနိုင်၊ စင်စစ်သော်ကား ထိုသူ၏ ဤကံသည် သာသနာမှ ရွှေ့လျော့စေ၍ စားကြွင်းစားစသည်အဖြစ်ကိုငင်း၊ ငရဲဆင်းရဲအစရှိသော ဆင်းရဲအထူးတို့ကိုငင်း ဖြစ်စေနိုင်၏။ ဤမကောင်းမှုကိုပြုသော ထိုအရှင်သည် လေကြေ-လေအောက်အရပ်၌တည်၍ သူတပါးကို မြူမှုန်ဖြင့် ကြဲသောယောကျ်ားကဲ့သို့ မိမိကိုယ်ကိုသာလျှင် ကြဲမိလေသည်။ မှန်ပေ၏-အောက်ပါဂါထာကို မြတ်စွာဘုရား ဟောတော်မူခဲ့ပေ၏—

"အကြင်သူသည် (မည်သူကိုမျှ) မပြစ်မှားတတ်သော လူအား ပြစ်မှား၏၊ စင်ကြယ်၍ ကိလေသာကင်းသော ပုဂ္ဂိုလ်အား (ပြစ်မှား၏)၊ ပြစ်မှားသော မကောင်းမှုကံသည် ထိုပြစ်မှားသူ လူမိုက်ထံသို့သာလျှင် (မကောင်းကျိုးပေးသော အားဖြင့်) ပြန်လာ၏၊ (ဥပမာ) လေညာသို့ ပစ်လွှင့်လိုက်သော သိမ်မွေ့သော မြူမှုန် (သည်

မှတ်ချက်

၁–မကောင်းမှုကိုပင် မီးကဲ့သို့ငင်း၊ မစင်ကဲ့သို့ငင်း တင်စား၍ဆိုသည်။

http://www.dhammadownload.com

ပစ်လွှင့်သူထံ ပြန်လာသ)ကဲ့သို့ ပေတည်း"ဟု ဟောတော်မူခဲ့ ပေ၏။

၂၄၇။ ဤဆိုခဲ့သည့်အတိုင်း ကံလျှင် ကိုယ်ပိုင်ဥစ္စာရှိပုံကို ဆင်ခြင်သော်လည်း ဤယောဂီ၏ အမျက်ဒေါသသည် အကယ်၍မငြိမ်းသေးငြားအံ့၊ သို့ဖြစ်လျှင် ဤယောဂီသည် ဆရာသခင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ ရှေးဘဝတို့၌ ကျင့်ခဲ့သောဂုဏ်တို့ကို အောက်မေ့ဆင်ခြင်အပ်ကုန်၏။

ထိုသို့ ဆင်ခြင်ရာ၌ ဤဆိုမည့်စကားသည် ဆင်ခြင်ပုံနည်းပေတည်း— အချင်းရဟန်း သင်၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် သစ္စာတို့ကို သိတော်မူသည့်ဘဝမှ ရှေးဘဝများစွာကပင်လျှင် သစ္စာကို မသိသေးသူ ဘုရားအလောင်းအလျာ ဖြစ်လျက်သော်လည်း လေးသင်္ချေနှင့် ကမ္ဘာ တသိန်းတို့ပတ်လုံး ပါရမီတို့ကို ဖြည့်ဆည်းပူးတော်မူစဉ် ထိုထိုဘဝတို့၌ ရန်သူ သူသတ်သွားတို့၌သော်လည်း စိတ်ကို မပျက်စေပဲ သည်းခံခဲ့သည် မဟုတ်လော။ စိတ်ကိုမပျက်စေပဲ သည်းခံပုံမှာ–ရှေးဦးစွာ သီလဝဇာတ်၌ မိမိ၏ မိဖုရား၌ ပြစ်မှားသော အမတ်ယုတ်က ခေါ်ဆောင်လာခဲ့သော ရန်သူမင်းသည် [၂၉၅] ယူဇနာသုံးရာရှိသော တိုင်းပြည်ကို သိမ်းယူရန် အားထုတ်သောအခါ ထိုမင်းကို တားမြစ်ရန် ထကြွထွက်ပေါ်လာကြသော အမတ်တို့အား လက်နက်ကို ထိခြင်းငှါသော်လည်း (အလောင်းတော် သီလဝမင်းသည်) ခွင့်မပြုခဲ့ပေ။ တဖန် သူသေကောင်တို့ကို စွန့်ပစ်ရာ သုသာန်၌ မြေကိုလည်ပင်းပမာဏမျှတူး၍ အမတ်တထောင်နှင့်တကွ မြှုပ်ထားခြင်းကို ခံနေရသော ထိုဘုရားအလောင်းတော် မင်းသည် ထိုရန်သူ မင်း၌ စိတ်ဖြင့် ပစ်မှားခြင်းမျှကိုသော်လည်း မပြုမူ၍ သူသေကောင်တို့ကို စားရန်လာကြသော မြေခွေးတို့၏ မြေမှုန့်ယက်ထုတ်ခြင်းကိုမှီ၍ (မြှုပ်ထားရာမှ လွှတ်ထွက်ရန်)ယောက်ျားတို့ပြုအပ်သော အားထုတ်မှုကိုပြုသဖြင့် တဖန် အသက်ရှင်ခြင်းကို ရသည်ဖြစ်၍ ဘီလူးတို့၏ တန်ခိုးအာနုဘော်ဖြင့်

http://www.dhammadownload.com

မိမိ၏ ကြက်သရေတိုက်ခန်းသို့ ဝင်ရောက်ပြီးလျှင် ကြက်သရေရှိသော အိပ်ရာ၌ အိပ်စက်နေသော ရန်သူမင်းကို တွေ့မြင်ရသော်လည်း အမျက်ထွက်ခြင်းကို မပြုမူ၍သာလျှင် အချင်းချင်း(အန္တရာယ်မပြုရန်) ကျိန်စာဆိုကြပြီးလျှင် ထိုရန်သူမင်းကို မိတ်ဆွေအရာ၌ တည်စေ၍—

> "အချင်းတို့ ပညာရှိသော ယောကျ်ားသည် (လိုသောအကျိုးကို) တောင့်တ၍ အားထုတ်ရာသည်သာတည်း၊ ငြီးငွေ့ ဆုတ်နစ်လျက် စိတ်မပျက်ရာ၊ သူတပါးကို မညှဉ်းဆဲပဲ တဖန်ပြန်၍ မင်းဖြစ်ခြင်းကို အလိုရှိခဲ့၏၊ ထိုအလိုရှိသည့်အတိုင်းပင်ဖြစ်ခဲ့လေပြီ၊ ထိုသို့ဖြစ်သော မိမိကိုယ်ကို ငါသည် တွေ့မြင်နေရပေသည်"ဟု မိန့်ဆိုလေ၏။

ခန္တီဝါဒီဇာတ်၌ ပညာမဲ့သော ကလာဗုမည်သော ကာသိမင်းသည် "ရှင်ရဟန်း, သင်သည် အဘယ်ဝါဒရှိသနည်း – အဘယ်ကိုဆိုလေ့ ရှိသနည်း" ဟု မေးသည်။ "သည်းခံခြင်းကို ဆိုလေ့ ရှိသောကြောင့် ခန္တီဝါဒီမည်သည်" ဟု ဖြေကြားသောအခါ ထိုမင်းက သံဆူးတပ်ထားသော ကြိမ်တို့ဖြင့် ရိုက်နှက်စေပြီးလျှင် လက်ခြေတို့ကို ဖြတ်သော်လည်း အမျက်ထွက်ခြင်းမျှကို သော်လည်း မပြုခဲ့-မဖြစ်စေခဲ့ပေ။

ဤ ခန္တီဝါဒီရသေ့၏ သည်းခံခြင်းသည် မအံ့သြလောက်သေးပေ၊ အကြောင်းမူကား အရွယ်အားဖြင့် ကြီးရင့်သူဖြစ်သည့်ပြင် ရသေ့အဖြစ်သို့ ကပ်ရောက်နေသောသူသည် ဤသို့ သည်းခံခြင်းကို ပြုနိုင်ရာသည်ဟု စဉ်းစားဖွယ်ရှိသောကြောင့်ပေတည်း[1]။ ထို့ထက် အံ့သြဖွယ်ကောင်းသည်မှာမူ စူဠဓမ္မပါလဇာတ်၌ ပက်လက်အိပ်တတ်ကာမျှ သူငယ် ဖြစ်သော်လည်း—

မှတ်ချက်

၁–ဝတ္ထုကြောင်း သဘောမျှား ဖြစ်၍ ပါဠိသဒ္ဒါနည်းအရ အတိအကျ မလိုက်တော့ပဲ စာဖတ်သူများနားလည်လွယ်စေရန် ဝါကျကို ခဲ့၍ဌင်း၊အနည်းငယ် ပြင်၍ဌင်း ပြန်ထားသည်။ နောက်၌လည်း အလားတူပြန်ချက်များရှိသည်။

http://www.dhammadownload.com

"နိုင်ငံတော် မြေ၏ အမွေခံဖြစ်သော သားတော် ဓမ္မပါလ၏ စန္ဒကူးရည်ဖြင့် လိမ်းကျံထားသော လက်မောင်းတို့သည် ပြတ်ကုန်ပါပြီ အရှင်မင်းကြီး၊ ကျမ၏ အသက်တို့သည် ချုပ်နေကြယောင်တကား"ဟူ၍—

ဤသို့ မယ်တော်မိဖုရားကြီးက ငိုကြွေး မြည်တမ်းနေစဉ် ခမည်းတော်ဖြစ်သူ မဟာပတာပမည်သော မင်းက စေခိုင်းသဖြင့် သူသတ်သွားက ဓမ္မပါလ သူငယ်၏ လက်ခြေလေးခုတို့ကို ဝါးမျစ်ကိုကဲ့သို့ပင် ခုတ်ဖြတ်လေ၏[၁]၊ ထိုမျှဖြင့်လည်း အားမရသေးသောကြောင့် ထိုသူငယ်၏ ဦးခေါင်းကို ဖြတ်လော့ဟူ၍ အမိန့်ပေးသောအခါ "အမောင် ဓမ္မပါလ ယခုအခါ သင်သည် စိတ်ကိုချုပ်တည်း သိမ်းဆည်းရမည့်အခါပေတည်း (ဝါ-စိတ်ကို ကောင်းစွာနှိပ်ကွပ်လျက် ဆုံးမရမည့်အခါပေတည်း)၊ယခုအခါ ဦးခေါင်းကို ဖြတ်ရန် အမိန့်ပေးသော ခမည်းတော်၌၎င်း၊ ဦးခေါင်းကိုဖြတ်သော ယောကျ်ား၌၎င်း၊ ငိုကြွေး မြည်တမ်းနေသော မယ်တော်၌၎င်း၊ မိမိကိုယ်၌၎င်း ဤလေးယောက်သောသူတို့၌ အညီအမျှ စိတ်ကိုထားပါလော့"ဟု မြဲမြံသော ဆောက်တည်ခြင်းကို အဓိဋ္ဌာန်ပြု၍ ပြစ်မှားသော အခြင်းအရာမျှကိုသော်လည်း မပြုခဲ့ပေ။

ဤ ဓမ္မပါလသူငယ်၏ သည်းခံခြင်းသည်လည်း မအံ့ဩလောက်သေးပေ၊ အကြောင်းမူကား လူသားဖြစ်သူသည် ဤသို့ ပြုနိုင်ရာသည်ဟု စဉ်းစားဖွယ်ရှိသောကြောင့်ပေတည်း။ စင်စစ်သော်ကား တိရစ္ဆာန်ဖြစ်လျက် သော်လည်း ဆဒ္ဒန်မည်သော ဆင်ဖြစ်သောအခါ အဆိပ်လူးသောမြားဖြင့် အပစ်ခံရ၍ ချက်၌စူးဝင် ဖောက်ထွင်းသွားသော်လည်း ထိုမျှလောက် အကျိုးမဲ့ပြုသောမူဆိုး၌ စိတ်ကို မပျက်စေ-မပြစ်မှားစေခဲ့ပေ။ ဤအဆိုနှင့်အညီ ဟောထားသည်မှာ—

၁–နှာ ၄၃၈-မှတ်ချက်နည်းတူပင်။

http://www.dhammadownload.com

[၂၉၆] "ကြီးစွာသော အဆိပ်လူးမြားဖြင့် စူးဝင်လျက်ရှိသော ဆဒ္ဒန်ဆင်မင်းသည်၊ မူဆိုးကို ပြစ်မှားသည့်စိတ်မရှိမူ၍ 'အချင်း မူဆိုး ဘယ်အကျိုးကို အလိုရှိသည်ဖြစ်၍ (ဝါ-အဘယ်အကျိုး အတွက်) ငါ့ကို ပစ်သတ်ပါသနည်း၊ အဘယ် အကြောင်းကြောင့် မူလည်း ပစ်သတ်ပါသနည်း၊ ဤစေခိုင်းမှု ပယောဂသည်လည်း အဘယ်သူ၏ ပယောဂပါနည်း'-ဟု မေးလေသည်"ဟူ၍ ဟော ထားသော ဂါထာပင် ဖြစ်သည်။

ဤသို့မေးသောကြောင့် "ကာသိမင်း၏ မိဖုရားကြီးက သင်၏ အစ္စယ် များအတွက် စေလွှတ်လိုက်ပါသည် အရှင်"ဟု မူဆိုးက ဆိုသောအခါ ထိုမိဖုရားကြီး၏ နှလုံးအလိုကို ပြည့်စေလျက် အရောင်ခြောက်ပါးထွက်ကာ တောက်ပသဖြင့် နှစ်သက်စဖွယ် တင့်တယ်ကုန်သော မိမိ၏အစ္စယ်တို့ကို ဖြတ်၍ ပေးလှူလိုက်လေသည်။

(ထို့ပြင် ဘုရားအလောင်းတော်သည် မဟာကပိဇာတ်၌) ဂေါနင်္ဂုလ မျောက်မျိုးဖြစ်စဉ်က တောင်ကမ်းပါးပြတ်ချောက်မှ မိမိကိုယ်တိုင်ပင် ထုတ် ဆယ် ကယ်တင်ခဲ့သော ယောကျ်ားက—-

"တောထဲ၌ အခြားသားကောင်များကဲ့သို့ပင် မျောက်သည် လူတို့၏အစာပင် ဖြစ်သည်၊ ဆာလောင်နေသောငါသည် ဤ မျောက်ကိုသတ်၍ စားရမူ ကောင်းလေစွ။

(ထိုသို့စားကာ) အစာဝသည်ဖြစ်၍သာလျှင် မျောက်သားကို ခရီးရိက္ခာအဖြစ်ဆောင်ယူ၍ သွားအံ့၊ (ဤမျောက်သားသည်) ငါ့အား ခရီးရိက္ခာ ဖြစ်ပေလတံ့၊ (ဤမျောက်သားဖြင့်) ခရီးခဲကို ကျော်လွန်ရပေလိမ့်မည်"ဟု

http://www.dhammadownload.com

ဤသို့ကြံပြီးလျှင် ကျောက်ကိုချီမ၍ (မိမိမျောက်မင်း၏) ဦးခေါင်းကို ထုခွဲလေသည်။ ထိုအခါ အလောင်းတော်မျောက်မင်းသည် မျက်ရည်ပြည့်သော မျက်စိတို့ဖြင့် ထိုယောကျ်းကို ကြည့်ရှုလျက်—

> "အရှင်လူသား, မပြုပါလင့်၊ သင်သည် ငါ၏(သွေ့သည်ဖြစ်၍) အပူဇော်ခံအရှင်ဖြစ်ပေသည်၊ (သို့ဖြစ်ပါလျက်) သင်သည် (ငါ၏ ဦးခေါင်းကို ထုခွဲခြင်းဟူသော) ဤသို့သောအမှုကို ပြုရက်ဘိ၏၊ သင်သည် ရှည်သောအသက်ရှိသည့် သိတတ်သောလူကြီး ဖြစ်ပေသည်၊ (သို့ဖြစ်၍) သင်သည် (ငါ့အား နှိပ်စက်မည့်) အခြားရန်သူကို တားမြစ်ရန်သာ ထိုက်ပါသည်" ဟု

ဆိုပြီးလျှင် ထိုပြစ်မှားသော ယောကျ်းခွ စိတ်ကို မပျက်စေ-မပြစ်မှားစေမူ၍ မိမိ၏ဆင်းရဲကိုလည်း မစဉ်းစားပဲ ထိုယောကျ်းကိုပင် ဘေးကင်းရာတောနယ်အဆုံး လူတို့၏နယ်မြေအရပ်သို့ ပို့ဆောင်လိုက်ပေသည်။

(ထို့ပြင်) ဘူရိဒတ်နဂါးမင်းဖြစ်စဉ်က ဥပုသ်အင်္ဂါတို့ကို ဆောက်တည်ပြီးလျှင် တောင်ပို့ထိပ်ခွခွေနေစဉ် ကမ္ဘာဖျက်မီးနှင့်တူသော ဆေးဖြင့် တကိုယ်လုံးခွ သွန်းဖျန်းသော်လည်း, ပခြုပ်ခွထည့်၍ ဇမ္ဗူဒိပ်ကျွန်း အလုံးခွ (အလမွာယ်ပြကာ) ကစားစေသော်လည်း ထိုအလမွာယ်ဆရာ ပုဏ္ဏားခွ စိတ်ဖြင့်ပြစ်မှားခြင်းမျှကိုသော်လည်း မပြုခဲ့ပေ။ ဤအဆိုနှင့်အညီ ဟောထားသည်မှာ—

> "လက်ဖြင့် အားနည်းအောင် နှိပ်နယ်သော်လည်း, ပခြုပ်ခွခြေဖြင့်နင်း၍ အတင်းထည့်သော်လည်း ငါ၏သီလကျိုးမည်စိုးသောကြောင့် အလမွာယ်ပုဏ္ဏားခွ အမျက်မထွက်ခဲ့ပေ" ဟု ဟောထားသော ဂါထာပင်ဖြစ်သည်။

[၂၉၇] စမွေယျနဂါးမင်း ဖြစ်စဉ်ကလည်း မြွေအလမွာယ်သမားက ညှဉ်းဆဲ(အပ်)သော်လည်း ဘုရားအလောင်းတော်သည် စိတ်ဖြင့် ပြစ်မှား

http://www.dhammadownload.com

ခြင်းမျှကိုသော်လည်း မဖြစ်စေခဲ့ပေ။ ဤအဆိုနှင့်အညီ ဟောထား သည်မှာ—

"ထိုစမွေယျနဂါးမင်း ဖြစ်သောအခါ၌လည်း တရားကျင့်လျက် ဥပုသ်စောင့်သုံးနေသော ငါ့ကို အလမ္ဗာယ်သမားသည် ဖမ်းယူ၍ မင်းအိမ်တံခါး၌ ကစားသည်။

အညိုကိုသော်၎င်း အဝါကိုသော်၎င်း အနီကိုသော်၎င်း အကြင် အဆင်းကို (ဖြစ်စေရန်) ထိုအလမ္ဗာယ်သမားက ကြံစည်၏၊ ငါသည် ထိုအလမ္ဗာယ်၏ စိတ်သို့ အစဉ်လိုက်လျက် သူကြံစည် (အပ်)သော အဆင်းရှိသည် ဖြစ်ပေ၏။

ငါသည် (ထိုအခါက) ကုန်းမြေကို ရေဖြစ်အောင်ပြုနိုင်၏၊ ရေကိုလည်း ကုန်းမြေဖြစ်အောင် ပြုနိုင်၏၊ ငါသည် အကယ်၍ ထိုအလမ္ဗာယ်သမားကို စိတ်ဆိုးလျှင် တခဏချင်း ပြာဖြစ်အောင် ပြုနိုင်ပေ၏။

ငါသည် အကယ်၍ စိတ်အလိုသို့ လိုက်သည်ဖြစ်ငြားအံ့၊ သီလမှ ဆုံးရှုံးဆုတ်ယုတ်ရာအံ့၊ သီလမှ ဆုံးရှုံးသော ငါ့အား ဘုရားအဖြစ် ဟူသော မြတ်သောအကျိုးသည် မပြီးစီးပဲရှိရာ၏" ဟု ဟောထား သော ဂါထာတို့ပင် ဖြစ်သည်။

(သခ်ပါလဇာတ်၌ ဘုရားအလောင်းတော်သည်) သခ်ပါလနဂါးမင်း ဖြစ်၍ မြမြထက်ကုန်သော လှံမတို့ဖြင့် ရှစ်ခုသောဌာနတို့၌ ထိုးဖောက် ပြီးလျှင် ထိုးဖောက်ရာအပေါက်တို့ဖြင့် ဆူးရှိသော နွယ်တို့ကိုလျှိုသွင်း၍ နှာခေါင်း၌ မြဲမြံစွာ ကြိုးကိုတပ်၍ တဆယ့်ခြောက်ယောက်သော မူဆိုး သားတို့က ထမ်းပိုးဖြင့်ထမ်းလျက် ယူဆောင်ကြသောအခါ မြေပြင်၌ ပွတ်တိုက်သောကိုယ်ရှိသဖြင့် ကြီးစွာသောဆင်းရဲကို ခံစားရလေသည်၊

http://www.dhammadownload.com

ထိုစဉ်အခါက အမျက်ထွက်၍ ကြည့်လိုက်ရုံမျှဖြင့်ပင်လျှင် အလုံးစုံသော မူဆိုးသားတို့ကို ပြာကျသွားစေရန် စွမ်းနိုင်သော်လည်း မျက်စိကိုဖွင့်၍ ပြစ်မှားသော အခြင်းအရာမျှကိုသော်လည်း မပြုခဲ့ပေ။ ဤအဆိုနှင့်အညီ ဟောထားသည်မှာ–

> "လှည်းမှူးအဋ္ဌာရ ၁၄-ရက်မြောက်နေ့ပတ်လုံး ၁၅-ရက်မြောက် နေ့ပတ်လုံး ငါသည် ဥပုသ်ကို အမြဲကျင့်သုံး၏၊ ထိုသို့ ဥပုသ် ကျင့်သုံးနေသောအခါ ၁၆ ယောက်သော မူဆိုးသားတို့သည် ကြိုးနှင့် ခိုင်ခံ့သောကျောက်ငင်းကို ယူကာ လာကြ၏။
>
> (ထိုသို့လာကြပြီးလျှင်) နှာခေါင်းကိုဖောက်ထွင်း၍ နှာခေါင်း၌ သီထားသော ကြိုးကို တင်းတင်းဆဲငင်ကာ ကြိမ်နွယ်စသည်တို့ဖြင့် ထက်ဝန်းကျင်မှ ဆိုင်း၍ မူဆိုးတို့သည် ငါ့ကို ဆောင်သွားကြလေသည်၊ ငါသည် ဥပုသ်ကို မပျက်စေလိုသောကြောင့် ဤသို့သော ဆင်းရဲကို သည်းခံခဲ့ပေပြီ" ဟု ဟောထားသော ဂါထာမျှားပင် ဖြစ်သည်။

[၂၉၇] ဤဆိုခဲ့သောအံ့ဖွယ်တို့ကိုသာလျှင် ပြုဘူးသည်မဟုတ်ပေ၊ မာတုပေါသကဇာတ် စသည်တို့၌ အခြားတပါး များစွာသော အံ့ဖွယ်တို့ကိုလည်း (သည်းခံနိုင်ခဲစွာ သည်းခံသောအားဖြင့်) ပြုခဲ့ဘူးလေပြီ၊ ယခုအခါ သမ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင် နတ်နှင့်တကွသော လောက၌ တစုံတယောက်နှင့်မျှ မတူသည့် ခန္ဓိဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို ဆရာသခင်ဟု ရည်ညွှန်းကိုးကွယ်နေသော ထိုသင်အား အမျက်ဒေါသစိတ်ကို ဖြစ်စေခြင်းမည်သည်မှာ အလွန်ပင် မသင့်မလျော်ပေဟူ၍ (ဆရာသခင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ ရှေးဘဝတို့၌ ကျင့်ခဲ့သောဂုဏ်တို့ကို ဆင်ခြင်အပ်ကုန်၏)။

http://www.dhammadownload.com

၂၄၈။ ဤဆိုခဲ့သည့်အတိုင်း ဆရာသခင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ ရှေးဘဝတို့၌ ကျင့်ခဲ့သော ဂုဏ်တို့ကို ဆင်ခြင်သော်လည်း ရှည်မြင့်စွာသော ကာလပတ်လုံး ကိလေသာတို့၏ ကျွန်အဖြစ်သို့ ရောက်နေခဲ့သောကြောင့် ဤယောဂီ၏ ထိုအမျက်ဒေါသသည် အကယ်၍ မငြိမ်းသေးသည်သာ ဖြစ်ငြားအံ့၊ သို့ဖြစ်လျှင် ဤယောဂီသည် အနုမတဂ္ဂိယသုတ်တို့ကို ဆင်ခြင်အပ်ကုန်၏။ မှန်ပေ၏-ထိုသုတ်တို့၌-

> "ရဟန်းတို့ အကြင် သတ္တဝါသည် ရှေး၌ အမိမဖြစ်စဘူး၊ ထိုသို့သော သတ္တဝါသည် ရလွယ်သော သဘော မရှိပေ။အကြင် သတ္တဝါသည် ရှေး၌ အဘမဖြစ်စဘူး၊ ရှေး၌ ညီအစ်ကို မဖြစ်စဘူး၊ ရှေး၌ အစ်မ နှစ်မ မဖြစ်စဘူး၊ ရှေး၌ သားမဖြစ်စဘူး၊ အကြင် သတ္တဝါသည် ရှေး၌ သမီးမဖြစ်စဘူး၊ ထိုသို့သော သတ္တဝါသည် ရလွယ်သော သဘောမရှိပေ" ဟူ၍ ဟောတော်မူ(အပ်)ပေသည်။

ထိုသို့ဟောတော်မူသောကြောင့် ထိုရန်သူပုဂ္ဂိုလ်၌ ဤသို့ စိတ်ကိုဖြစ်စေအပ်၏- "ဤပုဂ္ဂိုလ်သည် ရှေးအတိတ်ကာလ၌ ငါ၏မိခင်ဖြစ်၍ ဆယ်လပတ်လုံး ဝမ်းဖြင့်ဆောင်၍ ကျင်ငယ် ကျင်ကြီး တံထွေး နှပ်စသည်တို့ကို စန္ဒကူးနှံသာကဲ့သို့ မချွံမရှာ သုတ်သင်၍ ရင်ခွင်၌ ကစေလျက် (အိပ်စေလျက်[1]) ကိုယ်လက်အင်္ဂါဖြင့် ချီပိုးသယ်ဆောင်လျက် မွေးမြူဘူးပေသတတ်၊ ငါ၏ ဘခင်ဖြစ်၍ ဆိတ်တို့ဖြင့် သွားရသည့်လမ်း[2] ချွန်းချိတ်

မှတ်ချက်

၁-လက်သည်းကွင်းအတွင်းရှိ အနက်သည် နိပဇ္ဇာပေန္တော-ဟူသော မူကွဲအရဖြစ်သည်။

၂-ဇာဏုပထံ ဟူသည်ကား (ဇာဏုဟိ)ဒူးတို့ဖြင့် (ဂန္တ္ဗမဂ္ဂံ)သွားအပ်သောလမ်းကို။ အဇပထံ ဟူသည်ကား (အဇေဟိ)ဆိတ်တို့ဖြင့် (ဂန္တ္ဗမဂ္ဂံ)သွားအပ်သောလမ်းကို-ဟု ဖွင့်ပြသော မဟာနိဒ္ဒေသအဋ္ဌကထာ(၂၄၂)နှင့်အညီ

http://www.dhammadownload.com

ငုတ်တံသင်းတို့ဖြင့် သွားရသည့်လမ်း စသည်တို့ကို သွား၍ ရောင်းဝယ်ကုန်သွယ်မှုကို ယှဉ်စေလျက်၎င်း၊ ငါ၏အကျိုးငှါ အသက်ကိုသော်လည်း စွန့်၍ နှစ်ဖက်မှချီတက်သည့် စစ်သည်ရှိသော စစ်ပွဲ၌ ဝင်ရောက်၍၎င်း၊ သဘော်ဖြင့် သမုဒ္ဒရာသို့ ဝင်ရောက်ကူးသန်း၍၎င်း၊ အခြားတပါး ပြုနိုင်ခဲသော အမှုတို့ကို ပြု၍၎င်း သားချစ်တို့ကို မွေးကြအံ့ဟု ကြံကာ ထိုထိုအကြောင်းဥပါယ်တို့ဖြင့် ဥစ္စာကိုစုဆောင်း၍ ငါ့ကို မွေးမြူခဲ့ဘူးပေသတတ်၊ ညီအစ်ကိုဖြစ်၍၎င်း, အစ်မ နှမ ဖြစ်၍၎င်း, သားဖြစ်၍၎င်း, သမီးဖြစ်၍၎င်း ဤမည် ဤမည်သော ကျေးဇူးပြုခြင်းအမှုကို ပြုခဲ့ဘူးပေသတတ်၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်၌ ငါသည် စိတ်ကို ပျက်စေရန်-အမျက်ထွက်ရန် မသင့်မလျော်ပေ-ဟု စိတ်ကို ဖြစ်စေအပ်ပေသည်။

၂၄၉။ ဤသို့ စိတ်ကိုဖြစ်စေသော်လည်း ဒေါသစိတ်ကို ငြိမ်းစေရန် မစွမ်းနိုင်သေးသည်သာ အကယ်၍ ဖြစ်ငြားအံ့၊ သို့ဖြစ်လျှင် ဤယောဂီသည် မေတ္တာ၏ အာနိသင်တို့ကို ဤသို့ ဆင်ခြင်အပ်ကုန်၏-အချင်းရဟန်း မြတ်စွာဘုရားက—

"ရဟန်းတို့, မှီဝဲအပ်-ပွါးစေအပ်-အကြိမ်များစွာ ပြုအပ်သော က-ထားသည့်ယာဉ်ကဲ့သို့-တည်ရာကဲ့သို့ပြုအပ်သော မြဲမြံစွာတည်စေအပ်သော နိုင်နင်းအောင် လေ့ကျင့်ပြီးသောကောင်းစွာအားထုတ်

မှတ်ချက်

ပြန်သောအနက် ဖြစ်သည်။ မတ်မတ်ရပ်လျက် သွားရန် မဖြစ်နိုင်ရာ၌ ဒူးထောက်၍ သွားရသကဲ့သို့ ဝန်တင်နွား ဝန်တင်မြင်းတို့ဖြင့် မသွားနိုင်သော တောင်ကမ်းပါးစောက်လမ်း၌ ဆိတ်မှာဝန်တင်၍ သွားအပ်သည်ကို ဆိုသည် ဖြစ်ရာ၏။

http://www.dhammadownload.com

ထားသော မေတ္တာစေတောဝိမုတ္တိ၏[၁] ၁၁-ပါးကုန်သော အာနိသင်တို့ကို [၂၉၉] (ကောန်ဖြစ်မည်ဟု) အလိုရှိအပ်ကုန်၏။ အဘယ် ၁၁-ပါးတို့နည်း?ဟူမူ—ချမ်းသာစွာ အိပ်ရ၏ (၁)၊ ချမ်းသာစွာ နိုးရ၏(၂)၊ ယုတ်ညံ့သော အိပ်မက်ဆိုးကို မမြင်ရ(၃)၊ လူတို့က ချစ်သည်(၄)၊ နတ်တို့က ချစ်သည်(၅)၊ နတ်တို့က စောင့်ရှောက်ကြသည်(၆)၊ မေတ္တာပွါးသူ၏(ကိုယ်၌) မီး အဆိပ် လက်နက် မကျရောက်နိုင် (၇)၊ လျင်စွာ စိတ်တည်ကြည်၏ (၈)၊ မျက်နှာ အဆင်းကြည်လင်၏ (၉)၊ မတွေဝေပဲ သေရ၏ (၁၀)၊ အထက် မဂ်ဖိုလ်တရားကို ထိုးထွင်း၍ မသိလတ် မရလတ်သော်လည်း ဗြဟ္မာ့ပြည်သို့ လားရောက်ရ၏(၁၁)"ဟူ၍ ဟောတော်မူခဲ့သည် မဟုတ်ပါလော။

သင်သည် ဤဒေါသစိတ်ကို အကယ်၍ မငြိမ်းစေငြားအံ့၊ ဤမေတ္တာ၏ အကျိုးအာနိသင်တို့မှ အပြင်ပလက်လွတ်ဖြစ်ကာ ဆုံးရှုံးရပေလိမ့်မည်-ဟု ဆင်ခြင်အပ်၏။

၂၅၀။ ဤသို့ ဆင်ခြင်သော်လည်း ငြိမ်းစေခြင်းငှါ မစွမ်းနိုင်သေးသော ယောဂီသည်ကား ဓာတ်တို့ကို အသီးအသီး ခွဲခြားခြင်းကို ပြုအပ်၏။ အဘယ်သို့နည်း?ဟူမူ အချင်းရဟန်း ထိုသူအား အမျက်ထွက်သော သင်သည် အဘယ်ကို အမျက်ထွက်သနည်း၊ ဆံပင်တို့ကို အမျက်ထွက်သလော၊ သို့မဟုတ် အမွေးတို့ကို အမျက်ထွက်သလော၊ သို့မဟုတ်

မှတ်ချက်

၁=မေတ္တာဟု သာမည ဆိုလျှင် ရှေးအဖို့ မေတ္တာကိုလည်း ယူအပ်ကြောင်း၊ စေတောဝိမုတ္တိဟု ဆိုလျှင်ကား မေတ္တာစျာန်ကိုသာ ယူအပ်ကြောင်း၊ အံ-၌ ပ-၃၆-၇-၌ ပြဆို၏။ စိတ်၏ နိဝရဏတို့မှ, အထူးအားဖြင့် ဗျာပါဒမှ လွတ်ကြောင်းဖြစ်သောကြောင့် မေတ္တာကိုပင် စေတောဝိမုတ္တိဟု ဆိုသည်။

http://www.dhammadownload.com

လက်သည်း ခြေသည်းတို့ကို ။ပ။ သို့မဟုတ် ကျင်ငယ်ကို အမျက်ထွက်သလော။ တနည်းအားဖြင့် ဆံပင်စသည်တို့၌ ပထဝီဓာတ်ကို အမျက်ထွက်သလော၊ အာပေါဓာတ်ကို၊ တေဇောဓာတ်ကို၊ ဝါယောဓာတ်ကို အမျက်ထွက်သလော။ တနည်းအားဖြင့် အကြင် ခန္ဓာငါးပါး အာယတန ၁၂-ပါး ဓာတ် ၁၈-ပါးတို့ကို စွဲမှီ၍ ဤအရှင်ကို ဤအမည်ရှိသည်ဟု ခေါ်ဆိုအပ်၏၊ ထိုခန္ဓာငါးပါး စသည်တို့တွင် ရူပက္ခန္ဓာကို အမျက်ထွက်သလော၊ သို့မဟုတ် ဝေဒနာက္ခန္ဓာကို၊ သညာက္ခန္ဓာကို၊ သင်္ခါရက္ခန္ဓာကို၊ ဝိညာဏက္ခန္ဓာကို အမျက်ထွက်သလော။ သို့မဟုတ် စက္ခာယတနကို အမျက်ထွက်သလော၊ ရူပါယတနကို အမျက်ထွက်သလော ။ပ။ မနာယတနကို အမျက်ထွက်သလော၊ ဓမ္မာယတနကို အမျက်ထွက်သလော။ သို့မဟုတ် စက္ခုဓာတ်ကို အမျက်ထွက်သလော၊ ရူပဓာတ်ကို၊ စက္ခုဝိညာဏဓာတ်ကို အမျက်ထွက်သလော ။ပ။ မနောဓာတ်ကို၊ ဓမ္မဓာတ်ကို၊ မနောဝိညာဏဓာတ်ကို အမျက်ထွက်သလော-ဟု ဓာတ်တို့ကို အသီးအသီး ခွဲခြားခြင်းကို ပြုအပ်၏။ အကျိုးကား–ဤသို့ ဓာတ်တို့ကို အသီးအသီး ခွဲခြားခြင်းကိုပြုလျှင် အပ်နှံထွင်းစူးဖျားဌ မုန်ညင်းစေ့၏ တည်ရာဌာနမရှိသကဲ့သို့ငင်း၊ ဟင်းလင်းပြင် ကောင်းကင်ဌ ပန်းချီဆေးရေး၏ တည်ရာဌာနမရှိသကဲ့သို့ငင်း အမျက်ဒေါသ၏ တည်ရာဌာနသည် မရှိတော့ပေ။

၂၅၁။ ဆက်၍ပြဦးအံ့–ဓာတ်တို့ကို အသီးအသီး ခွဲခြားခြင်းကိုပြုရန် မစွမ်းနိုင်သော သူသည် ပစ္စည်းကို ဝေဖန်ပေးကမ်းခြင်းကို ပြုအပ်၏။ မိမိ၏ ဥစ္စာကို ရန်သူဖြစ်သော သူတပါးအား ပေးအပ်၏၊ သူတပါး၏ ဥစ္စာကို မိမိက လက်ခံယူအပ်၏။ အကယ်၍ ရန်သူဖြစ်သော သူတပါးသည် အသက်မွေးမှု သီလပျက်နေသောကြောင့် သူ့ပစ္စည်းကို မသုံးဆောင်ထိုက်ငြားအံ့၊ သို့ဖြစ်လျှင် မိမိ၏ ဥစ္စာကိုသာ ပေးအပ်၏။ ဤသို့ ပစ္စည်း အပေးအယူပြုလျှင် ထိုပုဂ္ဂိုလ်၌ ထိုယောဂီ၏ အာဃာတဒေါသသည် ကေန်ပင်

http://www.dhammadownload.com

ငြိမ်း၏၊ ထိုရန်သူမှာလည်း အတိတ်ဘဝမှစ၍ အစဉ်လိုက်လာသည့် အမျက်ဒေါသပင် ဖြစ်သော်လည်း ထိုခဏ၌ပင် ငြိမ်း၏။ (အဘယ်ကဲ့သို့နည်း?ဟူမူ) စိတ္တလတောင်ကျောင်းတိုက်၌ ထ၍ နေရာပေးစေရန် သုံးကြိမ်တိုင်တိုင် အနှောင့်အယှက်ပေးခံရသော ပိဏ္ဍပါတိကမထေရ်က [၃၀၀] "အရှင် ဘုရား ဤသပိတ်သည် ရှစ်အသပြာတန်ပါသည်၊ တပည့်တော်၏ မယ်တော် ဥပါသိကာမကြီးက လှူထားသော တရားနှင့်အညီ ရသည့်လာဘ်ပစ္စည်း ဖြစ်ပါသည်၊ ဥပါသိကာမကြီးအား ကောင်းမှုရအောင် ပြုတော်မူပါ"ဟု ဆို၍ လှူလိုက်သောသပိတ်ကို ရသော (နှောင့်ယှက်သူ) မထေရ်ကြီးမှာ (အာဃာတဒေါသ ငြိမ်းသ)ကဲ့သို့ ပေတည်း။ ဤ ပေးကမ်းခြင်းမည်သည် ဤသို့ပင် ကြီးမားသော အာနုဘော်ရှိပေ၏။ မှန်ပေ၏-ဟောထားသော အောက်ပါ ဂါထာစကားသည်လည်း ရှိပေ၏။

> "ပေးကမ်းခြင်းသည် မယဉ်ကျေးသေးသောသူကို ယဉ်ကျေးစေတတ်၏၊ ပေးကမ်းခြင်းသည် အလုံးစုံသောအကျိုးကို ပြီးစေတတ်၏၊ ပေးကမ်းခြင်းဖြင့်၎င်း, ချစ်ဖွယ်စကားဖြင့်၎င်း (ပေးသူ ပြောသူတို့သည်)မျက်နှာပန်းပွင့်လျက် မြင့်တက်ကုန်၏၊ (ခံယူသူ ကြားနာသူတို့သည်) ပျော့ပျောင်းကြည်သာ ညွှတ်လာတတ်ကုန်၏"ဟူ၍ပင်တည်း။

၂၅၂။ ဤဆိုခဲ့သည့်အတိုင်း ရန်သူပုဂ္ဂိုလ်၌ အမျက်ဒေါသကို ငြိမ်းစေပြီးသော ထိုယောဂီအား ချစ်အပ်သောပုဂ္ဂိုလ်, အလွန်ချစ်အပ်သော သူငယ်ချင်းနှင့် အလယ်အလတ်ပုဂ္ဂိုလ်တို့၌ ချမ်းသာစေလိုသော မေတ္တာစိတ် ဖြစ်သကဲ့သို့ ထို့အတူပင် ထိုရန်သူပုဂ္ဂိုလ်၌လည်း ချမ်းသာစေလိုသော မေတ္တာ၏ အစွမ်းအားဖြင့် စိတ်သည် မပြတ်ဖြစ်၏။ ထိုအခါ ဤယောဂီသည် အဖန်တလဲလဲ မေတ္တာပွါးသည်ဖြစ်၍ (၁) မိမိ (၂) ချစ်အပ်သော ပိယပုဂ္ဂိုလ် (၃) အလယ်အလတ် မဇ္ဈတ္တပုဂ္ဂိုလ် (၄) ရန်သူ ဝေရိပုဂ္ဂိုလ်

http://www.dhammadownload.com

ဟူသော ဤလေးဦးတို့၌ ချမ်းသာစေလိုသောအားဖြင့် ညီမျှသော စိတ်ရှိသည်၏အဖြစ်ကို ပြီးစေလျက် (မိမိ သူတပါး, ချစ်သူ မုန်းသူ စသည်ဖြင့် ကွဲပြားသော) နယ်ပယ်၏ ပျက်ခြင်း (သီမာသမ္ဘေဒ[1])ကို ပြုအပ်၏။ ဤသည်ကား ထိုသီမာသမ္ဘေဒ၏ လက္ခဏာပေတည်း၊ ဤမေတ္တာပဋိသော ပုဂ္ဂိုလ်သည် ချစ်အပ်သောပုဂ္ဂိုလ်,အလယ်အလတ်ပုဂ္ဂိုလ်,ရန်သူပုဂ္ဂိုလ်တို့နှင့် တကွ မိမိလျှင် ၄-ယောက်မြောက်ရှိသည်ဖြစ်၍ တခုသောအရပ်၌ နေလတ်သော် ခိုးသူ ဒမြတို့က လာကြ၍ "အရှင်ဘုရား ကျွန်ုပ်တို့အား ရဟန်းတပါးကို ပေးပါ"ဟု တောင်းဆိုကုန်ရာ၏၊ အဘယ်ကိစ္စအတွက်နည်း-ဟုမေးလျှင် "ထိုရဟန်းကို သတ်၍ လည်ချောင်းသွေးကို ယူပြီးလျှင် ဗလိနတ်စာ ပူဇော်ရန်အတွက် ဖြစ်ပါသည်"ဟု ဆိုကုန်ရာ၏။ ထိုသို့ဆိုရာ၌ ဤယောဂီရဟန်းသည် "ဤမည်သော ရဟန်းကိုသော်၎င်း၊ ဤမည်သော ရဟန်းကိုသော်၎င်း ယူကြစေ"ဟု ကြံစည်ငြားအံ့၊ သီမာသမ္ဘေဒကို ပြုခြင်းကိစ္စ မပြီးသေးသည်သာတည်း။ "ငါ့ကိုသာ ယူကြ၊ ဤသုံးပါးတို့ကို မယူကြလင့်"ဟု ဤသို့သော်လည်း အကယ်၍ ကြံစည်ငြားအံ့၊ သီမာသမ္ဘေဒကို ပြုခြင်းကိစ္စ မပြီးသေးသည်သာတည်း။ အဘယ့်ကြောင့်နည်း?ဟူမူ-အကြင် အကြင်ပုဂ္ဂိုလ်ကို ယူခြင်းကို (ယူစေရန်) အလိုရှိ၏၊ ထိုထိုပုဂ္ဂိုလ်၏ အကျိုးစီးပွါးကို အလိုမရှိမူ၍ အခြားသူတို့၏သာလျှင် အကျိုးစီးပွါးကို အလိုရှိရာရောက်သောကြောင့်ပေတည်း။

စင်စစ်မှာမူ အကြင်အခါ၌ လေးဦးသော ပုဂ္ဂိုလ်များထဲမှ တဦးကို သော်လည်း ခိုးသူ ဒမြတို့အား ပေးသင့်သည်ကို မမြင်၊ မိမိ၌ရင်း၊ ထိုသုံးဦး

မှတ်ချက်

၁=သီမာ - နယ်ပယ် အပိုင်းအခြား + သမ္ဘေဒ-ပျက်ခြင်း = သီမာသမ္ဘေဒ - မိမိသူတပါး စသည်ဖြင့် အကန့်အသတ် နယ်ပယ်ပျက်ခြင်း၊ ၄-ဦးသော ပုဂ္ဂိုလ်တို့၌ ချမ်းသာစေလိုသောအားဖြင့် ညီမျှသောစိတ် ရှိခြင်းပင် ဖြစ်သည်။

http://www.dhammadownload.com

သော ပုဂ္ဂိုလ်တို့၌ဌင်း ချမ်းသာစေလိုသောအားဖြင့် အညီအမျှသာလျှင် ဖြစ်သော စိတ်ကို ဖြစ်စေ၏၊ ထိုအခါ၌ သီမာသမ္ဘေဒကို ပြုအပ်ပြီး ဖြစ်လေ တော့သည်။ ထို့ကြောင့် ရှေးဆရာတို့က မိန့်ဆိုကြသည်မှာ -

> "မိမိ၌ဌင်း, ချစ်အပ်သောသူ၌ဌင်း, အလယ်အလတ်ပုဂ္ဂိုလ်၌ဌင်း, ရန်သူ၌ဌင်း လေးပါး အပြားရှိသော ဤပုဂ္ဂိုလ်အပေါင်း၌ (မိမိသူတပါး, ချစ်သူ မချစ်သူ စသည်ဖြင့်) ထူးခြားခြင်းကို အကြင် အခါ၌ မြင်သေး၏၊ ထိုအခါ၌ ထိုမေတ္တာပွါးသူကို "သတ္တဝါတို့၏ အစီးအပွါး လိုလားသည့် စိတ်ရှိသူ" ဟူ၍သာလျှင် ဆိုအပ်ပေသည်။ "မေတ္တာ၌ လိုတိုင်းရသူ ကျွမ်းကျင်သူ" ဟူ၍ကား မဆိုအပ်သေးပေ။
>
> အကြင်အခါ၌မူ (မေတ္တာပွါးသော) ရဟန်းအား မိမိကိုယ်စသော လေးပါးသော နယ်ပယ်တို့သည် အသီးအခြား မကွဲပြားကြတော့ပဲ ပျက်လေကုန်၏၊ နတ်နှင့်တကွသော အလုံးစုံသော လူအပေါင်း ဟူသော လောကကို မေတ္တာဖြင့် အညီအမျှ ဖြန့်နိုင်၏၊ ယင်း ရဟန်းအား မိမိကိုယ်စသော နယ်ပယ် အပိုင်းအခြားကို မသိရ တော့ပေ၊ ထိုအခါ၌ ထိုရဟန်းသည် ပဌမကပြခဲ့သော ရှေးပုဂ္ဂိုလ် ထက် ဘာဝနာဖြင့် ကြီးမြတ်ထူးကဲလှပေ၏ (ဝါ-အကြီးအကျယ် ထူးခြားခြင်း ရှိပေ၏)" ဟူ၍ပင်တည်း။

[၃၀၁] ၂၅၃။ ဤသို့ သီမာသမ္ဘေဒ ပြီးစီးသည်နှင့် တူမျှသော ကာလ၌ပင်လျှင် ဤမေတ္တာပွါးသော ရဟန်းသည် (ပဋိဘာဂ) နိမိတ်ကို ၎င်း၊ ဥပစာရကိုဌင်း ရပေ၏။ ဆက်ဦးအံ့—သီမာသမ္ဘေဒကို ပြုပြီးသော အခါ (သီမာသမ္ဘေဒ၏ အစွမ်းဖြင့်ဖြစ်သော) ထိုသမာဓိနိမိတ်ကိုပင်လျှင် မှီဝဲ ပွါးများ အကြိမ်များစွာပြုနေလျှင် ပထဝီကသိုဏ်းအရာ၌ ဆိုခဲ့သော နည်းဖြင့်ပင်လျှင် အပွနာစျာန်သို့ မဆင်းရဲ မပင်ပန်းပဲပင် ရောက်လေ တော့၏။

http://www.dhammadownload.com

ဤမျှသော ဘာဝနာအစဉ်ဖြင့် ဤယောဂီယည် အင်္ဂါငါးပါးကိုပယ်၍ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ကောင်းခြင်းသုံးပါး လက္ခဏာဆယ်ပါးတို့နှင့် (လည်း) ပြည့်စုံသော မေတ္တာနှင့်တကွဖြစ်သော ပဌမစျာန်ကို ရပြီးဖြစ်ပေတော့၏။ ဆက်ဦးအံ့-ထိုပဌမစျာန်ကို ရပြီးလျှင် ထိုသမာဓိနိမိတ်ကိုပင် မှီဝဲ ပွါးများ အကြိမ်များစွာပြုလျက် ဘာဝနာအစဉ်အားဖြင့် စတုက္ကနည်းအရ ဒုတိယ တတိယစျာန်တို့ကိုလည်း, ပဉ္စကနည်းအရ ဒုတိယ တတိယ စတုတ္ထစျာန်တို့ကိုလည်း ရောက်ပေ၏။

အကျိုးကား (သုံးပါး လေးပါးသော မေတ္တာစျာန်တို့ကို ရပြီးသော) ထိုယောဂီသည် ပဌမစျာန် စသည်တို့တွင် တပါးပါး၏ အစွမ်းအားဖြင့် [၁]

> "မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတ္ဝာ ဝိဟရတိ၊ တထာ ဒုတိယံ၊ တထာ တတိယံ၊ တထာ စတုတ္ထံ။ ဣတိ ဥဒ္ဓမဓော တိရိယံ သဗ္ဗမိ သဗ္ဗတ္တတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာပဇ္ဇေန ဖရိတ္ဝာ ဝိဟရတိ" [၂]။

မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် [၁] တခုသောအရပ်မျက်နှာကို ဖြန့်၍ နေ၏၊ ထို့အတူ ဒုတိယ အရပ်မျက်နှာကို (ဖြန့်၍နေ၏)၊ ထို့အတူ တတိယ အရပ်မျက်နှာကို (ဖြန့်၍နေ၏) ထို့အတူ စတုတ္ထ အရပ်မျက်နှာကို (ဖြန့်၍နေ၏)။ ဤသို့သောနည်းဖြင့် အထက် အရပ်မျက်နှာကိုလည်း, အောက်အရပ်မျက်နှာကိုလည်း, ဖီလာပတ်

မှတ်ချက်

၁–အစွမ်းအားဖြင့်....မေတ္တာနှင့်တကွ ဖြစ်သောစိတ်ဖြင့်....ဖြန့်၍နေ၏-ဟုစပ်ပါ။

၂–ဤပါဠိမူရင်းကို ထုတ်ပြခြင်းသည် နောက်၌ပြလတံ့သော အဖွင့်နှင့်တိုက်ဆိုင်ကြည့်ရန် ဖြစ်သည်။

http://www.dhammadownload.com

ဝန်းကျင် အထောင့်အရပ်မျက်နှာကိုငုံး (ဖြန့်၍နေ၏) အလုံးစုံသော အရပ်ဆယ်မျက်နှာ၌ အလုံးစုံသော သတ္တဝါရှိသော သတ္တလောကကို အလုံးစုံသော သတ္တဝါတို့၌ မိမိကိုယ်၏အဖြစ်ဖြင့် (ဝါ-မိမိကိုယ်နှင့် အတူပြုသဖြင့်) မေတ္တာနှင့်တကွဖြစ်သော ပြန့်ပြောသော မဟဂ္ဂုတ်ဖြစ်သော အတိုင်းအရှည် မရှိသည့်သတ္တဝါလျှင် အာရုံရှိသော ရန်ကင်းသော ဆင်းရဲကင်းသော စိတ်ဖြင့် ဖြန့်၍နေ၏။ မှန်ပေ၏-(စျာန်၏ ကွန့်မြူးစမှတ်ခြင်းဟူသော)ဤသို့သော အမျိုးမျိုး အထွေထွေပြုခြင်းသည် ပဌမစျာန် စသည်တို့၏ အစွမ်းအားဖြင့် အပွနာသို့ ရောက်သည့်စိတ်ရှိသော ပုဂ္ဂိုလ်အားသာလျှင် ပြီးစီး ပြည့်စုံနိုင်ပေ၏။

၂၅၄။ ဆက်၍ ဖွင့်ပြဦးအံ့—(မေတ္တာသဟဂတေန အစရှိသော)ဤပါဠိ၌ မေတ္တာသဟဂတေန-ဟူသည်ကား မေတ္တာနှင့် ပြည့်စုံသော (ယှဉ်သော)။ စေတသာ-ဟူသည်ကား စိတ်ဖြင့်။ ကေ ဒီသံ-တခုသော အရပ်မျက်နှာကို-ဟူသော ဤစကားသည် တခုသော အရပ်မျက်နှာ၌ ရှေးဦးစွာ သိမ်းဆည်း အပ်သော သတ္တဝါအပေါင်းကို အစွဲပြု၍ တခုသော အရပ်မျက်နှာ၌ အကျုံးဝင်သော သတ္တဝါအပေါင်းကို မေတ္တာဖြန့်သည်၏ အစွမ်းအားဖြင့် ဆိုသောစကားပေတည်း။ဖရိတွာ-ဖြန့်၍-ဟူသည်ကား (စိတ်ဖြင့်) တွေ့ထိ၍ အာရုံပြု၍။ ဝိဟရတိ-နေ၏-ဟူသည်ကား မေတ္တာစျာန်ဟူသော ဗြဟ္မဝိဟာရ-က ထောက်ပံ့လျက် ခိုင်ခံ့စွာ တည်စေ(အပ်)သော ဣရိယာပုထ်ဖြင့် နေခြင်းကို မပြတ်ဖြစ်စေ၏။ တထာ ဒုတိယံ-စသည်၌ အလျှောအရပ် အစရှိသော အရပ်မျက်နှာတို့တွင် အမှတ်မရှိ တခုသော အရပ်မျက်နှာကို ဖြန့်၍ နေသကဲ့သို့ ထို့အတူပင် ထို၏အခြားမဲ့၌ ဒုတိယအရပ်မျက်နှာကိုငုံး, တတိယ အရပ်မျက်နှာကိုငုံး, စတုတ္ထ အရပ်မျက်နှာကိုငုံး (ဖြန့်၍နေ၏) ဤကားအနက်။ ဣတိ ဥဒ္ဓံ-ဟူသော ဤစကားဖြင့် ဤဆိုခဲ့သော

http://www.dhammadownload.com

နည်းဖြင့်ပင်လျှင် အထက်အရပ်မျက်နှာကို (ဖြန့်၍ နေ၏)ဟု ဆိုလို၏။ အဓော တိရိယံ ဟူရာ၌လည်း အောက်အရပ်ကိုငှင်း, ဖီလာပတ်ဝန်းကျင် အရပ်ကိုငှင်း ဤအတူပင် ဖြန့်၍နေ၏ ဟု ဆိုလို၏။ ထိုတွင် အဓော-ဟူသည်ကား အောက်အရပ်၌ (သတ္တဝါအပေါင်းကို)။ တိရိယံ-ဟူသည်ကား အထောင့်အရပ်တို့၌ (သတ္တဝါအပေါင်းကို) ဤဆိုခဲ့သောနည်းဖြင့် အလုံးစုံသော အရပ်ဆယ်မျက်နှာတို့၌ မြင်းဝင်း၌ မြင်းကိုစိုင်းနှင်သကဲ့သို့ ပြန်၍လည်း စိုင်းနှင်သကဲ့သို့ မေတ္တာနှင့်တကွဖြစ်သော စိတ်ကို စိုင်းလည်း စိုင်းနှင်၏ ပြန်၍လည်း စိုင်းနှင်၏။ ဤကား ပုဒ်အဖွင့်တည်း။ (တိရိယံ-ဟူသော) ဤတိုင်အောင် စကားအစဉ်ဖြင့် တခုတခုသော[၁] အရပ်မျက်နှာကို သိမ်းဆည်း၍ အပိုင်းအခြားအားဖြင့် (ဩဓိသ)မေတ္တာဖြန့်ပုံကို ပြပေသည်။

သဗ္ဗဓိ-အစရှိသော စကားကိုမူ အပိုင်းအခြားမရှိသော အားဖြင့် (အနောဓိသ)မေတ္တာဖြန့်ပုံကို ပြခြင်းငှါ မိန့်ဆို(အပ်)ပေသည်။ ထိုစကားရပ်၌ သဗ္ဗဓိ-ဟူသည်ကား အလုံးစုံ(သော အရပ်မျက်နှာ)၌။ သဗ္ဗတ္တတာယ-ဟူသည်ကား အယုတ် အလတ် အမြတ် မိတ်ဆွေ ရန်သူ အလယ်အလတ် ပုဂ္ဂိုလ် စသည် အပြားရှိကုန်သော အလုံးစုံ(သော သတ္တဝါ)တို့၌ [၃၀၂] မိမိကိုယ်၏ အဖြစ်ဖြင့်၊ "ဤသူသည် တပါးသော သတ္တဝါတည်း"ဟု ခွဲခြားခြင်းကို မပြုမူ၍ မိမိနှင့်တူညီသည်၏အဖြစ်ဖြင့်ဟူ၍ ဆိုလို၏။ တနည်းကား သဗ္ဗတ္တတာယ-ဟူသောပုဒ်ဖြင့် "အနည်းငယ်မျှသော်လည်း အပြင်ပသို့ မပျံ့လွှင့်စေမူ၍ အလုံးစုံသော စိတ်အဖို့ဖြင့်"ဟု ဆိုလို၏။ သဗ္ဗာဝန္တံ-ဟူသည်ကား အလုံးစုံသော သတ္တဝါရှိသော၊ အလုံးစုံသော သတ္တဝါတို့နှင့်ယှဉ်သော-ဤကား အနက်။ လောကံ-ဟူသည်ကား သတ္တလောကကို။ ဆက်၍ရှင်း

မှတ်ချက်

၁ – ပါဠိစာအုပ်တို့၌ ဧကံ-ဟု တပုဒ်တည်း ရှိသည်၊ ဧကမေကံ-ဟု ရှိသင့်သည် အားလျော်စွာ ဤ၌ ပြန်ထားသည်။

http://www.dhammadownload.com

ပြအံ့၊ ဝိပုလေန-ဤသို့ အစရှိသော ပရိယာယ်ပုဒ်တို့ကို ပြခြင်းကြောင့် အပိုင်းအခြားမရှိသော (အနောမိသ) မေတ္တာဖြန့်ပုံကိုပြသောဤစကားရပ်၌ မေတ္တာသဟဂတေန-ဟူသောပုဒ်ကို တဖန်ထပ်၍ မိန့်ဆို (အပ်) ပေသည်။ တနည်းအားဖြင့် ရှင်းပြရလျှင် အပိုင်းအခြားအားဖြင့် (ဩမိသ) မေတ္တာဖြန့်ပုံကို ပြရာ၌ကဲ့သို့ ဤအနောမိသမေတ္တာဖြန့်ပုံကို ပြရာ၌ တထာ-သဒ္ဒါကိုလည်း ဤတိ-သဒ္ဒါကိုလည်း တဖန်ထပ်၍ မဟောခဲ့ပေ၊ ထို့ကြောင့် မေတ္တာသဟဂတေန စေတသာ-ဟု တဖန်ထပ်၍ဟော (အပ်) ပေသည်။ တနည်းသော်ကား နိဂုံးချုပ်သည့်အလိုအားဖြင့် ထိုစကားကို မိန့်ဆို (အပ်) ပေသည်။ ဝိပုလေနဟူသော ဤပုဒ်၌ ဖြန့်ခြင်း၏အစွမ်းအားဖြင့် ပြန့်ပြောခြင်းကို မှတ်အပ်၏။ ရူပဘုံ၏အစွမ်းအားဖြင့် ဤမေတ္တာစျာန်သည် မဟဂ္ဂတ်မည်ပေ၏။ လေ့လာကျေပြန်သည်၏ အစွမ်းအားဖြင့်လည်း, အတိုင်းအရှည် အပိုင်းအခြားမရှိသော သတ္တဝါတို့ကို အာရုံပြုသည်၏ အစွမ်းအားဖြင့်လည်း အပ္ပမာဏမည်ပေ၏။ ဗျာပါဒ-ဒေါသဟူသော ရန်သူကို ပယ်ခြင်းကြောင့် အဝေရမည်ပေ၏။ ဒေါမနဿကို ပယ်ခြင်းကြောင့် အဗျာပဇ္ဈမည်ပေ၏၊ စိတ်ဆင်းရဲမရှိ-ဟု ဆိုလို၏။ ယခုဆိုခဲ့သော စကားသည် မေတ္တာသဟဂတေန စေတသာ-အစရှိသော နည်းဖြင့် ဟောထားသော အမျိုးမျိုး အထွေထွေ ပြုခြင်း မေတ္တာပွါးခြင်း၏ အနက်ပေတည်း။

၂၅၅။ ဆက်၍ရှင်းပြဦးအံ့—ယခုပြခဲ့သော အမျိုးမျိုး အထွေထွေ မေတ္တာပွါးခြင်းသည် အပွနာသို့ရောက်သည့်စိတ်ရှိသော ပုဂ္ဂိုလ်အားသာ ပြီးစီးပြည့်စုံသကဲ့သို့ ထို့အတူ[1]—

မှတ်ချက်

၁—ထို့အတူ....ပဋိသမ္ဘိဒါမဂ်၌ ဟောထားသော အမျိုးမျိုးအထွေထွေ မေတ္တာပွါးခြင်းသည်လည်း-စသည်နှင့် စပ်ပါ။

http://www.dhammadownload.com

"ငါးပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြားမရှိသော အားဖြင့် ဖြန့်သော (အနောဓိသ) မေတ္တာစေတောဝိမုတ္တိသည် ဖြစ်၏၊ ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြားအားဖြင့် ဖြန့်သော(သြဓိသ) မေတ္တာစေတောဝိမုတ္တိသည် ဖြစ်၏၊ ဆယ်ပါးသော အခြင်းအရာတို့ဖြင့် အရပ်မျက်နှာကိုဖြန့်သော မေတ္တာစေတောဝိမုတ္တိသည် ဖြစ်၏" ဟူ၍–

ပဋိသမ္ဘိဒါမဂ်၌ ဟောထားသော အမျိုးမျိုးအထွေထွေ မေတ္တာပွါးခြင်းသည်လည်း အပွနာသို့ ရောက်သည့်စိတ်ရှိသော ပုဂ္ဂိုလ်အားသာ ပြီးစီးပြည့်စုံသည်ဟု သိအပ်ပေသည်။

ထိုပဋိသမ္ဘိဒါမဂ်၌ (သဗ္ဗေ သတ္တာ) အလုံးစုံသော သတ္တဝါတို့သည် (အဝေရာ)ရန်ကင်းကြပါစေ၊ (အဗျာပဇ္ဈာ) စိတ်ဆင်းရဲကင်းကြပါစေ၊ (အနီဃာ)ကိုယ်ဆင်းရဲကင်းကြပါစေ၊ (သုခီ အတ္တာနံ ပရိဟရန္တု) ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ၊ (၁)။ (သဗ္ဗေ ပါဏာ) အလုံးစုံသော အသက်ရှူသူတို့သည် ရန်ကင်းကြပါစေ။ ပ ။ ရွက်ဆောင်နိုင်ကြပါစေ၊ (၂)။ (သဗ္ဗေ ဘူတာ) အလုံးစုံသော ထင်ရှားဖြစ်သူတို့သည် ရန်ကင်းကြပါစေ။ ပ ။ ရွက်ဆောင်နိုင်ကြပါစေ၊(၃)။ (သဗ္ဗေ ပုဂ္ဂလာ) အလုံးစုံသော ပုဂ္ဂိုလ်တို့သည် ရန်ကင်းကြပါစေ ။ပ။ ရွက်ဆောင်နိုင်ကြပါစေ၊ (၄)။ (သဗ္ဗေ အတ္တဘာဝပရိယာပန္နာ) အလုံးစုံသော အတ္တဘောဝ်၌ အတွင်းဝင်သူတို့သည် ရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ၊ (၅) ဟူသော ဤငါးပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြားမရှိသောအားဖြင့် ဖြန့်သော (အနောဓိသ)မေတ္တာစေတောဝိမုတ္တိကို သိအပ်၏။

http://www.dhammadownload.com

(သဗ္ဗာ ဣတ္ထိယော)အလုံးစုံသော ၎င်းမတို့သည် ရန်ကင်းကြပါစေ။ပ။ ရွက်ဆောင်နိုင်ကြပါစေ၊(၁)။ (သဗ္ဗေ ပုရိသာ) အလုံးစုံသောယောကျ်ားတို့သည် ရန်ကင်းကြပါစေ။ ပ ။ ရွက်ဆောင်နိုင်ကြပါစေ၊ (၂)။ (သဗ္ဗေ အရိယာ)အလုံးစုံသော အရိယာတို့သည် ရန်ကင်းကြပါစေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ၊ (၃)။ (သဗ္ဗေ အနရိယာ) အလုံးစုံသော ပုထုဇဉ်တို့သည် ရန်ကင်းကြပါစေ။ ပ ။ ရွက်ဆောင်နိုင်ကြပါစေ၊ (၄)။ (သဗ္ဗေ ဒေဝါ) အလုံးစုံသော နတ်တို့သည် ရန်ကင်းကြပါစေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ၊ (၅)။ (သဗ္ဗေ မနုဿာ) အလုံးစုံသော လူတို့သည် ရင်ကင်းကြပါစေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ၊ (၆)။ (သဗ္ဗေ ဝိနိပါတိကာ) အလုံးစုံသော အပါယ်ဘုံသားတို့သည် ရန်ကင်းကြပါစေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ၊ (၇)ဟူသော ဤခုနစ်ပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြားအားဖြင့် ဖြန့်သော (ဩဓိသ)မေတ္တာစေတောဝိမုတ္တိကို သိအပ်၏။

(ပုရတ္ထိမာယ ဒိသာယ) အရှေ့မျက်နှာ၌ အလုံးစုံသော သတ္တဝါတို့သည် ရန်ကင်းကြပါစေ။ပ။ရွက်ဆောင်နိုင်ကြပါစေ၊ (၁)။ (ပစ္ဆိမာယ ဒိသာယ) အနောက်မျက်နှာ၌ အလုံးစုံသော သတ္တဝါတို့သည် ရန်ကင်းကြပါစေ။ ပ။ (၂)။ (ဥတ္တရာယ ဒိသာယ)မြောက်အရပ်မျက်နှာ၌။ပ။(၃)။ (ဒက္ခိဏာယ ဒိသာယ) တောင်အရပ်မျက်နှာ၌။ပ။(၄)။ (ပုရတ္ထိမာယ အနုဒိသာယ) အရှေ့တောင်အရပ်မျက်နှာ၌။ ပ။ (၅)။ (ပစ္ဆိမာယ အနုဒိသာယ) အနောက်မြောက်အရပ်မျက်နှာ၌။ပ။(၆)။[၃၀၃](ဥတ္တရာယ အနုဒိသာယ] အရှေ့မြောက်အရပ်မျက်နှာ၌။ ပ။ (၇)။ (ဒက္ခိဏာယ အနုဒိသာယ) အနောက်တောင်အရပ်မျက်နှာ၌။ ပ။ (၈)။ (ဟေဋ္ဌိမာယ ဒိသာယ) အောက်အရပ်မျက်နှာ၌။ ပ။ (၉)။ (ဥပရိမာယ ဒိသာယ) အထက်အရပ်မျက်နှာ၌ အလုံးစုံသော သတ္တဝါတို့သည် ရန်ကင်းကြပါစေ။ ပ။ရွက်ဆောင်နိုင်ကြပါစေ(၁၀)။ (သတ္တဝါရ ၁)

http://www.dhammadownload.com

အရွှေအရပ်မျက်နှာ၌ အလုံးစုံသော အသက်ရှူသူတို့သည် ရန်ကင်းကြပါစေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ(၁)။ အနောက်အရပ်မျက်နှာ၌။ပ။ အထက်အရပ်မျက်နှာ၌ အလုံးစုံသော အသက်ရှူသူတို့သည် ရန်ကင်းကြပါစေ။ပ။ရွက်ဆောင်နိုင်ကြပါစေ(၁၀)။ (ပါဏဝါရ ၂)

အရွှေအရပ်မျက်နှာ၌ အလုံးစုံသော ထင်ရှားဖြစ်သူတို့သည်။ပ။အထက်အရပ်မျက်နှာ၌ အလုံးစုံသော ထင်ရှားဖြစ်သူတို့သည် ရန်ကင်းကြပါစေ။ ပ။ ရွက်ဆောင်နိုင်ကြပါစေ(၁၀)။ (ဘူတဝါရ ၃)

အရွှေအရပ်မျက်နှာ၌ အလုံးစုံသောပုဂ္ဂိုလ်တို့သည် ။ပ။ အထက်အရပ်မျက်နှာ၌။ပ။ရွက်ဆောင်နိုင်ကြပါစေ(၁၀)။ (ပုဂ္ဂလဝါရ ၄)

အရွှေအရပ်မျက်နှာ၌ အလုံးစုံသော အတ္တဘောဝ၌ အတ္တဝင်းဝင်သူတို့သည်။ပ။အထက်အရပ်မျက်နှာ၌။ပ။ရွက်ဆောင်နိုင်ကြပါစေ(၁၀)။ (အတ္တဘာဝပရိယာပန္နဝါရ ၅)

အရွှေအရပ်မျက်နှာ၌ အလုံးစုံသော မိန်းမတို့သည်။ ပ။ အထက်အရပ်မျက်နှာ၌။ပ။ရွက်ဆောင်နိုင်ကြပါစေ(၁၀)။ (ဣတ္ထိဝါရ ၆)

အရွှေအရပ်မျက်နှာ၌ အလုံးစုံသော ယောကျ်ားတို့သည်။ ပ။ အထက်အရပ်မျက်နှာ၌။ ပ။ ရွက်ဆောင်နိုင်ကြပါစေ(၁၀)။ (ပုရိသဝါရ ၇)

အရွှေအရပ်မျက်နှာ၌ အလုံးစုံသော အရိယာတို့သည်။ပ။အထက်အရပ်မျက်နှာ၌။ပ။ရွက်ဆောင်နိုင်ကြပါစေ(၁၀)။ (အရိယဝါရ ၈)

အရွှေအရပ်မျက်နှာ၌ အလုံးစုံသော ပုထုဇဉ်တို့သည် ။ပ။ အထက်အရပ်မျက်နှာ၌ ။ပ။ ရွက်ဆောင်နိုင်ကြပါစေ(၁၀)။ (အနရိယဝါရ ၉)

အရွှေအရပ်မျက်နှာ၌ အလုံးစုံသော နတ်တို့သည် ။ပ၊ အထက်အရပ်မျက်နှာ၌ ။ပ။ ရွက်ဆောင်နိုင်ကြပါစေ(၁၀)။ (ဒေဝဝါရ ၁၀)

http://www.dhammadownload.com

အရွေ့အရပ်မျက်နှာ၌ အလုံးစုံသော လူတို့သည် ။ပ။ အထက်အရပ်မျက်နှာ၌ ။ပ။ ရွက်ဆောင်နိုင်ကြပါစေ(၁၀)။ (မနုဿဝါရ ၁၁)

အရွေ့အရပ်မျက်နှာ၌ အလုံးစုံသော အပါယ်ဘုံသားတို့သည် ။ပ။ အထက်အရပ်မျက်နှာ၌ အလုံးစုံသော အပါယ်ဘုံသားတို့သည် ရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာနှင့် ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ(၁၀) (ဝိနိပါတိကဝါရ ၁၂) ဟူသော ဤဆယ်ပါးသော အခြင်းအရာတို့ဖြင့် အရပ်မျက်နှာကို ဖြန့်သော မေတ္တာစေတောဝိမုတ္တိကို သိအပ်၏။

၂၅၆။ (မေတ္တာပွါးပုံကိုပြသော သဗ္ဗေ သတ္တာ-အစရှိသော)ထိုစကားရပ်၌ သဗ္ဗေ-အလုံးစုံ-ဟူသော ဤစကားသည် အကြွင်းမဲ့ သိမ်းယူသော စကားပေတည်း။ သတ္တာ-သတ္တဝါတို့-ဟူရာ၌ ရုပ်အစရှိသော ခန္ဓာတို့၌ လိုချင်တပ်မက်သော ဆန္ဒရာဂဖြင့် ငြိကပ်ကြ တွယ်တာကြသောကြောင့် သတ္တာ-သတ္တဝါတို့ မည်ကုန်၏။ မှန်ပေ၏-မြတ်စွာဘုရားသည် အောက်ပါ စကားကို ဟောတော်မူ(အပ်)ပေသည်။

> "(ရဟန်းအိုကြီး)ရာဓ ရုပ်၌ အကြင်လိုချင်ခြင်းသည် အကြင် တပ်မက်ခြင်းသည် အကြင် နှစ်သက်ခြင်းသည် အကြင် ဆာလောင်ခြင်း တဏှာသည် ရှိ၏၊ ထိုရုပ်၌ ထိုတဏှာဖြင့် ငြိကပ် တွယ်တာတတ်၏၊ ထို့ကြောင့် သတ္တ-သတ္တဝါဟူ၍ ခေါ်ဆိုအပ်၏။ ဝေဒနာ၌....သညာ၌....သင်္ခါရတို့၌....ဝိညာဏ်၌အကြင် လိုချင်ခြင်းသည်....အကြင် ဆာလောင်ခြင်း တဏှာသည် ရှိ၏၊ ထိုဝိညာဏ်၌ ထိုတဏှာဖြင့် ငြိကပ် တွယ်တာတတ်၏၊ ထို့ကြောင့် သတ္တ-သတ္တဝါဟု ခေါ်ဆိုအပ်၏" ဟူ၍ပင်တည်း။

ဆက်၍ရှင်းပြဦးအံ့ - ဤသတ္တဝါဟူသော ဝေါဟာရသည် တပ်မက်မှုရာဂကင်းသော ရဟန္တာတို့၌လည်း အတင်ရုဇ္ဇ အတွင်ရုဇ္ဇသဒ္ဒါ အလို

http://www.dhammadownload.com

အားဖြင့် [၁] ဖြစ်သည်သာလျှင်တည်း၊ တာလဝဏ္ဏ-ထန်းရွက်ယပ်ဟူသော ဝေါဟာရသည် ဝါးနှီးဖြင့် လုပ်ထားသော ယပ်အထူး၌ ဖြစ်သကဲ့သို့ပင်တည်း။ သဒ္ဒါဆရာတို့သည်ကား အနက်ကို မစိစစ်မူ၍ ဤသတ္တ-သတ္တဝါဟူသော အမည်ကို အမည်မျှသာဟူ၍ အလိုရှိကုန်၏။ အနက်ကို စိစစ်သော ဆရာတို့သည်လည်း သတ္တဂုဏ်နှင့် ယှဉ်ခြင်းကြောင့် သတ္တ-သတ္တဝါမည်သည်ဟု [၂] အလိုရှိကုန်၏။

မှတ်ချက်

၁–ပုံသဏ္ဌာန်/စသည် တူသဖြင့် တင်စား၍ ခေါ်သော အမည်သည် အတင်ရုဋ္ဌိ မည်၏၊ ဝါးနှီးဖြင့် ပြုလုပ်ထားသော ယပ်ကို တာလဝဏ္ဏ-ထန်းရွက်ယပ်ဟု ခေါ်သကဲ့သို့ပင်။ ဆာဂရှိသောပုဂ္ဂိုလ်တို့၌လည်း ခန္ဓာငါးပါး ရှိသည်၊ ဆာဂကင်းသော ရဟန္တာတို့၌လည်း ခန္ဓာငါးပါး ရှိသည်၊ ဤသို့ ခန္ဓာငါးပါး ရှိပုံချင်းတူသောကြောင့် ရဟန္တာတို့ကိုလည်း အတင်ရုဋ္ဌိအားဖြင့် သတ္တ-သတ္တဝါဟု ခေါ်သည်။ ထို့ပြင် ခေါ်ဝေါ်နေကျဖြစ်၍ တွင်နေသော အမည်သည် အတွင်ရုဋ္ဌိ မည်၏၊ သင်ကြားပြသပေးသောသူကို ဆရာဟု ခေါ်ကြ၏၊ ထိုသူသည် သင်ကြားပြသမှုမှ ရပ်စဲ၍ နေငြားသော်လည်း ထိုသူကို ဆရာဟု ခေါ်တွင်နေခြင်းမျိုးပင်တည်း။ သတ္တဟူသော ဤဝေါဟာရသည်လည်း ဆာဂရှိစဉ်က ခေါ်တွင်နေသောကြောင့် ဆာဂကင်းသော ရဟန္တာတို့၌လည်း သတ္တ-သတ္တဝါဟူ၍ပင် ခေါ်တွင်မြဲ ခေါ်တွင်နေလေသည်၊ အတွင်ရုဋ္ဌိအားဖြင့် ခေါ်ဆိုရခြင်းပေတည်း။

၂–သတ္တဂုဏ်နှင့် ယှဉ်ခြင်းကြောင့်-ဟူဆာ၌ ဗုဒ္ဓိခေါ် အသိဉာဏ်သည်ဎင်း လှုံ့လဝီရိယသည်ဎင်း ဥသ္မာခေါ် အပူဇွေ့ တေဇောသည်ဎင်း သတ္တဂုဏ် မည်၏၊ ထို သတ္တဂုဏ်နှင့် ယှဉ်ခြင်းကြောင့် သတ္တ-သတ္တဝါ မည်ကုန်၏၊ ဥပမာ ညှိသော အဆင်းဂုဏ်နှင့် ယှဉ်ခြင်းကြောင့် ပုဆိုးကို အညှိဟု ခေါ်ဆိုအပ်သကဲ့သို့ပေတည်း။ (ဋီကာ) သက္ကတ၌ သတ္တ, ပါဠိ၌ သတ္တ, မြန်မာ၌ သတ္တဝါ-ဤ အမည်တို့သည် အရတူပင် ဖြစ်သည်။ ဤအလိုအားဖြင့် ဂုဏ္ဍ-ပစာဟု ဆိုရာ ရောက်၏။

http://www.dhammadownload.com

အသက်ရှူတာဘော်သောကြောင့် ပါဏာ မည်ကုန်၏၊ ထွက်သက် ဝင်သက် နှင့်စပ်သော ဖြစ်ခြင်းရှိသောကြောင့်ဟု ဆိုလို၏။ ထင်ရှားဖြစ်ခြင်းကြောင့် ဘူတ မည်ကုန်၏၊ ကောင်းစွာဖြစ်ခြင်း အသစ်ထင်ရှားဖြစ်ခြင်းကြောင့်ဟု ဆိုလို၏။ ငရဲကို ပုံ-ဟု ခေါ်သည်၊ ထိုငရဲသို့ ရောက်တတ်သောကြောင့် ပုဂ္ဂလ-ပုဂ္ဂိုလ်မည်ကုန်၏ [၁]။ ကိုယ်ကို သို့မဟုတ် ခန္ဓာငါးပါးအပေါင်းကို (အတ္တဟု ထင်မှတ်ရခြင်း၏ အကြောင်းဖြစ်သောကြောင့်) အတ္တဘာဝ-အတ္တဘော-ဟု ခေါ်သည်၊ အဘယ့်ကြောင့်နည်း? ဟူမူ ထိုခန္ဓာငါးပါး အပေါင်းကိုစွဲ၍ ပညတ်မျှ ဖြစ်သင့်သောကြောင့်ပေတည်း။ ထိုအတ္တဘာဝ – အတ္တဘောဌ် ပရိယာပန္နဖြစ်သောကြောင့် အတ္တဘာဝပရိယာပန္နမည်ကုန်၏၊ ပရိယာပန္နာ ဟူသည်ကား ပိုင်းခြားအပ်ကုန်သည် အတွင်းဝင်ကုန်သည်ဟု အနက်ရ၏။

[၃၀၄] ဆက်၍ရှင်းပြဦးအံ့ - သတ္တသဒ္ဒါကဲ့သို့ပင် ထို့အတူ ကြွင်းသော ပါဏ-အစရှိသော သဒ္ဒါတို့ကိုလည်း ရဋ္ဌိအစ္စမ်းအားဖြင့် တင်၍ ဤသဒ္ဒါ အားလုံးတို့သည် သတ္တဝါအားလုံးကို ဟောသည့် ဝေဝုစ် ပရိယာယ် စကား

မှတ်ချက်

၁ – ပုံ-ငရဲသို့+ဂလ - ရောက်တတ်သည်=ပုဂ္ဂလ – ငရဲသို့ ရောက်တတ်သူ–ငရဲကျ တတ်သူ-ဟု တိုက်ရိုက်အားဖြင့် အနက်ရ၏။ သို့သော်လည်း သတ္တဝါ ဟူသမျှကိုပင် ပုဂ္ဂလ-ပုဂ္ဂိုလ်ဟု ခေါ်သည်။ ဋီကာဌ်ကား "ပူရဏ-ပြည့်စေ တတ်သောကြောင့်ဌင်း, ဂလန-လျော့ကျတတ်သောကြောင့်ဌင်း ပုဂ္ဂလ မည်ကုန်၏ဟု သဒ္ဒါဆရာတို့ကို ဆိုကြ၏။ ခဲ့ပြုအံ့-သတ္တဝါတို့သည် ဘဝသစ်၌ ဖြစ်ကုန်လတ်သော် ထိုထို သတ္တဝါအပေါင်းကို ပြည့်စေကုန်သကဲ့သို့ ရှိကြ၏။ ခပ်သိမ်းသော အခိုက်အတန့်၌ သေလျက် ကျတတ်ကြသောကြောင့် လျော့ကျစုတေတတ်ကုန်၏-ဤကား ပူရ+ဂလ=ပု+ဂလတို့၏ အနက်ပေတည်း" ဟု တနည်း ဖွင့်ပြထား၏။ ထို အလိုအားဖြင့် ပူရ-ပု-ပြည့်စေတတ်သည်+ဂလ-လျော့ကျတတ်သည်=ပုဂ္ဂလ-ပြည့်စေတတ် လျော့ကျတတ်သူ-ဟု ဆိုရာ၏။ ဤ အဆိုသည် သတ္တဝါ အားလုံးနှင့် သက်ဆိုင်ပေ၏။

http://www.dhammadownload.com

လှယ်တို့ ဖြစ်ကြသည်ဟူ၍ သိအပ်ကုန်၏။ သတ္တဝါအားလုံးကို ဟောသည့် ဝေဝုစ် ပရိယာယ် စကားလှယ်ဖြစ်ကြသော ဇန္တု, ဇီဝ အစရှိသော အခြားသဒ္ဒါတို့လည်း ရှိကြသေး၏၊ သို့သော်လည်း ထင်ရှားသည်၏အစွမ်းအားဖြင့် ဤငါးပုဒ်တို့ကိုသာ ယူ၍ "ငါးပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြားမရှိသောအားဖြင့် ဖြန့်သော(အနောဓိသ)မေတ္တာစေတောဝိမုတ္တိဖြစ်သည်" ဟူ၍ ဟောထားပေသည်။

အကြင်ဆရာတို့သည်ကား သတ္တ ပါဏ စသော သဒ္ဒါတို့၏ ထူးခြားခြင်းသည် သက်သက်သဒ္ဒါမျှဖြင့်သာဟူ၍ မယူလိုကုန်၊ စင်စစ်သော်ကား အနက်အရအားဖြင့်လည်း ထူးခြားခြင်းကို ယူလိုကုန်ရာ၏။ ထိုဆရာတို့၏ (အလိုအားဖြင့်)အပိုင်းအခြားမရှိသောအားဖြင့် ဖြန့်ခြင်းသည် ဆန့်ကျင်၏[၁]။ ထို့ကြောင့် ထိုသို့ အနက်အရပါ ကဲ့ပြားသောအနက်ကို မယူမူ၍ ဤငါးပါးသော အခြင်းအရာတို့တွင် တပါးပါး၏ အစွမ်းအားဖြင့် အပိုင်းအခြားမရှိသောအားဖြင့်(အနောဓိသ)မေတ္တာကို ဖြန့်အပ်ပေသည်။

၅၂၈-သွယ်မေတ္တာ ရေတွက်ပုံ

၂၅၇။ ဤသို့ဖြန့်ရာ၌လည်း၂ အလုံးစုံသော သတ္တဝါတို့သည် ရန်ကင်းကြပါစေ ဟူသော ဤ မေတ္တာဖြန့်ခြင်းသည် တခုသော အပွနာ ပေ

မှတ်ချက်

၁–သတ္တ အရ တပ်မက်မှု-ရာဂရှိသူတို့ကိုသာ ယူလျှင် ရာဂကင်းသော ရဟန္တာတို့ ကျန်နေသောကြောင့်၎င်း၊ ပါဏ အရ အသက်ရှူသူတို့ကိုသာ ယူလျှင် အသက်မရှူသော ပြဟ္မာတို့ ကျန်နေသောကြောင့်၎င်း ဤသို့ စသည်ဖြင့် သတ္တဝါ အားလုံးသို့ မရောက်သောကြောင့် အပိုင်းအခြား မရှိသောအားဖြင့် သတ္တဝါအားလုံးကို မေတ္တာဖြန့်ခြင်း မဖြစ်ဟု ဆိုလို၏။

၂–ဤသို့ ဖြန့်ရာ၌လည်း....ထိုထို ထင်ရှားသောပုဒ်၏ အစွမ်းအားဖြင့် မေတ္တာကို ဖြန့်အပ်၏-ဟု စပ်ပါ။

http://www.dhammadownload.com

တည်း[၁]။ (အဗျာပဇ္ဈာ)စိတ်ဆင်းရဲကင်းကြပါစေဟူသော ဤဖြန့်ခြင်းသည် တခုသော အပွနာပေတည်း။ အဗျာပဇ္ဈာ ဟူသည်ကား ဗျာဗာဓ ခေါ်သော နှိပ်စက်တတ်သည့်(စိတ်)ဆင်းရဲကင်းကုန်သည်[၂](ဟု ဆိုလို၏)။ (အနီဃာ) ကိုယ်ဆင်းရဲကင်းကြပါစေ ဟူသော ဤဖြန့်ခြင်းသည် တခုသော အပွနာပေတည်း။ အနီဃာ ဟူသည်ကား (နိဒ္ဒုက္ခာ) (ကိုယ်) ဆင်းရဲကင်းကုန်သည်[၃](ဟု ဆိုလို၏)။ ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ ဟူသော ဤ ဖြန့်ခြင်းသည် တခုသော အပွနာပေတည်း။ ထို့ကြောင့် ဤလေးပုဒ်တို့တွင်လည်း အကြင် အကြင် ပုဒ်သည် ထင်ရှား၏၊ ထိုထို ထင်ရှားသောပုဒ်၏ အစွမ်းအားဖြင့် မေတ္တာကို ဖြန့်အပ်၏။ ဤဆိုခဲ့သည့်အတိုင်း (အလုံးစုံသော သတ္တဝါတို့သည် အစရှိသော) ငါးပါးသော အခြင်းအရာတို့၌(ရန်ကင်းကြပါစေ အစရှိသော)လေးပါး လေးပါး

မှတ်ချက်

၁–ဤသို့ ဖြန့်လျက်လည်း မေတ္တာဈာန်တပါး ဖြစ်သည်ဟု ဆိုလို၏။

၂–ဗျာဗာဓရဟိတာ-ဟူသော ပါဠိမှန်ကို ယူ၍ ပြန်သည်။ သီမူ ဋီကာ၌ ဗျာဗာဓရဟိတာတိ ဒေါမနဿ ဗျာဗာဓရဟိတာ-ဟု ပါဠိမှန် ရှိ၏။ ဗျာဗာဓ-နှင့် ဗျာပဇ္ဈ ၂-ပုဒ်လုံး ဆင်းရဲဟောချည်းပင်။ ဤ အရာ၌ကား ဒေါမနဿ-ဟူသော ဗျာဗာဓမှ ကင်းကုန်သည်-ဟု ဋီကာ၌ ဖွင့်ပြသော ကြောင့် စိတ်ဆင်းရဲ ကင်းသည်ကိုသာ ဆိုလိုသည်၊ ထို့ကြောင့် (စိတ်)ဆင်းရဲ ကင်းကုန်သည်-ဟု (စိတ်)ဖြင့် အထူးပြု၍ ပြန်ထားသည်။ဗျာဗာဓ ဗျာပဇ္ဈ-ပုဒ်တို့၏ အဆုံးအဖြတ်ကို အကျယ်သိလိုလျှင် မဟာဋီကာ နိဿယ ဒုတိယတွဲ နှာ ၃၂၉၊ ၃၃၄ ၌ အောက်ခြေ မှတ်ချက်များကို ကြည့်ပါ။

၃–ဤဃ-နှင့် ဒုက္ခပုဒ်တို့သည် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ၂-မျိုးလုံးကို ဟော၏။ သို့သော်လည်း စိတ်ဆင်းရဲ ကင်းစေရန် ဖြန့်သော အဗျာပဇ္ဈာ-ပုဒ်နှင့် ယှဉ်တွဲလျက်ပြသော အရာဖြစ်သောကြောင့် ဤအရာ၌ ကြွင်းသော ကိုယ်ဆင်းရဲကိုသာ ရည်သည်ဟု ယူရာ၏။

http://www.dhammadownload.com

သော အပွနာတို့၏ အစွမ်းအားဖြင့်(အနောဓိသ)အပိုင်းအခြားမရှိသော အားဖြင့် ဖြန့်ရာ၌ အပွနာ ၂၀-ဖြစ်ကုန်၏။

(ဩဓိသ)အပိုင်းအခြားအားဖြင့် ဖြန့်ရာ၌ကား(အလုံးစုံသော မိန်းမတို့သည် အစရှိသော)ခုနစ်ပါးသော အခြင်းအရာတို့၌ လေးပါး လေးပါး သော အပွနာတို့၏ အစွမ်းအားဖြင့် အပွနာ ၂၈-ပါး ဖြစ်ကုန်၏။ ဆက်ဦးအံ့ - ဤအပိုင်းအခြားအားဖြင့် ဖြန့်ရာ၌ မိန်းမတို့သည်, ယောကျ်ားတို့သည် ဟူသော ၂-ပုဒ်ကို လိင်၏အစွမ်းအားဖြင့် ဟော(အပ်)ပေသည်။ အရိယာတို့သည် အရိယာမဟုတ်သူတို့သည် ဟူသော ၂-ပုဒ်ကို အရိယာနှင့် ပုထုဇဉ်တို့၏ အစွမ်းအားဖြင့် (ဟောအပ်ပေသည်)။ နတ်တို့သည်, လူတို့သည်, ဝိနိပါတိကအပါယ်ဘုံသားတို့သည် ဟူသော ၃-ပုဒ်ကို ကပ်၍ဖြစ်ခြင်း ပဋိသန္ဓေ၏ အစွမ်းအားဖြင့် (ဟောအပ်ပေသည်)။

အရပ်မျက်နှာအားဖြင့် ဖြန့်ရာ၌ကား "အရွှေအရပ်မျက်နှာ၌ အလုံးစုံသော သတ္တဝါတို့သည်" ဤသို့အစရှိသောနည်းဖြင့် တခု တခုသော အရပ်မျက်နှာ၌ နှစ်ဆယ် နှစ်ဆယ်ပြု၍ နှစ်ရာ(၂၀၀)ဖြစ်ကုန်၏။ "အရွှေအရပ်မျက်နှာ၌ အလုံးစုံသော မိန်းမတို့သည်" ဤသို့ အစရှိသောနည်းဖြင့် တခု တခုသော အရပ်မျက်နှာ၌ နှစ်ဆဲ့ရှစ် နှစ်ဆဲ့ရှစ်တို့ကိုပြု၍ နှစ်ရာ့ရှစ်ဆယ်(၂၀၀)ဖြစ်ကုန်၏။ဤသို့အားဖြင့် အပွနာလေးရာ့ရှစ်ဆယ်(၄၀၀)ဖြစ်ကုန်၏။(အနောဓိသ ၂၀၊ ဩဓိသ ၂၀၊ ဤအရပ်မျက်နှာဖြင့် ဖြန့်ရာ၌ ၄၀၀-ဟူသော)ဤအပြားအားဖြင့် ပဋိသမ္ဘိဒါမဂ်၌ ဟောထားသော အပွနာအလုံးစုံတို့သည် ငါးရာ့နှစ်ဆဲ့ရှစ်(၅၂၀)ပါး ဖြစ်ကုန်၏။ ဤတွင်တရုပ်ပြီး၏။

မေတ္တာ၏ အာနိသင်အကျိုး ၁၁-ပါး

ယခုပြဆိုခဲ့သည့်အတိုင်း ငါးရာ့နှစ်ဆယ်ရှစ်(၅၂၀)သွယ်သော အပွနာတို့တွင် အမှတ်မရှိ တပါးပါးသော အပွနာ၏အစွမ်းအားဖြင့် မေတ္တာ

http://www.dhammadownload.com

စေတောဝိမုတ္တိကို ပွါးစေ၍ ဣယောဂါဝစရ(ယောဂီ)ပုဂ္ဂိုလ်သည် ချမ်းသာစွာ အိပ်ရ၏-အစရှိသောနည်းဖြင့် ဟောတော်မူ(အပ်ကုန်)သော ၁၁-ပါးသော အာနိသင်အကျိုးတို့ကို ရပေ၏။

[၃၀၅] ၂၅၈။ ထိုတွင် **ချမ်းသာစွာ အိပ်ရ၏**-ဟူသည်ကား (မေတ္တာစေတောဝိမုတ္တိကို ရသူမှ) ကြွင်းကုန်သော အခြား ပုဂ္ဂိုလ်တို့သည် တပြောင်းပြန်ပြန် လူးလှိမ့်ကုန်လျက် ဃူးရူး ဃူးရူး-ဟု ရှူရှိုက်သံမြည်စေကုန်လျက် (ဝါ-ဟောက်ကုန်လျက်) ဆင်းရဲစွာ အိပ်ရကုန်သကဲ့သို့ ထို့အတူ ဆင်းရဲစွာ မအိပ်ရမူ၍ ချမ်းသာစွာ အိပ်ရ၏။ အိပ်ပျော်ခြင်းသို့ ရောက်နေသော်လည်း သမာပတ်ဝင်စားနေသကဲ့သို့ ဖြစ်ပေ၏။ (၁)

ချမ်းသာစွာ နိုးရ၏-ဟူသည်ကား အခြားသူတို့သည် ညည်းတွားကုန်လျက် ကိုယ်လက်တို့ကို ပစ်ခွဲကုန်လျက် လူးလှိမ့်ကုန်လျက် ဆင်းရဲစွာ နိုးရကုန်သကဲ့သို့ ထို့အတူ ဆင်းရဲစွာ မနိုးမူ၍ ပဒုမ္မာကြာပန်း ပွင့်လာသကဲ့သို့ ကိုယ်၏ ဖောက်ပြန်ခြင်း မရှိပဲ ချမ်းသာစွာ နိုးရပေ၏။ (၂)

ယုတ်ညံ့သော အိပ်မက်ဆိုးကို မမြင်ရ-ဟူသည်ကား အိပ်မက်ကို မြင်သော်လည်း အိပ်မက်ကောင်းကိုသာ မြင်၏၊ စေတီတော်ကို ရှိခိုးနေသကဲ့သို့ ၎င်း ပူဇော်ခြင်းကို ပြုနေသကဲ့သို့၎င်း တရားကို နာနေသကဲ့သို့၎င်း မြင်မက်၏။ အခြားသူတို့သည် မိမိကို ခိုးသူ လူဆိုးတို့က ဝိုင်းရံထား

မှတ်ချက်

၁–ကြွင်းသော အခြားပုဂ္ဂိုလ်တို့ဟူသည်မှာ **မေတ္တာစေတောဝိမုတ္တိကို** မရသော သူတို့ပေတည်း-ဟု ဖွင့်ပြသော ဋီကာနှင့်အညီ ပြန်ချက်ဖြစ်သည်။ သို့သော် ဗုဒ္ဓါနုဿတိ စသည်ကို ပွါးများသော သူတို့သည်၎င်း၊ အခြားစျာန်ကို ရသောသူတို့သည်၎င်း ချမ်းသာစွာ အိပ်ရခြင်း အာနိသင်ကို ရသင့်သည်သာ ဖြစ်သောကြောင့် ဘာဝနာ ပွါးခြင်းမရှိသော သူတို့ကိုသာလျှင် ယူသင့်ပေ၏။

http://www.dhammadownload.com

သကဲ့သို့ငင်း ကျား စသော သားရဲတို့၏ အနှိပ်စက်ခံနေရသကဲ့သို့ငင်း ကမ်းပါးပြတ်၌ ကျသွားသကဲ့သို့ငင်း မြင်မက်ကုန်သကဲ့သို့ ထို့အတူ ယုတ်ညံ့သော အိပ်မက်ဆိုးကို မမြင်မက်ရပေ။ (၃)

လူတို့က ချစ်သည်-ဟူသည်ကား (လည်၌ စွပ်၍) ရင်၌ တွဲလွဲကျနေသော ပုလဲသွယ်ကဲ့သို့ငင်း ဦးခေါင်း၌ ပန်ဆင်ထားသော ပန်းကုံးကဲ့သို့ငင်း လူတို့က ချစ်ခင်မြတ်နိုးပေ၏။ (၄)

နတ်တို့က ချစ်သည်-ဟူသည်ကား လူတို့က ချစ်သကဲ့သို့ပင် နတ်တို့က လည်း ချစ်ပေ၏၊ ဝိသာခမည်သော မထေရ်ကဲ့သို့ပေတည်း။

ထိုဝိသာခမထေရ်သည် (ရဟန်းမပြုမီက) ပါဋလိပုတ်မြို့၌ သူကြွယ်တဦး ဖြစ်သတတ်။ ထိုဝိသာခသူကြွယ်သည် ထိုပါဋလိပုတ်မြို့၌ နေစဉ်ပင် "သီဟိုဠ်ကျွန်းသည် စေတီတော်အစဉ်ဖြင့် တန်းဆာဆင်သကဲ့သို့ ရှိသတတ်၊ သင်္ကန်းရောင်ဖြင့် တောက်ပလျက် ရှိသတတ်၊ ထိုသီဟိုဠ်ကျွန်း၌ အလိုရှိရာရာ အရပ်မှာပင် ထိုင်နေရန် အိပ်နေရန် ဖြစ်နိုင်သတတ်၊ လျောက်ပတ်သော ဥတု လျောက်ပတ်သောကျောင်း လျောက်ပတ်သောပုဂ္ဂိုလ် လျောက်ပတ်သော တရားနာခြင်းဟူသော သပ္ပါယ အလုံးစုံကို ထိုကျွန်း၌ ရလွယ်သတတ်" ဟူ၍ သတင်းကြားရလေသည်။

ထိုဝိသာခသူကြွယ်သည် မိမိ၏ စည်းစိမ်ဥစ္စာအစုကို သားမယားအား အပ်နှင်းခဲ့ပြီးလျှင် ပုဆိုးအစွန်း၌ ထုပ်ဖွဲ့ထားသော အသပြာတခုသာ ပါသည်ဖြစ်၍ အိမ်မှ ထွက်ခဲ့လေသည်၊ ပင်လယ်ကမ်းခြေ သင်္ဘောဆိပ် အရပ်သို့ ရောက်သောအခါ သင်္ဘောကို ငံ့လျက် တလမျှ နေရ၏။ ထိုသို့ နေစဉ် ဝိသာခသူကြွယ်သည် ရောင်းဝယ်မှု၌ ကျွမ်းကျင်သောကြောင့် ဤအရပ်မှ ပစ္စည်းကို ဝယ်ယူပြီးလျှင် ထိုအရပ်၌ ရောင်းလျက် တရားနှင့် ယှဉ်သော ကုန်သွယ်ခြင်းဖြင့် ထိုတလအတွင်း၌ပင် ငွေတထောင် စုမိလေ

http://www.dhammadownload.com

သည်။ ထို့နောင် အစဉ်အတိုင်း မဟာဝိဟာရ ကျောင်းတိုက်သို့ လာရောက်၍ ရှင်ရဟန်းအဖြစ်ကို တောင်းလေသည်။

[၃၀၆] ထိုဝိသာခသူကြွယ်ကို ရှင်ရဟန်းပြုပေးရန် သိမ်သို့ ခေါ်သွားသောအခါ သူ၏ခါးပိုက်ကြားမှ ထို့ဒွေတထောင်အိတ်သည် မြေသို့ကျသွားလေ၏။ "ဤအရာကား အဘယ်နည်း" ဟု မေးလတ်သော် "အသပြာဒွေ တထောင်ပါဘုရား" ဟု လျှောက်၏။ "ဥပါသကာ ရှင်ရဟန်းဖြစ်သောကာလမှ စ၍ စီမံရန်မဖြစ်နိုင်ဘူး၊ ယခုပင် ဤဒွေကို စီမံပါလော့" ဟု သံဃာက ဆိုသောအခါ "ဝိသာခ၏ ရှင်ရဟန်းပြုရာဌာနသို့ လာကြသော သူတို့သည် အချည်းအနှီးသော လက်ရှိကာ ပြန်မသွားကြရပါစေလင့်" ဟု ဆိုလျက် ဒွေထုပ်ကိုဖြေ၍ သိမ်တန်ဆောင်းဝန်း မြေပြင်၌ ဖြန့်ကြဲပြီးလျှင် ရှင်ပြု၍ ရဟန်းအဖြစ်သို့ ရောက်လေသည်။

ထိုဝိသာခရဟန်းသည် ငါးဝါရှိ၍ ဒွေမာတိကာကို ကျေပွန်အောင် လေ့လာပြီးလျှင် ပဝါရဏာပြုပြီး၍ မိမိနှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကို ယူပြီးလျှင် တခုတခုသော ကျောင်း၌ လေးလတို့ကို ကန့်သတ်၍ အညီအမျှဖြစ်သော နေခြင်းဖြင့် နေလျက် လှည့်လည်နေလေသည်။ ဤသို့ လှည့်လည်နေသော—

> ဝိသာခမထေရ်သည် မိမိ၏ ဂုဏ်ကျေးဇူးကို ရှာမှီးကာ တော အကြား၌ တည်လျက် ခြင်္သေ့ဟောက်သကဲ့သို့ ကြုံဝါးကာ ဤအကြောင်းအရာကို မြွက်ဆိုလေသည် —
>
> "အကြင်မျှသောကာလမှစ၍ ရဟန်း ဖြစ်ခဲ့၏၊ အကြင်မျှသော ကာလဖြင့် ဤတောအလယ်သို့ ရောက်လာ၏၊ ဤကာလအတွင်း၌ ချုတ်ချော်သော အကျင့်မည်သည် မရှိပေ၊ အရှင်ဝိသာခ သင် ရထားသော ဂုဏ်ကျေးဇူး လာဘ်တို့သည် သြော် ကြီးကျယ် မြင့်မြတ်ပါပေကုန်စွတကား" ဟူ၍ပင်တည်း။

http://www.dhammadownload.com

ထိုဝိသာခမထေရ်သည် စိတ္တလတောင် ကျောင်းတိုက်သို့ သွားလတ်သော် လမ်းနှစ်ခွသို့ ရောက်လတ်၍ "ဤဘက်လမ်းသည် သွားသင့်သည့်လမ်းလေလော၊ သို့မဟုတ် ဤဘက်လမ်းလေလော" ဟု စဉ်းစားလျက် ရပ်တန့်နေ၏။ ထိုအခါ တောင်၌ စိုးအုပ်နေသော နတ်သည် လက်ကိုဆန့်တန်း၍ "ဤသည်ကားလမ်းတည်း" ဟု ဆိုကာ ထိုဝိသာခမထေရ်အား ညွှန်ပြလေသည်။ ထိုဝိသာခမထေရ်သည် စိတ္တလတောင် ကျောင်းတိုက်သို့ သွားရောက်၍ ထိုကျောင်းတိုက်၌ လေးလပတ်လုံး နေပြီးလျှင် "မိုးသောက်ထအခါ၌ သွားတော့မည်" ဟု ကြံစည်ကာ လျောင်းစက်နေလေ၏။ စကြိုဦး (မဏိလခေါ်) သပြေပင်၌ စိုးအုပ်နေသော ရုက္ခစိုးနတ်သည် လေ့ကားပျဉ်ချပ်၌ထိုင်လျက် လှိုက်လှိုက်လှဲလှဲ ငိုနေလေသည်။

"ဤငိုနေသူကား အဘယ်သူနည်း" ဟု မထေရ်ကမေး၏။ "အကျွန်ုပ်သည် သပြေပင်စောင့်နတ်ပါ အရှင်ဘုရား" ဟု လျှောက်၏၊ အဘယ့်ကြောင့် ငိုသနည်းဟု မေး၏။ အရှင်ဘုရားတို့၏ ကြွသွားမည်ကို အကြောင်းပြု၍ ငိုပါသည်-ဟု လျှောက်၏။ ဤအရပ်၌ ငါနေခြင်းကြောင့် သင်တို့အား အဘယ်သို့သော ဂုဏ်အကျိုးကျေးဇူး ရှိပါသနည်း-ဟု မေး၏။ အရှင်ဘုရားတို့ ဤအရပ်၌နေလျှင် နတ်တို့သည် အချင်းချင်း မေတ္တာကိုရကြပါသည်ဘုရား၊ ယခု အရှင်ဘုရားတို့ ကြွသွားလျှင် ထိုနတ်တို့သည် ခိုက်ရန်ကိုပြုကြပါလိမ့်မည်၊ ရှုန့်ရင်းကြမ်းကြုတ်သော စကားကိုလည်း ပြောဆိုကြပါလိမ့်မည်-ဟု လျှောက်၏။ ဝိသာခမထေရ်သည် "ဤအရပ်၌ ငါနေလျှင် သင်တို့အား အကယ်၍ ချမ်းသာစွာ နေရခြင်းဖြစ်ပါမူ ကောင်းပါပြီ" ဟု ဆို၍ နောက်ထပ် လေးလပတ်လုံးလည်း ထိုအရပ်၌ နေပြီးလျှင် တဖန် ရှေးနည်းတူပင် သွားရန် စိတ်ကူးကြံစည်ပြန်၏။ နတ်သည်လည်း တဖန် ရှေးနည်းတူပင် လှိုက်လှိုက်လှဲလှဲ ငိုနေပြန်လေသည်။ ဤနည်းပင်လျှင် ဝိသာခမထေရ်သည် ထိုအရပ်၌ပင်နေ၍ ထိုအရပ်၌ပင် ပရိနိဗ္ဗာန် စံတော်မူ

http://www.dhammadownload.com

လေသည်။ ဤဆိုခဲ့သည့်အတိုင်း မေတ္တာဖြင့် နေလေ့ရှိသော ရဟန်းကို နတ်တို့က ချစ်ပေသည်။ (၅)

နတ်တို့က စောင့်ရှောက်ကြသည်-ဟူသည်ကား မိဘတို့သည် သားကို စောင့်ရှောက်ကုန်သကဲ့သို့ နတ်တို့က စောင့်ရှောက်ကြသည်။ (၆)

[၃၀၇] **မေတ္တာပွါးသူ၏(ကိုယ်၌)မီး အဆိပ် လက်နက် မကျရောက်နိုင်** ဟူသည်ကား မေတ္တာဖြင့် နေလေ့ရှိသော သူ၏ကိုယ်၌ ဥတ္တရာမည်သော ဥပါသိကာ၏(ကိုယ်၌)(ဆီပူမလောင်သ)ကဲ့သို့ မီးသည်လည်း မကျရောက်-မလောင်ပေ၊ သံယုတ်နိကာယ်ဆောင် စူဠဒသိဝမထေရ်မှာကဲ့သို့ အဆိပ်သည်လည်း မကျရောက်-မသင့်နိုင်ပေ၊ သံကိစ္စသာမဏေ၏ (ကိုယ်မှာ)ကဲ့သို့ ဓားလက်နက်သည်လည်း မကျရောက်-မပြတ်နိုင်ပေ၊ မဝင်နိုင်-မစူးရှနိုင်ပေ၊ "မေတ္တာပွါးသူ၏ကိုယ်ကို မဖျက်ဆီးနိုင်" ဟု ဆိုလို၏။ ဤအရာ၌ သားငယ်ရှိသော မိခင်နွားမဝတ္ထုကိုလည်း ပြောဆိုကြ၏၊ (ပြောဆိုပုံမှာ)တကောင်သော မိခင်နွားမသည် သားငယ်နွားကလေးအား နို့ရည်အယဉ်ကို လှတ်လျက် နို့တိုက်လျက် ရပ်တည်နေလေ၏၊ မူဆိုးတယောက်သည် ထိုနွားမကို ထိုးအံ့ဟု လက်ကို နောက်သို့ပစ်နှဲ့၍ အရှိန်ယူကာ အရိုးရှည်နှင့် လှံကို ပစ်လွှတ်လိုက်၏၊ ထိုလှံသည် နွားမ၏ကိုယ်ကို ထိခိုက်၍ ထန်းရွက် ကဲ့သို့ ခွေလိပ်သွားလေသတတ်။ (ထိုသို့ဖြစ်ခြင်းသည်)ဥပစာရ၏ အစွမ်းကြောင့်လည်း မဟုတ်၊ အပွနာ၏အစွမ်းကြောင့်လည်း မဟုတ်၊ သားငယ်ဖြစ်သော နွားကလေး၌ အားကြီးသော ချစ်ခင်စိတ်ရှိခြင်း သက်သက်ကြောင့်သာ ဖြစ်ပေသည်။ မေတ္တာသည် ဤသို့ပင် ကြီးမားသော အာနုဘော်ရှိပေသည်။ (၇)

လျင်စွာ စိတ်တည်ကြည်၏-ဟူသည်ကား မေတ္တာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်အား စိတ်သည် လျင်စွာပင် တည်ကြည်၏၊ ထိုသို့ တည်ကြည်ခြင်း၏ နှောင့်နှေးခြင်းမည်သည် မရှိပေ။ (၈)

http://www.dhammadownload.com

မျက်နှာအဆင်းကြည်လင်၏-ဟူသည်ကား အညှာမှ ကြွေကျသော ထန်းသီးမှည့်ကဲ့သို့ ထိုမေတ္တာပွါးသူ၏ မျက်နှာသည် အထူးသဖြင့် ကြည်လင်သော အဆင်း ရှိပေ၏။ (၉)

မတွေဝေပဲ သေရ၏-ဟူသည်ကား မေတ္တာဖြင့် နေလေ့ရှိသောသူမှာ တွေဝေလျက် သေခြင်းမည်သည် မရှိ၊ အိပ်ပျော်သွားသကဲ့သို့ပင် တွေဝေခြင်း မရှိပဲသာလျှင် သေရ၏။ (၁၀)

အထက်မဂ်ဖိုလ် တရားကို ထိုးထွင်း၍ မသိလတ် မရလတ်သော်-ဟူသည်ကား မေတ္တာသမာပတ်မှ အထက်ဖြစ်သော အရဟတ္တဖိုလ်ကို ရခြင်းငှါ မစွမ်းနိုင်လတ်သော် ဤလူ့ဘဝမှ စုတေ၍ အိပ်ပျော်နေရာမှ နိုးသောသူကဲ့သို့ ဗြဟ္မာ့လောက၌ ဖြစ်ရ၏။ (၁၁) ဤတွင် တရပ်ပြီး၏။

ဆိုခဲ့ပြီးသော ဤစကားသည် မေတ္တာဘာဝနာ၌ အကျယ်ပြဆိုသော စကားပေတည်း။

၂-ကရုဏာပွါးပုံ အဖွင့်

၂၅၉။ ကရုဏာကို ပွါးစေလိုသော ပုဂ္ဂိုလ်သည် သနားခြင်း ကရုဏာ ကင်းမဲ့ခြင်း၌ အပြစ်ကိုငှင်း, သနားခြင်းကရုဏာ၌ အကျိုးအာနိသင်ကိုငှင်း ဆင်ခြင်ပြီးလျှင် ကရုဏာဘာဝနာကို အားထုတ်အပ်၏။ ထိုကရုဏာဘာဝနာကို အားထုတ်သောပုဂ္ဂိုလ်သည်လည်း ရှေးဦးစွာ ချစ်အပ်သော (ပိယ)ပုဂ္ဂိုလ်စသည်တို့၌ အားမထုတ်အပ်သေး။ မှန်ပေ၏-ချစ်အပ်သောသူသည် ချစ်အပ်သူ အရာ၌သာလျှင် တည်၏[၁]၊ အလွန်ချစ်သောသူငယ်ချင်း

မှတ်ချက်

၁–ချစ်အပ်သောသူကို ကရုဏာပွါးရန် သနားရန် အားထုတ်သောသူအား ချစ်အပ်သူ၏ အဖြစ်သည် ရှေးဦးအစ၌ မကင်းနိုင်၊ ချစ်အပ်သူ၏အဖြစ်

http://www.dhammadownload.com

သည် အလွန်ချစ်သော သူငယ်ချင်းအရာဌ်သာလျှင် တည်၏၊ အလယ်အလတ် ဖြစ်သူသည် အလယ်အလတ်အရာဌ်သာလျှင် တည်၏၊ မချစ်အပ်သောသူသည် မချစ်အပ်သောသူ အရာဌ်သာလျှင် တည်၏၊ ရန်သူသည် ရန်သူအရာဌ်သာလျှင် တည်၏။ လိင်အသွင် ကွဲပြားသူ သေလေသူတို့သည် ကရဏာ၏ နယ်ပယ်မဟုတ်သည်သာ။ စင်စစ်သော်ကား—

> "ရဟန်းသည် အဘယ်သို့လျှင် ကရဏာနှင့်တကွ ဖြစ်သော စိတ်ဖြင့် တခုသော အရပ်ကို ဖြန့်၍ နေသနည်း၊ ဥပမာဖြင့်ပြရလျှင် ဆင်းရဲဒုက္ခ ရောက်နေသော မကောင်းဆိုးဝါးသည့် အခြေအနေရှိနေသော[1] ပုဂ္ဂိုလ်တယောက်ကို တွေ့မြင်ရလျှင် သနားကရုဏာသက်ရာသကဲ့သို့ [၃၀၈] ထို့အတူပင် အလုံးစုံသော သတ္တဝါတို့ကို သနားခြင်း ကရုဏာဖြင့် ဖြန့်၏" ဟု

အဘိဓမ္မာ ဝိဘင်းပါဠိ၌ ဟောထားသောကြောင့် အလုံးစုံတို့၏ ရှေးဦးစွာ အလွန်ဆင်းရဲခြင်းသို့ရောက်၍ သနားထိုက်သည့်သဘောရှိသော (ဝါ-သနားစရာကောင်းသော) ဆင်းရဲဒုက္ခ ရောက်နေသော မကောင်းဆိုးဝါးသည့် အခြေအနေရှိနေသော ခိုကိုးရာမဲ့ အထီးကျန်သော ယောကျ်ားသည် အစာ

မှတ်ချက်

မကင်းလျှင် ကရုဏာကို ပွါးစေခြင်းသည် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း။ ထို့ကြောင့် "ချစ်အပ်သူ၏ အရာဌ်သာလျှင် တည်၏-ဟု အဋ္ဌကထာဆရာမိန့်ဆိုပေသည်။ (ဋီကာ) ကြွင်းသော ပုဂ္ဂိုလ်တို့၌လည်း နည်းတူပင် သိရန်လည်း ထိုဋီကာ၌ ညွှန်ပြထားသည်။

၁—ဒုရုပေတံ-၏ အနက်ဖြစ်သည်၊ ဤ၌ မကောင်းဆိုးဝါးသည့် အခြေအနေ-ဟူသည်မှာ မျက်မြင်အဲ့ဖြင့် မကောင်းသော အခြေအနေကိုဂုဏ်း, မကောင်းမှုဒုစရိုက်တို့ကိုဂုဏ်း ယူရာ၏။ ဋီကာ၌ ကာ့ယဒုစရိုက် စသည်တို့နှင့် ပြည့်စုံသူကို ဒုရုပေတ-ဟု ဖွင့်ပြ၏။

http://www.dhammadownload.com

အာဟာရပြတ်လျက် တောင်းခံခွက်ကို ချွေ၍ ချထားလျက် ခိုကိုးရာမဲ့သူ တို့၏နေရာဇရပ်၌ ထိုင်နေသည်ကိုငဲ့, နူနာစွဲကပ်သော လက်ခြေတို့မှ ပိုး လောက်များ ထွက်ကျလျက် နာကျင်ကိုက်ခဲသဖြင့် ညည်းတွား မြည်တမ်း နေသည်ကိုငဲ့ ကြည့်ရှုရ တွေ့မြင်ရပြီးလျှင် "ဤသတ္တဝါသည် ဆင်းရဲခြင်းသို့ ရောက်နေရှာလေစ့၊ ဤဆင်းရဲမှ လွတ်ပါမူ ကောင်းလေစ့"ဟု သနားခြင်း ကရုဏာကို ဖြစ်စေအပ်၏။ ထိုသို့သောပုဂ္ဂိုလ်ကို မမြင်တွေ့ရပါမူ ချမ်းသာ နေသူပင် ဖြစ်သော်လည်း မကောင်းမှုပြုလေ့ရှိသူ ဖြစ်လျှင် ထိုသို့သော ပုဂ္ဂိုလ်ကို အသတ်ခံရမည့်သူနှင့် ဥပမာပြု၍ သနားခြင်းကရုဏာကို ဖြစ်စေ အပ်၏။

အဘယ်သို့နည်း?ဟူမူ-ခိုးထုပ်ခိုးထယ်နှင့်တကွ ဖမ်းမိလာသော ခိုးသူကို သတ်ကြလေ ဟု ချမှတ်လိုက်သောမင်း၏ အမိန့်ဖြင့် မင်းချင်းယောကျ်ားတို့သည် လက်ပြန်ကြိုး စသည်ဖြင့် ချည်နှောင်ကုန်၍ လမ်းလေးခွဆုံ လမ်းလေးခွဆုံ အရပ်၌ အချက်ပေါင်းတရာမက ရိုက်နှက်ကုန်လျက် သူသတ်ကုန်းသို့ ဆောင်ကုန်၏။ ထိုခိုးသူအား လူအများတို့က ခဲဘွယ် ဘောဇဉ်တို့ကိုငဲ့ ပန်းနံ့သာ နံ့သာပျောင်း ကွမ်းတို့ကိုငဲ့ ပေးကုန်၏။ ထိုခိုးသူသည် ထိုခဲဘွယ်ဘောဇဉ်တို့ကို စားသောက်လျက် သုံးဆောင်ဖွယ် စည်းစိမ်နှင့် ပြည့်စုံသကဲ့သို့ သွားနေသော်လည်း ထိုခိုးသူကို "ဤသူသည် ချမ်းသာပေစ့ မျှားစွာသော သုံးဆောင်ဖွယ်စည်းစိမ်နှင့် ပြည့်စုံပေစ့"ဟူ၍ မည်သူကမျှ မထင်မှတ်ပေ၊ စင်စစ်အားဖြင့်မူ "ဤအကောင်သည် ယခုပင် သေရရှာတော့မည်၊ သူသည် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သေခြင်းနှင့် နီးကပ် နီးကပ်သွားလေတော့သည်"ဟူ၍သာ ဆင်ခြင်လျက် လူအပေါင်း က ထိုခိုးသူကို သနားကရုဏာသက်သကဲ့သို့ ထို့အတူပင် ကရုဏာကမ္မဋ္ဌာန်း ကို အားထုတ်သော ရဟန်းသည် ချမ်းသာနေသူပင်ဖြစ်သော်လည်း မကောင်းမှုပြုလေ့ရှိသောပုဂ္ဂိုလ်ကို "ဤအကောင်သည် ယခုအခါ ချမ်း

http://www.dhammadownload.com

သာလျက် ကောင်းစွာဝတ်ဆင်လျက် သုံးဆောင်ဖွယ်စည်းစိမ်ကို သုံးဆောင်နေသော်လည်း ဒွါရသုံးပါးတို့တွင် တခုမျှဖြင့်ပင် ပြုထားသောကောင်းမှုကံ မရှိခြင်းကြောင့် ယခုမကြာမီပင် အပါယ်ဘုံတို့၌ မျှားစွာသော ဆင်းရဲခြင်း နှလုံးမသာခြင်းကို ခံစားရရှာလိမ့်မည်”ဟု ဤသို့ဆင်ခြင်၍ သနားခြင်းကရုဏာကို ဖြစ်စေအပ်ပေသည်။

ဤသို့ ထို(သနားထိုက်သော)ပုဂ္ဂိုလ်ကို ကရုဏာပွါးစေပြီး၍ ထို့နောင် ဤနည်းဖြင့်ပင်လျှင် ချစ်အပ်သောပုဂ္ဂိုလ်၌ (ပွါးစေအပ်၏)၊ ထို့နောင် အလယ်အလတ်ပုဂ္ဂိုလ်၌၊ ထို့နောင် ရန်သူ၌ (ပွါစေအပ်၏)၊ ထိုသို့ အစဉ်အတိုင်း ကရုဏာကို ဖြစ်စေအပ်၏။ ဤယောဂီအား ရှေး၌ဆိုခဲ့ပြီးသော နည်းဖြင့်ပင် ရန်သူ၌ အကယ်၍ အမျက်ဒေါသ ဖြစ်ငြားအံ့၊ ထိုအမျက်ဒေါသကို မေတ္တာအရာ၌ ဆိုခဲ့သောနည်းဖြင့်ပင် ငြိမ်းစေအပ်၏။ ဆက်ဦးအံ့-ကရုဏာပွါးအပ်သော ဤပုဂ္ဂိုလ်တို့တွင် ပြုထားသော ကောင်းမှုမျှားစွာရှိနေသောသူပင် ဖြစ်ငြားသော်လည်း ဉာတိဗျသန ဆောဂဗျသန ဘောဂဗျသနစသည်တို့တွင် တပါးပါးသော ပျက်စီးခြင်း(ဗျသန)နှင့် တွေ့ကြုံနေသည်ကို တွေ့မြင်ရ၍သော်ငင်း ကြားရ၍သော်ငင်း ထိုဗျသနတို့(နှင့် တွေ့ကြုံခြင်း)မရှိငြားသော်လည်း ဝဋ္ဋဆင်းရဲကို မကျော်လွှန်နိုင်သေးသောကြောင့် “ဤသူမှာ ဆင်းရဲဆောက်နေစွတကား”ဟု ဤသို့ ဆင်ခြင်လျက် ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း သနားခြင်းကရုဏာကို ပွါးစေပြီးလျှင် ဆိုခဲ့ပြီးသောနည်းဖြင့်ပင် မိမိ, ချစ်အပ်သောပုဂ္ဂိုလ်, အလယ်အလတ်ပုဂ္ဂိုလ်, ရန်သူ ဟူသော လေးဦးသောပုဂ္ဂိုလ်တို့၌ သီမာသမ္ဘေဒကို [၃၀၉]ပြုပြီးလျှင် ထို(သီမာသမ္ဘေဒ၏ အစွမ်းဖြင့်ဖြစ်သော သမထ)နိမိတ်ကို မှီဝဲပွါးများ အကြိမ်များစွာပြုလျက် မေတ္တာအရာ၌ ဆိုခဲ့သောနည်းဖြင့်ပင် ဈာန်သုံးပါး လေးပါးအပေါင်း၏ အစွမ်းအားဖြင့် အပွနာကို ပွါးစေအပ်၏။

http://www.dhammadownload.com

ဝါဒကဲ့ကို ရှင်းဦးအံ့-အဂ်ံတ္တရအဋ္ဌကထာ၌ ''ရှေးဦးစွာ ရန်သူပုဂ္ဂိုလ်ကို ကရုဏာပွါးအပ်၏၊ ထိုရန်သူ၌ စိတ်ကိုနှုးညံ့အောင်ပြုပြီးလျှင် ဆင်းရဲဒုက္ခ ရောက်နေသူကို ပွါးအပ်၏၊ ထို့နောင် ချစ်အပ်သူပုဂ္ဂိုလ်ကို ပွါးအပ်၏၊ ထို့နောင် မိမိကိုယ်ကို ပွါးအပ်၏'' ဟူ၍ ဤအစဉ်ကို ပြဆိုထား၏၊ ထိုပြဆို ချက်သည် ''ဒုဂ္ဂတံ-ဆင်းရဲဒုက္ခရောက်နေသော၊ ဒုရူပေတံ-မကောင်းဆိုးဝါး သည့် အခြေအနေရှိနေသောသူကို (တွေ့မြင်ရလျှင် သနားကရုဏာသက်ရာ သကဲ့သို့)'' ဟု ဟောထားသော ဝိဘင်းပါဠိနှင့်မညီ၊ ထို့ကြောင့် ဤ၌ ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် ဘာဝနာကို အားထုတ်၍ သီမာသမ္ဘေဒကို ပြုပြီးလျှင် အပ္ပနာကို ပွါးစေအပ်ပေသည်။

ထိုမှနောက်၌ ''ငါးပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြားမရှိ သောအားဖြင့် ဖြန့်ခြင်း, ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြား အားဖြင့်ဖြန့်ခြင်း, ဆယ်ပါးသော အခြင်းအရာတို့ဖြင့် အရပ်မျက်နှာကို ဖြန့်ခြင်း'' ဟူသော ဤအမျိုးမျိုး အထွေထွေ ကရုဏာပွါးခြင်းကိုငဲ့ ''ချမ်းသာစွာအိပ်ရ၏'' ဤသို့အစရှိသော အာနိသင်အကျိုးကိုငဲ့ မေတ္တာ အရာ၌ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် သိအပ်(ကုန်)၏။ ဤတွင် တရပ်ပြီး၏။

ဆိုခဲ့ပြီးသော ဤစကားသည် ကရုဏာဘာဝနာ၌ အကျယ်ပြဆိုသော စကားပေတည်း။

၃-မုဒိတာပဋိပုံ အဖွင့်

၂၆၀။ မုဒိတာဘာဝနာကို အားထုတ်သောပုဂ္ဂိုလ်သည်လည်း ရှေးဦး စွာ ချစ်အပ်သောပုဂ္ဂိုလ်စသည်တို့၌ အားမထုတ်အပ်သေး။ မှန်ပေ၏- ချစ်အပ်သောသူသည် ချစ်အပ်သည်၏ အဖြစ်မျှဖြင့်သာလျှင် မုဒိတာ၏

http://www.dhammadownload.com

နီးသောအကြောင်း မဖြစ်ပေ?၊ အလယ်အလတ်ပုဂ္ဂိုလ် ရန်သူပုဂ္ဂိုလ်တို့သည်ကား အဘယ်မှာ ဆိုဖွယ်ရှိအံ့နည်း။ လိင်ကွဲပြားသောသူ, သေလေသောသူတို့သည်ကား မုဒိတာ၏ နယ်ပယ်မဟုတ်သည်သာတည်း။

အလွန်ချစ်အပ်သော သူငယ်ချင်းသည်ကား မုဒိတာ၏ နီးသော အကြောင်းဖြစ်နိုင်ပေ၏၊ ယင်းသူငယ်ခြင်းကို အဋ္ဌကထာ၌ (သောဏ္ဍသဟာယ) သွမ်းဖျင်းဖက် ပြောင်လျောင်ဖက်နှင့်တူသော သူငယ်ချင်းဟူ၍ ဆိုထားပေသည်။ ထိုအလွန်ချစ်အပ်သော သူငယ်ချင်းသည် အလွန်ဝမ်းမြောက်တတ်သည်သာလျှင် (ဝါ-ဝမ်းမြောက်အပ်·ဝမ်းမြောက်ထိုက်သည်သာလျှင်) ဖြစ်ပေ၏၊ ထိုသူသည် ရှေးဦးစွာ ရယ်ရွှင်ပြီးလျှင် နောက်မှ စကားပြောတတ်၏။ ထို့ကြောင့် ထိုအလွန်ချစ်အပ်သော သူငယ်ချင်းကိုမူလည်း ရှေးဦးစွာ မုဒိတာဖြင့်ဖြန့်အပ်၏၊ သို့မဟုတ် ချစ်အပ်သောပုဂ္ဂိုလ်သည် ချမ်းသာနှင့်ပြည့်စုံလျက် ကောင်းစွာဝတ်စား ပြုပြင်ဆင်ယင်လျက် ဝမ်းမြောက်နေသည်ကို တွေ့မြင်၍သော်ငင်း ကြား၍သော်ငင်း "ဤပုဂ္ဂိုလ်သည် ဝမ်းမြောက်စရာတကား၊ သြော် ကောင်းပါပေစွ ကောင်းပါပေစွ" ဟု ဝမ်းမြောက်ခြင်း မုဒိတာကို ဖြစ်စေအပ်၏။ မှန်ပေ၏-ဤအကြောင်းအရာအထူးကိုပင် စဲ့မှီ၍ အဘိဓမ္မာဝိဘင်းပါဠိ၌—

မှတ်ချက်

၁–ချစ်အပ်သူပင် ဖြစ်ငြားသော်လည်း ရွှင်သောမျက်နှာရှိခြင်း, ရှေးဦးစွာ နှုတ်ဆက် ပြောဆိုတတ်ခြင်း, နားဝင်ချိုအောင် ပြောတတ်ခြင်း, ဝမ်းမြောက်ညီညွတ်အောင် ပြောတတ်ခြင်း အစရှိသော ဂုဏ်ထူးများနှင့် မပြည့်စုံလျှင်သော်ငင်း, ချမ်းသာနှင့် ပြည့်စုံခြင်း အစရှိသော ဝမ်းမြောက်ဖွယ်နှင့် မပြည့်စုံလျှင်သော်ငင်း ချစ်အပ်သောသူပင် ဖြစ်သော်လည်း မုဒိတာ၏ နီးသောအကြောင်းမဖြစ်၊ အဆိုပါ ဂုဏ်ထူးများနှင့်ပြည့်စုံ၍ ရွှင်လန်း ဝမ်းမြောက်နေသူ ဖြစ်ပါမူ ချစ်အပ်သောသူ၌လည်း မုဒိတာ ပွါးနိုင်ခွင့် ရှိသေး၏။ ဋီကာမှ ယူ၍ အကျဉ်းပြချက် ဖြစ်သည်။

http://www.dhammadownload.com

"ရဟန်းသည် အဘယ်သို့လျှင် မုဒိတာနှင့်တကွဖြစ်သော စိတ်ဖြင့် တခုသောအရပ်ကို ဖြန့်၍နေသနည်း၊ ဥပမာဖြင့်ပြရလျှင် ချစ်အပ် မြတ်နိုးအပ်သော ပုဂ္ဂိုလ်တယောက်ကို တွေ့မြင်ရလျှင် ဝမ်းမြောက်ရာသကဲ့သို့ ထို့အတူပင် အလုံးစုံသော သတ္တဝါတို့ကို ဝမ်းမြောက်ခြင်း မုဒိတာဖြင့် ဖြန့်၏" ဟု ဟောတော်မူပေသည်။

ဤယောဂီ၏ ထိုသွမ်းဖျင်းဖက်နှင့်တူသော သူငယ်ချင်းသည်သော်၎င်း, ချစ်အပ်သော ပုဂ္ဂိုလ်သည်သော်၎င်း လွန်ခဲ့ပြီးသော ရှေးကာလ၌ ချမ်းသာနှင့်ပြည့်စုံခဲ့၍ ယခုမူကား ဆင်းရဲဒုက္ခရောက်နေသည် မကောင်းဆိုးဝါးသည့် အခြေအနေရှိနေသည် အကယ်၍ ဖြစ်စေကာမူ လွန်ခဲ့ပြီးသော ရှေးကာလ၌ ထိုသူ၏ ချမ်းသာဘူးသည့်အဖြစ်ကိုသာလျှင် ပြန်လည် အောက်မေ့ဆင်ခြင်၍ "ဤသူသည် လွန်ခဲ့ပြီးသော ရှေးကာလ၌ ဤသို့ မျှားသောစည်းစိမ်ရှိခဲ့သည် မျှားသောအခြေအရံရှိခဲ့သည် ဖြစ်၍ အမြဲပင် ဝမ်းမြောက်လျက် ရှိခဲ့လေပြီ" ဟု ထိုသူ၏ ဝမ်းမြောက်ခဲ့ပုံ အခြင်းအရာကိုသာယူ၍ ဝမ်းမြောက်ခြင်း မုဒိတာကို ဖြစ်စေအပ်၏။ ထို့ပြင် နောင် အနာဂတ်ကာလ၌ တဖန် ထိုစည်းစိမ်မျိုးကို[၃၁၀]ရ၍ ဆင်ကျောက်ကုန်း မြင်းကျောက်ကုန်း ရွှေထမ်းစင်တို့ဖြင့် လှည့်လည်ရပေလိမ့်မည်"ဟု နောင် အခါ၌ဖြစ်မည့် ထိုသူ၏ ဝမ်းမြောက်ဖွယ် အခြင်းအရာကို ယူ၍မူလည်း ဝမ်းမြောက်ခြင်း မုဒိတာကို ဖြစ်စေအပ်၏။

ဤသို့ ချစ်အပ်သော ပုဂ္ဂိုလ်၌ မုဒိတာကို ဖြစ်စေပြီးလျှင် ထို့နောင် အလယ်အလတ်ပုဂ္ဂိုလ်၌, ထို့နောင် ရန်သူ၌ ဤအစဉ်ဖြင့် မုဒိတာကို မပြတ် ဖြစ်စေအပ်၏။ အပွနာကို ပွါးစေအပ်၏။ ဤယောဂီကား ရှေး၌ဆိုခဲ့သော နည်းဖြင့်ပင်လျှင် ရန်သူ၌ အကယ်၍ အမျက်ဒေါသ ဖြစ်ငြားအံ့၊ ၎င်းကို မေတ္တာအရာ၌ ဆိုခဲ့သောနည်းဖြင့်ပင်လျှင် ညီမျှသောစိတ်ရှိသည်၏အဖြစ်ဖြင့် သီမာသမ္ဘေဒကို ပြုပြီးလျှင် ထို(သီမာသမ္ဘေဒ၏ အစွမ်းဖြင့်ဖြစ်သော

http://www.dhammadownload.com

သမထ) နိမိတ်ကို မှီဝဲ ပွါးများ အကြိမ်များစွာပြုလျက် မေတ္တာအရာ၌ ဆိုခဲ့သော နည်းဖြင့်ပင်လျှင် ဈာန်သုံးပါး လေးပါး အပေါင်း၏ အစွမ်း အားဖြင့် အပွနာကို ပွါးစေအပ်၏။

ထိုမှနောက်၌ "ငါးပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြား မရှိ သောအားဖြင့် ဖြန့်ခြင်း, ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် အပိုင်းအခြား အားဖြင့် ဖြန့်ခြင်း, ဆယ်ပါးသောအခြင်းအရာတို့ဖြင့် အရပ်မျက်နှာကို ဖြန့်ခြင်း" ဟူသော ဤအမျိုးမျိုး အထွေထွေ မုဒိတာပွါးခြင်းကိုဎ "ချမ်းသာစွာ အိပ်ရ၏" ဤသို့အစရှိသော အာနိသင်အကျိုးတို့ကိုဎ မေတ္တာအရာ၌ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် သိအပ်(ကုန်)၏။ ဤတွင် တရပ်ပြီး၏။

ဆိုခဲ့ပြီးသော ဤစကားသည် မုဒိတာဘာဝနာ၌ အကျယ်ပြဆိုသော စကားပေတည်း။

ဥပေက္ခာပွါးပုံ အဖွင့်

၂၆၁။ ဥပေက္ခာဘာဝနာကို ပွါးစေလိုသောပုဂ္ဂိုလ်သည် မေတ္တာစသည် တို့၌ ဈာန်သုံးပါး လေးပါးအပေါင်းကို ရပြီးနောက် ကျေပွန်သော တတိယဈာန်မှထ၍[၁] "ချမ်းသာကြပါစေ" ဤသို့ စသည်၏အစွမ်းဖြင့် သတ္တဝါတို့၌ ယုယမြတ်နိုးသော နှလုံးသွင်းမှုနှင့်ယှဉ်ခြင်းကြောင့်ဎ, မုန်းခြင်း ချစ်ခြင်း၏ အနီးဉ၌ ကျက်စားခြင်းကြောင့်ဎ[၂], သောမနဿ

မှတ်ချက်

၁–တတိယဈာန်မှ ထ၍.... အပြစ်ကို ရှုပြီးလျှင်.... အာနိသင်ကိုလည်းရှုမြင်ပြီးလျှင်... လျစ်လျူရှု၍ ဥပေက္ခာကို ဖြစ်စေအပ်၏-ဟု စပ်ပါ။

၂–မေတ္တာသည် ဆုဂ၏ အနီးဉ ဖြစ်၏၊ ကရုဏာသည် ကာမဂုဏ်ကို မှီသော နှလုံးမသာမှု၏ အနီးဉ ဖြစ်၏၊ မုဒိတာသည် ကာမဂုဏ်ကို မှီသောဝမ်းသာ

http://www.dhammadownload.com

(စိတ်ရှင်လန်းချမ်းသာမှု)နှင့် ယှဉ်သဖြင့် ရုန့်ရင်းခြင်းကြောင့်ဌင်း ရှေး ဘဝနာသုံးပါးတို့၌ အပြစ်ကိုရှုမြင်ပြီးလျှင် ငြိမ်သက်သော သဘောရှိခြင်း ကြောင့် ဥပေက္ခာ၌ အာနိသင်ကိုလည်း ရှုမြင်ပြီးလျှင် အကြင်ပုဂ္ဂိုလ်သည် ဤယောဂီအား ပကတိပင်ကိုအားဖြင့် မချစ်မမုန်း အလယ်အလတ်ဖြစ်၏၊ ထိုအလယ်အလတ်ပုဂ္ဂိုလ်ကို လျစ်လျူရှု၍ ဥပေက္ခာကို ဖြစ်စေအပ်၏။ ထို့နောင် ချစ်အပ်သောပုဂ္ဂိုလ်စသည်တို့၌ (ဖြစ်စေအပ်၏)။ မှန်ပေ၏—

> "ရဟန်းသည် အဘယ်သို့လျှင် ဥပေက္ခာနှင့်တကွ ဖြစ်သော စိတ်ဖြင့် တခုသောအရပ်ကို ဖြန့်၍နေသနည်း၊ ဥပမာဖြင့်ပြရလျှင် မချစ် မမုန်းသော ပုဂ္ဂိုလ်တယောက်ကို တွေ့မြင်ရလျှင် လျစ်လျူရှုသည် ဖြစ်ရာဘိသကဲ့သို့ ထို့အတူပင် အလုံးစုံသော သတ္တဝါတို့ကို လျစ်လျူရှုခြင်း-ဥပေက္ခာဖြင့် ဖြန့်၏" ဟူသော ဤစကားကို ဟောတော်မူပေသည်။

ထို့ကြောင့် ဆိုခဲ့ပြီးသောနည်းဖြင့် အလယ်အလတ်ပုဂ္ဂိုလ်၌ ဥပေက္ခာကို ဖြစ်စေပြီးလျှင် ထို့နောင် ချစ်အပ်သောပုဂ္ဂိုလ်၌၊ ထို့နောင် သွမ်းဖျင်း ဖက်နှင့်တူသော သူငယ်ချင်း၌၊ ထို့နောင် ရန်သူ၌(ဖြစ်စေအပ်၏)၊ ဤသို့ အားဖြင့် ဤပုဂ္ဂိုလ်သုံးဦးနှင့် မိမိဟူသော ဤအလုံးစုံတို့၌ အလယ်အလတ်

မှတ်ချက်

မှု၏အနီးဌ် ဖြစ်၏၊ ထို့ကြောင့် မေတ္တာစသည်တို့၏ ထိုက်သည်အားလျော်စွာ မုန်းခြင်း ချစ်ခြင်း၏ အနီးဌ် ဖြစ်ပုံကို သိအပ်၏။ တနည်းကား ထိုသုံးပါးလုံးပင် "ချမ်းသာကြပါစေ ဆင်းရဲမှ လွတ်ကြပါစေ ဝမ်းမြောက်ကြပါစေ"ဟု နှလုံးသွင်းလျက် အစီးအပွါးကို လိုလားခြင်းသဘောရှိသော ကြောင့် ချစ်ခြင်းနှင့် နီး၏၊ မိမိအလိုအတိုင်း မဖြစ်သည်ကို အကြောင်းပြု၍ ဒေါမနဿ ဒေါသ တို့လည်း ဖြစ်နိုင်ကုန်၏၊ ထို့ကြောင့် မေတ္တာ ကရုဏာ မုဒိတာ သုံးပါးလုံးပင် မုန်းခြင်း ချစ်ခြင်း ၂-ပါးလုံး၏ အနီးဌ် ဖြစ်ကြသည်ဟု သိအပ်ပေ၏။ ဌီကာမှယူ၍ အကျဉ်းပြချက်ပင် ဖြစ်သည်။

http://www.dhammadownload.com

လျစ်လျူရှုခြင်းသဘော၏အစွမ်းအားဖြင့်[၁] သီမာသမ္ဘေဒကိုပြုပြီးလျှင် ထို (သီမာသမ္ဘေဒ၏အစွမ်းဖြင့် ဖြစ်သော သမထ) နိမိတ်ကို မှီဝဲအပ် ပွါးစေအပ် အကြိမ်များစွာ ပြုအပ်၏။ ဤသို့ပြုနေသော ထိုယောဂီအား ပထဝီကသိုဏ်း အရာ၌ ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် စတုတ္ထစျာန်သည်ဖြစ်ပေါ်လာ၏။

[၃၁၁] မေးခွန်းသွင်း၍ ရှင်းပြဦးအံ့ - ဤဥပေက္ခာ စတုတ္ထစျာန်သည် ပထဝီကသိုဏ်း စသည်တို့၌ တတိယစျာန်ကို ရသောသူအားလည်း ဖြစ်ပါသလောဟူမူ၊ မဖြစ်ပေ။ အဘယ့်ကြောင့်နည်း? အာရုံ၏ သဘောမတူခြင်းကြောင့်ပေတည်း။ စင်စစ်သော်ကား အာရုံ၏ သဘောတူခြင်းကြောင့် မေတ္တာစသည်တို့၌ တတိယစျာန်ကို ရသောသူအားသာလျှင် ဖြစ်ပေါ်ပေသည်။ ဤတွင် တရပ်ပြီး၏။

ထိုမှ နောက်၌ အမျိုးမျိုး အထွေထွေ ဥပေက္ခာပွါးခြင်းကိုလည်း, အာနိသင်အကျိုးတို့ကို ရခြင်းကိုလည်း မေတ္တာအရာ၌ ဆိုခဲ့သောနည်းဖြင့် ပင်လျှင် သိအပ်ပေသည်။ ဤတွင် တရပ်ပြီး၏။

ဆိုခဲ့သော ဤစကားသည် ဥပေက္ခာဘာဝနာအရာ၌ အကျယ်ပြဆိုသော စကားပေတည်း။

ပြီးပြုပ်းပြဆိုချက်

၂၆၂။ မြတ်သော ဗြဟ္မာမင်း ဖြစ်တော်မူသော မြတ်စွာဘုရား ဟောထားအပ်ကုန်သော ဤဗြဟ္မဝိဟာရတို့ကို ဤဆိုခဲ့သည့်အတိုင်း သိပြီးလျှင် ယင်းဗြဟ္မဝိဟာရတို့၌ ယခုဆိုမည့် ပြီးပြုပ်းပြဆိုချက်ကိုလည်း နောက်ထပ် သိအပ်သေး၏။

မှတ်ချက်

၁–မဇ္ဈတ္တဝေသန-၏ အနက်ဖြစ်သည်၊ မဇ္ဈဋ္ဌဝေသန-ဟု ရှိလျှင် သာ၍သင့်၏၊ အလယ်၌တည်သည်၏ အစွမ်းအားဖြင့်-ဟု အနက်ပြန်ရာ၏။

http://www.dhammadownload.com

ဝစနတ္ထ သဒ္ဒါအနက်

ဆိုခဲ့ပြီးသော ဤမေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့၌ ရှေးဦးစွာ သဒ္ဒါနက်အားဖြင့်(ပြအံ့)အစီးအပွါးကို ပြုလိုသောအားဖြင့် (ဝါ-ချမ်းသာစေလိုသောအားဖြင့်) ချစ်တတ်သောကြောင့် မေတ္တာ မည်၏ ၁။ တနည်းကား မိတ္တခေါ် မိတ်ဆွေ၌ ဖြစ်သောကြောင့် မေတ္တာ မည်၏ ၂။ တနည်းကား ဤချမ်းသာစေလိုခြင်းသဘောသည် မိတ္တခေါ် မိတ်ဆွေ၏(သန္တာန်၌) ဖြစ်ခြင်းသဘောပေတည်း၊ ထို့ကြောင့် မေတ္တာ မည်၏ ၃။ သူတပါး၏ ဆင်းရဲ(ကို မြင်ရ ကြားရ)သည် ရှိလတ်သော် သူတော်ကောင်းတို့၏ နှလုံးတုန်ခြင်းကို ပြုတတ်သောကြောင့် ကရုဏာ မည်၏ ၄။ တနည်းကား သူတပါး၏ဆင်းရဲကို ညှဉ်းဆဲတတ် ပယ်ဖျောက်တတ်သောကြောင့် ကရုဏာ မည်၏ ၅။ တနည်းကား ဆင်းရဲဒုက္ခရောက်နေသော သူတို့၌ ဖြန့်သည်၏

မှတ်ချက်

၁–ချစ်ခြင်း ဟော မိဒ-ဓာတ်+တ-ပစ္စည်းဖြင့် မေတ္တာ-ဟု ပြီးသည်။

၂–မိတ္တ–မိတ်ဆွေ၌ + ဏမု အ–ဖြစ်သည် = မေတ္တာ–မိတ်ဆွေ၌ ဖြစ်သော ချမ်းသာစေလိုခြင်း။

၃–မိတ္တ–မိတ်ဆွေ၏ + ဏမု အ–ချမ်းသာစေလိုသည့် ဖြစ်ခြင်း= မေတ္တာ–မိတ်ဆွေ၏ ချမ်းသာစေလိုသည့် ဖြစ်ခြင်း၊ ဝါ- ချမ်းသာ စေလိုခြင်း။

၄–ကရ-ဓာတ်+ဥန-ပစ္စည်းဖြင့် (န-ကို ဏ-ပြု၍) ကရုဏာပုဒ်ပြီးသည်(ဏာဒိ)။ စိတ်နှလုံးကို တုန်စေတတ်သော သနားခြင်း-ဟု ဆိုလို၏။

၅—ကိရ-ဓာတ်+ဥန-ပစ္စည်းဖြင့် ပြီးသည်၊ သူတပါး၏ ဆင်းရဲကို ပယ်လိုသော သနားခြင်းဟု ဆိုလို၏။

http://www.dhammadownload.com

အစ္စမ်းအားဖြင့် ပြန့်စေအပ်သောကြောင့် ကရုဏာ မည်၏ [၃]။ မုဒိတာနှင့် ပြည့်စုံသောသူတို့သည် ထိုမုဒိတာဖြင့် (ထိုမုဒိတာ၏ အကူအညီဖြင့်) ဝမ်းမြောက်ကုန်၏၊ ဤသို့ ဝမ်းမြောက်ကြောင်း (အကူအညီ) ဖြစ်သော ကြောင့် မုဒိတာ မည်၏ [၄]။ တနည်းကား ဝမ်းမြောက်တတ်သောကြောင့် မုဒိတာ မည်၏။ တနည်းကား မုဒိတာဟူသည်မှာ ဝမ်းမြောက်ခြင်းသဘော မျှသာ ဖြစ်သည်။ ရန်ကင်းကြပါစေ - ဤသို့အစရှိသော ကြောင့်ကြမျာပါရကို ပယ်သောအားဖြင့်ဂင်း, အလယ်အလတ် သဘောရှိခြင်းသို့ ရောက်သောအားဖြင့်ဂင်း ဘက်မလိုက်ပဲ အညီအမျှ အသင့်အားဖြင့် ရှုတတ်၏ (လျစ်လျူရှုတတ်၏)၊ ထို့ကြောင့် ဥပေက္ခာ မည်၏။

လက္ခဏာစသည်

၂၆၃။ လက္ခဏာ စသည်အားဖြင့်မူကား ဤ မေတ္တာ စသည်တို့တွင် မေတ္တာသည် သတ္တဝါတို့၏ အကျိုးစီးပွါးကို ပြုကျင့်သော အခြင်းအရာ, အားဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏၊ သတ္တဝါတို့အား အကျိုးစီးပွါးကို ဆောင်ပေးခြင်းကိစ္စ (ရသ) ရှိ၏၊ ရန်ငြိုး အမျက်ဒေါသကို ပယ်ဖျောက်သည့် အနေအားဖြင့် ရှုဆင်ခြင်သူ၏ ဉာဏ်အား ရှေးရှုထင် (သော ပစ္စုပဋ္ဌာန်ရှိ)၏၊ သတ္တဝါတို့၏ နှစ်သက်မြတ်နိုးဖွယ်အဖြစ်ကို ရှုခြင်း (ဟူသော

မှတ်ချက်

၁– ကိရ-ဓာတ်+ဥဏ-ပစ္စည်းဖြင့် ပြီးသည်၊ ဆင်းရဲဒုက္ခနေသူတို့၌ ဖြန့်အပ်သော သနားခြင်းဟု ဆိုလို၏။

၂– မုဒ-ဓာတ်+တ-ပစ္စည်းတို့ဖြင့် ပြီးသည်၊ မုဒိတာနှင့် ပြည့်စုံသော သူတော်ကောင်းတို့သာလျှင် သူတပါး ချမ်းသာပြည့်စုံသည်ကို ဝမ်းမြောက်နိုင်ကုန်၏၊ ထို့ကြောင့် မုဒိတာသည် ထိုသို့ ဝမ်းမြောက်ရာ၌ အကူအညီဖြစ်၍ ယင်းကို ဝမ်းမြောက်ကြောင်းဟု ဆိုသည်။

http://www.dhammadownload.com

ယောနိသောမနသိကာရ)လျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။ ဗျာပါဒ ဒေါသ၏ ဝေးကွာသောအားဖြင့် ငြိမ်းခြင်းသည် ဤမေတ္တာ၏ ပြည့်စုံပြီးစီးခြင်းပေတည်း၊ ခင်မင်တွယ်တာလျက် ချစ်ခြင်းသည် ပျက်စီးခြင်းပေတည်း။

ကရုဏာသည် သူတပါးတို့၏ ဆင်းရဲကို ပယ်လိုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏၊ သူတပါးတို့၏ ဆင်းရဲကို(ပယ်လိုသဖြင့်) သည်းမခံနိုင်ခြင်းကိစ္စ(ရသ)ရှိ၏၊ သတ္တဝါတို့ကို မညှဉ်းဆဲလိုသောအားဖြင့် (ဝါ-ညှဉ်းဆဲခြင်း၏ ဆန့်ကျင်ဘက်အားဖြင့်)ဉာဏ်အား ရှေးရှုထင်(သော ပစ္စုပဋ္ဌာန်ရှိ)၏၊ ဆင်းရဲ၏ အနှိပ်စက်ခံရသော သူတို့၏ အားကိုးရာမရှိခြင်းကို ရှုမြင်ခြင်း(ဟူသော ယောနိသောမနသိကာရ)လျှင် နီးသောအကြောင်း (ပဒဋ္ဌာန်)ရှိ၏။ ညှဉ်းဆဲလိုသော ဒေါသ၏ ငြိမ်းခြင်းသည် ထိုကရုဏာ၏ ပြည့်စုံပြီးစီးခြင်းပေတည်း၊ စိုးရိမ်ပူဆွေးမှု သောက ဖြစ်ခြင်းသည် ပျက်စီးခြင်းပေတည်း။

မုဒိတာသည် သူတပါးမှာ စည်းစိမ်ပြည့်စုံ ကုံလုံသည်ကို ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏၊ ငြူစူမှု မနာလိုမှုကင်းခြင်းကိစ္စ(ရသ)ရှိ၏၊ သူတပါး စည်းစိမ်၌ မမွေ့လျော်ခြင်းကို ပယ်ဖျောက်သောအားဖြင့် ဉာဏ်အား ရှေးရှုထင်(သော ပစ္စုပဋ္ဌာန်ရှိ)၏၊ သတ္တဝါတို့၏ စည်းစိမ်ကို ရှုမြင်လိုခြင်း (ဟူသော ယောနိသောမနသိကာရ)လျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။ သူတပါးစည်းစိမ်၌ မပျော်မွေ့မှု၏ ငြိမ်းခြင်းသည် ထိုမုဒိတာ၏ ပြည့်စုံပြီးစီးခြင်းပေတည်း၊ ခင်မင်ရင်းနှီးသည့် အနေအားဖြင့် ဝမ်းသာရွှင်ပျမှု၏ ဖြစ်ခြင်းသည် ပျက်စီးခြင်းပေတည်း။

http://www.dhammadownload.com

ဥပေက္ခာသည် ဘက်မလိုက်ပဲ အလယ်၌တည်သော အခြင်းအရာအားဖြင့်[၁] ဖြစ်ခြင်း လက္ခဏာရှိ၏၊ သတ္တဝါတို့၌ ညီမျှသည်၏ အဖြစ်ကို ရှုခြင်းကိစ္စ(ရသ)ရှိ၏၊ သတ္တဝါတို့၌ မုန်းခြင်း ချစ်ခြင်းတို့၏ ငြိမ်းခြင်း အနေအားဖြင့် ဉာဏ်အား ရှေးရှုထင်(သော ပစ္စုပဋ္ဌာန်ရှိ)၏၊ "သတ္တဝါတို့သည်ကံသာလျှင်ဥစ္စာရှိကုန်၏၊ ထိုသတ္တဝါတို့သည် [၃၁၂] အဘယ်သူ၏ အလိုအားဖြင့် ချမ်းသာကုန်သည်မူလည်းဖြစ်ကုန်အံ့နည်း၊ ဆင်းရဲမှမူလည်း လွတ်ကုန်အံ့နည်း[၂]၊ ရောက်အပ် ရအပ်ပြီးသော စည်း စိမ် မှ မူလည်း မဆုတ်ယုတ် မဆုံးရှုံးပဲ ရှိကုန်အံ့နည်း[၃]"ဟု ဤသို့ ဆင်ခြင်လျက်

မှတ်ချက်

၁–မဇ္ဇဋ္ဌာကာရ-ဟု ရှိလျှင် သာ၍သင့်သောကြောင့် ထိုပါဌ်အရ ပြန်သည်။ မဇ္ဇတ္တာကာရ-ဟူသော ရှိရင်းအတိုင်းပြန်လျှင် အလယ် အလတ် သဘော အခြင်းအရာအားဖြင့်-ဟု ဖြစ်၏။

၂–ကရုဏာပွါးပုံကို ပြရာ၌ "အပ္ပေဝ နာမ ဣမမှာ ဒုက္ခာ မုစ္စေယျ-ဤဆင်းရဲမှ လွတ်ပါမူ ကောင်းလေစွ" ဟု ကြံစည်ပုံသဘောမျိုးကိုသာ ပြခဲ့၏၊ ယခု အများမှာ နှုတ်တက်နေသကဲ့သို့ "ဒုက္ခာ မုစ္စတု-ဆင်းရဲမှ လွတ်ပါစေ၊ ဒုက္ခာ မုစ္စန္တု-ဆင်းရဲမှ လွတ်ကြပါစေ" ဟု တောင့်တသည့်အနေဖြင့် ကရုဏာပွါးပုံကိုကား မပြခဲ့ပေ၊ သို့သော်လည်း ဤအရာ၌ ပြထားသော အထက်ပါစကားအရဖြင့် "ဆင်းရဲမှ လွတ်ပါစေ၊ လွတ်ကြပါစေ"ဟု ကရုဏာပွါးပုံများကိုလည်း အသင့်အလျော်ပင်ဟု မှတ်ယူအပ်ပေ၏။

၃–မုဒိတာပွါးပုံကို ပြရာ၌ "အဟော သာဓု အဟော သုဋ္ဌု-ဩော် ကောင်းပါပေစွ ကောင်းပါပေစွ" ဟု ဝမ်းမြောက်ပုံကိုသာ ပြခဲ့၏၊ ယခု အများမှာ နှုတ်တက်နေသကဲ့သို့ "ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု-ရထားမြဲတိုင်းသော စည်းစိမ်ချမ်းသာမှ မကင်းကွာ မဆုတ်ယုတ်ကြပါစေလင့်"ဟု ဝမ်းမြောက်လျက် တောင့်တသည့်အနေဖြင့် မုဒိတာပွါးပုံကိုကား မပြခဲ့ပေ၊ သို့သော်လည်း ဤအရာ၌ ပြထားသော အထက်ပါစကားအရဖြင့် "ရမြဲ

http://www.dhammadownload.com

ဖြစ်သော[၁] ကံသာလျှင် ဥစ္စာရှိခြင်းကို ရှုမြင်ခြင်း(ဟူသော ယောနိသော မနသိကာရ) လျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။ သတ္တဝါတို့၌ မုန်းခြင်း ချစ်ခြင်းတို့၏ ငြိမ်းခြင်းသည် ထိုဥပေက္ခာ၏ပြည့်စုံပြီးစီးခြင်းပေတည်း၊ ဂေဟသိတခေါ် ကာမဂုဏ်ကို မှီသော အညာဏုပေက္ခာ (ဉာဏ်ကင်းသော ဝါ-မောဟနှင့်ယှဉ်သော ဥပေက္ခာ)၏ ဖြစ်ခြင်းသည် ပျက်စီးခြင်းပေတည်း။

ပယောဇဉ် အကျိုး

၂၆၄။ ထိုမှတပါး ဝိပဿနာချမ်းသာသည်ရင်း၊ ပြည့်စုံကောင်းမြတ်သော သုဂတိဘဝ(ကို ရခြင်း)သည်ရင်း လေးပါးလုံးသော ဤပြဟ္မဝိဟာရတို့၏ ဆက်ဆံသော (ပယောဇဉ်) အကျိုးပေတည်း။ ဗျာပါဒစသည်တို့ကို ပယ်ခြင်း ဗျာပါဒ စသည်တို့၏ ကင်းကွာခြင်းသည် (ဌင်းတို့၏) မဆက်ဆံသော သီးသန့်အကျိုးပေတည်း။ ခဲ့၍ပြအံ့ - ဤလေးပါးတို့တွင် မေတ္တာသည် ဗျာပါဒ ဒေါသကင်းကွာခြင်းအကျိုး ရှိပေ၏၊ ကျန်သုံးပါးတို့သည် အစဉ်အတိုင်း ညှဉ်းဆဲလိုခြင်း, သူချမ်းသာ၌ မမွေ့လျော်ခြင်း, တပ်မက်ခြင်းတို့၏ ကင်းကွာခြင်းအကျိုး ရှိကုန်၏။ မှန်ပေ၏ – ဟောထားသော အောက်ပါ သာဓကစကားလည်း ရှိပေ၏။

> "ငါ့ရှင် အကြင် မေတ္တာစေတောဝိမုတ္တိသည် ရှိ၏၊ ဤ မေတ္တာစေတောဝိမုတ္တိသည် ဗျာပါဒ၏ ထုတ်သွားကြောင်း ကင်းကြောင်း (နိဿရဏ)ပေတည်း။ ငါ့ရှင် အကြင် ကရုဏာစေတောဝိမုတ္တိသည် ရှိ၏၊ ဤကရုဏာစေတောဝိမုတ္တိသည် ညှဉ်းဆဲလိုခြင်း(ဝိဟိံသာ)၏

မှတ်ချက်

တိုင်းသော စည်းစိမ်ချမ်းသာမှ မကင်းကွာ မဆုတ်ယုတ်ကြပါစေလင့်"ဟု မုဒိတာပွါးပုံကိုလည်း အသင့်အလျော်ပင် မှတ်ယူအပ်ပေသည်။

၁–ဤသို့ ဆင်ခြင်လျက်ဖြစ်သော.... ရှုမြင်ခြင်း-ဟု စပ်ပါ။

http://www.dhammadownload.com

ထုတ်သွားကြောင်း ကင်းကြောင်းပေတည်း။ ငါ့ရှင် အကြင် မုဒိတာစေတောဝိမုတ္တိသည် ရှိ၏၊ ဤ မုဒိတာစေတောဝိမုတ္တိသည် သူစည်းစိမ်ချမ်းသာ၌ မမွေ့လျော်ခြင်း (အရတိ)၏ ထုတ်သွားကြောင်း ကင်းကြောင်းပေတည်း။ ငါ့ရှင် အကြင် ဥပေက္ခာစေတောဝိမုတ္တိသည် ရှိ၏၊ ဤ ဥပေက္ခာစေတောဝိမုတ္တိသည် တပ်မက်ခြင်း (ရာဂ)၏ ထုတ်သွားကြောင်း ကင်းကြောင်းပေတည်း" ဟူ၍ပင်တည်း။

ရန်သူများ

၂၆၅။ ဤ ဗြဟ္မဝိဟာရလေးပါးတို့တွင် တပါးတပါးမှာ အနီးရန်သူ အဝေးရန်သူတို့၏ အလိုအားဖြင့် ၂-ပါး ၂-ပါးစီသော ရန်သူတို့ ရှိကုန်၏။ ခဲ့၍ပြအံ့ - လူတယောက်၏ အနီး၌ ကျက်စားသော ရန်သူကဲ့သို့ ရာဂသည် ဂုဏ်ကို ရှုခြင်းအားဖြင့် တူသောအဖို့ရှိခြင်း (သဘောတူခြင်း)ကြောင့် မေတ္တာဗြဟ္မဝိဟာရ၏ အနီးကပ်ရန်သူပေတည်း၊ ထိုရာဂသည် လျင်စွာ ဝင်ရောက်ခွင့်ကို ရတတ်၏၊ ထို့ကြောင့် ထိုအနီးကပ်ရန်သူဖြစ်သော ရာဂမှ မေတ္တာကို ကောင်းစွာ စောင့်ရှောက်အပ်၏။ လူတယောက်၏ တောင် အစ ရှိသော ရွှေပ်ရာအရပ်ကို မှီသော ရန်သူကဲ့သို့ ဗျာပါဒ ဒေါသသည် တူသော အဖို့ရှိသောရာဂနှင့် တူသောအဖို့ မရှိခြင်းကြောင့် (ဝါ-သဘောတူသော ရာဂနှင့် သဘောမတူခြင်းကြောင့် [၁]) (ဝါ-မေတ္တာ၏သဘောနှင့် မတူသော အဖို့ရှိခြင်း သဘောမတူခြင်းကြောင့် [၂]) ဝေးသော ရန်သူပေတည်း။

မှတ်ချက်

၁—ဤအနက် ၂-ခုသည် သဘာဂဝိသဘာဂတာယ-ဟု ရှိသော ပါဠိ၏အနက် ဖြစ်သည်။ နောက်အပိုဒ်တို့၌လည်း နည်းတူပင်။

၂—ဤတတိယအနက်သည် ပြည်မူနီဿယ၌ တွေ့ရသော သဘာဝဝိသဘာဂတာယ-ဟူသော ပါဠိ၏ အနက်ဖြစ်သည်။ ထိုပြည်မူနီဿယ၌ သဘာဝ-

http://www.dhammadownload.com

ထို့ကြောင့် ထိုဝေးသော ရန်သူဖြစ်သော ဗျာပါဒမှ စိုးရိမ်ကြောက်ရွံခြင်း ကင်းလျက် ၁ မေတ္တာကို ပွါးစေအပ်၏။ (မစိုးရိမ်ရခြင်း၏ အကြောင်းမှာ) မေတ္တာကိုလည်း ပွါးစေလတ့ံ, အမျက်ထွက်ခြင်းကိုလည်း ပြုလတ့ံ-ဟူသော ဤသို့ဖြစ်ရန် အကြောင်းမရှိသည်သာတည်း။

"အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ကုန်သော နှလုံးမွေ့လျော်ဖွယ် ဖြစ်ကုန်သော လောကာမိသခေါ် လူတို့၏ ကာမဂုဏ်အစာနှင့် စပ်ဆိုင်ကုန်သော မျက်စိဖြင့် မြင်အပ်ကုန်-မြင်နိုင်ကုန်သော အဆင်းရှုပါရုံတို့ကို မရခြင်းကို (အစွဲပြု၍) မရသောအားဖြင့် (ဝါ-မရလေခြင်းဟု) အဖန်ဖန် ရှုဆင်ခြင်သော သူအား၎င်း၊ ရှေးအခါက ရခဲ့ဘူး၍ ယခုအခါ လွန်လေပြီး

မှတ်ချက်

ဝိသဘာဂတာယ-မေတ္တာသဘော၏ ဗျာပါဒသဘောနှင့် မတူသည်၏ အဖြစ်ကြောင့်၊ ဝါ-မေတ္တာသဘောနှင့် ဗျာပါဒသဘော မတူကြသည်၏ အဖြစ်ကြောင့်၊ ဝါ-သဘောအားဖြင့် မတူကြသည်၏ အဖြစ်ကြောင့်-ဟု သုံးနက် ပြန်ထားလေသည်။ နောက်အပိုဒ်တို့၌လည်း နည်းတူပင်။ သီဟိုဠ်မူဋ္ဌကာ၌ သဘာဝဝိသဘာဂတာယ-ဟူသည်ကား (သဘာဝဿ-သဘော၏, (သဘာ-ဝေန ဝါ)- တနည်းသဘောနှင့် (ဝိသဘာဂတာယ)- မတူသောအဖို့ရှိခြင်း-သဘောမတူခြင်းကြောင့်-ဟု ဖွင့်ပြထားလျက် ရှိသည်။ အထက်ပါ အနက်သည် ဤဋီကာ တနည်းအဖွင့်နှင့် အညီပင်။

၁–နိဗ္ဗယေန စိုးရိမ်ကြောက်ရွံခြင်း ကင်းလျက်-ဟူသည်ကား (အနုဿက်နှပရိသက်နေန) ကြောက်လန့်ခြင်း ရွံ့ရှာခြင်း ကင်းလျက်၊ မေတ္တာသည် (ရင့်ကျက်သဖြင့်) ထောက်တည်ရာ ရလတ်သော် (ငင်းကို) မဖျက်ဆီးနိုင်ကောင်းသောကြောင့်-ဟု ဆိုလို၏။ (ဋီကာ) မေတ္တာ အားကောင်း၍ ထောက်တည်ရာရသောအခါ ဗျာပါဒ ဖြစ်မည်ကို မစိုးရိမ်ရတော့ပြီ - ဟု ဆိုလို၏။ ထို့ကြောင့်ပင် မေတ္တာကိုလည်း ပွါးစေလတ့ံ- စသည်ဖြင့် မစိုးရိမ်ရခြင်း၏ အကြောင်းကို ဆက်၍ ပြထားပေသည်။

http://www.dhammadownload.com

ချုပ်လေပြီး ပျက်စီးဆုံးရှုံးလေပြီးသော အဆင်းရူပါရုံကို အဖန်ဖန် ရှုဆင်ခြင်မိသောသူအား၎င်း နှလုံးမသာခြင်း ဝမ်းနည်းခြင်းသည် ဖြစ်ပေါ်လာ၏၊ ဤသို့ သဘောရှိသော နှလုံးမသာခြင်း ဝမ်းနည်းခြင်းကို (ဂေဟသိတဒေါမနဿ) ကာမဂုဏ်ကိုမှီသော နှလုံးမသာခြင်းဟူ၍ ဆိုအပ်၏'' ဤသို့ အစရှိသောနည်းဖြင့်လာသော ကာမဂုဏ်ကိုမှီသော နှလုံးမသာခြင်း (ဒေါမနဿ)သည်ပျက်စီးခြင်းကို ရှုခြင်းအားဖြင့် တူသောအဖို့ရှိခြင်း (သဘောတူခြင်း)ကြောင့်ကရုဏာဗြဟ္မဝိဟာရ၏ နီးသောရန်သူပေတည်း။ ကရုဏာ၏ သဘာဝဖြစ်သော ဒေါမနဿနှင့် တူသောအဖို့မရှိခြင်း-သဘောမတူခြင်းကြောင့် (ဝါ-ကရုဏာ၏သဘောနှင့် မတူသောအဖို့ရှိခြင်း-သဘောမတူခြင်းကြောင့်)ညှဉ်းဆဲလိုခြင်း (ဝိဟိံသာ)သည် [၃၁၃] ဝေးသော ရန်သူပေတည်း။ ထို့ကြောင့် ထိုဝေးသော ရန်သူဖြစ်သော ဝိဟိံသာမှ စိုးရိမ်ကြောက်ရွံ့ခြင်း ကင်းလျက် ကရုဏာကို ပွါးစေအပ်၏။ (မစိုးရိမ်ရခြင်း၏အကြောင်းမှာ) သနားခြင်း ကရုဏာကိုလည်းပြုလတ္တံ့-ဖြစ်စေလတ္တံ့, လက်စသည်တို့ဖြင့်လည်း ညှဉ်းဆဲလတ္တံ့-ဟူသော ဤသို့ဖြစ်ရန် အကြောင်းမရှိသည်သာတည်း။

"အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ကုန်သော နှလုံးမွေ့လျော်ဖွယ်ဖြစ်ကုန်သော လောကာမိသခေါ် လူတို့၏ ကာမဂုဏ်အစာနှင့် စပ်ဆိုင်ကုန်သော မျက်စိဖြင့် မြင်အပ်ကုန်-မြင်နိုင်ကုန်သော အဆင်းရူပါရုံတို့ကို (အကြောင်းပြု၍) ရသောအားဖြင့် (ဝါ-ရပေစ္ဆဟု) အဖန်ဖန် ရှုဆင်ခြင်သောသူအား၎င်း၊ ရှေးအခါက ရခဲ့ဘူး၍ ယခုအခါ လွန်လေပြီး ချုပ်လေပြီး ပျက်စီးလေပြီးသော အဆင်းရူပါရုံကို (ခံစားခဲ့ရသည့် အနေအားဖြင့်) ပြန်လည်၍ အဖန်ဖန် ရှုဆင်ခြင်မိသောသူအား၎င်း စိတ်ရှင်လန်း ဝမ်းသာခြင်းသည် ဖြစ်ပေါ်လာ၏၊ ဤသို့ သဘောရှိသော စိတ်ရှင်လန်း ဝမ်းသာခြင်းကို (ဂေဟသိတသောမနဿ) ကာမဂုဏ်ကိုမှီသော ဝမ်းသာခြင်းဟူ၍

http://www.dhammadownload.com

ဆိုအပ်၏" ဤသို့ အစရှိသော နည်းဖြင့်လာသော ကာမဂုဏ်ကိုမှီသော ဝမ်းသာခြင်း(သောမနဿ)သည် ပြည့်စုံခြင်းကို ရှုခြင်းအားဖြင့် တူသော အဖို့ရှိခြင်း (သဘောတူခြင်း)ကြောင့် မုဒိတာပြဟ္မဝိဟာရ၏ နီးသော ရန်သူပေတည်း။ မုဒိတာ၏ သဘာဝဖြစ်သော သောမနဿနှင့်တူသောအဖို့ မရှိခြင်း-သဘောမတူခြင်းကြောင့်(၀၊-မုဒိတာ၏သဘောနှင့် မတူသောအဖို့ ရှိခြင်း-သဘောမတူခြင်းကြောင့်)သူစည်းစိမ်၌မမွေ့လျော်ခြင်း-မနာလိုခြင်း (အရတိ)သည် ဝေးသောရန်သူပေတည်း။ ထို့ကြောင့် ထိုဝေးသောရန်သူ ဖြစ်သော အရတိမှ စိုးရိမ်ကြောက်လန့်ခြင်းကင်းလျက် မုဒိတာကို ပွါးစေ အပ်၏။ (မစိုးရိမ်ရခြင်း၏အကြောင်းမှာ) သူစည်းစိမ်၌ ဝမ်းမြောက်သည် လည်း ဖြစ်လတ္တံ့, တောကျောင်းတို့၌ငင်း သမထ ဝိပဿနာဟူသော အလှန် အမြတ်ကုသိုလ်တရားတို့၌ငင်း, မပျော်မမွေ့ ငြီးငွေ့သည်လည်း ဖြစ်လတ္တံ့- ဟူသော ဤသို့ဖြစ်ရန် အကြောင်းမရှိသည်သာတည်း[၁]။

မှတ်ချက်

၁– အရတိ-မမွေ့လျော်ခြင်းသည် သူတပါး၏ စည်းစိမ်ချမ်းသာကို မမြင်လိုခြင်း မမွေ့လျော်ခြင်းက တမျိုး၊ တောကျောင်း စသည်၌ မမွေ့လျော်ခြင်းက တမျိုး ဤသို့အားဖြင့် ၂-မျိုးရှိ၏၊ ထိုတွင် ဤအဆုံ၌ မုဒိတာဖြစ်လျှင် သူစည်းစိမ်၌ မမွေ့လျော်သော အရတိ မဖြစ်နိုင်ဟူသောအနက်သာ လိုရင်း ဖြစ်သည်၊ တောကျောင်း စသည်၌ မမွေ့လျော်ခြင်း (အရတိ) မဖြစ်နိုင် သည်မှာကား လိုရင်းမဟုတ်၊ သို့သော် ထိုအရတိ ကင်းခြင်းကိုလည်း ရနိုင်သည်ဟူသော ရည်ရွယ်ချက်ဖြင့် ဤသို့ ဆိုထားသည်။ ဋီကာမှ ယူ၍ အကျဉ်းပြချက်ဖြစ်သည်။ သဘောကျရန်ခဲယဉ်း၏။ တနည်းကား ကာယ-ဝိဝေက စိတ္တဝိဝေကတို့၏ ဆန့်ကျင်ဘက်ဖြစ်သော အရတိ ကင်းကွာလျှင် မုဒိတာ၏ ဆန့်ကျင်ဘက် (သူစည်းစိမ်၌ မမွေ့လျော်ခြင်း) အရတိကိုလည်း လွယ်ကူစွာ ကင်းကွာစေနိုင်သည်ဟု ပြခြင်းငှါ တစိတ် တဒေသ အားဖြင့် အရတိကို ပြသည်။(ဋီကာပင်) ဤအဖွင့်ကိုလည်း သဘောကျရန် ခက်သည်သာ။

http://www.dhammadownload.com

"ကိုလေသာတို့ကို တစိတ်တပိုင်းမျှ မအောင်နိုင်သေးသော[၁] နောင်ဖြစ်မည့် ပဋိသန္ဓေဝိပါက်ကို မအောင်နိုင်သေးသော[၂] တွေဝေမှုမောဟ၌ အပြစ်တို့ကို မမြင်သေးသော[၃] (ဟု ဆိုအပ်သော) မိုက်မဲ တွေဝေသော ပုထုဇဉ်ပုဂ္ဂိုလ်အား အကြားအမြင်မရှိသော[၄] ပုထုဇဉ်ပုဂ္ဂိုလ်အား မျက်စိဖြင့်အဆင်းကိုမြင်ပြီးလျှင် (ထိုအဆင်း၌) လျစ်လျူရှုခြင်း (ဥပေက္ခာ) သည် ဖြစ်ပေါ်လာ၏၊ ဤသို့သော လျစ်လျူရှုမှု-ဥပေက္ခာသည် မြင်ရသော အဆင်းရှုပါရုံကို မလွန်မြောက်နိုင်၊ ထို့ကြောင့် ထိုဥပေက္ခာကို (ဂေဟသိတ) ကာမဂုဏ်ကိုမှီသော ဥပေက္ခာဟု ဆိုအပ်၏" ဤသို့ အစရှိသောနည်းဖြင့် လာသော ဂေဟသိတ အညာဏုပေက္ခာ (ကာမဂုဏ်ကိုမှီသော မောဟနှင့် ယှဉ်သော ဥပေက္ခာ) သည် အပြစ်နှင့် ဂုဏ်ကို မဆင်ခြင်မစဉ်းစားသည့်အလို အားဖြင့် တူသောအဖို့ရှိခြင်း (သဘောတူခြင်း) ကြောင့် ဥပေက္ခာဗြဟ္မ-

---

မှတ်ချက်

၁–သောတာပန်သကဒါဂါမ် အနာဂါမ်သေက္ခပုဂ္ဂိုလ်များသည် ကိုလေသာတို့ကို တစိတ် တပိုင်းအားဖြင့် အောင်နိုင်ပြီးမည်၏၊ ထိုသို့သော သေက္ခပုဂ္ဂိုလ် မဟုတ်ဟုဆိုလို၏။

၂–ရဟန္တာသည် ပဋိသန္ဓေဝိပါက်ကို အောင်နိုင်ပြီး ဖြစ်သည်၊ ထို့ကြောင့် ဤစကားဖြင့် ရဟန္တာမဟုတ်ဟု သိစေ၏။

၃–ဝိပဿနာယောဂီသည် အာရုံတို့၏ အပြစ်, အာရုံကို မရှုမသိမှု မောဟ၏ အပြစ်တို့ကို မြင်သူမည်၏၊ ထို့ကြောင့် ဤစကားဖြင့် ဝိပဿနာယောဂီလည်း မဟုတ်ဟု သိစေ၏။

၄–ကြားနာမှတ်သားဘူးသောတရားစာပေသည် အာဂမသုတ-အကြားမည်၏၊ အားထုတ်၍ ကိုယ်တိုင်တွေ့ သိမြင်မှုသည် အဓိဂမသုတမည်၏၊ အထူးအားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို သိမှုပေတည်း၊ ၎င်းကို အမြင်ဟုဆိုသည်၊ ထိုသို့သော အကြားနှင့်အမြင် မရှိသူဟု ဆိုလို၏။

http://www.dhammadownload.com

ဝိဟာရ၏ နီးသောရန်သူပေတည်း။ ၎င်း၏သဘာဝဖြစ်သော အညာ-ဏုပေက္ခာနှင့်တူသော အဖို့မရှိခြင်း-သဘောမတူခြင်းကြောင့် (၀၊-ပြဟ္မ-ဝိဟာရ ဥပေက္ခာ၏ သဘောနှင့် မတူသောအဖို့ရှိခြင်း-သဘောမတူခြင်း ကြောင့်) ရာဂနှင့်ဒေါသတို့သည် ဝေးသောရန်သူတို့ပေတည်း။ ထို့ကြောင့် ထိုဝေးသောရန်သူများဖြစ်ကြသော ရာဂနှင့်ဒေါသတို့မှ စိုးရိမ် ကြောက်ရွံ့ခြင်းကင်းလျက် လျစ်လျူရှုကာ ဥပေက္ခာကို ပွါးစေအပ်၏။ (မစိုးရိမ်ရခြင်း၏အကြောင်းမှာ) လျစ်လျူရှုသည်လည်း ဖြစ်လတ့်, တပ်မက်မှု-ရာဂကို သို့မဟုတ် ထိပါးတိုက်ခိုက်မှု-ပဋိဃ-ဒေါသကိုလည်း ဖြစ်စေလတ့်-ဟူသော ဤသို့ ဖြစ်ရန်အကြောင်း မရှိသည်သာတည်း။

စ-လယ်-ဆုံး-နှင့်အာရုံကို ပွါးစေခြင်း

၂၆၆။ ဤအလုံးစုံသော ပြဟ္မဝိဟာရတို့၏ အစ-အရင်းခံကား (ယင်းတို့ကို) ဖြစ်ပွါးစေရန်အလိုရှိခြင်းဟူသော ကုသိုလ်ဆန္ဒပေတည်း၊အလယ်ကား နိဝရဏ စသည်တို့ကို ခွါခြင်းပေတည်း၊ အဆုံးအပြီးကား အပ္ပနာစျာန်ပေတည်း၊ ပညတ်တရားအလိုအားဖြင့် တဦးသော သတ္တဝါသည်သော်၎င်း၊ များစွာကုန်သော သတ္တဝါတို့သည်သော်၎င်း(ယင်းတို့၏) အာရုံပေတည်း။ ဥပစာရသို့ ရောက်သောအခါ၌သော်၎င်း၊ အပ္ပနာသို့ ရောက်သောအခါ၌ သော်၎င်း အာရုံကိုပွါးစေခြင်းသည် (ဖြစ်နိုင်၏)။

ထိုသို့ ပွါးစေရာ၌ ဤသည်ကား ပွါးစေပုံအစဉ်ပေတည်း။ ကျွမ်းကျင်သော လယ်သမားသည် ထွန်သင့်သောအရပ်ကို ပိုင်းခြားပြီး ထွန်သကဲ့သို့ ထို့အတူ လက်ဦးအစဉ်ပင်လျှင် တခုသောကျောင်း-အိမ် အဆောက်အဦကို ပိုင်းခြား၍ "ဤကျောင်း-ဤအိမ်၌ သတ္တဝါတို့သည် ရန်ကင်းကြပါစေ" ဤသို့ အစရှိသောနည်းဖြင့် ထိုကျောင်း-ထိုအိမ်ရှိ သတ္တဝါတို့၌ မေတ္တာကို ပွါးစေအပ်၏။ ထိုကျောင်း-ထိုအိမ်ရှိ သတ္တဝါတို့၌ စိတ်ကို နူးညံ့အောင်

http://www.dhammadownload.com

ခန့်ကျန်းသန်စွမ်းအောင်ပြုပြီးလျှင် ၂-ခုသော ကျောင်း-အိမ်တို့ကိုပိုင်းခြားအပ်ကုန်၏။ ထို့နောင် အစဉ်အတိုင်း သုံးခုကုန်သော ကျောင်းအိမ်တို့ကို၊ ၄-ခု၊ ၅-ခု၊ ၆-ခု၊ ၇-ခု၊ ၈-ခု၊ ၉-ခု၊ ဆယ်ခုကုန်သော ကျောင်း-အိမ်တို့ကို၊ တခုသောလမ်းကို၊ ရွာထက်ဝက်ကို၊ တရွာလုံးကို၊ ဇနပုဒ်-တိုင်း-နယ်ကို၊ တပြည်လုံးကို၊ တခုသော အရပ်မျက်နှာကို ပိုင်းခြားအပ်၏။ ဤပုဒ်ဤနည်းဖြင့် စကြဝဠာတခုလုံးတိုင်အောင်သော်၎င်း၊ ထို့ထက်အလွန်သော်၎င်း (ပိုင်းခြား၍) ထိုထိုအရပ်တို့၌ရှိကြသော သတ္တဝါတို့၌ [၃၁၄]မေတ္တာကို ပွါးစေအပ်၏။ ကရုဏာစသည်တို့ကိုလည်း ထို့အတူပင်။ ဤသည်ကား ဤပြဟ္မဝိဟာရတို့၌ အာရုံကို ပွါးဖစပုံ အစဉ်ပေတည်း။

နိဿန္ဒအကျိုး

၂၆၇။ ထိုမှတပါး အရူပစျာန်တို့သည် ကသိဏ်းစျာန်တို့၏ (ဝါ-ကသိဏ်းစျာန်တို့မှ) ထွက်ပေါ်လာသောအကျိုး (သဖွယ်) ဖြစ်သကဲ့သို့၎င်း၊ နေဝသညာနာသညာယတနစျာန်သည် ရူပစျာန်သမာဓိ, အောက်အရူပစျာန်သမာဓိတို့၏ (သမာဓိတို့မှ) ထွက်ပေါ်လာသောအကျိုး (သဖွယ်) ဖြစ်သကဲ့သို့၎င်း၊ ဖလသမာပတ်သည် ဝိပဿနာ၏ (ဝိပဿနာမှ) ထွက်ပေါ်လာသောအကျိုး (သဖွယ်) ဖြစ်သကဲ့သို့၎င်း၊ နိရောဓသမာပတ်သည် သမထဝိပဿနာတို့၏ (ဝါ-သမထ ဝိပဿနာတို့မှ) ထွက်ပေါ်လာသော အကျိုး (သဖွယ်) ဖြစ်သကဲ့သို့၎င်း ထို့အတူ ဤလေးပါးသော ပြဟ္မဝိဟာရတို့တွင် ဥပေက္ခာပြဟ္မဝိဟာရသည် ရှေးပြဟ္မဝိဟာရသုံးပါးအပေါင်း၏ (အပေါင်းမှ) ထွက်ပေါ်လာသော အကျိုး (သဖွယ်) ဖြစ်ပေ၏။ ဥပမာဖြင့် ပြရလျှင် တိုင်တို့ကိုမစိုက်မထူပဲ ထုပ်လျောက်ကိုလည်း မတင်ပဲ ကောင်းကင်၌အထွတ်အခြင်တို့ကို တင်ထားရန် မဖြစ်နိုင်သကဲ့သို့ ထို့အတူပင် ရှေးသုံးပါးသော ပြဟ္မဝိဟာရတို့၌ရသော တတိယစျာန်နှင့်ကင်း၍ စတုတ္ထ ပြဟ္မဝိဟာရကို ပွါးစေရန် မဖြစ်နိုင်ပေ။ ဤတွင်တရပ်ပြီး၏။

http://www.dhammadownload.com

ဗြဟ္မဝိဟာရမည်ကြောင်းစသည်

၂၆၈။ ဤအရာ၌ ဆိုလတ္တံ့သော မေးခွန်း ဖြစ်နိုင်ပေ၏-ဤမေတ္တာကရုဏာ မုဒိတာ ဥပေက္ခာတို့ကို အဘယ့်ကြောင့် ဗြဟ္မဝိဟာရဟု ခေါ် ဆိုအပ်ပါကုန်သနည်း၊ အဘယ့်ကြောင့် ၄-ပါးတို့သာလျှင် ဖြစ်ပါကုန်သနည်း၊ ဤမေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့၏ အစဉ်ကား အဘယ်ပါနည်း၊ အဘိဓမ္မာ၌ အဘယ့်ကြောင့် အပ္ပမညာဟု ဟောထားပါသနည်း-ဟူ၍ မေးခွန်း ဖြစ်နိုင်ပေ၏။ အဖြေကား-မြတ်သောအနက်သဘောကြောင့်ငင်း၊ အပြစ်ကင်းသည်၏အဖြစ် (အပြစ်ကင်းခြင်း) ကြောင့်ငင်း ဤမေတ္တာကရုဏာ မုဒိတာ ဥပေက္ခာ တို့၌ ဗြဟ္မဝိဟာရမည်သည်၏ အဖြစ်ကို ရှေးဦးစွာ သိအပ်၏။ ခဲ့၍ပြရလျှင် ဤမေတ္တာ စသည်ဖြင့် နေခြင်း (ဝိဟာရ)တို့သည် သတ္တဝါတို့၌ မှန်ကန်ကောင်းမွန်သော အကျင့်ဖြစ်သောကြောင့် အထူးသဖြင့် ချီးမွမ်းအပ်-မြင့်မြတ်ကြပေကုန်၏။ထို့ပြင် ဗြဟ္မာတို့သည် (နိဝရဏစသော) အပြစ်ကင်းသည့်စိတ် ရှိကုန်လျက် နေကုန်သကဲ့သို့ ထို့အတူ ဤမေတ္တာ စသည်တို့နှင့် ယှဉ်ကုန်သော ယောဂီတို့သည် ဗြဟ္မာတို့နှင့် တူကုန်လျက် နေကုန်၏။ ဤသို့မြတ်သော အနက်သဘောကြောင့်ငင်း၊ အပြစ်ကင်းသည်၏ အဖြစ်ကြောင့်ငင်း ဗြဟ္မာဝိဟာရဟူ၍ ဆိုအပ်ကုန်၏။

၂၆၉။ အဘယ့်ကြောင့် ၄-ပါးတို့သာလျှင် ဖြစ်ပါကုန်သနည်း-ဤသို့ အစရှိသော မေးခွန်း၏အဖြေကား ဤဆိုလတ္တံ့စကားပေတည်း-

> စင်ကြယ်ကြောင်း စသည်တို့၏ အစွမ်းအားဖြင့် ၄-ပါးတို့သာ ဖြစ်ကုန်၏၊ ထိုမေတ္တာ စသည်တို့၏ အစဉ်သည် အစီးအပွါးကို ပြုကျင့်ခြင်းစသော အခြင်းအရာတို့၏ အစွမ်းအားဖြင့် ဖြစ်၏၊ ထိုမေတ္တာ စသည်တို့သည် အတိုင်းအရှည် ပမာဏကင်းသော အာရုံ၌ ဖြစ်ကြသောကြောင့် အပ္ပမညာ မည်ကုန်၏။

http://www.dhammadownload.com

ခွဲ၍ပြအံ့—ဤမေတ္တာစသည်တို့တွင် မေတ္တာသည် ဗျာပါဒ-ဒေါသအဖြစ်မျှားသောသူ၏ စင်ကြယ်ကြောင်းပေတည်း၊ ကရုဏာသည် ညှဉ်းဆဲလိုမှု (ဝိဟေသာ)အဖြစ်မျှားသောသူ၏ စင်ကြယ်ကြောင်းပေတည်း၊ မုဒိတာသည် သူစည်းစိမ်၌ မမွေ့လျော်မှု-မနာလိုမှု အဖြစ်မျှားသောသူ၏ စင်ကြယ်ကြောင်းပေတည်း၊ ဥပေက္ခာသည် တပ်မက်မှု-ရာဂ အဖြစ်မျှားသောသူ၏ စင်ကြယ်ကြောင်းပေတည်း။ (ဤသို့ လေးဦးသောသူတို့၏ စင်ကြယ်ကြောင်း လေးပါးဖြစ်သောကြောင့်လည်း ၄-ပါးတို့သာ ဖြစ်ကြသည်)။ ထို့ပြင် အစီးအပွါးကိုဆောင်ပေးခြင်း, အစီးအပွါးမဲ့ အကျိုးမဲ့ကိုပယ်ခြင်း, ပြည့်စုံသော သူစည်းစိမ်ကို ဝမ်းမြောက်ခြင်း, တဖက်သတ်ကျစေရန် နှလုံးမသွင်းခြင်းတို့၏ အစွမ်းအားဖြင့် သတ္တဝါတို့၌ နှလုံးသွင်းခြင်းသည် လေးပါးသာလျှင် ရှိ၏။ (ထို့ကြောင့်လည်း ၄-ပါးတို့သာ ဖြစ်ကြသည်)။ ထို့ပြင် မိခင်သည် သူငယ်, သူနာ, အရွယ်ရောက်သူ, သူ့ကိစ္စသူ ဆောင်နေသူဟူသော သားလေးယောက်တို့တွင် သူငယ်သား၏ ကြီးထွားခြင်းကို အလိုရှိ၏၊ သူနာသား၏ အနာရောဂါကို ပယ်ဖျောက်ခြင်းငှါ အလိုရှိ၏၊ အရွယ်ရောက်သောသား၏ အရွယ်ကောင်းခြင်း ပြည့်စုံခြင်း၌ ရှည်မြင့်စွာတည်ခြင်းကို အလိုရှိ၏၊ သူ့ကိစ္စသူ ဆောင်နေသောသား၏ တစုံတခုသော ကိစ္စအလှည့်၌မျှ ကြောင့်ကြမစိုက်တော့သကဲ့သို့ ထို့အတူ အပွမညာခေါ်ဖြဟ္မစိုရ်တရားဖြင့် နေလေ့ရှိသော ရဟန်းသည်လည်း အလုံးစုံသော သတ္တဝါတို့၌ မေတ္တာပွါးခြင်းစသည်တို့၏ အစွမ်းအားဖြင့် အပွမညာခေါ်ဖြဟ္မဝိဟာရတို့သည် ၄-ပါးတို့သာ ဖြစ်ကြပေသည်။

[၃၁၅] (ယင်း ၄-ပါးတို့၏အစဉ်ကား) လေးပါးသော ဤအပွမညာတို့ကို ပွါးစေခြင်းငှါ အလိုရှိသော ပုဂ္ဂိုလ်သည် သတ္တဝါတို့၌ ရှေးဦးစွာ အစီးအပွါးကို ပြုကျင့်သော အခြင်းအရာဖြင့် ဖြစ်ခြင်းအလိုအားဖြင့် ကျင့်အပ်၏၊ မေတ္တာသည်လည်း အစီးအပွါးကို ပြုကျင့်သော အခြင်း

http://www.dhammadownload.com

အရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိပေ၏။ ထို့နောင် ဤသို့ တောင့်တအပ်သော အစီးအပွါးနှင့်ပြည့်စုံသော သတ္တဝါတို့အား ဆင်းရဲဒုက္ခနှိပ်စက်ခြင်းကို တွေ့မြင်ရ၍သော်၎င်း၊ ကြားရ၍သော်၎င်း၊ (ငရဲစသည်၌) ဖြစ်နိုင်သည်ကို မြော်တွေးကြံဆ၍သော်၎င်း ဆင်းရဲကို ပယ်ဖျောက်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း အလိုအားဖြင့် (ကျင့်အပ်၏)၊ ကရုဏာသည်လည်း ဆင်းရဲကို ပယ်ဖျောက်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိပေ၏။ ထိုမှနောက်၌ ဤသို့ တောင့်တသည့်အတိုင်း အစီးအပွါးနှင့် ပြည့်စုံကြသည့်ပြင် တောင့်တသည့်အတိုင်း ဆင်းရဲလည်းကင်းကုန်သော ထိုသတ္တဝါတို့၏ ပြည့်စုံသောစည်းစိမ်ကို တွေ့မြင်၍ ပြည့်စုံသော စည်းစိမ်ကို ဝမ်းမြောက်သည့်အလိုအားဖြင့် (ကျင့်အပ်၏)၊ မုဒိတာသည်လည်း ဝမ်းမြောက်ခြင်းလက္ခဏာရှိပေ၏။ ထိုမှနောက်၌မူ ပြုဖွယ်ကိစ္စမရှိသောကြောင့် လျစ်လျူရှုခြင်းဟု ဆိုအပ်သော အလယ်အလတ် သဘော အခြင်းအရာအားဖြင့် (၀ါ-ဘက်မလိုက်ပဲ အလယ်၌တည်သော အခြင်းအရာအားဖြင့်[၁]) ကျင့်အပ်၏၊ဥပေက္ခာသည်လည်း အလယ်အလတ် သဘော (အလယ်၌တည်သော) အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိပေ၏။ ထို့ကြောင့် အစီးအပွါးကို ပြုကျင့်ခြင်းအစရှိသော ဤအခြင်းအရာတို့၏ အစွမ်းအားဖြင့် ထိုမေတ္တာစသည်တို့တွင် မေတ္တာကို ရှေးဦးစွာ ဟောတော်မူပေသည်၊ ထို့နောင် ကရုဏာကို၊ ထို့နောင် မုဒိတာကို၊ ထို့နောင် ဥပေက္ခာကို ဟောတော်မူပေသည်-ဟူ၍ ဤအစဉ်ကို သိအပ်ပေ၏။

အပွမညာခေါ်ခြင်း၏ အကြောင်းကား အလုံးစုံသော ဤမေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့သည် အတိုင်းအရှည် ပမာဏကင်းသော အာရုံ၌ ဖြစ်ကုန်၏။ မှန်ပေ၏-အတိုင်းအရှည် ပမာဏကင်းကုန်သော

မှတ်ချက်

၁–မဇ္ဈဋ္ဌကာရေန-ဟု ရှိသင့်သောပါဠိကို မြော်၍ ပြန်သည်။

http://www.dhammadownload.com

သတ္တဝါတို့သည် ဤမေတ္တာစသည်တို့၏ အာရုံဖြစ်ကြပေသည်၊ သတ္တဝါတယောက်တည်း၏သော်လည်း ဤမျှသော အစိတ်အပိုင်း၌သာလျှင် မေတ္တာစသည်တို့ကို ပွါးစေအပ်သည်ဟု ဤသို့ အတိုင်းအရှည် ပမာဏကို မယူမူ၍ တယောက်လုံးကို ဖြန့်သည်၏အစွမ်းအားဖြင့်သာလျှင် ဖြစ်ကုန်၏။ (ထို့ကြောင့် အပွမညာ မည်ကြပေသည်)။ ထို့ကြောင့်—

> "စင်ကြယ်ကြောင်း စသည်တို့၏အစွမ်းအားဖြင့် ၄-ပါးတို့သာ ဖြစ်ကုန်၏၊ ထိုမေတ္တာစသည်တို့၏ အစဉ်သည် အစီးအပွါးကို ပြုကျင့်ခြင်းစသော အခြင်းအရာတို့၏ အစွမ်းအားဖြင့် ဖြစ်၏၊ ထိုမေတ္တာစသည်တို့သည် အတိုင်းအရှည် ပမာဏကင်းသော အာရုံ၌ ဖြစ်ကြသောကြောင့် အပွမညာ မည်ကုန်၏"ဟု ဆိုခဲ့ပေသည်။

ရနိုင်သောစျာန်များ

၂၇၀။ ဤဆိုခဲ့သည့်အတိုင်း အတိုင်းအရှည် ပမာဏကင်းသော အာရုံရှိခြင်းဖြင့် တူသောလက္ခဏာရှိကုန်သော်လည်း ဤအပွမညာ ၄-ပါးတို့တွင် ရှေးသုံးပါးတို့သည် စျာန်သုံးပါး လေးပါးအပေါင်းကိုသာ ရစေနိုင်ကုန်၏၊ အဘယ့်ကြောင့်နည်း?-သောမနဿနှင့် အမြဲယှဉ်ခြင်းကြောင့် ပေတည်း။ ထိုသုံးပါးတို့၏ သောမနဿနှင့်ယှဉ်ခြင်းသည် အဘယ့်ကြောင့်ပါနည်း?ဟူမူ-ဒေါမနဿကြောင့် ဖြစ်ကုန်သော ဗျာပါဒ ဝိဟိံသာ အရတိတို့၏ ထွက်သွားကြောင်း-ကင်းကြောင်းဖြစ်သောကြောင့် ပေတည်း။ နောက်ဆုံးဖြစ်သော ဥပေက္ခာသည်ကား ကြွင်းကျန်သော စျာန်တပါးကိုသာ ဖြစ်စေနိုင်၏၊ အဘယ့်ကြောင့်နည်း?-ဥပေက္ခာဝေဒနာနှင့် ယှဉ်ခြင်းကြောင့်တည်း။ မှန်ပေ၏-သတ္တဝါတို့၌ အလယ်အလတ်သဘော အခြင်းအရာအားဖြင့် ဖြစ်သော ဗြဟ္မဝိဟာရုပေက္ခာသည် ဥပေက္ခာဝေဒနာနှင့် ကင်း၍ မဖြစ်နိုင်ပေ။ ဤတွင် တရပ်ပြီး၏။

http://www.dhammadownload.com

အယူအဆမမှားရန် ရှင်းပြချက်

၂၇၁။ "မြတ်စွာဘုရားသည် အဂ်ုတ္တရ အင္ဂကနိပါတ်၌—

ရဟန်း သင်သည် ထိုအခါ၌ ဤသမာဓိကို ဝိတက်လည်းရှိ ဝိစာရလည်းရှိအောင် ပွါးလေလော့၊ ဝိတက်မရှိမူ၍ ဝိစာရမျှ ရှိအောင်လည်း ပွါးလေလော့၊ ဝိတက်လည်းမရှိ ဝိစာရလည်း မရှိအောင်လည်း ပွါးလေလော့၊ ပီတိရှိအောင်လည်း ပွါးလေလော့၊ ပီတိကင်းအောင်လည်း ပွါးလေလော့၊ သာယာဖွယ်သုခနှင့်တကွ ဖြစ်အောင်လည်း ပွါးလေလော့၊ ဥပေက္ခာနှင့်တကွဖြစ်အောင်လည်း ပွါးလေလော့' ဟု-

အပွမညာ လေးပါးတို့၌လည်း အထူးမပြုပဲ သာမညအားဖြင့် ဟောတော်မူ(အပ်)ပေသည်၊ [၃၁၆] ထို့ကြောင့် အပွမညာလေးပါးတို့သည် ဈာန်လေးပါး ငါးပါးအပေါင်းကို ဖြစ်စေနိုင်ကြသည်" ဟူ၍ အကြင် တစုံတယောက်က ဆိုငြားအံ့၊ ထိုသူကို ဤသို့ မဆိုပါလင့်ဟု ပြောရာ၏။ မှန်ပေ၏-ဤသို့ သာမညအားဖြင့်ဟောတိုင်း အတူပြု၍ယူလျှင် ကာယာနုပဿနာစသော သတိပဋ္ဌာန်လေးပါးတို့သည်လည်း ဈာန်လေးပါး ငါးပါး အပေါင်းကို ဖြစ်စေနိုင်ကုန်ရာ၏။ သို့သော်လည်း ဝေဒနာနုပဿနာစသည်တို့၌ ပဌမဈာန်သည်သော်လည်း မရှိပေ၊ ဒုတိယဈာန်စသည်တို့ မရှိကြသည်မှာဆိုဖွယ်မရှိတော့ပြီ။ ထို့ကြောင့် သဒ္ဒါရိပ်မျှကို ယူ၍ မြတ်စွာဘုရားကို မစွပ်စွဲပါလင့်။ မြတ်စွာဘုရား၏ စကားတော်သည် နက်နဲလှပါသည်၊ ထိုနက်နဲသော ဘုရားစကားတော်ကို ဆရာများထံ ချဉ်းကပ်မှီဝဲ၍ ဆိုလိုသော အဓိပ္ပါယ်အားဖြင့် ယူအပ်-ယူသင့်ပေသည်။

၂၇၂။ ခဲ့၍ပြဦးအံ့-ယခုပြဆိုမည့်စကားသည် ထိုဘုရားစကားတော်၌ ဆိုလိုသော အဓိပ္ပါယ်ပေတည်း—

http://www.dhammadownload.com

"မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် တပည့်တော်အား အကျဉ်းအားဖြင့် တရားကို ဟောစေချင်ပါသည်၊ ထိုသို့ဟောလျှင် ကောင်းပါလိမ့်မည်၊ မြတ်စွာဘုရား၏ ယင်း အကျဉ်းတရားကို ကြားနာပြီးလျှင် တပည့်တော်သည် တပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် စိတ်ကိုစေလွှတ်ကာ မမေ့မလျော့ အပြင်းအထန် အားထုတ်လျက် နေလိုပါသည်" ဟု....

ရဟန်းတပါးက တရားဟောရန် မြတ်စွာဘုရားကို လျှောက်ထား တောင်းပန်လေသည်။ ထိုရဟန်းသည် ရှေးကလည်း ကျွက်သို့ပင် တောင်းပန်၍ တရားနာပြီးလျှင် ရဟန်းတရားကိုကျင့်ရန် တခြားသို့မသွားပဲ ထိုအရပ်၌ သာလျှင် နေခဲ့ဘူးလေပြီ၊ ထို့ကြောင့် ထိုရဟန်းကို မြတ်စွာဘုရားက-"ကျွန်ုသာသနာ၌အချို့သော(မောဃပုရိသ)အချည်းနှီးယောကျ်ားတို့သည် ကျွန်ုသို့ပင်လျှင် ငါဘုရားကိုသာ တရားဟောဖို့ တောင်းပန်ကြသည်၊ တရားကို ဟောပြီး(နာပြီး)သောအခါ၌လည်း ငါဘုရားနောက်သို့သာ လိုက်နေသင့်သည်ဟု ထင်မှတ်နေကြသည်" ဟု ကြိမ်းမောင်းတော်မူပြီးလျှင် တဖန် ထိုရဟန်းမှာ အရဟတ္တဖိုလ်ရောက်ရန် ဥပနိဿယအကြောင်းနှင့် ပြည့်စုံသည်ကို မြင်တော်မူသဖြင့် ထိုရဟန်းကို ဆုံးမတော်မူလျက်—

ရဟန်း ထို(သို့ သင်ကလျှောက်ထားတောင်းပန်ခြင်း)ကြောင့် ကျွန်ု သင်သည် ယခုည့နှ်ပြမည့်အတိုင်း ကျင့်ရမည်-"ငါ၏ စိတ်သည် (ကမ္မဋ္ဌာန်းအာရုံဟူသော ဂေါစရ)အဇ္ဈတ္တ၌[1] တည်လတ့်

မှတ်ချက်

၁–အဇ္ဈတ္တံ-ဟူသည်ကား ဂေါစရဇ္ဈတ္တ၌"ကမ္မဋ္ဌာန်းအာရုံ၌"ဟုဆိုလို၏။(ဋီကာ)

http://www.dhammadownload.com

ကောင်းစွာတည်လတံ့ (ဝါ-တည်ရမည် ကောင်းစွာတည်ရမည်ာ) ယုတ်မာသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်လာကုန်လျက် (ငါ၏)စိတ်ကို အကုန်ဆောင်ယူ၍ မတည်ကုန်လတံ့ (ဝါ-ဆောင်ယူသွားလျက် မတည်စေကြရာ၏)ာ"ဟု ဤသို့ပင် သင်သည် ကျင့်ရမည်-ဟု ဆုံးမဟောကြားတော်မူလေသည်။

ဤဩဝါဒဖြင့် (ပုဂ္ဂိုလ်အသီးသီး၏ သန္တာန်၌ အတွင်းဝင်သော တရားဟူသော) နိယကဇ္ဈတ္တ[၁]အလိုအားဖြင့် ထိုရဟန်းအား (ဝါ-ထိုရဟန်း၏)

မှတ်ချက်

၁–စိတ်သည် တည်လတံ့-ဟူသည်ကား အပြင်ပအာရုံများသို့ မပျံ့လွင့်ပဲ တခုတည်းသောအာရုံရှိသည်၏အဖြစ်၌ တည်လတံ့၊ ထို့ကြောင့်ပင် ကောင်းစွာတည်ပေသည်။(ဦးကာ) မြန်မာလို အချေအားဖြင့် ပြရလျှင် "တည်ရမည် ကောင်းစွာတည်ရမည်"ဟု အဓိဋ္ဌာန်ပြု၍ ကျင့်ရမည်ဟု ဆိုလို၏။

၂–အကုသိုလ်တရားတို့က စိတ်ကို ဆောင်ယူသွားသည်-ဟူသည်မှာ ကုသိုလ်စိတ်ဖြစ်ခွင့်မရပဲ အကုသိုလ်တရားတို့နှင့် တပေါင်းတည်း အကုသိုလ်စိတ်ချည်း ဖြစ်သွားသည်ကို ဆိုသည်၊ ထို့ကြောင့် (စိတ္တံ ပရိယာဒါယ) စိတ်ကို အကုန်ဆောင်ယူ၍-ဟူရာ၌ ကုသိုလ်စိတ်ကို ကုန်စေ၍-ဟု အဋ္ဌကထာတို့၌ ဖွင့်ပြပေသည်၊ အဓိပ္ပါယ်ထွက်ပေတည်း။

၃–ဤအရာ၌ နိယကဇ္ဈတ္တဝေယ်-နိယကဇ္ဈတ္တ အလိုအားဖြင့်-ဟု ရှိ၏၊ နိယကဇ္ဈတ္တဟူသည်မှာ ပုဂ္ဂိုလ်အသီးအသီး၏ သန္တာန်၌ ရှိသော ရုပ်နာမ်တရားပင်။ ထိုအလိုအားဖြင့် မိမိ၏ ကိုယ်တွင်းတရားကို ရှုလျက် တည်သော သမာဓိကို ယူရပေလိမ့်မည်။ သို့သော် ဤအရာ၌ အတွင်းတရားဖြစ်စေ၊ အပြင်တရားဖြစ်စေ ကမ္မဋ္ဌာန်းအာရုံဟူသမျှကို ယူသင့်၏၊ ထို့ကြောင့် ဋီကာ၌ အဇ္ဈတ္တံ-ပုဒ်ကို ဂေါစရဇ္ဈတ္တ မည်သော ကမ္မဋ္ဌာန်းအာရုံ၌-ဟု ဖွင့်ခဲ့ပြီးလျှင် ဤအရာ၌ အဋ္ဌကထာတွင်ရှိသော ပါဠိကို "စိတ္တေကဂ္ဂတာသည် မိမိသန္တာန်၌ အတွင်းဝင်သောကြောင့် နိယကဇ္ဈတ္တဝေယ်-ဟု ဆိုကြောင်း"

http://www.dhammadownload.com

စိတ်၏ တခုတည်းသော အာရုံရှိခြင်း(စိတ္တေကဂ္ဂတာ)မျှဖြစ်သော မူလသမာဓိကို[၁] ဟောပြတော်မူပေသည်။ ထို့နောင် ဤမျှဖြင့်ပင် အားရ

မှတ်ချက်

ရှင်းပြ၏။ သို့သော် နိယကဗျတ္တမဟုတ်သော စိတ္တေကဂ္ဂတာဟူ၍ မရှိသောကြောင့် ထိုရှင်းချက်ကိုလည်း သဘောကျရန် ခဲယဉ်း၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌လည်း ဤအရာတွင် ဂေါစရဗျတ္တဝေနဟူ၍ပင် မူလကရှိခဲ့သည်ဖြစ်ရာ၏။

၁–စိတ္တေကဂ္ဂတာမတ္တော-စိတ်၏ တခုတည်းသော အာရုံရှိခြင်းမျှ ဖြစ်သော (သမာဓိ)-ဟူသည်ကား ဘာဝနာကို အားထုတ်သောသူသည် ရုပြီးကာမျှဖြစ်၍ အလွန်ကောင်းစွာ မပွါးစေရသေးသော (သမာဓာန) တည်ကြည်ခြင်း-သမာဓိပေတည်း။ ၎င်းကို နောက်၌ ပြဆိုမည့် သမာဓိအထူးတို့၏ မူလအကြောင်းဖြစ်သောကြောင့် မူလသမာဓိဟု ဆိုပေသည်။ စိတ္တေကဂ္ဂတာမျှ ဖြစ်သော ဤသမာဓိကို ခဏိကသမာဓိဟု အလိုရှိအပ်၏၊ (အဘယ်၌ကဲ့သို့နည်း?ဟူမူ) (“ကမ္မဋ္ဌာန်းအာရုံဟူသော) အဇ္ဈတ္တ၌သာလျှင် (ငါသည်) စိတ်ကို ကောင်းစွာတည်စေ၏၊ ကောင်းစွာနေစေ၏၊ တမျိုးတည်းသော တည်ကြည်ပုံ အပိုင်းအခြား ရှိသည်ကို (ဝါ-အပိုင်းအခြားရှိအောင်) ပြု၏ ကောင်းစွာထား၏” ဤသို့ အစရှိသော ဒေသနာတို့၌ကဲ့သို့ပေတည်း။ ဥပမာဖြင့် ထင်စွာပြအံ့–“ရဟန်းတို့ ငါ၏ဝိရိယသည် အားထုတ်ပြီး ဖြစ်ခဲ့ပြီ မတွန့်မဆုတ်ခဲ့ပြီ ။ပ။ စိတ်ကို ကောင်းစွာထားအပ်ခဲ့ပြီ တခုတည်းသော အာရုံရှိခဲ့ပြီ”ဟု မိန့်ဆိုတော်မူပြီးနောက် “ကာမတို့မှ ကင်းဆိတ်၍သာလျှင် ။ပ။ ပဌမဈာန်သို့ ရောက်၍နေခဲ့ပြီ” ဤသို့ အစရှိသောစကားကို ဟောတော်မူသောကြောင့် တပါးသော ဒေသနာတို့၌လည်း ရှေးဦးစွာ ဟောထားသော စိတ္တေကဂ္ဂတာကို ခဏိကသမာဓိဟု သိအပ်သကဲ့သို့ ထို့အတူပင် ဤဩဝါဒ ဒေသနာ၌လည်း (“ငါ၏ စိတ်သည် တည်လတ့ံ” စသည်ဖြင့် ဟောထားသော စိတ္တေကဂ္ဂတာမျှ သမာဓိကို ခဏိကသမာဓိဟု သိအပ်ပေသည်)။ (ဋီကာ)

http://www.dhammadownload.com

ကျေနပ်ခြင်းသို့ မရောက်သေးပဲ ထိုမူလသမာဓိကိုပင် ယခုပြဆိုမည့်အတိုင်း ပွါးစေရမည်"ဟု ပြဆိုတော်မူခြင်းငှါ-

"ရဟန်း၊ အကြင်အခါ၌ သင်၏စိတ်သည် (ကမ္မဋ္ဌာန်းအာရုံဟူသော ဂေါစရ)အဇ္ဈတ္တ၌ တည်၏၊ ကောင်းစွာတည်၏၊ ယုတ်မာသော အကုသိုလ် တရားတို့သည်လည်း ဖြစ်ပေါ်ကုန်လျက် (သင်၏) စိတ်ကို အကုန်ဆောင်ယူ၍ မတည်ကုန်၊ ရဟန်း၊ ထိုအခါ၌ သင်သည် ဤသို့ ကျင့်ရမည်-ငါသည် မေတ္တာစေတောဝိမုတ္တိ(စိတ်၏ လွတ်ကြောင်းဖြစ်သော မေတ္တာ)ကို ပွါးစေအပ်ပြီးသည် အကြိမ်များစွာ ပြုအပ်ပြီးသည် က ထားသောယာဉ်ကဲ့သို့ ပြုအပ်ပြီးသည် တည်ရာကဲ့သို့ ပြုအပ်ပြီးသည် မြဲမြံစွာတည်စေအပ်ပြီးသည် နှိုင်နင်းအောင် လေ့ကျင့်အပ်ပြီးသည် ကောင်းစွာ အားထုတ်အပ်ပြီးသည် ဖြစ်ပေလတံ့ (ဖြစ်စေရမည်)ဟု ဤသို့ပင် သင်သည် ကျင့်ရမည်"ဟု ထိုရဟန်းအား မေတ္တာ၏အစွမ်းအားဖြင့် ဘာဝနာကို (ဝါ-မေတ္တာပွါးပုံကို) ဤသို့ ဟောကြားတော်မူလေသည်။ ထိုသို့ ဟောကြားပြီးလျှင်—

> "ရဟန်း၊ အကြင်အခါ၌ သင်သည် ဤသမာဓိကို ဤဆိုခဲ့သည့်အတိုင်း ပွါးစေအပ်ပြီး အကြိမ်များစွာ ပြုအပ်ပြီးဖြစ်၏၊ ထိုအခါ၌ သင်သည်(ပွါးစေအပ်ပြီးသော) ဤမူလသမာဓိကို ဝိတက်လည်းရှိ ဝိစာရလည်းရှိအောင် ပွါးလေလော့ ။ပ။ ဥပေက္ခာနှင့်တကွ ဖြစ်အောင်လည်း ပွါးလေလော့"ဟု ဟောတော်မူပေသည်။

ထိုဟောတော်မူသော ဒေသနာ၏ ဆိုလိုသောအနက်ကား—ရဟန်း၊ အကြင်အခါ၌ သင်သည် ဤမူလသမာဓိကို ယခုပြဆိုခဲ့သည့်အတိုင်း မေတ္တာ၏အစွမ်းအားဖြင့် ပွါးစေအပ်ပြီး ဖြစ်၏၊ ထိုအခါ၌ သင်သည် ထိုမျှလောက်ဖြင့်လည်း အားရကျေနပ်ခြင်းသို့ မရောက်သေးပဲသာလျှင်

[၃၁၇] ဤမူလသမာဓိကို (ပထဝီကသိုဏ်းစသော) တပါးသောအာရုံ တို့၌လည်း စျာန်လေးပါး စျာန်ငါးပါးအပေါင်းသို့ ရောက်စေလျက် ဝိတက်

http://www.dhammadownload.com

လည်းရှိ ဝိစာရလည်းရှိ(သော စျာန်ဖြစ်)အောင် ဤသို့ အစရှိသော နည်းဖြင့် ပွါးလေလော့-ဟု ဆိုလိုပေသည်။

ဆက်ဦးအံ့ - ဤသို့ ဟောတော်မူပြီးလျှင် တဖန် "ကရုဏာ အစရှိသော ကြင်းသော ဗြဟ္မဝိဟာရသုံးပါးကို ရွှေသွားပြု၍လည်း (ပထဝီကသိုဏ်း အစရှိသော)တပါးသော အာရုံတို့၌ စျာန်လေးပါး စျာန်ငါးပါးအပေါင်း၏ အစွမ်းအားဖြင့် ဘာဝနာကို ပြုလေလော့" ဟု ထိုရဟန်းအား ပြတော်မူလို သည်ဖြစ်၍....

> "ရဟန်း၊ အကြင်အခါ၌ သင်သည် ဤသမာဓိကို ဤဆိုခဲ့သည့် အတိုင်း ပွါးစေအပ်ပြီး အကြိမ်များစွာပြုအပ်ပြီး ဖြစ်၏၊ ထိုအခါ၌ သင်သည် ဤသို့ ကျင့်ရမည် ငါသည် ကရုဏာစေတောဝိမုတ္တိကို ပွါးစေအပ်ပြီးသည် (ဖြစ်ပေလတံ့)" ဤသို့ အစရှိသည်ကို ဟော ကြားတော်မူလေသည်။

ဤသို့ မေတ္တာစသည် ရွှေသွားရှိသော စျာန်လေးပါး စျာန်ငါးပါး အပေါင်း၏အစွမ်းအားဖြင့် ဘာဝနာကို ပြတော်မူပြီးလျှင် တဖန် ကာယာ-နုပဿနာစသည် ရွှေသွားရှိသော ဘာဝနာကို ပြတော်မူခြင်းငှါ....

> "ရဟန်း၊ အကြင်အခါ၌ သင့်မှာ ဤသမာဓိကို ဤဆိုခဲ့သည့် အတိုင်း ပွါးစေအပ်ပြီး အကြိမ်များစွာ ပြုအပ်ပြီး ဖြစ်၏၊ ထိုအခါ၌ သင်သည် ဤသို့ ကျင့်ရမည် ကာယ၌ ကာယကို ရှုသည်ဖြစ်၍ နေအံ့" ဤသို့ အစရှိသည်ကို ဟောတော်မူပြီးလျှင်....
>
> "ရဟန်း၊ အကြင်အခါ၌ သင့်မှာ ဤသမာဓိကို ဤသို့ ပွါးစေ အပ်ပြီး ကောင်းစွာ ပွါးစေအပ်ပြီး ဖြစ်လတ်၊ ရဟန်း၊ ထိုအခါ၌ သင်သည် သွားရာ သွားရာအရပ်တိုင်း၌ပင် ချမ်းသာစွာသာလျှင် သွားရပေလတံ့၊ ရပ်ရာ ရပ်ရာအရပ်တိုင်း၌ပင် ချမ်းသာစွာသာလျှင်

http://www.dhammadownload.com

ရပ်ရလတံ့၊ ထိုင်ရာ ထိုင်ရာအရပ်တိုင်း၌ပင် ချမ်းသာစွာသာလျှင် ထိုင်နေရပေလတံ့၊ လျောင်းရာ လျောင်းရာ အရပ်တိုင်း၌ပင် ချမ်းသာစွာသာလျှင် လျောင်းနေရပေလတံ့''ဟု

အရဟတ္တဖိုလ်ကို အထုတ်တပ်သဖြင့် ဒေသနာတော်ကို ပြီးဆုံးစေတော်မူ၏။ ထို့ကြောင့် မေတ္တာ အစရှိသော ရှေးဗြဟ္မဝိဟာရသုံးပါးတို့သည် စျာန်သုံးပါး စျာန်လေးပါးအပေါင်းကိုသာ ဖြစ်စေနိုင်ကုန်၏၊ ဥပေက္ခာသည်ကား ကြွင်းသော စျာန်တပါးကိုသာ ဖြစ်စေနိုင်၏-ဟု သိအပ်ပေသည်။ မှန်ပေ၏—အဘိဓမ္မာပိဋကတ်၌ ထိုအတိုင်းပင် ဝေဘန်ထားပေသည်။

သုဘပရမစသည်

၂၇၃။ ဤဆိုခဲ့သည့်အတိုင်း စျာန်သုံးပါး လေးပါးကို ဖြစ်စေနိုင်သည်၏အစွမ်းအားဖြင့်ငင်း၊ ကြွင်းသော စျာန်တပါးကို ဖြစ်စေနိုင်သည်၏အစွမ်းအားဖြင့်ငင်း နှစ်ပါးအပြားအားဖြင့် တည်ကုန်သော ဤဗြဟ္မဝိဟာရလေးပါးတို့၏[၁] (သုဘပရမ) သုဘဝိမောက္ခလျှင် အလွန်အမြတ်ရှိသော (မေတ္တာစေတော) ဝိမုတ္တိ စသည်တို့၏အစွမ်းအားဖြင့် အချင်းချင်း မတူပဲ ကွဲပြားသော အာနုဘော်အထူးကို သိအပ်၏။ မှန်ပေ၏-ဟလိဒ္ဒဝသနသုတ်၌ ဤမေတ္တာစေတောဝိမုတ္တိ စသည်တို့ကို သုဘပရမ စသည်၏အဖြစ်ဖြင့် အထူးပြု၍ ဟောတော်မူပေသည်။ ဟောတော်မူပုံမှာ ···

''ရဟန်းတို့ မေတ္တာစေတောဝိမုတ္တိကို (သုဘပရမ) သုဘဝိမောက္ခလျှင် အလွန်အမြတ်ရှိသည်ဟု ငါဟောပေ၏၊ ရဟန်းတို့ ကရုဏာစေတောဝိမုတ္တိကို အာကာသာနဉ္စာယတနသမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ငါဟောပေ၏၊ ရဟန်းတို့ မုဒိတာစေတော

မှတ်ချက်

၁–ဤဗြဟ္မဝိဟာရလေးပါးတို့၏....အာနုဘော်အထူးကို-ဟု စပ်ပါ။

http://www.dhammadownload.com

ဝိမုတ္တိကို ဝိညာဏဉ္စာယတနသမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ငါဟောပေ၏၊ ရဟန်းတို့ ဥပေက္ခာစေတောဝိမုတ္တိကို အာကိဉ္စညာယတနသမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ငါဟောပေ၏"ဟူ၍ပင်တည်း။

[၃၁၈] မေးခွန်းသွင်း၍ ရှင်းပြဦးအံ့ - ဤစေတောဝိမုတ္တိတို့ကို အဘယ့်ကြောင့် ဤသို့ ဟော(အပ်ကုန်)သနည်း?ဟူမူ၊ (သုဘဝိမောက္ခစသော) ထိုထိုဝိမောက္ခ၏ မှီရာအကြောင်း ဥပနိဿယ ဖြစ်ခြင်းကြောင့်ပေတည်း။ ခဲ့၍ပြအံ့ - မေတ္တာဖြင့် နေလေ့ရှိသောပုဂ္ဂိုလ်အား သတ္တဝါတို့သည် စက်ဆုပ်ဖွယ်မဟုတ်မူ၍ ချစ်ဖွယ်တို့ ဖြစ်ကြ၏၊ ထိုသို့ ထင်သောအခါ စက်ဆုပ်ဖွယ်မဟုတ်သော အခြင်းအရာဖြင့် အလေ့အကျင့်ရခြင်းကြောင့် စက်ဆုပ်ဖွယ်မဟုတ်ကုန်သော အညို အရွှေ အနီ အဖြူ ဟူသော စင်ကြယ်သော အဆင်းတို့၌ စိတ်ကို ဆောင်ပို့လျှင် ထိုပုဂ္ဂိုလ်၏ စိတ်သည် ယင်းစင်ကြယ်သောအဆင်း ကသိုဏ်းတို့၌ မဆင်းရဲ မခက်ခဲပဲ ချမ်းသာ လွယ်ကူစွာ သာလျှင် ပြေးဝင်၏။ ဤသို့ဖြစ်သောကြောင့် မေတ္တာသည် (စင်ကြယ်သော အဆင်းကသိုဏ်းစျာန်ဟူသော) သုဘဝိမောက္ခ၏ မှီရာအကြောင်း ဥပနိဿယ ဖြစ်ပေ၏၊ ထိုထက်အလွန် (အခြား ဝိမောက္ခ၏အကြောင်း ဥပနိဿယကား)မဖြစ်ပေ။ ထို့ကြောင့် သုဘဝိမောက္ခလျှင် အလွန်အမြတ်ရှိသည်ဟု ဟောတော်မူပေသည်။

ထိုမှတပါး ကရုဏာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်အား ဒုတ်ဖြင့် ရိုက်နှက်ခံရသောရုပ် အစရှိသော ရုပ်လျှင် အကြောင်းရှိသော သတ္တဝါတို့မှာ ဖြစ်နိုင်သောဆင်းရဲကို[၁] ရှုဆင်ခြင်လျက် သနားခြင်း ကရုဏာဖြစ်သင့်ခြင်းကြောင့် ရုပ်၌ အပြစ်သည် အလွန်ထင်ရှားပေ၏၊ ထိုသို့

မှတ်ချက်

၁–ဒီကာနှင့်အညီ သတ္တဒုက္ခံ-ဟူသောပါဠိသာ သင့်သည်။

http://www.dhammadownload.com

အလွန်ထင်ရှားသောအခါ ရုပ်၌ အပြစ်ကို ထင်ရှားသိပြီးဖြစ်သောကြောင့် ပထဝီကသိုဏ်းအစရှိသော ရုပ်ကသိုဏ်းတို့တွင် တပါးပါးကို ခွါ၍ ရုပ်၏ ထွက်ပြေး ကင်းကွာကြောင်းဖြစ်သော ကောင်းကင်ပညတ်၌ စိတ်ကို ဆောင်ပို့လျှင် ထိုပုဂ္ဂိုလ်၏ စိတ်သည် ယင်းကောင်းကင်ပညတ်၌ မဆင်းရဲ မခက်ခဲပဲ ချမ်းသာ လွယ်ကူစွာသာလျှင် ပြေးဝင်၏။ ဤသို့ဖြစ်သောကြောင့် ကရဏာသည် အာကာသာနဉ္စာယတနသမာပတ်၏မှီရာအကြောင်း ဥပနိဿယ ဖြစ်ပေ၏၊ ထို့ထက်အလွန် (အခြား ဝိမောက္ခ၏ အကြောင်း ဥပနိဿယကား) မဖြစ်ပေ။ ထို့ကြောင့် အာကာသာနဉ္စာယတနသမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ဟောတော်မူပေသည်။

ထိုမှတပါး မုဒိတာဖြင့် နေလေ့ရှိသောပုဂ္ဂိုလ်အား ထိုထိုဝမ်းမြောက်ခြင်း၏ အကြောင်းကြောင့် ဖြစ်သော ဝမ်းမြောက်မှုရှိကြသော သတ္တဝါတို့၏ စိတ်ဝိညာဏ်ကို ရှုဆင်ခြင်လျက် ဝမ်းမြောက်မှု မုဒိတာ ဖြစ်သင့်ခြင်းကြောင့် ဝိညာဏ်ကို ယူခြင်း၌ အလေ့အကျင့်ရသော စိတ်သည် ဖြစ်၏၊ ထိုသို့ဖြစ်သောအခါ ဘာဝနာအစဉ်ဖြင့် ရပြီးသော အာကာသာနဉ္စာယတနစျာန်ကို ကျော်လွန်၍ ကောင်းကင်ပညတ်လျှင် အာရုံရှိသော (အာကာသာနဉ္စာယတန) ဝိညာဏ်၌ စိတ်ကို ဆောင်ပို့လျှင် ထိုပုဂ္ဂိုလ်၏ စိတ်သည် ယင်းဝိညာဏ်၌ မဆင်းရဲ မခက်ခဲပဲ ချမ်းသာ လွယ်ကူစွာ ပြေးဝင်၏။ ဤသို့ဖြစ်သောကြောင့် မုဒိတာသည် ဝိညာဏဉ္စာယတနသမာပတ်၏ မှီရာအကြောင်း ဥပနိဿယ ဖြစ်ပေ၏၊ ထို့ထက် အလွန် (အခြား ဝိမောက္ခ၏ အကြောင်း ဥပနိဿယကား)မဖြစ်ပေ။ ထို့ကြောင့် ဝိညာဏဉ္စာယတနသမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ဟောတော်မူပေသည်။

ထိုမှတပါး ဥပေက္ခာဖြင့် နေလေ့ရှိသောပုဂ္ဂိုလ်အား သတ္တဝါတို့သည် ချမ်းသာကြပါစေ ဟူ၍သော်၎င်း၊ ဆင်းရဲမှ လွတ်ကြပါစေ ဟူ၍သော်၎င်း၊

http://www.dhammadownload.com

ရပြီးသော ချမ်းသာမှ မကင်းကွာကြပါစေလင့်[၁] ဟူ၍သော်ငင်း နှလုံးသွင်း ဆင်ခြင်မှု၏ မရှိခြင်းကြောင့် သုခ ဒုက္ခ စသော ပရမတ်သဘောကို ယူခြင်းမှ မျက်နှာလွဲသည်၏အဖြစ်ကြောင့် (ဝါ မျက်နှာလွဲသောအားဖြင့်) ထင်ရှားမရှိသောပညတ်ကို ယူခြင်း၌ ကျွမ်းကျင်သော[၂] စိတ်သည် ဖြစ်၏၊ ထိုသို့ဖြစ်သောအခါ၌ ပရမတ်သဘောကို ယူခြင်းမှ မျက်နှာလွဲသော အားဖြင့် အလေ့အကျင့်ရသည့် စိတ်ရှိသော ပရမတ်အားဖြင့် ထင်ရှားမရှိ သော ပညတ်ကို ယူခြင်း၌ ကျွမ်းကျင်သည့်စိတ်လည်း ရှိသော[၃] (ထိုပုဂ္ဂိုလ် မှာ) ဘာဝနာအစဉ်ဖြင့် ရပြီးသော ဝိညာဏဉ္စာယတနစျာန်ကို ကျော် လွန်၍ ပရမတ်သဘောဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိ ခြင်း ကင်းခြင်း ဟူသော[၄] သဘောအားဖြင့် ထင်ရှားမရှိသော အဘာဝ ပညတ်၌ စိတ်ကို ဆောင်ပို့လျှင် ထိုပုဂ္ဂိုလ်၏ စိတ်သည် ယင်းအဘာဝ ပညတ်၌ မဆင်းရဲ မခက်ခဲပဲ ချမ်းသာ လွယ်ကူစွာ ပြေးဝင်၏။ ဤသို့

မှတ်ချက်

၁–မြန်မာမူဝိသုဒ္ဓိမဂ်၌ သမ္မတ္တသုခတော ဝါ မာ ဝိမုစ္စန္တု-ဟု ရှိ၏၊ ရပြီးသော ချမ်းသာမှ မလွတ်ပါစေကုန်လင့်-ဟု ပြန်ရာ၏။ ယိုးဒယားမူ၌ကား မာ ဝိမုစ္စန္တု-အရာ၌ မာ ဝိယုဇ္ဈိ်သု-ရှိ၏၊ ထိုပါဠိအရ ပြန်ထားသော အနက် ဖြစ်သည်။ ဤပါဠိအနက်ကို ထောက်ဆသောအားဖြင့်လည်း ယထာလဒ္ဓ သမ္မတ္တိတော မာ ဝိဂစ္ဆန္တု-ဟူသော မုဒိတာပွါးပုံပါဠိ သင့်ကြောင်း သိအပ်၏။

၂–ဤအနက်သည် အဝိဇ္ဇမာနဂုဟာဏော ဒက္ခံ-ဟူသော သီဟိုဠ်မူအရ ပြန်ထား ချက် ဖြစ်သည်။

၃–ဤ၌လည်း အဝိဇ္ဇမာနဂုဟာဏဒက္ခစိတ္တဿ-ဟူသော သီဟိုဠ်မူအရ ပြန် ချက်ပင် ဖြစ်သည်။

၄–ကင်းခြင်းဟူသော....အဘာဝပညတ်၌-ဟု စပ်ပါ။

http://www.dhammadownload.com

ဖြစ်သောကြောင့် ဥပေက္ခာသည် အာကိဉ္စညာယတနသမာပတ်၏ မှီရာအကြောင်း ဥပနိဿယ ဖြစ်ပေ၏၊ ထို့ထက်အလွန် (အခြား ဝိမောက္ခ၏ အကြောင်း ဥပနိဿယကား) မဖြစ်ပေ။ ထို့ကြောင့် အာကိဉ္စညာယတန သမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ဟောတော်မူပေသည်။

ပါရမီစသည် ပြည့်ကြောင်းလည်း ဖြစ်သည်

၂၇၄။ ဤဆိုခဲ့သည့်အတိုင်း သုဘပရမ စသည်တို့၏ အစွမ်းအားဖြင့် ဤအပွမညာတို့၏ အာနုဘော်ကို သိပြီးလျှင် ဤအပွမညာအားလုံးတို့ပင် ဒါနအစရှိသော အလုံးစုံသော တရားကောင်း တရားမြတ်တို့ကို ပြည့်စေတတ်ကြသည်ဟူ၍(လည်း) တဖန် သိအပ်၏။ [၃၁၉] ခွဲ၍ပြအံ့ - သတ္တဝါတို့၌ အစီးအပွါးကို လိုလားခြင်းဖြင့်၎င်း၊ သတ္တဝါတို့၏ ဆင်းရဲကို သည်းမခံနိုင်ခြင်းဖြင့်၎င်း၊ ရပြီးသော စည်းစိမ်အထူးတို့ကို ရှည်စွာတည်စေလိုခြင်းဖြင့်၎င်း၊ သတ္တဝါအားလုံးတို့၌ တဖက်သတ်မကျခြင်း, ဘက်မလိုက်ခြင်းဖြင့်၎င်း အညီအမျှဖြစ်သည့် စိတ်ရှိကုန်သော ဘုရားအလောင်းတော်တို့သည် "ဤသူအား ပေးကမ်းသင့်၏၊ ဤသူအား မပေးကမ်းသင့်"ဟု ခွဲခြားခြင်းကို မပြုမူ၍ ချမ်းသာ၏အကြောင်းရင်းဖြစ်သော အလှူဝတ္ထုဒါနကို (ရောက်လာသော အလှူခံ)သတ္တဝါအားလုံးတို့အား ပေးလှူကုန်၏။ (မခွဲခြားပဲ) ထိုသတ္တဝါအားလုံးတို့အား ညှဉ်းဆဲနှိပ်စက်ခြင်းကို ကြဉ်ရှောင်ကုန်လျက် (ချမ်းသာခြင်း၏အကြောင်းဖြစ်သော)သီလကို ခံယူဆောက်တည်ကုန်၏။ သီလပါရမီကို ဖြည့်ကျင့်ခြင်းငှါ တောထွက်ခြင်း ရှင်ရဟန်းပြုခြင်းသို့ ချဉ်းကပ်ကုန်၏။ သတ္တဝါတို့၏ အစီးအပွါးနှင့် စီးပွါးမဲ့အမှုတို့၌ မတွေဝေခြင်းအကျိုးငှါ ပညာကို ဖြူစင်စေကုန်၏။ သတ္တဝါတို့၏ စီးပွါးချမ်းသာအကျိုးငှါ လုံ့လဝီရိယကို အမြဲမပြတ် အားထုတ်ကုန်၏။ မြတ်သော ဝီရိယ၏အစွမ်းဖြင့် (အားထုတ်ပြုလုပ်ရန်) ရဲရင့်ခြင်းသို့ ရောက်ကုန်သော်လည်း သတ္တဝါတို့၏ အမျိုးမျိုးသော ကျူးလွန်ပြစ်မှားသည့် အပြစ်ကို

http://www.dhammadownload.com

(မတ္ထုပြန်ပဲ) သည်းခံကုန်၏။ "ဤ အရာကို သင်တို့အား ပေးမည် ပြုလုပ် ဆောင်ရွက်မည်"ဟု ပြုပြီးသော ဝန်ခံချက်ကို မချုတ်ယွင်းစေကုန်။ ထို သတ္တဝါအားလုံးတို့၏ စီးပွါးချမ်းသာအလိုငှါ မတုန် မလှုပ် ခိုင်မြဲသော ဆောက်တည်မှု (အဓိဋ္ဌာန်) ရှိကုန်၏။ ထိုသတ္တဝါတို့၌ (ဆန့်ကျင်ဘက် ကြောင့်) တုန်လှုပ်ခြင်းမရှိသော မေတ္တာဖြင့် လက်ဦးစကာ ကျေးဇူး ပြုလေ့ရှိကုန်၏။ ဥပေက္ခာဖြင့် ကျေးဇူးတုံ့ကို မတောင့်တ မမြော်လင့်ကုန်။ (သတ္တဝါတို့၏ အစီးအပွါးကို အလိုရှိခြင်း အစရှိသော) ဤပုံဤနည်းဖြင့် ပါရမီတော်တို့ကို ပြည့်စေပြီး၍ ဒသဗလဉာဏ်တော် ဆယ်ပါး, စတု-ဝေသာရဇ္ဇဉာဏ်တော်လေးပါး, အသာဓာရဏဉာဏ်တော် ခြောက်ပါး, ဗုဒ္ဓဓမ္မခေါ် ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတရား တဆွဲရှစ်ပါးတိုင်အောင် အပြားရှိကုန်သော အလုံးစုံသော တရားကောင်းတရားမြတ်တို့ကို လုံးဝ ဥဿုံ ပြည့်စုံစေတတ်ကုန်၏။ ထို့ကြောင့် ဤအပွဲမညာတို့သည် ဤဆိုခဲ့သည့် အတိုင်း ဒါနပါရမီအစရှိသော အလုံးစုံသောတရားကောင်း တရားမြတ်ကို လုံးဝပြည့်စေတတ်ကုန်သည်သာလျှင်တည်း။ ဤတွင် တရပ်ပြီး၏။

ဤသည်ကား သူတော်ကောင်းအပေါင်းတို့၏နှစ်သိမ့်ဝမ်းမြောက်ခြင်းငှါ
စီရင်အပ်သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ် သမာဓိဘာဝနာအရာ၌
ဗြဟ္မဝိဟာရကို အကျယ်ပြချက် (ဗြဟ္မဝိဟာရနိဒ္ဒေသ)
မည်သော ကိုးခုမြောက်ဖြစ်သော
အပိုင်းအခန်းပေတည်း။
ဗြဟ္မဝိဟာရကို အကျယ်ပြချက် ပြီး၏။

http://www.dhammadownload.com

၁၀-အာရုပ္ပနိဒ္ဒေသ၊ အာရုပ္ပလေးပါးကို အကျယ်ပြဆိုချက်

၁-ပဌမ အရူပအာကာသာနဉ္စာယတန ကမ္မဋ္ဌာန်းအဖွင့်

[၃၂၀] ၂၇၅။ ဗြဟ္မဝိဟာရ၏ အခြားမဲ့၌ အကျဉ်းပြခဲ့ပြီးသော အရူပကမ္မဋ္ဌာန်း၄-ပါးတို့တွင် ရှေးဦးစွာ (ပြထားသော)အာကာသာနဉ္စာယတနကမ္မဋ္ဌာန်းကို (၀၊-စျာန်ကို) ပွါးစေခြင်းငှါ အလိုရှိသော ပုဂ္ဂိုလ်သည် "ရုပ်ဟူသော တည်ရာအကြောင်းကြောင့် (သူတပါးကိုနှိပ်စက်ရန်) ဒုတ်ကိုစွဲကိုင်ခြင်း (ခား လှံစသော)လက်နက်ကို စွဲကိုင်ခြင်း ရန်ဖြစ်ခြင်း အယူအဆ အထင်အမြင် ကွဲပြားခြင်း ငြင်းခုံခြင်းများ ဖြစ်ကြရသည်၊ ဤအလုံးစုံသည် ရုပ်မရှိသည့် အရူပဘုံ၌ လုံးဝပင် မရှိကြပေဟု ဆင်ခြင်ပြီးလျှင် ထိုယောဂီသည် အပြစ်မြင်ပြီးသော ရုပ်တို့ကိုသာလျှင် ငြီးငွေ့ခြင်း စက်ဆုပ်ခြင်း ချုပ်စေခြင်းအကျိုးငှါ ကျင့်၏"ဟူ၍ ဟောတော်မူသော ကြောင့် ဤဒုတ်ကိုစွဲကိုင်ခြင်းစသည်တို့၏အစွမ်းအားဖြင့်ဝင်း၊ မျက်စိရောဂါ နားရောဂါစသော အထောင်မက များစွာသောအနာတို့၏ အစွမ်းအားဖြင့်ဝင်း ကြမ်းတမ်းသော ကိုယ်ကောင်ရုပ်၌ အပြစ်ကို ရှုမြင်ပြီးလျှင် ထိုရုပ်ကို လွန်မြောက်ရန်အတွက် အာကာသကသိုဏ်းမှ တပါးသော ပထဝီကသိုဏ်း စသော ၉-ပါးသောကသိုဏ်းတို့တွင် တပါးပါးသော ကသိုဏ်း၌ စတုတ္ထစျာန်ကို ဖြစ်စေ၏။

မှတ်ချက်

၁–အလိုရှိသော ပုဂ္ဂိုလ်သည်....အပြစ်ကိုရှုမြင်ပြီးလျှင်....တပါးပါးသော ကသိုဏ်း၌ စတုတ္ထစျာန်ကို ဖြစ်စေ၏-ဟု စပ်ပါ။

၂–ကရဇရူပေ–ဟူသော ပုဒ်ကို သဒ္ဒါနက် အတိအကျ ပြန်လျှင် သုက်သွေးကြောင့်ဖြစ်သော ရုပ်၌-ဟု ဖြစ်၏။ သို့သော် "ဆိုခဲ့သမျှသော အပြစ်တို့၏ တည်ရာအဖြစ်အားလျော်သော ရုပ်ကို ပြခြင်းငှါ ကရဇရူပေ-ဟု ဆိုသည်၊ ကြမ်းတမ်းသောရုပ်၌- ဤကား ဆိုလိုသောအနက် ဖြစ်သည်"ဟု ဋီကာ၌

http://www.dhammadownload.com

ထိုယောဂီသည် ကြမ်းတမ်းသော ကိုယ်ကောင်ရုပ်ကို ရူပါဝစရစုတ္ထစျာန်၏အစွမ်းဖြင့် လွန်မြောက်ပြီးသား ဖြစ်ပေသည်[၁]၊ သို့သော် ကသိုဏ်းရုပ်သည်လည်း ထိုကိုယ်ကောင်ရုပ်နှင့် အလားတူပင် ဖြစ်သောကြောင့် ထိုကသိုဏ်းရုပ်ကိုလည်း လွန်မြောက်ရန် အလိုရှိပေသည်။ အဘယ်သို့နည်း? ဟူမူ-မြွေကို ကြောက်တတ်သော ယောကျ်ားသည် တောထဲ၌ မြွေက လိုက်လာသည်ဖြစ်၍ လျင်သောအဟုန်ဖြင့် ပြေးခဲ့ပြီးလျှင် ပြေးပြီးလွှတ် မြောက်ပြီးသောအရပ်၌ အမည်းအဝါစသည်၊ အရေးအကြောင်းဖြင့် ဆန်းကြယ်သော ထန်းရွက်ကို ဖြစ်စေ၊ နွယ်ကို ဖြစ်စေ၊ ကြိုးကို ဖြစ်စေ၊ ကွဲအက်နေသော မြေကြီး၏ အကွဲကြောင်းကို ဖြစ်စေ မြင်လျှင် ကြောက်လန့်သည်သာ ဖြစ်သကဲ့သို့၊ ထိုအရာကို မမြင်လိုသည်သာ ဖြစ်သကဲ့သို့ပေတည်း။ တနည်းအားဖြင့်မူ အကျွေးမဲ့ကို ပြုလေ့ရှိသော ရန်သူနှင့်အတူ တရွာတည်း၌ နေသော ယောကျ်ားသည် ထိုရန်သူက ညှဉ်းဆဲခြင်း နှောင်ဖွဲ့ခြင်း အိမ်ကို

မှတ်ချက်

ဖွင့်ပြထားသောကြောင့် ထိုနှင့်အညီ အထက်ပါအတိုင်း သိလွယ်သော အနက်ကို ပြန်ထားသည်။

၁–ကြမ်းတမ်းသော ကိုယ်ကောင်ရုပ်ကို လွန်မြောက်ပြီး ဖြစ်ပေသည်၊ အဘယ့်ကြောင့်နည်း၊ ထိုရုပ်ကို အာရုံ မပြုခြင်းကြောင့် ပေတည်း။ သို့ဖြစ်လျှင် စတုတ္ထစျာန်၏အစွမ်းဖြင့်-ဟု အဘယ့်ကြောင့် ဆိုသနည်း၊ ပဌမစျာန် စသည်တို့သည်လည်း ပဋိဘာဂနိမိတ်ကို အာရုံပြုကြသောကြောင့် ထိုကြမ်းတမ်းသည့် ကိုယ်ကောင်ရုပ်ကို အာရုံမပြုသည်၏ အစွမ်းအားဖြင့်ပင် ဖြစ်ကြသည် မဟုတ်ပါလော။ အာရုံမပြုကြ ဟူသော ဤစကားသည် မှန်ပေ၏၊ သို့သော်လည်း ရုန့်ရင်းသော အင်္ဂါကို ပယ်ခြင်းကြောင့် ငြိမ်သက်သော သဘောရှိသော အာနေဉ္ဇအဖြစ်သို့ ရောက်သော စတုတ္ထစျာန်ဖြင့် လွန်မြောက်လျှင် ကောင်းစွာ လွန်မြောက်သည် မည်ပေ၏၊ ထို့ကြောင့် စတုတ္ထစျာန်၏အစွမ်းအားဖြင့်-ဟု ဆိုပေသည်။ (ဋီကာ)

http://www.dhammadownload.com

မီးရှို့ခြင်း စသည်တို့ဖြင့် အနှိပ်စက်ခံရသောကြောင့် အခြားရွာသို့ ပြောင်းရွှေ့နေရန်အတွက် သွားပြီးလျှင် ထိုရွာ၌လည်း ရန်သူနှင့်တူသော အဆင်းအသံ အကျင့်စာရိတ္တရှိသောသူကို တွေ့မြင်လတ်သော် ကြောက်လန့်သည်သာ ဖြစ်သကဲ့သို့ ထိုသူကို မမြင်မတွေ့လိုသကဲ့သို့ပင်တည်း။

ထိုဥပမာ၌ ယခုဆိုမည့်စကားသည် ဥပမာနှင့် ဥပမေယျ နှီးနှောပုံပေတည်း။မြွေကိုကြောက်သူ ရန်သူကိုကြောက်သူထိုနှစ်ဦးသောယောကျ်ားတို့မှာ မြွေနှင့်ရန်သူ တခုခုက အနှိပ်စက်ခံရသော ကာလကဲ့သို့ ယောဂီရဟန်းမှာ အာရုံပြုသည်၏အစွမ်းဖြင့် ကြမ်းတမ်းသော ကိုယ်ကောင်ရုပ်နှင့် ပြည့်စုံနေသောကာလကို မှတ်အပ်၏၊ ထိုယောကျ်ားတို့၏ လျင်သော အဟုန်ဖြင့် ပြေးသွားခြင်း အခြားရွာသို့ ပြောင်းသွားခြင်းတို့ကဲ့သို့ ရဟန်း၏ ရူပါဝစရစုတုဏ္ဍာန်၏ အစွမ်းဖြင့် ကြမ်းတမ်းသော ကိုယ်ကောင်ရုပ်ကို လွန်မြောက်သောကာလကို မှတ်အပ်၏။ ထိုယောကျ်ားတို့၏ ပြေးပြီးလွတ်မြောက်ပြီးသော အရပ်၌ အမည်းအဝါစသည် အရေးအကြောင်းဖြင့် ဆန်းကြယ်သော ထန်းရွက် စသည်တို့ကို မြင်ရှုရင်း၊ အခြားရွာ၌ ရန်သူနှင့်တူသူကို မြင်ရှုရင်း ကြောက်ခြင်း ထိတ်လန့်ခြင်း မမြင်လိုခြင်းကဲ့သို့ ယောဂီရဟန်းမှာ ကသိုဏ်းရုပ်ကိုလည်း "ဤရုပ်သည် ထိုကိုယ်ကောင်ရုပ်နှင့် အလားတူပင်"ဟုမှတ်၍ ထိုကသိုဏ်းရုပ်ကိုလည်း လွန်မြောက်လိုခြင်းကို မှတ်အပ်၏။ ထို့ပြင် ဤကသိုဏ်းရုပ်ကို ကြောက်ခြင်းစသည်ဖြစ်ရာ၌ ဝက်အပက်ခံရ၍ ပြေးသောခွေး, တစ္ဆေကြောက်တတ်သောသူ အစရှိသော ဥပမာတို့ကိုလည်း သိအပ်ကုန်၏။

မှတ်ချက်

၁–ခွေးဘကောင်သည် တောထဲ၌ ဝက်က ပက်လိုက်ကာမျှဖြင့် ပြေးလေ၏၊ ထိုခွေးသည် အဆင်းကို ကောင်းကောင်းမမြင်နိုင်သည့် မှောင်ရီနေချိန်၌ ထမင်းချက်အိုးကို အဝေးမှ မြင်လတ်သော် ဝက်ဟု ထင်သောကြောင့်

http://www.dhammadownload.com

[၃၂၁] ၂၇၆။ ဤဆိုခဲ့သည့်အတိုင်း ထိုယောဂီသည် စတုတ္ထစျာန်၏ အာရုံဖြစ်သော ထိုကသိုဏ်းရုပ်မှ ငြီးငွေ့၍ ဖဲခွါလိုသောကြောင့် ငါးပါးသော အခြင်းအရာတို့ဖြင့် လေ့လာပြီးသော ဝသီဘော်ရှိသည်ဖြစ်၍ ကျွပ်ထွန်သော ရူပါဝစရစတုတ္ထစျာန်မှ ထ၍ ထိုစျာန်၌"[၁] ဤစျာန်သည် ငါ ငြီးငွေ့သည့် ကသိုဏ်းရုပ်ကို အာရုံပြုနေသည်" ဟူ၍ငင်း၊ "သောမနဿ ရန်သူနှင့် နီးသည်" ဟူ၍ငင်း၊ "ငြိမ်သက်သော ဝိမောက္ခမည်သော အရူပ စျာန်ထက် ရှုန့်ရင်းကြမ်းတမ်းသည်" ဟူ၍ငင်း အပြစ်ကို ရှုမြင်၏။ ဤရူပါ-ဝစရစတုတ္ထစျာန်၌ အင်္ဂါအားဖြင့် ကြမ်းတမ်းသည်၏ အဖြစ်ကား မရှိပေ၊ မှန်ပေ၏-ဤ ရူပါဝစရစတုတ္ထစျာန်သည် ဥပေက္ခာနှင့် ကေဂ္ဂတာဟူသော အင်္ဂါ ၂-ပါးရှိသကဲ့သို့ပင် အရူပစျာန်တို့သည်လည်း ထို့အတူ အင်္ဂါ ၂-ပါးပင် ရှိကြပေသည်။

ထိုယောဂီသည် ထိုစတုတ္ထစျာန်၌ ဤဆိုခဲ့သည့်အတိုင်း အပြစ်ကိုရှုမြင်ကာ နှစ်သက်တွယ်တာမှုကို ကုန်စေ၍ အာကာသာနဉ္စာယတနစျာန်ကို ငြိမ်သက်သောအားဖြင့် အဆုံးမရှိသောအားဖြင့် နှလုံးသွင်း၍ စကြဝဠာအဆုံးတိုင်အောင်ဖြစ်စေ၊ အလိုရှိသလောက် အရပ်တိုင်အောင် ဖြစ်စေ ကသိုဏ်းရုပ်ကို ဖြန့်၍ ထိုကသိုဏ်းရုပ်ပြန့်ရာ ဟင်းလင်းပြင် ကောင်းကင်အရပ်ကို "(အာကာသော အာကာသော)ဟင်းလင်းပြင်ကောင်းကင်ဟင်းလင်းပြင်

မှတ်ချက်

ကြောက်လန့်လျက် ပြေးလေသတတ်။ တစ္ဆေ ကြောက်တတ်သော လူတယောက်သည် ညဉ့်အဖို့၌ မသွားဘူးသေးသော အရပ်ဝယ် လည်ဆစ်ပြတ်နေသည့် ထန်းပင်ကို မြင်လတ်သော် မြေဘုတ်တစ္ဆေ ဟု ထင်သော ကြောင့် ကြောက်လန့်လျက် မိန်းမောတွေဝေကာ လည်းကျသွားလေသတတ်။ ထိုကို ရည်၍ ဆိုသည်။ (ဋီကာ)

၁–ထိုစျာန်၌.... အပြစ်ကို ရှုမြင်၏-ဟု စပ်ပါ။

http://www.dhammadownload.com

ကောင်းကင်” ဟူ၍သော်၎င်း (အနန္တော အာကာသော) အဆုံးအပိုင်း အခြားမရှိသော ကောင်းကင်”ဟူ၍ သော်၎င်း နှလုံးသွင်းလျက်(ရူပါဝစရ-စတုတ္ထစျာန်၏ အာရုံဖြစ်သော) ကသိုဏ်းရုပ်ကိုခွါ၏ (ပယ်ဖျောက်၏)။ ခွါသည်ဟု ဆိုသော်လည်း ဖျာကို လိပ်သကဲ့သို့ ခွါသည်လည်း မဟုတ်၊ အိုးကင်းမှုံ့ကို ဆယ်ထုတ်သကဲ့သို့ ခွါသည်လည်း မဟုတ်၊ စင်စစ်သော်ကား ထိုကသိုဏ်းရုပ်ကို နှလုံးမသွင်းပဲ စိတ်၌မထားပဲ မဆင်ခြင်ပဲ နေခြင်းမျှ သာတည်း[၁]၊ နှလုံးမသွင်းဘဲ စိတ်၌မထားဘဲ မဆင်ခြင်ဘဲ စင်စစ်အားဖြင့် ထိုကသိုဏ်းရုပ်ပြန့်ရာအရပ်ကို “ကောင်းကင် ကောင်းကင်”ဟု နှလုံးသွင်းလျက် (ဝါ-နှလုံးသွင်းလျှင်)ကသိုဏ်းရုပ်ကို ခွါသည် မည်၏။ ခွါအပ်သော ကသိုဏ်းရုပ်သည်လည်း ကြွတက်လာသည်-ကွာတက်လာသည် မဟုတ်၊ ဆုတ်နစ်သွားသည်လည်းမဟုတ်၊(စင်စစ်မှာမူ)ဤယောဂီ၏(ယင်းကသိုဏ်းရုပ်ကို) နှလုံးမသွင်းခြင်းမျှကိုသာ[၂]၊ “ကောင်းကင် ကောင်းကင်”ဟု နှလုံးသွင်းခြင်းမျှကိုသာ[၂] အစဲပြု၍ ခွါအပ်ပြီးဖြစ်လေတော့သည်၊ ကသိုဏ်းရုပ်ကို ခွါခြင်းဖြင့် ပြီးစီးသော ကောင်းကင်မျှ ထင်လေတော့သည်။ (ကသိဏုဂ္ဃါဋိ-မာကာသ)ကသိုဏ်းရုပ်ကို ခွါခြင်းဖြင့် ပြီးစီးသော[၂] ကောင်းကင်ဟူ၍၎င်း၊ (ကသိဏဖုဋ္ဌောကာသ)ကသိုဏ်းရုပ်ထိရာ ပြန့်ရာ ကောင်းကင်ဟူ၍၎င်း၊ (ကသိဏဝိဝိတ္တောကာသ)ကသိုဏ်းရုပ် ကင်းဆိတ်ရာ ကောင်းကင်ဟူ၍၎င်း (ခေါ်ဆိုရသော) ဤအလုံးစုံသည် အတူတူပင် ဖြစ်သည်။

မှတ်ချက်

၁–ဤစကားရပ်တို့၌ မျှ-ဟူသော စကားသည် ကေဝလံ·သက်သက် ဟူသော စကားအတွက် လဲလှယ်၍ ပြထားသော စကားဖြစ်သည်။

၂–ဤအနက်အားလျော်သော ဝစနတ္ထကို စာပိုဒ်နံပါတ် ၂၈၀-နှာ၅၂၁-မှတ်ချက် ၂-၌ တွေ့ရလတံ့။

http://www.dhammadownload.com

ထိုယောဂီသည် ကသိုဏ်းရုပ်ကို ခွါခြင်းဖြင့် ပြီးစီးသော ထိုကောင်းကင်နိမိတ်ကို "ကောင်းကင် ကောင်းကင်"ဟု အဖန်တလဲလဲ နှလုံးသွင်း၏၊ (သမ္မာသက်ပွဟူသော) ကြံစည်မှုဖြင့် ထုနှက်သလို နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ ထုနှက်သလို အဖန်ဖန် နှလုံးသွင်းခြင်းကို ပြု၏။ ဤဆိုခဲ့သည့်အတိုင်း အဖန်တလဲလဲ နှလုံးသွင်းလျက်, ကြံစည်မှုဖြင့် ထုနှက်သလို နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ ထုနှက်သလို အဖန်ဖန် နှလုံးသွင်းခြင်းကို ပြုသော ထိုယောဂီအား နိဝရဏတို့သည် ကွာကုန်၏၊ (ကောင်းကင်နိမိတ်လျှင် အာရုံရှိသော) အမှတ်ရမှု-သတိသည် ကောင်းစွာတည်၏၊ ဥပစာရသမာဓိဖြင့် စိတ်သည် ကောင်းစွာတည်ကြည်၏။ ထိုယောဂီသည် ထိုကောင်းကင်နိမိတ်ကို အဖန်ဖန် မှီဝဲ ပွါးများ အကြိမ်များစွာပြု၏၊ ဤသို့ အဖန်ဖန် ဆင်ခြင်နှလုံးသွင်းသော ထိုယောဂီအား ပထဝီကသိုဏ်းစသည်တို့၌ ရူပါဝစရစျာန်စိတ်ဖြစ်သကဲ့သို့ ကသိုဏ်းရုပ်ကို ခွါခြင်းဖြင့်ပြီးသော (အာကာသ)ကောင်းကင်အာရုံနိမိတ်၌ အာကာသာနဉ္စာယတနစျာန်စိတ်သည် အပွနာ၏အစွမ်းဖြင့် ဖြစ်၏။ မှန်ပေ၏-ဤအာကာသာနဉ္စာယတနစျာန်စိတ် ဖြစ်ရာ၌လည်း ရှေးအဖို့၌ သုံးကြိမ် လေးကြိမ်သော ဇောတို့သည် ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်သော ကာမာဝစရဇောတို့ပေတည်း၊ လေးကြိမ်မြောက်သော်၎င်း၊ ငါးကြိမ်မြောက်သော်၎င်း ဖြစ်သောဇောသည် အရူပါဝစရပေတည်း၊ အကြွင်းသည် ပထဝီကသိုဏ်း အရာ၌ ဖွင့်ဆိုခဲ့ပြီးသော နည်းရှိသည်သာတည်း။

[၃၂၂] ယခုဆိုမည့်အနက်ကား အထူးပေတည်း၊ ဤဆိုခဲ့သည့်အတိုင်း အရူပစျာန်စိတ် ဖြစ်ပြီးလတ်သော် ထိုယောဂီရဟန်းသည်[1] ဥပမာဖြင့်

မှတ်ချက်

၁–ထိုယောဂီရဟန်းသည်.... ဤအတူပင်.... ရှုလျက်နေခဲ့ပြီးလျှင်.... ပယ်ရှားလိုက်လျှင်.... ရှုမြင်လျက် နေပေ၏-ဟု စပ်ပါ။

http://www.dhammadownload.com

ပြရလျှင် ဖုံးအုပ်ထားသော ထမ်းစင်စသည်တို့၏ အပေါက်ဝ, တံခါးငယ်၏ အပေါက်ဝ, အိုး၏မျက်နှာဝစသည်တို့တွင် တခုခုသော အပေါက်ဝကို အညို အဝါ အနီ အဖြူအစရှိသော အဝတ်တို့တွင် တခုခုသောအဝတ်ဖြင့် ဖွဲ့ယှက်ဖုံးအုပ်လျက် (ထိုအဝတ်ကို) ကြည့်ရှုနေသော ယောကျ်ားသည် လေအဟုန်ဖြင့် ဖြစ်စေ, အခြားအကြောင်းတစုံတခုဖြင့် ဖြစ်စေ ဖုံးအုပ်ထားသော ထိုအဝတ်ကို ပယ်ရှားလိုက်လျှင် ကောင်းကင်ကိုသာလျှင် ရှုလျက်-မြင်လျက် တည်ရာသကဲ့သို့ ဤအတူပင် ရွှေအဖို့၌ ကသိုဏ်းဝန်းကို စျာန်မျက်စိဖြင့် ရှုလျက် နေခဲ့ပြီးလျှင် "ကောင်းကင် ကောင်းကင်" ဟု ဆင်ခြင်သော ဤပရိကံနှလုံးသွင်းမှုဖြင့် ထိုကသိုဏ်းနိမိတ်ကို ရုတ်တရက် ပယ်ရှားလိုက်လျှင် ကောင်းကင်နိမိတ်ကိုသာလျှင် ရှုမြင်လျက် နေပေ၏။

ဆက်၍ပြဦးအံ့—ဤမျှသော ဘာဝနာအစဉ်ဖြင့် ဤယောဂီသည် (ဝါ-ဤယောဂီကို)—

"(သဗ္ဗသော ရူပသညာနံ သမတိက္ကမာ ပဋိဃသညာနံ အတ္ထင်္ဂမာ နာနတ္တသညာနံ အမနသိကာရာ အနန္တော အာကာသောတိ အာကာသာနဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ) ခပ်သိမ်းသော အခြင်းအရာအားဖြင့် (ဝါ-အလုံးစုံကုန်သော) ရူပသညာ-ရူပစျာန်၌ ဖြစ်သောမှတ်သားမှုတို့ကို (စက်ဆုပ်လျက် ချုပ်စေလျက်) လွန်မြောက်ခြင်းကြောင့်, မျက်စိနှင့်အဆင်း စသည်တို့ကို ထိခိုက်ခြင်းကြောင့်ဖြစ်သော (ပဋိဃ) သညာတို့၏ ချုပ်ခြင်းကြောင့်, အမျိုးမျိုးသော အာရုံ၌ဖြစ်သော (နာနတ္တ) သညာတို့ကို နှလုံးမသွင်းခြင်းကြောင့် အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ဟု နှလုံးသွင်းလျက် အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေသည်" ဟု ဆိုအပ်ပေသည်။

http://www.dhammadownload.com

၂၂၇။ ထိုစကားရပ်၌ သဗ္ဗသော-ဟူရာဝယ် "ခပ်သိမ်းသော အခြင်းအရာအားဖြင့်"၊ တနည်းကား "အကြွင်းမဲ့ အလုံးစုံကုန်သော"-ဟူ၍ အနက်ကို သိအပ်၏[1]။ ရူပသညာတို့ကို-ဟူရာ၌ သညာကိုခေါင်းတပ်၍ ဟောထားသော ရူပါဝစရစျာန်တို့ကိုဂင်း၊ ထိုစျာန်တို့၏ အာရုံတို့ကိုဂင်း (ဟု ဆိုလို၏)။ မှန်ပေ၏-"(ရူပီ ရူပါနိ ပဿတိ) ရုပ်ရှိသူသည် (ဝါ-ရူပစျာန်ရှိသူသည်) ကသိုဏ်းရုပ်တို့ကို ရှု၏" ဤသို့အစရှိသော ဒေသနာတို့၌ ရူပါဝစရစျာန်ကိုလည်း ရူပ-ဟု (စျာနဟူသော နောက်ပုဒ်ကို ချေ၍) ဆိုအပ်ပေ၏[2]။ (ဗဟိဒ္ဓါ ရူပါနိ ပဿတိ သုဝဏ္ဏဒုဗ္ဗဏ္ဏာနိ) အပြင်ပ၌ အဆင်းကောင်းအဆင်းဆိုးဟူသော ကသိုဏ်းရုပ်တို့ကို ရှု၏" ဤသို့အစရှိသော ဒေသနာတို့၌ ထိုရူပစျာန်၏ အာရုံကသိုဏ်းရုပ်ကိုလည်း ရူပ-ဟု (ကသိဏဟူသော ရှေ့ပုဒ်ကိုချေ၍) ဆိုအပ်ပေ၏[3]။ ထို့ကြောင့် ဤအရာ၌ (ရူပသညာဟူသော) ဤအမည်သည် "ရူပစျာန်၌ သညာသည် ရူပသညာမည်၏"ဟု ဤသို့ (ဝစနတ္ထပြုကာ) သညာကို ခေါင်းတပ်၍ ဟောထားသော ရူပါဝစရစျာန်၏

မှတ်ချက်

၁–သဗ္ဗသော-ပုဒ်ကို ၂-နည်းဖွင့်ပြသည်။ ပဌမနည်းအရအားဖြင့် "ခပ်သိမ်းသော အခြင်းအရာအားဖြင့် လွှန်မြောက်ခြင်းကြောင့်"ဟု စပ်၍ ယူရာ၏၊ ဒုတိယနည်းအရအားဖြင့် "အလုံးစုံကုန်သော ရူပသညာတို့ကို"ဟု စပ်၍ ယူရာ၏။

၂–ရူပ-ပုဒ်+ဤ-ပစ္စည်းဖြင့်ပြီးသော ရူပီ-ပုဒ်၌ ရူပ-နောင် စျာန-ကို ချေဖျောက်ထားသည်။ ထို့ကြောင့် ထို ရူပပုဒ်ဖြင့် ရူပစျာန်ဟူသောအနက်ကိုပြသည်။ သို့ဖြစ်၍ ရူပီ-ပုဒ်ကို ရူပစျာန်ရှိသောသူ- ရူပစျာန်ကို ရသောသူ-ဟု အနက်ပြန်ရသည်။

၃–ကသိဏရူပါနိ-ဟု ဆိုသင့်ရာ၌ ကသိဏ-ကို ချေဖျောက်၍ ရူပါနိ-ဟု ဆိုထားသည်၊ ထို့ကြောင့် ရူပါနိ-ကို ကသိုဏ်းရုပ်တို့ကို-ဟု အနက်ပြန်ရသည်။

http://www.dhammadownload.com

အမည်ပေတည်း [၁]။ (ထို့ပြင်) ထိုအာရုံအား ရူပ(ကသိုဏ်းရုပ်)ဟူသော သညာ(အမည်)ရှိ၏၊ ထို့ကြောင့် ယင်းအာရုံသည် ရူပသညာမည်၏၊ ထို အာရုံ၏ အမည်ကား ရူပ(ကသိုဏ်းရုပ်)ပေတည်း-ဟု ဆိုလိုပေ၏။ (ဤသို့ ဝစနတ္ထပြုလျှင်) ထိုရူပသညာဟူသောအမည်သည် ပထဝီကသိုဏ်းစသည် အပြားရှိသော ထိုရူပစျာန်၏ အာရုံ၏လည်း အမည်ဖြစ်ပေ၏[၂]ဟူ၍ သိအပ် ပေသည်။ သမတိက္ကမာ-ဟူသည်ကား (ဝိရာဂါ)တပ်စွဲမှုကင်းခြင်း-စက်ဆုပ် ခြင်းကြောင့်၎င်း၊ (နိရောဓာ) ချုပ်စေခြင်းကြောင့်၎င်း(ဟု ဆိုလို၏)။ အဘယ်ကိုဆိုလိုသနည်း?ဟူမူ- ကုသိုလ်စျာန် ငါးပါး, ဝိပါက်စျာန်ငါးပါး, ကြိယာစျာန်ငါးပါးတို့ အလိုအားဖြင့် တဆင့်ငါးပါးသောစျာန်ဟု ဆိုအပ် ကုန်သော ဤရူပသညာတို့ကိုဂုဏ်း၊ ပထဝီကသိုဏ်းစသည်တို့၏ အလိုအားဖြင့် ၉-ပါးသောအာရုံဟု ဆိုအပ်ကုန်သော ဤရူပသညာတို့ကိုဂုဏ်း ခပ်သိမ်း သော အခြင်းအရာအားဖြင့် စက်ဆုပ်ခြင်းကြောင့်၎င်း၊ (ယင်းတို့နှင့်စပ်ဆိုင် သော ဆန္ဒရာဂကို ခွါသဖြင့်) ချုပ်စေခြင်းကြောင့်၎င်း၊ တနည်းကား အကြွင်းမဲ့ အလုံးစုံကုန်သော ထိုရူပသညာတို့ကို စက်ဆုပ်ခြင်းကြောင့်၎င်း၊ ချုပ်စေခြင်းကြောင့်၎င်း အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍နေ၏။

မှတ်ချက်

၁–ရူပစျာနသညာ-ဟု ဆိုသင့်ရာ၌ ရူပသညာ-ဟု ဆိုထားသည်၊ ထို့ကြောင့် ရူပသညာ-ဟူသော ပုဒ်ကို ရူပစျာန်၌ သညာ-ဟု အနက်ပြန်ရသည်။ သညာကို ပဓာနပြု၍ ခေါင်းတပ်၍ ဆိုထားသော စကားဖြစ်သောကြောင့် ထို ရူပသညာ-ဟူသော ပုဒ်ဖြင့် ရူပစျာန်ကိုပင် အရကောက်ယူရသည်ဟု ဆိုလို၏။

၂–ရူပသညာ-ပုဒ်၌ သညာ-ကို အမည်ဟောဟု ယူ၍ ရူပအမည်ရှိသော ဝါ-ရူပ-ရုပ်ဟူသော အမည်နှင့် စပ်သော ဝါ-ရုပ်ဟု ခေါ်ဆိုအပ်သော ကသိုဏ်း ကိုလည်း ရူပသည-ဟု ဆိုကြောင်း ပြသည်။ ဗဟုဗ္ဗီဟိဝစနတ္ထဖြင့် ပြီးသည်၊ ပါဠိတတ်သူတို့၏ အရာသာ ဖြစ်သည်။

http://www.dhammadownload.com

မှန်ပေ၏-ခပ်သိမ်းသော အခြင်းအရာအားဖြင့် ရူပသညာတို့ကို မလွန်မြောက်သေးသော ပုဂ္ဂိုလ်သည် ဤအာကာသာနဉ္စာယတနစျာန်သို့ ရောက်၍နေရန် မစွမ်းနိုင်ပေ။ ဤတွင် အဖွင့်တရပ်။

(ဆက်၍ ရှင်းပြဦးအံ့) (ရူပသညာတို့ကို လွန်မြောက်ခြင်းကြောင့် အာကာသာနဉ္စာယတနစျာန်သို့ ရောက်သည်ဟူသော) ထိုစကားရပ်၌ အာရုံ၌ တပ်စွဲမှုမကင်းသေးသော ပုဂ္ဂိုလ်အား သညာတို့ကိုလွန်မြောက်ခြင်း မဖြစ်နိုင်၊ သညာတို့ကို လွန်မြောက်လျှင်လည်း အာရုံကိုလွန်မြောက်ပြီးသာ ဖြစ်ပေသည်၊ ထို့ကြောင့် အာရုံလွန်မြောက်ခြင်းကို မဟောမူ၍-

> (ရူပသညာနံ သမတိက္ကမာဟူသော) ထိုစကား၌ ရူပသညာဟူသည် အဘယ်နည်း၊ ရူပါဝစရသမာပတ်ကို ဝင်စားသော ပုထုဇဉ်သေက္ခပုဂ္ဂိုလ်၏ဂဏ်း[1]၊ ရူပဘုံ၌ဖြစ်သော ပုဂ္ဂိုလ်၏ဂဏ်း[2] မျက်မှောက်အတ္တဘော၌ (ရူပစျာန်ဖြင့်) ချမ်းသာစွာနေသော ရဟန္တာ၏ဂဏ်း[3] သညာသည် မှတ်သားခြင်းသည် [၃၂၃] မှတ်သားတတ်သည်၏အဖြစ်သည် ရှိ၏၊ ဤမှတ်သားမှုတို့ကို ရူပသညာတို့ဟု ဆိုအပ်ကုန်၏။ ဤရူပသညာတို့ကို လွန်မြောက်သည် အထူးသဖြင့် လွန်မြောက်သည် ကောင်းစွာ လွန်မြောက်သည်၊ ထို့ကြောင့် "ခပ်သိမ်းသော အခြင်းအရာအားဖြင့် (ဝါ-အလုံးစုံကုန်သော) ရူပသညာတို့ကို လွန်မြောက်ခြင်းကြောင့်" ဟု ဆိုအပ်ပေသည်-ဟူ၍

မှတ်ချက်

၁-ဤ ပုဒ်ဖြင့် ရူပါဝစရကုသိုလ်သညာတို့၏ ဖြစ်ရာပုဂ္ဂိုလ်ကို ပြသည်။

၂-ဤပုဒ်ဖြင့် ရူပါဝစရဝိပါက်သညာတို့၏ ဖြစ်ရာပုဂ္ဂိုလ်ကို ပြသည်။ ထိုပုဂ္ဂိုလ်မှာ ပဋိသန္ဓေ ဘဝင် စုတိခဏတို့၌ ထို ရူပါဝစရဝိပါက်သညာ ဖြစ်သည်။

၃-ဤ ပုဒ်ဖြင့် ကြိယာသညာတို့၏ ဖြစ်ရာပုဂ္ဂိုလ်ကို ပြသည်။

http://www.dhammadownload.com

ဤသို့ ဝိဘင်းပါဠိတော်၌ သညာတို့ကိုသာ လွန်မြောက်ခြင်းကို ဝေဘန်ဟောကြားအပ်ပေသည်။ သို့သော်လည်း အာရုံကို လွန်မြောက်ခြင်းဖြင့် (သာလျှင်) ဤအရူပသမာပတ်ကို ရောက်အပ်ကုန်-ရောက်နိုင်ကုန်၏၊ ပဌမစျာန်စသည်တို့ကဲ့သို့ တခုတည်းသော အာရုံ၌သာလျှင် မရောက်အပ်-မရောက်နိုင်ကုန်၊ ထို့ကြောင့် အာရုံကိုလွန်မြောက်ခြင်းဖြင့်လည်း ဤအနက်အဖွင့်ကို (အဋ္ဌကထာဆရာတို့) ပြုထားပေသည်ဟူ၍ သိအပ်ပေ၏။

၂၇၈။ ပဋိဃသညာနှံ အတ္ထင်္မာ-ဟူရာ၌ မျက်စိစသော ဝတ္ထုရုပ်တို့နှင့် အဆင်းစသော အာရုံတို့၏ အချင်းချင်း ထိခိုက်ခြင်းကြောင့် ဖြစ်ပေါ်သော သညာတို့သည် ပဋိဃသညာမည်ကုန်၏၊ ဤအမည်သည် အဆင်း၌ အမှတ်သညာစသည်တို့၏ အမည်ပေတည်း။ ဤအဆိုနှင့်အညီ ဟောတော်မူသည်မှာ—

> "ထိုစကားရပ်၌ ပဋိဃသညာ-ဟူသည် အဘယ်နည်း၊ အဆင်း၌ အမှတ်သညာ အသံ၌အမှတ်သညာ အနံ့၌အမှတ်သညာ အရသာ၌ အမှတ်သညာ အတွေ့၌အမှတ်သညာတို့ပေတည်း၊ ဤသညာတို့ကို ပဋိဃသညာဟု ဆိုအပ်ကုန်၏" ဟူ၍ပင်တည်း။

ကုသလဝိပါက်ငါးပါးနှင့် အကုသလဝိပါက်ငါးပါးဟူသော ဆယ်ပါးသော ထိုပဋိဃသညာတို့၏ အချင်းခပ်သိမ်း ချုပ်ခြင်းကြောင့် ကင်းခြင်းမဖြစ်ခြင်းကြောင့် "မဖြစ်အောင်ပြု၍" ဟု ဆိုလိုပေသည်။

ဆက်၍ရှင်းပြအံ့-ဤပဋိဃသညာတို့သည် ပဌမစျာန်စသည်တို့ကို ဝင်စားနေသောသူအားလည်း ထိုအခိုက်၌ ပဥ္စဒ္ဓါရ၏အစွမ်းဖြင့် စိတ်မဖြစ်သောကြောင့် မရှိကြသည်ကား မှန်ပေ၏၊ သို့သော်လည်း အခြားစျာန်တို့၌ ပယ်ခဲ့ပြီးသော သုခဒုက္ခတို့ကို စတုတ္ထစျာန်၌ ဟောခြင်းကဲ့သို့ဎင်း၊ အခြား

http://www.dhammadownload.com

မဂ်တို့၌ ပယ်ခဲ့ပြီးသော သက္ကာယဒိဋ္ဌိစသည်တို့ကို တတိယမဂ်၌ ဟောခြင်း ကဲ့သို့ဂုဏ်း ဤအရှုပစ္စာန်၌ တက်တက်ကြွကြွ အားထုတ်မှု ဖြစ်စေခြင်းငှါ ဤအရှုပစ္စာန်ကို ချီးမွမ်းသည့် အလိုအားဖြင့် ဤပဋိဃသညာတို့(၏ ချုပ်ခြင်း)ကို ဤအရှုပစ္စာန်အရာ၌ ဟောတော်မူခြင်းကို သိအပ်ပေ၏။

တနည်းရှင်းပြရလျှင် ရှုပါဝစရစ္စာန်ကို ဝင်စားသောသူအားလည်း ထို ပဋိဃသညာတို့ မရှိကြသည် မှန်ပေ၏၊ သို့သော်လည်း ပယ်ထားသော ကြောင့် မရှိကြသည် မဟုတ်ပေ၊ အဘယ့်ကြောင့်ဆိုသော်-ရှုပါဝစရဈာဝနာ သည် ရုပ်ကိုစက်ဆုပ်ခြင်းငှါ မဖြစ်သောကြောင့်ဂုဏ်း၊ ထို့ပြင် ယင်း ရှုပစ္စာန်တို့၏ ဖြစ်ခြင်းသည် ရုပ်နှင့်စပ်သောကြောင့်ဂုဏ်း ဖြစ်ပေသည်။ ဤအရှုပဈာဝနာသည်ကား ရုပ်ကို စက်ဆုပ်ခြင်းငှါ ဖြစ်ပေ၏၊ ထို့ကြောင့် ထိုပဋိဃသညာတို့ကို ဤအရှုပစ္စာန်၌ ပယ်သည်ဟုဆိုရန် သင့်ပေ၏။ ဆိုရန် သက်သက်မျှသာ သင့်သည်မဟုတ်သေး၊ ဤအတိုင်းပင် ဧကန်ဆောင်မှတ် ထားရန်လည်း သင့်လှပေ၏။ မှန်ပေ၏-ထိုပဋိဃသညာတို့ကို ဤအရှုပ စ္စာန်မှ ရှေး၌ မပယ်ရသေးသောကြောင့်ပင်လျှင် ပဌမစ္စာန်ကို ဝင်စားနေ သောသူအား အသံကို ဆူးငြောင့်ဟူ၍ မြတ်စွာဘုရားက ဟောတော်မူ ပေသည်။ ဤအရှုပစ္စာန်၌ကား (ငင်းတို့ကို) ပယ်ပြီးဖြစ်သောကြောင့်ပင် အရှုပသမာပတ်တို့၌ တုန်လှုပ်ခြင်း မရှိသည့် (အာနေဉ္ဇ) အဖြစ်ကိုဂုဏ်း၊ ငြိမ်သက်သော ဝိမောက္ခအဖြစ်ကိုဂုဏ်း ဟောတော်မူ(အပ်)ပေသည်။ ထို့ပြင် ကာလာမအနှယ်ဖြစ်သော အာဠာရရသေ့သည်လည်း အရှုပသမာပတ်ကို ဝင်စားနေစဉ် (မိမိ၏အနီးသို့)ကပ်မှီ၍ ကပ်မှီ၍လှန်သွားကုန်သော လှည်း ငါးရာတို့ကို မမြင်လိုက်ပဲ လှည်းတို့၏အသံကိုလည်း မကြားလိုက်ပဲ ရှိပေ သည်။ ဤတွင်အဖွင့်တရပ်။

[၃၂၄] ၂၇၉။ နာနတ္တသညာနံ အမနသိကာရာ-ဟူရာ၌ အထူးထူး (အမျိုးမျိုး) သဘောရှိသောအာရုံ၌ ဖြစ်သောသညာတို့သည် နာနတ္တ

http://www.dhammadownload.com

သညာမည်ကုန်၏[၁]၊ တနည်းကား အထူးထူး(အမျိုးမျိုး)သဘောရှိသော သညာတို့သည် နာနတ္တသညာမည်ကုန်၏[၂]၊ မှန်ပေ၏- "ထိုစကားရပ်၌ နာနတ္တသညာတို့ဟူသည် အဘယ်တို့နည်း?-သမာပတ်ဝင်စားခိုက် မဟုတ်၍ မနောဓာတ်နှင့်တကွ ဖြစ်သူ၏သော်ငင်း၊ မနောဝိညာဏဓာတ်နှင့်တကွ ဖြစ်သူ၏သော်ငင်း သညာသည် မှတ်သားခြင်းသည် မှတ်သားတတ်သည်၏ အဖြစ်သည် ရှိ၏၊ ဤမှတ်သားမှုတို့ကို နာနတ္တသညာတို့ဟု ဆိုအပ်ကုန်၏" ဟူ၍ ဤသို့ ဝိဘင်းပါဠိတို၌ ဝေဘန်၍ ဟောထား(အပ်)ကုန်သော[၃] ဤအရှုပစျာန်အရာဌ်လည်း ဆိုလို(အပ်)ကုန်သော[၃] သမာပတ်ဝင်စားခိုက် မဟုတ်သူ၏(သန္တာန်၌) မနောဓာတ် မနောဝိညာဏဓာတ်တို့ဖြင့် ရေတွက်အပ်ကုန်သော ဤသညာတို့သည် အဆင်း အသံ စသည် အပြားရှိသော အထူးထူး(အမျိုးမျိုး)သဘောရှိသော အာရုံ၌ ဖြစ်ကုန်၏၊ (ထို့ကြောင့်လည်း နာနတ္တသညာတို့ဟူ၍ ဆိုအပ်ကုန်၏)၊ ထို့ပြင် ကာမကုသိုလ်သညာ ရှစ်ပါး၊ အကုသိုလ်သညာ တဆဲ့နှစ်ပါး၊ ကာမကုသလဝိပါက်သညာ တဆဲ့

မှတ်ချက်

၁-နာနာ-အထူးထူးသော-အမျိုးမျိုးသော+အတ္တ-သဘောရှိသော အာရုံ၌+သညာ-ဖြစ်သော သညာ = နာနတ္တသညာ-အထူးထူး အမျိုးမျိုးသော သဘောရှိသည့် အာရုံ၌ဖြစ်သော သညာ။

၂-နာနာ-အထူးထူးသော-အမျိုးမျိုးသော+အတ္တ-သဘောရှိသော+သညာ အမှတ်သညာ=နာနတ္တသညာ-အထူးထူး အမျိုးမျိုးသဘောရှိသော အမှတ်သညာ။

၃-ဟောထား(အပ်)ကုန်သော....ဆိုလို(အပ်)ကုန်သော....ဤသညာတို့သည်ဟု စပ်ပါ။

http://www.dhammadownload.com

တပါး [၁]၊ အကုသလဝိပါက်သညာ နှစ်ပါး [၂]၊ ကာမကြိယာသညာ တဆဲ့ တပါး ဤသို့အားဖြင့် လေးဆဲ့လေးပါးသော ဤသညာတို့သည် အထူးထူး သော သဘောရှိကုန်၏ အချင်းချင်း မတူကြကုန်၊ ထို့ကြောင့်လည်း နာနတ္တသညာတို့ဟူ၍ ဆိုအပ်ကုန်၏။ ထိုနာနတ္တသညာတို့ကို အချင်း ခပ်သိမ်း စိတ်၌ မထားခြင်း နှလုံးမသွင်းခြင်း ကောင်းစွာ အဖန်ဖန် စိတ်သို့ မဆောင်ခြင်း မဆင်ခြင်ခြင်းကြောင့်၊ "ထိုနာနတ္တသညာတို့ကို နှလုံးမသွင်း စိတ်၌ မထား မဆင်ခြင်၊ ထို့ကြောင့်" ဟု ဆိုလိုပေ၏။

ဆက်ဦးအံ့ - ဤ(သုံးမျိုးသောသညာ)တို့တွင် ရှေးဖြစ်သော ရူပသညာ နှင့် ပဋိဃသညာတို့သည် ဤစျာန်ကြောင့်ဖြစ်သော အရူပဘဝ၌သော် လည်း မရှိကြပေ၊ ထိုအရူပဘုံဝယ် ဤအရူပစျာန်ကို ဝင်စားနေသော ကာလ၌ (ထိုသညာ ၂-မျိုးတို့ မရှိကြသည်မှာ) ဆိုဖွယ်ပင် မရှိတော့ပြီ။ ထို့ကြောင့် ထိုသညာတို့ကို လွန်မြောက်ခြင်းကြောင့် (ထိုသညာတို့၏) ချုပ်ခြင်းကြောင့်ဟု ဆိုသော နှစ်ပါးအပြားအားဖြင့်လည်း (ထိုသညာ ၂-မျိုးတို့၏) မရှိခြင်းကိုသာလျှင် ဟောတော်မူပေသည်။ ၄၄-ပါးသော နာနတ္တသညာတို့တွင်မူကား ကာမကုသိုလ်သညာ ရှစ်ပါး၊ (မနောဒ္ဓါတု ဝဇ္ဇန်းနှင့်တကွ) ကာမကြိယာသညာ ကိုးပါး၊ အကုသိုလ်သညာ ဆယ်ပါး ဟူသော ၂၇-ပါးသော ဤနာနတ္တသညာတို့သည် ဤစျာန်ကြောင့်ဖြစ်သော အရူပဘဝ၌ ရှိကြပေ၏၊ ထို့ကြောင့် "ထိုနာနတ္တသညာတို့ကို နှလုံးမသွင်း ခြင်းကြောင့်" ဟု ဟောတော်မူသည်ဟူ၍ သိအပ်ပေ၏။ မှန်ပေ၏ - ထို အရူပဘဝ၌လည်း ဤအရူပစျာန်ကို ဝင်စား၍နေသောသူသည် ထို ၂၇-

---

မှတ်ချက်

၁ - ကုသလဝိပါက်သမ္မဋ္ဌိစ္ဆိုင်း ၁၊ သန္တီရဏ ၂၊ မဟာဝိပါက် ၈-တို့ပင် ဖြစ်သည်။

၂ - အကုသလဝိပါက် သမ္မဋ္ဌိစ္ဆိုင်းနှင့် သန္တီရဏတို့ပင် ဖြစ်သည်။

http://www.dhammadownload.com

ပါးသော နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့်သာလျှင် (ထိုအရူပ ဈာန်ကို) ရောက်၍ ဝင်စား၍ နေနိုင်ပေသည်၊ ထို ၂၇-ပါးသော နာနတ္တ သညာတို့ကို နှလုံးသွင်းနေလျှင်မူကား (ထိုအရူပသမာပတ်ကို) မဝင်စား သူသာ ဖြစ်ပေသည်။ ဤတွင် အဖွင့်တရပ်။

ဆက်ဦးအံ့ - အကျဉ်းချုပ်အားဖြင့် ပြောရလျှင် ဤသုံးပုဒ်တို့တွင် ရူပ သညာတို့ကို လွန်မြောက်ခြင်းကြောင့်-ဟူသော ဤပုဒ်ဖြင့် ရူပါဝစရတရား အားလုံးကို ပယ်ခြင်းကို ဟောတော်မူပေသည်၊ ပဋိဃသညာတို့၏ ချုပ် ခြင်းကြောင့်, နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့်-ဟူသော ဤ ၂-ပုဒ်ဖြင့် ကာမာဝစရစိတ်စေတသိက်အားလုံးကို ပယ်ခြင်းကိုငင်း၊ နှလုံး မသွင်းခြင်းကိုငင်း ဟောတော်မူပေသည်ဟူ၍ သိအပ်ပေ၏။

၂၈၀။ အနန္တော အာကာသော-ဟူသော ဤပါဠိ၌ (အနက်ကား) ဤအာကာသမှာ ဖြစ်ခြင်းဟူသော အဆုံးအပိုင်းအခြားသည်၎င်း၊ပျက်ခြင်း ဟူသော အဆုံးအပိုင်းအခြားသည်၎င်း မထင်ပေ မရှိပေ၊ ထို့ကြောင့် ယင်းအာကာသသည် အနန္တ[1] မည်၏။ ကသိုဏ်းရုပ်ကို ခွါခြင်းဖြင့် ပြီးစီး သော[2] ဟင်းလင်းပြင် ကောင်းကင်ကို အာကာသဟု ဆိုသည်။ ဆက်ဦး

မှတ်ချက်

၁–နု-အန်-မရှိ+အန္တ- အဆုံး အပိုင်းအခြား=အနန္တ – အဆုံး အပိုင်း အခြားမရှိ သော ကောင်းကင်။ ဤ၌ ဥပ္ပါဒ ဝယ ဖြစ်ခြင်း ပျက်ခြင်းကို အဆုံးအပိုင်း အခြားဟု ဆိုသည်။ သို့သော် ဤဈာန်သည် သာသနာပကာလနှင့်လည်း သက်ဆိုင်သောကြောင့်၎င်း၊ ထိုသာသနာပ၌ ပရမတ်တရားတို့၏ ဥပ္ပါဒဝယ ကို သိကြမည် မဟုတ်သောကြောင့်၎င်း လောက ဝေါဟာရအလို အဆုံး မရှိခြင်း အနက်လည်း သင့်သကဲ့သို့ ရှိပေ၏။

၂–နှလုံးသွင်းအပ်သော ဤအာကာသဖြင့် ကသိုဏ်းရုပ်ကို ခွါအပ်၏။ ထိုသို့ ခွါကြောင်းဖြစ်သောကြောင့် ထိုအာကာသသည် ကသိဏုဋ္ဌါဠာမည်၏။ ၎င်း

http://www.dhammadownload.com

အံ့ - ကသိုဏ်းရုပ်ကို ခွါခြင်းဖြင့်ပြီးသော ဤကောင်းကင်၌ အဆုံးအပိုင်း အခြားမရှိဟု နှလုံးသွင်းခြင်း၏ အစွမ်းအားဖြင့်လည်း အနန္တ-အဆုံးအပိုင်း အခြားမရှိသည်၏အဖြစ်ကို သိအပ်ပေ၏ [၁]။ [၃၂၅] ထို့ကြောင့်ပင် ဝိဘင်း ပါဠိ၌ "ထိုအာကာသ၌ စိတ်ကို ထား၏၊ ကောင်းစွာ ထား၏၊ အဆုံးအပိုင်း အခြား မရှိသည်ကို (ပြု၍) ဖြန့်၏ (ဝါ-တွေ့ထိ၏ ဧကောက်၏)။ ထို့ကြောင့် 'အနန္တော အာကာသော-အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်'ဟု ဆိုအပ်သည်"ဟူ၍ ဟောတော်မူပေသည်။

အာကာသာနဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ-ဟူသော ဤပါဠိ၌ကား ထိုအာကာသမှာ (အနန္တ)ဖြစ်ခြင်းအပိုင်းအခြား ပျက်ခြင်းအပိုင်းအခြား မရှိပေ၊ ထို့ကြောင့် အနန္တ မည်၏။ အနန္တ-အပိုင်းအခြားမရှိသော အာကာသသည် အာကာသာနန္တ မည်၏။ အာကာသာနန္တသည်ပင်လျှင် အာကာသာနဉ္စ မည်၏။ အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်

မှတ်ချက်

သည်ပင်လျှင် ကသိဏုဂ္ဃါဋိမ မည်၏။ (ဋီကာ) ဤအဖွင့်နှင့်အညီ ကသိဏ်း ရုပ်ကို ခွါကြောင်းဖြစ်သောဟု အတိအကျ ပြန်သင့်သော်လည်း ထိုအနက်ကို ပါဠိမတတ်သူတို့ နားလည်ရန်ခက်သောကြောင့်ဝင်း။ ကသိဏဿ ဥဂ္ဃဋနာ-ဇ္ဈော-ကသိဏ်းရုပ်ကို ခွါခြင်းသည် ကသိဏုဂ္ဃါဋိမ မည်၏။ ထိုကသိဏ်း ရုပ်ကို ခွါခြင်းဖြင့် ပြီးစီးသော အာကာသသည် ကသိဏုဂ္ဃါဋိမ မည်၏ဟု ဤသို့ ဝစနတ္ထုပြု၍လည်း ပြီးသင့်သောကြောင့်ဝင်း အထက်ပါ အတိုင်း ပြန်ထားသည်။

၁-နှလုံးသွင်းခြင်း အစွမ်းအားဖြင့်လည်း-ဟူသည်ကား ရုပ်၏ကင်းခြင်း ရုပ်မရှိခြင်းမျှကို ယူခြင်းဖြင့်(ဖြစ်ခြင်းပျက်ခြင်း) အပိုင်းအခြားကိုမယူခြင်းကြောင့် အနန္တ-အဆုံးအပိုင်းအခြားမရှိဟု ဖြန့်သော(နှလုံးသွင်းသော)အခြင်းအရာ အားဖြင့် ဖြစ်သော ပရိကံ နှလုံးသွင်းမှု၏ အစွမ်းအားဖြင့်လည်း(ဟု ဆိုလို၏)(ဋီကာ)

http://www.dhammadownload.com

ဟူသော ထိုအာကာသာနဉ္စသည် ယှဉ်ဘက် တရားအပေါင်းနှင့်တကွ ဖြစ်သော ဤစျာန်၏ တည်ရာ အာယတနပေတည်း ၁၊ အဘယ်ကဲ့သို့နည်း? ဟူမူ နတ်တို့၏ တည်ရာသည် ဒေဝါယတနမည်သကဲ့သို့ပေတည်း၊ ထို့ကြောင့် အာကာသာနဉ္စာယတန ၂ မည်၏။

ဥပသမဖွဲ့ ဝိဟရတိ-ဟူသည်ကား ထို အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ ပြီးစေ၍ ထိုစျာန်အားလျော်သော ကြရိယာပုထ်ဝိဟာရဖြင့် နေ၏။ ဤတွင် တရပ်ပြီး၏။

ဤသည်ကား အာကာသာနဉ္စာယတနကမ္မဋ္ဌာန်း၌ အကျယ်ပြဆိုသော စကားပေတည်း။

(၁-အာကာသာနဉ္စာယတနအဖွင့် ပြီး၏)။

၂-ဝိညာဏဉ္စာယတနအဖွင့်

၂၀၁။ ထိုမှတပါး ဝိညာဏဉ္စာယတနစျာန်ကို ပွါးစေလိုသော ယောဂီသည် ငါးပါးသော အခြင်းအရာတို့ဖြင့် အာကာသာနဉ္စာယတနသမာပတ်၌ လေ့ကျင့်ပြီးသော၀သီဘော်ရှိသည်ဖြစ်၍ "ဤအာကာသာနဉ္စာယတနသမာပတ်သည် ရူပါ၀စရစျာန်ဟူသော ရန်သူနှင့် နီး၏။ ဝိညာဏဉ္စာယတနစျာန်ကဲ့သို့လည်း မငြိမ်သက်ပေ" ဟု အာကာသာနဉ္စာယတနစျာန်၌ အပြစ်ကို ရှုမြင်ပြီးလျှင် ယင်းစျာန်၌ နှစ်သက် တွယ်တာမှုကို ကုန်စေ၍ ဝိညာဏဉ္စာ

မှတ်ချက်

၁–ဝိသုဒ္ဓိမဂ်၌ အာယတနပုဒ်၏ အနက်ကို တည်ရာဟု သိစေရန် အဓိဋ္ဌာနဋ္ဌေန တည်ရာဟူသော အနက်ကြောင့်ဟု ဖွင့်ပြထား၏။ ဤ၌ကား တည်ရာ အာယတနဟု အနက် ပြန်ထားသောကြောင့် ထိုအဖွင့်ပုဒ် မလိုတော့ပေ၊ ထို့ကြောင့် ထိုပုဒ်ကို ခြွင်းချန်ထားသည်။

http://www.dhammadownload.com

ယတနစျာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းပြီးလျှင် ထိုအနန္တ အာကာသကို ဖြန့်၍ အာရုံပြု၍ ဖြစ်သော ထိုအာကာသာနဉ္စာယတန ဝိညာဏ်ကို "ဝိညာဏ် ဝိညာဏ်"ဟု အဖန်တလဲလဲ နှလုံးသွင်းအပ်၏၊ စိတ်၌ ထားအပ်၏၊ ဆင်ခြင်အပ်၏၊ ကြံစည်မှုဖြင့် ထုနှက်သလို နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ ထုနှက်သလို အဖန်ဖန် နှလုံးသွင်းခြင်းကို ပြုအပ်၏။ အနန္တံ အနန္တံ-အဆုံးအပိုင်းအခြားမရှိ အဆုံးအပိုင်းအခြားမရှိဟု (ဤသို့ချည်းသက်သက်)ကား နှလုံးမသွင်းအပ်ပေ ၂။

ဤဆိုခဲ့သည့်အတိုင်း ထိုအာကာသာနဉ္စာယတနဝိညာဏ်နိမိတ်၌ အဖန်တလဲလဲ ဘာဝနာစိတ်ကို သွားစေ ဖြစ်စေသော ထိုယောဂီအား နိဝရဏတို့သည် ကွာကုန်၏၊ (အာကာသာနဉ္စာယတနစိတ်ဝိညာဏ်လျှင် အာရုံရှိသော) အမှတ်ရမှု-သတိသည် ကောင်းစွာ တည်၏၊ ဥပစာရသမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာ တည်ကြည်၏။ ထိုယောဂီသည် ထို အာကာသာနဉ္စာယတနဝိညာဏ်ဟူသော အာရုံနိမိတ်ကို အဖန်ဖန် မှီဝဲ၏

မှတ်ချက်

၁–နောက်၌ ပြလတ္တံ့သော သာဓကပါဠိဋ္ဌဉ်၊ ယင်း၏ အဖွင့်ဋ္ဌဉ် အနန္တံ ဝိညာဏန္တိဟု ရှိသောကြောင့် ဤဋ္ဌလည်း အနန္တံ ဝိညာဏံ အနန္တံ ဝိညာဏန္တိဟု ရှိသင့်၏။ ထိုသို့ ရှိလျှင် "အဆုံးအပိုင်းအခြားမရှိသော ဝိညာဏ် အဆုံးအပိုင်းအခြား မရှိသော ဝိညာဏ်"ဟု ဤသို့ ပြန်ရာ၏။

၂–အနန္တံ အနန္တံ ဟူသည်ကား သက်သက် အနန္တံ အနန္တံဟု နှလုံးမသွင်းအပ် မပွါးစေအပ်၊ အနန္တံ ဝိညာဏံ အနန္တံ ဝိညာဏံဟူ၍ မူကား နှလုံးသွင်းအပ်၏၊ ဝိညာဏံ ဝိညာဏံ ဟူ၍သော်လည်း နှလုံးသွင်းအပ်၏၊ (ဋီကာ) ဤအဏ္ဏံ အနန္တံ အနန္တံ ဟူ၍ သက်သက် နှလုံးမသွင်းအပ် ဟူသော စကားကို ထောက်လျှင် ရွေ့နှားက နှလုံးသွင်းပုံ၌ အနန္တံ ဝိညာဏံ အနန္တံ ဝိညာဏန္တိ ဟု မူလရင်းပါဠိရှိခဲ့ဟန် တူပေသည်။

http://www.dhammadownload.com

(ထိုနိမိတ်လျှင် အာရုံရှိသော ဘာဝနာစိတ်ကို) ပွါးစေ၏ အကြိမ်များစွာ ပြု၏။ ဤသို့ပြုနေသော ထိုယောဂီအား(ကသိုဏ်းကို ခွါခြင်းဖြင့်ပြီးသော) အာကာသဋ္ဌ အာကာသာနဉ္စာယတနစျာန်စိတ်သည် အပွနာ၏ အစွမ်းအားဖြင့် ဖြစ်သကဲ့သို့ (ကသိုဏ်းကို ခွါခြင်းဖြင့် ပြီးသော) အာကာသဋ္ဌ ပြန့်နှံ့၍ဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်ဋ္ဌ ဝိညာဏဉ္စာယတန စျာန်စိတ်သည် အပွနာ၏အစွမ်းအားဖြင့် ဖြစ်၏။ ဤဝိညာဏဉ္စာယတန စျာန်ဋ္ဌ အပွနာဖြစ်ပုံနည်းကိုမူ ပဌမအရူပစျာန်ဋ္ဌ ဆိုခဲ့သောနည်းဖြင့် ပင်လျှင် (၀၊-မရဏသတိနိဒ္ဒေသဋ္ဌ ဆိုခဲ့သောနည်းဖြင့်ပင်လျှင်) သိအပ်၏[၁]။ ဆက်၍ပြဦးအံ့ - ဤမျှသော ဘာဝနာအစဉ်ဖြင့် ဤယောဂီသည် (၀၊-ဤယောဂီကို)

မှတ်ချက်

၁ – ဤစကားဖြင့် အဋ္ဌကထာ နှာ ၃၂၁-တတိယအပိုဒ် နောက်ဆုံး ၃-ကြောင်းဋ္ဌ ဆိုခဲ့သည်ကို ပြန်၍ ညွှန်းသည် ဟူ၍ငင်း တနည်းအားဖြင့် မရဏသတိအရာ စာပိုဒ်နံပါတ် ၁၁၇-ဋ္ဌ ပြခဲ့သည်ကို ပြန်၍ညွှန်းသည်ဟူ၍ငင်း ဋ္ဌီကာဋ္ဌ ဖွင့်ပြ၏၊ အောက်ပါမှာ တနည်း ဖွင့်ပြသော ထိုဋ္ဌီကာ၏ မြန်မာပြန်ဖြစ်သည်။

တနည်းအားဖြင့် အပွနာဖြစ်ပုံနည်း ဟူသည်ကား သဘောကဏ္ဍဖြစ်သော အာရုံဋ္ဌသော်လည်း စျာန်၏ အပွနာဖြစ်ပုံနည်းကို "အာရုံကို လွန်မြောက်သော ဘာဝနာ၏ အစွမ်းအားဖြင့် အရူပစျာန်သည် အပွနာသို့ ရောက်၏၊ မှန်ပေ၏ – အပွနာသို့ ရောက်ပြီးသားဖြစ်သော စျာန်၏ အောက်စျာန်အာရုံကို လွန်မြောက်ခြင်းမျှသည် ထို အထက် အရူပစျာန် အပွနာသို့ ရောက်ရာဋ္ဌ ဖြစ်ပေသည်" ဟု မရဏသတိ နိဒ္ဒေသဋ္ဌ ဆိုခဲ့ပြီးသောနည်းဖြင့် သိအပ်၏။ (ဋ္ဌီကာ) အတိုချုပ်အားဖြင့် ဆိုလိုသည်မှာ အထက်စျာန်၏ အပွနာရောက်ခြင်းသည် အောက်စျာန်၏ အာရုံကို စွန့်၍ အာရုံအသစ်ဋ္ဌ သက်ဝင်ခြင်းမျှသာ ဖြစ်သည်ဟု ဆိုလို၏။

http://www.dhammadownload.com

"(သဗ္ဗသော အာကာသာနဉ္စာယတနံ သမတိက္ကမ္မ အနန္တံ ဝိညာဏန္တိ ဝိညာဏဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ) ခပ်သိမ်းသော အခြင်းအရာအားဖြင့် (ဝါ-အလုံးစုံသော) အာကာသာနဉ္စာယတန စျာန်နှင့် အာရုံကို လွန်မြောက်၍ အဆုံးအပိုင်းအခြားမရှိသော ဝိညာဏ်ဟု နှလုံးသွင်းလျက် ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေသည်"ဟု ဆိုအပ်ပေသည်။

၂၀၂။ ထိုစကားရပ်၌ သဗ္ဗသော–ဟူသော ဤပုဒ်မှာ ဖွင့်ဆိုခဲ့ပြီးသော နည်း ရှိသည်သာတည်း။ အာကာသာနဉ္စာယတနံ သမတိက္ကမ္မ-ဟူရာ၌ကား ရှေး၌ ဆိုခဲ့ပြီးသောနည်းဖြင့် စျာန်သည်လည်း အာကာသာနဉ္စာယတန မည်၏၊ [၃၂၆] အာရုံသည်လည်း (မည်၏)။ မှန်ပေ၏—အာရုံသည်လည်း ရှေး၌ ဆိုခဲ့သောနည်းဖြင့်ပင် (အာကာသာနဉ္စ) အဆုံးအပိုင်းအခြား မရှိသော ကောင်းကင်လည်း ဟုတ်၏၊ ၎င်းသည် ပဌမအရူပစျာန်၏ အာရုံ ဖြစ်သောကြောင့် နတ်တို့၏ တည်ရာသည် ဒေဝါယတန မည်သကဲ့သို့ (အာယတန) တည်ရာအာရုံလည်း ဟုတ်၏၊ ထိုနှစ်ပါးသောအကြောင်း ကြောင့် အာကာသာနဉ္စာယတန မည်ပေ၏။ ထို့အတူ အာကာသာနဉ္စ လည်း ဟုတ်၏၊ ၎င်းသည် ထိုစျာန်၏ ဖြစ်ရာအကြောင်းဖြစ်သောကြောင့် "ကမ္မောဇတိုင်းသည် မြင်းတို့၏ ဖြစ်ရာတည်း" ဤသို့ အစရှိသော စကား ရပ်တို့ဦးကဲ့သို့[1] ဖြစ်ရာအရပ်ဟူသော အနက်အားဖြင့် အာယတနလည်း ဟုတ်၏၊ ဤနှစ်ပါးသောအကြောင်းကြောင့်လည်း အာကာသာနဉ္စာယတန မည်ပေ၏။ ဤဆိုခဲ့သည့်အတိုင်း စျာန်နှင့် အာရုံဟူသော ဤ အာကာသာ နဉ္စာယတန နှစ်ပါးလုံးကို မဖြစ်အောင်ပြုခြင်းအားဖြင့်ဝင်း၊ နှလုံးမသွင်း

မှတ်ချက်

၁–စာကိုယ်၌ အာဒီနိ-ဟု ဆိုသော်လည်း အာဒီသု-ရှိလျှင် သာ၍ စကားချော သောကြောင့် အထက်ပါအတိုင်း အာဓာရအနက် ပြန်ထားသည်။

http://www.dhammadownload.com

ခြင်းအားဖြင့်ဂင်း လွန်မြောက်ပြီးမှသာလျှင် ဤဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေနိုင်ပေသည်၊ ထို့ကြောင့် စျာန်နှင့် အာရုံ ထိုနှစ်ပါးလုံးကို တပေါင်းတည်းပြု၍ "အာကာသာနဉ္စာယတနကို လွန်မြောက်၍"ဟူသော ဤစကားကို ဟောတော်မူသည်ဟု သိအပ်ပေ၏။

အနန္တံ ဝိညာဏံ-ဟူရာ၌ "အနန္တော အာကာသော-အဆုံးအပိုင်းအခြား မရှိသော ကောင်းကင်"ဟု ဤသို့ ဖြန့်၍ နှလုံးသွင်း၍ ဖြစ်သော ထို အာကာသာနဉ္စာယတနဝိညာဏ်ကိုပင်လျှင် "အနန္တံ ဝိညာဏံ-အဆုံးအပိုင်း အခြား မရှိသော ဝိညာဏ်"ဟု ဤသို့ နှလုံးသွင်းလျက်-ဟု ဆိုလို၏။ တနည်းကား (အကြွင်းမဲ့ အလုံးစုံအားဖြင့်) နှလုံးသွင်းခြင်း၏ အစွမ်းအားဖြင့် အနန္တ-အဆုံးအပိုင်းအခြား မရှိသည် မည်၏[၁]။ မှန်ပေ၏— ထိုယောဂီသည် ကသိုဏ်းကို ခွါခြင်းဖြင့် ပြီးသော ထိုအာကာသကို အာရုံပြုနေသော ထိုဝိညာဏ်ကို အကြွင်းမဲ့အားဖြင့် နှလုံးသွင်းလတ်သော် အဆုံးအပိုင်းအခြား မရှိဟု နှလုံးသွင်းသည် မည်၏။ ဝိဘင်းပါဠိတော်၌—

> "(အနန္တံ ဝိညာဏန္တိ တံယေဝ အာကာသံ ဝိညာဏေန ဖုဋ္ဌံ မနသိကရောတိ၊ အနန္တံ ဖရတိ၊ တေန ဝုစ္စတိ အနန္တံ ဝိညာဏန္တိ)

မှတ်ချက်

၁–ရှေး၌ အနန္တ အာကာသကို အာရုံပြုခြင်းအလိုအားဖြင့် ပဌမ အရူပဝိညာဏ်ကို ဒုတိယ အရူပဟူသော မိမိ၏ ဖြန့်ပုံ-ချုပုံ အခြင်းအရာဖြင့်သာလျှင် အနန္တ-ဟု နှလုံးသွင်းအပ်သည်၏ အဖြစ်ကြောင့် "အနန္တံ ဝိညာဏံ" ဟုဆိုအပ်ခဲ့လေပြီ၊ ထို့ကြောင့် "တနည်းကား နှလုံးသွင်းခြင်း၏ အစွမ်းအားဖြင့် အနန္တ မည်၏"ဟု မိန့်ဆိုပြန်လေသည်။အကြွင်းမဲ့ အလုံးစုံအားဖြင့် နှလုံးသွင်းခြင်း၏ အစွမ်းအားဖြင့်၊ဤကား ဆိုလိုသော အဓိပ္ပါယ်ပေတည်း။ (ဋီ) ဤ အလိုအားဖြင့် အနန္တ-ဟူသည်မှာ အကန့်အသတ် အပိုင်းအခြား မရှိပဲ အဆုံးမရှိ-အလုံးစုံ-ဟု ဆိုလို၏။

http://www.dhammadownload.com

အနန္တံ ဝိညာဏံ-ဟူသည်ကား (အကြင်အာကာသကို)အဆုံးမရှိဟု နှလုံးသွင်းလျက်ဖြန့်၏၊အဆုံးမရှိဟု နှလုံးသွင်းလျက် ဖြန့်အပ်သော ထိုအာကာသကိုပင်လျှင် ပြန့်နှံ့သော (ဝိညာဏေန) ဝိညာဏ်ကို နှလုံးသွင်း၏[1]၊ ထို့ကြောင့် အနန္တံ ဝိညာဏံ-ဟု ဆိုအပ်၏"ဟူ၍—

အကြင်စကားကို ဟောထား၏၊ ထိုစကား၌ ဝိညာဏေန-ဟူသော ပုဒ်ဝယ် ကရိဏ်းဝိဘတ်ကို ကံအနက်၌ ဖြစ်သည်ဟု သိအပ်၏။ မှန်ပေ၏-ထိုပုဒ်၏ အနက်ကို အဋ္ဌကထာဆရာတို့သည် ဤအတိုင်းပင်ဖွင့်ပြကြကုန်၏၊"(အကြင် အာကာသကို) အဆုံးမရှိဟု ဖြန့်၏၊ ထိုအာကာသကိုပင်လျှင် ပြန့်နှံ့သော ဝိညာဏ်ကို နှလုံးသွင်း၏[2]"ဟု ဆိုလိုပေ၏။

ဝိညာဏဉ္စာယတနစျာန်သို့ရောက်၍ နေ၏-ဟူသော ဤစကားရပ်၌ကား ထိုအာကာသာနဉ္စာယတနဝိညာဏ်မှာ (အနန္တ) အဆုံးမရှိပေ၊ ထို့ကြောင့် (ယင်းဝိညာဏ်သည်)အနန္တမည်၏၊ အနန္တသည်ပင်လျှင် အာနဉ္စမည်ပြန်၏၊ ဝိညာဏနှင့် အာနဉ္စ-ကို တွဲ၍ ဝိညာဏာနဉ္စဟု ဆိုသင့်လျက် ထိုသို့ မဆိုမူ၍ ဝိညာဏဉ္စ-ဟု ဆိုထားပေသည်။ မှန်ပေ၏-ဤဝိညာဏဉ္စ-သဒ္ဒါသည် ထိုဝိညာဏာနဉ္စ ပုဒ်၏အနက်၌ တက်သော ထင်သော ရုဋ္ဌိသဒ္ဒါပေတည်း။ အဆုံးမရှိသော အာကာသာနဉ္စာယတနဝိညာဏ်ဟူသော ထိုဝိညာဏဉ္စသည် နတ်တို့၏ တည်ရာသည် ဒေဝါယတနမည်သကဲ့သို့ ယှဉ်ဘက်တရားအပေါင်း နှင့်တကွ ဖြစ်သော ဤဒုတိယရူပစျာန်၏ တည်ရာ အာယတနပေတည်း၊

မှတ်ချက်

၁–ဤပါဠိနှင့် အနက်အဖွင့်မျှားသည် ပါဠိကျမ်းတတ် ပုဂ္ဂိုလ်မြတ်ကြီးတို့၏ အရာသာ ဖြစ်သည်။ အလွန်ခက်ခဲ နက်နဲလှ၏။

http://www.dhammadownload.com

ထို့ကြောင့်(ထိုဒုတိယအရူပစျာန်သည်)ဝိညာဏဉ္စာယတနမည်၏[1]။အကြွင်းသည် ရှေးနှင့်တူသည်သာတည်း။ ဤတွင်တရပ်ပြီး၏။။

ဤသည်ကား ဝိညာဏဉ္စာယတနကမ္မဋ္ဌာန်း၌ အကျယ်ပြဆိုသော စကားပေတည်း။

(၂-ဝိညာဏဉ္စာယတနအဖွင့် ပြီး၏)။

၃-အာကိဉ္စညာယတနအဖွင့်

၂၈၃။ ထိုမှတပါး အာကိဉ္စညာယတနစျာန်ကို ပွါးစေခြင်းငှါ အလို ရှိသော ယောဂီသည် ငါးပါးသော အခြင်းအရာတို့ဖြင့် ဝိညာဏဉ္စာယတန သမာပတ်၌ လေ့ကျင့်ပြီးသော ဝသီဘော်ရှိသည်ဖြစ်၍ "ဝိညာဏဉ္စာယတန သမာပတ်သည် အာကာသာနဉ္စာယတနစျာန် ဟူသော ရန်သူနှင့် နီး၏၊ အာကိဉ္စညာယတနစျာန်ကဲ့သို့လည်း မငြိမ်သက်ပေ"ဟု [၃၂၇] ဝိညာဏဉ္စာယတနစျာန်၌ အပြစ်ကို ရှုမြင်ပြီးလျှင် ယင်းစျာန်၌ နှစ်သက်တွယ်တာမှုကို ကုန်စေ၍ အာကိဉ္စညာယတနစျာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းပြီးလျှင် ဝိညာဏဉ္စာယတနစျာန်၏ အာရုံဖြစ်သော ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ပင်လျှင် မရှိခြင်း(ဟူသော နတ္ထိဘောပညတ်)ကို ဆိတ်ခြင်းဟူသော ကင်းသော အခြင်းအရာကို နှလုံးသွင်းအပ်၏။ အဘယ်သို့နည်း?ဟူမူ-ထိုအာကာသာနဉ္စာယတနဝိညာဏ်ကို နှလုံးမသွင်းမူ၍"မရှိမရှိ" ဟုဖြစ်စေ၊"ဆိတ်သည်ဆိတ်သည်"ဟု ဖြစ်စေ၊ "ကင်းသည် ကင်းသည်"ဟု

မှတ်ချက်

၁–ဝိညာဏ+အနန္တ·မှ ဝိညာဏာနန္တ ဖြစ်သည်၊ ထိုမှ တဖန် ဝိညာဏာနဉ္စ= ဝိညာဏဉ္စ-ဟု ဖြစ်သည်၊ အဆုံးမရှိသော ဝိညာဏ်-ဟု အနက်ရ၏၊ ယင်း ဝိညာဏဉ္စသည် ဒုတိယ အရူပစျာန်၏ တည်ရာ အာရုံဖြစ်သောကြောင့် ဝိညာဏဉ္စာယတန မည်သည်။

http://www.dhammadownload.com

ဖြစ်စေ အဖန်တလဲလဲ နှလုံးသွင်းအပ်၏၊ စိတ်၌ထားအပ်၏၊ ဆင်ခြင်အပ်၏၊ ကြံစည်မှုဖြင့် ထုနှက်သလို နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ ထုနှက်သလို အဖန်ဖန် နှလုံးသွင်းခြင်းကို ပြုအပ်၏။

ဤဆိုခဲ့သည့်အတိုင်း (အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်းဟူသော) ထိုနတ္ထိဘောပညတ်နိမိတ်၌ စိတ်ကို သွားစေ-ဖြစ်စေသော ထိုယောဂီအား နီဝရဏတို့သည် ကွာကုန်၏၊ (နတ္ထိဘောပညတ်နိမိတ်လျှင် အာရုံရှိသော) အမှတ်ရမှု-သတိသည် ကောင်းစွာတည်၏၊ဥပစာရသမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာတည်ကြည်၏။ ထိုယောဂီသည် ထိုနတ္ထိဘောပညတ်နိမိတ်ကို အဖန်ဖန်မှီဝဲ၏ (ထိုနိမိတ်လျှင် အာရုံရှိသော ဘာဝနာစိတ်ကို) ပွါးစေ၏ အကြိမ်များစွာပြု၏။ ဤသို့ ပြုနေသော ထိုယောဂီအား အာကာသဉ္စ ပြန့်နှံ့၍ဖြစ်သော အာကာသာနဉ္စာယတန မဟဂ္ဂုတ်ဝိညာဏ်၌ ဝိညာဏဉ္စာယတနစျာန်စိတ် ဖြစ်သကဲ့သို့ အာကာသကို ပြန့်နှံ့၍ဖြစ်သော ထို အာကာသာနဉ္စာယတန မဟဂ္ဂုတ်ဝိညာဏ်၏ပင်လျှင် ဆိတ်ခြင်း ကင်းခြင်းမရှိခြင်းဟူသော နတ္ထိဘောပညတ်၌ အာကိဉ္စညာယတနစျာန်စိတ်သည် အပွနာ၏ အစွမ်းအားဖြင့် ဖြစ်၏။ ဤအာကိဉ္စညာယတနစျာန်၌လည်း အပွနာဖြစ်ပုံနည်းကို ဆိုခဲ့ပြီးသောနည်းဖြင့်ပင် သိအပ်ပေသည်။

ယခုဆိုမည့် အခြင်းအရာသည်ကား အထူးပေတည်း၊ ထိုအာကိဉ္စညာယတနအပွနာစိတ် ဖြစ်လတ်သော် ထိုယောဂီရဟန်းသည်[၁] ဥပမာအားဖြင့် (ပြရလျှင်)လူတယောက်သည်[၂] တန့်ဆောင်းဝန်းစသည်တို့၌ တစုံတခုသော

မှတ်ချက်

၁–ထိုယောဂီ ရဟန်းသည်....ဤအတူပင်....ရှုလျက် နေခဲ့ပြီးလျှင် .... ရှုလျက်.... နေ၏-ဟု စပ်ပါ။

၂–လူတယောက်သည်....တွေ့မြင်ပြီးနောက် .. သွားပြီးလျှင်....ပြန်လာ၍....တည်လျက်... တဖန် ကြည့်လတ်သော်....တွေ့မြင်၏-ဟု စပ်ပါ။

http://www.dhammadownload.com

ကိစ္စဖြင့် စည်းဝေးနေသော ရဟန်းအပေါင်းသံဃာကို တွေ့မြင်ပြီးနောက် တစုံတခုသော အရပ်သို့သွားပြီးလျှင် ရဟန်းတို့သည် စည်းဝေးခြင်း၏ အကြောင်းရင်းကိစ္စ ပြီးဆုံးသောအခါ၌ပင်လျှင် (ထိုအရပ်မှ) ဖဲခွါသွား ကုန်လတ်သော် ပြန်လာ၍ တံခါးပေါက်၌တည်လျက် ထိုသံဃာစည်းဝေးရာ ဌာနကို တဖန်ကြည့်လတ်သော် (ရဟန်းတို့မှ) ဆိတ်နေသည်ကိုသာ တွေ့မြင်၏၊ ကင်းနေသည်ကိုသာ တွေ့မြင်၏၊ ထိုလူမှာ "ဤမျှသော ရဟန်းတို့သည် သေကုန်ပြီဟူ၍သော်၎င်း၊ အရပ်မျက်နှာများသို့ ခရီးထွက်သွားကုန်ပြီဟူ၍သော်၎င်း" ဤသို့ကား မကြံမတွေးမိပေ၊ စင်စစ်သော်ကား "ဤအရပ်သည် (ရဟန်းတို့မှ) ဆိတ်နေ၏ ကင်းနေ၏"ဟု (ရဟန်းတို့၏) မရှိခြင်းကိုသာလျှင် တွေ့မြင်သကဲ့သို့ ဤအတူပင် ရှေးအခါက အာကာသဋ္ဌဖြစ်စေအပ်ပြီးသော အာကာသာနဉ္စာယတနဝိညာဏ်ကို ဝိညာဏဉ္စာယတနစျာန်မျက်စိဖြင့် ရှုလျက် နေခဲ့ပြီးလျှင် (ယခုအခါ) "မရှိ မရှိ" ဤသို့ စသည်ဖြင့်ဖြစ်သော ပရိကံနှလုံးသွင်းမှုဖြင့် ထို အာကာသာနဉ္စာယတန-ဝိညာဏ် ကွယ်သွားလတ်သော် ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ ကင်းခြင်းဟု ဆိုအပ်သော မရှိခြင်း အဘာဝပညတ်ကိုသာလျှင် (ဘာဝနာစိတ်ဖြင့်) ရှုလျက် နေ၏။ ဤမျှသော ဘာဝနာအစဉ်ဖြင့် ဤယောဂီသည် (ဝါ-ဤယောဂီကို)

> "(သဗ္ဗသော ဝိညာဏဉ္စာယတနံ သမတိက္ကမ္မ နတ္ထိ ကိဉ္စီတိ အာကိဉ္စညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ (ခပ်သိမ်းသော အခြင်းအရာအားဖြင့် (ဝါ-အလုံးစုံသော) ဝိညာဏဉ္စာယတန (စျာန်နှင့်ယင်း၏အာရုံ)ကို လွန်မြောက်၍ စိုးစဉ်းအနည်းငယ်မျှ မရှိ-ဟုနှလုံးသွင်းလျက် အာကိဉ္စညာယတနစျာန်သို့ရောက်၍ နေသည်"ဟု ဆိုအပ်ပေသည်။

http://www.dhammadownload.com

၂၀၄။ ဤပါဠိဋ္ဌလည်း သဗ္ဗသော-ဟူသော ဤပုဒ်မှာ ဖွင့်ဆိုခဲ့ပြီးသော နည်းရှိသည်သာတည်း။ ထို့ပြင် ဝိညာဏဉ္စာယတနံ-ဟူသော ဤပုဒ်၌လည်း ရှေးဦးဆိုခဲ့သော နည်းဖြင့်ပင်လျှင် ဈာန်သည်လည်း ဝိညာဏဉ္စာယတန မည်၏ အာရုံသည်လည်း (မည်၏)။ မှန်ပေ၏-အာရုံသည်လည်း ရှေးဦး ဆိုခဲ့သော နည်းဖြင့်ပင် ဝိညာဏဉ္စလည်း မည်၏၊ ၎င်းသည် ဒုတိယ အရူပ ဈာန်၏ အာရုံဖြစ်သောကြောင့် နတ်တို့၏တည်ရာသည် ဒေဝါယတနမည် သကဲ့သို့ တည်ရာဟူသော အနက်ကြောင့် အာယတနလည်း မည်၏၊ ထို့ကြောင့်[၃၂၀] ဝိညာဏဉ္စာယတန မည်၏။ ထို့အတူပင် ဝိညာဏဉ္စလည်း မည်၏၊ ၎င်းအာရုံသည် ဒုတိယအရူပဈာန်၏ပင်လျှင် ဖြစ်ရာအကြောင်း ဖြစ်သောကြောင့် "ကမ္မောဇတိုင်းသည် မြင်းတို့၏ဖြစ်ရာ (အာယတန) ပေတည်း" ဤသို့ အစရှိသော စကားရပ်တို့၌ကဲ့သို့ ဖြစ်ရာအရပ်ဟူသော အနက်အားဖြင့် အာယတနလည်း မည်၏၊ ဤနှစ်ပါးသော အကြောင်း ကြောင့်လည်း ဝိညာဏဉ္စာယတန မည်ပေ၏။ ဤဆိုခဲ့သည့်အတိုင်း ဈာန်နှင့် အာရုံဟူသော ဤဝိညာဏဉ္စာယတန နှစ်ပါးလုံးကို မဖြစ်အောင်ပြုခြင်း အားဖြင့်၎င်း၊ နှလုံးမသွင်းခြင်းအားဖြင့်၎င်း လွန်မြောက်ပြီးမှသာလျှင် ဤ အာကိဉ္စညာယတနဈာန်သို့ ရောက်၍ နေနိုင်ပေသည်၊ ထို့ကြောင့် ဈာန်နှင့် အာရုံ ထိုနှစ်မျိုးလုံးကို တပေါင်းတည်း ပြု၍ "ဝိညာဏဉ္စာ-ယတနကို လွန်မြောက်၍" ဟူသော ဤစကားကို ဟောတော်မူသည်ဟု သိအပ်ပေ၏။

နတ္ထိ ကိဉ္စိ-ဟူရာ၌ (နတ္ထိ နတ္ထိ)မရှိ မရှိ, (သုညံ သုညံ)ဆိတ်သည် ဆိတ်သည်, (ဝိဝိတ္တံ ဝိဝိတ္တံ) ကင်းသည် ကင်းသည်-ဟု ဤသို့ နှလုံးသွင်း လျက်ဟု ဆိုလိုပေ၏။ ဝိဘင်းပါဠိတော်၌—

http://www.dhammadownload.com

"နတ္ထိ ကိဉ္စိ-ဟူသည်ကား ထို(အာရုံဖြစ်သော ပဌမအရူပ) ဝိညာဏ်ကိုပင်လျှင် မရှိသည်ကို ပြု၏ (၀ါ-မရှိအောင် နှလုံးသွင်း၏) ကင်းသည်ကို ပြု၏(၀ါ-ကင်းအောင် နှလုံးသွင်း၏) ကွယ်ပျောက်စေ၏ စိုးစဉ်းအနည်းငယ်မျှ မရှိဟု ရှု၏၊ ထို့ကြောင့် နတ္ထိ ကိဉ္စိ-ဟု ဆိုအပ်၏ "ဟူ၍....

အကြောင်စကားကို ဟောထား၏။ ထိုစကားမှာ ကုန်သောအားဖြင့် သုံးသပ်သော ဘင်္ဂဉာဏ် (ရှုပုံ) ကဲ့သို့ အကယ်၍ကား ဟောထားခြင်း ဖြစ်ပေ၏၊ သို့သော်လည်း ထိုစကား၏အနက်ကို ဤသို့သာလျှင် မှတ်အပ်ပေသည်.... အာရုံဖြစ်သော ထိုအာကာသာနဉ္စာယတနဝိညာဏ်ကို နှလုံးမသွင်းပဲ စိတ်၌ မထားပဲ မဆင်ခြင်ပဲ ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်း ဆိတ်ခြင်း ကင်းခြင်းသက်သက်ကိုသာလျှင် နှလုံးသွင်းလျက် မရှိသည်ကို ပြု၏ ကင်းသည်ကိုပြု၏ ကွယ်ပျောက်စေ၏ဟူ၍ ဆိုအပ်ပေသည်၊ အခြားတပါးသော အခြင်းအရာအားဖြင့် ဆိုအပ်သည်မဟုတ်ပေ-ဟု ဤသို့သာလျှင် မှတ်အပ်ပေသည်။

အာကိဉ္စညာယတနစျာန်သို့ရောက်၍ နေ၏-ဟူသော ဤစကားရပ်၌ကား ထိုအာကာသာနဉ္စာယတနစျာန်စိတ်၏ စိုးစဉ်းအနည်းငယ်မျှပင် မရှိတော့ပေ၊ ထို့ကြောင့် ယင်းစိတ်သည် အကိဉ္စနမည်၏၊ ထိုစျာန်စိတ်၏ အကြွင်းအကျန်သည် အယုတ်ဆုံးအားဖြင့် ဘင်ခဏမျှသော်လည်း မရှိတော့ပေ-ဟု ဆိုလို၏။ (အကိဉ္စန) စိုးစဉ်းအနည်းငယ်မျှပင် အကြွင်းအကျန်မရှိသော စျာန်စိတ်၏ အဖြစ်သည် အာကိဉ္စည မည်၏၊ ဤအမည်သည် အာကာသာနဉ္စာယတနဝိညာဏ်၏ ကင်းခြင်း မရှိခြင်း၏ အမည်ပေတည်း။ ထို ပဌမအရူပဝိညာဏ်၏ စိုးစဉ်းမျှ မရှိခြင်းဟူသော အာကိဉ္စညသည် နတ်တို့၏

http://www.dhammadownload.com

တည်ရာသည် ဒေဝါယတနမည်သကဲ့သို့ ထို တတိယအရူပစျာန်၏ တည်ရာ ပေတည်း။ ဤတွင်တရပ်ပြီး၏။

ဤသည်ကား အာကိဉ္စညာယတနကမ္မဋ္ဌာန်း၌ အကျယ်ပြဆိုသော စကားပေတည်း။

(၃-အာကိဉ္စညာယတနအဖွင့် ပြီး၏)။

၄-နေဝသညာနာသညာယတနအဖွင့်

၂၈၅။ ထိုမှတပါး နေဝသညာနာသညာယတနစျာန်ကို ပွါးစေခြင်းငှါ အလိုရှိသော ယောဂီသည် ငါးပါးသောအခြင်းအရာတို့ဖြင့် အာကိဉ္စညာ ယတနသမာပတ်၌ လေ့ကျင့်ပြီးသော ဝသီဘော်ရှိသည်ဖြစ်၍ "ဤအာ-ကိဉ္စညာယတနသမာပတ်သည် ဝိညာဏဉ္စာယတနစျာန် ဟူသော ရန်သူနှင့် နီး၏၊ နေဝသညာနာသညာယတနစျာန်ကဲ့သို့လည်း မငြိမ်သက်ပေ" ဟူ၍ သော်၎င်း၊ "သညာသည် ရောဂါတည်း၊ သညာသည် အိုင်းအမာနှင့်တူ၏၊ သညာသည် စူးဝင်နေသော ငြောင့်နှင့်တူ၏၊ ကြမ်းတမ်းသောသညာ မရှိ မူ၍ သိမ်မွေ့သောသညာမကင်းသော ထိုနေဝသညာနာသညာယတနစျာန် သည် ငြိမ်သက်ပေ၏ မွန်မြတ်ပေ၏" ဟူ၍သော်၎င်း ဤသို့ အာကိဉ္စညာ ယတနစျာန်၌ အပြစ်ကိုမြင်၍၎င်း၊ အထက်စျာန်၌ အာနိသင်အကျိုးကို မြင်၍၎င်း အာကိဉ္စညာယတနစျာန်၌ နှစ်သက်တွယ်တာခြင်းကို ကုန်စေ၍ နေဝသညာနာသညာယတနစျာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍[1] အာကာသာနဉ္စာယတနစျာန်၏ မရှိခြင်းဟူသော အဘာဝပညတ်ကို အာရုံ ပြု၍ ဖြစ်စေအပ်ပြီးသော ထို အာကိဉ္စညာယတနသမာပတ်ကိုပင်လျှင်

မှတ်ချက်

၁–နှလုံးသွင်း၍...."ငြိမ်သက်စွ ငြိမ်သက်စွ"ဟု တဖန်တလဲလဲ နှလုံးသွင်းအပ်၏-ဟု စပ်ပါ။

http://www.dhammadownload.com

"ငြိမ်သက်စွ ငြိမ်သက်စွ" ဟု [၃၂၆] အဖန်တလဲလဲ နှလုံးသွင်းအပ်၏ စိတ်၌ထားအပ်၏ ဆင်ခြင်အပ်၏၊ ကြံစည်မှုဖြင့် ထုနှက်သလို နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ ထုနှက်သလို အဖန်ဖန် နှလုံးသွင်းခြင်းကို ပြုအပ်၏။

ဤဆိုခဲ့သည့်အတိုင်း (အာကိဉ္စညာယတနသမာပတ်ဟူသော) ထိုအာရုံနိမိတ်၌ စိတ်ကို အဖန်ဖန်သွားစေ-ဖြစ်စေသော ထိုယောဂီအား နိဝရဏတို့သည် ကွာကုန်၏၊ (အာကိဉ္စညာယတနသမာပတ်နိမိတ်လျှင် အာရုံရှိသော) အမှတ်ရမှု-သတိသည် ကောင်းစွာတည်၏၊ ဥပစာရသမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာတည်ကြည်၏။ ထိုယောဂီသည် ထို(အာကိဉ္စညာယတနသမာပတ်ဟူသော) အာရုံနိမိတ်ကို အဖန်တလဲလဲ မှီဝဲ၏ ပွါးစေ၏ အကြိမ်များစွာပြု၏၊ ဤသို့ ပြုနေသော ထိုယောဂီအား အာကာသာနဉ္စာယတနဝိညာဏ်၏ ကင်းခြင်း-မရှိခြင်းဟူသော နတ္ထိဘောဝပညတ်၌ အာကိဉ္စညာယတနစျာန်စိတ် ဖြစ်သကဲ့သို့ အာကိဉ္စညာယတနသမာပတ်ဟု ဆိုအပ်ကုန်သော လေးပါးသော ခန္ဓာတို့၌ နေဝသညာနာသညာယတနစိတ်သည် အပွနာ၏ အစွမ်းအားဖြင့် ဖြစ်၏။ ဤနေဝသညာနာသညာယတနစျာန်၌ အပွနာဖြစ်ပုံနည်းကိုမူ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သိအပ်ပေ၏။ ဤမျှသော ဘာဝနာအစဉ်ဖြင့် ဤယောဂီသည် (ဝါ-ဤယောဂီကို)-

> "(သဗ္ဗသော အာကိဉ္စညာယတနံ သမတိက္ကမ္မ နေဝသညာနာသညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ) ခပ်သိမ်းသောအခြင်းအရာအားဖြင့် (ဝါ-အလုံးစုံသော) အာကိဉ္စညာယတန(စျာန်နှင့်အာရုံ)ကို လွန်မြောက်၍ နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေသည်" ဟု

ဆိုအပ်ပေသည်။

http://www.dhammadownload.com

၂၈၆။ ဤပါဠိဋ္ဌာန်းလည်း သဗ္ဗသော-ဟူသော ဤပုဒ်မှာ ဖွင့်ဆိုခဲ့ပြီးသော နည်းရှိသည်သာတည်း။ အာကိဉ္စညာယတနံ သမတိက္ကမ္မ-ဟူသော ဤပုဒ်ဋ္ဌာန်လည်း ရှေးဋ္ဌာဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် စျာန်သည်လည်း အာကိဉ္စညာယတန မည်၏၊ အာရုံသည်လည်း (မည်၏)။ မှန်ပေ၏-အာရုံသည်လည်း ရှေးဋ္ဌာဆိုခဲ့သောနည်းဖြင့်ပင် အာကိဉ္စညလည်း မည်၏၊ ၎င်းသည် တတိယအရူပစျာန်၏ အာရုံဖြစ်သောကြောင့် နတ်တို့၏တည်ရာသည် ဒေဝါယတန မည်သကဲ့သို့ တည်ရာဟူသော အနက်ကြောင့် အာယတနလည်း မည်၏၊ ထိုနှစ်ပါးသောအကြောင်းကြောင့် အာကိဉ္စညာယတန မည်၏။ ထို့အတူပင် အာကိဉ္စညလည်း မည်၏၊ ၎င်းသည် ထိုတတိယအရူပစျာန်၏ပင် ဖြစ်ရာအကြောင်း ဖြစ်သောကြောင့် "ကမ္မောဇတိုင်းသည် မြင်းတို့၏ဖြစ်ရာ (အာယတန)ပေတည်း" ဤသို့အစရှိသော စကားရပ်တို့ဌာန်းသို့ ဖြစ်ရာအရပ်ဟူသော အနက်အားဖြင့် အာယတနလည်း မည်၏၊ ထိုနှစ်ပါးသော အကြောင်းကြောင့်လည်း အာကိဉ္စညာယတန မည်ပေ၏။ ဤဆိုခဲ့သည့်အတိုင်း စျာန်နှင့်အာရုံဟူသော ဤ အာကိဉ္စညာယတန နှစ်ပါးလုံးကို မဖြစ်အောင် ပြုခြင်းအားဖြင့်၎င်း၊ နှလုံးမသွင်းခြင်းအားဖြင့်၎င်း လွန်မြောက်ပြီးမှသာလျှင် ဤနေဝသညာနာသညာယတနစျာန်သို့ ရောက်၍နေနိုင်ပေသည်၊ ထို့ကြောင့် စျာန်နှင့်အာရုံ နှစ်မျိုးလုံးကို တပေါင်းတည်းပြု၍ "အာကိဉ္စညာယတနကို လွန်မြောက်၍" ဟူသော ဤစကားကို ဟောတော်မူသည်ဟု သိအပ်ပေ၏။

နေဝသညာနာသညာယတနံ-ဟူသော ဤပုဒ်ဋ္ဌာကား အကြင်သို့ သဘောရှိသော (အလွန်သိမ်မွေစွာသော)သညာ၏ ရှိခြင်းကြောင့် ထိုစတုတ္ထအရူပစျာန်ကို နေဝသညာနာသညာယတနဟူ၍ ဆိုအပ်၏၊ အကြင် အခြင်းအရာအားဖြင့် ကျင့်သော ယောဂီအား (အလွန်သိမ်မွေစွာသော) ထိုသညာသည် ဖြစ်၏၊ ယင်းသညာကို ရှေးဦးစွာပြခြင်းငှါ ဝိဘင်းပါဠိဋ္ဌ

http://www.dhammadownload.com

"နေဝသညီနာသညီ - သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်" ဟူသောပုဒ်ကို ထုတ်ပြီးလျှင် "ထိုအာကိဉ္စညာယတနသမာပတ်ကို ပင်လျှင် ငြိမ်းသက်သောအားဖြင့် နှလုံးသွင်း၏၊ ရုန့်ရင်းသောသခ်ါရတို့မှ ကြွင်းသော အလွန်သိမ်မွေ့သည့် သခ်ါရမျှဖြစ်သော (သခ်ါရာဝသေသ) သမာပတ်ကို ဖြစ်စေ-ပွါးစေ၏၊ ထို့ကြောင့် နေဝသညီနာသညီ-ဟု ဆိုအပ်သည်" ဟု ဟောတော်မူပေသည်။ ထိုစကားရပ်၌ ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၏-ဟူသည်ကား "ဤ အာကိဉ္စညာယတနသမာပတ်သည် ငြိမ်သက်ပေစ့၊ ယင်းသို့ ငြိမ်သက်သောကြောင့်ပင် ပဌမအရှုပဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကိုသော်လည်း အာရုံပြု၍ တည်နိုင်ပါပေ၏" ဟု ဤသို့ ငြိမ်သက်သောအာရုံရှိခြင်းကြောင့် ထိုအာကိဉ္စညာယတနသမာပတ်ကို ငြိမ်သက်ပေစ့ဟု နှလုံးသွင်း၏။

[၃၃၀] ငြိမ်သက်သောအားဖြင့် အကယ်၍ နှလုံးသွင်းငြားအံ့၊ အဘယ်သို့ လွန်မြောက်ခြင်း ဖြစ်သနည်း?ဟူမူ.ဝင်စားရန် အလိုမရှိခြင်းကြောင့် (လွန်မြောက်ခြင်း ဖြစ်ပေသည်)။ ခဲ့၍ပြအံ့ -- ထိုအာကိဉ္စညာယတနသမာပတ်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းငြားသော်လည်း "ငါသည် ဤအာကိဉ္စညာယတနသမာပတ်ကို နှလုံးသွင်းအံ့၊ ဝင်စားအံ့၊ အဓိဋ္ဌာန်အံ့၊ (ဌာန်မှ)ထအံ့၊ ဆင်ခြင်အံ့" ဟု ဤသို့သော ကြံရွယ်ခြင်း စိတ်သို့ကောင်းစွာ အဖန်ဖန်ဆောင်ခြင်း နှလုံးသွင်းခြင်းသည် မရှိပေ။ အဘယ့်ကြောင့်နည်း? အာကိဉ္စညာယတနစျာန်ထက် နေဝသညာနာသညာယတနစျာန်က သာ၍ ငြိမ်သက်ခြင်း သာ၍ကောင်းမွန်ခြင်းကြောင့်တည်း။

ဥပမာဖြင့် ထင်စွာပြအံ့ -- ဘုရင်မင်းမြတ်သည် ကြီးကျယ်သော မင်း၏ အခြံအရံအာနုဘော်ဖြင့် ဆင်၏ကျောက်ကုန်းထက်၌ တည်လျက် မြို့လမ်း၌ လှည့်လည်စဉ် ဆင်စွယ်ကိုပြုပြင်သည့် ပန်းပုတ်သမား အစရှိကုန်သော အတတ်ပညာသည်တို့သည် အဝတ်အထည်ကို မြဲမြံစွာဝတ်ကုန်လျက် အဝတ်

http://www.dhammadownload.com

အထည်ဖြင့် ခေါင်းကိုရစ်ပတ်ကုန်လျက် သူတို့၏ကိုယ်၌ ဆင်စွယ်မှုန့်စသည်ဖြင့် ပြိုးပြမ်းလူးပေကုန်လျက် ဆင်စွယ်ကို အဆန်းအကြယ်ပြုပြင်ခြင်း အစရှိကုန်သော များစွာသော အတတ်ပညာအမှုတို့ကို ပြုလုပ်နေကြသည်ကို မြင်၍ "အချင်းတို့ အတတ်ပညာသည်ဆရာတို့သည် သြော် တတ်ကျွမ်းကြပါပေကုန်စွတကား၊ ဤသို့သော အဆန်းတကြယ် အတတ်ပညာအမှုတို့ကို သော်လည်း ပြုလုပ်နိုင်ကြပါပေကုန်၏" ဟု ချီးမွမ်းလျက် ထိုအတတ်ပညာသည်တို့၏ တတ်ကျွမ်းမှုဌာန နှစ်သက်အားရပေ၏၊ သို့သော်လည်း ထိုမင်းအား "ငါသည် မင်းအဖြစ်ကိုစွန့်၍ ဤသို့သော အတတ်ပညာသည် ဖြစ်ရမူကောင်းလေစွ" ဟု ဤသို့သော ကြံစည်ခြင်းကား မဖြစ်ပေ။ ထိုသို့ မဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း? ဟူမူ-မင်းအဖြစ် ကြက်သရေ၏ များသော အာနိသင်ရှိသောကြောင့်ပေတည်း။ ထိုမင်းသည် အတတ်ပညာသည်တို့ကို မက်မောတွယ်တာခြင်းမရှိပဲ ကျော်လွန်၍သာလျှင် သွားလေဘိသကဲ့သို့ ထို့အတူပင် ဤယောဂီသည်လည်း ထိုအာကိဉ္စညာသမာပတ်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းငြားသော်လည်း "ငါသည် အာကိဉ္စညာသမာပတ်ကို နှလုံးသွင်းအံ့၊ ဝင်စားအံ့၊ အဓိဋ္ဌာန်အံ့၊ (ၛာန်မှ)ထအံ့၊ ဆင်ခြင်အံ့" ဟု ဤသို့သော ရည်ရွယ်ခြင်း စိတ်သို့ကောင်းစွာအဖန်ဖန် ဆောင်ခြင်း နှလုံးသွင်းခြင်းသည် မရှိပေ။

ထိုယောဂီသည် ထိုအာကိဉ္စညာသမာပတ်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းလျက် ရှေးဦးဆိုခဲ့သောနည်းဖြင့် အလွန်သိမ်မွေ့သော အပ္ပနာသို့ ရောက်သော ထိုသညာသို့ ရောက်၏၊ ယင်းသညာဖြင့် နေဝသညီနာသညီ မည်လျက် ရှုန့်ရင်းသော သခ်ၤါရတို့မှ ကြွင်းသော (သခ်ၤါရဝသေသ) သမာပတ်ကို ပွါးစေသည်ဟူ၍ ဆိုအပ်ပေသည်။ သခ်ၤါရဝသေသသမာပတ်ဟူသည်မှာ အလွန်သိမ်မွေ့ခြင်းသို့ ရောက်သည့် သခ်ၤါရရှိသော စတုတ္ထအရူပသမာပတ်ပေတည်း။

http://www.dhammadownload.com

၂၈၇။ ယခုအခါ၌ ထိုဆိုခဲ့သော အကြင်သမာပတ်ကို ဤဆိုခဲ့သည့် အတိုင်း ရ(အပ်)သော (အလွန်သိမ်မွေ့သော) သညာ၏အစွမ်းဖြင့် နေဝသညာနာသညာယတနဟူ၍ ခေါ်ဆိုအပ်၏၊ ထိုသမာပတ်ကို သရုပ်တရား ကိုယ်အနက်အားဖြင့် ပြခြင်းငှါ....

"နေဝသညာနာသညာယတန - ဟူသည်ကား နေဝသညာနာသညာယတနစျာန်ကို ဝင်စားသော ပုထုဇဉ်သေက္ခပုဂ္ဂိုလ်၏ ၎င်း[1] (နေဝသညာနာသညာယတနဘုံ၌)ဖြစ်သော ပုဂ္ဂိုလ်၏၎င်း[2]၊ မျက်မှောက်အတ္တဘောဌ (ထိုစျာန်ဖြင့်) ချမ်းသာစွာနေသော ရဟန္တာ၏၎င်း[3] ကုသိုလ် ဝိပါက် ကြိယာ စိတ် စေတသိက်တရား တို့ပေတည်း" ဟူ၍-

ဟောတော်မူ(အပ်)ပေ၏။ ထို သုံးမျိုးသောတရားတို့တွင် ဤအရာ၌ ဝင်စားသောပုဂ္ဂိုလ်၏ ကုသိုလ် စိတ် စေတသိက်တရားတို့ကို (နေဝသညာနာသညာယတနဟု) ဆိုလိုအပ်ပေသည်။ ဤပုဒ်၌ ဝစနတ္ထကား ရုန့်ရင်းသောသညာမရှိမူ၍ သိမ်မွေ့သောသညာကား ရှိသောကြောင့် ယှဉ်ဘက်တရားအပေါင်းနှင့်တကွဖြစ်သော ဤစျာန်မှာ (ရုန့်ရင်းသော)သညာမရှိ, (သိမ်မွေ့သော) သညာမရှိသည်လည်း မဟုတ် ဟူသောဤအကြောင်းကြောင့် နေဝသညာနာသည မည်၏။ နေဝသညာနာသညမည်သော [၃၃၁] ထိုစျာန်သည် မနာယတန ဓမ္မာယတနတို့၌ အတွင်းဝင်သောကြောင့်

မှတ်ချက်

၁-ကုသိုလ်စျာန်၏ ဖြစ်ရာပုဂ္ဂိုလ်ကို ပြသည်။

၂-ဝိပါက်စျာန်၏ ဖြစ်ရာပုဂ္ဂိုလ်ကို ပြသည်။ ယင်း ဝိပါက်စျာန်သည် ပဋိသန္ဓေဘဝင် စုတိစိတ် အဖြစ်ဖြင့် ဖြစ်သည်။

၃-ကြိယာစျာန်၏ ဖြစ်ရာပုဂ္ဂိုလ်ကို ပြသည်။

http://www.dhammadownload.com

အာယတနလည်း မည်၏၊ ထို့ကြောင့် နေဝသညာနာသညာယတန မည်ပေ၏။ တနည်းကား ဤစတုတ္ထအရူပစျာန်၌ရှိသော သညာသည် (ဝိပဿနာ၏အာရုံဖြစ်လျက် ငြီးငွေ့ခြင်းကို ဖြစ်စေခြင်းဟူသော) ထင်ရှားသော သညာကိစ္စကိုပြုရန် မစွမ်းနိုင်သောကြောင့် (နေဝသညာ)သညာ မမည် (ဝါ-သညာဟု မဆိုလောက်)၊ ရုန့်ရင်းသော သခ်ါရတို့မှ ကြွင်းကျန်သော သိမ်မွေ့သည့် သခ်ါရအဖြစ်ဖြင့် ထင်ရှားရှိသောကြောင့် (နာသညာ) သညာမဟုတ်သည်လည်း မဟုတ်ပေ၊ ထိုနှစ်ပါးသောအကြောင်းကြောင့် နေဝသညာနာသညာ မည်၏။ နေဝသညာနာသညာ မည်သော ထိုသညာသည် ကြွင်းသော ယှဉ်ဘက်တရားတို့၏ တည်ရာ ဟူသော အနက်ကြောင့် အာယတနလည်း မည်၏၊ ထို့ကြောင့် နေဝသညာနာသညာယတန မည်ပေ၏။

ဆက်၍ ရှင်းပြဦးအံ့ - ဤစတုတ္ထအရူပစျာန်၌ သညာသက်သက်သည် သာလျှင် ဤသို့သဘောရှိသည် မဟုတ်သေး၊ စင်စစ်အားဖြင့်မူ ဝေဒနာသည်လည်း နေဝဝေဒနာ နာဝေဒနာ-ရုန့်ရင်းသော ဝေဒနာမဟုတ်မူ၍ သိမ်မွေ့သော ဝေဒနာသာ ဖြစ်ပေသည်၊ စိတ်သည်လည်း နေဝစိတ္တံ နာစိတ္တံ ရုန့်ရင်းသောစိတ်မဟုတ်မူ၍ သိမ်မွေ့သောစိတ်သာ ဖြစ်ပေသည်၊ ဖဿသည်လည်း နေဝဖဿနာဖဿ-ရုန့်ရင်းသော ဖဿမဟုတ်မူ၍ သိမ်မွေ့သော ဖဿသာ ဖြစ်ပေသည်။ ကြွင်းသော ယှဉ်ဘက်တရားတို့၌လည်း နည်းတူပင်။ သို့သော်လည်း သညာကို ခေါင်းတပ်သောအားဖြင့် ဤဒေသနာကို (နေဝသညာနာသညာ ဟူ၍) ဟောထားသည်ဟု သိအပ်ပေ၏။ ထို့ပြင် သပိတ်သုတ်သောဆီ အစရှိသော ဥပမာတို့ဖြင့်လည်း ဤဆိုခဲ့သော အနက်ကို ထင်စွာ ပြအပ်၏။

သာမဏေသည် သပိတ်ကို ဆီဖြင့် သုတ်၍ ထားသတတ်၊ ယာဂု သောက်မည့်ကာလ၌ ထိုသာမဏေကို မထေရ်ကြီးက "သပိတ် ယူခဲ့"ဟု

http://www.dhammadownload.com

မိန့်ဆို၏၊ သာမဏေက "သပိတ်၌ ဆီရှိနေပါသည် အရှင်ဘုရား"ဟု လျှောက်၏။ ထိုအခါ မထေရ်ကြီးက "သာမဏေ ဆီကို ယူခဲ့၊ ဆီကျည်ထဲ ထည့်မည်"ဟုဆိုလျှင် သာမဏေက "ဆီ မရှိပါဘုရား"ဟု လျှောက်သတတ်။ ထိုဥပမာ၌ ကပ္ပိယကုဋီမဟုတ်သော ကျောင်းထဲ၌ တည်၌ စသည် ကြာအောင် သိမ်းထားပြီး ဖြစ်သောကြောင့် ၁ ယာဂုနှင့် ရောသောက်ရန် မအပ်သောအနက်ကို ရည်၍ "ဆီ ရှိနေပါသည်"ဟု ဆိုခြင်း ဖြစ်ပေသည်၊ ဆီကျည်ထဲ ထည့်ရန် စသည် အလိုအားဖြင့် "ဆီ မရှိပါ"ဟု ဆိုခြင်း ဖြစ်ပေသည်။ ဤအတူပင် ထိုသညာသည်လည်း ထင်ရှားသော သညာကိစ္စကို ပြုရန် မစွမ်းနိုင်သောကြောင့် နေဝသညာ - သညာ မဟုတ်သည် မည်၏၊ ရုန့်ရင်းသော သခါရတို့မှ ကြွင်းကျန်သော သိမ်မွေ့သည့် သခါရ အဖြစ်ဖြင့် ထင်ရှားရှိနေသောကြောင့် နာသညာ-သညာမဟုတ်သည်လည်း မဟုတ်ပေ။

ဤအရာ၌ သညာကိစ္စကား အဘယ်ပါနည်း? ဟူမူ အာရုံကို အမှတ်ပြု၍ သိခြင်းသည်ငင်း၊ ဝိပဿနာ၏ အာရုံဖြစ်လျက် ငြီးငွေ့ခြင်းကို ဖြစ်စေနိုင် ခြင်းသည်ငင်း (သညာကိစ္စပေတည်း)။ ခဲ့၍ပြအံ့ - ရေအေး၌ (ရှိသော)

မှတ်ချက်

၁ – အန္တောဥတ္ထတ္တာ-အကပ္ပိယကုဋီအတွင်း၌ နေစေအပ်ပြီး - ထားအပ်ပြီးဖြစ် သောကြောင့်-ဟူသော ပါဌ်အနက်အရ ပေါ်လွင်အောင် ပြန်ထားသည်။ ရဟန်းတို့မှာ ထောပတ်ဆီ စသည်ကို အကပ်ခံထားပြီးဖြစ်လျှင် ထိုညနေ ပိုင်းမှစ၍ (၇)ရက်အတွင်း ဆေးသုံးအတွက်သာ သုံးဆောင်ကောင်းသည်၊ ဒုတိယရက်စသည်၌ ဆွမ်းစသော ယာဝကာလိကနှင့် ရော၍ မသုံးဆောင် ကောင်း။ အကပ်မခံရသေးသော ထောပတ်ဆီ စသည်ကိုလည်း အကပ်ပြီး ကုဋီ၌ တည်မျှ သိမ်းထားလျှင် ဆွမ်းစသော ယာဝကာလိကနှင့် ရော၍ မသုံးဆောင်ကောင်း၊ ဤအဓိပ္ပါယ်ကို ရည်၍ ပြဆိုထားသည်။

http://www.dhammadownload.com

တေဇောဓာတ်သည် ပူလောင်စေခြင်းကိစ္စကို ပြုရန် မစွမ်းနိုင်သကဲ့သို့ ဤစတုတ္ထအရူပစျာန်သညာသည်လည်း အမှတ်ပြု၍ သိခြင်းကိစ္စကို ထင်ရှားအောင်ပြုရန် မစွမ်းနိုင်ပေ။ (ထို့ပြင်) အခြားသမာပတ်တို့၌ သညာကဲ့သို့ ဝိပဿနာ၏ အာရုံဖြစ်လျက် ငြီးငွေ့သောဉာဏ်ကို ဖြစ်စေခြင်းငှါလည်း မစွမ်းနိုင်ပေ။ မှန်ပေ၏— အခြားခန္ဓာတို့၌ အစပြု၍ နှလုံးသွင်းခြင်း၊ ရှုခြင်းကို မပြုဘူးသေးသော ရဟန်းသည် အရှင်သာရိပုတြာပင် ဖြစ်သော်လည်း နေဝသညာနာသညာယတနခန္ဓာတို့ကို သုံးသပ် ရှုမှတ်၍ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်သို့ ရောက်ရန် စွမ်းနိုင်သည် မည်သည် မရှိချေ၊ ပကတိအားဖြင့် ရှုရိုး ရှုစဉ်အတိုင်း ရှုလာခဲ့သော (ပကတိ ဝိပဿက) ပုဂ္ဂိုလ်သည်ကား[၁] ပညာကြီးသော အရှင်သာရိပုတြာကဲ့သို့သော ပုဂ္ဂိုလ်သည်သာလျှင် စွမ်းနိုင်ရာ၏၊ ထိုအရှင်သာရိပုတြာသော်မှလည်း "ဤတရားတို့သည် ဤသို့ ရှေးက မရှိကုန်ပဲ ယခုမှ ဖြစ်ပေါ်လာကုန်သတတ်၊ ယခု ဖြစ်ပေါ်လာကြပြီးလျှင် တဖန် ပျောက်ကွယ်သွားကုန်သတတ်"ဟူ၍ ဤသို့ အပေါင်းလိုက် သုံးသပ်သည်၏ အစွမ်းအားဖြင့်သာလျှင် (စွမ်းနိုင်၏)၊ ပုဒ်စဉ်အတိုင်း ဖဿ အစရှိသော တရားတို့ကို ရှုသည်၏အစွမ်းအားဖြင့်ကား မစွမ်းနိုင်ပေ[၂]။ ဤနေဝသညာနာသညာယတနသမာပတ်သည် ဤမျှလောက်ပင် သိမ်မွေ့ခြင်းသို့ ရောက်ပေ၏။

မှတ်ချက်

၁–ပကတိဝိပဿက ဟူသည်ကား ပကတိ (ရှုရိုးရှုစဉ်) အားဖြင့် ဝိပဿနာရှုသူပေတည်း၊ ခန္ဓာစသည်ကို ရှေ့သွားပြုသဖြင့် ဝိပဿနာကို အစအဦး နှလုံးသွင်းခဲ့ပြီး၍ ဒုဓရ အာရုံတို့နှင့်တကွ ဒုဓရ၌ ဖြစ်သောတရားတို့ကို ဝိပဿနာရှုသူပေတည်း။ (ဋီကာ)

၂–ကလာပသမ္မသနဝသေနေဝ-အပေါင်းလိုက် သုံးသပ်သည်၏ အစွမ်းအားဖြင့်သာလျှင်-ဟူသည်ကား စတုတ္ထအရူပစိတ္တုပ္ပါဒ်၌ အတွင်းဝင်ကုန်သော ဖဿ

http://www.dhammadownload.com

[၃၃၂] ထို့ပြင် သပိတ်သုတ်သောဆီ ဥပမာဖြင့် ထင်စွာပြအပ်သကဲ့သို့ ဤအတူပင် ခရီးလမ်း၌ ရေဥပမာဖြင့်လည်း ဤအနက်ကို ထင်စွာ ပြအပ်၏။ ခရီးသွားသော မထေရ်အား ရှေ့က သွားသော သာမဏေက အနည်းငယ်သော ရေကို မြင်၍ "ရေရှိသည်၊ အရှင်ဘုရား ဘိနပ်တို့ကို ချွတ်တော်မူပါကုန်" ဟု လျှောက်သတတ်။ ထိုအခါ မထေရ်က "ရေရှိလျှင် ရေသနုပ်ကို ယူလော၊ ရေချိုးမည်" ဟု ဆိုလတ်သော် "မရှိပါဘုရား" ဟု လျှောက်ပြန်သတတ်။ ထိုဥပမာ၌ ဘိနပ်စိုလောက်ရုံမျှ ရှိသောကြောင့် "ရေရှိသည်" ဟု ဆိုခြင်း ဖြစ်သည်၊ ရေချိုးခြင်းကိစ္စကြောင့် မရှိ-ဟု ဆိုခြင်း ဖြစ်သည်။ ဤအတူပင် ထိုစတုတ္ထအရူပဈာန်သညာသည် ထင်ရှားသော သညာကိစ္စကို ပြုရန် မစွမ်းနိုင်သောကြောင့် နေဝသညာ-သညာမဟုတ်သည် မည်၏၊ ရုန့်ရင်းသော သင်္ခါရတို့မှ ကြွင်းသော သိမ်မွေ့သည့် သင်္ခါရအဖြစ်ဖြင့် ထင်ရှားရှိသောကြောင့် နာသညာ-သညာမဟုတ်သည်လည်း မဟုတ်ပေ။

ဤမျှသာမကသေး - သင့်လျော်သော အခြား ဥပမာတို့ဖြင့်လည်း ဤအနက်ကို ထင်စွာ ပြအပ်သေး၏။ ဥပသမ္ဗဇ္ဈ ဝိဟာရတိ-ဟူသော ဤစကားမှာ ဆိုခဲ့ပြီးသောနည်း ရှိသည်သာလျှင်တည်း။

ဤသည်ကား နေဝသညာနာသညာယတနကမ္မဋ္ဌာန်း၌ အကျယ် ပြဆိုသော စကားပေတည်း။

(နေဝသညာနာသညာယတနကမ္မဋ္ဌာန်းအဖွင့် ပြီး၏)။

မှတ်ချက်

အစရှိသော တရားတို့ကို အသီးအသီး မခဲ့မူ၍ တပေါင်းတည်း ယူကာ အပေါင်းလိုက်အားဖြင့် သုံးသပ်သည်၏အစွမ်းအားဖြင့် နယဝိပဿနာဟု ဆိုအပ်သော ကလာပသမ္မသန၏ အစွမ်းအားဖြင့်။ ။ ဖဿအစရှိသော တရားတို့ကို ခဲ့ခြမ်း၍ အသီးအသီး သရုပ်အားဖြင့် ယူ၍ အနိစ္စစသည်၏ အစွမ်းအားဖြင့် သုံးသပ်ခြင်းသည် အနုပဒဓမ္မဝိပဿနာမည်၏။ (ဋီကာ)

http://www.dhammadownload.com

ပြိုးပြွမ်း ပြဆိုချက်

၂၈၈။ သုံးဆဲ့နှစ်ပါးသော မဟာပုရိသလက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ် စသည်တို့ဖြင့် သူတပါးတို့နှင့် မတူသော ရူပကာယရှိတော်မူသော မြတ်စွာဘုရားသည် လေးပါး အပြားရှိသော အရူပစျာန်ကို ဟောကြားတော်မူခဲ့ပေ၏၊ ထို လေးပါးသော အရူပစျာန်ကို ဤဆိုခဲ့သည့်အတိုင်း သိပြီးလျှင် ထိုလေးပါးသော အရူပစျာန်၌ (ယခုဆိုမည့်) ပြိုးပြွမ်းပြဆို ချက်ကိုလည်း သိအပ် သိသင့် သိထိုက်သေး၏။

၂၈၉။ လေးပါးကုန်သော ဤအရူပသမာပတ်တို့သည် အာရုံကို လွန်မြောက်သောအားဖြင့် ဖြစ်ကုန်၏၊ ယင်းလေးပါးသော အရူပသမာပတ်တို့၏ အင်္ဂါကို လွန်မြောက်ခြင်းကို ပညာရှိတို့က အလိုမရှိကြကုန် [1]။

ခဲ့၍ပြရလျှင် ဤအရူပသမာပတ်တို့တွင် ပဌမအရူပသမာပတ်သည် ကသိဏ်းရုပ်နိမိတ်ကို လွန်မြောက်သောအားဖြင့် ဖြစ်၏၊ ဒုတိယအရူပသမာပတ်သည် ကသိဏ်းရုပ်ကို ခွါခြင်းဖြင့် ပြီးသော အာကာသကို လွန်မြောက်သောအားဖြင့် ဖြစ်၏၊ တတိယအရူပသမာပတ်သည် (ထို)အာကာသ၌ ဖြစ်စေအပ်ပြီးသော ပဌမအရူပဝိညာဏ်ကို လွန်မြောက်သောအားဖြင့် ဖြစ်၏၊ စတုတ္ထအရူပသမာပတ်သည် အာကာသ၌ ဖြစ်စေအပ်ပြီးသော ပဌမအရူပဝိညာဏ်၏ ကင်းခြင်းကုံ လွန်မြောက်သောအားဖြင့် ဖြစ်၏၊ ဤသို့အားဖြင့် လေးပါးကုန်သော ဤအရူပသမာပတ်တို့သည် အချင်းခပ်သိမ်း အာရုံကို လွန်မြောက်သောအားဖြင့် ဖြစ်ကုန်၏ဟူ၍

မှတ်ချက်

၁–ဤ၌ စုဏ္ဏိယနှင့် ဂါထာ တဝါကျတည်း ရောနေသောကြောင့် စုဏ္ဏိယအနေဖြင့် ပြန်ထားသည်။

http://www.dhammadownload.com

သိအပ်ပေသည်။ ဤအရူပသမာပတ်တို့၏ အင်္ဂါကို လွန်မြောက်ခြင်းကိုကား ပညာရှိတို့ အလိုမရှိကုန်။ အကြောင်းမူကား ရူပါဝစရ သမာပတ်တို့၌ကဲ့သို့ ဤအရူပသမာပတ်၌ အင်္ဂါကို ကျော်လွန်ခြင်းမရှိသောကြောင့် ပေတည်း။ မှန်ပေ၏-ဤအရူပသမာပတ် အားလုံး တို့၌ပင် ဥပေက္ခာနှင့် စိတ္တေကဂ္ဂတာဟူသော အင်္ဂါနှစ်ပါးတို့သာလျှင် ရှိပေသည်။

၂၉၀။ ဤသို့ အင်္ဂါကို ကျော်လွန်ခြင်း မရှိငြားသော်လည်း—

> ဤအရူပသမာပတ်တို့၌ နောက်နောက်ဖြစ်သော သမာပတ်တို့သည် အထူးသဖြင့် သာလွန်၍ ကောင်းမြတ်ကြပေ၏၊ ထိုသို့သာလွန်၍ ကောင်းမြတ်ရာ၌ ပြာသာဒ် အထပ်-အပြင်တို့နှင့် အဝတ်အထည် ဥပမာတို့ကို သိအပ်ကုန်၏။

[၃၃၃] ခွဲ၍ပြအံ့-ဘုံအဆင့်လေးထပ်ရှိသော ပြာသာဒ်၏ အောက်ဆုံး အထပ်-အပြင်မှာ နတ်၌ဖြစ်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, မွှေးကြိုင်သော ရနံ့ရှိသည့်ပန်း, ဘောဇဉ်, အိပ်ရာ, အဝတ် စသည်တို့၏အစွမ်းအားဖြင့် ကောင်းမြတ်ကုန်သော ငါးပါးသော ကာမဂုဏ်တို့သည် ထင်ရှားအသင့် တည်ရှိနေကုန်ရာ၏၊ ဒုတိယအထပ်-အပြင်၌ ထို့ထက်သာ၍ ကောင်းမြတ်ကုန်ရာ၏၊တတိယအထပ်-အပြင်၌ထို့ထက်သာ၍ ကောင်းမြတ်ကုန်ရာ၏၊ စတုတ္ထအထပ်-အပြင်၌ အားလုံးထက်သာ၍ ကောင်းမြတ်ကုန်ရာ၏၊ ထိုပြာသာဒ်၌ ထိုလေးထပ်လုံးတို့ပင် ပြာသာဒ်အထပ်-အပြင် တို့သာ ဖြစ်ကြပေ၏၊ ထိုအထပ်-အပြင်တို့၏ ပြာသာဒ်အထပ်-အပြင် အဖြစ်ဖြင့် ထူးခြားခြင်းသည် အကယ်၍ကား မရှိပေ၊ သို့သော်လည်း ငါးပါးသော ကာမဂုဏ်တို့နှင့် ပြည့်စုံပုံအထူးအားဖြင့်မူ အောက်အောက်အထပ်-အပြင်ထက် အထက်အထက်အထပ်-အပြင်သည် သာ၍သာ၍ ကောင်းမြတ်သကဲ့သို့ငင်း၊

http://www.dhammadownload.com

ထို့ပြင် မိန်းမတယောက် ငင်အပ်ကုန်သော ချည်ကြမ်း, ချည်နု, သာ၍နုသောချည်, အလွန်သာ၍နုသောချည်တို့ဖြင့် ရက်ထားကုန်သော လေးပိုလ်စီး, သုံးပိုလ်စီး, နှစ်ပိုလ်စီး, တပိုလ်စီး[1] ပုဆိုး အထည်တို့သည် အလျားအနှံအားဖြင့် တူညီသော ပမာဏရှိကုန်ရာ၏။ ထိုဥပမာ၌ ယင်းပုဆိုး လေးထည်တို့သည် အလျား အနှံအားဖြင့် တူညီကြသည်ဖြစ်၍ ပမာဏအားဖြင့် ယင်းပုဆိုးတို့၏ ထူးခြားခြင်းသည် အကယ်၍ကားမရှိပေ၊ သို့သော်လည်း ကောင်းသောအတွေ့ နူးညံ့ခြင်း အဖိုးမျှားစွာတန်ခြင်း တို့ဖြင့်မူ ရှေးရှေးပုဆိုးအထည်ထက် နောက်နောက် ပုဆိုးအထည်တို့သည် သာ၍သာ၍ ကောင်းမြတ်သကဲ့သို့ဝင်း ဤအတူပင် လေးပါးကုန်သော ဤအရူပသမာပတ်တို့၌ ဥပေက္ခာနှင့် စိတ္တေကဂ္ဂတာဟူသော အင်္ဂါနှစ်ပါး တို့သာလျှင် ရှိကြသည် အကယ်၍ကား မှန်ပေ၏၊ သို့သော်လည်း ဘာဝနာ အထူးကြောင့် ထိုအင်္ဂါနှစ်ပါးတို့၏ မွန်မြတ်သည်၏အဖြစ်, သာ၍မွန်မြတ် သည်၏ အဖြစ်ဖြင့် ဤ အရူပသမာပတ်တို့၌ နောက်နောက်သမာပတ် တို့သည် သာ၍သာ၍ ကောင်းမြတ်ကြသည်ဟူ၍ သိအပ်ပေ၏။

၂၉၁။ ဤဆိုခဲ့သောနည်းဖြင့် အစဉ်အတိုင်း မြတ်သည်ထက် မြတ် ကုန်သော ဤလေးပါးသော အရူပသမာပတ်တို့ကို[2]—

> မစင်ရှိရာအရပ်၌(တည်ဆောက်ထားသော)မဏ္ဍပ်၌ လူတယောက် သည် တွဲလွဲဆွဲလျက် တည်၏၊ အခြားတယောက်သည် တွဲလွဲဆွဲ နေသော ထိုသူကို မှီလျက်-ခိုလျက် တည်၏၊ အခြားတယောက်

မှတ်ချက်

၁–တစ်ပိုလ်၏ အချိန်သည် ၄-ကျပ်သား ရှိသည်။ ထို့ကြောင့် တပိုလ်စီးပုဆိုး မှာ ၄-ကျပ်သား၊ ၄-ပိုလ်စီး ပုဆိုးမှာ ၁၆-ကျပ်သား ရှိသည်-ဟု မှတ်ရာ၏။

၂–အရူပသမာပတ်တို့ကို....ပညာရှိသည် သိအပ်ကုန်၏-ဟု စပ်ပါ။

http://www.dhammadownload.com

သည် တွဲလဲဆွဲနေသောထိုသူကို မမြဲမူ၍ အပြင်ဘက်၌ တည်၏၊ အခြား တယောက်သည်ကား အပြင်၌နေသော ထိုသူကိုမြဲ၍ တည်၏။ လေးယောက်သော ဤလူတို့နှင့် အစဉ်အတိုင်း တူကြသည်၏ အဖြစ်ဖြင့် (ဤသမာပတ်လေးပါးတို့ကို) ပညာရှိသည် သိအပ်(ကုန်)၏။

ဤသည်ကား ထိုဂါထာတို့၌ အနက်ယှဉ်စေပုံပေတည်း....မစင်ရှိသော အရပ်၌ မဏ္ဍပ်တခုရှိရာ၏၊ ထိုအခါ လူတယောက်သည် လာ၍ ထိုမစင်ကို စက်ဆုပ်သောကြောင့် ထိုမဏ္ဍပ်ကို လက်တို့ဖြင့် တွဲလဲဆွဲလျက် ထိုမဏ္ဍပ်၌ ငြိတွယ်နေဘိသကဲ့သို့ တည်လေ၏၊ ထို့နောင် အခြားတယောက်သည် လာ၍ [၁] မဏ္ဍပ်၌ တွယ်နေသော ထိုလူကို မှီလျက် တည်လေ၏၊ ထို့နောင် အခြားတယောက်သည် လာ၍ "မဏ္ဍပ်၌ ငြိတွယ်နေသောသူနှင့် ထိုသူကိုပင် မှီနေသောသူ-ဟူသော ဤလူနှစ်ယောက်လုံးပင် မကောင်းသဖြင့် တည်နေကြ၏၊ [၃၃၄] မဏ္ဍပ် လဲပြိုကျလျှင် ထိုသူတို့၏အောက်သို့ ကျမည်မှာ မချွတ်ကေန်ပင်၊ ယခု ငါသည် အပြင်ဘက်၌သာလျှင် တည်ပေအံ့"ဟု ကြံ၏။ ထိုသို့ ကြံပြီးသောလူသည် ထို ဒုတိယလူ မှီအပ်သော ပဌမလူကို မမြဲမူ၍ မဏ္ဍပ်အပြင်၌သာလျှင် တည်လေ၏၊ ထို့နောင် အခြားတယောက်သည် လာ၍ [၂] မဏ္ဍပ်၌ တွယ်နေသောသူ၏ငင်း၊ ထိုသူကို မှီနေသောသူ၏ ငင်း ဘေးမကင်းသည်၏အဖြစ်ကို ကြံတွေးပြီးလျှင် [၂] အပြင်ဘက်၌ တည်သူကိုလည်း ကောင်းစွာတည်သည်ဟု သိ၍ ထိုသူကိုပင် မှီလျက် တည်လေ၏။ ထိုဥပမာတွင် မစင်ရှိသောအရပ်၌ မဏ္ဍပ်ကဲ့သို့ ကသိုဏ်းရုပ်ကို

မှတ်ချက်

၁–လာ၍....မှီလျက် တည်လေ၏-ဟု စပ်ပါ။

၂–လာ၍.... ကြံတွေးပြီးလျှင်.... သိ၍ ထိုသူကိုပင် မှီလျက် တည်လေ၏-ဟု စပ်ပါ။

http://www.dhammadownload.com

ခွါခြင်းဖြင့် ပြီးသော အာကာသကို မှတ်အပ်၏၊ မစင်ကိုစက်ဆုပ်ခြင်းကြောင့် မဏ္ဍပ်၌ တွယ်နေသောလူကဲ့သို့ ရုပ်နိမိတ်ကို စက်ဆုပ်ခြင်းကြောင့် ကသိုဏ်းရုပ်ကို ခွါခြင်းဖြင့်ပြီးသော အာကာသလျှင် အာရုံရှိသော အာကာသာနဉ္စာယတနစျာန်ကို မှတ်အပ်၏၊ မဏ္ဍပ်၌ တွယ်နေသူကို မှီနေသော လူကဲ့သို့ အာကာသလျှင် အာရုံရှိသော အာကာသာနဉ္စာယတနစျာန်ကို အာရုံပြု၍ဖြစ်သော ဝိညာဏဉ္စာယတနစျာန်ကို မှတ်အပ်၏၊ မဏ္ဍပ်၌ တွယ်နေသူနှင့် ထိုလူကိုပင် မှီနေသောသူဟူသော ထိုလူနှစ်ဦးလုံးတို့၏ ဘေးမကင်းသည်၏အဖြစ်ကို ကြံတွေးပြီးလျှင် မဏ္ဍပ်၌ တွယ်နေသော ထိုလူကို မမှီမူ၍ မဏ္ဍပ်အပြင်၌ တည်သောသူကဲ့သို့ အာကာသာနဉ္စာ-ယတနစျာန်ကို အာရုံမပြုမူ၍ ထိုစျာန်၏မရှိခြင်းဟူသော နတ္ထိဘောပညတ်လျှင် အာရုံရှိသော အာကိဉ္စညာယတနစျာန်ကို မှတ်အပ်၏၊ မဏ္ဍပ်၌ တွယ်နေသောသူ၏ငင်း၊ ထိုလူကိုပင် မှီနေသောသူ၏ငင်း ဘေးမကင်းသည်၏အဖြစ်ကို ကြံတွေးပြီးလျှင် မဏ္ဍပ်အပြင်၌ တည်သောသူကို ကောင်းစွာတည်သည်ဟု သိ၍ ထိုလူကိုပင် မှီလျက်တည်သောသူကဲ့သို့ အာကာ-သာနဉ္စာယတနဝိညာဏ်၏ မရှိခြင်းဟု ဆိုအပ်သော ပြင်ပအရပ်၌တည်သော အာကိဉ္စညာယတနစျာန်ကို အာရုံပြု၍ ဖြစ်သော နေဝသညာနာသညာ-ယတနစျာန်ကို မှတ်အပ်၏။

၂၉၂။ ဆက်ဦးအံ့– ဤ ဆိုခဲ့သည့်အတိုင်းဖြစ်သော ဤနေဝသညာ-နာသညာယတနစျာန်သည်....

> အခြားအာရုံမရှိခြင်းကြောင့် မြင်ပြီးသောအပြစ်ရှိငြားသော်လည်း ထို အာကိဉ္စညာယတနစျာန်ကိုပင် အာရုံပြုသည်သာတည်း၊ အဘယ်ကဲ့သို့နည်း? ဟူမူ-မြင်ပြီးသောအပြစ်ရှိသော မင်းကိုလည်း အသက်မွေးမှုဟူသော အကြောင်းကြောင့် လူအပေါင်းသည်မှီ၍နေရသကဲ့သို့ပင်တည်း။

http://www.dhammadownload.com

ခဲ့၍ပြအံ့ – ဤ နေဝသညာနာသညာယတနစျာန်သည် "ဤသမာပတ်သည် ဝိညာဏဉ္စာယတနစျာန်ဟူသော ရန်သူနှင့်နီး၏"ဟု ဤသို့ ထိုသမာပတ်၏အပြစ်ကို မြင်ပြီးဖြစ်ငြားသော်လည်း အခြားအာရုံ၏မရှိခြင်းကြောင့် ထိုအာကိဉ္စညာယတန စျာန်ကို အာရုံပြုသည်သာတည်း။ အဘယ်ကဲ့သို့နည်း?ဟူမူ- မင်း၏အဖြစ်ကို မြင်ပြီးဖြစ်သော်လည်း လူအပေါင်းသည် အသက်မွေးမှုဟူသော အကြောင်းကြောင့် ထိုမင်းကိုမှီ၍ နေရသကဲ့သို့ပင်တည်း။ ခဲ့၍ပြအံ့–စောင့်စည်းမှုမရှိသောကြောင့် ကြမ်းကြုတ်သည့် ကိုယ်နှုတ်နှလုံးအကျင့်ရှိသော အရပ်မျက်နှာအားလုံး၏ အရှင်ဖြစ်သော[1] တစုံတယောက်သောမင်းကို "ဤမင်းသည် ကြမ်းကြုတ်သောအကျင့်ရှိသည်" ဟု သူ၏အပြစ်ကို မြင်ငြားသော်လည်း အခြားအရပ်၌ အသက်မွေးမှုအလုပ်အကိုင်ကို မရသော လူအပေါင်းသည် အသက်မွေးမှုဟူသော အကြောင်းကြောင့် (ထိုမင်းကိုပင်)မှီ၍ အသက်မွေးရသကဲ့သို့ ဤအတူပင် တပါးသောအာရုံကို မရသော ဤနေဝသညာနာသညာယတနစျာန်သည် ထိုအာကိဉ္စညာယတနစျာန်ကို အပြစ်မြင်ရငြားသော်လည်း အာရုံပြုသည်သာတည်း။

၂၉၃။ ဤသို့ အာရုံပြုသော (ဤနေဝသညာစျာန်သည်)....

(ဥပမာအားဖြင့်) ရှည်မြင့်သော လှေကားကို တက်သောသူသည် (အခြားကိုင်စရာမရှိလျှင်) လှေကားပေါင်ကို ထောက်ရသကဲ့သို့ ၎င်း၊ တောင်ထွတ်သို့ တက်ရောက်သောသူသည် တောင်၏အထက်အရပ်မျက်နှာပြင်ကို ထောက်ရသကဲ့သို့ဋ္ဌင်း၊

မှတ်ချက်

၁ – သဗ္ဗဒိသမွတိ˚-အရပ်မျက်နှာ အားလုံး၏အရှင်ဖြစ်သော - ဤဝိသေသနပုဒ်ကို တိုင်းသူပြည်သား လူအပေါင်း၏ ရှောင်သွားစရာ အခြားအရပ်မရှိသည်၏အဖြစ်ကို ပြရန် ဆိုပေသည်။ (ဋီကာ)

http://www.dhammadownload.com

[၃၃၅] တနည်းအားဖြင့် တောင်ကိုတက်သောသူသည် မိမိ၏ဒူးကိုပင် ထောက်ရသကဲ့သို့ငင်း၊ ထို့အတူပင် ထိုအာကိဉ္စညာယတနစျာန်ကို အာရုံပြု၍ ဖြစ်ပေသည်။ ဤတွင်တရပ်ပြီး၏။

ဤသည်ကား သူတော်ကောင်းအပေါင်းတို့၏ ဝမ်းမြောက်ခြင်းငှါ ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ် သမာဓိဘာဝနာအရာ၌ အရူပကမ္မဋ္ဌာန်းကိုအကျယ်ပြဆိုချက် (အာရုပ္ပနိဒ္ဒေသ) မည်သော ဆယ်ခုမြောက်ဖြစ်သော အပိုင်းအခဏ်းပေတည်း။

(အရူပကမ္မဋ္ဌာန်းကို အကျယ်ပြချက် ပြီး၏)။

http://www.dhammadownload.com

၁၁-သမာဓိနိဒ္ဒေသ၊ သမာဓိကို အကျယ်ပြချက် [၁]

၁-အာဟာရေပဋိက္ကူလသညာပဗ္ဗါးပုံ

[၃၃၆] ၂၉၄။ ယခုအခါ အရှုပကမ္မဋ္ဌာန်း၏ အခြားမဲ့၌ သညာတပါး ဟူ၍ ဤသို့အကျဉ်းပြခဲ့ပြီးသော အာဟာရေပဋိက္ကူလသညာပဗ္ဗါးစေပုံကို အကျယ်ပြရန် အစဉ်ရောက်လာပေပြီ။ ထိုအာဟာရေပဋိက္ကူလသညာ ဟူသောပုဒ်၌ ဆောင်တတ်သောကြောင့် အာဟာရမည်၏။ ၎င်းသည် ကဗဠီကာရအာဟာရ, ဖဿအာဟာရ, မနောသဉ္စေတနာအာဟာရ, ဝိညာဏအာဟာရဟူ၍ ၄-ပါးအပြားရှိ၏။

ဤ ၄-ပါးတို့တွင် အဘယ်အာဟာရသည် အဘယ်ကိုဆောင်သနည်း? ဟူမူ-စားမျိုအပ်သော ကဗဠီကာရအာဟာရသည်၂ ဩဇာလျှင်ရှစ်ခုမြောက်

မှတ်ချက်

၁–သမာဓိနိဒ္ဒေသ-ဟူသည်မှာ ၃-ကမ္မဋ္ဌာန၇ဟဏနိဒ္ဒေသ-မှ စ၍ ၁၃-အဘိညာ နိဒ္ဒေသအထိ ၁၁-ပါးသော နိဒ္ဒေသတို့၏ သာမညအမည် ဖြစ်သည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်ဒုတိယတွဲ နှာ ၂၂၂-၌ တာပိ စိတ္တသီသေန ဝုတ္တသမာဓိ-နိဒ္ဒေသေ သဗ္ဗာကာရေန ဝိတ္ထာရိတာ ဝေ-ဟု ဥပစာရသမာဓိနှင့် တကွ သမာပတ်ရှစ်ပါးတို့ကို သမာဓိနိဒ္ဒေသ၌ အပြည့်အစုံ အကျယ်ပြခဲ့ပြီးဖြစ်ကြောင်း မိန့်ဆိုထားပေသည်၊ မြန်မာပြန် စတုတ္ထတွဲ နှာ ၂၂၀-၌လည်း ကြည့်ပါ။ ဤသို့ နိဒ္ဒေသ ၁၁-ပါး အားလုံးပင် သမာဓိကို အကျယ်ပြသော အရာချည်းသာဖြစ်ကြသော်လည်း အခြား နိဒ္ဒေသများမှာ ကမ္မဋ္ဌာနဂ္ဂဟဏ-နိဒ္ဒေသ-စသည်ဖြင့် အမည်ထူးများ ရှိကြသောကြောင့် ၎င်းတို့ကို သမာဓိ-နိဒ္ဒေသ-ဟု အသီးအသီး မပြမဆိုပဲ အခြား အမည် မရှိသော ဤအပိုင်း ကိုသာလျှင် သမာဓိနိဒ္ဒေသ-ဟု ပြဆိုထားပေသည်။

၂–ကဗဠီ-စားအပ်သော အလုပ် အလွေ့+ဤ-ကဲ့သို့+ကာရ–ပြုအပ်သည်= ကဗဠီကာရ-ထမင်းလုပ် မဟုတ်သော်လည်း ထမင်းလုပ်ကဲ့သို့ ပြုအပ်သော ဩဇာရုပ်-ထမင်းလုပ်ထဲ၌ ပါဝင်သော ဩဇာရုပ်ကိုပင် ကဗဠီကာရအာဟာ

http://www.dhammadownload.com

ရှိသော (ဩဇဋ္ဌမက)ရုပ်ကို ဆောင်တတ်-ဖြစ်စေတတ်၏။ အာရုံနှင့်စိတ်တွေ့မှု ဖဿအာဟာရသည် ဝေဒနာသုံးပါးကို ဆောင်တတ် ဖြစ်စေတတ်၏၊ စေ့ဆော်မှုစေတနာဟူသော (မနောသဉ္စေတနာ) အာဟာရသည် သုံးပါးသောဘဝတို့၌ ပဋိသန္ဓေကို ဆောင်တတ်-ဖြစ်စေတတ်၏။ စိတ်ဟူသော ဝိညာဏအာဟာရသည် ပဋိသန္ဓေခဏ၌ နာမ်ရုပ်ကို ဆောင်တတ်-ဖြစ်စေတတ်၏။

ထို ၄-ပါးတို့တွင် ကဗဠီကာရအာဟာရ၌ (ဝါ-ကဗဠီကာရအာဟာရကြောင့် [၁]) နှစ်သက်တွယ်တာခြင်း ရသတဏှာဟူသော နိကန္တိဘေးသည် ရှိ၏။ ဖဿအာဟာရ၌ (ဝါ-ကြောင့်) အာရုံသို့ချဉ်းကပ်ခြင်းဟူသော ဘေးသည် ရှိ၏။ မနောသဉ္စေတနာအာဟာရ၌ (ဝါ-ကြောင့်) ဘဝသစ်၌ ကပ်ရောက်၍ဖြစ်ခြင်းဟူသော ဘေးသည် ရှိ၏။ ဝိညာဏအာဟာရ၌ (ဝါ-ကြောင့်) ပဋိသန္ဓေဟူသောဘေးသည် ရှိ၏။ ဤသို့ ကြောက်ဖွယ်ဘေးနှင့်တကွဖြစ်ကုန်သော ထို အာဟာရလေးပါးတို့တွင် ကဗဠီကာရအာဟာရကို သား၏အသားကိုစားခြင်း ဥပမာရှိသော ဩဝါဒဖြင့် ပြအပ်၏ [၂]။ ဖဿအာဟာရကို အရေမရှိသည့် နွားဥပမာရှိသော ဩဝါဒဖြင့် ပြအပ်၏ [၃]။ မနောသဉ္စေတနာအာဟာရကို မီးကျီးတွင်း-မီးကျီးစုဥပမာရှိသော ဩဝါဒဖြင့် ပြအပ်၏ [၄]။ ဝိညာဏအာဟာရကို လုံတရာဥပမာရှိသော

မှတ်ချက်

ရ (ကဗဠီကာရာဟာရ)ဟု ဆိုသည်၊ ယင်းဩဇာရုပ်ကသာ ဩဇဋ္ဌမကရုပ်ကို ဖြစ်စေတတ်သည်။

၁–ဤနိမိတ်အနက်ကို ဋီကာ၌ ပြသည်၊ သို့သော် ၌-ဟူသော အနက်လည်း ဆာ၍ ချောသကဲ့သို့ရှိသောကြောင့် ယင်းအနက်ကို အရင်းခံပြု၍ ပြန်ထားသည်။

၂–သံယုတ်ပါဠိမြန်မာပြန် ပဌမတွဲ နှာ ၃၀၉-၌ ကြည့်ပါ။

၃-၄–ၔင်း မြန်မာပြန် နှာ ၃၁၀-၌ ကြည့်ပါ။

http://www.dhammadownload.com

ဩဝါဒဖြင့် ပြအပ်၏[၁]။ ဤလေးပါးသော အာဟာရတို့တွင် စားအပ်သောက်အပ်-ခဲအပ်-လျက်အပ်သည့် အပြားရှိသော ကဗဠီကာရအာဟာရကိုသာလျှင် ဤအရာ၌ အာဟာရဟု ဆိုလိုအပ်ပေသည်။ ထိုကဗဠီကာရအာဟာရ၌ စက်ဆုပ်ဖွယ်ကို ယူသည်၏ အစွမ်းဖြင့်ဖြစ်သော အမှတ်သညာသည် အာဟာရေပဋိက္ကူလသညာမည်၏။

ထိုအာဟာရေပဋိက္ကူလသညာကို ပွါးစေလိုသော ယောဂီသည် အာဟာရေပဋိက္ကူလသညာကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် သင်ယူခဲ့သောရှုပုံမှ တပုဒ်တစိတ်မျှကိုသော်လည်း မချွတ်ယွင်းစေပဲ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက် အပြင်အပအာရုံများမှ ဖဲခွါကာ (ကမ္မဋ္ဌာန်း၌) ကောင်းစွာကပ်ငြိသည်ဖြစ်၍ စားအပ်-သောက်အပ်-ခဲအပ်-လျက်အပ်သည့် အပြားရှိသော ကဗဠီကာရအာဟာရ၌ ဆယ်ပါးသော အခြင်းအရာတို့ဖြင့် စက်ဆုပ်ဖွယ်ရှိသည်၏အဖြစ်ကို ဆင်ခြင်အပ်၏။ ၎င်းဆယ်ပါးတို့မှာ – (၁) ဂမနတော-သွားခြင်းအားဖြင့်၎င်း၊ (၂) ပရိယေသနတော-ရှာမှီးခြင်းအားဖြင့်၎င်း၊ (၃) ပရိဘောဂတော-သုံးဆောင်ခြင်းအားဖြင့်၎င်း၊ (၄) အာသယတော-သည်းခြေစသော တည်ရာအားဖြင့်၎င်း၊ (၅) နိဓာနတော-စုဝှေ့တည်ရာအစာသစ်အိမ်အားဖြင့်၎င်း၊ (၆) အပရိပက္ကတော-မကျေမကျက်သေးသော အားဖြင့်၎င်း၊ (၇) ပရိပက္ကတော-ကျေကျက်ပြီးသော အားဖြင့်၎င်း၊ (၈) ဖလတော-ပြီးစီးသောအကျိုးအားဖြင့်၎င်း၊ (၉) နိဿန္ဒတော-ယိုထွက်ခြင်းအားဖြင့်၎င်း၊ (၁၀) သမ္မက္ခနတော-လူးပေခြင်းအားဖြင့်၎င်း ဟူသည်တို့ပင် ဖြစ်သည်။

မှတ်ချက်

၁–၎င်း မြန်မာပြန် နှာ ၃၁၁-၌ ကြည့်ပါ။

http://www.dhammadownload.com

(၁) သွားခြင်းအားဖြင့် ဆင်ခြင်ပုံ

၂၉၅။ ထိုတွင် သွားခြင်းအားဖြင့် ဆင်ခြင်ပုံကား - ဤသို့ ကြီးမားသော အာနုဘော်ရှိသော ဘုရားသာသနာတော်၌ ရဟန်းကောင်းဖြစ်သော ပုဂ္ဂိုလ်သည် တည်ဥ်လုံး ဘုရားစကားတော်ကို ရွတ်ဆိုလျက်ဖြစ်စေ၊ ရဟန်းတရားကို အားထုတ်လျက်ဖြစ်စေ အချိန်ကုန်စေပြီးလျှင် နံနက်စောစော ကပင် ထ၍ စေတီယင်ပြင်ဝတ် ဗောဓိယင်ပြင်ဝတ်ကို ပြုပြီးလျှင် သောက်ရေ သုံးရေကို တည်ထား၍ [၃၃၇] ပရိဝုဏ်ခေါ် သီးသန့် ကျောင်းဝင်းငယ်ကို တံမြက်လှည်း၍ ကိုယ်ကို သုတ်သင်ပြီးလျှင် နေရာသို့ တက်ထိုင်လျက် အကြိမ်နှစ်ဆယ် သုံးဆယ်တိုင်တိုင်[၁] ကမ္မဋ္ဌာန်းကိုနှလုံးသွင်းပြီးလျှင်[၁] ထိုင်နေရာမှ ထ၍ သပိတ်သင်္ကန်းကို ယူပြီးလျှင်[၂] လူတို့နှင့်စပ်၍ ကျဉ်းမြောင်းခြင်းမရှိသည့်ပြင် ဆိတ်ငြိမ်ခြင်းနှင့်စပ်သော ချမ်းသာနှင့်လည်း ပြည့်စုံသည့် တောအရပ်, အရိပ်ရေတို့နှင့် ပြည့်စုံသည့်ပြင် စင်ကြယ်အေးမြ၍ နှလုံးမွေ့လျော်ဖွယ် မြေအဖို့လည်း ရှိသည့် တောအရပ်ဟူသော ခြိုးခြံစွာ ကျင့်ရာ တောအရပ်တို့ကို စွန့်ခဲ့၍[၂] ဆိတ်ငြိမ်ခြင်းကြောင့်ဖြစ်သော စင်ကြယ်သော ပျော်မွေ့ခြင်းကို မငဲ့ပဲ[၂] သုသာန်သို့ ရှေးရှုသွား

မှတ်ချက်

၁– အကြိမ်နှစ်ဆယ်သုံးဆယ်တိုင်တိုင် - ဟူသော ဤအရာ၌ (အမျိုးတူ ရုပ်နာမ်တို့၏ အစဉ်-ဟူသော) သန္တတိပစ္စုပ္ပန်၏အစွမ်းဖြင့် အကြိမ်အပိုင်းအခြားကို (သိအပ်၏)ဟု ကေစိ(အချို့)ဆရာတို့က ဆိုကြ၏။ အပရေ(တပါးသော) ဆရာတို့ကမူ ပုန္နေးအောင် ထိုင်ခြင်းဖြင့်(အကြိမ်အပိုင်းအခြားကိုသိအပ်၏)ဟု ဆိုကြ၏ ။ပ။ သွားခြင်းမှ လူးပေခြင်းတိုင်အောင် နှလုံးသွင်းခြင်းသည် တကြိမ်မည်၏၊ ဤနည်းဖြင့် အကြိမ်နှစ်ဆယ် သုံးဆယ်တိုင်တိုင် ကမ္မဋ္ဌာန်းကို နှလုံးသွင်းပြီးလျှင် (ဟု ဆိုလို၏)။ (ဋီကာ)

၂– ယူပြီးလျှင်.... စွန့်ခဲ့၍.... မငဲ့ပဲ.... ရွာသို့ ရှေးရှုပြုလျက် သွားရပါတကား-ဟု စပ်ပါ။

http://www.dhammadownload.com

သော မြေခွေးကဲ့သို့ အာဟာရအလိုငှါ ရွာသို့ ရှေးရှုပြုလျက် သွားရ ပါတကား။

ဤသို့ သွားသောအခါ၌လည်း ညောင်စောင်းအင်းပျဉ်က ဆင်းသည်မှ စ၍ ခြေဖဝါးမှုမှုန် အိမ်မြှောင်ချေး စသည်တို့ဖြင့် ပြွမ်းသော (မြေပြင် အခင်း) ကြမ်းပြင်အခင်းကို နင်းရချေသည်။ ထို့နောင် တရုတ်ခါ ကြွက်ချေး လင်းနို့ချေး စသည်တို့ဖြင့် လူးကပ်ပျက်စီးနေသောကြောင့် အတွင်းခန်းထက်သာ၍ စက်ဆုပ်ဖွယ်ကောင်းသော ကျောင်းဦးကြမ်းပြင်ကို တွေ့မြင်ရချေသည်။ ထို့နောင် ခင်ပုပ် ခို စသည်တို့၏ ချေးတို့ဖြင့် လူးပေ နေသောကြောင့် အထက်ထပ်အပြင်ထက်သာ၍ စက်ဆုပ်ဖွယ်ကောင်းသော အောက်ထပ်အပြင်ကို တွေ့မြင်ရချေသည်။ ထို့နောင် ရံခါ ရံခါ လေတိုက် သဖြင့် ကျရောက်နေသော မြက်သစ်ရွက်ဟောင်းတို့ဖြင့်ဝင်း၊ ဂိလာန သာမဏေတို့၏ ကျင်ကြီး ကျင်ငယ် တံထွေး နှပ်တို့ဖြင့်ဝင်း၊ မိုးအခါ၌ ရွှံညွန်ရေတို့ဖြင့်ဝင်း ညစ်ပေနေသောကြောင့် အောက်ထပ်အပြင်ထက် သာ၍ စက်ဆုပ်ဖွယ်ကောင်းသော ပရိဝုဏ်ဝင်းမြေပြင်ကို တွေ့မြင်ရချေ သည်။ (ထို့နောင်) ပရိဝုဏ်ထက်သာ၍ စက်ဆုပ်ဖွယ်ကောင်းသော ကျောင်းတိုက်လမ်းကို တွေ့မြင်ရချေသည်။

ထို့နောင် အစဉ်အတိုင်း ဗောဓိပင်ကိုဝင်း၊ စေတီတော်ကိုဝင်း ရှိခိုး ပြီးလျှင် ဆွမ်းခံသွားမည့်အရပ်ကို ကြံစည်ရာတန်ဆောင်း၌ ရပ်တည်လျက် ပုလဲအစုနှင့်တူသော စေတီတော်ကိုဝင်း၊ ဒေါင်းမြီးစည်းကဲ့သို့ နှလုံးကို ဆွဲဆောင်တတ်သော ဗောဓိပင်ကိုဝင်း၊ နတ်ဗိမာန်၏ ပြည့်စုံခြင်းကဲ့သို့ တင့်တယ်သည့် အသရေရှိသော ကျောင်းကိုဝင်း မင့်ပဲ ဤသို့သော နှလုံး မွေ့လျော်ဖွယ် တောကျောင်းအရပ်ကို ကျေပေးလျက် သွားရချေသည်။ (ထိုအရပ်မှ) ဖဲခွါခဲ့ပြီးနောက် ရွာလမ်းသို့ သွားသောအခါ ငုတ်များ

http://www.dhammadownload.com

ဆူးများရှိသော လမ်းကိုလည်း တွေ့မြင်ရချေသည်၊ ရေစီးအဟုန်ဖြင့် ပျက်စီး၍ မညီညာတ်သော လမ်းကိုလည်း တွေ့မြင်ရချေသည်။

ထို့နောင် အိုင်းအမာကို ဖုံးလွှမ်းသကဲ့သို့ သင်းပိုင်ကို ပြင်ဝတ်၍ အမာလွှမ်းအဝတ်ကို ဖွဲ့စည်းသကဲ့သို့ ခါးပန်းကြိုးကို ဖွဲ့စည်းပြီးလျှင် အရိုးစုကို ဖုံးလွှမ်းသကဲ့သို့ ကေသီသက်နှံးကို ရုံပြီးနောက် ဆေးထည့်စရာ အိုးခြမ်းခွက်ကို ထုတ်ဆောင်သကဲ့သို့ သပိတ်ကို အိတ်မှ ထုတ်၍ ရွာတံခါးအနီးသို့ ရောက်လျှင် ဆင်ကောင်ပုပ် မြင်းကောင်ပုပ် နွားကောင်ပုပ် ကျွဲကောင်ပုပ် လူကောင်ပုပ် မြွေကောင်ပုပ် ခွေးကောင်ပုပ်တို့ကိုလည်းတွေ့မြင်ရချေသည်။ တွေ့မြင်ရရုံမျှသာ မဟုတ်သေး၊ နှာခေါင်းကို တိုက်ခိုက်လာသော ထိုအကောင်ပုပ်တို့၏ အနံ့ကိုလည်း သည်းခံရချေသေးသည်။ ထို့နောင် ရွာတံခါးဦးရပ်တန့်၍ ဆင်ကြမ်း မြင်းကြမ်း အစရှိသော ဘေးကို ရှောင်ရန် အတွက် ရွာလမ်းများကို ကြည့်ရချေသည်။

[၃၃၈] ဤဆိုခဲ့သည့်အတိုင်း (မြေပြင်) ကြမ်းပြင်အခင်းမှစ၍ များစွာသော အကောင်ပုပ်အဆုံးရှိသော ဤစက်ဆုပ်ဖွယ်အပေါင်းကို အာဟာရဟူသော အကြောင်းကြောင့် နင်းရချေသည် တွေ့မြင်ရချေသည် နမ်းရှူရချေသည်။ အချင်းတို့ အစာအာဟာရသည် သြဇာစက်ဆုပ်ဖွယ်ကောင်းလေစွ တကား-ဟု ဤသို့ သွားခြင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။ (၁)

(၂) ရှာမှီးခြင်းအားဖြင့် ဆင်ခြင်ပုံ

၂၉၆။ ရှာမှီးခြင်းအားဖြင့် အဘယ်သို့ ဆင်ခြင်အပ်သနည်း?ဟူမူ-ဤဆိုခဲ့သည့်အတိုင်း သွားခြင်းဖြင့် စက်ဆုပ်ဖွယ်အပေါင်းကို သည်းခံခဲ့ပြီးလျှင်လည်း ရွာသို့ဝင်သောအခါ အစပ်အစပ်ရှိသော သက်နှံးကိုရုံလျက် ခွက်လက်စွဲ၍ တောင်းနေသော ခိုကိုးရာမဲ့ သူတောင်းစားကဲ့သို့ အိမ်စဉ်

http://www.dhammadownload.com

အတိုင်း ရွာလမ်းတို့၌ လှည့်လည်ရချေသည်။ ယင်းရွာလမ်းတို့၌ မိုးအခါမှာ နင်းတိုင်း နင်းတိုင်းသော အရပ်၌ ခြေသလုံးသားတိုင်အောင်သော်လည်း ချဉ်ထွန်ရေထဲ၌ ခြေတို့သည် ကျဉ်နစ်ကုန်၏။ လက်တဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တဖက်ဖြင့် သင်္ကန်းကို မ-ရချေသည်။ နွေအခါမှာ လေအဟုန်ကြောင့် လွင့်တက်ကုန်သော မြေမှုန့်မြက်မှုန့်တို့ဖြင့် ကိုယ်၌ပြိုးပြွမ်း လူးပေလျက် လှည့်လည် ရချေသည်။ ထိုထို အိမ်တံခါးသို့ ရောက်လျှင် သားငါးဆေးရေ ဆန်ဆေးရေ တံထွေး နှပ် ခွေးချေး ဝက်ချေးစသည်တို့နှင့် ရောပြွမ်းကုန်လျက် ပိုးလောက်အမျိုးမျိုးတို့ဖြင့် ရှုပ်ယှက်ခတ်ရှိနေကြသည့်ပြင် ယင်မမဲရိုင်းတို့ တရွှန်းရွှန်းဖြစ်လျက် ရှိနေကုန်သော ချဲ့ပွက်တို့ကိုလည်း၊ အညစ်အကြေး ရေပုပ်တို့ စွန့်သွန်ရာ တံစီးအိုင်တို့ကိုလည်း တွေ့မြင်ရချေသည်နင်းလည်း နင်းရချေသည်၊ ယင်းချဲ့ပွက်တံစီးအိုင်တို့မှ ထိုယင်ကောင်တို့သည် ပျံတက်ကုန်၍ သင်္ကန်း၌လည်း နား၊ကုန်၏ သပိတ်၌လည်း ဦးခေါင်း၌လည်း နား၊ကုန်၏။

အိမ်ထဲသို့ ဝင်မိသော ရဟန်းအားလည်း အချို့က လှူကုန်၏ အချို့က မလှူကုန်။ လှူကြသော်လည်း အချို့က ယမန်နေ့က ချက်ထားသော ထမင်းကိုလည်း လှူကုန်၏၊ ခဲဖွယ် အဟောင်းအမြင်းကိုလည်း လှူကုန်၏၊ ပုပ်သိုးသော ဂျုံမုံ့ ဆန်မုံ့တို့ကိုလည်း လှူကုန်၏။ မလှူသောသူထဲကလည်း အချို့ကသာ (အတိစ္ဆထ) ကျော်လွန်၍ အလိုရှိပါကုန်ဘုရား (ဝါ-ကန်တော့ဆွမ်းပါဘုရား)ဟု ဆိုကုန်၏။ အချို့ကမူ မမြင်ကုန်သကဲ့သို့ ဆိတ်ဆိတ်နေကုန်၏၊ အချို့က အခြားဘက်သို့ မျက်နှာလွှဲနေကုန်၏၊အချို့က "ဟေ့ ဖိုးကတုံး သွား" ဤသို့ အစရှိသော ကြမ်းတမ်းသော စကားတို့ဖြင့် ပြောဆိုကုန်၏။ ဤပုံဤနည်းဖြင့် ခိုကိုးရာမဲ့ သူတောင်းစားကဲ့သို့ ရွာ၌ဆွမ်းရရေးအတွက် လှည့်လည်၍ ထွက်လာရချေသည်။

http://www.dhammadownload.com

ဤဆိုခဲ့သည့်အတိုင်း ရွာသို့ ဝင်သည်မှစ၍ ထွက်သည်တိုင်အောင် ရှုညွှန်ရအစရှိသော စက်ဆုပ်ဖွယ်အပေါင်းကို အစာအာဟာရဟူသော အကြောင်းကြောင့် နှင်းရ-တွေ့မြင်ရ-သည်းခံရခြေသည်။အချင်းတို့ အစာအာဟာရသည် သြဇာ စက်ဆုပ်ဖွယ်ကောင်းလေစွတကား-ဟု ဤသို့ ရှာမှီးခြင်းအားဖြင့် စက်ဆုပ်ဖွယ် ကောင်းသည်၏ အဖြစ်ကို ဆင်ခြင်အပ်ပေသည် (၂)

(၃) သုံးဆောင်ခြင်းအားဖြင့် ဆင်ခြင်ပုံ

၂၉၇။ သုံးဆောင်ခြင်းအားဖြင့် အဘယ်သို့ ဆင်ခြင်အပ်သနည်း?ဟူမူ-ဤဆိုခဲ့သည့်အတိုင်း အစာအာဟာရကို ရှာခဲ့ပြီးသောရဟန်းသည် ရွာ၏ အပြင်ပ သင့်လျော်ရာအရပ်၌ချမ်းသာစွာထိုင်နေလျက် ထိုအစာအာဟာရ၌ စားရန် လက်ကိုမချသေး-မန္ဒိုက်သေးမီဆိုလျှင် ထိုသို့ (သီလစသည်နှင့် ပြည့်စုံ)သော သဘောရှိသော[1] အလေးပြုထိုက်သည့်အရာ၌တည်သော ရဟန်းကိုဖြစ်စေ၊ လင်္ဂီသူတော်ကောင်းလူကိုဖြစ်စေ တွေ့မြင်ရလျှင် (ထိုဆွမ်းကို ခံယူရန်) ဖိတ်မန်ခြင်းငှါသော်လည်း စွမ်းနိုင်ပေ၏။ သို့သော်လည်း စားလိုသဖြင့် ထိုအာဟာရ ထိုဆွမ်း၌ လက်ကိုချမိကာမျှ နှိုက်မိကာမျှ၌ပင် ခံယူပါကုန်-ဟု [၃၃၉] ဖိတ်မန့်ပြောဆိုရလျှင် (စားကြွင်းကို လှူလေသလောဟု မသင်္ကာဖွယ်ရှိသောကြောင့်) ရှက်ဖွယ်ဖြစ်ချေတော့သည်။ လက်ကိုချ၍ ဆုပ်နယ်သောသူမှာ လက်ငါးချောင်းမှ အစဉ်လျှောက်သဖြင့် ချေးသည်ယိုထွက်လျက် ခြောက်သွေ့၍ မာကြမ်းသောဆွမ်းကိုသော်လည်း စိုစေကာ နူးညံ့စေ၏။ ထိုအခါ ဆုပ်နယ်ကာမျှဖြင့်လည်း တင့်တယ်မှုပျက်သွားသော ထိုဆွမ်းကို ဆွမ်းလုပ်ပြု၍ ခံတွင်း၌ထည့်လိုက်လျှင် အောက်

မှတ်ချက်

၁–တထာရူပံ-ပုဒ်၏ အနက်ဖြစ်သည်။ထိုသို့ (ဖိတ်သင့်) သောသဘောရှိသော-ဟူ၍လည်း ပြန်သင့်၏။

http://www.dhammadownload.com

သွားများက ဆုံကိစ္စကို ပြီးစေကြ၏၊ အထက်သွားများက ကျည်ပွေ့ကိစ္စကို ပြီးစေကြ၏၊ လျှာက လက်ကိစ္စကို ပြီးစေ၏။ ထိုခံတွင်း၌ ထိုဆွမ်းလုပ်သည် ခွေးစားခွက်၌ ခွေးစာနှင့်တူ၏။ ထိုဆွမ်းလုပ်ကို သွားတည်းဟူသော ကျည်ပွေ့တို့ဖြင့် ထောင်းထုကြိတ်ချေကာ လျှာဖြင့် ပြန်လှန်ပေးလျက် ကဲ့သောကြည်သောတံထွေးက လူးလဲစေ၏၊ လျှာအလည်မှစ၍ ပြစ်ခွဲသောတံထွေးက လူးလဲစေ၏၊ ဒန်ပူမရောက်ရာအရပ်၌ရှိသော သွားချေးကလည်း လူးလဲစေ၏။ ဤဆိုခဲ့သည့်အတိုင်း ကျေညက်စေအပ် လူးစေအပ်ပြီးသော ထိုအစာအာဟာရသည် ထိုခဏ၌ပင် အဆင်းအနံ့ ကင်းမဲ့သွား၏၊ ကောင်းအောင်ပြုပြင်ထားမှုလည်း ကင်းမဲ့သွား၏၊ (ထို့ကြောင့်) ခွေးစားခွက်ထဲက ခွေးအန်ဖတ်ကဲ့သို့ အလွန်စက်ဆုပ်ဖွယ် ကောင်းသည့်အဖြစ်သို့ ရောက်လေတော့၏။ ဤသို့ အလွန်စက်ဆုပ်ဖွယ်ဖြစ်ငြားသော်လည်း မျက်စိဖြင့် မမြင်နိုင်ကောင်းသောကြောင့်သာ မျိုချရပေသည်ဟု ဤသို့ သုံးဆောင်ခြင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကို ဆင်ခြင်အပ်ပေသည်။ (၃)

(၄) တည်ရာအာသယအားဖြင့် ဆင်ခြင်ပုံ

၂၉၈။ တည်ရာအာသယအားဖြင့် အဘယ်သို့ ဆင်ခြင်အပ်သနည်း? ဟူမူ-ဤဆိုခဲ့သည့်အတိုင်း သုံးဆောင်တိုင်း-စားမျိုခြင်းသို့ရောက်သော ထိုအစာအာဟာရသည် အတွင်းသို့ဝင်လတ်သော် ဘုရား, ပစ္စေကဗုဒ္ဓါတို့မှာသော်လည်း စကြဝတေးမင်းမှာသော်လည်း သည်းခြေ, သလိပ်, ပြည့်, သွေးဟူသော တည်ရာအာသယလေးပါးတို့တွင် တပါးပါးသော တည်ရာအာသယ

မှတ်ချက်

၁–အတွင်းသို့ ဝင်လတ်သော်....သည်းခြေအာသယ လွန်ကဲ သူမှာ-စသည်ဖြင့် စပ်ပါ။

http://www.dhammadownload.com

ရှိသည်သာ၊ ဘုန်းကံနည်းသောသူတို့မှာမူ တည်ရာအာသယ လေးပါးလုံး ရှိကုန်၏၊ ထို့ကြောင့် သည်းခြေအာသယလွန်ကဲသူမှာ ပြစ်ချဲသော သစ်မည်စည်ဆီဖြင့် လိမ်းကျံထားသကဲ့သို့ အလွန်စက်ဆုပ်ဖွယ်ကောင်းသည် ဖြစ်လေတော့၏၊ သလိပ်အာသယလွန်ကဲသူမှာ ဝက်ချေးပန့ဲရွက်ရည်ဖြင့် လိမ်းကျံထားသကဲ့သို့ အလွန်စက်ဆုပ်ဖွယ်ကောင်းသည် ဖြစ်လေတော့၏၊ ပြည်အာသယ လွန်ကဲသူမှာ ရက်တက်ပုပ်ရည်ဖြင့် လိမ်းကျံထားသကဲ့သို့ စက်ဆုပ်ဖွယ်ကောင်းသည် ဖြစ်လေတော့၏၊ သွေးအာသယ လွန်ကဲသူမှာ နီသောဆိုးရည်ဖြင့် လိမ်းကျံထားသကဲ့သို့ စက်ဆုပ်ဖွယ်ကောင်းသည် ဖြစ်လေတော့၏။ (ဤသို့ အလွန်စက်ဆုပ်ဖွယ်ကောင်းခြင်းသို့ ရောက်လျက် အတွင်းသို့ ဝင်လေသည်-ဟု) ဤသို့ သည်းခြေ,သလိပ်,ပြည်,သွေး ဟူသော တည်ရာအာသယအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကို ဆင်ခြင်အပ်ပေသည်။ (၄)

(၅) စုၦတည်ရာ အစာသစ်အိမ်အားဖြင့် ဆင်ခြင်ပုံ

၂၉၉။ စုၦတည်ရာ အစာသစ်အိမ်အားဖြင့် အဘယ်သို့ ဆင်ခြင်အပ်သနည်း?ဟူမူ-စားမျိုလိုက်သော ထိုအစာသည် ဤ အာသယလေးပါး တို့တွင်တပါးပါးသော အာသယဖြင့် လိမ်းကျံလူးလည်းလျက် အစာသစ်အိမ် အတွင်းသို့ ဝင်ပြီးလျှင် ချေခွက် ငွေခွက် ပတ္တမြားခွက် စသည်တို့၌ စုၦတည်နေသည် မဟုတ်ပေ၊ စင်စစ်အားဖြင့်မူ အသက်ဆယ်နှစ်ရှိသူ စားမျိုလျှင် ဆယ်နှစ်ပတ်လုံး ဆေးကြောခြင်းမရှိသည့် ကျင်ကြီးတွင်းနှင့်တူသော အရပ်၌ တည်နေရချေသည်၊ အကယ်၍ အသက် အနှစ်နှစ်ဆယ် သုံးဆယ် လေးဆယ် ငါးဆယ် ခြောက်ဆယ် ခုနစ်ဆယ် ရှစ်ဆယ် ကိုးဆယ်ရှိသူ စားမျိုလျှင်၊ အကယ်၍ အနှစ်တရာရှိသူ စားမျိုလျှင် အနှစ်တရာပတ်လုံး [၃၄၀] ဆေးကြောခြင်းမရှိသည့် ကျင်ကြီးတွင်းနှင့်တူသော အရပ်၌

http://www.dhammadownload.com

တည်နေရချေသည်-ဟု ဤသို့ စုၪ်တည်ရာ အစာသစ်အိမ်အားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။ (၅)

(၆) မကျေမကျက်သေးသောအားဖြင့် ဆင်ခြင်ပုံ

၃၀၀။ မကျေမကျက်သေးသောအားဖြင့် အဘယ်သို့ ဆင်ခြင်အပ်သနည်း?ဟူမူ ဤသို့(ကျင်ကြီးတွင်းနှင့်တူသည့်) သဘောရှိသော အရပ်၌ စုၪ်တည်နေခြင်းသို့ ရောက်သော ထိုဆိုခဲ့သည့် ဤအစာအာဟာရသည် မကျေမကျက်သေးမီကာလပတ်လုံး ဆိုခဲ့ပြီးသော အပြားရှိသော [၁] အလွန်မှောင်မိုက်အတိဖြစ်နေသော [၁] အပုပ်နံ့အမျိုးမျိုးတို့ဖြင့် စွဲထုံသော လေပုပ်တို့၏ သွားရာဖြစ်သော [၁] အလွန်မကောင်းသောအနံ့တို့ဖြင့် စက်ဆုပ်ဖွယ်ဖြစ်သော ထိုအစာသစ်အိမ်အရပ်၌ပင်လျှင်(တည်နေရချေသည်)ဥပမာဖြင့် ပြရလျှင် နွေရာသီ၌ အခါမဲ့မိုးကြီးရွာလျှင် ဒွန်းစဏ္ဍားရွာတံခါးဝရှိ ကျင်းချိုင့်၌ ကျရောက်နေကုန်သော မြက် သစ်ရွက် ဖျာစုတ် မြေကောင်ပုပ် ခွေးကောင်ပုပ် လူကောင်ပုပ် စသည်တို့သည် နေပူရောင်ဖြင့် ပူလောင်ခံရကုန်သည်ဖြစ်၍ အမြုပ် အပြွက် တစီစီတက်ကုန်လျက် တည်နေကုန်သကဲ့သို့ ထို့အတူပင် ထိုနွေ၌ စားမျိုသော အစာသည်၎င်း၊ ယမန်နေ့က စားမျိုခဲ့သော အစာသည်၎င်း ထို့ထက် ရှေးကျသည့်နေ့က စားမျိုခဲ့သည့် အစာသည်၎င်း အားလုံးပင် တပေါင်းတည်းဖြစ်၍ သလိပ်အပြင်က မြွေးယှက်ဖုံးအုပ်လျက် ဝမ်းမီးအပူရှိန် တေဇောဓာတ်က ကျိုက်ကျိုက်ဆူအောင် ပူလောင်စေခြင်းကြောင့် ဖြစ်သည့် အမြုပ် အပြွက်များ တစီစီတက်ခြင်းရှိသည်ဖြစ်၍ အလွန်စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်သို့ ရောက်လျက်

မှတ်ချက်

၁–အပြားရှိသော .... ဖြစ်နေသော ....ဖြစ်သော.... ထိုအစာသစ်အိမ် အရပ်၌-ဟု စပ်ပါ။

http://www.dhammadownload.com

တည်နေရချေသည်-ဟု ဤသို့ မကျေမကျက်သေးသောအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။ (၆)

(၇) ကျေကျက်ပြီးသောအားဖြင့် ဆင်ခြင်ပုံ

၃၀၁။ ကျေကျက်ပြီးသောအားဖြင့် အဘယ်သို့ ဆင်ခြင်အပ်သနည်း? ဟူမူ – အစာသစ်အိမ်၌တည်သော ထိုအစာသည် လောလောပူသော ဝမ်းမီးဖြင့် ကျေကျက်ပြီးလတ်သော် ရွှေ့ ငွေ့ စသည် ထွက်သော ကျောက်ခဲတစ်တို့ကဲ့သို့ ရွှေ့ ငွေ့ စသည်အဖြစ်သို့ ရောက်သည်ကား မဟုတ်ပေ၊ စင်စစ်သော်ကား အမြုပ် အပြွက်တို့ကို ထစေလျက်[1] အမှုန့်ကြိတ်ရာ ကျောက်ပြင်၌ ကြိတ်ပြီးလျှင် ကျည်တောက်ငယ်၌ သိပ်ထည့်ထားသော ဝါဖျော့ဖျော့မြေညက်ကဲ့သို့ ကျင်ကြီးအဖြစ်သို့ရောက်၍ အစာကျက်အိမ် (အစာဟောင်းအိမ်) ကိုလည်း ပြည့်ဖစေသည်၊ ကျင်ငယ်အဖြစ်သို့ရောက်၍ ဆီးအိမ် စည်ဖောင်းကိုလည်း ပြည့်စေသည်-ဟု ဤသို့ ကျေကျက်ပြီးသောအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။ (၇)

(၈) ပြီးစီးသောအကျိုးအားဖြင့် ဆင်ခြင်ပုံ

၃၀၂။ ပြီးစီးသော အကျိုးအားဖြင့် အဘယ်သို့ ဆင်ခြင်အပ်သနည်း? ဟူမူ-ဤဆိုခဲ့သော အစာသည် ကောင်းစွာကျေကျက်လျှင် ဆံပင် အမွေးလက်သည်းခြေသည်း သွားအစရှိကုန်သော အမျိုးမျိုးသော အပုပ်အစုတို့ကို ပြီးစေ၏၊ ကောင်းစွာမကျေမကျက်လျှင် ပွေးနာ ယားနာ ဝဲနာ နူနာ ညှင်းနာ ကုတ်ဟီးခေါ်သည့် မြစ်ခြောက်နာ ချောင်းဆိုးနာ ဝမ်းသွေးသွန်နာ အစရှိကုန်သော အရာမက များစွာသောအနာတို့ကို ပြီးစေ၏၊

မှတ်ချက်

၁ – ထစေလျက်....ကျင်ကြီးအဖြစ်သို့ ရောက်၍-စသည်ဖြင့် စပ်ပါ။

http://www.dhammadownload.com

ဤသည်ကား ထိုအစာ၏ ပြီးစီးသောအကျိုး ဖြစ်ချေသည်-ဟု ဤသို့ ပြီးစီးသော အကျိုးအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကို ဆင်ခြင်အပ်ပေသည်။ (၈)

(၉) ယိုထွက်ခြင်းအားဖြင့် ဆင်ခြင်ပုံ

၃၀၃။ ယိုထွက်ခြင်းအားဖြင့် အဘယ်သို့ ဆင်ခြင်အပ်သနည်း?ဟူမူ-စားမျိုအပ်သော ဤအစာသည် တခုသောပါးစပ်ပေါက်ဖြင့် ဝင်ပြီးလျှင် ယိုထွက်သောအခါ မျက်စိမှ မျက်ခွေးဖြစ်လျက်, နားမှ နားဖာခွေးဖြစ်လျက်-ဤသို့ အစရှိသော အပြားအားဖြင့် များစွာကုန်သော အပေါက်တို့မှ ယိုထွက်၏။ ထို့ပြင် စားသောအခါ၌ ဤအစာကို များစွာသော အခြံအရံနှင့် တကွလည်း စားရပေသည်၊ ယိုထွက်သောအခါ၌မူ ကျင်ကြီးကျင်ငယ် စသည်ဖြစ်သွားသော ဤအစာကို တယောက်ထီးတည်းသာလျှင် စွန့်ထုတ်ရချေသည်။ [၃၄၁] ထို့ပြင် ထိုအစာကို ပဌမနေ့၌ စားစဉ်မှာ အလွန်တက်ကြွကာ ပီတိသောမနဿ ဖြစ်လျက် အလွန်ရှင်သည်လည်း ဖြစ်တတ်၏၊ ဒုတိယနေ့၌ ယိုထွက်သောအခါမှာမူ ရုံရှာစက်ဆုပ်သည် ဖြစ်၍ နှလုံးမသာဖြစ်ကာ မျက်နှာချိုလျက် နှာခေါင်းပိတ်၍ စွန့်ထုတ်ရတတ်ချေသည်။ ထို့ပြင် ပဌမနေ့၌ ထိုအစာကို တပ်စဲ့ မက်မော ဖွဲ့တွယ်ကာ ရသတဏှာဖြင့် မိန်းမောလျက် စားမျိုခဲ့သော်လည်း တည်ငြိမ်မှု လွန်သဖြင့် ဒုတိယနေ့၌ တပ်မက်ခြင်းမရှိတော့ပဲ အနှိပ်စက်ခံရသလိုပင် မခံသာသည် ရှက်နိုးသည်ဖြစ်၍ စက်ဆုပ်ရုံရှာလျက် စွန့်ထုတ်ရချေသည်။ ထို့ကြောင့် ရှေးဆရာတို့က အောက်ပါ ဂါထာ ၄-ပုဒ်ကို မိန့်ဆိုတော်မူကြပေသည်။

အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ကေဒ္ဓါရေန ပဝိသိတ္ဝာ၊ နဝဒ္ဓါရေဟိ သန္ဒတိ။

http://www.dhammadownload.com

မဟာရဟံ၊ သူမြတ်တို့အား ထိုက်တန်သော။ အန္ဒံ၊ ထမင်းသည်ငင်း။ပါနံ၊ အဖျော်သည်ငင်း။ ခါဒနီယံ၊ ခဲဖွယ်သည်ငင်း။ ဘောဇနဥ္စ၊ စားဖွယ်(ဘောဇဉ်)သည်ငင်း။ ကေဒါရေန၊ တပေါက်သောဒါရဖြင့်၊ ပဝိသိတွာ၊ ဝင်၍။ နဝဒါရေဟိ၊ ကိုးပေါက်သောဒါရတို့မှ။ သန္ဒတိ၊ ယိုစီးထွက်သွားလေသတည်း[1]။

အန္ဒံ ပါနံ ခါဒနီယံ၊ ဘောဇနဥ္စ မဟာရဟံ။
ဘုဥ္ဇတိ သပရိဝါရော၊ နိက္ခာမေန္တော နိလီယတိ။

မဟာရဟံ၊ သူမြတ်တို့အားထိုက်တန်သော။ အန္ဒံ၊ ထမင်းကိုငင်း။ ပါနံ၊ အဖျော်ကိုငင်း။ ခါဒနီယံ၊ ခဲဖွယ်ကိုငင်း။ ဘောဇနဥ္စ၊ ဘောဇဉ်ကိုငင်း။ သပရိဝါရော၊ အခြံအရံများနှင့်တကွ။ ဘုဥ္ဇတိ၊ စား၏။ နိက္ခာမေန္တော၊ ထွက်စေလတ်သော်။ ဝါ၊ စွန့်ထုတ်လတ်သော်။ နိလီယတိ၊ သူတပါးမမြင်ရအောင် ပုန်းကွယ်လျက် စွန့်ရချေ၏။

အန္ဒံ ပါနံ ခါဒနီယံ၊ ဘောဇနဥ္စ မဟာရဟံ။
ဘုဥ္ဇတိ အဘိနန္ဒန္တော၊ နိက္ခာမေန္တော ဇိဂုစ္ဆတိ။

မဟာရဟံ၊ သူမြတ်တို့အားထိုက်တန်သော။ အန္ဒံ၊ ထမင်းကိုငင်း။

မှတ်ချက်

၁–ဤအဆုဥ်၌ ဂါထာပါဠိကို ထုတ်ပြ၍ နိဿယနည်းဖြင့် အနက်ပြန်ထားခြင်းမှာ သိနားလည်ရန် မခဲယဉ်းသောကြောင့်ငင်း၊ မမျှားလှသောကြောင့်ငင်း၊ ကျက်မှတ်၍ ဆင်ခြင်ရန် ဟောပြောရန် အလိုရှိသူတို့အတွက် အကျိုးများစေလိုသောကြောင့်ငင်း ဖြစ်သည်။

http://www.dhammadownload.com

ပါနံ၊ အဖျော်ကိုငင်း။ ခါဒနီယံ၊ ခဲဖွယ်ကိုငင်း။ ဘောဇနဥ္စ၊ဘောဇဉ်ကိုငင်း။ အဘိနန္ဒန္တော၊ နှစ်သက်ဝမ်းမြောက်လျက်။ ဘုဥ္ဇတိ၊ စား၏။နိက္ခာမေန္တော၊ စွန့်ထုတ်လတ်သော်။ ဇိဂုစ္ဆတိ။ စက်ဆုပ်၏။

အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဥ္စ မဟာရဟံ။
ကေရတ္တိပရိဝါသာ၊ သဗ္ဗံ ဘဝတိ ပူတိကံ။

မဟာရဟံ၊ သူမြတ်တို့အား ထိုက်တန်သော။ အန္နံ၊ ထမင်းသည်ငင်း။ ပါနံ၊ အဖျော်သည်ငင်း။ ခါဒနီယံ၊ ခဲဖွယ်သည်ငင်း။ ဘောဇနဥ္စ၊ ဘောဇဉ်သည်ငင်း။ ကေရတ္တိပရိဝါသာ၊ တည်ခဲ့မျှအောင်းနေခြင်းဖြင့်။ သဗ္ဗံ၊ အလုံးစုံပင်။ ပူတိကံ၊ ပုပ်သည်။ ဘဝတိ၊ ဖြစ်လေတော့သတည်း။

ဤသို့ ယိုထွက်ခြင်းအားဖြင့် စက်ဆုပ်ဖွယ် ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။ (၉)

(၁၀) လူးပေခြင်းအားဖြင့် ဆင်ခြင်ပုံ

၃၀၄။ လူးပေခြင်းအားဖြင့် အဘယ်သို့ ဆင်ခြင်အပ်သနည်း?ဟူမူ-ဤအစာအာဟာရသည် သုံးဆောင်စဉ်ကာလ၌လည်း လက် နှုတ်ခမ်း လျှာ အာခေါင်တို့ကို လူးပေ၏၊ ထိုအစာက လူးပေသောကြောင့် ထိုလက် လျှာ နှုတ်ခမ်း အာခေါင်တို့သည် စက်ဆုပ်ဖွယ် ဖြစ်ကုန်၏၊ ယင်းလက်စသည်တို့ကို ဆေးကြောပြီးဖြစ်သော်လည်း အနံ့ပျောက်စေရန် အထပ်ထပ် ဆေးကြောရသည်။ သုံးဆောင်လိုက်သော အာဟာရသည် ဥပမာဖြင့်ပြရလျှင် ထမင်းချက်လတ်သော် ဖွဲကြမ်း ဖွဲနု ဆန်ကွဲစသည်တို့သည် ဝေတက်၍ ထမင်းအိုး၏နခမ်းရေးနှင့် အဖုံးတို့ကို လူးပေကုန်သကဲ့သို့ ထို့အတူပင် တကိုယ်လုံးသို့ အစဉ်လျှောက်သော ဝမ်းမီးဖြင့် အမြဲပ်ထစေလျက် ကျေကျက်ကာ ဝေတက်၍ သွားတို့ကို သွားချေးအဖြစ်ဖြင့် လူးပေ၏၊ လျှာ

http://www.dhammadownload.com

အာခေါင်စသည်တို့ကို တံထွေးသလိပ်စသည်အဖြစ်ဖြင့် လူးပေ၏၊ မျက်စိနား နှာခေါင်း အောက်မင်္ဂစသည်တို့ကို မျက်ချေး နားဖာချေး နှပ် ကျင်ငယ် ကျင်ကြီးစသည်အဖြစ်ဖြင့် လူးပေ၏၊ ယင်း(သွားချေးစသည်)ဖြင့် လူးပေနေကုန်သော ခံတွင်းအစရှိကုန်သော ဤဒွါရပေါက်တို့သည်[၃] နွေစဉ် နွေတိုင်း ဆေးကြောသော်လည်း မသန့်စင်ကြ နှလုံးမွေ့လျော်ဖွယ် မဖြစ်ကြသည်သာတည်း၊ ယင်းဒွါရတို့တွင် အချို့ဒွါရကို[၂] ဆေးကြောပြီးလျှင် လက်ကို ရေဖြင့် တဖန် ဆေးကြောရချေသည်၊ အချို့ဒွါရကို[၃] ဆေးကြောပြီးလျှင် နွားချေးပြာဖြင့် (သို့မဟုတ်) မြေညက်ဖြင့် (သို့မဟုတ်) နှံသာမှုန့်ဖြင့် နှစ်ကြိမ် သုံးကြိမ် ဆေးကြောသော်လည်း စက်ဆုပ်ဖွယ် အဖြစ်သည် မကင်းပျောက်ပဲ ရှိချေသည်[၄]-ဟု ဤသို့ လူးပေခြင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေသည်။ (၁၀)

သမာဓိဖြစ်ပုံ

[၃၄၂] ၃၀၅။ ဤဆိုခဲ့သည့်အတိုင်း ဆယ်ပါးသော အခြင်းအရာတို့ဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်သော ထိုယောဂီအား

မှတ်ချက်

၁–ဣမာနိ ဒွါဒသ မုခါဒီနိ-ခံတွင်း အစရှိကုန်သော ဤဒွါရတို့သည်-ဟု ဖွင့်ပြသော ဌီကာနှင့်အညီ ရှေးအနီးဥ မုခဒွါရကို တိုက်ရိုက်မပြခဲ့သော်လည်း ခံတွင်း အစရှိကုန်သော ဟု ဖော်၍ ပြန်သည်။

၂–ပဿာဝမဂ်-ကျင်ငယ်လမ်းပေါက်ကို ရည်၍ အချို့ဒွါရကို ဟူ၍ ဆိုသည်။ (ဌီကာ)

၃–ဝစ္စမဂ်-ကျင်ကြီးလမ်းပေါက်ကို ရည်၍ တဖန် အချို့ဒွါရကို ဟူ၍ ဆိုသည်။ (ဌီကာ)

၄–အချို့စာအုပ်၌ နံ-မပါပဲ ဝိဂစ္ဆတိတိ-ဟု ရှိ၏၊ မသင့်။ နံ ဝိဂစ္ဆတိတိ-ဟု ရှိသေသာပါဠိ၌ သင့်သည်။ ထူးကြောင့် ထိုပါဠိအရ ပြန်ထားသည်။

http://www.dhammadownload.com

ကြံစည်မှုဖြင့် ထုနှက်သလို နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ ထုနှက်သလို အဖန်ဖန် နှလုံးသွင်းခြင်းကို ပြုနေလတ်သော် အလုပ်အလွှေ ပြု၍ စားအပ်သော အာဟာရသည် စက်ဆုပ်ဖွယ် အခြင်းအရာ၏ အစွမ်းအားဖြင့် ထင်ရှားပေါ်လေတော့၏။ ထိုယောဂီသည် ထိုစက်ဆုပ်ဖွယ် နိမိတ်ကို အဖန်ဖန် မှီဝဲ၏ ပွါးစေ၏ အကြိမ်များစွာ ပြု၏။ ဤသို့ ပြုနေသော ထိုယောဂီအား နီဝရဏတို့သည် ကွာကုန်၏၊ ကဗဋီကာရအာဟာရ၏ သဘာဝဓမ္မအဖြစ်ဖြင့် နက်နဲသောကြောင့် အပ္ပနာသို့ မရောက်သော ဥပစာရသမာဓိဖြင့် စိတ်သည် ကောင်းစွာ တည်ကြည်၏။ သို့သော်လည်း ဤကမ္မဋ္ဌာန်း၌ စက်ဆုပ်ဖွယ်အခြင်းအရာကို ယူသည်၏အစွမ်းဖြင့် အမှတ်သညာ ထင်ရှားသောကြောင့် ဤကမ္မဋ္ဌာန်းသည် အာဟာရေပဋိက္ကူလသညာဟူ၍သာလျှင် ရေတွက်ခြင်း ခေါ်ဝေါ်ခြင်းသို့ ရောက်ပေသည်။

အကျိုး

အကျိုးကား - ဤအာဟာရေပဋိက္ကူလသညာကမ္မဋ္ဌာန်းကို အားထုတ်သော ရဟန်းအား ရသတဏှာမှ စိတ်သည် တွန့်၏ ဆုတ်၏ နစ်၏။ ခရီးခဲကို ကျော်လွှန်လိုသောသူသည် သား၏ အသားကို မာန်ယစ်ခြင်းမရှိပဲ စားသုံးရသကဲ့သို့ ထိုယောဂီသည် ဆင်းရဲမှထွက်မြောက်ရန်အလို့ငှါသာလျှင် မာန်ယစ်ခြင်းမရှိပဲ အာဟာရကို သုံးဆောင်၏။ ထိုသို့ သုံးဆောင်လတ်သော် ထိုယောဂီမှာ ပင်ပန်းခြင်းမရှိပဲ လွယ်ကူစွာသာလျှင် ကဗဋီကာရအာယာရကို ပိုင်းခြား၍ သိခြင်းကို ရှေသွားပြုသဖြင့် ကာမဂုဏ်ငါးပါး၌ တပ်မက်သော ရာဂသည် ပိုင်းခြား၍ သိအပ်သည်၏အဖြစ်သို့ (၀၊-ကင်းပျောက်ခြင်းသို့) ရောက်၏။ ထိုယောဂီသည် ကာမဂုဏ်ငါးပါး ပိုင်းခြား၍ သိခြင်းကို ရှေသွားပြုသဖြင့် ရူပက္ခန္ဓာကို ပိုင်းခြား၍ သိ၏။ ထို့ပြင် မကျေမကျက်သေးသော အစာ စသည်၏ စက်ဆုပ်ဖွယ်အဖြစ်၏ အစွမ်းအားဖြင့် ထိုယောဂီအား ကာယဂတာသတိဘာဝနာသည်လည်း ထက်ဝန်းကျင်ပြည့်စုံခြင်းသို့

http://www.dhammadownload.com

ရောက်၏၊ အသုဘသညာအားလျော်သော အကျင့်ကို ကျင့်သည်လည်း မည်ပေ၏။ဤအကျင့်ပဋိပတ်ကိုမှီ၍ မျက်မှောက် အတ္တဘော - မျက်မှောက် ဘဝင်္ဂပင်လျှင် အမြဲကိန်ဗွာန်ဟူသော အပြီးအဆုံးသို့ မရောက်နိုင်သေးပါမူ သုဂတိလျှင် လားရာရှိပေ၏။ ဤတွင် တရပ်ပြီး၏။

ယခုဆိုခဲ့ပြီးသောစကားသည် အာဟာရေပဋိကွူလသညာဘာဝနာ၌ အကျယ်ပြဆိုသော စကားပေတည်း။

(၁-အာဟာရေပဋိကွူလသညာပွါးပုံ ပြီး၏)။

၂-စတုဓာတုဝဝတ္ထာန်ပွါးပုံ

၃၀၆။ ယခုအခါ အာဟာရေပဋိကွူလသညာ၏ အခြေးမဲ့၌ ဝဝတ္ထာန် တပါးဟူ၍ ဤသို့ အကျဉ်းပြခဲ့ပြီးသော စတုဓာတုဝဝတ္ထာန် ပွါးစေပုံကို အကျယ်ပြရန် အစဉ်ရောက်လာပေပြီ။ ထိုပုဒ်၌ ဝဝတ္ထာန်-ဟူသည်ကား ခက်မခြင်းအစရှိသော ဓာတ်လေးပါးတို့၏ အသီးအသီးသော သဘောကို မှတ်သည်၏ အစွမ်းအားဖြင့် ဆုံးဖြတ်ခြင်း (ဉာဏ်)ပေတည်း။ လေးပါး ကုန်သော ဓာတ်တို့ကို ဆုံးဖြတ်ခြင်းသည် စတုဓာတုဝဝတ္ထာန် မည်၏။ ဓာတုမနသိကာရ-ဓာတ်တို့ကို နှလုံးသွင်းခြင်း, ဓာတုကမ္မဋ္ဌာန-ဓာတ်ကမ္မဋ္ဌာန်း, စတုဓာတုဝဝတ္ထာန်-ဟူသော ဤသုံးပါးသည် အနက်အရအားဖြင့် တူ၏။ ထိုသို့ အနက်အရတူသော ဤစတုဓာတုဝဝတ္ထာန်သည် အကျဉ်း အကျယ် နှစ်ပါးအပြားအားဖြင့် လာရှိ၏။ (ထိုတွင်) မဟာသတိပဋ္ဌာန သုတ်၌ အကျဉ်းအားဖြင့် လာရှိ၏၊ မဟာဟတ္ထိပဒေါပမသုတ်, ဓာတုလော ဝါဒသုတ်, ဓာတုဝိဘင်္ဂသုတ်, ဓာတုဝိဘင်းပါဠိတို့၌ အကျယ်အားဖြင့် လာရှိ၏။ ထုတ်ဆောင်၍ ခဲ့ပြရလျှင် ထိုဓာတုဝဝတ္ထာန်သည်—

"ရဟန်းတို့ ဥပမာဖြင့်ပြရလျှင် ကျွမ်းကျင်သော နွားသတ်သွားသည်သော်၎င်း၊ နွားသတ်သွား၏ တပည့်သည်သော်၎င်း

http://www.dhammadownload.com

နွားကို သတ်ပြီးလျှင် လမ်းလေးခွဆုံ၌ [၃၄၃] အပုံအပုံအားဖြင့် ခွဲခြမ်း၍ ထိုင်နေရာသကဲ့သို့ ရဟန်းတို့ ထို့အတူပင် ရဟန်းသည် တည်မြဲတိုင်း ထားမြဲတိုင်းသော ဤရုပ်ကိုယ်ကိုပင်လျှင် ဓာတ်သဘောအားဖြင့် ရှုဆင်ခြင်၏-ဤရုပ်ကိုယ်၌ (ခက်မာကြမ်းတမ်းသော)ပထဝီဓာတ်သည် ရှိ၏၊ (ယိုစီးဖွဲ့စည်းသော)အာပေါဓာတ်သည်ရှိ၏၊(ပူနွေးအေးသော)တေဇောဓာတ်သည် ရှိ၏၊ (တွန်းကန်တောင့်တင်းသော)ဝါယောဓာတ်သည်ရှိ၏-ဟူ၍ ရှုဆင်ခြင်၏"ဟု-

ဤသို့ ဉာဏ်ထက်သော ဓာတ်ကမ္မဋ္ဌာန်းရှုသူ၏ အစွမ်းအားဖြင့် မဟာသတိပဋ္ဌာနသုတ်၌ အကျဉ်းအားဖြင့် လာရှိပေသည်။

ထိုဒေသနာ၏ အနက်ကား-ကျွမ်းကျင်သော နွားသတ်သမားဖြစ်စေ ထိုနွားသတ်သမား၏ပင် အစာရိက္ခာဖြင့် မွေးမြူထားသော တပည့်ဖြစ်စေ နွားကိုသတ်ပြီးလျှင် ထုတ်ချင်းခပ် အရပ်လေးမျက်နှာသို့ သွားသည့် လမ်းမကြီးတို့၏ အလယ်အရပ်ဟု ဆိုအပ်သော လမ်းလေးခွဆုံအရပ်၌ အပုံအပုံကို ပြု၍ထိုင်နေရာသကဲ့သို့ ထို့အတူပင် ရဟန်းသည် ဣရိယာပုထ်လေးပါးတို့တွင် အမှတ်မရှိ တပါးပါးသော ဣရိယာပုထ်အခြင်းအရာဖြင့် တည်သောကြောင့် တည်မြဲတိုင်း (ဟု ဆိုအပ်)သော[1] တည်မြဲတိုင်းဖြစ်သောကြောင့်ပင်လျှင် ထားမြဲတိုင်းသော ရုပ်ကိုယ်ကို "ဤကိုယ်၌ ပထဝီဓာတ်သည် ရှိ၏၊ အာပေါဓာတ်သည် ရှိ၏၊ တေဇောဓာတ်သည် ရှိ၏၊ ဝါယောဓာတ်သည် ရှိ၏"ဟု ဤသို့ ဓာတ်အားဖြင့် ရှုဆင်ခြင်၏။

အဘယ်ကိုဆိုလိုသနည်း?ဟူမူ-နွားသတ်သမားမှာ နွားကို မွေးမြူစဉ်၌ရင်း၊ နွားသတ်ကုန်းသို့ ဆောင်စဉ်၌ရင်း၊ ဆောင်ခဲ့ပြီး၍ ထိုနွားသတ်ကုန်း၌

မှတ်ချက်

၁—တည်မြဲတိုင်း (ဟု ဆိုအပ်) သော....ရုပ်ကိုယ်ကို-ဟု စပ်ပါ။

http://www.dhammadownload.com

ချည်ထားစဉ်၌ဌင်း၊ သတ်စဉ်၌ဌင်း၊ သတ်ပြီးသော နွားသေကောင်ကို ကြည့်ရှုစဉ်၌ဌင်း "ထိုနွားသေကောင်ကို ဖျက်၍ အပုံအပုံအားဖြင့် မခဲ့ခြမ်းရသေးမီ" ထိုမျှလောက်တိုင်အောင် ကာလအတွင်း၌ နွားဟူသော အမှတ်သညာသည် မပျောက်သေးပေ။ (အပုံအပုံအားဖြင့်) ခဲ့ခြမ်း၍ထိုင်နေသော အခါ၌မူ နွားဟူသော အမှတ်သညာသည် ကွယ်ပျောက်၏၊ အသားဟူသောအမှတ်သညာသည်ဖြစ်၏။ ထိုနွားသတ်သမားမှာ "ငါသည် နွားကိုရောင်း၏၊ ဤသူတို့သည် နွားကိုဝယ်ယူကြ၏" ဟု ဤသို့ ထင်မှတ်ခြင်း မဖြစ်ပေ၊ စင်စစ်သော်ကား "ငါသည် အသားကိုရောင်း၏၊ ဤသူတို့သည် လည်း အသားကို ဝယ်ယူကြ၏" ဟူ၍သာလျှင် ထိုနွားသတ်သမားမှာ ထင်မှတ်ခြင်းဖြစ်သကဲ့သို့ ထို့အတူပင် ဤယောဂီရဟန်းမှာလည်း တရားနှလုံးသွင်းမှု မရှိသေးသောဗာလပုထုဇဉ်ဖြစ်ခိုက် ရှေးကာလ၌ လူဝတ်ကြောင်ဖြစ်စဉ်၌ဌင်း၊ ရဟန်းဖြစ်စဉ်၌ဌင်း "တည်မြဲတိုင်း ထားမြဲတိုင်းသော ဤရုပ်ကိုယ်ကိုပင် တကိုယ်တည်းဟုထင်ရသည့်အစိုင်အခဲကိုခဲ့ခြမ်း၍ ဓာတ်သဘောအားဖြင့် မရှုရသေးမီ" ထိုမျှလောက်တိုင်အောင် ကာလအတွင်း၌ သတ္တဝါဟူ၍ဌင်း ယောကျ်ားဟူ၍ဌင်း ပုဂ္ဂိုလ်ဟူ၍ဌင်း ထင်သောအမှတ်သညာသည် မကွယ်ပျောက်သေးပေ။ ဓာတ်သဘောအားဖြင့် ရှုဆင်ခြင်သောအခါ၌မူ သတ္တဝါဟုထင်သော အမှတ်သညာသည် ကွယ်ပျောက်၏၊ ဓာတ်သဘော၏ အစွမ်းအားဖြင့်သာလျှင် ဘာဝနာစိတ်သည် ကောင်းစွာတည်၏။ထို့ကြောင့် မြတ်စွာဘုရားက– "ရဟန်းတို့ ဥပမာဖြင့်ပြရလျှင် ကျွမ်းကျင်သော နွားသတ်သမားသည်သော်ဌင်း။ပ။ ထိုင်နေရာသကဲ့သို့ ရဟန်းတို့ ထို့အတူပင် ရဟန်းသည်။ပ။ ဝါယောဓာတ်သည် ရှိ၏-ဟူ၍ ရှုဆင်ခြင်၏"ဟု ဟောတော်မူပေသည်။

http://www.dhammadownload.com

၃၀၇။ မဟာဟတ္ထိပဒေါပမသုတ်၌ကား—

"ငါ့ရှင်တို့ အဇ္ဈတ္တိက(ကိုယ်တွင်း)ပထဝီဓာတ်ဟူသည် အဘယ်နည်း?ဟူမူ-(အဇ္ဈတ္တံ) မိမိကိုယ်၌ဖြစ်သော (ပစ္စတ္တံ) အသီးအသီး သောမိမိကိုယ်၌ဖြစ်သော ခက်မာသော ကြမ်းတမ်းသော စွဲလမ်းအပ်သော အကြင်သဘောသည် ရှိ၏၊ [၃၄၄] ဤသဘောကား အဘယ်နည်း?ဟူမူ-ဆံပင် အမွေး လက်သည်း ခြေသည်း သွား အရေ၊ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညှို၊ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ်၊ အူမ အူသိမ် အစာသစ် အစာဟောင်း၊ (ထို့ပြင်) မိမိကိုယ်၌ဖြစ်သော အသီးအသီးသောမိမိကိုယ်၌ ဖြစ်သော ကြမ်းတမ်းသော စွဲလမ်းအပ်သော အခြားတပါးသော အကြင်ခက်မာသဘော တစုံတခုသည်လည်း ရှိသေး၏၊ (ထိုသဘော မျှားပင် ဖြစ်သည်။) ငါ့ရှင်တို့ (ဆံပင် အမွေးအစရှိသော) ဤသဘောကို အဇ္ဈတ္တိကပထဝီဓာတ်ဟု ဆိုအပ်ပေသည်" ဟူ၍ဥ-

"ငါ့ရှင်တို့ အဇ္ဈတ္တိကအာပေါဓာတ်ဟူသည် အဘယ်နည်း?ဟူမူ-မိမိကိုယ်၌ဖြစ်သော အသီးအသီးသောမိမိကိုယ်၌ဖြစ်သော အရည်တို့၌ အတွင်းဝင်သော စွဲလမ်းအပ်သော အကြင်အရည်သဘော သည် ရှိ၏၊ ဤသဘောကား အဘယ်နည်း?ဟူမူ-သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ၊ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျောင်ယ်၊ (ထို့ပြင်) မိမိကိုယ်၌ဖြစ်သော အသီးအသီးသောမိမိကိုယ်၌ဖြစ်သော အရည်တို့၌ အတွင်းဝင်သော စွဲလမ်းအပ်သော အခြားတပါးသော အကြင်အရည်သဘော တစုံတခုသည်လည်း ရှိသေး၏၊ (ထိုသဘောမျှားပင် ဖြစ်သည်။) ငါ့ရှင်တို့ ဤသဘောကို အဇ္ဈတ္တိကအာပေါဓာတ်ဟု ဆိုအပ်ပေသည်" ဟူ၍ဥ-

http://www.dhammadownload.com

"ငါ့ရှင်တို့ အဇ္ဈတ္တိကတေဇောဓာတ်ဟူသည် အဘယ်နည်း? ဟူမူ- မိမိကိုယ်၌ဖြစ်သော အသီးအသီးသောမိမိကိုယ်၌ဖြစ်သော အပူဇ္ဇေ အပေါင်းတို့၌ပါဝင်သော စွဲလမ်းအပ်သော အကြင်အပူဇ္ဇေသဘော သည် ရှိ၏၊ ဤသဘောကား အဘယ်နည်း? ဟူမူ-အကြင် (အပူဇ္ဇေ) ဖြင့်လည်း (ကိုယ်သည်) ပူလောင်၏၊ အကြင် (အပူဇ္ဇေ) ဖြင့်လည်း အိုမင်းရင့်ယော်၏၊ အကြင် (အပူဇ္ဇေ) ဖြင့်လည်း ပြင်းစွာပူလောင် ၏၊ အကြင် (အပူဇ္ဇေ) ဖြင့်လည်း စား-သောက်-ခဲ-လျက်ထားသော အစာသည် ကောင်းစွာ ပြောင်းလဲခြင်း ကျေကျက်ခြင်းသို့ ရောက်၏၊ (ထို့ပြင်) မိမိကိုယ်၌ဖြစ်သော အသီးအသီးသော မိမိကိုယ်၌ဖြစ်သော အပူဇ္ဇေအပေါင်းတို့၌ ပါဝင်သော စွဲလမ်း အပ်သော အခြားတပါးသော အကြင်အပူဇ္ဇေသဘော တစုံတခု သည်လည်း ရှိသေး၏၊ (ထိုသဘောမျှားပင် ဖြစ်သည်။) ငါ့ရှင်တို့ ဤ သဘောကို အဇ္ဈတ္တိကတေဇောဓာတ်ဟု ဆိုအပ်ပေသည်" ဟူ၍ဒုတိယ—

"ငါ့ရှင်တို့ အဇ္ဈတ္တိကဝါယောဓာတ်ဟူသည် အဘယ်နည်း? ဟူမူ- မိမိကိုယ်၌ဖြစ်သော အသီး အသီးသောမိမိကိုယ်၌ဖြစ်သော လေ အပေါင်းတို့၌ ပါဝင်သော စွဲလမ်းအပ်သော အကြင်လေသဘော သည် ရှိ၏၊ ဤသဘောကား အဘယ်နည်း? ဟူမူ - ဆန့်တက်သော ဥဒ္ဓင်္မလေမျှား, စုန်ဆင်းသော အဓောဂမလေမျှား, ဝမ်းထဲ၌ တည်သော ကုစ္ဆိသယလေမျှား, အူထဲ၌တည်သော ကောဋ္ဌာသယ လေမျှား, အင်္ဂါကြီးငယ်သို့ လျှောက်သော အင်္ဂမင်္ဂါနုသာရီ လေမျှား, အဿာသ-ဝင်သက်လေ ပဿာသ-ထွက်သက်လေ၊ ဤ

http://www.dhammadownload.com

၆-မျိုးသော လေသဘောသည်မူလည်း ရှိ၏။ (ထို့ပြင်) မိမိကိုယ်၌ ဖြစ်သော အသီးအသီးသောမိမိကိုယ်၌ဖြစ်သော လေအပေါင်း တို့၌ ပါဝင်သော စဲ့လမ်းအပ်သော အခြားတပါးသော အကြင် လေသဘော တစုံတခုသည်လည်း ရှိသေး၏၊ (ထိုသဘောမျှားပင် ဖြစ်သည်။) ငါ့ရှင်တို့ ဤသဘောကို အဇ္ဈတ္တိကဝါယောဓာတ် ဟု ဆိုအပ်ပေသည်"ဟူ၍ဂင်း—

ဤသို့ ဉာဏ်မထက်လှသော ဓာတ်ကမ္မဋ္ဌာန်းရှူသူ၏ အစွမ်းအားဖြင့် အကျယ်လာရှိပေသည်။ ဤအတူပင် ဆုဟုလောဝါဒသုတ် ဓာတုဝိဘင်္ဂသုတ် ဓာတုဝိဘင်းပါဠိတို့၌လည်း (အကျယ်လာရှိပေ၏ ။)။

ယခုဆိုမည့်စကားသည် ထိုဒေသနာ၌ မပေါ်လွင်သောပုဒ်တို့၏ အနက် အဖွင့်ပေတည်း။ အဇ္ဈတ္တံ ပစ္စတ္တံ ဟူသော ဤနှစ်ပုဒ်လုံးပင် နိယက၏ အမည်ပေတည်း။ နိယက ဟူသည်မှာ မိမိကိုယ်၌ဖြစ်သော တရား၊ မိမိ သန္တာန်၌ အတွင်းဝင်သော တရား၊ ဤကား နိယက၏အနက်။ ထိုမိမိ ကိုယ်၌ဖြစ်သော တရားအပေါင်းကို ၂ မိန်းမတို့၌ ဖြစ်သောစကား (မိန်းမ တို့ကိုစဲ့၍ ပြောဆိုသောစကား)ကို အဓိတ္ထိ-ဟု လောက၌ (ဝါ-လောကီ

မှတ်ချက်

၁–ဆုဟုလောဝါဒသုတ် ဟူသည်မှာ မဇ္ဈိမပဏ္ဏာသပါဠို နှာ ဂ၃-၌ ရှိသော သုတ်ကို ဆိုသည်။ ဓာတုဝိဘင်္ဂသုတ် ဟူသည်မှာ ဥပရိပဏ္ဏာသပါဠို နှာ ၂၈၁-၌ ရှိသော သုတ်ကို ဆိုသည်။ ဓာတုဝိဘင်း ပါဠိဟူသည်မှာ အဘိ-ဓမ္မာ ဝိဘင်္ဂပါဠို နှာ ၂၈၄-၌ ရှိသော ဝိဘင်းပါဠိကို ဆိုသည်။

၂–တရားအပေါင်းကို....အဇ္ဈတ္တ-ဟူ၍ဂင်း.....ပစ္စတ္တဟူ၍ဂင်း ဆိုအပ်ပေသည်-ဟု စပ်ပါ

http://www.dhammadownload.com

သဒ္ဒါကျမ်းတို့၌) ဆိုအပ်သကဲ့သို့ ထို့အတူပင် မိမိကိုယ်၌ဖြစ်သောကြောင့် အဇ္ဈတ္တ-ဟူ၍ဂုဏ်း ၁၊ မိမိကိုယ်ကို စွဲ၍ စွဲ၍ ဖြစ်သောကြောင့် ပစ္စတ္တ-ဟူ၍ဂုဏ်း ၂ ဆိုအပ်ပေသည်။ ကက္ခဋ-ဟူသည်ကား ထဒ္ဓ-ခက်မာသော ၃။ ခရိ-ဂတ-ဟူသည်ကား ဖရုသ-ကြမ်းတမ်းသော ၄။ ထိုတွင် ခက်မာဟူသော ပဌမပုဒ်သည် မှတ်အပ်သောလက္ခဏာကို ပြဆိုသော စကားပေတည်း၊ ကြမ်းတမ်း ဟူသော ဒုတိယပုဒ်သည် ပထဝီဓာတ်၏ အခြင်းအရာကို ပြဆိုသော စကားပေတည်း။ မှန်ပေ၏- ပထဝီဓာတ်သည်(ကက္ခဋ)ခက်မာခြင်း လက္ခဏာရှိပေ၏ (၀၀-ပထဝီဓာတ်ကို ခက်မာသည်ဟု မှတ်အပ်ပေ၏၅)၊ ယင်းပထဝီဓာတ်သည် ကြမ်းတမ်းသော အခြင်းအရာရှိပေ၏၊ ထို့ကြောင့် [၃၄၅] (ကက္ခဋ-ခက်မာသော) ခရိဂတ-ကြမ်းတမ်းသောဟူ၍ ဟောထားပေသည်။ ဥပါဒိန္နစွဲလမ်းအပ်သော ဟူသည်ကား မြဲမြံစွာ ယူအပ် ဆုပ်ကိုင်အပ်သော၊ ငါ ငါ၏ဥစ္စာဟု ဤသို့ မြဲမြံစွာ ယူအပ်သည်၊ ဆုပ်ကိုင်ထား

မှတ်ချက်

၁– အဓိ+အတ္တ-အဓျတ္တ-အဇ္ဈတ္တ-မိမိ၌-မိမိကိုယ်၌ ဖြစ်သော တရား။

၂– ပတိ ပတိ+အတ္တ-အသီး အသီးသော မိမိကိုယ်ကို စွဲ၍စွဲ၍ ဖြစ်သောတရား-မိမိ မိမိ၌ အသီး အသီးဖြစ်သော တရား-ကိုယ်စီ ကိုယ်ငဲ အသီး အသီးဖြစ်သော တရား။

၃-၄– မြန်မာပြန်၌ ဖော်၍ ပြန်ထားပြီးဖြစ်သောကြောင့် ဤ အဖွင့်မျှားသည် မြန်မာပြန်အတွက် အကျိုးမမျှား၊ ပါဠိ၌သာ အကျိုးမျှားသည်။

၅– ခက်မာခြင်း လက္ခဏာဟူသည်မှာ ပထဝီဓာတ်၏ သဘောရင်းပေတည်း၊ ထို့ကြောင့် ဝိပဿနာယောဂိသည် ပထဝီဓာတ်ကို ရှုသောအခါ မာသည်ဟူ၍ဂုဏ်း၊ ခက်မာသည်ဟူ၍ဂုဏ်း မှတ်အပ်-ရှုအပ်ပေသည်။

http://www.dhammadownload.com

အပ်သည် မှားယွင်းစွာ သုံးသပ်အပ်သည်၊ ဤကား ဥပါဒိန္နေ-ပုဒ်၏အနက်[၁]။ သေယျထိဒံ-ကား နိပါတ်ပုဒ်၊ ထိုသဘောသည်[၂] အဘယ်နည်း?ဟူမူ-ဤကား ထိုနိပါတ်၏ အနက်။ ထို့နောင် ထို ပထဝီဓာတ်သဘောကို သရုပ်အားဖြင့် ပြတော်မူလိုသောကြောင့် "ဆံပင် အမွေး" ဤသို့စသည်ကို ဟောတော်မူလေသည်။ စောဒနာဖွယ်ကိုပယ်၍ ပြဦးအံ့—ဆံပင် အမွေး အစရှိသော ၁၉-ပါးသော ဤအခြင်းအရာအဖို့တို့၌ မတ္ထလုင် ခေါ်ဦးနှောက်ကို ထည့်၍[?] နှစ်ဆယ်သော အခြင်းအရာအဖို့တို့ဖြင့် ပထဝီဓာတ်ကို အကျယ်ပြသည်ဟု သိအပ်ပေ၏။ ယံ ဝါ ပနညမ္မိ ကိဉ္စိ-အခြားတပါးသော အကြင် ခက်မာ သဘောတစုံတခုသည်(ရှိသေး၏) ဟူသော စကားဖြင့် ကြွင်းကုန်သော (အာပေါ, တေဇော, ဝါယော) ကောဋ္ဌာသသုံးမျိုးတို့၌ ပထဝီဓာတ်ကို သိမ်းယူ(အပ်)သည်[?]။

ယိုစီးခြင်းသဘောဖြင့် ရွှေတတ် ရောက်တတ်သောကြောင့် အာပေါ(အရည်)မည်၏[၃]။ ကဲကြောင့်ဖြစ်သော အာပေါ(အရည်)စသည်တို့၏

မှတ်ချက်

၁–ငါဟူ၍ငှင်း၊အသက်ရှင်နေသူဟူ၍ငှင်း၊ငါ၏ဥစ္စာ-ငါ၏မျက်စိ စသည်ဖြင့်ငှင်း၊ အသက်ရှင်နေသော အကောင်၏ဥစ္စာ-အသက်ရှင်နေသူ၏မျက်စိ စသည်ဖြင့်ငှင်း စွဲလမ်းနှိုင်ကောင်းသော သတ္တဝါ၏ ကိုယ်တွင်းတရား ဟူသမျှကို ဥပါဒိန္နေ-စွဲလမ်းအပ်သော တရား-ဟု ဆိုသည်။

၂–ဝိသုဒ္ဓိမဂ်၌ တံ-ထိုသည်-ဟု ဖွင့်ပြသော်လည်း သေယျထိဒံ....ပုဒ်၌ ပါဝင်သော ဣဒံ-ကို ငဲ့၍ ဤ သဘောကား-ဟု ပြန်ထားသည်။

၃–ဤမြန်မာပြန် ကာယဂတာသတိပုံးပုံနှာ ၂၅၄ စာကြောင်း ၁၁-၌ ပြခဲ့သည့် သိမ်းယူနည်းဖြင့် ထည့်၍ ရေတွက်ရန် ပြသည်။

၄–တနည်းကား ယံ ဝါ ပနညမ္မိ ကိဉ္စိ ဟူသော ဤစကားဖြင့် ပါဠိတော်၌ ဦးနှောက်ကို သိမ်းယူခြင်းကို မှတ်အပ်၏။ (ဋီကာ)

၅–အာပ သဒ္ဒါ၏ အနက်ကို ပြသည်။

http://www.dhammadownload.com

အစွမ်းအားဖြင့် အမျိုးမျိုးအထွေထွေသော အာပေါ(အရည်)တို့၌ အတွင်းဝင်သောကြောင့် အာပေါဂတ(အရည်တို့၌ အတွင်းဝင်သည်)မည်၏[၁]။ ၎င်းသည် အဘယ်နည်း?—အာပေါဓာတ်၏ ဖွဲ့စည်းခြင်းသဘောလက္ခဏာပေတည်း။

(ပူလျက်)ထက်သည်၏ အစွမ်းအားဖြင့် တေဇော(အပူဥဋ္ဌေ)မည်၏။ ဆိုခဲ့ပြီးသောနည်းဖြင့်ပင် အမျိုးမျိုးသော အပူဥဋ္ဌေ-တေဇောတို့၌ အတွင်းဝင်သောကြောင့် တေဇောဂတ-မည်၏၊ ၎င်းသည် အဘယ်နည်း?-ပူခြင်းသဘောလက္ခဏာပေတည်း။ (ယေန စ သန္တပ္ပတိ) အကြင်(အပူဥဋ္ဌေ)ဖြင့်လည်း ပူလောင်၏-ဟူသည်ကား တေဇောဓာတ်-အပူဓာတ်တို့၌ အတွင်းဝင်သော ဖောက်ပြန်သော အကြင်အပူဥဋ္ဌေဖြင့် ဤကိုယ်သည် ပူလောင်၏၊ တရက်ချန်ဖျား စသည်၏အဖြစ်ဖြင့် အပူဥဋ္ဌေဖြစ်လျက်ရှိ၏[၂]။ (ယေန စ ဇီရီယတိ) အကြင် (အပူဥဋ္ဌေ) ဖြင့်လည်း အိုမင်းရင့်ယော်၏-ဟူသည်ကား အကြင်အပူဥဋ္ဌေဖြင့် ဤကိုယ်သည် အိုမင်းရင့်ယော်၏၊ မျက်စိစသော ဣန္ဒြေတို့၏ ချို့တဲ့ခြင်းသို့ဂင်း၊ ခွန်အားကုန်ခြင်းသို့ဂင်း၊ အရေတွန့်ခြင်း ဆံဖြူခြင်း စသည်သို့ဂင်း ရောက်၏[၃]။ (ယေန စ ပရိဒယ္ဟတိ)အကြင်(အပူဥဋ္ဌေ)ဖြင့်လည်း ပြင်းစွာပူလောင်၏-ဟူသည်ကား ဖောက်ပြန်ပျက်စီးသော အကြင်အပူဥဋ္ဌေဖြင့် ဤကိုယ်သည် ပူလောင်ခံရ၏(ဝါ-ပူလောင်၏)၊ ထိုပုဂ္ဂိုလ်

မှတ်ချက်

၁–အာပေါဂတံ ပုဒ်၏ အနက်ကို ပြသည်။

၂–ဤစကားရပ်ဖြင့် သန္တပ္ပနတေဇောဟု ခေါ်သော အဖျားရှိန် အပူဥဋ္ဌေကို ပြသည်။

၃–ဤစကားဖြင့် ဇီရဏတေဇောခေါ် အိုရင့်စေသော ပကတိအပူဥဋ္ဌေကို ပြသည်။

http://www.dhammadownload.com

သည်လည်း ပူသည် ပူသည်ဟု မြည်တမ်းလျက် အကြိမ်တရာ (အကြိမ်များစွာ နွေး၍ ရေအေး၌) ဆေးအပ်-စိမ်အပ်ပြီးသော ထောပတ်, ဂေါသီသစန္ဒကူး စသည်တို့ဖြင့် လိမ်းကျံခြင်းကိုဂင်း၊ ယပ်ခပ်ပေးခြင်းကိုဂင်း တောင့်တ၏[၁]။အကြင်(အပူငွေ့)ဖြင့်လည်းစား သောက် ခဲ လျက်ထားသော အစာသည် ကောင်းစွာ ပြောင်းလဲခြင်းသို့ရောက်၏-ဟူသည်ကား အကြင် အပူငွေ့ဖြင့် ဤစားအပ်သော ထမင်း စသည်သည်ဂင်း၊ သောက်အပ်သော အဖျော် စသည်သည်ဂင်း၊ ခဲအပ်သော မုန့်ညက်ခဲဖွယ် စသည်သည်ဂင်း၊ လျက်အပ်-မြုံ့အပ်သော သရက်သီးမှည့် ပျားရည် တင်လဲ စသည်သည်ဂင်း ကောင်းစွာ ကျေကျက်ခြင်းသို့ ရောက်၏[၂]။ ရသ(ခေါ် အရည်ဓာတ်) စသည်၏အဖြစ်ဖြင့်[၃] အသီး အသီး ကွဲသွားခြင်းသို့[၄] ရောက်၏၊ ဤကား ကောင်းစွာ ကျေကျက်ခြင်းသို့ ရောက်၏-ဟူသော စကား၏ ဆိုလိုသော အနက်။ အထူးကား - ဤတေဇောလေးပါးတို့တွင် ရှေးသုံးပါးကုန်သော

မှတ်ချက်

၁–ဤစကားပြင့် အလွန်ပူလောင်သော ဒါဟ တေဇောကို ပြသည်။

၂–ဤစကားဖြင့် ပါစကတေဇောခေါ် ဝမ်းမီးအပူငွေ့ကို ပြသည်။

၃–ရသ စသည်၏ အဖြစ်ဖြင့်-ဟူသည်ကား ရသ သွေး အသား အဆီ အကြော အရိုး ရိုးတွင်းခြင်ဆီ သုက်တို့၏ အစွမ်းအားဖြင့် (ဟု ဆိုလိုဏ်)။(ဋီကာ)

၄–ဝိဝေကံ အသီးအသီး ကွဲသွားခြင်းသို့-ဟူသည်ကား အသီးအခြား ဖြစ်ခြင်းသို့ အချင်းချင်း မတူပဲ ထူးခြား ကွဲပြားခြင်းသို့(ဟု ဆိုလိုဏ်)။ မှန်ပေ၏-စားအပ်သည့် အစာစသည် အပြားရှိသော အာဟာရသည် ပြောင်းလဲ ကျေကျက်လတ်သော် ရသဓာတ် အရည်ဓာတ်ဖြစ်၏၊ ထိုအစာကို စွဲမှီ၍ ရသဓာတ်ဖြစ်သည်၊ ဤကားအနက်။ ဤအတူပင် ရသဓာတ်က ပြောင်းလဲလတ်သော် သွေးဖြစ်သည် ဤသို့ စသည်ဖြင့် အလုံးစုံကို ဆောင်အပ် သိအပ်၏ (ဋီကာ)

http://www.dhammadownload.com

တေဇောဓာတ်တို့သည် ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်း လေးပါးကြောင့် ဖြစ်ကုန်၏၊ နောက်ဆုံး တေဇောသည် ကံကြောင့် သာလျှင် ဖြစ်၏။

ရွှေစေခြင်း-တွန်းခြင်း၏ အစွမ်းဖြင့် (ဝါ-အဟုန်နှင့်တကွ သွားခြင်း၏ အစွမ်းဖြင့်) ဝါယောမည်၏ [၃]။ ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် အမျိုးမျိုး သော လေတို့၌ အတွင်းဝင်သောကြောင့် ဝါယောဂတ-လေ အပေါင်းတို့၌ အတွင်းဝင်သည် မည်၏။ ၎င်းသည် အဘယ်နည်း - ထောက်ကန်ခြင်း တောင့်ခံခြင်း (ဝိတ္ထမ္ဘန) သဘောလက္ခဏာပေတည်း။ ဥဒ္ဓင်္မ လေတို့ ဟူသည်မှာ ပျို့အန်ခြင်း ကြို့ထိုးခြင်း စသည်တို့ကို ဖြစ်စေတတ်ကုန်သော အထက်သို့ တက်သော လေတို့ပေတည်း။ အဓောဂမ လေတို့ဟူသည်မှာ ကျင်ကြီး ကျင်ငယ် စသည်ကို ထုတ်ဆောင်တတ်ကုန်သော အောက်သို့ စုန်ဆင်းသော လေတို့ပေတည်း။ ကုစ္ဆိသယ လေတို့ဟူသည်မှာ အူတို့၏ အပြင်ဘက် ဝမ်းဗဲ၌တည်သော လေတို့ပေတည်း။ ကောဋ္ဌာသယ လေတို့ ဟူသည်မှာ အူတို့၏အတွင်း၌တည်သော လေတို့ပေတည်း။ အင်္ဂမင်္ဂါနုသာရီ လေတို့ဟူသည်မှာ အကြောကွန့်ရက်သို့ အစဉ်လျှောက်သဖြင့် တကိုယ်လုံး၌ အင်္ဂါကြီးငယ်များသို့ ပြန့်သွားကုန်လျက် ကွေးခြင်း ဆန့်ခြင်း စသည်တို့ကို ဖြစ်စေတတ်သော လေတို့ပေတည်း။ အဿာသ(ဝင်သက်လေ)ဟူသည်မှာ အတွင်းသို့ဝင်သော နှာခေါင်းလေပေတည်း [၂]။ ပဿာသ(ထွက်သက်လေ)

မှတ်ချက်

၁–ဝါယော ပုဒ်၏ အနက်ကို ပြသည်။ လေရုပ် ဟူသည်မှာ သွားစေတတ် တွန်းကန်တတ်သော သဘော,အဟုန်နှင့်တကွ ရွှေ့ရွားတတ်သော သဘော ဟု ဆိုလို၏။

၂–အန္တောပဝိသနနာသိကဝါတော ပုဒ်၏ အတိအကျ ပြန်ချက်ဖြစ်သည်။ နှာ ၃၃၁-၌ ပြန်ခဲ့သောအနက်သည် ဤအဖွင့်နှင့်လည်း အညီပင်။

http://www.dhammadownload.com

ဟူသည်မှာ အပြင်သို့ထွက်သော နှာခေါင်းလေပေတည်း [၁]။ အထူးကား ဤလေ ၆-ပါးတို့တွင် ရှေး ၅-ပါးတို့သည် ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်းလေးပါးတို့ကြောင့် ဖြစ်ကုန်၏၊ [၃၄၆] ဝင်သက် ထွက်သက်လေတို့သည် စိတ်ကြောင့်သာလျှင် ဖြစ်ကုန်၏။ အာပေါဓာတ်ကို အကျယ်ပြချက် စသည် အလုံးစုံတို့၌ ယံ ဝါ ပနညမ္မိ ကိဉ္စိ (အခြားတပါး သော အကြင်သဘောတစုံတခုသည်လည်း ရှိသေး၏) ဟူသော ဤပုဒ်ဖြင့် ကြွင်းသော ကောဋ္ဌာသတို့၌ အာပေါဓာတ် စသည်တို့ကို သိမ်းယူ (အပ် ကုန်) ၏။

ဤဆိုခဲ့သည့်အတိုင်း နှစ်ဆယ်သော အခြင်းအရာအဖို့တို့ဖြင့် ပထဝီ ဓာတ်ကို အကျယ်ပြသည်၊ တဆဲ့နှစ်ပါးသော အခြင်းအရာအဖို့တို့ဖြင့် အာပေါဓာတ်ကို အကျယ်ပြသည်၊ လေးပါးသော အခြင်းအရာအဖို့တို့ဖြင့် တေဇောဓာတ်ကို အကျယ်ပြသည်၊ ခြောက်ပါးသော အခြင်းအရာအဖို့ တို့ဖြင့် ဝါယောဓာတ်ကို အကျယ်ပြသည်၊ သို့ဖြစ်၍ လေးဆယ့်နှစ်ပါးသော အခြင်းအရာအဖို့တို့ဖြင့် ဓာတ်လေးပါးတို့ကို အကျယ်ပြအပ်ပြီး ဖြစ်လေ တော့သည်။ ဤသည်ကား ဤစတုဓာတုဝဝတ္ထာန်၌ ရှေးဦးစွာ ပါဠိ၏ အဖွင့်ပေတည်း။

၃၀၈။ ဤစတုဓာတုဝဝတ္ထာန်ဝယ် ဘာဝနာနည်း၌မူကား ဉာဏ်ပညာ ထက်သော ရဟန်းမှာ "ဆံပင်တို့သည် ပထဝီဓာတ်၊ အမွေးတို့သည် ပထဝီ ဓာတ်" ဟု ဤပုံ ဤနည်းဖြင့် ဓာတ်တို့ကို အကျယ်အားဖြင့် သိမ်းဆည်းခြင်း နှလုံးသွင်းခြင်းသည် အချိန်ဖင့်နှံ့သည်ဟု ထင်၏။ "ခက်မာခြင်း သဘော လက္ခဏာသည် ပထဝီဓာတ်၊ ဖွဲ့စည်းခြင်းသဘောလက္ခဏာသည် အာပေါ

မှတ်ချက်

၁–ဤအနက်လည်း အတိအကျ ပြန်ချက်ပင်ဖြစ်သည်။

http://www.dhammadownload.com

ဓာတ်၊ ပူလောင်လျက် ရင့်ကျက်စေခြင်း သဘောလက္ခဏာသည် တေဇော ဓာတ်၊ ထောက်ကန် တောင့်တင်းခြင်း သဘောလက္ခဏာသည် ဝါယော ဓာတ်”ဟု ဤသို့ နှလုံးသွင်းသော်သာလျှင် ထိုဉာဏ်ပညာထက်သော ရဟန်းအား ကမ္မဋ္ဌာန်းသည် ထင်ရှားပေါ်တတ်ပေသည်။ ဉာဏ်ပညာ မထက်လှသော ရဟန်းမှာမူ ဤသို့ နောက်နှံ့ညံးဖြင့် နှလုံးသွင်းလျှင် အမိုက်မှောင်ကဲ့သို့ ဖြစ်လျက် မထင်ပေါ်ပဲ ရှိတတ်၏၊ ရှေးနည်းဖြင့် အကျယ်နှလုံးသွင်းသော်သာလျှင် ထင်ရှားပေါ်တတ်ပေသည်။

အဘယ်သို့နည်း?ဟူမူ - ပေယျာလ ခေါ် မြူပ်ထားချက် များစွာရှိသော ပါဠိကို ရွတ်ဆိုနေကုန်သော ရဟန်းနှစ်ပါးတို့တွင် ဉာဏ်ပညာထက်သော ရဟန်းသည် (ပေယျာလမုခ) မြူပ်ထားချက်ကို သိကြောင်းဖြစ်သော ပါဠိကို တကြိမ်ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ အပြည့်အစုံ အကျယ်ရွတ်ဆိုပြီးလျှင် ထိုမှ နောက်၌ အစနှင့်အဆုံး နှစ်ဖက်အစွန်း၏ အစွမ်းအားဖြင့်သာလျှင် ရွတ်ဆိုခြင်းကို ပြုလျက် သွားလေသည်။ ထိုသို့ ရွတ်ဆိုရာ၌ ဉာဏ်ပညာ မထက်လှသော ရဟန်းသည် ဤသို့ ဆိုတတ်၏၊ “ဤ ရွတ်ဆိုပုံသည် အဘယ်သို့သော ရွတ်ဆိုခြင်း မည်သနည်း၊ နှုတ်ခမ်းတို့၏ ထိခြင်းမျှကို (သော်မှ)ပြုရန် ခွင့်မပေးပါတကား၊ ဤနည်းဖြင့် ရွတ်ဆိုခြင်းကို ပြုနေလျှင် ပါဠိ ကျေပြန်ခြင်းသည် အဘယ်အခါ၌ ဖြစ်လိမ့်မည်နည်း”ဟု ဆိုတတ်၏။ ထိုရဟန်းသည် ရောက်တိုင်း ရောက်တိုင်းသော ပေယျာလကို အကျယ်ထုတ်ဖော်၍သာလျှင် ရွတ်ဆို၏။ ထိုသို့ အကျယ်ရွတ်ဆိုနေသော ရဟန်းကို ဉာဏ်ပညာထက်သော ရဟန်းက “ဤရွတ်ဆိုပုံသည် အဘယ်သို့သော ရွတ်ဆိုခြင်း မည်သနည်း၊ အဆုံးသို့ ရောက်ရန် ခွင့်မပေးပါတကား၊ ဤနည်းဖြင့် ရွတ်ဆိုခြင်းကို ပြုနေလျှင် ပါဠိသည် အဘယ်အခါ၌ အဆုံးသို့ ရောက်လိမ့်မည်နည်း”ဟု ဆိုတတ်၏။ ဤဥပမာအတူပင် ဉာဏ်ပညာထက်သော ရဟန်းမှာ ဆံပင် စသည်တို့၏ အစွမ်းအားဖြင့် ဓာတ်တို့ကို အကျယ်

http://www.dhammadownload.com

သိမ်းဆည်းခြင်း နှလုံးသွင်းခြင်းသည် အချိန်ဖင့်နှဲသည်ဟု ထင်၏၊ ခက်မာခြင်းသဘောလက္ခဏာသည် ပထဝီဓာတ်၊ ဤသို့ အစရှိသောနည်းဖြင့် အကျဉ်းအားဖြင့် နှလုံးသွင်းသော်သာလျှင် ကမ္မဋ္ဌာန်းသည် ထင်ရှားပေါ်တတ်ပေသည်။ အခြားရဟန်းမှာမူ ထိုသို့ အကျဉ်းနှလုံးသွင်းလျှင် အမိုက်မှောင်ကဲ့သို့ဖြစ်လျက် မထင်ပေါ်ပဲ ရှိတတ်၏၊ ဆံပင်စသည်တို့၏အစွမ်းဖြင့် အကျယ်အားဖြင့် နှလုံးသွင်းသော်သာလျှင် ထင်ရှားပေါ်တတ်ပေသည်။

ထို့ကြောင့် ဤကမ္မဋ္ဌာန်းကို ပွါးစေရန် အလိုရှိသော ဉာဏ်ပညာထက်သော ရဟန်းသည် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက် အပြင်ပအာရုံမျှားမှဖဲခွါကာ (ကမ္မဋ္ဌာန်း၌) ကောင်းစွာ ကပ်ငြိသည်ဖြစ်၍ မိမိ၏ ရူပကာယတကိုယ်လုံးကို(ဓာတ်အစုအဝေးအဖြစ်ဖြင့်)နှလုံးသွင်းပြီးလျှင် ဤရုပ်ကိုယ်ထဲ၌ အကြင်ခက်မာသည်၏အဖြစ်-ခက်မာခြင်းသည်ဎင်း၊အကြင်ကြမ်းတမ်းသည်၏ အဖြစ်-ကြမ်းတမ်းခြင်းသည်ဎင်း[၁] (ရှိ၏)၊ ဤခက်မာခြင်း, ကြမ်းတမ်းခြင်းသည် ပထဝီဓာတ်တည်း။ [၃၄၇] အကြင်ဖွဲ့စည်းသည်၏ အဖြစ်-ဖွဲ့စည်းခြင်းသည်ဎင်း၊ အကြင် အရည်၏အဖြစ်-အရည်ဖြစ်ခြင်း ယိုစီးခြင်းသည်ဎင်း[၂](ရှိ၏)၊ ဤဖွဲ့စည်းခြင်း, အရည်ဖြစ်ခြင်း ယိုစီးခြင်းသည် အာပေါ

မှတ်ချက်

၁—ခက်မာသည်၏အဖြစ် ဟူသောပုဒ်ဖြင့် (ပထဝီဓာတ်၏) လက္ခဏာကိုဆိုသည်။ မှန်ပေ၏-ပထဝီဓာတ်သည် ခက်မာသည်၏ အဖြစ်လျှင် လက္ခဏာရှိပေသည်။ ကြမ်းတမ်းသည်၏အဖြစ် ဟူသော ပုဒ်ဖြင့် (ရှုသိဉာဏ်အား) ထင်သော အခြင်းအရာကို(ဆိုသည်)ဉာဏ်ဖြင့် ယူအပ်သော အခြင်းအရာကို (ဆိုသည်) ဤကား အနက်။ (ဋီကာ)

၂—အာပေါဓာတ်သည် ယိုစီးခြင်း လက္ခဏာရှိသောကြောင့် (ဒြဝဘာဝေါ) အရည်၏ အဖြစ်သည် လက္ခဏာပေတည်း။ ဖွဲ့စည်းခြင်းသည် ထင်သော အခြင်းအရာပေတည်း။(ဋီကာ) ဤအဖွင့်ကို ထောက်လျှင် ဝိသုဒ္ဓိမဂ်၌ ဒြဝဘာဝေါ ဝါ အာပန္နနဘာဝေါ ဝါ ဟု အစဉ်မှန်အတိုင်း ရှိသင့်၏။

http://www.dhammadownload.com

ဓာတ်တည်း။ အကြင် ကျက်စေသည်၏ အဖြစ်-ကျက်စေခြင်းသည်၎င်း၊ အကြင် ပူသည်၏အဖြစ်၊ ပူခြင်းသည်၎င်း[၁] (ရှိ၏)၊ ဤကျက်စေခြင်း, ပူခြင်းသည် တေဇောဓာတ်တည်း။အကြင်ထောက်ကန်သည်၏အဖြစ်-ထောက်ကန်ခြင်းသည်၎င်း၊အကြင်လှုပ်တတ်သည်-လှုပ်စေတတ်သည်၏အဖြစ်-လှုပ်ခြင်း-လှုပ်စေခြင်းသည်၎င်း[၂] (ရှိ၏)၊ ဤထောက်ကန်ခြင်း, လှုပ်ခြင်း-လှုပ်စေခြင်းသည် ဝါယောဓာတ်တည်း-ဟု ဤသို့ အကျဉ်းအားဖြင့် ဓာတ်တို့ကို သိမ်းဆည်း၍ ပထဝီဓာတ် အာပေါဓာတ် (တေဇောဓာတ် ဝါယောဓာတ်)ဟု

မှတ်ချက်

၁–တေဇောဓာတ်သည် အပူဇွေသဘောရှိသောကြောင့် ပူသည်၏ အဖြစ်သည် လက္ခဏာပေတည်း။ ကျက်စေခြင်းသည် ထင်သော အခြင်းအရာ ပေတည်း။ (ဋီကာ)ဤအဖွင့်ကို ထောက်လျှင် ဝိသုဒ္ဓိမဂ်၌ ဥဏှဘာဝေါ ဝါ ပရိပါစနဘာဝေါ ဝါ ဟု အစဉ်မှန်အတိုင်း ရှိသင့်၏။

၂–ဝါယောဓာတ်သည် ထောက်ပံ့ခြင်းသဘော ရှိသောကြောင့် (ဝိတ္ထမ္ဘန) ထောက်ကန်ခြင်းသည် လက္ခဏာ ပေတည်း။ (သမုဒီရဏ) လှုပ်ခြင်း-လှုပ်စေခြင်းသည် ထင်သော အခြင်းအရာ (ဥပဋ္ဌာနာကာရ) ပေတည်း။ ဥပဋ္ဌာနာကာရ မည်သည်မှာ ဓာတ်တို့၏ မိမိကိစ္စကို ပြုသည်၏ အစွမ်းအားဖြင့် ရှုသိဉာဏ်အား ထင်ရှားပေါ်သော အခြင်းအရာ ပေတည်း။ ဤအရာ၌ လက္ခဏာနှင့် ဥပဋ္ဌာနာကာရ နှစ်ပါးလုံးကို ယူခြင်း-ဆိုခြင်းသည် အဘယ့်ကြောင့်နည်း? ဟူမူ-ပုဂ္ဂိုလ်တို့၏ အဇ္ဈာသယကြောင့် ပေတည်း။ ခွဲ၍ပြအံ့-ဓာတ်တို့ကို နှလုံးသွင်းလတ်သော် အချို့ပုဂ္ဂိုလ်အား ထိုဓာတ်တို့သည် သဘောလက္ခဏာအားဖြင့် ယူအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏၊ အချို့ပုဂ္ဂိုလ်အား မိမိကိစ္စကို ပြုသောအားဖြင့် (ယူအပ်သည်၏ အဖြစ်သို့ ရောက်ကုန်၏)၊ ယင်း မိမိကိစ္စပြုခြင်းကို ရသဟု ဆိုအပ်ပေသည်။ ထို လက္ခဏာရသ နှစ်ပါးတို့တွင် ဓာတ်တို့ကို နှလုံးသွင်းသော ဤယောဂီသည် အားထုတ်ခါစ၌ အသီးအသီး မိမိ၏ လက္ခဏာအားဖြင့်၎င်း၊ မိမိ၏ ရသအားဖြင့်၎င်း သိမ်းဆည်း၏ (ဝါ-ဉာဏ်ဖြင့် ပိုင်းခြား၍ ယူ၏)။ (ဋီကာ)

http://www.dhammadownload.com

ဓာတ်သဘောမျှအားဖြင့် သတ္တဝါမဟုတ်သောအားဖြင့် အသက်ကောင် မဟုတ်သောအားဖြင့် အဖန်တလဲလဲ နှလုံးသွင်းအပ်၏ စိတ်၌ ထားအပ်၏ ဆင်ခြင်အပ်၏။ ဤဆိုခဲ့သည့်အတိုင်း အားထုတ်နေသော ထိုရဟန်းအား မကြာမြင့်မီပင်လျှင် ဓာတ်တို့၏ အထူးအပြားကို ထင်လင်းစေသော ပညာက သိမ်းဆည်းအပ်သော[1] (၀၊-သိမ်းဆည်းခြင်းရှိသော) သဘော တရားလျှင် အာရုံရှိသောကြောင့် အပွနာသို့မရောက်မူ၍ ဥပစာရမျှ ဖြစ်သော သမာဓိသည် ဖြစ်ပေါ်၏[2]။

မှတ်ချက်

၁– သိမ်းဆည်းအပ်သော....သမာဓိသည်ဖြစ်ပေါ်၏-ဟု စပ်ပါ။ ဤ၌ သမာဓိကို ပညာက သိမ်းဆည်းဟူသည်မှာ အာရုံကို ထင်လင်းစွာသိစေ-ပေါ်စေ သောအားဖြင့် စောင့်ရှောက်ထောက်ပံ့ခြင်းပင်တည်း။

၂–ဤဆိုခဲ့သည့်အတိုင်း ဓာတ်တို့ကို သိမ်းဆည်းပြီးလျှင် "ဤကိုယ်ထဲ၌ ခက်မာခြင်း သို့မဟုတ် ကြမ်းတမ်းခြင်းဟူသော ပထဝီဓာတ်သည် ရှိ၏။ အရည်ဖြစ်ခြင်း သို့မဟုတ် ဖွဲ့စည်းခြင်းဟူသော အာပေါဓာတ်သည် ရှိ၏၊ ပူခြင်း သို့မဟုတ် ကျက်စေခြင်း ဟူသော တေဇောဓာတ်သည် ရှိ၏၊ ထောက်ကန် တောင့်တင်းခြင်း သို့မဟုတ် ရွေ့ရှားခြင်း-ရွေ့ရှားစေခြင်း ဟူသော ဝါယောဓာတ်သည် ရှိ၏"ဟု ဤသို့ လက္ခဏာ စသည်တို့နှင့် တကွသာလျှင် ဓာတ်တို့ကို နှလုံးသွင်းလျက် ကာလတရာ တထောင်သော်လည်း အဖန်တလဲလဲ ဆင်ခြင်အပ်၏ နှလုံးသွင်းအပ်၏၊ ကြံစည်မှုဖြင့် ထုနှက်သလို နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ ထုနှက်သလို အဖန်ဖန် နှလုံးသွင်းခြင်းကို ပြုအပ်၏။ ဤသို့ အဖန်ဖန် နှလုံးသွင်းနေသော ထိုယောဂီ ရဟန်းအား လက္ခဏာ စသည်တို့တွင် အကြင် သဘောသည် ကောင်းစွာ ပေါ်လွင်လျက် ထင်၏၊ ထို သဘောကိုသာ ယူ၍ ထိုမှ တပါးသော သဘောကို စွန့်လွှတ်လျက် ထိုကောင်းစွာထင်သော လက္ခဏာစသည် တပါးပါးနှင့်တကွ ပထဝီဓာတ် အာပေါဓာတ် ဤသို့ အစရှိသည်ဖြင့် နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ ဤသို့ နှလုံးသွင်းသော ယောဂီသည်လည်း။ပ။

http://www.dhammadownload.com

မှတ်ချက်

ဤ ဆယ်ပါးသော မနသိကာရကောသလ္လကို လျော်စွာ ဖြစ်စေအပ်၏ (မြန်မာပြန် စာပိုဒ်နံပါတ် ၁၈၁-၌ ပြခဲ့သည်ကို နည်းမှီး၍ မနသိကာရ-ကောသလ္လ ဆယ်ပါးဖြစ်ပုံကို ဤအရာ၌ ဆက်ပြသွားသည်။ ၁၈၁-စာပိုဒ်၌ ပြန်ကြည့်ပါ။) ဤသို့ ဝီရိယနှင့် သမာဓိ ညီမျှခြင်းကို ယှဉ်စေ၍ ထို ထင်ရှားသော လက္ခဏာ၌သာလျှင် နှလုံးသွင်းမှုကို ဖြစ်စေသော ယောဂီ အား သဒ္ဓါအစရှိသော ဣန္ဒြေတို့ ညီမျှခြင်းကို ရကုန်လျက် အလွန်စင်ကြယ် သန့်ရှင်းစွာ ဖြစ်ကြသောအခါ၌ မယုံကြည်မှု (အဿဒ္ဓိယ)စသော အကုသိုလ် တို့၏ ဝေးကွာခြင်းကြောင့် အလွန်အကဲ အားစွမ်းနှင့် ပြည့်စုံကုန်သော ဗိုလ်ခုနစ်ပါးတို့၏ ထောက်ပံ့ခြင်းကို ရကုန်၍ ဝိတက်အစရှိသော စျာန်အင်္ဂါတို့သည် အထူးသဖြင့် ထက်မြက်ကုန်လျက် ထင်စွာဖြစ်ကုန်၏၊ ထို ဝိတက် စသည်တို့၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်ကြသောကြောင့် နီဝရဏတို့သည် သူတို့နှင့် တည်ရာတူသော အကုသိုလ် တရားတို့နှင့်တကွ ဝေးကွာကုန်သည်သာ ဖြစ်ကုန်၏။ ဤမျှဖြင့်လည်း ဤယောဂီသည် ဓာတ်တို့၏ လက္ခဏာလျှင် အာရုံရှိသော ဥပစာရစျာန်ကို ရပြီးဖြစ်ပေ၏။ ထို့ကြောင့် ပထဝီဓာတ် အာပေါဓာတ် (တေဇောဓာတ် ဝါယောဓာတ်) ဟု ဓာတ်သဘောမျှအား ဖြင့်....အဖန်တလဲလဲ နှလုံးသွင်းအပ်၏.... ဤဆိုခဲ့သည့် အတိုင်း အားထုတ်နေသော ထိုရဟန်းအား.... ဥပစာရမျှဖြစ်သော သမာဓိသည် ဖြစ်ပေါ်၏"ဟု မိန့်ဆိုပေသည်။ (ဋီကာ)

ဥပစာရသမာဓိ-ဟူသည်ကိုလည်း ရှင်၏အစွမ်းဖြင့် သိအပ်၏။ မှန်ပေ၏-အပ္ပနာသို့ ကပ်၍ ဖြစ်သော သမာဓိသည် ဥပစာရသမာဓိမည်၏၊ ဤဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်း၌လည်း အပ္ပနာသည် မရှိချေ။ သို့သော်လည်း ထိုအပ္ပ နာသို့ ကပ်၍ ဖြစ်ခြင်းသဘောရှိသော ဥပစာရသမာဓိ (အစစ်) ၏ (နီဝရဏကင်းခြင်း)လက္ခဏာနှင့် တူသော လက္ခဏာရှိသည်၏အဖြစ်ကြောင့် ဤသို့ ဥပစာရသမာဓိဟု ဆိုပေသည်။(ဋီကာ ပဌမတွဲ နှာ ၄၃၆-ကြောင်းရေ ၅-၈)

http://www.dhammadownload.com

တနည်းသော်ကား တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတြာသည် လေးပါးသော မဟာဘုတ်တို့၏ သတ္တဝါမဟုတ်ကြောင်းကို ပြရန်အတွက် "အရိုးကိုလည်း စွဲမှီ၍ အကြောကိုလည်း စွဲမှီ၍ အသားကိုလည်း စွဲမှီ၍ အရေကိုလည်း စွဲမှီ၍ (၎င်းတို့ကို အတွင်းဘက် အပြင်ဘက်၌)ကာရုံလျက် တည်သော ဟင်းလင်းအရပ် (အာကာသ) သည်ပင်လျှင် ရုပ်ကိုယ်ဟု ရေတွက် ခေါ်ဆိုခြင်းသို့ ရောက်သည်" ဟူ၍ အကြင်လေးပါးသော ကောဋ္ဌာသတို့ကို ဟောတော်မူပေသည်၊ ထိုလေးပါးသောကောဋ္ဌာသတို့ကို (အရိုးနှင့် အကြောစသော) ထိုထိုကောဋ္ဌာသတို့၏ အကြားသို့ အစဉ်လျှောက်သွားနိုင်သည့် ဉာဏ်တည်းဟူသော လက်ဖြင့် ခွဲခြား၍ ခွဲခြား၍ (အရိုး အကြော အသား အရေဟူသော) ဤလေးပါးသော ကောဋ္ဌာသတို့၌ အကြင်ခက်မာသည်၏ အဖြစ်သည်သော်၎င်း၊ အကြင် ကြမ်းတမ်းသည်၏ အဖြစ်သည်သော်၎င်း ရှိ၏၊ ဤသဘောသည် ပထဝီဓာတ်တည်း။ ဤသို့ အစရှိသော ရှေးနည်းဖြင့်ပင်လျှင် ဓာတ်တို့ကို သိမ်းဆည်း၍ ပထဝီဓာတ် အာပေါဓာတ် (တေဇောဓာတ် ဝါယောဓာတ်)ဟု ဓာတ်သဘောမျှအားဖြင့် သတ္တဝါမဟုတ်သောအားဖြင့် အသက်ကောင် မဟုတ်သောအားဖြင့် အဖန်တလဲလဲ နှလုံးသွင်းအပ်၏ စိတ်၌ထားအပ်၏ ဆင်ခြင်အပ်၏။ ဤဆိုခဲ့သည့်အတိုင်း အားထုတ်နေသော ထိုရဟန်းအား မကြာမြင့်မီပင်လျှင် ဓာတ်တို့၏ အထူးအပြားကို ထင်လင်းစေသော ပညာက သိမ်းဆည်းအပ်သော (ဝါ-သိမ်းဆည်းခြင်းရှိသော) သဘောတရားလျှင် အာရုံရှိသောကြောင့် အပွနာသို့ မရောက်မူ၍ ဥပစာရမျှဖြစ်သော သမာဓိသည် ဖြစ်ပေါ်၏။ ဤ ဆိုခဲ့သော အစီအစဉ်သည် အကျဉ်းအားဖြင့် လာသော စတုဓာတုဝဝတ္ထာန်၌ ပွါးစေပုံနည်းပေတည်း။

၃၀၉။ အကျယ်အားဖြင့်လာသော စတုဓာတုဝဝတ္ထာန်၌ ပွါးစေပုံ ဘာဝနာနည်းကိုမူ ဤဆိုလတ္တံ့အတိုင်း သိအပ်၏။ဤကမ္မဋ္ဌာန်းကို ပွါးစေရန်

http://www.dhammadownload.com

အလိုရှိသော ဉာဏ်ပညာမထက်လှသော ယောဂီရဟန်းသည် ဆရာ့ထံ၌ ၄၂-ပါးသော အခြင်းအရာတို့ဖြင့် ဓာတ်တို့ကို အကျယ်အားဖြင့် သင်ယူခဲ့ပြီးလျှင် ဆိုခဲ့ပြီးသည့် ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသောကျောင်း၌ နေလျက် ကိစ္စအားလုံးကို ပြုပြီးလျှင် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက် အပြင်ပအာရုံများမှ ဖဲခွါကာ (ကမ္မဋ္ဌာန်း၌) ကောင်းစွာကပ်ငြိသည်ဖြစ်၍ (၁) သသမ္ဘာရ-သခေါ်[၁], (၂) သသမ္ဘာရဝိဘတ္တိ[၂], (၃) သလက္ခဏသခေါ်[၃], (၄) သလက္ခဏ-ဝိဘတ္တိ[၄]-ဟူသော ဤလေးပါးသော အခြင်းအရာတို့ဖြင့် ရှုဆင်ခြင်မှုဟူသော ကမ္မဋ္ဌာန်းကို ပွါးစေအပ်၏။

မှတ်ချက်

၁–အကြင်အကြောင်းနိမိတ်ဖြင့် ပထဝီဟု သိသောဉာဏ်နှင့် ပထဝီဟူသော အမည်ဝေါဟာရတို့သည် ဖြစ်ပွါးကုန်၏၊ ထိုအသိဉာဏ်နှင့် အမည်တို့၏ ဖြစ်ပွါးကြောင်း နိမိတ်သည် သမ္ဘာရ မည်၏။ ၎င်းသည် အဘယ်နည်း? ပထဝီစသည်ပင်တည်း။ မှန်ပေ၏-ဆံပင်အစရှိကုန်သော နှစ်ဆယ်သော ကောဋ္ဌာသတို့၌ ပထဝီဟုဖြစ်သော အသိဉာဏ်နှင့် အမည်ဝေါဟာရတို့သည် ခက်မာခြင်းကို စွဲ၍ ဖြစ်ခြင်းကြောင့် ပထဝီလျှင် ဖြစ်ကြောင်းနိမိတ်ရှိကုန်၏၊ ထို့ကြောင့် ထိုနှစ်ဆယ်သော ကောဋ္ဌာသတို့၌ ပထဝီသည် သမ္ဘာရ-ဖြစ်ပွါးကြောင်း မည်၏၊ ဆံပင် စသည်တို့၌ ထိုခက်မာခြင်း ပထဝီသည် လွန်ကဲထူးခြားစွာရှိသောကြောင့် ထိုဆံပင်စသည်တို့သည် (သမ္ဘာရတို့နှင့် တကွ ဖြစ်ကြသည်ဟူသော ဝစနတ္ထအရ) သသမ္ဘာရမည်ကုန်၏။ အဘေါ်ကောဋ္ဌာသစသည်တို့၌လည်း ဤနည်းတူပင်။ ပထဝီစသော သမ္ဘာရနှင့် တကွ ဖြစ်ကုန်သော ဆံပင်စသည်တို့၏ (သခေါ်ပ)အကျဉ်းသည် သသမ္ဘာရ သခေါ်ပမည်၏။ (ဋီကာ) ဤဋီကာအလိုအားဖြင့် သမ္ဘာရဟူသည်မှာ ပထဝီစသော ဓာတ်လေးပါးတည်း၊ ထိုသမ္ဘာရမည်သော ပထဝီဓာတ်စသည်နှင့် တကွဖြစ်သော ဆံပင်စသည်ကို သသမ္ဘာရ-ဟု ယူ၍ ထိုဆံပင်စသည်တို့ကို အကျဉ်းအားဖြင့် ရှုခြင်းသည် သသမ္ဘာရသခေါ်ပအားဖြင့် ရှုခြင်းမည်သည်ဟု ယူရာ၏။ (အဋ္ဌကထာဆရာ၏ အလိုကျမည် မထင်ပေ)။ ငါတို့၏ အလို

http://www.dhammadownload.com

မှတ်ချက်

အားဖြင့် အိမ်၏အဆောက်အအုံ - သစ်ဝါးစသည်ကို သမ္မာရ-ဟု ဆိုအပ်သကဲ့သို့ ဆံပင်စသည်တို့၌ ပါဝင်သော ပထဝီမှတပါးသော ရုပ်အပေါင်းကို သမ္မာရ-ဟု ယူသင့်မည် ထင်၏။ ထိုသို့ ယူလျှင် ဆံပင်ကို ပထဝီဓာတ်ဟု ဆိုသည်မှာ ခက်မာခြင်း လက္ခဏာသက်သက်ကိုသာ ဆိုသည်မဟုတ်၊ ပထဝီမှတပါးသော အခြားဓာတ်များ ရုပ်များဟူသော သမ္မာရ-အဆောက်အအုံများကိုပါ ပထဝီဓာတ်ဟု ဆိုခြင်းဖြစ်သောကြောင့် ၎င်းဆံပင်စသည်ကို သသမ္မာရ ပထဝီဓာတ်-အဆောက်အအုံများနှင့်တကွသော ပထဝီဓာတ်ဟု ခေါ်သည်ဟူသော အနက်သည် အလွန်ပင် ဖြောင့်မတ်လှပေ၏။ ထို့ကြောင့် သမ္မာရ-ပထဝီစသည်မှ တပါးသော အဆောက်အအုံ ရုပ်များနှင့် + သ - တကွ ဖြစ်သော ပထဝီစသည် = သသမ္မာရ - အဆောက်အအုံ အခြားရုပ်များနှင့် တကွဖြစ်သော ပထဝီစသောဓာတ်များ၊ ၎င်းတို့ကို အကျဉ်းအားဖြင့် ရှုခြင်းသည် သသမ္မာရသခ်ေပမည်၏ဟု ယူရာ၏။ (အတ္ထနောမတိ)

၂- သသမ္မာရဝိဘတ္တိ-ဆံပင်စသော သမ္မာရနှင့် တကွသော ပထဝီ စသည်၏-ဝိဘတ္တိ- ဝေဘန်ခြင်း-အကျယ်=သသမ္မာရဝိဘတ္တိ-ဆံပင် စသည်နှင့် တကွသော ပထဝီ စသည်၏ အကျယ်-ဤကား ဋီကာနှင့်အညီ အနက်ဖြစ်သည်။ ငါတို့၏အလိုအားဖြင့် သသမ္မာရဝိဘတ္တိ-အခြားဓာတ်များ ရုပ်များဟူသော အဆောက်အအုံများပါ ပထဝီစသည်ကို ဝေဘန်ခြင်း-အကျယ်-ဟု အနက်ပြန်ရာ၏။

၃- သလက္ခဏ-ခက်မာခြင်း စသော လက္ခဏာနှင့်တကွသော ဆံပင်စသည်၏ + သခ်ေပ-အကျဉ်း = သလက္ခဏသခ်ေပ-လက္ခဏာနှင့် တကွသော ဆံပင်စသည်၏ အကျဉ်း။

၄- သလက္ခဏဝိဘတ္တိ-လက္ခဏာနှင့်တကွ ဆံပင်စသည်ကို ဝေဘန်ခြင်း-အကျယ်။

http://www.dhammadownload.com

(၁) သသမ္ဘာရသခေ်ပဖြင့်ရှုပုံ

ထိုတွင် သသမ္ဘာရသခေ်ပအားဖြင့် အဘယ်သို့ပွါးစေအပ်သနည်း?ဟူမူ-ဤသာသနာတော်၌ ရဟန်းသည် (ဆံပင်အစဦးဏှောက်အဆုံးရှိသော) နှစ်ဆယ်သောကောဋ္ဌာသတို့၌ ခက်မာသော အခြင်းအရာကို ပထဝီဓာတ်ဟု ပိုင်းခြားဆုံးဖြတ်လျက် ရှု၏။ (သည်းခြေအစ ကျင်ငယ်အဆုံးရှိသော) တဆဲ့နှစ်ပါးသော ကောဋ္ဌာသတို့၌ အရည်အဖြစ်သို့ရောက်သော ရေဟု ဆိုအပ်သော ဖွဲ့စည်းသောအခြင်းအရာကို အာပေါဓာတ်ဟု ပိုင်းခြားဆုံးဖြတ်လျက် ရှု၏။ (သန္တပွနအစရှိသော) လေးပါးသော ကောဋ္ဌာသတို့၌ ကျက်စေတတ်သော အပူငွေ့ကို တေဇောဓာတ်ဟု [၃၄၈] ပိုင်းခြားဆုံးဖြတ်လျက် ရှု၏။ (ဥဒ္ဓဂ်မအစရှိသော)ခြောက်ပါးသော ကောဋ္ဌာသတို့၌ ထောက်ကန်တောင့်တင်းသော အခြင်းအရာကို ဝါယောဓာတ်ဟု ပိုင်းခြားဆုံးဖြတ်လျက် ရှု၏။ ဤသို့ ပိုင်းခြားဆုံးဖြတ်လျက်ရှုသော ထိုယောဂီရဟန်းအား ဓာတ်တို့သည် ထင်ရှားပေါ်ကုန်၏။ ထိုဓာတ်တို့ကို အဖန်တလဲလဲ နှလုံးသွင်းဆင်ခြင်နေလျှင် ဆိုခဲ့ပြီးသောနည်းဖြင့် ဥပစာရသမာဓိသည် ဖြစ်ပေါ်၏။ (၁)

(၂) သသမ္ဘာရဝိဘတ္တိဖြင့်ရှုပုံ

၃၁၀။ ဤဆိုခဲ့သည့်အတိုင်း သသမ္ဘာရသခေ်ပဖြင့် ပွါးစေသော်လည်း ကမ္မဋ္ဌာန်းသည် မပြီးစီးမပြည့်စုံသေးပဲ ရှိနေလျှင် ထိုယောဂီရဟန်းသည် သသမ္ဘာရဝိဘတ္တိအားဖြင့် ပွါးစေအပ်၏။ အဘယ်သို့နည်း?ဟူမူ-ထိုယောဂီရဟန်းသည် ကာယဂတာသတိကမ္မဋ္ဌာန်းကို အကျယ်ပြရာ၌ ပြဆိုခဲ့သော ဥဂ္ဂဟကောသလ္လ (၇) ပါး, မနသိကာရကောသလ္လ (၁၀) ပါးဟူသော ထိုအလုံးစုံကို ဒွတ္တိံသာကာရ၌ မယုတ်လျော့စေပဲ တစပဋ္ဌက စသည်တို့ကို

မှတ်ချက်

၁–တစပဋ္ဌက စသည်တို့ကို....ရွတ်ဆိုခြင်းမှ စ၍-ဟု စပ်ပါ။

http://www.dhammadownload.com

အနုလုံ ပဋိလုံအားဖြင့် နှုတ်ဖြင့်ရွတ်ဆိုခြင်းမှစ၍ ဆိုခဲ့ပြီးသော အစီအရင်အားလုံးကို ပြုအပ်၏။ ယခုဆိုမည့် နှလုံးသွင်းပုံမျှသာ ထူးသည်၊ ထိုကာယဂတာသတိကမ္မဋ္ဌာန်း၌ အဆင်း, သဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြားတို့၏ အစွမ်းအားဖြင့် ဆံပင်စသည်တို့ကို နှလုံးသွင်းပြီး၍လည်း[၁] စက်ဆုပ်ဖွယ်၏ အစွမ်းအားဖြင့် စိတ်ကို ထားအပ်၏၊ ဤစတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်း၌ ဓာတ်သဘော၏ အစွမ်းအားဖြင့် (စိတ်ကိုထားအပ်၏)၊ (ဤမျှသာ ထူးသည်)။ ထို့ကြောင့် အဆင်းစသည်တို့၏ အစွမ်းအားဖြင့် ငါးပါးငါးပါးအပြားအားဖြင့် ဆံပင်စသည်တို့ကို နှလုံးသွင်းပြီးလျှင် အဆုံး၌ ဤဆိုလတံ့သော အခြင်းအရာဖြင့် နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။

ဆံပင်တို့ကို ရှုပုံ

၃၁။ ဤဆံပင်တို့မည်သည်မှာ ဦးခေါင်းခွံကို ရစ်ပတ်သော အရေ၌ ဖြစ်ကုန်၏။ ထိုဆံပင်နှင့်အရေတို့တွင် ဥပမာအားဖြင့် တောင်ပို့ထက်၌ မြက်တုံးများ ပေါက်ရောက်နေကြလျှင် တောင်ပို့ထိပ်သည် ငါ့အပေါ်၌ မြက်တုံးများ ပေါက်ရောက်နေကြသည်ဟု မသိ၊ မြက်တုံးတို့ကလည်း ငါတို့သည် တောင်ပို့ထက်၌ ပေါက်ရောက်နေကြသည်ဟု မသိကုန်သကဲ့သို့ ဤအတူပင် ဦးခေါင်းခွံကို ရစ်ပတ်သော အရေသည် ငါ့အပေါ်၌ ဆံပင်များ ပေါက်ရောက်နေကြသည်ဟု မသိ၊ ဆံပင်တို့ကလည်း ငါတို့သည် ဦးခေါင်းခွံကို ရစ်ပတ်သော အရေ၌ ပေါက်ရောက်နေကြသည်ဟု မသိကုန်၊ ဤဆံပင်နှင့် အရေဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း

မှတ်ချက်

၁–လည်း-ဟူသော စကားဖြင့် ကာယဂတာသတိ၌လည်း ဤတိုင်အောင် နှလုံးသွင်းပုံတူသည်၊ သို့သော်လည်း ဤမှနောက်၌ စက်ဆုပ်ဖွယ်အားဖြင့် နှလုံးသွင်းရခြင်းနှင့် ဓာတုဝဝတ္ထာန်ဝယ် ဤမှနောက်၌ ဓာတ်သဘော၏ အစွမ်းအားဖြင့် နှလုံးသွင်းရခြင်း ထူးခြားသည်ဟု သိစေသည်။

http://www.dhammadownload.com

ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ ဆံပင်တို့မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတတရားပေတည်း (ဝါ-အာရုံကို မသိတတ်သော တရားပေတည်း[၁])၊ အတ္တမှ ဆိတ်၏၊ သတ္တဝါ မဟုတ်၊ ခက်မာကြမ်းတမ်းသော ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်း အပ်၏)။

အမွေးတို့ကို ရှုပုံ

၃၁၂။ အမွေးတို့သည် ကိုယ်ကို ရစ်ပတ်သောအရေ၌ ဖြစ်ကုန်၏။ ထို အမွေးနှင့် အရေတို့တွင် ဥပမာအားဖြင့် ရွာပျက်ကုန်းအရပ်၌ နေဇာမြက် များ ပေါက်ရောက်နေကြလျှင် ရွာပျက်ကုန်းအရပ်သည် ငါ့အပေါ်၌ နေဇာ မြက်များ ပေါက်ရောက်နေကြသည်ဟု မသိ၊ နေဇာမြက်တို့ကလည်း ငါတို့ သည် ရွာပျက်ကုန်းအရပ်၌ ပေါက်ရောက်နေကြသည်ဟု မသိကုန်သကဲ့သို့ ဤအတူပင် ကိုယ်ကို ရစ်ပတ်သောအရေသည် ငါ့အပေါ်၌ အမွေးများ ပေါက်ရောက်နေကြသည်ဟု မသိ၊ အမွေးတို့ကသည်း ငါတို့သည် ကိုယ်ကို

မှတ်ချက်

၁–အဗျာကတော-ပုဒ်၏ အနက်ဖြစ်သည်။ ယင်းပုဒ်ကို "အဗျာကတော-ဟူ သည်ကား အဗျာကတအစုဉ် အတွင်း၀င်"ဟု ဤအဆုဉ် ဋီကာက ဖွင့်ပြ သည်။ ဋီကာ ဒုတိယတွဲ နှာ(၂၅၄) ပဋိစ္စသမုပ္ပါဒ်အဖွင့်၌မူ "နာမ်တရားမှာ ရုံခါ၌ ကုသိုလ်စသည်၏အဖြစ်လည်း ရှိသေး၏၊ ထို့ကြောင့် ထိုနာမ်တရားမှ အထူးပြု(ခွဲခြား)ရန်အလို့ငှါ အဗျာကတပစ္စုပ္ပဉ္ဇာန်ရှိသည်-ဟု ဆိုပေသည်။ တနည်းကား "အစေတနော အဗျာကတော"ဟူသော ထိုဓာတုဝဒဏ္ဍာန် အဆုဉ်ကဲ့သို့(အနာရမ္မဏတာ) အာရုံမရှိသည်၏ အဖြစ်-အာရုံကို မသိတတ် သည်၏ အဖြစ်ကို (အဗျာကတပစ္စုပ္ပဉ္ဇာနံ-ပုဒ်၌) အဗျာကတ အဖြစ်ဟူ၍ မှတ်အပ်ပေ၏"ဟူ၍ ဖွင့်ပြထား၏။ ထိုပဋိစ္စသမုပ္ပါဒ်ဋီကာ ဒုတိယအဖွင့်နှင့် အညီ ဤ၌ လက်သည်းကွင်းဖြင့် တနည်းပြန်ထားသည်။

http://www.dhammadownload.com

ရစ်ပတ်သောအရေ၌ ပေါက်ရောက်နေကြသည်ဟု မသိကုန်၊ [၃၄၉] ဤအမွေးနှင့် အရေဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ အမွေးတို့မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတတရားပေတည်း (ဝါ-အာရုံကိုမသိတတ်သော တရားပေတည်း)၊ အတွေမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ခက်မာကြမ်းတမ်းသော ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

လက်သည်းခြေသည်းတို့ကို ရှုပုံ

၃၁၃။ လက်သည်း ခြေသည်းတို့သည် လက်ချောင်း ခြေချောင်းတို့၏ အဖျားတို့၌ ဖြစ်ကုန်၏။ ထိုလက်သည်း ခြေသည်းတို့နှင့် လက်ချောင်း ခြေချောင်းတို့တွင် ဥပမာအားဖြင့် သူငယ်တို့သည် သစ်မည်စည်စေ့တို့ကို ဒုတ်ချန်တို့ဖြင့် ထိုး၍ ကစားကြလျှင် ဒုတ်ချန်တို့သည် ငါတို့၌ သစ်မည်စည်စေ့များ တည်ကြသည်ဟု မသိကုန်၊ သစ်မည်စည်စေ့တို့ကလည်း ငါတို့သည် ဒုတ်ချန်တို့၌ တည်ကြသည်ဟု မသိကုန်သကဲ့သို့ ဤအတူပင် လက်ချောင်း ခြေချောင်းတို့သည် ငါတို့၏ အဖျား၌ လက်သည်းခြေသည်းများ ဖြစ်ကြသည်ဟု မသိကုန်၊ လက်သည်းခြေသည်းတို့ကလည်း ငါတို့သည်လက်ချောင်း ခြေချောင်းတို့၏ အဖျားတို့၌ ဖြစ်ကြသည်ဟု မသိကုန်၊ ဤလက်သည်း ခြေသည်းနှင့် လက်ချောင်း ခြေချောင်းဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းကင်းကုန်၏။သို့ဖြစ်၍ လက်သည်း ခြေသည်းတို့မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း။ပ။[၁] ပထဝီဓာတ်ပေတည်း-ဟူ၍ နှလုံးသွင်းအပ်၏။

မှတ်ချက်

၁–ဤ ပေယျာလဖြင့် ဆံပင်တို့ကိုရှုပုံ အမွေးတို့ကိုရှုပုံတို့၌ ပြခဲ့ပြီးသော [စိတ်စေတနာ မရှိ၊ အဗျာကတတရားပေတည်း (ဝါ-အာရုံကို မသိတတ်သော

http://www.dhammadownload.com

သွားတို့ကို ရှုပုံ

၃၁၄။ သွားတို့သည် မေးရိုးတို့၌ ဖြစ်ကုန်၏။ ထိုသွားတို့နှင့် မေးရိုးတို့တွင် ဥပမာအားဖြင့် လက်သွားတို့သည် ကျောက်ဆုံငယ်တို့၌ တစုံတခု သော အစေးဖြင့် တိုင်တို့ကို ဖွဲ့ကပ်၍ တည်ထားလျှင် ကျောက်ဆုံတို့သည် ငါတို့၌ တိုင်မျှားတည်ကြသည်ဟု မသိကုန်၊ တိုင်တို့ကလည်း ငါတို့သည် ကျောက်ဆုံတို့၌ တည်ကြသည်ဟု မသိကုန်သကဲ့သို့ ဤအတူပင် မေးရိုးတို့သည် ငါတို့၌ သွားမျှားပေါက်ကြသည်ဟု မသိကုန်၊ သွားတို့ကလည်း ငါတို့သည် မေးရိုးတို့၌ ပေါက်ကြသည်ဟု မသိကုန်၊ ဤသွားနှင့် မေးရိုးဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ သွားတို့မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခု ပေတည်း ။ပ။ ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

အရေကို ရှုပုံ

၃၁၅။ အရေသည် တကိုယ်လုံးကို မြေးယှက် ဖုံးအုပ်လျက် တည်၏။ ထိုအရေနှင့် ကိုယ်တို့တွင် ဥပမာအားဖြင့် စောင်းခွက်ကြီးကို စိုသော နွားရေဖြင့် ကြက်ထားလျှင် စောင်းခွက်ကြီးသည် ငါ့ကို စိုသောနွားရေဖြင့် ကြက်ထားသည်ဟု မသိ၊ စိုသောနွားရေကလည်း ငါသည်စောင်းခွက်ကြီးကို မြေးယှက်လျက်တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် ကိုယ်သည် ငါ့ကို အရေက မြေးယှက်ထားသည်ဟု မသိ၊ အရေကလည်း ငါသည် ကိုယ်ကို မြေးယှက်လျက် တည်သည်ဟု မသိ၊ ဤအရေနှင့် ကိုယ်ဟူသော ရုပ်တရား

မှတ်ချက်

တရားပေတည်း)၊ အတ္ထမှ ဆိတ်၏၊ သတ္တဝါ မဟုတ်ဟူသော ပုဒ်မျှားကို မြှုပ်ထားသည်၊ ထိုရှုပုံတို့၌ ပြခဲ့ပြီးအတိုင်း ထုတ်ဖော်၍ ဆိုရန် ဖြစ်သည်၊ နောက်နောက် ရှုပုံတို့၌လည်း နည်းတူပင် ထုတ်ဖော်၍ ဆိုရမည်။

http://www.dhammadownload.com

တို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ အရေမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း ။ပ။ ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

အသားကို ရှုပုံ

၃၁၆။ အသားသည် သုံးရာကျော်သော အရိုးစုကို လိမ်းကျံလျက် တည်၏။ ထိုအသားနှင့် အရိုးတို့တွင် ဥပမာအားဖြင့် နံရံကို မြေညက်ဖြင့် ထူစွာ လိမ်းကျံထားလျှင် နံရံသည် ငါ့ကို မြေညက်ဖြင့် လိမ်းကျံထားသည်ဟု မသိ၊ [၃၅၀] မြေညက်စိုင်ကလည်း ငါသည် နံရံကို လိမ်းကျံကပ်ငြိလျက် တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် အရိုးစုသည် ငါ့ကို သားတစ်ကိုးရာ အပြားရှိသော အသားက လိမ်းကျံထားသည်ဟု မသိ၊ အသားကလည်း ငါသည် အရိုးစုကို လိမ်းကျံကပ်ငြိလျက် တည်သည်ဟု မသိ၊ ဤအသားနှင့် အရိုးတို့ဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ အသားမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း ။ပ။ ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

အကြောတို့ကို ရှုပုံ

၃၁၇။ အကြောတို့သည် ကိုယ်ထဲ၌ အရိုးတို့ကို ဖွဲ့တွယ်ကုန်လျက် တည်ကုန်၏။ ထိုအကြောနှင့် အရိုးတို့တွင် ဥပမာအားဖြင့် နွယ်တို့ဖြင့် နံရံသစ်သားတို့ကို ဖွဲ့တွယ်ထားလျှင် နံရံသစ်သားတို့သည် ငါတို့ကို နွယ်တို့က ဖွဲ့တွယ်ထားသည်ဟု မသိကုန်၊ နွယ်တို့ကလည်း ငါတို့သည် နံရံသစ်သားတို့ကို ဖွဲ့တွယ်ထားသည်ဟု မသိကုန်သကဲ့သို့ ဤအတူပင် အရိုးတို့သည် ငါတို့ကို အကြောတို့က ဖွဲ့တွယ်ထားကြသည်ဟု မသိကုန်၊ အကြောတို့ကလည်း ငါတို့သည် အရိုးတို့ကို ဖွဲ့တွယ်ထားကြသည်ဟု မသိကုန်၊ဤအကြော

http://www.dhammadownload.com

နှင့် အရိုးဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ အကြောတို့မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း။ပ။ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

အရိုးတို့ကို ရှုပုံ

၃၁၈။ အရိုးတို့တွင် ဖဏ္ဍောင့်ရိုးသည် ဖမျက်ရိုးကိုရွက်လျက် တည်၏၊ ဖမျက်ရိုးသည် ခြေသလုံးရိုးကို ရွက်လျက် တည်၏၊ ခြေသလုံးရိုးသည် ပေါင်ရိုးကို ရွက်လျက် တည်၏၊ ပေါင်ရိုးသည် တင်ပါးရိုးကို ရွက်လျက် တည်၏၊ တင်ပါးရိုးသည် ကျောက်ဆူးရိုးကို ရွက်လျက် တည်၏၊ ကျောက်ဆူးရိုးသည် လည်ရိုးကို ရွက်လျက် တည်၏၊ လည်ရိုးသည် ဦးခေါင်းရိုးကို ရွက်လျက်တည်၏၊ ဦးခေါင်းရိုးသည် လည်ရိုး၌ တည်၏၊ လည်ရိုးသည် ကျောက်ဆူးရိုး၌တည်၏၊ ကျောက်ဆူးရိုးသည် တင်ပါးဋ္ဌိး၌ တည်၏၊တင်ပါးရိုးသည် ပေါင်ရိုး၌ တည်၏၊ ပေါင်ရိုးသည် ခြေသလုံးရိုး၌ တည်၏၊ ခြေသလုံးရိုးသည် ဖမျက်ရိုး၌ တည်၏၊ ဖမျက်ရိုးသည် ဖဏ္ဍောင့်ရိုး၌ တည်၏။

ထိုအရိုးတို့တွင် ဥပမာအားဖြင့် အုတ် သစ်သား နွားချေးစသည်တို့၏ အစုအပုံတို့၌ အောက် အောက် အုတ်စသည်တို့သည် ငါတို့က အထက် အထက် အုတ်စသည်တို့ကို ရွက်ကြလျက် တည်ကြသည်ဟု မသိကုန်၊ အထက် အထက် အုတ်စသည်တို့သည်လည်း ငါတို့သည် အောက် အောက် အုတ်စသည်တို့၌ တည်ကြသည်ဟု မသိကုန်သကဲ့သို့ ဤအတူပင် ဖဏ္ဍောင့်ရိုးသည် ငါက ဖမျက်ရိုးကို ရွက်လျက် တည်သည်ဟု မသိ၊ ဖမျက်ရိုးသည် ငါက ခြေသလုံးရိုးကို ရွက်လျက် တည်သည်ဟု မသိ၊ ခြေသလုံးရိုးသည် ငါက ပေါင်ရိုးကို ရွက်လျက် တည်သည်ဟု မသိ၊ ပေါင်ရိုးသည် ငါက တင်ပါရိုးကို ရွက်လျက် တည်သည်ဟု မသိ၊ တင်ပါးရိုးသည် ငါက ကျောက်ဆူးရိုးကို ရွက်လျက် တည်သည်ဟု မသိ၊ကျောက်ဆူးရိုးသည် ငါက လည်ရိုး

http://www.dhammadownload.com

ကို ရွက်လျက် တည်သည်ဟု မသိ၊ လည်ရိုးသည် ငါက ဦးခေါင်းရိုးကို ရွက်လျက် တည်သည်ဟု မသိ။ဦးခေါင်းရိုးသည် ငါက လည်ရိုးခွ် တည်သည်ဟု မသိ၊ လည်ရိုးသည် ငါက [၃၅၁] ကျောက်ဆူးရိုးခွ် တည်သည်ဟု မသိ၊ ကျောက်ဆူးရိုးသည် ငါက တင်ပါးရိုးခွ် တည်သည်ဟု မသိ၊ တင်ပါးရိုးသည် ငါက ပေါင်ရိုးခွ် တည်သည်ဟု မသိ၊ ပေါင်ရိုးသည် ငါက ခြေသလုံးရိုးခွ် တည်သည်ဟု မသိ၊ ခြေသလုံးရိုးသည် ငါက ဖမျက်ရိုးခွ် တည်သည်ဟု မသိ၊ ဖမျက်ရိုးသည် ငါက ဖဏောင့်ရိုးခွ် တည်သည်ဟု မသိ၊ ဤအထက်အရိုးနှင့် အောက်အရိုးဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ အရိုးမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း။ပ။ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

ရိုးတွင်းခြင်ဆီကို ရှုပုံ

၃၁၉။ ရိုးတွင်းခြင်ဆီသည် ထိုထိုအရိုးတို့၏ အတွင်းခွ် တည်၏။ ထို ခြင်ဆီနှင့်အရိုးတို့တွင် ဥပမာအားဖြင့် ဝါးကျည်တောက်စသည်တို့၏အတွင်းခွ် ပြုတ်ဖြောထားသည့် ကြိမ်ညှန့်စသည်တို့ကို ထည့်ထားလျှင် ဝါးကျည်တောက်စသည်တို့သည် ငါတို့ခွ် ကြိမ်ညှန့်စသည်တို့ကို ထည့်ထားသည်ဟု မသိကုန်၊ ကြိမ်ညှန့်စသည်တို့ကလည်း ငါတို့သည် ဝါးကျည်တောက်စသည်တို့ခွ် တည်ကြသည်ဟု မသိကုန်သကဲ့သို့ ဤအတူပင် အရိုးတို့သည် ငါတို့၏ အတွင်းခွ် ခြင်ဆီတည်သည်ဟု မသိကုန်၊ ခြင်ဆီကလည်း ငါသည် အရိုးတို့၏အတွင်းခွ် တည်သည်ဟု မသိ၊ ဤခြင်ဆီနှင့် အရိုးဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ ရိုးတွင်းခြင်ဆီမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း။ပ။ ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

http://www.dhammadownload.com

အည္ဆိုကို ရှုပုံ

၃၂၀။ အည္ဆိသည် လည်ချောင်းမှထွက်သော တခုတည်းသော အကြောမဖြင့် အတန်ငယ်သွားပြီးလျှင် နှစ်ဖြာကွဲသော အကြောကြီးဖြင့် ဖွဲ့စပ်ထားသည်ဖြစ်၍ နှလုံးသားကို ခြံရံလျက် တည်၏။ ထိုအည္ဆိနှင့် အကြောကြီးတို့တွင် ဥပမာအားဖြင့် အညာဖြင့် ဖွဲ့တွယ်လျက်ရှိသော သရက်သီးနှစ်လုံးပြွတ်ရှိရာဝယ် အညာသည် ငါက သရက်သီးနှစ်လုံးပြွတ်ကို ဖွဲ့တွယ်ထားသည်ဟု မသိ၊ သရက်သီးနှစ်လုံးပြွတ်ကလည်း ငါ့ကို အညာက ဖွဲ့တွယ်ထားသည်ဟု မသိသကဲ့သို့ ဤအတူပင် အကြောကြီးသည် ငါက အည္ဆိကို ဖွဲ့တယ်ထားသည်ဟု မသိ၊ အည္ဆိကလည်း ငါ့ကို အကြောကြီးက ဖွဲ့တွယ်ထားသည်ဟု မသိ။ ဤအည္ဆိနှင့် အကြောကြီးဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။သို့ဖြစ်၍ အည္ဆိမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း။ပ။ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

နှလုံးကို ရှုပုံ

၃၂၁။ နှလုံးသည် ကိုယ်အတွင်း၌ ရင်ရိုးချိုင့်၏အလယ်ကို မှီ၍တည်၏။ ထိုနှလုံးနှင့် ရင်ရိုးချိုင့်တို့တွင် ဥပမာအားဖြင့် ဆွေးမြည့်သော သံလျင်းချိုင့်ကို မှီ၍ သားတစ်ကို ထားလျှင် သံလျင်းချိုင့်အတွင်းအရပ်သည် ငါ့ကို မှီ၍ သားတစ်တည်သည်ဟု မသိ၊ သားတစ်ကလည်း ငါသည် ဆွေးမြည့်သော သံလျင်းချိုင့်ကို မှီ၍ တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် ရင်ရိုးချိုင့်အတွင်းအရပ်သည် ငါ့ကိုမှီ၍ နှလုံးတည်သည်ဟု မသိ၊ နှလုံးကလည်း ငါသည် ရင်ရိုးချိုင့်ကိုမှီ၍ တည်သည်ဟု မသိ၊ ဤနှလုံးနှင့် ရင်ရိုးချိုင့်ဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ [၃၅၂] သို့ဖြစ်၍ နှလုံးမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း။ပ။ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

http://www.dhammadownload.com

အသည်းကို ရှုပုံ

၃၂၂။ အသည်းသည် ကိုယ်၏အတွင်းဝယ် သားမြတ်နှစ်ခုတို့၏အကြား၌ လက်ျာနံပါးကိုမှီ၍ တည်၏။ ထိုအသည်းနှင့် သားမြတ်နှစ်ခုအကြား လက်ျာနံပါးတို့တွင် ဥပမာအားဖြင့် ဟင်းအိုးအုံနံပါး၌ အသားစိုင်အစုံ တွယ်ကပ်နေလျှင် ဟင်းအိုးအုံနံပါးသည် ငါ၌ အသားစိုင်အစုံ တွယ်ကပ်နေသည်ဟု မသိ၊ အသားစိုင်အစုံကလည်း ငါသည် ဟင်းအိုးအုံနံပါး၌ တွယ်ကပ်နေသည်ဟု မသိသကဲ့သို့ ဤအတူပင် သားမြတ်နှစ်ခုအကြား လက်ျာနံပါးသည် ငါ့ကိုမှီ၍ အသည်းတည်သည်ဟု မသိ၊ အသည်းကလည်း ငါသည် သားမြတ်နှစ်ခုအကြား လက်ျာနံပါးကိုမှီ၍ တည်သည်ဟု မသိ၊ ဤအသည်းနှင့် သားမြတ်နှစ်ခုအကြား လက်ျာနံပါးဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ အသည်းမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း။ ပ။ ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

အမြှေးကို ရှုပုံ

၃၂၃။ အမြှေးတို့တွင် အဖုံးအလှမ်း အမြှေးသည် နှလုံးနှင့် အညှိုကို ဝန်းရံဖုံးလှမ်းလျက်တည်၏၊ အဖုံးအလှမ်းမဟုတ်သော အမြှေးသည် တကိုယ်လုံးဝယ် အရေ၏အောက်၌ အသားကို မြှေးယှက်လျက် တည်၏။ ထိုအမြှေးနှင့် နှလုံးစသည်တို့တွင် ဥပမာအားဖြင့် အသားကို ပုဆိုးကြမ်းဖြင့် ရစ်ပတ်ထားလျှင် အသားသည် ငါ့ကို ပုဆိုးကြမ်းဖြင့် ရစ်ပတ်ထားသည်ဟု မသိ၊ ပုဆိုးကြမ်းကလည်း ငါသည် အသားကို ရစ်ပတ်ထားသည်ဟု မသိသကဲ့သို့ ဤအတူပင် အညှိုနှလုံးတို့နှင့် တကိုယ်လုံးက အသားသည် ငါ့ကို အမြှေးက ရစ်ပတ်ထားသည်ဟု မသိ၊ အမြှေးကလည်း ငါသည် အညှိုနှလုံးတို့နှင့် တကိုယ်လုံးကအသားကို ဖုံးလှမ်းထားသည်ဟု မသိ၊ ဤအမြှေးနှင့် နှလုံး

http://www.dhammadownload.com

အည္ဆို အသားဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ အမြွေးမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း ။ပ။ ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်း အပ်၏)။

အဖျဉ်းကို ရှုပုံ

၃၂၄။ အဖျဉ်းသည် နှလုံးသား၏ လက်ဝဲဘက်၌ အစာသစ်အိမ် အရေလွှာ၏ အထက်နံပါးကို မှီ၍ တည်၏။ ထိုအဖျဉ်းနှင့် အစာသစ်အိမ် အရေလွှာတို့တွင် ဥပမာအားဖြင့် နွားချေးစိုင်သည် ကျီ၏ အထက်နံပါးကို မှီ၍ တည်နေလျှင် ကျီ၏ အထက်နံပါးသည် ငါ့ကို မှီ၍ နွားချေးစိုင် တည်သည်ဟု မသိ၊ နွားချေးစိုင်ကလည်း ငါသည် ကျီ၏ အထက်နံပါးကို မှီ၍ တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် အစာသစ်အိမ်အရေလွှာ၏ အထက်နံပါးသည် ငါ့ကို မှီ၍ အဖျဉ်းတည်သည်ဟု မသိ၊ အဖျဉ်းကလည်း ငါသည် အစာသစ်အိမ်အရေလွှာ၏ အထက်နံပါးကိုမှီ၍ တည်သည်ဟု မသိ၊ ဤအဖျဉ်းနှင့် အစာသစ်အိမ်အရေလွှာ အထက်နံပါးဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ အဖျဉ်းမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခု ပေတည်း ။ပ။ ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

အဆုတ်ကို ရှုပုံ

[၃၅၃] ၃၂၅။ အဆုတ်သည် ကိုယ်၏အတွင်း၌ သားမြတ်နှစ်ခုတို့၏ အကြားဝယ် နှလုံးနှင့် အသည်းကို အထက်မှ ဖုံးအုပ်ကာ တွဲလွဲဆွဲလျက် တည်၏။ ထိုအဆုတ်နှင့် ကိုယ်၏ အတွင်းအရပ်တို့တွင် ဥပမာအားဖြင့် ဆွေးမြည့်နေသော ကျီ၏အတွင်း၌ စာပေါင်းသိုက် တွဲလွဲဆွဲလျက်ရှိနေလျှင် ဆွေးမြည့်သော ကျီအတွင်းအရပ်သည် ငါ၌ စာပေါင်းသိုက် တွဲလွဲဆွဲလျက်

http://www.dhammadownload.com

တည်သည်ဟု မသိ၊ စာပေါင်းသိုက်ကလည်း ငါသည် ဆွေးမြည့်သော ကျိ၏အတွင်းအရပ်၌ တွဲလွဲဆွဲလျက် တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် ထိုကိုယ်၏အတွင်းအရပ်သည် ငါ၌ အဆုတ်သည် တွဲလွဲဆွဲလျက် တည်သည်ဟု မသိ၊ အဆုတ်ကလည်း ငါသည် ဤသို့သဘောရှိသော ကိုယ်၏အတွင်းအရပ်၌ တွဲလွဲဆွဲလျက် တည်သည်ဟု မသိ၊ ဤအဆုတ်နှင့် ကိုယ်၏အတွင်းအရပ်ဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ အဆုတ်မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့ တခုပေတည်း။ပ။ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

အူမကို ရှုပုံ

၃၂၆။ အူမသည် လည်ချောင်းအစ ကျင်ကြီးပေါက်အဆုံးရှိသော ကိုယ်၏အတွင်း၌ တည်၏။ ထိုအူမနှင့် ကိုယ်၏အတွင်းအရပ်တို့တွင် ဥပမာ အားဖြင့် သွေးပြည့်သော စားကျင်း၌ ခေါင်းဖြတ်ထားသည့် ထန်းမြွေ၏ ကိုယ်ကို ခွေ၍ ထည့်ထားလျှင် သွေးစားကျင်းသည် ငါ၌ ထန်းမြွေ၏ ကိုယ် တည်သည်ဟု မသိ၊ ထန်းမြွေ၏ကိုယ်ကလည်း ငါသည် သွေးစားကျင်း၌ တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် ကိုယ်၏အတွင်းအရပ်သည် ငါ၌ အူမ တည်သည်ဟု မသိ၊ အူမကလည်း ငါသည် ကိုယ်၏အတွင်း၌ တည်သည်ဟု မသိ၊ ဤအူမနှင့် ကိုယ်၏အတွင်းအရပ်ဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍

မှတ်ချက်

၁–ဤ၌ ထန်းမြွေ ဟူသော အနက်သည် ဓမ္မနီ-ပုဒ်၏ အနက်ဖြစ်သည်၊ ပြည်နိဿယ၌ ကျိုင်းကောင်ဟု ပြန်၏၊ ၎င်းထန်းမြွေကိုပင် ဆိုသည် ဖြစ်ရာ၏၊ သီဟိုဠ်အဘိဓာန်နိဿယ၌ကား လင်းမြွေဟုပြန်သည်ဟူ၏၊ ဃရသပ္ပ-ပုဒ်နှင့် အနက်တူဖြစ်သောကြောင့် ထန်းမြွေဟူသော အနက်သာ သင့်သည်။

http://www.dhammadownload.com

အူမမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြား အဖို့တခုပေတည်း။ပ။ပထဝီဓာတ် ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

အူသိမ်ကို ရှုပုံ

၃၂၇။ အူသိမ်သည် အူမတို့၏အကြား၌ နှစ်ဆဲ့တခုသော အူခွေတို့ကို ဖွဲ့တွယ်လျက် တည်၏။ ထိုအူသိမ်နှင့် အူမတို့တွင် ဥပမာအားဖြင့် ကြိုးငယ်တို့သည် ခြေသုတ်ကြိုးဝန်းကို ချုပ်စပ်လျက် တည်နေကြလျှင် ခြေသုတ်ကြိုးဝန်းသည် ကြိုးငယ်များက ငါ့ကို ချုပ်စပ်လျက် တည်ကြသည်ဟု မသိ၊ ကြိုးငယ်များကလည်း ငါတို့သည် ခြေသုတ်ကြိုးဝန်းကို ချုပ်စပ်လျက် တည်ကြသည်ဟု မသိကုန်သကဲ့သို့ ဤအတူပင် အူမသည် အူသိမ်က ငါ့ကို ဖွဲ့တွယ်လျက် တည်သည်ဟု မသိ၊ အူသိမ်ကလည်း ငါသည် အူမကို ဖွဲ့တွယ်လျက် တည်သည်ဟု မသိ၊ ဤအူသိမ်နှင့် အူမဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ အူသိမ်မည်သည်မှာ ဤ ကိုယ်ထဲ၌ သီးခြား အဖို့တခုပေတည်း ။ပ။ ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

အစာသစ်ကို ရှုပုံ

၃၂၈။ အစာသစ်သည် အစာသစ်အိမ်၌ တည်သော စား-သောက်-ခဲ-လျက် လိုက်သည့်အစာပေတည်း။ ထိုအစာသစ်နှင့် အစာသစ်အိမ်တို့တွင် ဥပမာအားဖြင့် ခွေးစားခွက်၌ ခွေးအန်ဖတ် တည်နေရာဝယ် ခွေးစားခွက်သည် ငါ၌ ခွေးအန်ဖတ် တည်သည်ဟု မသိ၊ ခွေးအန်ဖတ်ကလည်း ငါသည် ခွေးစားခွက်၌ တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် အစာသစ်အိမ်သည် ငါ၌ အစာသစ် [၃၅၄] တည်သည်ဟု မသိ၊ အစာသစ်ကလည်း ငါသည် အစာသစ်အိမ်၌ တည်သည်ဟု မသိ၊ ဤအစာသစ်နှင့် အစာသစ်အိမ်ဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း

http://www.dhammadownload.com

ကင်းကုန်၏။ သို့ဖြစ်၍ အစာသစ်မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့ တခုပေတည်း ။ပ။ ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

အစာဟောင်းကို ရှုပုံ

၃၂၉။ အစာဟောင်းခေါ် ကျင်ကြီးသည် လက်ရှစ်သစ်ရှိ ဝါးကျည်တောက်နှင့်တူသော အစာကျက်၏ တည်ရာ အစာဟောင်းအိမ်ဟု ဆိုအပ်သော အူမ၏ အဆုံးပိုင်း၌ တည်၏။ ထိုကျင်ကြီးနှင့် ကျင်ကြီးအိမ်တို့တွင် ဥပမာအားဖြင့် ဝါဖျော့သော မြေညက်နုကို ဝါးကျည်တောက်၌ နယ်သိပ်၍ ထည့်ထားလျှင် ဝါးကျည်တောက်သည် ငါ၌ ဝါဖျော့သော မြေညက် တည်သည်ဟု မသိ၊ ဝါဖျော့သော မြေညက်ကလည်း ငါသည် ဝါးကျည်တောက်၌ တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် ကျင်ကြီးအိမ်သည် ငါ၌ ကျင်ကြီး တည်သည်ဟု မသိ၊ ကျင်ကြီးကလည်း ငါသည် ကျင်ကြီးအိမ်၌ တည်သည်ဟု မသိ၊ ဤကျင်ကြီးနှင့် ကျင်ကြီးအိမ်ဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ ကျင်ကြီး မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြား အဖို့တခုပေတည်း ။ပ။ ပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

ဦးနှောက်ကို ရှုပုံ

၃၃၀။ ဦးနှောက်သည် ဦးခေါင်းခွံအတွင်း၌ တည်၏။ ထိုဦးနှောက်နှင့် ဦးခေါင်းခွံအတွင်းအရပ်တို့တွင် ဥပမာအားဖြင့် ဟောင်းမြင်းသောဗူးအုံ၌ မုန့်ညက်စိုင်ကို ထည့်ထားလျှင် ဗူးအုံသည် ငါ၌ မုန့်ညက်စိုင်တည်သည်ဟု မသိ၊ မုန့်ညက်စိုင်ကလည်း ငါသည် ဗူးအုံ၌တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် ဦးခေါင်းခွံ၏ အတွင်းအရပ်သည် ငါ၌ ဦးနှောက်တည်သည်ဟု မသိ၊ ဦးနှောက်ကလည်း ငါသည် ဦးခေါင်းခွံအတွင်း၌ တည်သည်ဟု မသိ၊ ဤဦးနှောက်နှင့် ဦးခေါင်းခွံဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံး

http://www.dhammadownload.com

သင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ ဦးနှောက်မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြား အဖို့တခုပေတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတ တရားပေတည်း (ဝါ-အာရုံကို မသိတတ်သော တရားပေတည်း)၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ခက်မာကြမ်းတမ်းသောပထဝီဓာတ်ပေတည်း-ဟူ၍ (နှလုံးသင်းအပ်၏)။

သည်းခြေကို ရှုပုံ

၃၃၁။ သည်းခြေနှစ်မျိုးတို့တွင် အဗဒ္ဓသည်းခြေသည် ဇီဝိတိန္ဒြေနှင့် စပ်၏ တကိုယ်လုံးကို ပြန့်နှံ့၍ တည်၏၊ ဗဒ္ဓသည်းခြေသည် သည်းခြေအိမ်၌ တည်၏။ ထိုသည်းခြေနှစ်မျိုးနှင့် တည်ရာတို့တွင် ဥပမာအားဖြင့် ဆီသည် မုံ့ကို ပြန့်နှံ့၍ တည်လတ်သော် မုံ့သည် ဆီက ငါ့ကို ပြန့်နှံ့လျက် တည်သည်ဟု မသိ၊ ဆီကလည်း ငါသည် မုံ့ကို ပြန့်နှံ့လျက် တည်သည်ဟုမသိသကဲ့သို့ ဤအတူပင် ကိုယ်သည် အဗဒ္ဓသည်းခြေက ငါ့ကို ပြန့်နှံ့လျက် တည်သည်ဟု မသိ၊ အဗဒ္ဓသည်းခြေကလည်း ငါသည် ကိုယ်ကို ပြန့်နှံ့လျက် တည်သည်ဟု မသိ။ (ဗဒ္ဓသည်းခြေ၏ ဥပမာကား) သပွတ်ခါးသီးအိမ်သည် မိုးရေဖြင့် ပြည့်နေလျှင် သပွတ်ခါးသီးအိမ်သည် ငါ၌ မိုးရေတည်သည်ဟု မသိ၊ မိုးရေကလည်း ငါသည် သပွတ်ခါးသီးအိမ်၌ တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် သည်းခြေအိမ်သည် ငါ၌ ဗဒ္ဓသည်းခြေ တည်သည်ဟု မသိ၊ ဗဒ္ဓသည်းခြေကလည်း ငါသည် သည်းခြေအိမ်၌ တည်သည်ဟု မသိ၊ ဤသည်းခြေနှစ်မျိုးနှင့် တည်ရာဟူသော ရုပ်တို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။[၃၅၅]သို့ဖြစ်၍ သည်းခြေမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတ တရားပေတည်း (ဝါ အာရုံကိုမသိတတ်သော တရားပေတည်း)၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်သဘောဖြစ်၍ ဖွဲ့စည်းသော အခြင်းအရာရှိသော အာပေါဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

http://www.dhammadownload.com

သလိပ်ကို ရှုပုံ

၃၃၂။ သလိပ်သည် တက္ကန်းစား-တစလယ်ပြည့်ပမာကဲ့ရှိ၏ အစာအိမ် အရေလွှာ၌ တည်၏။ ထိုသလိပ်နှင့် အစာအိမ်အရေလွှာတို့တွင် ဥပမာ အားဖြင့် တံစီးအိုင်မှာ အထက်၌ အမြှုပ်လွှာဖြစ်လျက် တည်နေလတ်သော် တံစီးအိုင်သည် ငါ၌ အမြှုပ်လွှာ တည်သည်ဟု မသိ၊ အမြှုပ်လွှာကလည်း ငါသည် တံစီးအိုင်၌ တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် အစာသစ်အိမ် အရေလွှာသည် ငါ၌ သလိပ်တည်သည်ဟု မသိ၊ သလိပ်ကလည်း ငါသည် အစာသစ်အိမ် အရေလွှာ၌ တည်သည်ဟု မသိ၊ ဤသလိပ်နှင့် အစာသစ်အိမ် အရေလွှာတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ သလိပ်မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြား အဖို့တခုပေတည်း။ပ။ အာပေါဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

ပြည်ကို ရှုပုံ

၃၃၃။ ပြည်မှာ အမြဲတမ်းတည်ရာမရှိ၊ သစ်ငုတ် ဆူး လက်နက် မီးလှဲ့ စသည်တို့ဖြင့် ထိခိုက်ခံရသော အကြင် အကြင် ကိုယ်အစိတ်အပိုင်းအရပ်၌ သွေးသည် စုဝေးတည်နေလျက် ရင့်ကျက်၏၊ အိုင်းအမာ အဖုအလုံးစသည် တို့သည်မူလည်း (အကြင် အကြင် ကိုယ်အစိတ်အပိုင်းအရပ်၌) ဖြစ်ပေါ်ကုန်၏၊ ထိုထို ကိုယ်အစိတ်အပိုင်းအရပ်၌ (ပြည်သည်) တည်၏။ ထိုပြည်နှင့် ကိုယ် အစိတ်အပိုင်းအရပ်တို့တွင် ဥပမာအားဖြင့် ပုဆိန်ဖြင့်ခုတ်ခြင်း စသည်၏ အစွမ်းဖြင့် သစ်ပင်၌ အစေးယိုထွက်နေလတ်သော် သစ်ပင်၏အခုတ်ခံရရာ စသော အစိတ်အပိုင်းတို့သည် ငါတို့၌ အစေးတည်သည်ဟု မသိ၊ အစေး ကလည်း ငါသည် သစ်ပင်၏အခုတ်ခံရရာစသော အစိတ်အပိုင်းတို့၌ တည် သည်ဟု မသိသကဲ့သို့ ဤအတူပင် သစ်ငုတ် ဆူးစသည်တို့ဖြင့် ထိခိုက်မိရာ ကိုယ်အစိတ်အပိုင်းအရပ်တို့သည် ငါတို့၌ ပြည် တည်သည်ဟု မသိကုန်၊

http://www.dhammadownload.com

ပြည်ကလည်း ငါသည် ထိုကိုယ်အစိတ်အပိုင်းအရပ်တို့၌ တည်သည်ဟု မသိ၊ ဤပြည်နှင့် ထိခိုက်မိရာ ကိုယ်အစိတ်အပိုင်းအရပ်ဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ ပြည် မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း။ ပ။ အာပေါဓာတ် ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

သွေးကို ရှုပုံ

၃၃၄။ သွေးတို့တွင် ရွှေရွှားသွားနေသော သံသရဏသွေးသည် အဗဒ္ဓ သည်းခြေကဲ့သို့တကိုယ်လုံးကို ပြန့်နှံ့၍တည်၏၊စုဝေးတည်နေသော သန္ဓိစိတ သွေးသည် အသည်းတည်ရာအရပ်၏ အောက်အဖို့ကို ပြည့်စေလျက် တကွန်းစားပြည့်မျှရှိ၏ အညို နှလုံး အသည်း အဆုတ်တို့ကို စိုစွတ်စေလျက် တည်၏။ ထိုသွေးနှစ်မျိုးတို့တွင် သံသရဏသွေး၌ အဆုံးအဖြတ်သည် အဗဒ္ဓ သည်းခြေအဆုံးအဖြတ်နှင့် တူသည်သာတည်း။ သန္ဓိစိတသွေးကိုမူ ဥပမာ အားဖြင့် (ဤသို့သိအပ်၏) ဆွေးမြည့်သော အိုးကင်းကို မိုးရေစွတ်ထား လျှင် အိုးကင်း၌ရှိသောရေသည် အိုးကင်းအောက်၌ အုတ်ခဲပိုင်းစသည်တို့ကို စိုစွတ်စေရာဝယ် အုတ်ခဲပိုင်းစသည်တို့သည် ငါတို့ကို အိုးကင်း၌ ရေက စိုစွတ်စေသည်ဟု မသိကုန်၊ အိုးကင်း၌ ရေကလည်း [၃၅၆] ငါသည် အုတ်ခဲပိုင်းစသည်တို့ကို စိုစွတ်စေသည်ဟု မသိသကဲ့သို့ ဤအတူပင် အသည်း၏ အောက်အဖို့အရပ်သည်၎င်း, အညိုစသည်တို့သည်၎င်း ငါ၌ သွေးတည်သည်ဟူ၍၎င်း၊ ငါတို့ကို စိုစွတ်စေလျက် သွေးတည်သည်ဟူ၍၎င်း မသိကုန်၊ သွေးကလည်း ငါသည် အသည်း၏အောက်အဖို့ကို ပြည့်စေလျက် အညိုစသည်တို့ကို စိုစွတ်စေလျက် တည်သည်ဟု မသိ၊ ဤသွေးနှင့် တည်ရာ အရပ်ဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ သွေးမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခု ပေတည်း။ပ။အာပေါဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

http://www.dhammadownload.com

ချွေးကို ရှုပုံ

၃၃၅။ ချွေးသည် မီးဖြင့်ပူလောင်ခြင်း အစရှိသော ကာလတို့၌ ဆံတွင်း မွေးတွင်းအပေါက်တို့ကို ပြည့်စေလျက် တည်လည်းတည်၏ ယိုထွက်လည်း ယိုထွက်၏။ ထိုချွေးနှင့် ဆံတွင်း မွေးတွင်းအပေါက်တို့တွင် ဥပမာအားဖြင့် ကြာစွယ် ကြာရင်း ကုမုဒ္ဒရာကြာရိုးစည်းတို့ကို ရေထဲမှ နှုတ်ဆယ်ပြီးကာမျှ ဖြစ်လျှင် ကြာစွယ်စည်းစသည်၏ အပေါက်တို့သည် ငါတို့မှ ရေယိုထွက်သည်ဟု မသိကုန်၊ ၎င်းတို့မှ ယိုထွက်သည့်ရေကလည်း ငါသည် ကြာစွယ်စည်းစသည်၏ အပေါက်တို့မှ ယိုထွက်သည်ဟု မသိသကဲ့သို့ ဤအတူပင် ဆံတွင်း မွေးတွင်းပေါက်တို့သည် ငါတို့မှ ချွေးယိုထွက်သည်ဟု မသိကုန်၊ ချွေးကလည်း ငါသည် ဆံတွင်းမွေးတွင်းပေါက်တို့မှ ယိုထွက်သည်ဟု မသိ၊ ဤချွေးနှင့် ဆံတွင်း မွေးတွင်းပေါက်ဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ ချွေးမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း ။ပ။ အာပေါဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

အဆီခဲကို ရှုပုံ

၃၃၆။ အဆီခဲသည် ဝသောသူမှာ တကိုယ်လုံးကို ပြန့်နှံ့၍ ပိန်သော သူမှာ ခြေသလုံး အသားပုံ စသည်တို့ကိုမှီ၍ တည်သော ပြစ်ခဲသော အဆီတည်း။ ထိုအဆီခဲနှင့် တည်ရာအရပ်တို့တွင် ဥပမာအားဖြင့် အသားစုကို နန္ဒင်းဆိုးပုဆိုးကြမ်းဖြင့် ဖုံးလွှမ်းထားလျှင် အသားစုသည် ငါ့ကိုမှီ၍ နန္ဒင်းဆိုး ပုဆိုးကြမ်း တည်သည်ဟု မသိ၊ နန္ဒင်းဆိုး ပုဆိုးကြမ်းကလည်း ငါသည် အသားစုကိုမှီ၍ တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် တကိုယ်လုံး၌သော်၎င်း၊ ခြေသလုံး စသည်တို့၌သော်၎င်း (ရှိသော) အသားသည် ငါ့ကိုမှီ၍ အဆီခဲတည်သည်ဟု မသိ၊ အဆီခဲကလည်း ငါသည် တကိုယ်လုံး

http://www.dhammadownload.com

၌သော်၎င်း၊ ခြေသလုံး စသည်တို့၌သော်၎င်း (ရှိသော) အသားကိုမှီ၍ တည်သည်ဟု မသိ၊ ဤအဆီခဲနှင့် မှီရာအသားဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ အဆီခဲမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း ။ပ။ အာပေါဓာတ် ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

မျက်ရည်ကို ရှုပုံ

[၃၅၇] ၃၃၇။ မျက်ရည်သည် ဖြစ်ပေါ်သောအခါ၌ မျက်တွင်းတို့ကို ပြည့်စေလျက်မူလည်း တည်၏၊ ယိုစီးလျက်မူလည်း ထွက်၏။ ထိုမျက်ရည်နှင့် မျက်တွင်းတို့တွင် ဥပမာအားဖြင့် နုသော ထန်းသီးစေ့တွင်းငယ်တို့သည် ရေဖြင့် ပြည့်နေကြလျှင် နုသော ထန်းစေ့တွင်းငယ်တို့သည် ငါတို့၌ ရေတည်သည်ဟု မသိကုန်၊ ၎င်းတို့၌ တည်သည့်ရေကလည်း ငါသည် နုသော ထန်းစေ့တွင်းငယ်တို့၌ တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် မျက်တွင်းတို့သည် ငါတို့၌ မျက်ရည်ဘည်သည်ဟု မသိကုန်၊ မျက်ရည်ကလည်း ငါသည် မျက်တွင်းတို့၌ တည်သည်ဟု မသိ၊ ဤမျက်ရည်နှင့် မျက်တွင်းဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ မျက်ရည်မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့ တခုပေတည်း ။ပ။ အာပေါဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

ဆီကြည်ကို ရှုပုံ

၃၃၈။ ဆီကြည်သည် မီးဖြင့် ပူသောကာလစသည်၌ လက်ဖဝါးပြင် လက်ဖမိုး ခြေဖဝါးပြင် ခြေဖမိုး နှာခေါင်းဖု နဖူး ပခုံးစွန်းတို့၌ တည်သော ကြည်သော အဆီပေတည်း။ ထိုဆီကြည်နှင့် တည်ရာအရပ်တို့တွင် ဥပမာအားဖြင့် ထမင်းချိုးကို ဆီဆမ်းထားလျှင် ထမင်းချိုးသည် ငါ့ကို ဆီကလှမ်းလျက် တည်သည်ဟု မသိ၊ ဆီကလည်း ငါသည် ထမင်းချိုးကိုလှမ်းလျက်

http://www.dhammadownload.com

တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် လက်ဖဝါးပြင်စသော အရပ်သည် ငါ့ကို ဆီကြည်က လှမ်းလျက် တည်သည်ဟု မသိ၊ ဆီကြည်ကလည်း ငါသည် လက်ဖဝါးပြင်စသော အရပ်ကို လှမ်းလျက် တည်သည်ဟုမသိ၊ဤဆီကြည်နှင့် တည်ရာအရပ်ဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ ဆီကြည်မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း ။ပ။ အာပေါဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်း အပ်၏)။

တံထွေးကို ရှုပုံ

၃၃၉။ တံထွေးသည် ထိုသို့ သဘောရှိသော တံထွေးဖြစ်ခြင်း၏ အကြောင်းရှိလျှင် နှစ်ဖက်သော ပါးစောင်တို့မှ သက်ဆင်း၍ လျှာအပြင်-လျှာပေါ်၌ တည်၏။ ထိုတံထွေးနှင့် လျှာအပြင်တို့တွင် ဥပမာအားဖြင့် မြစ်ကမ်း၌ လက်ယက်တွင်းငယ်သည် မပြတ်ရေထွက်နေလျှင် လက်ယက်တွင်းငယ်အပြင်သည် [၁] ငါ၌ ရေတည်သည်ဟု မသိ၊ ရေကလည်း ငါသည် လက်ယက်တွင်းငယ်အပြင်၌ တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် လျှာအပြင်-လျှာပေါ်အရပ်သည် နှစ်ဖက်သော ပါးစောင်တို့မှ ဆင်းသက်၍ တံထွေးသည် ငါ၌ တည်သည်ဟု မသိ၊ တံထွေးကလည်း ငါသည် နှစ်ဖက်သော ပါးစောင်တို့မှ ဆင်းသက်၍ လျှာပေါ်၌ တည်သည်ဟု မသိ၊ ဤတံထွေးနှင့် လျှာဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ တံထွေးမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း ။ပ။ အာပေါဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်း အပ်၏)။

မှတ်ချက်

၁–ကူပတလံ-ပုဒ်၏ အနက်ဖြစ်သည်။ ဤ၌ အပြင်-ဟူသည်မှာ တွင်းငယ်၏ အတွင်းပတ်ဝန်းကျင်အရပ်ကို ဆိုလိုသည်။

http://www.dhammadownload.com

နှပ်ကို ရှုပုံ

[၃၅၈] ၃၄၀။ နှပ်သည် ဖြစ်ပေါ်သောအခါ၌ နှာခေါင်းဖုတို့ကို ပြည့်စေလျက်မူလည်း တည်၏ ယိုမူလည်း ယိုထွက်၏။ ထိုနှပ်နှင့် နှာခေါင်းဖုတို့တွင် ဥပမာအားဖြင့် ယောက်သွား၌ (ဝါ-ကနုကမာ၌) နို့ဓမ်းပုပ်ဖြင့် ပြည့်နေလျှင် ယောက်သွားသည် ငါ၌ နို့ဓမ်းပုပ်တည်သည်ဟု မသိ၊ နို့ဓမ်းပုပ်ကလည်း ငါသည် ယောက်သွား၌ တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် နှာခေါင်းဖုတို့သည် ငါတို့၌ နှပ်တည်သည်ဟု မသိကုန်၊ နှပ်ကလည်း ငါသည် နှာခေါင်းဖုတို့၌ တည်သည်ဟု မသိ၊ ဤနှပ်နှင့် နှာခေါင်းဖုတို့ဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ နှပ်မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း ။ပ။ အာပေါဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

အစေးကို ရှုပုံ

၃၄၁။ အစေးသည် အရိုးဆက်တို့၏ နယ်ဆီကိစ္စကို ပြီးစေလျက် တရာ့ရှစ်ဆယ်သော အရိုးဆက်တို့၌ တည်၏။ ထိုအစေးနှင့် အရိုးဆက်တို့တွင် ဥပမာအားဖြင့် ဝင်ရိုးကို ဆီဖြင့် လူးလိမ်းပေးလျှင် ဝင်ရိုးသည် ငါ့ကို ဆီက လူးလိမ်းလျက် တည်သည်ဟု မသိ၊ ဆီကလည်း ငါသည် ဝင်ရိုးကို လူးလိမ်းလျက် တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် တရာ့ရှစ်ဆယ်သော အရိုးဆက်တို့သည် ငါတို့ကို အစေးက လူးလိမ်းလျက် တည်သည်ဟု မသိကုန်၊ အစေးကလည်း ငါသည် တရာ့ရှစ်ဆယ်သော အရိုးဆက်တို့ကို လူးလိမ်းလျက် တည်သည်ဟု မသိ၊ ဤ အစေးနှင့် အရိုးဆက်တို့ဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ အစေးမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း ။ပ။ အာပေါဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

http://www.dhammadownload.com

ကျင်ငယ်ကို ရှုပုံ

၃၄၂။ ကျင်ငယ်သည် ဆီးအိမ်စည်ဖောင်း၏ အတွင်း၌ တည်၏။ ထို ကျင်ငယ်နှင့် ဆီးအိမ်တို့တွင် ဥပမာအားဖြင့် ရေဝင်ပေါက်မရှိသည့် ယဝန ဃဋ္ဌခေါ် ရေစစ်အိုးကို တံစီးအိုင်၌ ပစ်ချထားလျှင် ယဝနရေစစ်အိုးသည် ငါ၌ တံစီးရည် တည်သည်ဟု မသိ၊ တံစည်းရည်ကလည်း ငါသည် ယဝန ရေစစ်အိုး၌ တည်သည်ဟု မသိသကဲ့သို့ ဤအတူပင် ဆီးအိမ်သည် ငါ၌ ကျင်ငယ်တည်သည်ဟု မသိ၊ ကျင်ငယ်ကလည်း ငါသည် ဆီးအိမ်၌ တည်သည်ဟု မသိ၊ ဤကျင်ငယ်နှင့် ဆီးအိမ်ဟူသော ရုပ်တရားတို့သည် အချင်းချင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သို့ဖြစ်၍ ကျင်ငယ်မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခု ပေတည်း။ စိတ်စေတနာမရှိ၊ အဗျာကတတရားပေတည်း (ဝါ-အာရုံကို မသိတတ်သောတရားပေတည်း)၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်သဘောဖြစ်၍ ဖွဲ့စည်းသောအခြင်း အရာရှိသော အာပေါဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။

တေဇောဓာတ်လေးပါးကို ရှုပုံ

၃၄၃။ ဤဆိုခဲ့သည့်အတိုင်း ဆံပင်စသည်တို့၌ နှလုံးသွင်းခြင်းကို ဖြစ်စေပြီးလျှင် အကြင်(အပူဇွေ)ဖြင့် (ကိုယ်သည်) ပူလောင်၏၊ ဤအပူဇွေသည် ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတတရားပေတည်း(ဝါ-အာရုံကို မသိတတ်သော တရားပေတည်း)၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ကျက်စေသော အခြင်းအရာရှိသော တေဇောဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏)။ အကြင်(အပူဇွေ)ဖြင့် (ကိုယ်သည်) အိုမင်းရင့်ယော်၏၊ (ဤအပူဇွေသည် ဤကိုယ်ထဲ၌..... တေဇောဓာတ်ပေတည်း-ဟူ၍ နှလုံးသွင်းအပ်၏)။ [၃၅၉] အကြင်(အပူဇွေ)ဖြင့် (ကိုယ်ကို) ပြင်းစွာပူလောင်၏၊ (ဤအပူဇွေသည် ဤကိုယ်ထဲ၌

http://www.dhammadownload.com

.....တဇောဓာတ်ပေတည်း-ဟူ၍ နှလုံးသွင်းအပ်၏)။ စား-သောက်-ခဲလျက်ထားသော အစာသည်ကို အကြင်(အပူဇွေ့)ဖြင့် ကောင်းစွာ ပြောင်းလဲခြင်း-ကျေကျွက်ခြင်းသို့ ရောက်၏၊ ဤအပူဇွေ့သည် ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတတရားပေတည်း(ဝါ-အာရုံကို မသိတတ်သော တရားပေတည်း)၊ အတ္ထမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ကျက်စေသော အခြင်းအရာရှိသော တဇောဓာတ်ပေတည်း-ဟူ၍ (နှလုံးသွင်းအပ်၏) ဤသို့ တဇောဓာတ်အဖို့တို့၌ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။

ဝါယောဓာတ်ခြောက်ပါးကို ရှုပုံ

၃၄၄။ ထို့နောင် ဆန့်တက်လေတို့ကို ဆန့်တက်လေအဖြစ်ဖြင့်[1] သိမ်းဆည်းပြီးလျှင် စုန်ဆင်းလေတို့ကို ဝုန်ဆင်းလေအဖြစ်ဖြင့်၊ ဝမ်းတွင်းလေတို့ကို ဝမ်းတွင်းလေအဖြစ်ဖြင့်၊ အူတွင်းလေတို့ကို အူတွင်းလေအဖြစ်ဖြင့်၊ အင်္ဂါကြီးငယ်လျှောက် လေတို့ကို အင်္ဂါကြီးငယ်လျှောက် လေအဖြစ်ဖြင့်၊ ဝင်သက် ထွက်သက်လေတို့ကို ဝင်သက်ထွက်သက်လေအဖြစ်ဖြင့် သိမ်းဆည်းပြီးလျှင် ဆန့်တက်သော လေတို့မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတတရားပေတည်း(ဝါ-အာရုံကို မသိတတ်သော တရားပေတည်း)၊ အတ္ထမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ထောက်ကန်တောင့်တင်းသော အခြင်းအရာရှိသော ဝါယောဓာတ် ပေတည်း-ဟူ၍ဂင်း၊ စုန်ဆင်းသော လေတို့မည်သည်မှာ.....၊ ဝမ်းတွင်းလေတို့မည်သည်မှာ.....၊ အူတွင်းလေတို့မည်သည်မှာ.....၊ အင်္ဂါကြီးငယ်

မှတ်ချက်

၁–ဥဒ္ဓဂ်မဝသေန- ပုဒ်ကို ဆန့်တက်လေ၏ အစွမ်းအားဖြင့်-ဟု ပြန်သင့်သော်လည်း သာ၍ပေါ်လွင်စေရန် အထက်ပါအတိုင်း ပြန်ထားသည်။

http://www.dhammadownload.com

လျှောက်လေတို့မည်သည်မှာ.....၊ ဝင်သက် ထွက်သက်လေတို့ မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားအဖို့တခုပေတည်း၊ စိတ်စေတနာမရှိ၊ အဗျာကတတရားပေတည်း(၀ါ-အာရုံကို မသိတတ်သော တရားပေတည်း)၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ထောက်ကန်တောင့်တင်းသော အခြင်းအရာရှိသော ဝါယောဓာတ်ပေတည်း-ဟူ၍ဝင်း ဤသို့ ဝါယောဓာတ်အဖို့တို့၌ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ ဤဆိုခဲ့သည့်အတိုင်း နှလုံးသွင်းခြင်းကို ဖြစ်စေသော ထိုယောဂီရဟန်းအား ဓာတ်တို့သည် ထင်ရှားပေါ်ကုန်၏။ ထိုဓာတ်တို့ကို အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်းနေသော ထိုယောဂီရဟန်းအား ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် ဥပစာရသမာဓိသည် ဖြစ်ပေါ်၏။ (၂)

(၃) သလက္ခဏသဒ္ဓေါပဖြင့် ရှုပုံ

၃၄၅။ ဤဆိုခဲ့သည့်အတိုင်း(သဿမ္ဘာရဝိဘတ္တိဖြင့်)ပွါးစေသော်လည်း ကမ္မဋ္ဌာန်းသည် မပြီးစီးမပြည့်စုံသေးပဲ ရှိနေလျှင် ထိုယောဂီရဟန်းသည် သလက္ခဏသဒ္ဓေါပအားဖြင့် ပွါးစေအပ်၏။ အဘယ်သို့နည်း? ဟူမူ—(ဆံပင် အစရှိသော) နှစ်ဆယ်သောအဖို့တို့၌ ခက်မာခြင်း သဘောလက္ခဏာကို ပထဝီဓာတ်ဟု ပိုင်းခြားဆုံးဖြတ် (ရှုဆင်ခြင်) အပ်၏၊ ထိုနှစ်ဆယ်သော အဖို့တို့၌ပင်လျှင် ဖွဲ့စည်းခြင်း သဘောလက္ခဏာကို အာပေါဓာတ်ဟု၊ ကျက်စေခြင်း သဘောလက္ခဏာကို တေဇောဓာတ်ဟု၊ ထောက်ကန်တောင့်တင်းခြင်း သဘောလက္ခဏာကို ဝါယောဓာတ်ဟု(ပိုင်းခြားဆုံးဖြတ်ရှုဆင်ခြင်အပ်၏)။

မှတ်ချက်

၁–အာဝဇ္ဇတော မနသိကရောတော-ဟူသော ၂-ပုဒ်၏အနက် ဖြစ်သည်။ ပါဠိအစဉ်သို့မလိုက်ပဲ "နှလုံးသွင်းဆင်နေခြင်သော"ဟု ဆိုလျှင် မြန်မာစကားသာ၍ ချောမွေ့၏။

http://www.dhammadownload.com

(သည်းခြေစသော)တဆဲ့နှစ်ပါးသော အဖို့တို့၌ ဖွဲ့စည်းခြင်း သဘော လက္ခဏာကို အာပေါဓာတ်ဟု ပိုင်းခြားဆုံးဖြတ် (ရှုဆင်ခြင်)အပ်၏၊ ထို တဆဲ့နှစ်ပါးသော အဖို့တို့၌ပင်လျှင် ကျက်စေခြင်း သဘောလက္ခဏာကို တေဇောဓာတ်ဟု၊ ထောက်ကန်တောင့်တင်းခြင်း သဘောလက္ခဏာကို ဝါယောဓာတ်ဟု၊ခက်မာခြင်း သဘောလက္ခဏာကို ပထဝီဓာတ်ဟု(ပိုင်းခြား ဆုံးဖြတ်ရှုဆင်ခြင်အပ်၏)။

(အဖျားရှိန် အပူငွေ့စသော) လေးပါးသောအဖို့တို့၌ ကျက်စေခြင်း သဘောလက္ခဏာကို တေဇောဓာတ်ဟု ပိုင်းခြားဆုံးဖြတ် (ရှုဆင်ခြင်) အပ်၏၊ ထိုလေးပါးသော အပူငွေ့နှင့် အသီးအခြား မခွဲနိုင်ကောင်းသော ထောက်ကန်တောင့်တင်းခြင်း သဘောလက္ခဏာကို ဝါယောဓာတ်ဟု၊ ခက်မာခြင်းသဘောလက္ခဏာကို ပထဝီဓာတ်ဟု၊ ဖွဲ့စည်းခြင်း သဘော လက္ခဏာကို အာပေါဓာတ်ဟု (ပိုင်းခြားဆုံးဖြတ် ရှုဆင်ခြင်အပ်၏)။

[၃၆၀] (ဆန့်တက်လေစသော)ခြောက်ပါးသောအဖို့တို့၌ ထောက်ကန် တောင့်တင်းခြင်း သဘောလက္ခဏာကို ဝါယောဓာတ်ဟု ပိုင်းခြားဆုံးဖြတ် (ရှုဆင်ခြင်)အပ်၏၊ ထိုခြောက်ပါးသော အဖို့တို့၌ပင်လျှင် ခက်မာခြင်း သဘောလက္ခဏာကို ပထဝီဓာတ်ဟု၊ ဖွဲ့စည်းခြင်း သဘောလက္ခဏာကို အာပေါဓာတ်ဟု၊ ကျက်စေခြင်း သဘောလက္ခဏာကို တေဇောဓာတ်ဟု (ပိုင်းခြားဆုံးဖြတ် ရှုဆင်ခြင်အပ်၏)။ ဤသို့ ပိုင်းခြားဆုံးဖြတ်လျက် ရှုဆင်ခြင်နေသော ထိုယောဂီရဟန်းအား ဓာတ်တို့သည် ထင်ရှားပေါ် ကုန်၏၊ ထိုဓာတ်တို့ကို အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်းနေသော ထို ယောဂီရဟန်းအား ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် ဥပစာရသမာဓိသည် ဖြစ်ပေါ်၏။ (၃)

http://www.dhammadownload.com

(၄) သလက္ခဏဝိဘတ္တိဖြင့်ရှုပုံ

၃၄၆။ ဤဆိုခဲ့သည့်အတိုင်း(သလက္ခဏသခ်ေပဖြင့်)ပွါးစေသော်လည်း ကမ္မဋ္ဌာန်းသည် မပြီးစီး မပြည့်စုံသေးပဲရှိနေလျှင် ထိုယောဂီရဟန်းသည် သလက္ခဏဝိဘတ္တိအားဖြင့် ပွါးစေအပ်၏။ အဘယ်သို့နည်း?ဟူမူ—ရှေးဦး ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် ဆံပင်စသည်တို့ကို သိမ်းဆည်းပြီးလျှင် ဆံပင်၌ ခက်မာခြင်း သဘောလက္ခဏာကို ပထဝီဓာတ်ဟု ပိုင်းခြားဆုံးဖြတ် (ရှုဆင်ခြင်) အပ်၏၊ ထိုဆံပင်၌ပင်လျှင် ဖွဲ့စည်းခြင်း သဘောလက္ခဏာကို အာပေါဓာတ်ဟု၊ ကျက်စေခြင်း သဘောလက္ခဏာကို တေဇောဓာတ်ဟု၊ ထောက်ကန် တောင့်တင်းခြင်း သဘောလက္ခဏာကို ဝါယောဓာတ်ဟု (ပိုင်းခြားဆုံးဖြတ် ရှုဆင်ခြင်အပ်၏)၊ ဤအတူပင် အမွေးအစရှိသော ကောဋ္ဌာသ(အဖို့)အားလုံးတို့တွင်လည်း တပါး တပါးသော ကောဋ္ဌာသ (အဖို့)၌ လေးပါး လေးပါးကုန်သော ဓာတ်တို့ကို ပိုင်းခြားဆုံးဖြတ်(ရှုဆင် ခြင်)အပ်ကုန်၏။ ဤဆိုခဲ့သည့်အတိုင်း ပိုင်းခြားဆုံးဖြတ်လျက် ရှုဆင်ခြင် နေသော ထိုယောဂီ ရဟန်းအား ဓာတ်တို့သည် ထင်ရှားပေါ်ကုန်၏၊ ထို ဓာတ်တို့ကို အဖန်တလဲလဲဆင်ခြင်နှလုံးသွင်းနေသော ထိုယောဂီရဟန်းအား ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် ဥပစာရသမာဓိသည် ဖြစ်ပေါ်၏။ (၄)

တနည်းရှုပုံကား—(၁) ဝစနတ္ထ(သဒ္ဒါနက်)အားဖြင့်၊ (၂) ကလာပ (အပေါင်းအစုကလာပ်)အားဖြင့်၊ (၃) စုဏ္ဏ(အမှုန့်)အားဖြင့်၊ (၄) လက္ခ ဏာဒိ(လက္ခဏာ စသည်)အားဖြင့်၊ (၅) သမုဋ္ဌာန(ဖြစ်ကြောင်းသမုဋ္ဌာန်) အားဖြင့်၊ (၆) နာနတ္တကတ္တ(ကဲပြားခြင်း-တူခြင်း)အားဖြင့်၊ (၇) ဝိနိ-ဗ္ဘောဂါဝိနိဗ္ဘောဂ (အသီး အသီး ခွဲခြားအပ်ခြင်း - မခွဲခြားအပ်ခြင်း) အားဖြင့်၊ (၈) သဘာဂဝိသဘာဂ (သဘောတူခြင်း-မတူခြင်း)အားဖြင့်၊ (၉) အဇ္ဈတ္တိကဗာဟိရဝိသေသ(အတွင်းအပြင် ဓာတ်တို့၏အထူး)အားဖြင့်၊ (၁၀) သင်္ဟ(သိမ်းယူခြင်း)အားဖြင့်၊ (၁၁) ပစ္စယ(ကျေးဇူးပြုခြင်း-

http://www.dhammadownload.com

ထောက်ပံ့ခြင်း)အားဖြင့်၊ (၁၂) အသမန္နာဟာရ(ဆင်ခြင်မှု-သိမှု ကင်းခြင်း)အားဖြင့်၊ (၁၃) ပစ္စယဝိဘာဂ(ကျေးဇူးပြုသော တရားအထူး, သတ္တိအထူးကို ဝေဘန်ခြင်း)အားဖြင့်-ဟူသော ဤ(၁၃-ပါးသော)အခြင်းအရာတို့ဖြင့်လည်း ဓာတ်တို့ကို နှလုံးသွင်းအပ်ကုန်၏။

(၁) ဝစနတ္ထအားဖြင့် နှလုံးသွင်းပုံ

၃၄၇။ ထို ၁၃-ပါးသော အခြင်းအရာတို့တွင် ဝစနတ္ထအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်သည် ကျယ်ပြန့် ကြီးမားခြင်းကြောင့် ပထဝီမည်၏။ ထိုထိုအရပ်သို့ ယိုစီးလျက် ရောက်တတ်ခြင်းကြောင့်၎င်း၊ ခြောက်စေအပ်ခြင်းကြောင့်၎င်း၊ စိုပူလျက် ပူါးစေတတ်ခြင်းကြောင့်၎င်း အာပေါမည်၏။ ထက်မြက်လျက် ပူစေတတ်ခြင်းကြောင့် တေဇောမည်၏။ လှုပ်စေတတ်ခြင်း-ရွေ့စေတတ်ခြင်းကြောင့် ဝါယောမည်၏။ သာမညအားဖြင့်မူကား မိမိမိမိ၏ သဘောလက္ခဏာကို ဆောင်တတ်ခြင်းကြောင့်၎င်း၊ သံသရာဆင်းရဲကို စီရင်တတ်ခြင်းကြောင့်၎င်း [၁]၊ ဆင်းရဲကို စီရင်ခြင်းမျှ (ဝါ) စီရင်ကြောင်း ဖြစ်သောကြောင့်၎င်း (ဝါ) ဆင်းရဲကိုသိမှီးထားရာ ဖြစ်သောကြောင့်၎င်း [၂] ဓာတု-ဓာတ်မည်ကုန်၏-ဟူ၍ ဤသို့ အသီး အသီး ထူးသော အနက်, မထူးသော ဓာတုအနက်တို့အလို သဒ္ဒါနက်အားဖြင့် (ဓာတ်တို့ကို) နှလုံးသွင်းအပ်ကုန်၏။ (၁)

မှတ်ချက်

၁–ဒုက္ခာဓာနတော-ပုဒ်ကို ဋီကာနှင့်အညီ ကတ္တားအနက်ပြန်သည်။ ဒုက္ခဇဟန-တော-မှ ရွှေလာသည်မူလည်း ဖြစ်ရာ၏။

၂–ဒုက္ခာဓာနတော-ပုဒ်၏ဋီကာအဖွင့်နှင့်အညီ ပြန်ချက်ဖြစ်သည်။ ယင်းအနက်တို့ကို ဝိသုဒ္ဓိမဂ် ဒု-နှာ ၁၁၅-၆ တို့၌အပြည့်အစုံပင် တွေ့ရလတံ့။

http://www.dhammadownload.com

(၂) ကလာပအားဖြင့် နှလုံးသွင်းပုံ

၃၄၈။ ကလာပအားဖြင့် နှလုံးသွင်းပုံကား—ဆံပင် အမွေး အစရှိသော နှစ်ဆယ်သော အဖို့အခြင်းအရာတို့ဖြင့် ပထဝီဓာတ်ကို အကျယ်ပြခဲ့ပြီ၊ သည်းခြေ သလိပ် အစရှိသော တဆဲ့နှစ်ပါးသော အဖို့အခြင်းအရာတို့ဖြင့် အာပေါဓာတ်ကို အကျယ်ပြခဲ့ပြီ၊ ထိုအကျယ်ပြခဲ့သော ၃၂-ပါးသော ပထဝီဓာတ် အာပေါဓာတ်အဖို့တို့တွင်[၁]—

[၃၆၁] အဆင်း အနံ့ အရသာ သြဇာ ဓာတ်လေးပါးဟူသော ရှစ်ပါးသော တရားတို့၏ အညီအညွတ် တပေါင်းတည်း တည်ခြင်းကြောင့် ဆံပင်ဟူသော ပညတ် ဖြစ်ပေါ်သည်။ ထိုတရား ရှစ်ပါးတို့ကိုပင်လျှင် (ဉာဏ်ဖြင့်) အသီး အသီး ခွဲခြမ်းခြင်းကြောင့် ဆံပင်ဟူသော ပညတ် မရှိတော့ပေ[၂]။

မှတ်ချက်

၁–ပထဝီဓာတ် အာပေါဓာတ် အဖို့တို့တွင်.... ဆံပင်တို့ သည်လည်း.... အမွေး စသည်တို့သည်လည်း-ဟု စပ်ပါ။

၂–မူရင်းဂါထာကို ထုတ်ပြဦးအံ့။ (အလိုရှိက ကျက်မှတ်ရန် ဖြစ်သည်)

ဝဏ္ဏော ဂန္ဓော ရသော သြဇာ၊ စတသော စာပိ ဓာတုယော။
အဋ္ဌဓမ္မသမောဓာနာ၊ ဟောတိ ကေသာတိ သမ္မုတိ။
တေသံယေဝ ဝိနိဗ္ဘောဂါ၊ နတ္ထိ ကေသာတိ သမ္မုတိ။

ဝဏ္ဏော- အဆင်းငင်း၊ ဂန္ဓော- အနံ့ငင်း၊ ရသော- အရသာငင်း၊ သြဇာ- အဆီအစေးသြဇာရုပ်ငင်း၊ စတသော စာပိ ဓာတုယော - လေးပါးကုန်သော မဟာဘုတ်ဓာတ်တို့ငင်း၊ (ဤတိ - ဤသို့၊) အဋ္ဌဓမ္မသမောဓာနာ-ရှစ်ပါးသော တရားတို့၏ အညီအညွတ်တပေါင်းတည်း တည်ခြင်းကြောင့်၊ကေသာတိ သမ္မုတိ-ဆံပင်တို့ ဟူသော ပညတ်သည်၊ ဟောတိ-ဖြစ်၏။ တေသံယေဝ၊ ထို တရား ရှစ်ပါးတို့ကိုပင်လျှင်၊ ဝိနိဗ္ဘောဂါ- ဉာဏ်ဖြင့် အသီးအသီး ခွဲခြမ်းခြင်းကြောင့်၊ ကေသာတိ သမ္မုတိ-ဆံပင်တို့ ဟူသော ပညတ်သည်၊ နတ္ထိ-မရှိတော့ပေ။

http://www.dhammadownload.com

ထို့ကြောင့် ဆံပင်တို့သည်လည်း ရှစ်ပါးသောတရားတို့၏ အပေါင်းအစု မျှသာတည်း၊ အမွေးစသည်တို့သည်လည်း ထို့အတူ ရှစ်ပါးသောတရားတို့၏ အပေါင်းအစုမျှသာတည်းဟု (နှလုံးသွင်းအပ်၏)။ ဆက်၍ရှင်းပြဦးအံ့- ဤဆံပင်အစရှိသော ကောဋ္ဌာသတို့တွင် ကံကြောင့်ဖြစ်သည့် (ကမ္မသမုဋ္ဌာန်)ကောဋ္ဌာသသည် ဇီဝိတိန္ဒြေ ဘာဝရုပ်တို့နှင့်တကွ ရုပ်ဆယ်ခု အပေါင်းကလာပ်သည်လည်း ဖြစ်သေး၏။ သို့သော်လည်း (ပထဝီသတ္တိ အာပေါသတ္တိတို့၏) မျှားပြားလွန်ကဲသည်၏ အစွမ်းအားဖြင့် ပထဝီဓာတ် အာပေါဓာတ်ဟူ၍ ရေတွက်အပ်-ခေါ်အပ်ခြင်းသို့ ရောက်၏၂။ ဤဆိုခဲ့သည့် အတိုင်း အပေါင်းအစု ကလာပ်အားဖြင့် နှလုံးသွင်းအပ်(ကုန်)၏။ (၂)

မှတ်ချက်

၁- ကံကြောင့်ဖြစ်သည့် (ကမ္မသမုဋ္ဌာန်) ကောဋ္ဌာသဟူသည်မှာ ဆံပင်တို့တွင် အရေထဲ၌ ဝင်နေသော ဆံပင်၏ အမြစ်အရင်း ပိုင်းပေတည်း၊ ဤအတူပင် အမွေးစသည်တို့၌လည်း ထိုက်သည်အားလျော်စွာ သိအပ်၏။ဤကောဋ္ဌာသ တို့၌ ပါစကတေဇော ကောဋ္ဌာသ ဟူသော ကိုးခုသော တရားအပေါင်း (ဇီဝိတနဝက) ကလာပ်လည်း ဖြစ်သေး၏။ (ဋီကာ)

၂- ဤစကားဖြင့် ရုပ်ရှစ်ခုအပေါင်း ကိုးခုအပေါင်း ဆယ်ခုအပေါင်း ဖြစ်ပါ လျက် ပထဝီဓာတ် အာပေါဓာတ် ဟု အဘယ့်ကြောင့် ခေါ်ပါသနည်း ဟူသော အမေးကို ဖြေ၏။

ဤအရာတွင် ဋီကာ၌ ပြထားသော ကလာပ်အပေါင်း ရုပ်အပေါင်း ရေတွက် ပုံကို ထုတ်ပြဦးအံ့။

ဤ ၄၂-ပါးသော ကောဋ္ဌာသတို့တွင် အစာသစ် အစာဟောင်း ပြည် ကျင် ငယ် ဤ လေးပါးသည် ဥတုကြောင့်သာ ဖြစ်သော ဥတုသမုဋ္ဌာန်ပေတည်း၊ ပါစကတေဇောသည် ကံကြောင့်သာ ဖြစ်သော ကမ္မသမုဋ္ဌာန် ပေတည်း၊ ဝင် သက် ထွက်သက်လေသည် စိတ်ကြောင့်သာ ဖြစ်သော စိတ္တသမုဋ္ဌာန်ပေတည်း၊ ဤသို့အားဖြင့်အကြောင်းတခုတည်းကြောင့်ဖြစ်သည့် ကေသမုဋ္ဌာန်ကောဋ္ဌာသ

http://www.dhammadownload.com

(၃) စုဏ္ဏ-အမှုန့်အားဖြင့် နှလုံးသွင်းပုံ

၃၄၉။ အမှုန့်အားဖြင့်နှလုံးသွင်းပုံကား—ဤကိုယ်ထဲ၌ အလယ်အလတ် ပမာဏအားဖြင့် ကြံဆ၍ယူလျှင် ပရမာအဏုမြူအပြားအားဖြင့် အမှုန့်အမှုန့်ဖြစ်သော သိမ်မွေ့သည့် မြူအဖြစ်သို့ရောက်သော ပထဝီဓာတ်သည် တစိတ်ပမာဏရှိသည် ဖြစ်ရာ၏။ ဤပထဝီဓာတ်သည် ၎င်း၏ ထက်ဝက် ပမာဏရှိသော အာပေါဓာတ်က ဖွဲ့စည်းပေါင်းစုအပ်သည် ဖြစ်၍ တေဇော ဓာတ်က လျော်စွာစောင့်ရှောက်အပ်သည်ဖြစ်၍ ဝါယောဓာတ်က ထောက် ကန်လျက် တောင့်စေအပ်သည်ဖြစ်၍ ဖရိုဖရဲမကြဲပဲ မပျက်စီးပဲ ရှိပေသည်၊ ဖရိုဖရဲမကြဲသည် မပျက်စီးသည်ဖြစ်၍ မိန်းမသဏ္ဌာန် ယောကျ်ားသဏ္ဌာန် စသည်၏အဖြစ်ဖြင့် အမျိုးမျိုးအထွေထွေသော ကြံဆခြင်းသို့ ရောက်၏။ အငယ် အကြီး အရှည် အတို ခိုင်ခဲ့သည် ခက်မာသည်-စသည်၏ အဖြစ် ကိုလည်း (သရုပ်ဆောင်လျက်) ပြ၏။

မှတ်ချက်

တို့သည် ဖ-ခုတို့ပေတည်း။ချွေး မျက်ရည် တံထွေး နှပ်ဟူသော ကောဋ္ဌာသလေးခု တို့သည် ဥတုကြောင့်လည်းဖြစ် စိတ်ကြောင့်လည်း ဖြစ်သော ဒို့သမုဋ္ဌာန်တို့ ပေတည်း၊ ကြွင်းသော ကောဋ္ဌာသ ၃၂-ခုတို့သည် ကံ့စိတ်ဥတုဟာ လေးဖြာ သောအကြောင်းကြောင့် ဖြစ်ကြသည့် စတုသမုဋ္ဌာန်တို့ ပေတည်း။

ထို ၄၂-ကောဋ္ဌာသတို့တွင် ပါစကတေဇောကောဋ္ဌာသ၌ ဇီဝိတနဝက-ကလာပ် တခုသာ ရသည်၊ ကြွင်းသော ကေသမုဋ္ဌာန် ကောဋ္ဌာသ ငါးခုတို့တွင် ဥတုသမုဋ္ဌာန် ကောဋ္ဌာသ ၄-ခု၌ ဥတုဇ အဋ္ဌကကလာပ် တခုစီရသည်၊ ဝင်လေ ထုတ်လေကောဋ္ဌာသ၌ စိတ္တဇ အဋ္ဌကကလာပ် တခုသာရသည်။(ပေါင်းကလာပ် ၆-ပါး ရုပ်ပေါင်း ၄၉-ပါး ရသည်)။

ဒို့သမုဋ္ဌာန်ကောဋ္ဌာသ ၄-ခုတို့၌ ဥတုဇအဋ္ဌကကလာပ် ၄-ခုစီနှင့် စိတ္တဇ အဋ္ဌကကလာပ် ၄-ခုစီ ရသည်၊ (ပေါင်း ကလာပ် ဂ-ပါး၊ ရုပ်ပေါင်း ၆၄-ပါး ရသည်)။

http://www.dhammadownload.com

ထိုမှတပါး ဤကိုယ်ထဲ၌ အရည်အဖြစ်သို့ရောက်လျက် ဖွဲ့စည်းသော အခြင်းအရာဖြစ်သော အာပေါဓာတ်သည် ပထဝီ၌ တည်သည် တေဇောက စောင့်ရှောက်အပ်သည် ဝါယောက ထောက်ကန်လျက် တောင့်စေအပ်သည် ဖြစ်၍ မယိုကျပဲ မစီးသွားပဲ ရှိပေသည်၊ မယိုကျ မစီးသွားသည်ဖြစ်၍ စိုပြည်ပြည့်ဖြိုးသည်၏အဖြစ်ကို ပြ၏။

မှတ်ချက်

စတုသမုဋ္ဌာန် ကောဋ္ဌာသတို့တွင် ဥတုဇ စိတ္တဇ အာဟာရဇ ကောဋ္ဌာသတို့၌ အဋ္ဌကကလာပ် ၃-ခုစီ ရသည်၊ (ပေါင်း ကလာပ် ၉၆၊ ရူပ် ၇၆၈-ရသည်)။ ဥတုဇ စိတ္တဇ ကောဋ္ဌာသတို့၌ သဒ္ဒနဝကကလာပ် ၂-ခုတို့ကို ရသည်၊ (ဥတုဇ-သဒ္ဒနဝကကလာပ် ၁-ခု စိတ္တဇသဒ္ဒနဝကကလာပ် ၁-ခု ပေါင်း ကလာပ် ၂-ခု၊ ရူပ် ၁၈-ခု ရသည်။) ကမ္မဇတေဇော ဝါယော ကောဋ္ဌာသ ရှစ်ခုတို့၌ ဇီဝိတ-နဝကကလာပ် ၈-ခု ရသည်၊ (ရူပ်ပေါင်း ၇၂-ရသည်)။ ၎င်းတို့မှ ကြွင်းသော ကမ္မဇကောဋ္ဌာသ ၂၄-ခုတို့၌ ကာယဒသက, ဘာဝဒသကကလာပ် ၂-ခုစီ ရသည်၊(ကလာပ် ၄၈-ခု၊ ရူပ်ပေါင်း(၄၈၀-ရသည်)။ မျက်စိအစရှိသော အသား ကောဋ္ဌာသ ၅-ခုတို့၌ စက္ခုဒသက သောတဒသက ဃာနဒသက ဇိဝှါဒသက ဝတ္ထုဒသက ဟူသော ကလာပ် ၅-ခု ရသည်၊ (ရူပ်ပေါင်း ၅၀-ရသည်)။ ဤသို့အားဖြင့် အာယတနပြည့်စုံသော ရူပ်ကိုယ်၌ အမျိုးတူ ရူပ်ကလာပ် အကဲ့အပြားကို မသုံးသပ်-မရေတွက်ပဲ ကလာပ်တူကို ပေါင်းချယူလျှင် ရူပ်ကလာပ် ပေါင်း ၁၇၃-ခု, ရူပ်ပေါင်း ၁၅၀၁-ခု ဖြစ်သည်။ (ဋီကာ)

ပေါင်းပုံကား ကေသမုဋ္ဌာန်၌ ကလာပ် ၆-၊ ရူပ် ၄၉၊ ဒွိသမုဋ္ဌာန်၌ ကလာပ် ၈၊ ရူပ် ၆၄၊ စတုသမုဋ္ဌာန်မှ တိဇကောဋ္ဌာသတို့၌ ကလာပ် ၉၆၊ ရူပ် ၇၆၈၊ သဒ္ဒနဝကကလာပ် ၂၊ ရူပ် ၁၈၊ ကမ္မဇ တေဇော- ဝါယောကောဋ္ဌာသ ၈-ခုတို့၌ ကလာပ် ၈၊ ရူပ် ၇၂၊ ကမ္မဇ ၂၄-ကောဋ္ဌာသတို့၌ ကလာပ် ၄၈၊ ရူပ် ၄၈၀၊ မျက်စိ စသည်တို့၌ ကလာပ် ၅၊ ရူပ် ၅၀- ဤဂဏန်းတို့ကို ပေါင်းလျှင် ကလာပ် ၁၇၃၊ ရူပ် ၁၅၀၁-ဖြစ်သည်။

http://www.dhammadownload.com

ထိုမှတပါး ဤကိုယ်ထဲ၌ စား-သောက်-ခဲ လျက်ထားသည့် အစာကို ကျက်စေတတ်သော အပူဇွေ့အခြင်းအရာဖြစ်သော ပူခြင်းသဘောလက္ခဏာ ရှိသော တေဇောဓာတ်သည် ပထဝီ၌တည်သည် အာပေါက ဖွဲ့စည်းပေါင်းစုအပ်သည် ဝါယောက ထောက်ကန်လျက် တောင့်စေအပ်သည်ဖြစ်၍ ဤကိုယ်ကို ရင့်ကျက်စေ၏၊ ထိုကိုယ်၏ အဆင်းပြည့်စုံခြင်း အဆင်းအရောင် ကောင်းခြင်းကိုလည်း ဖြစ်စေ၏၊ ထိုတေဇောဓာတ်က ရင့်ကျက်စေသော ကြောင့် ဤကိုယ်သည် မပုပ်သည်၏ အဖြစ်ကို ပြနိုင်ပေသည်(၀၊-မပုပ်ပဲ တည်နိုင်ပေသည်)။

ထိုမှတပါး ဤကိုယ်ထဲ၌ အင်္ဂါကြီးငယ်သို့ လျှောက်သော ရွေ့ခြင်း-ရွေ့စေခြင်း-ထောက်ကန်တောင့်တင်းခြင်း သဘောလက္ခဏာရှိသော ဝါယောဓာတ်သည် ပထဝီ၌ တည်သည် အာပေါက ဖွဲ့စည်းလျက် ပေါင်းစုအပ်သည် တေဇောက စောင့်ရှောက်အပ်သည်ဖြစ်၍ ဤကိုယ်ကို ထောက်ကန်လျက် တောင့်စေလျက် ကြုံခိုင်စေ၏၊ ထိုဝါယောက ကြုံခိုင်စေသော ကြောင့် ဤကိုယ်သည် မလည်းကျပဲ ဖြောင့်စွာ တည်တံ့နိုင်ပေသည်။ အခြားတပါးသော တွန်းကန်ဝါယောက တိုက်ခတ်ပေးသောကြောင့် သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်းဟူသော ကိုယ်အမူအရာ ဣရိယာပုထ်တို့၌ အလိုကို သိစေတတ်သည့် ဝိညတ်ရုပ်ကို ဖော်ပြနိုင်ပေသည်၊ လက်ခြေတို့ကို ကွေးတတ်ပေသည်၊ ဆန့်တတ်ပေသည်၊ ထိုမှဤမှ သွားစေတတ်ပေသည်။ ဤဆိုခဲ့သည့်အတိုင်း ဓာတ်လေးပါးအပေါင်းဟူသော ဤယန္တရားစက်ရုပ်သည် မိန်းမယောကျ်ား စသည်၏ အဖြစ်ဖြင့် မသိမလိမ္မာသော လူအပေါင်းကို လှည့်စားလျက် မျက်လှည့်ရုပ်နှင့်တူစွာ (သွားခြင်း ရပ်ခြင်း စသည်ဖြင့်) မပြတ်ဖြစ်လျက်ရှိသည်-ဟု ဤသို့ အမှုန့်အားဖြင့် နှလုံးသွင်းအပ်၏။ (၃)

http://www.dhammadownload.com

(၄) လက္ခဏာစသည်အားဖြင့် နှလုံးသွင်းပုံ

[၃၆၂] ၃၅၀။ လက္ခဏာ စသည်အားဖြင့် နှလုံးသွင်းပုံကား—ပထဝီဓာတ်သည် အဘယ်လက္ခဏာ ရှိသနည်း၊ အဘယ်ရသရှိသနည်း၊ အဘယ်ပစ္စုပဋ္ဌာန် ရှိသနည်း-ဟု ဤသို့သောနည်းဖြင့် ၄-ပါးသောဓာတ်တို့ကို ဆင်ခြင်ပြီးလျှင် **ပထဝီဓာတ်** သည် (ကက္ခဋတ္တလက္ခဏာ) ခက်မာခြင်း သဘောလက္ခဏာရှိ၏[၁]၊ (ပတိဋ္ဌာနရသာ) အတူဖြစ်ဖက်တရားတို့၏ တည်ရာ (ဖြစ်ခြင်း)ကိစ္စ-ရသရှိ၏[၂]၊ (သမ္ပဋိစ္ဆနပစ္စုပဋ္ဌာနာ) အတူဖြစ်ဖက်တရားတို့ကို ခံလင့်ခြင်းဟူသော (ဉာဏ်အား) ထင်သော အခြင်းအရာရှိ၏[၃]။ **အာပေါဓာတ်** သည် (ပဋ္ဌရဏလက္ခဏာ) ယိုစီးခြင်း (အရည်ဖြစ်ခြင်း) လက္ခဏာရှိ၏၊ (ပြူဟနရသာ) စိုပွစေလျက် ပွါးစေခြင်းကိစ္စရသ ရှိ၏၊ (သင်္ဟပစ္စုပဋ္ဌာနာ) အတူဖြစ်ဖက်တရားတို့ကို ဖွဲ့စည်းခြင်း-ပေါင်းစုခြင်း ဟူသော ထင်သောအခြင်းအရာ ရှိ၏[၄]။ **တေဇောဓာတ်** သည် (ဥဏှတ္တလက္ခဏာ)

မှတ်ချက်

၁–ဤ၌ ခက်မာခြင်း သဘောလက္ခဏာရှိ၏-ဟု ဆိုသော်လည်း ခက်မာခြင်း သဘောသည်ပင်လျှင် ပထဝီဓာတ် ဖြစ်သည်၊ ထို့ကြောင့် ပထဝီဓာတ်ကို ခက်မာခြင်းသဘောဟု မှတ်အပ်၏-ဟူ၍လည်း ပြန်သင့် ဆိုသင့်၏။ နောက် လက္ခဏာတို့၌လည်း နည်းတူပင် မှတ်။

၂–ရသသည် ကိစ္စနှင့် သမ္ပတ္တိ-ဟု ၂-မျိုးရှိရာတွင် ဤ၌ ကိစ္စရသ ဟု ထင်ရှားစေရန် ဤသို့ ဖော်၍ပြန်သည်၊ နောက်၌မူ ကိစ္စရှိ၏ဟု ဤသို့လည်း ပြန်အံ့။

၃–ရှုဆင်ခြင်သောဉာဏ်အား ထင်ပေါ်လာသော အခြင်းအရာကို ပစ္စုပဋ္ဌာန် ခေါ်သည်။

၄–ဤ ပစ္စုပဋ္ဌာန်ကိုပင် ရှေး၌ အာဗန္ဓနလက္ခဏာ-ဖွဲ့စည်းခြင်း လက္ခဏာ-ဟု ပြခဲ့သည်။

http://www.dhammadownload.com

ပူခြင်းလက္ခဏာ ရှိ၏၊ (ပရိပါစနရသာ) ကျက်စေခြင်းကိစ္စ ရှိ၏၃၊ (မဒ္ဒဝါနုပ္ပဒါနပစ္စုပဋ္ဌာနာ) အတူဖြစ်ဖက် တရားတို့အား နူးညံ့ခြင်းကို ပေးခြင်း (ပူလောင်လျက် နူးညံ့စေခြင်း) ဟူသော ထင်သော အခြင်းအရာ ရှိ၏။ **ဝါယောဓာတ်** သည် (ဝိတ္ထမ္ဘနလက္ခဏာ) ထောက်ကန်ခြင်း တွန်းကန်ခြင်း-တောင့်တင်းခြင်းလက္ခဏာရှိ၏၂၊ (သမုဒီရဏရသာ) လှုပ်ခြင်း-လှုပ်စေခြင်း ကိစ္စရှိ၏၃၊ (အဘိနီဟာရပစ္စုပဋ္ဌာနာ) ရှေးရှုဆောင်ခြင်း-ရှေ့ဆောင်ခြင်း ဟူသော ထင်သောအခြင်းအရာ ရှိ၏-ဟု ဤသို့ လက္ခဏာ စသည်အားဖြင့် နှလုံးသွင်းအပ်၏။ (၄)

(၅) ဖြစ်ကြောင်းသမုဋ္ဌာန်အားဖြင့် နှလုံးသွင်းပုံ

၃၅၁။ ဖြစ်ကြောင်းသမုဋ္ဌာန်အားဖြင့် နှလုံးသွင်းပုံကား—ပထဝီဓာတ် စသည်တို့ကို အကျယ်ပြသည်၏ အစွမ်းအားဖြင့် ၄၂-ပါးသော ကောဋ္ဌာသ

မှတ်ချက်

၁–ဤရသကိုပင် ရှေး၌ ပရိပါစနလက္ခဏာ-ကျက်စေခြင်း လက္ခဏာ-ဟု ပြခဲ့ပေသည်။

၂–တွန်းကန်ခြင်းသည် လှုပ်စေသောကာလ၌ အထူးထင်ရှား၏၊ တည်ငြိမ်နေသော ကာလ၌မူ ထောက်ကန်ခြင်း-တောင့်တင်းခြင်းများ ထင်ရှားတတ်၏။

၃–နာမရူပ ပရိစ္ဆေဒကျမ်း၌ သမီရဏရသာ-ဟု ဆို၏၊ ထို၏ အဖွင့်၌ကား၌ သမုဒီရဏ (သမီရဏ) ရသာတိ ကမ္မနရသာ-ဟု ဖွင့်၏။ ထို့ကြောင့် သမုဒီရဏ, သမီရဏ, ကမ္မန-ဟူသောပုဒ်တို့၌ သဒ္ဒါနက်အားပြင့် လှုပ်ခြင်း လှုပ်စေခြင်းဟူသော အနက်တို့ကို ရ၏။ ထိုတွင် လှုပ်စေခြင်းအနက်ကိုယူ၍ မဟာဋီကာ နှာ ၄၄၀-၌ အဓိပ္ပါယတ္ထအားဖြင့် ပေလွန့်တွန်းခြင်းဟု ဖွင့်ပြထားလေသည်။ တွန်းတတ်-လှုပ်စေတတ်သော သဘောသည် မိမိကိုယ်တိုင် ကလည်း လှုပ်ခြင်းသဘော ရှိသည်သာတည်း။ ထို့ကြောင့် ဤ၌ လှုပ်ခြင်း, လှုပ်စေခြင်းဟု ၂-နက်လုံး ပြန်ထားသည်။

http://www.dhammadownload.com

တို့ကို ပြခဲ့ပြီ၊ ထို ၄၂-ပါးသော ကောဋ္ဌာသတို့တွင် အစာသစ် အစာဟောင်း ပြည့် ကျင်ငယ်ဟူသော ဤ ၄-ပါးသော ကောဋ္ဌာသတို့သည် ဥတုကြောင့်သာ ဖြစ်သော **ဥတုသမုဋ္ဌာန်-ဥတုဇ** ရုပ် တို့သာတည်း။ မျက်ရည် ချွေး တံထွေး နှပ် ဟူသော ဤ ၄-ပါးသော ကောဋ္ဌာသတို့သည် ဥတုကြောင့်လည်းဖြစ် စိတ်ကြောင့်လည်းဖြစ်သော **ဥတုစိတ္တသမုဋ္ဌာန်-ဥတုဇ စိတ္တဇ**ရုပ်တို့ပေတည်း။ စားလိုက်သည့်အစာ စသည်ကို ကျေကျက်စေတတ်သော ပါစကတေဇော သည် ကံကြောင့်သာဖြစ်သော **ကမ္မသမုဋ္ဌာန်-ကမ္မဇ** ရုပ်သာတည်း။ဝင်သက် ထွက်သက်လေတို့သည် စိတ်ကြောင့်သာ ဖြစ်သော **စိတ္တသမုဋ္ဌာန်-စိတ္တဇ** ရုပ်တို့သာတည်း။ကြွင်းကျန်ကုန်သော ကောဋ္ဌာသ ၃၂-ပါးအားလုံးတို့သည် ကံ-စိတ်-ဥတု-အာဟာရဟူသော အကြောင်းလေးပါးလုံးကြောင့် ဖြစ်သော **စတုသမုဋ္ဌာန်-စတုဇ** ရုပ်တို့ပေတည်း-ဟူ၍ ဤသို့ ဖြစ်ကြောင်း သမုဋ္ဌာန် အားဖြင့် နှလုံးသွင်းအပ်၏။ (၅)

(၆) နာနတ္တ-ကေတ္တအားဖြင့် နှလုံးသွင်းပုံ

၃၅၂။ နာနတ္တ-ကေတ္တအားဖြင့် နှလုံးသွင်းပုံကား-အားလုံးသောဓာတ် ၄-ပါးတို့သည် မိမိ၏လက္ခဏာစသည်အားဖြင့် အချင်းချင်းထူးခြား ကွဲပြားကုန်၏။ မှန်ပေ၏-ပထဝီဓာတ်၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်တို့သည် တခြား တပါးတို့သာတည်း၊ အာပေါဓာတ် စသည်တို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် တို့သည် တခြား တပါးတို့သာတည်း။ ဤသို့ လက္ခဏာစသည်တို့၏ အစွမ်း အားဖြင့်ဂျင်း၊ ကမ္မသမုဋ္ဌာန် စသည်တို့၏ အစွမ်းအားဖြင့်ဂျင်း အချင်းချင်း မတူပဲ ထူးခြား ကွဲပြားကုန်သော်လည်း ထိုလေးပါးသော ဓာတ်တို့သည် ရုပ်အဖြစ် မဟာဘုတ်အဖြစ် ဓာတ်အဖြစ် ဓမ္မအဖြစ် အနိစ္စအဖြစ် စသည် တို့၏အစွမ်းအားဖြင့် တူကုန်၏။ ခဲ့၍ပြအံ့—ဓာတ်လေးပါး အားလုံးတို့ပင် ဖောက်ပြန်ခြင်း ရှုပွနလက္ခဏာကို မလွန်ကြသောကြောင့် ရှုပ-ရုပ်မည်

http://www.dhammadownload.com

ကုန်၏။ မဟန္တပါတုဘာဝ အစရှိသော အကြောင်းတို့ကြောင့် မဟာဘုတ် မည်ကုန်၏။

မဟန္တပါတုဘာဝ အစရှိသည်တို့ကြောင့်-ဟူရာ၌ ခဲ့၍ပြရလျှင် မဟန္တ ပါတုဘာဝ-ကြီးကျယ်၍ ထင်ရှားဖြစ်ခြင်းကြောင့်၎င်း၊ မဟာဘုတ်မည်သူ နှင့် တူသောကြောင့်၎င်း၊ များပြား ကြီးကျယ်သော အကြောင်းတို့ဖြင့် ဆောင်အပ်သောကြောင့်၎င်း၊ အကြီးအကျယ် ဖောက်ပြန်ခြင်းရှိသော ကြောင့်၎င်း၊ ကြီးကျယ်၍ ထင်ရှားရှိသောကြောင့်၎င်း ဤအကြောင်းတို့ ကြောင့် ထိုလေးပါးသောဓာတ်တို့ကို မဟာဘူတ-မဟာဘုတ်ဟု ခေါ်ဆို အပ်ကုန်၏။

ထိုတွင် မဟန္တပါတုဘာဝ-ကြီးကျယ်၍ ထင်ရှားဖြစ်ခြင်းကြောင့်-ဟူရာ၌ ဤဓာတ်ကြီးလေးပါးတို့သည် သက်မဲ့(အနုပါဒိန္န) သန္တာန်၌လည်း ကြီး ကျယ်၍ ထင်ရှားဖြစ်ကုန်၏၊ သက်ရှိ(ဥပါဒိန္န)သန္တာန်၌လည်း ကြီးကျယ်၍ ထင်ရှားဖြစ်ကုန်၏။ထိုဓာတ်ကြီးလေးပါးတို့၏ သက်မဲ့(အနုပါဒိန္န)သန္တာန်၌ ကြီးကျယ်၍ ထင်ရှားဖြစ်ပုံကို—

မှတ်ချက်

၁-၂—လောကီကံ၏ အကျိုးတရားကို ဥပါဒိန္န ခေါ်သည်၊ ထိုဥပါဒိန္န တရား တို့နှင့် စပ်သော ရုပ်နာမ်အစဉ် သန္တာန်ကို ဥပါဒိန္နသန္တာန်ဟု ခေါ်သည်။ တနည်းအားဖြင့် အသက်ရှင်နေသူ, ပုဂ္ဂိုလ် သတ္တဝါဟု ထင်မှတ်စဲ့လမ်းအပ် သော တရားအပေါင်းကို ဥပါဒိန္န ခေါ်သည်၊ (အဋ္ဌသာလိနီ နှာ ၃၇၄-စာပို့ဒ် ၉၆၇-ကို မှီသည်) ထို ဥပါဒိန္နတရားတို့၏ အစဉ်ကို ဥပါဒိန္နသန္တာန်ဟု ခေါ်သည်။ နှစ်နည်းလုံးပင် သက်ရှိသန္တာန်ကို ရသည်။ သတ္တဝါကိုယ်မှ အပြင်ပ တရားအပေါင်းသည် ဥပါဒိန္န မဟုတ်သောကြောင့် အနုပါဒိန္န မည်၏၊ ၎င်းကို သက်မဲ့ဟု ဆိုသည်။

http://www.dhammadownload.com

"ဤ မဟာပထဝီမြေကြီးကို အထုအားဖြင့် (ယူဇနာ) နှစ်သိန်း လေးသောင်း (၂၄၀၀၀၀) ဟူသော ဤမျှ အတိုင်းအရှည်ရှိသည် ဟူ၍ ဆိုအပ်၏"—

ဤသို့ အစရှိသောနည်းဖြင့် ဗုဒ္ဓါနုဿတိနိဒ္ဒေသ၌ ဆိုခဲ့ပြီးသား ဖြစ်ပေသည်။

[၃၆၃] သက်ရှိ (ဥပါဒိန္န) သန္တာန်၌လည်း ငါး လိပ် နတ် ဒါနောဘီလူး စသည်တို့၏ ကိုယ်အစုမ်းအားဖြင့် ကြီးကျယ်ကြသည်သာဖြစ်၍ ထင်ရှား ဖြစ်ကြပေသည်။ မှန်ပေ၏-"ရဟန်းတို့ မဟာသမုဒ္ဒရာ၌ ယူဇနာတရာရှိသော အတ္တဘောရှိ သတ္တဝါတို့သည်လည်း ရှိကုန်၏" ဤသို့ အစရှိသော ထိုစကားကို ဟောတော်မူပေ၏။ (၆-၁)

(မဟာဘူတသာမည) မဟာဘူတ မည်သူနှင့် တူသောကြောင့်-ဟူရာ၌ ဥပမာအားဖြင့် မျက်လှည့်ဆရာသည် ပတ္တမြား မဟုတ်သည်သာဖြစ်သော ရေခဲကိုပတ္တမြားပြု၍ ပြသကဲ့သို့ဂုဏ်း၊ ရွှေမဟုတ်သည်သာဖြစ်သော အုတ်ခဲကို ရွှေပြု၍ ပြသကဲ့သို့ဂုဏ်း၊ မိမိကိုယ်တိုင်က ဘီလူး မဟုတ်ပါပဲ ဌက်မဟုတ်ပါပဲ ဘီလူးအဖြစ် ဌက်အဖြစ်ကို ပြသကဲ့သို့ဂုဏ်း ဤ အတူပင် ဤ မဟာဘူတ်တို့သည် မိမိတို့ကိုယ်တိုင်က အညိုမဟုတ်ကြပါပဲ ညိုသောအဆင်း ဥပါဒါရုပ်ကို ပြကုန်၏၊ အဝါ အနီ အဖြူ မဟုတ်ကြပါပဲ ဝါသောအဆင်း နီသောအဆင်း ဖြူသောအဆင်း ဥပါဒါရုပ်ကို ပြကုန်၏။ ဤသို့အားဖြင့် မဟာဘူတ မည်သော မျက်လှည့်ဆရာနှင့်တူသောကြောင့် မဟာဘူတ-မဟာဘူတ် မည်ကုန်၏[၁]။

မှတ်ချက်

၁–မဟာ-ကြီးကျယ်သော + အဘူတ-မဟုတ်သောမျက်လှည့်အမှု = မဟာဘူတ-အကြီးအကျယ် မဟုတ်မမှန်သည့် မျက်လှည့်အမှု။ တနည်း မဟာ-ကြီးကျယ်သော + အဘူတ-မဖြစ်စဘူး အထူးအဆံ့ဖယ် = မဟာဘူတ – အကြီးအကျယ် အံ့ဖွယ်မျက်လှည့်အမှု။ ထိုမျက်လှည့် အမှုကိုပြု ပြသူသည်လည်း

http://www.dhammadownload.com

တနည်းကား—မဟာဘူတ-မဟာဘုတ်မည်သော ဘီလူးစသည်တို့သည် အကြင်လူကို ဖမ်းကုန်-ပူးကပ်ကုန်၏၊ ထိုဘီလူးတို့၏ တည်ရာကို ထိုအပူးခံရသော လူ၏ အတွင်း၌လည်း မရအပ်၊ အပြင်၌လည်း မရအပ်၊ ထိုလူကို မှီ၍ မတည်ကြသည်လည်း မဟုတ်ကုန်သကဲ့သို့ ဤအတူပင် ထိုမဟာဘုတ်တို့ကိုလည်း အချင်းချင်း၏ အတွင်း၌ အပြင်၌ တည်ကြသည်ဖြစ်လျက် မရအပ်ကုန် (ဝါ-တည်ကြသည်ဟု မဆိုအပ်ကုန်)၊ အချင်းချင်းကို မှီ၍ မတည်ကြသည်သည်း မဟုတ်ကုန်၊ ဤသို့ မကြံဆအပ်-မကြံဆနိုင်ကောင်းသော တည်ရာရှိသည်၏ အဖြစ်ဖြင့် မဟာဘူတမည်သော ဘီလူးစသည်တို့နှင့် တူသောကြောင့်လည်း မဟာဘူတ-မဟာဘုတ်မည်ကုန်၏။ ထို့ပြင် ဘီလူးမဟုဆိုအပ်သော မဟာဘုတ်တို့သည် နှစ်သက်မြတ်နိုးဖွယ် အဆင်းသဏ္ဌာန် အမူအရာတို့ဖြင့် မိမိတို့၏ ကြောက်ဖွယ်အဖြစ်ကို ဖုံးကွယ်၍ (ယောကျ်ား) သတ္တဝါတို့ကို လှည့်စားကုန်သကဲ့သို့ ဤအတူပင် ဤမဟာဘုတ်တို့သည်လည်း မိန်းမ၏ကိုယ် ယောကျ်ား၏ကိုယ် စသည်တို့၌ နှစ်သက်မြတ်နိုးဖွယ် အရေအဆင်းဖြင့်၎င်း၊ မိမိ၏ နှစ်သက်မြတ်နိုးဖွယ် အင်္ဂါကြီးငယ် သဏ္ဌာန်ဖြင့်၎င်း၊ လက်ခြေ လက်ချောင်း မျက်ခုံးတို့ကို ပစ်နှဲခြင်းဟူသော နှစ်သက်ဖွယ်အမူအရာဖြင့်၎င်း မိမိ၏ ကြမ်းကြုတ်ခြင်းစသည် အပြားရှိသော မိမိ၏ပင်ကိုသဘောမှန်ကို ဖုံးကွယ်ကုန်၍ မသိ မလိမ္မာသော လူအပေါင်းကို လှည့်စားတတ်ကုန်၏၊ မိမိ၏သဘောမှန်ကို သိမြင်ခွင့် မပေးကုန်၊ ဤသို့ လှည့်စားတတ်သည်၏ အဖြစ်ဖြင့် ဘီလူးမဟူသော မဟာဘုတ်တို့နှင့် တူသောကြောင့်လည်း မဟာဘူတ-မဟာဘုတ်မည်ကုန်၏။ (၆-၂)

မှတ်ချက်

မဟာဘူတ မည်၏။ ဓာတ်ကြီးလေးပါးသည် ထိုမျက်လှည့် မဟာဘူတနှင့် တူသောကြောင့် မဟာဘူတ-မဟာဘုတ် မည်ပေသည်။

http://www.dhammadownload.com

(မဟာပရိဟာရတော - ဟူသည်ကား) များပြားကြီးကျယ်သော အကြောင်းတို့ဖြင့် ဆောင်အပ်သောကြောင့်(ဟု ဆိုလို၏)[၁]။ ချဲ့၍ပြဦးအံ့— ဤမဟာဘုတ်တို့သည် နေ့စဉ်နေ့တိုင်း ဆောင်ထည့်ပေးအပ်သောကြောင့် များပြားကြီးကျယ်ကုန်သော အစာအဝတ်စသည်တို့ဖြင့် ဖြစ်ကုန်၏၊ ထို့ကြောင့် မဟာဘူတ-မဟာဘုတ်မည်ကုန်၏[၂]။ တနည်းကား များစွာသော ပစ္စည်းတို့ဖြင့် ဆောင်အပ်ကုန်သည်ဖြစ်၍ ဖြစ်ကြသောကြောင့်လည်း မဟာဘူတ-မဟာဘုတ်မည်ကုန်၏[၃]။ (၆-၃)

အကြီးအကျယ် ဖောက်ပြန်ခြင်းရှိသောကြောင့်-ဟူရာ၌ သက်မဲ့လည်းဖြစ် - သက်ရှိလည်းဖြစ်ကုန်သော ဤမဟာဘုတ်တို့မှာ အကြီးအကျယ် ဖောက်ပြန်ခြင်းရှိကုန်၏။ ထိုတွင် သက်မဲ့မဟာဘုတ်တို့၏ အကြီးအကျယ် ဖောက်ပြန်ခြင်းသည် ကမ္ဘာပျက်သောအခါ၌ ထင်ရှား၏၊ သက်ရှိ မဟာဘုတ်တို့၏ ဖောက်ပြန်ခြင်းသည် ဓာတ်ချောက်ချားသောကာလ၌ ထင်ရှား၏။ ထင်ရှားပုံမှာ—

မှတ်ချက်

၁—ဤ အဖွင့်သည် ပါဠိကျမ်းရင်း၌သာ အကျိုးများသည်၊ မြန်မာပြန်၌ကား ဖော်၍ ပြန်ပြီး ဖြစ်သောကြောင့် အကျိုးမများတော့ပေ။

၂—မဟာ-များပြားသော အစာ အဝတ် စသော သုံးဆောင်ဖွယ်တို့ဖြင့် + ဘူတ-ဖြစ်ကြသည်=မဟာဘူတ-များပြားသော အသုံးအဆောင်တို့ဖြင့် ဖြစ်ကြသော ဓာတ်များ။

၃—မဟာ-များစွာသောပစ္စည်းတို့ဖြင့် + ပရိဟာရ-ဆောင်အပ်ကုန်သည်ဖြစ်၍ + ဘူတ-ဖြစ်ကြသည်=မဟာဘူတ-များစွာသော ပစ္စည်းတို့ဖြင့် ဆောင်ပေးမှ ဖြစ်ကြသည့်ဓာတ်များ။ ဤနည်း၌ ပရိဟာရ-ကို ချေထားသည်ဟု ယူအပ်၏။

http://www.dhammadownload.com

[၃၆၄] ဩကာသလောကကို ကမ္ဘာမီးဖြင့် လောင်သောအခါ မီးတောက်မီးလျှံသည် မြေမှထ၍ ငြဟ္မာ့ပြည်တိုင်အောင် တက်သွားလေသည်။

ဩကာသလောကသည် အကြင်အခါ ဖောက်ပြန်သောရေဖြင့် ပျက်စီး၏၊ ထိုအခါ ကုဋ္ဌေတသိန်းအရေအတွက်ရှိသော တခုသော (အာဏာခေတ်)စကြဝဠာသည် ကြွေမှုပျက်စီးလေသည်။

ဩကာသလောကသည် အကြင်အခါ လေ၏ဖောက်ပြန်ခြင်းဖြင့် ပျက်စီး၏၊ ထိုအခါ ကုဋ္ဌေတသိန်းအရေအတွက်ရှိသော တခုသော (အာဏာခေတ်)စကြဝဠာသည် ဖရိုဖရဲ ပြန့်ကြဲပျက်စီးလေသည်။

ပထ္ထဒ္ဝေါ ဘဝတိ ကာယော၊ ဒဋ္ဌော ကဋ္ဌမုခေန ဝါ။
ပထဝီဓာတုပ္ပကောပေန၊ ဟောတိ ကဋ္ဌမုခေဝ သော။

ကဋ္ဌမုခေန၊ သစ်သားလိုဖြစ်စေတတ်သည့် ခံတွင်းရှိသော ကဋ္ဌမုခမြွေသည်။ ဒဋ္ဌော၊ ကိုက်အပ်သော (ဝါ-အကိုက်ခံရသော)။ ကာယော၊ ကိုယ်သည်။ ပထ္ထဒ္ဝေါ၊ ခက်မာကြမ်းတမ်းလျက်တောင့်သည်။ ဘဝတိ ဝါ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ပထဝီဓာတုပ္ပကောပေန၊ပထဝီဓာတ်ပျက်ခြင်းကြောင့်။ (ကာယော၊ ကိုယ်သည်။ ပထ္ထဒ္ဝေါ၊ ခက်မာကြမ်းတမ်းလျက်တောင့်သည်။ ဘဝတိ၊ ဖြစ်၏)။ သော၊ ပထဝီဓာတ်ပျက်သော ထိုကိုယ်သည်။ ကဋ္ဌမုခေဝ၊ ကဋ္ဌမုခမြွေခံတွင်းသို့ ကျသကဲ့သို့ (ဝါ-ကဋ္ဌမုခမြွေအကိုက်ခံရသကဲ့သို့)။ ဟောတိ၊ ဖြစ်၏။

ပူတိကော ဘဝတိ ကာယော၊ ဒဋ္ဌော ပူတိမုခေန ဝါ။
အာပေါဓာတုပ္ပကောပေန၊ ဟောတိ ပူတိမုခေဝ သော။

ပူတိမုခေန၊ ပုပ်စေတတ်သည့်ခံတွင်းရှိသော ပူတိမုခမြွေသည်။ ဒဋ္ဌော၊ ကိုက်အပ်သော (ဝါ-အကိုက်ခံရသော)၊ ကာယော၊ ကိုယ်သည်။ ပူတိကော၊

http://www.dhammadownload.com

ပုပ်သည်။ ဘဝတိ ဝါ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အာပေါဓာတုပ္ပကောပေန၊ အာပေါဓာတ်ပျက်ခြင်းကြောင့်။ (ကာယော၊ ကိုယ်သည်။ ပူတိကော၊ ပုပ်သည်။ ဘဝတိ၊ ဖြစ်၏)။ သေ ၁၊ အာပေါဓာတ်ပျက်သော ထိုကိုယ်သည်၊ ပူတိမုခေဝ၊ ပူတိမုခမြွေခံတွင်းသို့ ကျသကဲ့သို့ (ဝါ-ပူတိမုခမြွေ အကိုက်ခံရသကဲ့သို့)။ ဟောတိ၊ ဖြစ်၏။

သန္တတ္တော ဘဝတိ ကာယော၊ ဒဠ္ဎော အဂ္ဂိမုခေန ဝါ။
တေဇောဓာတုပ္ပကောပေန၊ ဟောတိ အဂ္ဂိမုခေဝ သော။

အဂ္ဂိမုခေန၊ မီးလိုပူစေတတ်သည့် ခံတွင်းရှိသော အဂ္ဂိမုခမြွေသည်။ ဒဠ္ဎော၊ ကိုက်အပ်သော (ဝါ-အကိုက်ခံရသော)။ ကာယော၊ ကိုယ်သည်။ သန္တတ္တော၊ ပြင်းစွာပူလောင်သည်။ ဘဝတိ ဝါ၊ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ တေဇောဓာတုပ္ပကောပေန၊ တေဇောဓာတ်ပျက်ခြင်းကြောင့်။ (ကာယော၊ ကိုယ်သည်။ သန္တတ္တော၊ ပြင်းစွာပူလောင်သည်။ ဘဝတိ၊ ဖြစ်၏)။ သော၊ တေဇောဓာတ်ပျက်သော ထိုကိုယ်သည်။ အဂ္ဂိမုခေဝ၊ အဂ္ဂိမုခမြွေခံတွင်းသို့ ကျသကဲ့သို့(ဝါ-အဂ္ဂိမုခမြွေ အကိုက်ခံရသကဲ့သို့)။ ဟောတိ၊ ဖြစ်၏။

သဋ္ဌေန္ဒော ဘဝတိ ကာယော၊ ဒဠ္ဎော သတ္ထမုခေန ဝါ။
ဝါယောဓာတုပ္ပကောပေန၊ ဟောတိ သတ္ထမုခေဝ သော။

သတ္ထမုခေန၊ ဓားလိုဖြတ်တတ်သည့် ခံတွင်းရှိသော သတ္ထမုခမြွေသည်။ ဒဠ္ဎော၊ ကိုက်အပ်သော (ဝါ-အကိုက်ခံရသော)။ ကာယော၊ ကိုယ်သည်။ သဋ္ဌေန္ဒော၊ အကြောပြတ်သည့်အလိုအားဖြင့် အပိုင်းအပိုင်းပြတ်သည်။ ဘဝတိ ဝါ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဝါယောဓာတုပ္ပကောပေန၊ ဝါယောဓာတ်ပျက်ခြင်းကြောင့်။ (ကာယော၊ ကိုယ်သည်။ သဋ္ဌေန္ဒော၊ အပိုင်းအပိုင်းပြတ်သည်။ ဘဝတိ၊ ဖြစ်၏)။ သော၊ ဝါယောဓာတ်ပျက်သော

http://www.dhammadownload.com

ထိုကိုယ်သည်။သတ္ထမုခေဝ၊သတ္ထမုခမြွေခံတွင်းသို့ ကျသကဲ့သို့ (ဝါ-သတ္ထမုခ မြွေအကိုက်ခံရသကဲ့သို့)။ ဟောတိ၊ ဖြစ်၏[၁]။

ဤဆိုခဲ့သည့်အတိုင်း အကြီးအကျယ်ဖောက်ပြန်ခြင်းရှိသော ဘူတရုပ်တို့ ဖြစ်သောကြောင့် မဟာဘူတ-မဟာဘုတ် မည်ကုန်၏။ (၆-၄)

ကြီးကျယ်၍ ထင်ရှားရှိသောကြောင့်-ဟူရာ၌ ဤမဟာဘုတ်တို့သည် ကြီးစွာသော လုံ့လဖြင့် သိမ်းဆည်းအပ်-ရှုအပ်သောကြောင့် (မဟန္တ-မဟာ)ကြီးလည်း ကြီးကျယ်ကုန်၏၊ ထင်ရှားရှိသောကြောင့် ဘူတ-ဘုတ်လည်း မည်ကုန်၏၊ ဤသို့ ကြီးကျယ်သောကြောင့်ဝင်း၊ ထင်ရှားရှိသော ကြောင့်ဝင်း မဟာဘူတ-မဟာဘုတ် မည်ကုန်၏။ (၆-၅)

ဤဆိုခဲ့သည့်အတိုင်း အလုံးစုံသော ဤဓာတ်လေးပါးတို့သည် မဟန္တ-ပါတုဘာဝ-ကြီးကျယ်၍ ထင်ရှားဖြစ်ခြင်း အစရှိသော အကြောင်းတို့ကြောင့် မဟာဘူတ-မဟာဘုတ် မည်ကုန်၏။

ထိုမှတပါး မိမိ မိမိ၏ သဘောလက္ခဏာကို ဆောင်တတ်ခြင်းကြောင့်ဝင်း၊ သံသရာဆင်းရဲကို စီရင်တတ်ခြင်းကြောင့်ဝင်း၊ ဆင်းရဲကို စီရင်ခြင်းမျှ (ဝါ) စီရင်ကြောင်းဖြစ်သောကြောင့်ဝင်း (ဝါ) ဆင်းရဲကိုသိုမှီးထားရာဖြစ်သောကြောင့်ဝင်း[၂] အလုံးစုံသော ဓာတ်လေးပါးလုံးတို့သည်ပင် ဓာတု၏ လက္ခဏာကို မလွန်ကြသောကြောင့် ဓာတု-ဓာတ်မည်ကုန်၏။မိမိ၏ သဘော လက္ခဏာကို ဆောင်ခြင်းကြောင့်ဝင်း၊ ရုပ်နာမ်ဟူသော မိမိ၏ ခဏအား လျော်စွာ တည်ခြင်းကြောင့်ဝင်း ဓမ္မမည်ကုန်၏။ ကုန်ခြင်းသဘောကြောင့်

မှတ်ချက်

၁–ဤ ဂါထာပါဠိ အနက်တို့ကို ကျက်မှတ်လိုသူတို့အတွက် အပြည့်အစုံ ဖော်ပြသည်။

၂–နှာ ၆၁၃-မှတ်ချက် ၁-၌ ပြခဲ့သည့်အတိုင်းပင်၊ ပြန်ကြည့်ပါ။

http://www.dhammadownload.com

အနိစ္စမည်ကုန်၏၊ ကြောက်ဖွယ် အနက်သဘောကြောင့် ဒုက္ခမည်ကုန်၏၊ အတ္တကောင်ဟူသော အနှစ်မရှိသည့် သဘောကြောင့် အနတ္တမည်ကုန်၏။

ဤဆိုခဲ့သည့်အတိုင်း ရုပ်အဖြစ် မဟာဘုတ်အဖြစ် ဓာတ်အဖြစ် ဓမ္မအဖြစ် အနိစ္စအဖြစ် စသည်တို့၏ အစွမ်းအားဖြင့် အလုံးစုံသော ဓာတ်လေးပါးတို့၏ (အချင်းချင်း မထူးခြားပဲ) တူခြင်းကို သိအပ်၏ (ဝါ-ဓာတ်လေးပါး အားလုံးတို့ပင် အချင်းချင်း တူကုန်၏)၊ ဤသို့ နာနတ္တ-ကေတ္တအားဖြင့် နှလုံးသွင်းအပ်၏။ (၆)

(၇) ဝိနိဗ္ဘောဂ-အဝိနိဗ္ဘောဂအားဖြင့် နှလုံးသွင်းပုံ

[၃၆၅] ၃၅၃။ အသီး အသီး ခွဲခြားအပ်ခြင်း - မခွဲခြားအပ်ခြင်း အားဖြင့် နှလုံးသွင်းပုံကား—တပြိုင်နက် တပေါင်းတည်း ဖြစ်ပေါ်[1] ကြသည် သာလျှင် ဖြစ်ကုန်သော[2] ဤဓာတ်လေးပါးတို့ကို အလုံးစုံတို့၏ အောက်ဆုံး အသေးအငယ်ဆုံးဖြစ်သော တခုတခုသော သုဒ္ဓဋ္ဌက စသော[3] ကလာပ်၌ သော်လည်း တည်ရာအားဖြင့်[4] အသီး အသီး မခွဲခြားအပ်-မခွဲခြားနိုင်ကုန်။

မှတ်ချက်

၁—ဤပုဒ်ထဲ၌ "သာလျှင်"ဟူသော ကန့်သတ်ချက်ဖြင့် တပေါင်းတည်း မဟုတ်ပဲ တခြားစီဖြစ်ကြသော ဓာတ်တို့ကို မဆိုလိုကြောင်းပြသည်။ ထိုသို့ တခြားစီ ဖြစ်ကြသော ဓာတ်တို့ကိုမူ အသီးအသီး ခွဲခြားအပ် ခွဲခြားနိုင်ပေသည်။

၂—ဤ၌ "စသော"ဟူသောစကားဖြင့် ကမ္မဇကလာပ်ထဲမှ အသေးဆုံးဖြစ်သော ဇဝဋ္ဌကနဝကကလာပ်ကို ယူအပ်၏။

၃—ဤဓာတ်က အထက်၌ တည်သည်၊ ထိုဓာတ်က အောက်၌ တည်သည်-စသည်ဖြင့် တည်ရာအရပ် အလိုအားဖြင့် မခွဲခြားနိုင်၊ စင်စစ်အားဖြင့် ပထဝီဓာတ်ပြန့်နှံ့ရာအရပ် ဟူသမျှ၌ အခြား ဓာတ်သုံးပါးကလည်း ပြန့်နှံ့လျက်ရှိ၏၊ အခြား ဓာတ်များ ပြန့်နှံ့ရာအရပ် ဟူသမျှ၌လည်း ပထဝီဓာတ်က ပြန့်နှံ့လျက် ရှိပေသည်၊ ထို့ကြောင့် တည်ရာအရပ်အားဖြင့် မခွဲခြားနိုင်ပေ။

http://www.dhammadownload.com

သဘောလက္ခဏာအားဖြင့်မူကား အသီး အသီး ခွဲခြားအပ်ကုန်၏ ခွဲခြားနိုင်ကုန်၏-ဟူ၍ ဤသို့ အသီး အသီး ခွဲခြားအပ်ခြင်း-မခွဲခြားအပ်ခြင်း အားဖြင့် နှလုံးသွင်းအပ်၏။ (၇)

(၈) သဘာဝ-ဝိသဘာဝအားဖြင့် နှလုံးသွင်းပုံ

၃၅၄။ သဘောတူခြင်း-မတူခြင်းအားဖြင့် နှလုံးသွင်းပုံကား—ယခုပြဆို ခဲ့သည့်အတိုင်း အသီး အသီး မခွဲခြားအပ်ကုန်သော်လည်း ဤဓာတ်လေး ပါးတို့တွင် ပထဝီနှင့် အာပေါ ဟူသော ရှေးဓာတ် ၂-ပါးတို့သည် လေးခြင်း ကြောင့် တူသော အဖို့ရှိကုန်၏-သဘောတူကုန်၏၊ ထို့အတူ တေဇောနှင့် ဝါယော ဟူသော နောက်ဓာတ် ၂-ပါးတို့သည် ပေါ့ခြင်းကြောင့် တူသော အဖို့ရှိကုန်၏-သဘောတူကုန်၏။ ရှေးဓာတ် ၂-ပါးတို့သည် နောက်ဓာတ် ၂-ပါးတို့နှင့် နောက်ဓာတ် ၂-ပါးတို့သည်လည်း ရှေးဓာတ် ၂-ပါးတို့နှင့် သဘောမတူကုန် ဟူ၍ ဤသို့ သဘောတူခြင်း-မတူခြင်းအားဖြင့် နှလုံးသွင်းအပ်၏။ (၈)

မှတ်ချက်

၁–အဋ္ဌသာလိနီ နှာ ၃၆၈-၌ ကက္ခဋ်- ခက်မာသည်၊ မုဒုကံ-နူးညံ့ပျော့ပျောင်းသည်။ သဏှံ-သိမ်မွေ့ချောညက်သည်၊ ဖရုသံ-ကြမ်းတမ်းသည်၊ ဂရုကံ-လေးသည်၊ လဟုကံ-ပေါ့သည်-ဟူသော ပုဒ်တို့ဖြင့် ပထဝီဓာတ်ကို ဝေဘန်ကြောင်းပြဆိုထား၏။ ထိုစကား၌ ပေါ့သည်ဟူသော အနက်ကို သူထက်လေးသည်ကို ထောက်ဆ၍ ဆိုသည်ဟူ၍ဝင်း၊ သူ့ပင်ကို သဘောအားဖြင့် လေးသည်ဟူ၍ဝင်း ယူရာ၏။ ထို့ပြင် နှာ ၆၃၇ ၌ ပြလတံ့သော မှတ်ချက် ၁.၏ မှီရာ၌ကဲ့သို့ အာပေါဓာတ်က ပထဝီဓာတ်ထက် သာ၍ လေးသည် ဟူ၍လည်း ယူရာ၏။ ထိုကြောင့် ဤအရာ၌ ပထဝီ အာပေါဓာတ် ၂-ပါးလုံးကို လေးသည်ဟု ဆိုပေသည်။

http://www.dhammadownload.com

(၉) အဏ္ဏတ္တိကဗာဟိရဝိသေသအားဖြင့် နှလုံးသွင်းပုံ

၃၅၅။ အတွင်းအပြင်ဓာတ်တို့၏ အထူးအားဖြင့် နှလုံးသွင်းပုံကား— ကိုယ်တွင်း(အဏ္ဏတ္တိက)ဓာတ်တို့သည် စိတ်ဝိညာဏ်၏တည်ရာ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဟဒယဝတ္ထုရုပ်တို့၏ဂုဏ်း၊ ဝိညတ်ရုပ်တို့၏ဂုဏ်း၊ ဣတ္ထိ ပုရိသ ဇီဝိတဟူသော ဣန္ဒြိယရုပ်တို့၏ဂုဏ်း မှီရာဖြစ်ကုန်၏၊ ဣရိယာပုထ် လေးပါးနှင့်တကွ ဖြစ်ကုန်၏၊ ကံ စိတ် ဥတု အာဟာရဟူသော အကြောင်း လေးပါးကြောင့် ဖြစ်ကုန်၏။ အပြင်ပ(ဗာဟိရ)ဓာတ်တို့သည် ဝတ္ထု ဝိညတ် ဣန္ဒြိယရုပ်တို့၏ မှီရာမဖြစ်ကုန်၊ ဣရိယာပုထ်နှင့်တကွ မဖြစ်ကုန်၊ ဥတု ကြောင့်သာလျှင် ဖြစ်ကုန်၏ဟူ၍ ဤသို့ အတွင်းအပြင်ဓာတ်တို့၏ အထူး အားဖြင့် နှလုံးသွင်းအပ်၏။ (၉)

(၁၀) သင်္ဃာအားဖြင့် နှလုံးသွင်းပုံ

၃၅၆။ သိမ်းယူခြင်း-ပေါင်းခြင်းအားဖြင့် နှလုံးသွင်းပုံကား-ကံကြောင့် ဖြစ်သော ပထဝီဓာတ်ကို ကံကြောင့်ဖြစ်ကုန်သော အခြားဓာတ်တို့နှင့် ဖြစ်ကြောင်းအားဖြင့် မကွဲပြားခြင်းကြောင့် တမျိုးတည်းသိမ်းယူအပ်-ပေါင်းအပ်၏၊ စိတ်စသည်တို့ကြောင့်ဖြစ်သော ပထဝီဓာတ်ကို စိတ်စသည် တို့ကြောင့်ဖြစ်ကုန်သော အခြားဓာတ်တို့ဖြင့် ထို့အတူ တမျိုးတည်း သိမ်းယူအပ်-ပေါင်းအပ်၏၊ (အခြား ဓာတ်သုံးပါးတို့ကိုလည်း ဤအတူပင် ဖြစ်ကြောင်းတူသော အခြားဓာတ်တို့နှင့် တမျိုးတည်း သိမ်းယူအပ်.ပေါင်း အပ်ကုန်၏)ဟူ၍ ဤသို့ သိမ်းယူခြင်း-ပေါင်းခြင်းအားဖြင့် နှလုံးသွင်း အပ်၏။ (၁၀)

(၁၁) ပစ္စယအားဖြင့် နှလုံးသွင်းပုံ

၃၅၇။ ကျေးဇူးပြုခြင်း-ထောက်ပံ့ခြင်းအားဖြင့် နှလုံးသွင်းပုံကား— ပထဝီဓာတ်သည် အာပေါဓာတ်က ပေါင်းစုပေးခြင်း တေဇောဓာတ်က

http://www.dhammadownload.com

စောင့်ရှောက်ခြင်း ဝါယောဓာတ်က ထောက်ကန်ပေးခြင်းကို ရသည်ဖြစ်၍ သုံးပါးကုန်သော (ထို)မဟာဘုတ်တို့အား တည်ရာဖြစ်လျက် ကျေးဇူးပြု၏။ အာပေါဓာတ်သည် ပထဝီဓာတ်၌ တည်၍ တေဇောဓာတ်က စောင့်ရှောက်ခြင်း ဝါယောဓာတ်က ထောက်ကန်ပေးခြင်းကို ရသည်ဖြစ်၍ သုံးပါးကုန်သော(ထို)မဟာဘုတ်တို့အား ဖွဲ့စည်းပေါင်းစုလျက် ကျေးဇူးပြု၏။တေဇောဓာတ်သည် ပထဝီဓာတ်၌တည်၍ အာပေါဓာတ်က ပေါင်းစုပေးခြင်း ဝါယောဓာတ်က ထောက်ကန်ပေးခြင်းကို ရသည်ဖြစ်၍ သုံးပါးကုန်သော (ထို)မဟာဘုတ်တို့အား ပူနွေးစေ-ကျက်စေလျက် ကျေးဇူးပြု၏။ ဝါယောဓာတ်သည် ပထဝီဓာတ်၌တည်၍ အာပေါဓာတ်က ပေါင်းစုပေးခြင်း တေဇောဓာတ်က ကျက်စေခြင်းကို ရသည်ဖြစ်၍ သုံးပါးကုန်သော (ထို)မဟာဘုတ်တို့အား ထောက်ကန်လျက် ကျေးဇူးပြု၏-ဟူ၍ ဤသို့ ကျေးဇူးပြုခြင်း-ထောက်ပံ့ခြင်းအားဖြင့် နှလုံးသွင်းအပ်၏။ (၁၁)

(၁၂) အသမန္နာဟာရအားဖြင့် နှလုံးသွင်းပုံ

၃၅၈။ ဆင်ခြင်မှု-သိမှုကင်းခြင်းအားဖြင့် နှလုံးသွင်းပုံကား—ဤဓာတ်လေးပါးတို့တွင် ပထဝီဓာတ်သည် "ငါ ပထဝီဓာတ်" ဟူ၍ဌင်း၊ "သုံးပါးကုန်သော မဟာဘုတ်တို့အား (ငါက) တည်ရာဖြစ်လျက် ကျေးဇူးပြုသည်" ဟူ၍ဌင်း မသိချေ။ အခြားဝေတ်သုံးပါးတို့သည်လည်း "ငါတို့အား ပထဝီဓာတ်က တည်ရာဖြစ်လျက် ကျေးဇူးပြုသည်" ဟူ၍ မသိကြချေ။ အလုံးစုံသော အကြွင်းဓာတ်သုံးပါးတို့၌ ဤနည်းတူပင်-ဟူ၍ ဤသို့ ဆင်ခြင်မှု-သိမှုကင်းခြင်းအားဖြင့် နှလုံးသွင်းအပ်၏။ (၁၂)

(၁၃) ပစ္စယဝိဘာဂအားဖြင့် နှလုံးသွင်းပုံ

[၃၆၆] ၃၅၉။ ကျေးဇူးပြုသော တရားအထူး, သတ္တိအထူးကို ဝေဘန်ခြင်းအားဖြင့် နှလုံးသွင်းပုံကား—ဓာတ်လေးပါးတို့အား ကျေးဇူးပြုသော

http://www.dhammadownload.com

အကြောင်းတို့သည် ကံ စိတ် ဥတု အာဟာရ ဟူ၍ လေးပါးတို့ပေတည်း။ ထိုတွင် ကံကြောင့်ဖြစ်သော ဓာတ်တို့မှာ ကံသည်သာလျှင် အကြောင်းပေတည်း၊ စိတ် ဥတု အာဟာရတို့သည် အကြောင်းမဟုတ်ကုန်[၁]။ စိတ် ဥတု အာဟာရတို့ကြောင့် ဖြစ်သော ဓာတ်တို့မှာလည်း စိတ် ဥတု အာဟာရတို့သည်သာလျှင် အကြောင်းပေတည်း၊အခြား ကံစသည်တို့သည် အကြောင်းမဟုတ်ကုန်။ ထို့ပြင် ကံသည် ကံကြောင့်ဖြစ်သော ဓာတ်တို့၏ ဇနက (ဖြစ်စေတတ်သော)အကြောင်းဖြစ်သည်၊ကြွင်းသောဓာတ်တို့၏ ပရိယာယ်အားဖြင့်[၂] ဥပနိဿယ(အားကြီးသောမှီရာ)အကြောင်းဖြစ်သည်။ စိတ်သည် စိတ်ကြောင့်ဖြစ်သော ဓာတ်တို့၏ ဇနကအကြောင်းဖြစ်သည်၊ ကြွင်းသော ဓာတ်တို့အား ပစ္စာဇာတပစ္စည်း အတ္ထိပစ္စည်း အဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုသောအကြောင်းဖြစ်သည်။ အာဟာရသည် အာဟာရကြောင့်ဖြစ်သော ဓာတ်တို့၏ ဇနကအကြောင်းဖြစ်သည်၊ ကြွင်းသောဓာတ်တို့အား အာဟာရပစ္စည်း အတ္ထိပစ္စည်း အဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုသော အကြောင်းဖြစ်သည်။ ဥတုသည် ဥတုကြောင့်ဖြစ်သော ဓာတ်တို့၏ ဇနကအကြောင်းဖြစ်သည်၊ ကြွင်းသောဓာတ်တို့အား အတ္ထိပစ္စည်း အဝိဂတပစ္စည်းဖြင့် ကျေးဇူး

မှတ်ချက်

၁—"အကြောင်း မဟုတ်ကုန်" ဟူသောစကားဖြင့် ဖြစ်စေတတ်သည့် ဇနကအကြောင်းမဟုတ်သည်ကိုသာ ဆိုလိုသည်။ နောက်၌လည်း နည်းတူပင်။

၂—ပဋ္ဌာန်းပါဠိ၌ နာမ်တရားတို့အားသာလျှင် (ကျေးဇူးပြုသော) ဥပနိဿယပစ္စည်းကိုဟောထားသောကြောင့် မုချအားဖြင့် ရုပ်တရားတို့အား ကျေးဇူးပြုသော ဥပနိဿယ ပစ္စည်းမည်သည်မရှိချေ၊ သို့သော် သုတ္တန် ဒေသနာ၌ ပုဂ္ဂိုလ်ကိုမှီ၍ တောအုပ်ကို မှီ၍ ဟု ဟောခြင်းကြောင့် သုတ္တန်နည်း ပရိယာယ်အားဖြင့်(အကြောင်းတစုံတခုနှင့်)မကင်းမူ၍ ဖြစ်ခြင်းကို ဥပနိဿယပစ္စည်း (ကြောင့် ဖြစ်သည်) ဟု သိအပ်၏။

http://www.dhammadownload.com

ပြုသော အကြောင်းဖြစ်သည်။ကမ္မဇမဟာဘုတ်သည် ကမ္မဇ မဟာဘုတ်တို့ အားဇင်း၊စိတ္တဇ ဥတုဇ အာဟာရဇ မဟာဘုတ်တို့အားဇင်း ကျေးဇူးပြု၏ ထောက်ပံ့၏။ ထို့အတူ စိတ္တဇမဟာဘုတ်သည် စိတ္တဇမဟာဘုတ်တို့အားဇင်း၊ ကြွင်းသောမဟာဘုတ်တို့အားဇင်း ကျေးဇူးပြု၏၊ အာဟာရဇမဟာဘုတ်သည် အာဟာရဇမဟာဘုတ်တို့အားဇင်း၊ ကြွင်းသောမဟာဘုတ်တို့အားဇင်း ကျေးဇူးပြု၏။ ဥတုဇမဟာဘုတ်သည် ဥတုဇမဟာဘုတ်တို့အားဇင်း၊ ကမ္မဇ စိတ္တဇ အာဟာရဇမဟာဘုတ်တို့အားဇင်း ကျေးဇူးပြု၏။

ထိုတွင် ကမ္မဇပထဝီဓာတ်သည် ကမ္မဇဖြစ်သော အခြားဓာတ်တို့အား သဟဇာတသတ္တိ အညမညသတ္တိ နိဿယသတ္တိ အတ္ထိသတ္တိ အဝိဂတသတ္တိတို့၏ အစွမ်းဖြင့် ၎၊ တည်ရာ၏အစွမ်းဖြင့်၎င်း ကျေးဇူးပြု၏၊ ဖြစ်စေတတ်သော ဇနကသတ္တိအစွမ်းဖြင့်မူ ကျေးဇူးမပြု။ ကမ္မဇမဟုတ်ကုန်သော စိတ္တဇ ဥတုဇ အာဟာရဇဟူသော တိသန္ဓတိ (သုံးခုသောအစဉ်သန္ဓာန်) မဟာဘုတ်တို့အား နိဿယ အတ္ထိ အဝိဂတသတ္တိတို့၏အစွမ်းဖြင့် ကျေးဇူးပြု၏၂၊ တည်ရာ၏အစွမ်းဖြင့် ကျေးဇူးမပြု၊ ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု။ ထိုမှတပါး ဤကမ္မဇဓာတ်လေးပါးတို့တွင် အာပေါဓာတ်သည် ကြွင်းသော ဓာတ်သုံးပါးတို့အား သဟဇာတသတ္တိစသည်၏ အစွမ်းဖြင့်၎င်း၊ ဖွဲ့စည်းခြင်း၏ အစွမ်းဖြင့်၎င်း ကျေးဇူးပြု၏၊ ဇနက၏အစွမ်းဖြင့်မူ ကျေးဇူးမပြု။ အခြားတိသန္ဓတိမဟာဘုတ်တို့အား နိဿယ အတ္ထိ အဝိဂကပစ္စည်းတို့၏

မှတ်ချက်

၁—ကလာပ်တူ အခြားဓာတ် တို့အား ဤပစ္စယသတ္တိ ငါးပါးဖြင့် ကျေးဇူးပြုသည်ကို ပြသည်။

၂—ပဋ္ဌာန်းပါဠိ၌ ကလာပ်ပြား ရုပ်တို့အား ဓာတ်လေးပါးက ကျေးဇူးပြုပုံကို မပြသောကြောင့် ဤပစ္စယသတ္တိသုံးပါးဖြင့် ကျေးဇူးပြုခြင်းကိုလည်းသုတ္တန်နည်းအရပြသည်ဟု ယူရာ၏။

http://www.dhammadownload.com

အစ္ဆမ်းအားဖြင့်သာလျှင် ကျေးဇူးပြု၏၊ ဖွဲ့စည်းခြင်း၏ အစ္ဆမ်းဖြင့် ကျေးဇူးမပြု၊ ဇနက၏အစ္ဆမ်းဖြင့် ကျေးဇူးမပြု။ ဤကမ္မဇဓာတ် လေးပါးတို့တွင် တေဇောဓာတ်သည်လည်း ကြွင်းသောဓာတ်သုံးပါးတို့အား သဟဇာတသတ္တိစသည်၏ အစ္ဆမ်းဖြင့်ဂင်း၊ ကျက်စေသည်၏ အစ္ဆမ်းဖြင့်ဂင်း ကျေးဇူးပြု၏၊ ဇနက၏အစ္ဆမ်းဖြင့် ကျေးဇူးမပြု။ အခြား တိသန္တတိမဟာဘုတ်တို့အား နိဿယ အတ္ထိ အဝိဂတပစ္စည်းတို့၏ အစ္ဆမ်းဖြင့်သာလျှင် ကျေးဇူးပြု၏၊ ကျက်စေခြင်း၏ အစ္ဆမ်းဖြင့် ကျေးဇူးမပြု၊ ဇနက၏အစ္ဆမ်းဖြင့် ကျေးဇူးမပြု။ ဤကမ္မဇဓာတ် လေးပါးတို့တွင် ဝါယောဓာတ်သည်လည်း အခြားဓာတ်သုံးပါးတို့အား သဟဇာတ စသည်၏အစ္ဆမ်းဖြင့်ဂင်း၊ ထောက်ကန်ခြင်း၏ အစ္ဆမ်းဖြင့်ဂင်း ကျေးဇူးပြု၏၊ ဇနက၏အစ္ဆမ်းဖြင့် ကျေးဇူးမပြု။ အခြား တိသန္တတိမဟာဘုတ်တို့အား နိဿယ အတ္ထိ အဝိဂတပစ္စည်းတို့၏ အစ္ဆမ်းဖြင့်သာလျှင် ကျေးဇူးပြု၏၊ ထောက်ကန်ခြင်း၏အစ္ဆမ်းဖြင့် ကျေးဇူးမပြု၊ ဇနက၏အစ္ဆမ်းဖြင့် ကျေးဇူးမပြု။ စိတ္တဇ အာဟာရဇ ဥတုဇပထဝီဓာတ် အစရှိသည်တို့၌လည်း ဤနည်းအတူပင်တည်း။

အထူးကို ဆက်၍ပြရလျှင် ဤဆိုခဲ့သည့်အတိုင်း သဟဇာတ အစရှိသော ပစ္စည်းတို့၏အစ္ဆမ်းဖြင့် ဖြစ်ကုန်သော ဤလေးပါးသော ဓာတ်တို့တွင်—

> တပါးစွဲလတ် သုံးဓာတ်လေးလီ၊ သုံးဓာတ်စွဲငြား တပါးလေးလီ၊
> နှစ်ဓာတ်စွဲပြု နှစ်ခုခြောက်လီ၊ ကြောင်းကျိုးစပ် မပြတ်
> ဖြစ်ကြသည်။[1]

[၃၆၇] ခွဲ၍ပြအံ့ - ပထဝီဓာတ် စသည်တို့တွင် တပါး တပါးကို စွဲမှီ၍ သုံးပါး သုံးပါးကုန်သော အခြားဓာတ်တို့သည် ဖြစ်ကုန်၏၊ ဤသို့အားဖြင့်

မှတ်ချက်

၁—နောက်၌ အကျယ် ဖွင့်ပြထားသောကြောင့်ဂင်း၊ သိလှယ်သောကြောင့်ဂင်း ရှစ်လုံးဖွဲ့ ပါဠိဂါထာကို ရှစ်လုံးဖွဲ့ မြန်မာဂါထာဖြင့် ပြန်ထားသည်။

http://www.dhammadownload.com

တပါးစွဲလတ် သုံးဓာတ်လေးလီ ဖြစ်ကြပေသည်။ ထို့အတူ ပထဝီဓာတ် စသည်တို့တွင် တပါး တပါးသည် သုံးပါး သုံးပါးကုန်သော အခြားဓာတ် တို့ကို စွဲမှီ၍ ဖြစ်ကုန်၏၊ ဤသို့အားဖြင့် သုံးဓာတ်စွဲခြင်း တပါးလေးလီ ဖြစ်ပေသည်။ ရှေးဓာတ် ၂-ပါးတို့ကို စွဲမှီ၍ နောက်ဓာတ် ၂-ပါးတို့သည် ဖြစ်ကုန်၏။ နောက်ဓာတ် ၂-ပါးတို့ကို စွဲမှီ၍ ရှေးဓာတ် ၂-ပါးတို့သည် ဖြစ်ကုန်၏၊ ပဌမ တတိယဓာတ်တို့ကို စွဲမှီ၍ ဒုတိယ စတုတ္ထဓာတ်တို့သည် ဖြစ်ကုန်၏၊ ဒုတိယ စတုတ္ထဓာတ်တို့ကို စွဲမှီ၍ ပဌမ တတိယဓာတ်တို့သည် ဖြစ်ကုန်၏၊ ပဌမ စတုတ္ထဓာတ်တို့ကို စွဲမှီ၍ ဒုတိယ တတိယဓာတ်တို့သည် ဖြစ်ကုန်၏၊ ဒုတိယ တတိယဓာတ်တို့ကို စွဲမှီ၍ ပဌမ စတုတ္ထဓာတ်တို့သည် ဖြစ်ကုန်၏။ ဤသို့အားဖြင့် နှစ်ဓာတ်စွဲပြု နှစ်ခုခြောက်လီ ဖြစ်ကုန်၏။

ထိုဓာတ်လေးပါးတို့တွင် ပထဝီဓာတ်သည် ရှေ့သို့သွားခြင်း နောက်သို့ ပြန်ခြင်းအစရှိသော ကာလ၌ ဖိနှိပ်ခြင်း၏အကြောင်းဖြစ်၏[၁]၊ နောက်လိုက် အာပေါဓာတ်နှင့်တကွ[၂] ထိုပထဝီဓာတ်သည်ပင်လျှင် ခြေကို တည်စေခြင်း ထားခြင်း၏အကြောင်းဖြစ်၏[၃]။ နောက်လိုက် ပထဝီဓာတ်နှင့်တကွ အာပေါ

မှတ်ချက်

၁—တိုက်ခိုက်ခြင်း ကိရိယာသည် ပထဝီဓာတ်၏ အစွမ်းဖြင့် ပြီးခြင်းကြောင့် ပထဝီဓာတ်သည် ဖိနှိပ်ခြင်း၏ အကြောင်း ဖြစ်ပေသည်(ဋီကာ)

၂—အာပေါဓာတုယာ အနုဂတာ-အာပေါဓာတ်သည် အစဉ်လိုက်အပ်သော-ဟု အတိအကျ ပြန်သင့်သော်လည်း သုတနည်းသူတို့ပါ နားလည် လွယ်စေရန် နောက်လိုက် အာပေါဓာတ်နှင့်တကွ-ဟု ပြန်ထားသည်။ အနက် အရကား တူညီသည်ပင်။

၃—တည်ရာဖြစ်ခြင်း၌ကဲ့သို့ တည်စေခြင်း၌လည်း ထိုပထဝီဓာတ်၏ လွန်ကဲသော ကိစ္စရှိခြင်းကြောင့် (ပထဝီဓာတ်သည်) ခြေကို တည်စေခြင်း-ထားခြင်း၏ အကြောင်း အထောက်အပံ့ ဖြစ်ပေသည်။ (ဋီကာ)

http://www.dhammadownload.com

ဓာတ်သည် ခြေကို ချခြင်း၏အကြောင်း ဖြစ်၏ [၃]။ နောက်လိုက် ဝါယောဓာတ်နှင့်တကွ တေဇောဓာတ်သည် ခြေကို ကြွချီခြင်း၏အကြောင်း ဖြစ်၏ [၂]။ နောက်လိုက် တေဇောဓာတ်နှင့်တကွ ဝါယောဓာတ်သည် ခြေကို ရှေ့သို့ ဆောင်ခြင်း, ဖယ်၍ ဆောင်ခြင်းတို့၏ အကြောင်း ဖြစ်၏ [၃]-ဟူ၍ ဤသို့ ကျေးဇူးပြုသော တရားထူး, သတ္တိထူးကို ဝေဘန်ခြင်းအားဖြင့် နှလုံးသွင်းအပ်(ကုန်)၏။ (၁၃)

အကျိုးကား - ဤဆိုခဲ့သည့်အတိုင်း ဝစနတ္ထစသည်တို့၏အစွမ်းအားဖြင့် နှလုံးသွင်းနေသော ယောဂီအားလည်း (၁၃-ပါးတို့တွင်) တပါးပါးသော

မှတ်ချက်

၁–ခြေကို ချထားခြင်း၌ (ဂရုတရသဘာဝါယ) သာ၍ လေးသောသဘော ရှိသော အာပေါဓာတ်၏ ဗျာပါရသည် လွန်ကဲပေ၏။ (ဋီကာ) ဤဋီကာ၌ အာပေါဓာတ်ကို သာ၍ လေးသောသဘောရှိသည်ဟု ဆိုသောကြောင့် ပထဝီထက် အာပေါက သာ၍လေးသည်ဟု သိအပ်၏။

၂–တေဇောဓာတ်သည် အထက်သို့ တက်သွားခြင်းသဘောရှိ၏၊ ထို့ကြောင့် ခြေကိုကြွချီရာ၌ ဝါယောဓာတ်ကို တေဇောဓာတ်၏ နောက်လိုက်ဖြစ်ကြောင်း မိန့်ဆိုပေသည်။ (ဋီကာ)

၃–တည်ရာမှ ခြေကို ရှေ့သို့ဆောင်ခြင်းကို အတိဟရဏဟူ၍ဝင်း၊ ဘေးသို့ ဆောင်ခြင်းကို ဝိတိဟရဏဟူ၍ဝင်း ဤဋီကာအဖွင့်နှင့်အညီ ပြန်ထားသည်။ ဝိသုဒ္ဓိမဂ် ဒုတိယတွဲ နှာ ၂၅၇-၌ ဝိတိဟရဏမည်သည်ကား သစ်ငုတ် ဆူးငြောင့် မြေစသည်တို့တွင် တခုခုကိုပင်လျှင် တွေ့မြင်၍ ထိုမှဤမှ ခြေကို ရှောင်ရှားစေခြင်းတည်းဟု ပြဆိုထား၏၊ ခြေကို ဖယ်ခြင်းပင်။ ဗျာနဝိဘင်း အဖွင့် မူလဋီကာ (၁၈၁)၌ကား "ရပ်တည်လျက်ရှိသော တဖက်ခြေဆီသို့ ဆွဲဆောင်လာခြင်းကို အတိဟရဏ-ဆောင်ခြင်းဟူ၍ဝင်း၊ တဖက်ခြေကို ကျော်လွှန်၍ ရှေ့သို့ လှမ်းခြင်းကို ဝိတိဟရဏ-ကျော်လွှန်၍ ဆောင်ခြင်းဟူ၍ဝင်း" ပြဆိုထား၏။

http://www.dhammadownload.com

သိမ်းဆည်းကြောင်း နည်းလမ်း (မုခ)ဖြင့် ဓာတ်တို့သည် ထင်ရှားပေါ်ကုန်၏။ ထိုဓာတ်တို့ကို အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်းနေသော ယောဂီအား ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် ဥပစာရသမာဓိသည် ဖြစ်ပေါ်၏။ ထိုသို့ဖြစ်ပေါ်သော ဤဥပစာရသမာဓိသည် လေးပါးကုန်သော ဓာတ်တို့ကို ပိုင်းခြားဆုံးဖြတ်သော ဉာဏ်၏ အစွမ်းအာနုဘော်ဖြင့် ဖြစ်ခြင်းကြောင့် စတုဓာတုဝဝတ္ထာန်ဟူ၍သာလျှင် ရေတွက်ခေါ်ဆိုအပ်ခြင်းသို့ ရောက်၏။

၃၆၀။ အာနိသင်အကျိုးကား — ဤ စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို အားထုတ်သော ရဟန်းသည် အတ္တမှ ဆိတ်ခြင်းသို့ သက်ဝင်၏၊ သတ္တဝါဟု ထင်မှတ်သော သညာကို နှုတ်ပယ်နိုင်၏၊ သတ္တဝါဟု ထင်မှတ်သောသညာကို နှုတ်ပယ်ပြီးဖြစ်သောကြောင့် ထိုရဟန်းသည် သားရဲ ဘီလူး ရက္ခိုသ်စသည်ဖြင့် ကြံဆခြင်းသို့ မရောက်မူ၍ ဘေးကြီး ဘေးငယ်ကို လှမ်းမိုးသည်းခံနိုင်၏၊ ဘာဝနာကုသိုလ်တရား၌ မပျော်မွေ့ခြင်း ကာမဂုဏ်၌ ပျော်မွေ့ခြင်းကို နှိမ်နင်းသည်းခံနိုင်၏၊ ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ ဝမ်းမြောက်တက်ကြွခြင်း စိတ်ညစ်နစ်ကျခြင်းသို့ မရောက်ပေ၊ အထူးအားဖြင့်မူကား ပညာကြီးတတ်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသည်မှုလည်း ဖြစ်တတ်၏၊ သုဂတိသို့ လားရောက်ရသည်မှုလည်း ဖြစ်တတ်၏၊ ဤကား အာနိသင်အကျိုးပေတည်း။

> ဤဆိုခဲ့သည့်အတိုင်း ကြီးမြတ်သော အာနုဘော်ရှိသော အထောင်မက များစွာသော ယောဂီမြတ်အပေါင်း၏ ကွန့်မြူးရာဖြစ်သော ဤစတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို ပညာရှိသည် အမြဲမပြတ် မှီဝဲရာ၏။ ဤကား ဥယျောဇဉ်ပေတည်း။

ယခုဆိုခဲ့ပြီးသောစကားသည် စတုဓာတုဝဝတ္ထာန်ပဋိပုံကို အကျယ်ပြဆိုချက်ပေတည်း။

http://www.dhammadownload.com

သမာဓိကထာ နိဂုံးချုပ်

၃၆၁။ သမာဓိကထာကို နိဂုံးချုပ်ပြရလျှင် ဤမျှသော ဘာဝနာစကားအစဉ်ဖြင့် သမာဓိကို အကျယ်ပြချက်စကားကိုဎ်း၊ပွါးစေပုံ ဘာဝနာနည်းကိုဎ်း ပြရန်အတွက် "သမာဓိဟူသည် အဘယ်နည်း၊ အဘယ် အနက်သဘောကြောင့် သမာဓိမည်သနည်း" ဤသို့အစရှိသောနည်းဖြင့် ထုတ်ပြခဲ့သော မေးခွန်းပြဿနာအပေါင်း၌ [၃၆၀] "သမာဓိကို အဘယ်သို့ ပွါးစေအပ်သနည်း" ဟူသော ဤမေးခွန်းပုဒ်၏ အနက်အဖွင့်သည် ခပ်သိမ်းသော အပြားအားဖြင့် ပြီးစီးပြည့်စုံပေပြီ။

မှန်ပေ၏—ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိဟူသော နှစ်ပါးအပြားရှိသော ဤသမာဓိကိုသာလျှင် (စိတ္တံ ဘာဝယံ) စိတ်ကိုပွါးစေသော်-ဟူသော ဤအရာ၌ အလိုရှိအပ်ပေသည်။ ထိုနှစ်ပါးတို့တွင် ဗုဒ္ဓါနုဿတိစသော ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့၌ဎင်း၊ အပ္ပနာ၏ ရှေးအဖို့ဖြစ်သော စိတ်တို့၌ဎင်း တခုတည်းသော အာရုံရှိသည်၏အဖြစ်ဟူသော ကေဂ္ဂတာသည် ဥပစာရသမာဓိပေတည်း၊ ကြွင်းသော သုံးဆယ်သော ကမ္မဋ္ဌာန်းတို့၌ စိတ္တေကဂ္ဂတာသည် အပ္ပနာသမာဓိပေတည်း။ နှစ်ပါးလုံးသော ထိုသမာဓိသည် လေးဆယ်သော ထိုကမ္မဋ္ဌာန်းတို့ကို ပွါးစေပြီးဖြစ်သောကြောင့် ပွါးစေပြီးဖြစ်လေပြီ။ ထို့ကြောင့် "သမာဓိကို အဘယ်သို့ ပွါးစေအပ်သနည်း ဟူသော ဤမေးခွန်းပုဒ်၏ အနက်အဖွင့်သည် ခပ်သိမ်းသော အပြားအားဖြင့် ပြီးစီးပြည့်စုံပေပြီ" ဟူ၍ ငါဆိုခဲ့ပေသည်။

သမာဓိ၏အာနိသင်ကို ပြဆိုချက်

၃၆၂။ "သမာဓိကို ပွါးစေခြင်း (သမာဓိဘာဝနာ)၏ အကျိုးကား အဘယ်နည်း" ဟူသော မေးခွန်း၌ (ဒီဌဓမ္မသုခဝိဟာရ) မျက်မှောက်အတ္တဘော-မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း အစရှိသော အကျိုး

http://www.dhammadownload.com

ငါးပါးသည် သမာဓိဘာဝနာ၏ အကျိုးအာနိသင်ပေတည်း။ ထိုအကျိုးငါးပါးကို ခွဲ၍ပြရလျှင်—

အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည် စျာန်ဝင်စား၍ တည်ကြည်သောစိတ်ရှိကုန်လျက် တနေ့ပတ်လုံး ချမ်းသာစွာ နေကုန်အံ့ဟု ရည်ရွယ်၍ စျာန်သမာဓိကို ပွါးစေကုန်၏၊ ထိုရဟန္တာပုဂ္ဂိုလ်တို့၏ အပွနာသမာဓိဘာဝနာသည် ဒိဋ္ဌဓမ္မသုခဝိဟာရဟူသော အကျိုးအာနိသင်ရှိပေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည်—

"ချစ်သားစုန္ဒ ဤရူပါဝစရစျာန်တို့ကို (အရိယမည်သော) ဘုရား၏ အဆုံးအမ သာသနာတော်၌ ကိလေသာကို ခေါင်းပါးစေတတ်သည့် သလ္လေခတရားတို့ဟူ၍ မဆိုအပ်ကုန်၊ ဤရူပါဝစရစျာန်တို့ကို (အရိယမည်သော) ဘုရား၏ အဆုံးအမ သာသနာတော်၌ မျက်မှောက်အတ္တဘောမှာ ချမ်းသာစွာ နေရခြင်းဟူသော ဒိဋ္ဌဓမ္မသုခဝိဟာရတို့ဟူ၍ ဆိုအပ်ကုန်၏"ဟု မိန့်တော်မူခဲ့ပေသည်။ (၁)

သမာပတ်မှထ၍ တည်ကြည်သောစိတ်ဖြင့် ဝိပဿနာရှုကုန်အံ့-ဟု ရည်ရွယ်၍ ပွါးစေကုန်သော သေက္ခပုဂ္ဂိုလ်ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အပွနာသမာဓိကို ပွါးစေခြင်းသည်ထင်း၊ ကာမဂုဏ်ကိလေသာတို့ဖြင့် ကျဉ်းမြောင်းစွာသော လူ့ဘောင်၌မင်္ဂဖိုလ်ချမ်းသာရကြောင်း အခွင့်ကို ရသည်-ဟူသော နည်းဖြင့်

မှတ်ချက်

၁—သမ္မာဓေ ဩကာသာဓိဂမနယေန-ဟူသောပါဠိ၏ အနက်ဖြစ်သည်။ ဤအရာဝယ် ဋီကာ၌-"သမ္မာဓေ-ဟူသည်ကား၊ တဏှာသံကိလေသ စသည်ဖြင့် ပူပန်စေအပ်-ညစ်နွမ်းစေအပ်သည်၏ အဖြစ်ကြောင့် အလွန်ကျဉ်းမြောင်းသော အလွန်ပင် ကျဉ်းကျပ်ရာဌာန ဖြစ်သော သံသရာအယဉ်၌။ ဩကာသာဓိဂမနယေန-ဟူသည်ကား (မဂ်ဖိုလ်) အကျိုးကို ရရန် သင့်လျော်သော

http://www.dhammadownload.com

မှတ်ချက်

(ဗုဒ္ဓုပ္ပါဒ) နဝမခဏဟု ဆိုအပ်သော အခွင့်ကောင်းကို ရသောနည်းဖြင့်။ မှန်ပေ၏-ထိုနဝမခဏ၏ ရခဲသည်၏အဖြစ်ကြောင့် အပွနာစျာန်ကို ရအောင်သော်လည်း ဆိုင်းငံ့မနေတော့ပဲ သံဝေဂအဖြစ်မျှားသောပုဂ္ဂိုလ်သည် ဥပစာရသမာဓိ၌သာလျှင် တည်၍ သံသရာဝဋ်ဆင်းရဲကို လျင်စွာ လွန်မြောက်စေမည်ဟု ရည်ရွယ်၍ ဝိပဿနာရှုမှုကို ပြုလေတော့သည်"ဟု ပြဆိုထားလေသည်။ အနက်အဓိပ္ပါယ်ချောသကဲ့သို့ရှိသော်လည်း အဋ္ဌကထာဆရာ၏ အလိုကျမည်မထင်ပေ။ အင်္ဂုတ္တရပါဠိ ဒုတိယတဲ့ နှာ ၂၇၇ မဟာကစ္စာန သုတ်၌"တေန ဘဂဝတာ။ပ။သမ္မာဓေ ဩကာသာဓိဂမော အနုဗုဒ္ဓေါ သတ္တာနံ ဝိသုဒ္ဓိယာ ။ပ။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ=သတ္တဝါတို့ စင်ကြယ်ရန် ။ပ။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှါ ထိုမြတ်စွာဘုရားသည်။ပ။ ကျဉ်းမြောင်းသော လူ့ဘောင်၌ အခွင့်ရခြင်းကို သင့်လျော်စွာ သိတော်မူပါပေသည်" ဤသို့စသည်ဖြင့် ဟောထား၏။ ဝိသုဒ္ဓိမဂ် ၂၂၀-၌လည်း ထိုသုတ်ကို ထုတ်ပြခဲ့၏။ ထိုသုတ်အဖွင့်အဋ္ဌကထာ၌ သမ္မာဓ-ကျဉ်းမြောင်းဟူသည်ကို ကာမဂုဏ်ငါးပါးတို့ဖြင့် ကျဉ်းမြောင်းသောလူ့ဘောင် ဖြစ်ကြောင်းဖွင့်ပြ၏။ ဩကာသာဓိဂမ-ဟူသည်မှာ ဗုဒ္ဓါနုဿတိအစရှိသော အနုဿတိ ၆-ပါးကို ရခြင်းဖြစ်ကြောင်းဖွင့်ပြထား၏။ ထိုကစ္စာနသုတ်၌ အနုဿတိ ၆-ပါးကို ပွါးစေ၍ ဥပစာရသမာဓိကို ရသောအခါ ဝိပဿနာရှု၍ မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုနိုင်ပုံ ဟောထားသည်။ ထိုနည်းတူပင် အခြား ကမ္မဋ္ဌာန်းတို့ဖြင့်လည်း ဥပစာရသမာဓိကို ရသောအခါ ထိုဥပစာရသမာဓိ၌တည်၍ ဝိပဿနာရှုလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သည်-ဟု ထိုကစ္စာနသုတ်၌လာသော ဩကာသာဓိဂမမှ နည်းယူ၍ ဝိပဿနာရှုခြင်းကိုပင် "ကျဉ်းမြောင်းသော လူ့ဘောင်၌ နေရင်း ဩကာသာဓိဂမနည်းဖြင့် ဝိပဿနာရှုသည်"ဟု ဝိသုဒ္ဓိမဂ်၌ ဆိုလိုသည်ဖြစ်ရာ၏။ ထိုသို့ ရှုသူမှာ ဝိပဿနာ၏အခြေခံ စိတ္တဝိသုဒ္ဓိဖြစ်စေရန် အတွက် သမထကမ္မဋ္ဌာန်းတခုခုဖြင့် အားထုတ်၍ ဥပစာရသမာဓိကို ဖြစ်စေခြင်းကိုပင် သမ္မာဓေ ဩကာသာဓိဂမနည်းဖြင့် ဖြစ်စေခြင်းဟု ယူရာ၏။ ဝိသုဒ္ဓိမဂ် ပ-နှာ ၂၂၀၊ မြန်မာပြန် ဒု ၂၀၃-၄-၌ ပြန်ကြည့်ပါ။

http://www.dhammadownload.com

ဥပစာရသမာဓိကို ပွါးစေခြင်းသည်၎င်း ဝိပဿနာ၏ နီးသောအကြောင်း ဖြစ်ခြင်းကြောင့် ဝိပဿနာဟူသော အာနိသင်အကျိုးရှိပေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည်—

"သမာဓိ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ=ဘိက္ခဝေ၊ ရဟန်းတို့။ သမာဓိ၊ စိတ်တည်ကြည်မှု-သမာဓိကို။ ဘာဝေထ၊ ဖြစ်စေကြ-ပွါးစေကြကုန်လော့။ ဘိက္ခဝေ၊ ရဟန်းတို့။ သမာဟိတော၊ စိတ်တည်ကြည်သော။ ဘိက္ခု၊ ရဟန်းသည်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊ သိ၏"ဟူ၍ ဟောတော်မူခဲ့ပေသည်[၁]။ (၂)

အကြင် ပုဂ္ဂိုလ်တို့သည်ကား ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေကြပြီးလျှင် အဘိညာဉ်၏အခြေခံဖြစ်သော စတုတ္ထစျာန်ကို ဝင်စားပြီးနောက် ထိုစျာန်မှထ၍ တပါးတည်းဖြစ်လျက်လည်း အများဖြစ်၏ ဤသို့စသည်ဖြင့် ဟောထားသောနည်းနှင့် စပ်ဆိုင်ကုန်သော (အထွေထွေအမျိုးမျိုး တန်ခိုးဖန်ဆင်းခြင်း အစရှိသော) အဘိညာဉ်တို့ကို တောင့်တကုန်လျက် (အပွနာသမာဓိကို) ဖြစ်စေကုန်၏၊ ထိုပုဂ္ဂိုလ်တို့၏ အပွနာသမာဓိဘာဝနာသည် အဘိညာဉ်ကိုရရန်အကြောင်းရှိတိုင်းရှိတိုင်း (၀၊-အကြောင်းရှိသလောက်)[၂]

မှတ်ချက်

၁– အထူးမှတ်ဖွယ်ကောင်းသောကြောင့် အလိုရှိသူတို့ ကျက်မှတ်နိုင်ရန် ပါဠိအနက်ကို အပြည့်အစုံ ဖော်ပြလိုက်ခြင်း ဖြစ်သည်။

၂– သတိ သတိ အာယတနေ-ဟူသောပါဠိ၏ အနက်ဖြစ်သည်။ ဤ၌ သတိ သတိ-ဟူသော ၂-ပုဒ်သည် ဂစ္ဆန္တေ ဂစ္ဆန္တေ ကာလေ· အချိန်ကာလ ကုန်ကုန်သွားလတ်သော်·ဟူသော စကားဌ်ကဲ့သို့ ကြိယာ-ဝိစ္ဆာဖြစ်သည်။ ထိုဝိစ္ဆာဖြင့် အဘိညာဉ် ၅-ပါးကို ရရန်အကြောင်းရှိခြင်း ဟူသမျှကို ပြန့်နှံ့စေ၏။ အဘိညာဉ်တပါးသာရရန် အကြောင်းရှိလျှင် ထိုတပါး၏သာလျှင် နီးသော

http://www.dhammadownload.com

အဘိညာဉ်၏ နီးသောအကြောင်း ဖြစ်ခြင်းကြောင့် အဘိညာဉ်ဟူသော အာနိသင်အကျိုး ရှိပေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည်—

"ထိုရဟန်းသည် အဘိညာဉ်ခေါ် ဉာဏ်ထူးဖြင့် မျက်မှောက်ပြုအပ်သော အကြင်အကြင် [၃၆၉] တရားကို အဘိညာဉ်ဖြင့်မျက်မှောက်ပြုခြင်းငှါ စိတ်ကို ရှေးရှုညွတ်စေ၏၊ အကြောင်းရှိတိုင်းရှိတိုင်း ထိုထို မျက်မှောက်ပြုအပ်သော တရား၌ မျက်မြင်ကိုယ်တွေ့ရှိသူဖြစ်ထိုက်ခြင်း-မျက်မြင်ကိုယ်တွေ့ ဖြစ်ခြင်းသို့ ရောက်၏" ဟူ၍ ဟောတော်မူခဲ့ပေသည်။ (၃)

ဈာန်မလျှောကုန်သည်ဖြစ်၍ ငြဟ္မလောကဘွဲ့ ဖြစ်ကုန်အံ့ဟု ငြဟ္မလောကဘွဲ့ ဖြစ်ခြင်းကို တောင့်တကြသည်မူလည်း ဖြစ်ကုန်သော မတောင့်တကြသည်မူလည်း ဖြစ်ကုန်သော အကြင် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဖြစ်စေပြီးသော ဈာန်သမာဓိမှ မဆုတ်ယုတ်ပဲ မလျှောကျပဲ ရှိကုန်၏၊ ထိုပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အပွနာသမာဓိဘာဝနာသည် ဘဝအထူးကို ဖြစ်စေတတ်သောကြောင့် ဘဝအထူး ဟူသောအာနိသင်အကျိုးရှိပေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည်

"ပဌမဈာန်ကို အာနုဘော် အနည်းငယ်မျှ ရှိရုံ ပွါးစေပြီး၍ အဘယ်ဘုံ၌ ဖြစ်ကုန်သနည်း။ ငြဟ္မဉ့ပရိသတ်ဟု ဆိုအပ်ကုန်သော

_ မှတ်ချက်

အကြောင်းဖြစ်သည်၊ အဘိညာဉ် ၂-ပါး ၃-ပါး ၄-ပါး သာ ရရန်အကြောင်း ရှိလျှင် ထို ၂-၃-၄-ပါး၏သာလျှင် နီးသောအကြောင်း ဖြစ်သည်။အဘိညာဉ် ငါးပါးလုံးကို ရရန်အကြောင်းရှိလျှင် ထိုငါးပါးလုံး၏ နီးသောအကြောင်း ဖြစ်သည်-ဟု ဆိုလို၏။ ထို့ကြောင့် ထိုအနက်ကို ပေါ်လွင်စေရန် (ဝါ-အကြောင်းရှိသလောက်) ဟု ဒုတိယ အနက်ထပ်ဆင့်၍ ပြန်သည်။နှာ ၂၇၄ မှတ်ချက် ၂-၌လည်း ကြည့်ပါ။

http://www.dhammadownload.com

ပြဟ္မာနတ်တို့၏ အဖော်အဖြစ်သို့ ကပ်ရောက်၍ ဖြစ်ကုန်၏"ဤသို့ အစရှိသော စကားတော်ကို ဟောတော်မူခဲ့ပေသည်။

ဥပစာရသမာဓိကို ပွါးစေခြင်းသည်လည်း လူ့ဘဝ နတ်ဘဝ ဟူသော ကာမသုဂတိဘဝအထူးကို ဖြစ်စေတတ်သည်သာတည်း။ (၄)

ထိုမှတပါး အကြင် အရိယာပုဂ္ဂိုလ်တို့သည် ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေပြီးလျှင် နိဗ္ဗာနသမာပတ်ကို ဝင်စားကုန်၍ ခုနစ်ရက်တို့ ပတ်လုံး စိတ်မရှိကြသည်ဖြစ်လျက် မျက်မှောက်အတ္တဘောဌ်ပင်လျှင် ချုပ်ခြင်းဟူသော အငြိမ်းဓာတ်(နိဗ္ဗာန်)သို့ရောက်၍ ချမ်းသာစွာနေကုန်အံ့ဟု ရည်ရွယ်၍ အပွနာသမာဓိကို ဖြစ်စေကုန်၏၊ ထို အရိယာပုဂ္ဂိုလ်တို့၏ အပွနာသမာဓိဘာဝနာသည် နိဗ္ဗာနသမာပတ်ဟူသော အာနိသင်းအကျိုး ရှိပေ၏။ ထို့ကြောင့် "တဆဲခြောက်မျိုးသော ဉာဏ်ဖြစ်ခြင်း, ကိုးမျိုးသော သမာဓိဖြစ်ခြင်းတို့ဖြင့် လေ့လာနိုင်နင်းသည်၏ အဖြစ်ဟူသော ပညာသည် နိဗ္ဗာနသမာပတ်၌ ဉာဏ်မည်၏" ဟူ၍ ဟောတော်မူပေသည်။ (၅)

ယခုပြဆိုခဲ့သည့်အတိုင်း ဒိဋ္ဌဓမ္မသုခဝိဟာရ အစရှိသော ငါးပါး အပြားရှိသော ဤအကျိုးသည် သမာဓိကို ပွါးစေခြင်း(သမာဓိဘာဝနာ)၏ အာနိသင်းအကျိုးပေတည်း။

မှတ်ချက်

၁–ချုပ်ခြင်းဟူသော အငြိမ်းဓာတ်သို့ ဟူသော အနက်သည် နိဗ္ဗာန်-ဟူသော ၂-ပုဒ်၏ အတိအကျ သဒ္ဒါနက်ဖြစ်သည်။ အဘယ်တရား ချုပ်သနည်း ? ဟူမူ-သညာဝေဒယိတနိရောဓသမာပတ္တိ-ဟူသော ပါဠိတော်အရ အားဖြင့် သညာဝေဒနာပြဓာန်းသော စိတ်စေတသိက် နာမ်တရား အားလုံး ချုပ်သည်ဟု မှတ်ရာ၏။ စိတ်စေတသိက်နာမ်တရားချုပ်လျှင် စိတ္တဇရုပ်များလည်း ချုပ်ကြတော့သည်သာ။ အသိနာမ်တရားချုပ်လျှင် ရုပ်နှင့်စပ်သော ဒုက္ခလည်း မထင်ရှားတော့သောကြောင့် ဆင်းရဲအားလုံး ချုပ်ငြိမ်းသည်

http://www.dhammadownload.com

ထို့ကြောင့် ပညာရှိသည် မျှားသောအာနိသင်ရှိသော ကိလေသာ အညစ်အကြေးကို သုတ်သင်တတ်-ပယ်ရှင်းတတ်သော သမာဓိ ဘာဝနာကို အားထုတ်ခြင်း၌ မမေ့လျော့ရာ။ ဤကား ဥယျောဇဉ် ပေတည်း။

၃၆၃။ ဤမျှသော စကားအစဉ်ဖြင့် "သီလေ ပတိဋ္ဌာယ နရော သပညော—ပညာရှိသော လူသည် သီလ၌ တည်၍" အစချီသော ဤဂါထာဝယ်[၁] သီလ သမာဓိ ပညာကို ပဓာနပြု၍ ဟောထားသော ဝိသုဒ္ဓိမဂ်

မှတ်ချက်

ဟူ၍လည်း ဆိုသင့်၏။ ထို့ကြောင့် ဋီကာ၌ "နိဗ္ဗာန်သို့ဟူသည်ကား (ဒုက္ခ ဒုက္ခ, ဝိပရိဏာမဒုက္ခ, သခါရဒုက္ခဟူသော) သုံးပါးသော ဆင်းရဲတို့၏ ငြိမ်းခြင်းသို့ (ရောက်၍ဟု ဆိုလို၏)။ မုန်ပေ၏-ရုပ်တရား၌ အတွင်းဝင်သော သခါရဆင်းရဲ ရှိပြားသော်လည်း စိတ်မရှိခြင်းကြောင့် မရှိသည်နှင့် တူသည်သာတည်း"ဟု ပြဆိုထားပေသည်။

၁–အလွယ်တကူကြည့်ရှုရန် မူရင်းဂါထာပါဠိအနက်ကို ထုတ်ပြဦးအံ့။

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။

သပညော၊ (တိဟိတ်ပဋိသန္ဓေ၌ ပါဝင်သော ကမ္မဇ) ပညာနှင့် ပြည့်စုံသော။ နရော၊(လူ)ပုဂ္ဂိုလ်သည်။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ (ဖြည့်ကျင့်သောအားဖြင့်)တည်၍။ အာတာပီ၊ ကိလေသာတို့ကို ပူလောင် သွေခြောက်ကင်းပျောက်စေတတ်သော သမ္မပ္ပဓာန် လုံ့လ ဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍။ နိပကော၊ရင့်ကျက်သော ပါရိဟာရိကသမ္မဇ္ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍။ စိတ္တံ၊စိတ်ကို ပဓာနပြု၍ ဟောအပ်သော သမာဓိကိုဂင်း။ ပညဉ္စ၊ ဝိပဿနာပညာကိုဂင်း။ ဘာဝယံ-ဘာဝယန္တော၊ ပွါးစေသည်ရှိသော်။ သော ဘိက္ခု၊ သံသရာဘေးကို ရှုမြင်တတ်သော ထို(လူ)ပုဂ္ဂိုလ်သည်၊ ဣမံ ဇဋံ၊ ဤ တဏှာ အရှုပ်အထွေးကို။ ဝိဇဋယေ၊ ဖြေရှင်းနိုင်ပေ၏။

http://www.dhammadownload.com

(နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်း) ၌ သမာဓိကိုလည်း အပြည့်အစုံပြပြီး ဖြစ်ပေပြီ။

ဤသည်ကား သူတော်ကောင်းအပေါင်းတို့၏ ဝမ်းမြောက်ခြင်းငှါ ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ် သမာဓိဘာဝနာအရာ၌ သမာဓိကိုအကျယ်ပြချက် (သမာဓိနိဒ္ဒေသ) မည်သော တဆယ့်တခုမြောက်ဖြစ်သော အပိုင်းအခဏ်းပေတည်း။

(သမာဓိကို အကျယ်ပြချက် ပြီး၏)။

[၃၇၀] ၃၆၄။ ပဌမပိုင်းသည် သီလနိဒ္ဒေသတည်း၊ ဒုတိယပိုင်းသည် ဓုတင်္နိဒ္ဒေသတည်း၊ တတိယပိုင်းသည် ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသတည်း၊ စတုတ္ထပိုင်းသည် ပထဝီကသိဏနိဒ္ဒေသတည်း၊ ပဉ္စမပိုင်းသည် သေသကသိဏနိဒ္ဒေသတည်း၊ ဆဋ္ဌပိုင်းသည် အသုဘနိဒ္ဒေသတည်း၊ သတ္တမပိုင်းသည် ဆအနုဿတိနိဒ္ဒေသတည်း၊ အဋ္ဌမပိုင်းသည် သေသာနုဿတိနိဒ္ဒေသတည်း၊ နဝမပိုင်းသည် ပြဟ္မဝိဟာရနိဒ္ဒေသတည်း၊ ဒသမပိုင်းသည် အာရုပ္ပနိဒ္ဒေသတည်း၊ ကောဒသမပိုင်းသည် ပဋိက္ကူလသညာနှင့် ဓာတုဝဝတ္ထာန-နှစ်ခု အပေါင်းကို အကျယ်ပြချက်ပေတည်း။ ဤအစဉ်ဖြင့်-

ဝိသုဒ္ဓိမဂ်ပါဠိကျမ်း၏ ပဌမတွဲ ပြီး၏။

ဝိသုဒ္ဓိမဂ်-မြန်မာပြန် ဒုတိယတွဲ ဤတွင် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ် မြန်မာပြန်

ဒုတိယတွဲ

မှတ်သားဖွယ် အကွရာစဉ်အညွှန်း

အကွရာစဉ်	စာမျက်နှာ
[အ]	
အကမ္မာသ	၁၈၇
အကာလမရဏ	၂၀၈-၂၁၀
အကာလိက	၁၆၃
အကြမ်းနည်းဖြင့်လည်းဆုံးမ၏	၁၁၇
အကြောင်းရှိတိုင်းရှိတိုင်း	၂၇၄
အကွပ်တကူ	၂၄၅
အခဏ္ဍ(သီလ)	၁၈၇
အဂ္ဂိသိခ(နဂါး)	၁၁၆
အင်ဒိုနီးရှား	၁၁၂
အစ္စန္တနိဏ္ဍေဓ	၄၀၀
အစ္စန္တဝိရာဂ	၃၉၉
အစ္ဆိဒ္ဒ(သီလ)	၁၈၇
အဆုတ် ၂-ခုအတွင်းသို့	၃၀၂
အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်	၅၂၁
အဇပထံ	၄၄၄
အဇ္ဇုနမင်းသား	၂၂၈-၂၂၉
အဥ္ဇလိကရဏီယ	၁၈၂
အဏုမြူ	၂၈၂
အတင်ရုဋ္ဌီ	၄၅၈

အကွရာစဉ်	စာမျက်နှာ
[အ]	
အတပ်ဟောနှင့်သကဲ့သို့	၂၂၃
အတ္တန္တပပုဂ္ဂိုလ်	၉၆
အတ္ထဝေဒ	၂၀၁
အတွင်ရုဋ္ဌီ	၄၅၈
အတွင်း၌ ပျံ့လွင့်ခြင်းသို့	၃၇၃
အထက်နှုတ်ခမ်းကို တိုက် (နှာတိုသူ)	၃၈၂
အထက်နှုတ်ခမ်းကို သိမ်းယူ၏	၃၅၃
အထောင်မကများစွာသော အနာ	၅၀၇
အဓိစိတ္တသိက္ခာ	၃၅၅
အဓိစိတ္တသုတ်	၂၇၁-၂၇၅
အဓိစ္စသမုပ္ပန္နအမည်	၁၂၄
အဓိပညာသိက္ခာ	၃၅၅
အဓိမုတ္တိ	၁၀၆
အဓိသီလသိက္ခာ	၃၅၄
အနန္တော အာကာသော	၅၂၂
အနမတဂ္ဂမည်သော	၇၄
အနမတဂ္ဂိယသုတ်	၄၄၄
အနာထပိဏ်	၂၂၇

http://www.dhammadownload.com

အကွဲထုစဉ်	စာမျက်နှာ
[အ]	
အနိစ္စလက္ခဏာ	၃၉၇
အနိစ္စာနုပဿနာ	၃၉၇
အနိမိတ္တဝိမောက္ခ	၁၄၀
အနိယမအနက်ရှိ၏	၃၅၃
အနီးရန်သူ	၄၀၄
အနုတ္တရသီတိဘာဝသုတ်	၂၇၅
အနုတ္တရံ ပုညက္ခေတ္တံ	၁၀၂
အနုပဒန္ဓနာနည်း	၃၇၂
အနုနည်းဖြင့်လည်းဆိုးမ၏	၁၁၇
အနုပဒမ္မဝိပဿနာ	၅၄၃
အနုသယ	၁၀၆
အနုဿတိ	၆၅
အနေကသခ်္ခာ	၁၃၂
အနောတ္တပ္ပ	၁၃၀
အနောဓိသမေတ္တာ	၄၅၃
အနှစ်တရာ(အသက်ရှင်၏)	၂၄၂
အနှစ်တရာထက်ပိုလွန်၍	၂၄၂
အနှစ်နှစ်ရာသို့မရောက်	၂၄၃
အပရဂေါယာနကျွန်း	၁၁၂
အပန်းဖြေနေစဉ်	၃၀၄
အပလာလနဂါး	၁၁၆
အပေါင်းလိုက်သုံးသပ်သည်	၅၄၂
အပွဏိဟိတဝိမောက္ခ	၁၄၀
အပြောအဆို ပြေပြစ်၏	၄၃၁
အပွမညာ	၄၉၁
အပြင်ပဋ္ဌ ပျံလွှင့်ခြင်း	၃၇၃

အကွဲထုစဉ်	စာမျက်နှာ
[အ]	
အပြင်ပလက်လွှတ်ဖြစ်ကာ	၄၄၆
အပြောက်အပြောက်မရှိ	၁၀၇
အဗျာကတော-အာရုံကို မသိတတ်	၅၉၀
အဘယထေရ်ကို	၃၂၀
အဘာဝပညတ်	၅၃၁
အဘိညေယျ	၀၉
အဘိဓမ္မာဓာတုဝိဘင်း	၂၆၃
အဘိသိက်သွန်းရာ	၁၁
အမည်ပညတ်ကိုကျော်လွန်၍	၂၆၇
အမုခေ-ရေဝင်ပေါက်မရှိ	၃၂၃-၄
အမွှဋ္ဌလုလင်	၁၁၆
အမြတ်ဆုံး(သည်းခံခြင်း)	၄၁၇
အမြတ်ဆုံး ကြည်ညိုသူ	
အမြတ်ဆုံး အကျိုးရ	၁၁၅
အမှတ်သညာချင်းမတူပဲ ကွဲပြားသောကြောင့်	၃၀၆
အယစ်အမှူးပြေရာ	၄၀၉
အယုတ်တရားတို့သို့ မကပ်ရောက်ပဲ	၉၀
အရကမည်သော ဆရာကြီး	၂၄၃
အရတော်ပါပေစ္ဆ	၁၉၁
အရဝါဠနဂါးမင်း	၁၁၆
အရိယဝိဟာရ	၁၄၀
အရိယူပဝါဒန္တရာယ်	၁၅၉
အရေမရှိသည့် နွားဥပမာ	၅၅၂

http://www.dhammadownload.com

အကွဲရာစဉ်	စာမျက်နှာ
[အ]	
အရောင်ခြောက်ပါးထွက်ကာ	၄၄၀
အလမ္ဘာယ်ဆရာ	၄၄၁
အလယ်လမ်းအကျင့်	၁၆၀
အလိုလိုက်ထားဘိ၏ (ဒေါသကို)	၄၃၃
အဝေးရန်သူ	၄၈၄
အသက်ရှုပ်အစဉ်	၂၀၉
အသူတရာနက်သော	၂၆၇
အသောကမင်း	၂၁၇
အသောကာဝဒါန	၂၁၈
အသိုနှတ်	၂၂၉
အဟိရိက	၁၃၀
အဝေစ္စပသာဒ	၆၈
အသစ်အသစ်သာလျှင်ဖြစ်၏	၃၈၁
အာသဗလ	၁၈၇
အသေစနက	၃၃၆
အသောကကျောက်စာ	၁၁၂
အသောကမင်းမြတ်	၈၆
အသံတို့၏ နိမိတ်	၃၆၂
အသံမမြည်	၃၇၉
[အာ]	
အာဃာတပဋိဝိနယသုတ်	၄၃၂
အာဇီဝကသုတ်	၁၇၃
အာဏာဝိတိက္ကမန္တရာယ်	၁၅၉
အာထဗ္ဗဏဝေဒ	၂၂၅

အကွဲရာစဉ်	စာမျက်နှာ
[အ]	
အာဒိတ္တသိသောဝ	၂၄၃
အာနန္ဒာမထေရ်က ဖြေရှင်း	၁၇၃
အာနာပါနကမ္မဋ္ဌာန်းသည် သာသနာပဋ္ဌာန်၏	၃၃၈
အာနာပါနဿတိ	၆၈
အာဖရိကကြွံဖြင့်	၂၃၂
အာယုသင်္ခါရခေါ်	၂၃၉
အာမိသဒါန	၁၃၅
အာမိသပဋိသန္ဓာရ	၃၆
အာရမ္မဏာနုသယ	၈၅
အာလယသမုဂ္ဃါတ	၄၁၀
အာဝတ္တိကအမည်	၁၂၄
အာဟာရသမ္ဘတ္တိ	၂၀၉
အာဠဝကဘီလူး	၁၁၇
အာသယ ၄-ပါး	၁၀၆
အာဟဝနီယ(သံဃာ)	၁၇၇
အာဟာရ ၄-ပါး	၅၅၁
အာဟုနေယျ	၁၇၇
[အီ-အောက်]	
အိန္ဒိယကြွံကို ဥပမာပြု	၂၃၂
အိန္ဒိယဆေးကျမ်းများမှယူ၍	၂၉၅
အိုန္ဒိယနိုင်ငံပင်ဖြစ်သည်	၁၁၂
အိပ်ရာခင်းမတွန့်	၃၇၉
အိမ်ရှေ့မင်းသား	၂၂၁
အောက်ဆီဂျင်ခေါ်	၃၀၂

http://www.dhammadownload.com

အက္ခရာစဉ်	စာမျက်နှာ
[အောင်-အိုး]	
အောင်နိုင်ခဲသော စစ်ပွဲ	၄၂၆
အောင်မြေဖြစ်သော	၃၄၃
အောင်မြေမရှိ	၂၂၅
အိုးထိန်းသည်၏(အိုးဟူသမျှ)	၂၁၆
[ဣ၊ဥ]	
ဣန္ဒပတ္ထမြို့	၂၂၉
ဣဿာ	၁၃၀
ဥဂ္ဂဟကောသလ္လ	၂၅၇
ဥဂ္ဂါသူကြွယ်	၂၂၇
ဥဂ္ဆါဋ္ဌိတညူ	၁၆၆
ဥဇုပ္ပဋိပန္ဒ	၁၇၄-၅
ဥတ္တရကုရုကျွန်း	၁၁၂
ဥတ္တရာ	၄၆၈
ဥတ္တရိမနုဿဓမ္မ	၁၄၀
ဥဒါဟရုဏ်	၁၅၄
ဥပက္ကိလေသဆယ်ပါး	၃၉၀
ဥပစာရစျာန်ကို	၂၀၃
ဥပစာရသမာဓိဖြစ်ပုံ	၅၈၃
ဥပစာရသမာဓိလည်း ဝိပဿနာ၏ နီးသော အကြောင်းဖြစ်၏	၆၄၃
ဥပဓိဝိဝေက	၁၄၀
ဥပနာဟ	၁၃၀
ဥပမာ ခုနစ်မျိုး	၂၄၄
ဥပါဒိန္ဒ-ပုဒ်၏အနက်	၅၇၄

အက္ခရာစဉ်	စာမျက်နှာ
[ဥ]	
ဥပ္ပလဝဏ်ထေရီမ	၂၁၀
ဥရုဝေလကဿပ	၅၁
[ဧ၊ဩ]	
ဧည့်ခံဖွယ်ပစ္စည်း	၁၇၉
ဧည့်သည်ကောင်း	၁၇၉
ဧဟိပဿိက	၁၆၄
ဩကာသလောက	၁၀၄
ဩဒါတကသိုဏ်း ပဋိဘာဂနိမိတ်	၂၆၄
ဩဓိသမေတ္တာဖြန့်ပုံ	၄၅၃
[က]	
ကကစူပမဩဝါဒ	၄၂၅
ကကုသန်ဘုရားနောက်မှ ပါလာသော	၂၀၉
ကဋ္ဌအန္ဓကာရအရပ်	၂၀၆
ကဏ္ဍာဒေဝီ	၂၂၈
ကပ္ပိယကုဋ္ဌိမဟုတ်သော ကျောင်းထဲ၌	၅၄၁
ကမ္ဗောဇတိုင်းသည် မြင်းတို့၏ဖြစ်ရာ	၅၃၂
ကမ္ဘာဦးသား	၂၀၉
ကမ္ဘာမြေကြီး	၁၀၇
ကမ္မန္တရာယ်	၁၅၉
ကမ်းပါးပြတ်လမ်းသွားသူ	၂၆၆

http://www.dhammadownload.com

အကွရာစဉ်	စာမျက်နှာ
[က]	
ကရုဏာ	၄၇၉
ကရုဏာကို ဖြစ်စေအပ်၏	၄၃၂
ကလာပ်-၁၇၃၊ ရုပ်-၁၅၀၁ ရေတွက်ပုံ	၆၁၈
ကလာပသမ္မသန	၃၉၀၊၅၄၃
ကလာဗုမင်း	၂၀၉၊၄၃၈
ကလိန်ဖြူနွယ်	၂၉၀
ကသိဏုဂ္ဆါဋ္ဌိမ	၅၂၂
ကသ္မီရ	၁၁၆
ကာဘွန်ဒိုင်အောက်ဆိုက်	၃၀၂
ကာမုပါဒါန်	၇၇
ကာယဂတာသတိ	၆၇
ကာယဂတာသတိကမ္မဋ္ဌာန်း	၂၅၂
ကာယဝိဝေက	၆၉၊၁၄၀
ကာယာနုပဿနာကျမ်း	၂၇၈
ကာလမရဏ	၂၀၈
ကာလသမ္ပတ္တိ	၂၀၉
ကာလာမအနွယ်အာဋ္ဌာရ	၅၁၈
ကိလေသန္တရာယ်	၁၅၉
ကုက္ကုဋ္ဌာရာမကျောင်းတိုက်	၂၂၀
ကုဏာလ၏ သား	၂၂၀
ကုန္တီ	၂၂၉
ကုလားဇလပ်	၁၉
ကူဋ္ဌဒန္တပုဏ္ဏား	၁၁၇
ကေသီ(မြင်းဆရာကြီး)	၁၁၇
ကောဋ္ဌတောင် ကျောင်းတိုက်	၄၀၇

အကွရာစဉ်	စာမျက်နှာ
[က]	
ကောဓ	၁၃၀
ကံ၏အမွေခံ	၄၃၅
ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ	၄၃၅
ကောသလမင်း	၈၆
ကောင်းကင်ပျံတက်နေသကဲ့သို့	၃၈၀
ကိုယ်ချင်းစာ၍	၄၂၂
ကိုယ်စိတ်ပေါ့ပါး၏	၃၈၀
ကိုးဆဲ့ခြောက်ကုဋ္ဌေသောဥစ္စာ	၈၆
ကိုးရာသောသားတစ်	၂၈၈
ကိုးရာသောအကြော	၅၇
ကျိန်စာဆိုကြပြီးလျှင်	၄၃၈
ကျောက်ကပ် ၂-ခုသို့	၃၂၅
ကျောက်လုံးငယ် (သိလာပုတ္တက)	၂၈၈
ကြက်သရေတိုက်ခန်း	၄၃၈
ကြမ်းပိုး(မဂ်ုလ၊မက်ုဏ)	၂၄
ကြေးခွက်ကိုတီးလိုက်လျှင်	၃၆၂
ကြေးလင်ပန်း	၃၈၀
ကြေးမုံရိုး	၂၉၆
ကြက်သရေမဲ့မြင်ကွင်း	၃၀၄
ကြောင်ပန်းပွင့်အဆင်း	၃၀၄
ကြိုတင်ပြုမှု(ပရိကံ)	၃၃၆
[ခ]	
ခဏိကစိတ္တေကဂ္ဂတာ	၃၉၅
ခဏိကမရဏ	၂၀၈၊၂၁၄

http://www.dhammadownload.com

အကျဆုံးစဉ်	စာမျက်နှာ
[ခ]	
ခဏိကသမာဓိ	၃၉၆
ခန္ဓဝါဒီ	၂၀၉၊၄၃၀
ခန္ဓကဝတ်အလုံးစုံ	၃၇
ခယနိဏောဓ	၄၀၀
ခယဝိရာဂ	၃၉၉
ချစ်ဖွယ်စကားဖြင့်	၄၄၈
ခရလောမဘီလူး	၁၁၇
ခရီးရိက္ခာဖြစ်ပေလတံ့	၄၄၀
ခါးစည်းကြိုးတန်ဆာ	၁၃၁
ခေါင်းလောင်းထိုးစည်	၁၅
ခိုကိုးရာမဲ့အထီးကျန်သူ	၄၇၀
ခြေတဖဝါးစာ နင်းလောက်သော	၂၆၆
ခြေနင်းကွက်ကို	၂၆၇
ခြေလှမ်းမှားတတ်၏	၂၆၇
ခွေးအန်ဖတ်တို့နှင့်တူစွာ	၃၀၉
ခွေးနက်၏ဖူးဖူးဆောင်သည့်ကိုယ်	၂၈၀
ခေါင်းကိုမီးလောင်နေသူ	၂၄၃
ခြောက်လရွတ်ပုံ	၂၆၁
[ဂ]	
ဂတိငါးပါး	၂၄၂
ဂတိသမ္မတ္တိ	၂၀၉
ဂဂ္ဂရာရေကန်	၁၂၀
ဂဏနာနည်း	၃၇၂
ဂန္ဓာရဠ်နေကြောင်း	၁၁၆
[ဂ]	
ဂုဏ္ဍုပစာ	၄၅၉
ဂေဓသုတ်	၂၀၂
ဂေဟသိတ ဒေါမနဿ	၅၈၆
ဂေဟသိတ သောမနဿ	၄၈၆
ဂေါနင်္ဂုလမျောက်မျိုး	၄၄၀
ဂေါလီလုံးသဏ္ဌာန်ရှိ	၂၉၂
[င]	
ငါးခူအဆင်းရှိသူ(မဂ္ဂုရစ္ဆဝိ)	၂၄
ငါးပါးသောမာရ်	၁၃၃
ငါးမန်းစွယ်လှကြီး	၄၂၆
[စ]	
စကား ၆-မျိုး	၉၉
စကြဝတေးမင်းလောင်း ကိုယ်ဝန်	၃၈၉
စကြဝဠာလောကတခု	၁၀၄
စပါးခြင်သူ၏ရေတွက်ခြင်းမျိုး	၃၆၇
စမွေယျနဂါးမင်း	၄၄၁
စမ္ပာမြို့သူမြို့သားတို့အား	၁၂၀
စရိုက် ၆-ပါး	၁၀၆
စာချုန်တော်ကို ရေးစေ၍	၂၂၃
စာနုရ(ခွန်အားကြီးသူ)	၂၃၀
စိတ်ကိုနှိပ်၏	၂၇၅
စိတ်ကိုပင့်မြောက်၏	၂၇၅
စိတ်ကို ရွှင်စေ၏	၂၇၅
စိတ်ကိုလျစ်လျူရှု၏	၂၇၅

http://www.dhammadownload.com

အကွာရာစဉ်	စာမျက်နှာ
[စ]	
စိတ္တလတောင် ကျောင်းတိုက်	၄၀၈၊၄၄၈
စိတ္တဝိဝေက	၁၄၀
စိန်ရတီချိန်သော(ဘီဇာ)	၃၀၃
စီးပွါးသဖွယ်ပြုလျက် (တရားနာ)	၄၃၁
စူဠဓမ္မပါလဇာတ်	၄၃၈
စူဠသိဝမထေရ်	၄၆၈
စူဠဒေဝရ(နဂါး)	၁၁၆
စေတီပေါင်းရှစ်သောင်း လေးထောင်	၂၁၉
စေတောခိုလ	၁၃၁
စေတောဝိနိဗန္ဓ	၁၃၁
စေတောဝိမုတ္တိ	၄၄၆
စောဒနာ	၃၆၀
စိုးစဉ်းအနည်းငယ်မျှမရှိ	၅၃၁
[ဆ]	
ဆံမုတ်ဆိတ်ကိုသပြီး၍	၄၂၈
ဆင်စွယ်တံဆိပ်ခပ်နှိပ်စေသည်	၂၂၃
ဆင်တပ်	၂၂၅
ဆမာသဏ္ဌာယ	၂၆၁
ဆဒ္ဒန်ဆင်	၄၃၉၊၄၄၀
ဆီးဖြူသီးတခြမ်းမျှ အစိုးရသူ	၂၁၇၊၂၂၃
ဆီးကြော်ပိုက် ၂-ခုဖြင့်	၃၂၅

အကွာရာစဉ်	စာမျက်နှာ
[ဆ]	
ဆိတ်မှဝဝန်တင်၍	၄၄၅
ဆိပ်ကမ်းမဟုတ်ရာ၌	ဂ
ဆေးကြိတ်ကျောက်သား (သိလာပုတ္တက)	၂၀ဂ
ဆုံလည်စက်	၂၄၂
ဆုံးရှုံးရပေလိမ့်မည်	၄၄၆
ဆွမ်းတနပ်စားချိန်	၂၄၄
ဆွမ်းတလုပ်ဝါးမျိုခိုက်	၂၄၅
ဆွမ်းလေးငါးလုပ် ဝါးမျိုခိုက်	၂၄၄
[ဇ]	
ဇဋိလသေဋ္ဌေးကြီး	၂၂၇
ဇမ္ဗုသပြေပင်ကြီး	၁၁၀
ဇမ္ဗူဒီပ်(ခေါ်အိန္ဒိယ)	၂၁၇
ဇမ္ဗူဒီပ်ကျန်း	၁၁၀၊၄၄၁
ဇမ္ဗူဒီပ်ကျန်းမြေပုံ	၁၁၂
ဇာဏုပထံ	၄၄၄
ဇိနာလင်္ကာရဋီကာ	၂၃၃
ဇောတိကသေဋ္ဌေးကြီး	၂၂၇
[ည၊ ဋ]	
ဉာယပွဋိပန္နော	၁၇၄၊၁၇၆
ညီနောင်မထေရ်တို့ကဲ့သို့	၄၀၀
ဋေ ယျမံတရားအလုံးစုံ	၁၂၂
ဋောင်ချဉ်ပင်	၁၉
ဋောင်ဗုဒ္ဓဟေပင်	၁၉
ဌပနာ၏အစွမ်းအားဖြင့်	၃၇၄

http://www.dhammadownload.com

အကွဲရုဆဉ်	စာမျက်နှာ
[တ]	
တံခါးစောင့်ဥပမာ	၃၇၄-၅
တံစီးတွင်း	၃၂၃
တခုကျော်နှလုံးမသွင်းအပ်	၂၆၅
တခုတခုတိုး၍ ရေတွက်လျှင်	၃၇၀
တခုသောတရား	၂၅၁
တဇ္ဈာပညတ်ဖြင့်ရှုကောင်း	၁၄၉
တဇ္ဈာရှိမှု	၂၀၂
တည်ရာအာသယ ၄-ပါး	၅၆၀
တဏှာကွယ	၄၁၀
တပိုလ်အချိန် ၄-ကျပ်သား	၅၄၆
တဖြည်းဖြည်းချင်း သိမ်မွေ့သွားရာ	၃၅၃
တထစ်ကျော်တက်လျှင်	၂၆၅
တယောဟု ဝိဏာကိုပြန်၏	၂၉၀
တလံမျှ ဤကိုယ်ထဲ၌သာ သစ္စာ ၄-ပါးရှိ	၁၀၂
တီးခေါက်သည်နှင့်တပြိုင်နက်	၃၈၀
တူသောအသက်မွေးမှုရှိပေ၏	၁၈၉
[ထ၊ဒ]	
ထင်းကုလား	၄၂၉
ဒဏ္ဍာရီဝတ္ထု	၁၀၀
ဒဋ္ဌနေမိမင်း	၂၂၃
ဒီဗွဝိဟာရ	၁၅၊၁၄၀
ဒီဗျာဝဒါနကျမ်း	၂၁၈
ဒီဃနိကာယ်ဆောင်	၃၅၈၊၃၈၈

အကွဲရုဆဉ်	စာမျက်နှာ
[ဒ]	
ဒုကူလ(ဘွဲ့ဖြူပုဆိုး)	၃၀၃
ဒုက္ခသစ္စာ(စက္ခုပသာဒ)	၉၁
ဒူသီမာရ်နတ်	၂၀၉
ဒေဝဂဗ္ဘာ	၂၂၈
ဒေဝဒတ်(အရှင်)	၁၀၀
ဒေဝါယတန	၅၂၃၊၅၂၆
ဒြုပဒမင်း၏သွီးတော်	၂၂၉
ဒွတ္တိံသာကာရကမ္မဋ္ဌာန်း	၂၅၅
ဒွတ္တိ-နှစ်ခုသုံးခု	၃၀၅
ဒွတ္တိမံသခဏ္ဍုပဘေဒံ	၃၀၅
ဒွတ္တိံသ-ဟု ပျက်လျက်ရှိ၏	၃၀၅
ဒွန်းစဏ္ဍား	၅၈-၅၉
[ဓ]	
ဓတရဋ္ဌမင်း	၂၂၉
ဓနဥ္စယ	၂၂၇
ဓနဝဓုက	၁၂၅
ဓမ္မစကြာတရားဟောရာ	၂၁၉
ဓမ္မဋ္ဌိတိဉာဏ်	၇၈၊၈၁
ဓမ္မဒါန	၁၃၅
ဓမ္မနတ်ကိုစွဲ၍ ယုဓိဋ္ဌိရမွေးသည်	၂၂၉
ဓမ္မပဋိသန္ဓာဂရ	၃၆
ဓမ္မပါလ(သူငယ်)	၄၃၉
ဓမ္မရာဇိက	၂၁၉
ဓမ္မဝေဒ	၂၀၁
ဓာတုအတ္ထာတိသယ	၁၂၉

http://www.dhammadownload.com

အကွရာစဉ်	စာမျက်နှာ
[ဓ]	
ဓာတုမနသိကာရစသော အမည်သုံးပါးအနက်အရတူ	၅၆၈
ဓာတုဝိဘင်္ဂသုတ်	၂၆၃
ဓာရဏာ(ဓာရဏတာ)	၃၀
ဓူမသိခ(နဂါး)	၁၁၆
[န]	
နကုလ(မင်းသား)	၂၂၈
နတ္ထိဘောပညတ်	၅၂၉
နန္ဒဘီလူး	၂၁၀
နန္ဒလုလင်	၂၁၀
နယဝိပဿနာ	၅၄၃
နယ်ပယ်၏ပျက်ခြင်း	၄၄၉
နံရံကို တိုးဝှေ့တိုက်ခိုက်ခြင်း	၄၁၉
နာဂဒီပကျွန်း	၁၁၆
နာနတ္တသညာ	၅၁၉
နာဋ္ဌာဂိရိဆင်	၁၁၆
နိဒါန်းမည်၏	၁၅၄
နိဗ္ဗာန်ဆော်အဖြစ်ဖြင့်	၅၁
နိဗ္ဗာနလည်းမည်၏	၄၁၀
နိဗ္ဗာန်၌မွေ့လျော်၏	၂၇၅
နိမိမင်း	၂၂၇
နိရုတ္တိကျမ်းလာ	၁၂၉
နိရောဓလည်းမည်၏	၄၁၀
နိရောဓသစ္စာ	၉၁
[န]	
နိရောဓာနုပဿနာ	၄၀၀
နီလကသိုဏ်း	၂၆၄
နေမိတ္တိကအမည်	၁၂၄
နေမိမင်းပင်	၂၂၇
နေရာမရွေးပင် ရှုကောင်း၏	၃၅၃
နေဝစိတ္တံ နာစိတ္တံ	၅၄၀
နေဝဖဿ နာဖဿ	၅၄၀
နေဝဝေဒနာ နာဝေဒနာ	၅၄၀
နေဝသညာ နာသညာ	၅၄၀
နေဝသညီ နာသညီ	၅၃၇
နေဝန်းသည်	၁၁၁
နိုင်ငံတော်မြေ၏အမွေခံ	၄၃၉
နွားကျင်ငယ်ရေးကဲ့သို့	၁၇၄
နွားကျောင်းသား	၁၂၀
နှစ်ဦးလုံး၏အကျိုးကျင့်သူ	၄၂၇
နှစ်သွယ်နှစ်ခွကြံခြင်း	၅၀
နှမ်းကြပ်ပင်	၃၀၃
နှလုံးဟောင်းကို ထုတ်ပယ်၍	၃၀၀
နှာခေါင်းဖုကို တိုက်ခိုက်လျက်	၃၈၂
နှာတံတိုသူအား အထက်နှုတ်ခမ်းကို	၃၈၂
နှာတံရှည်သူအားနှာခေါင်းဖုကို	၃၈၂
နှာသီးဖျား အထက် နှုတ်ခမ်းတို့၌သာ	၃၅၃

http://www.dhammadownload.com

အကွောဆုစဉ်	စာမျက်နှာ
[ပ]	
ပကိဏ္ဏကသခ်ါရ	၃၉၃
ပက္ခန္ဒနပဋိနိဿဂ္ဂ	၄၀၀
ပစ်ကွင်းမှတ်တိုင်	၂၃၀
ပစ္စေကဗောဓိဉာဏ်	၁၅၅
ပညတ်ကို ကျော်လွန်၍	၁၄၅
ပညောင်ပင်	၁၉
ပဋိစ္စသမုပ္ပါ	၅၁၇
ပဋိသန္ဓာရဒ္ဓ၌ ကျွမ်းကျင်၏	၄၃၁
ပဋိသန္ဓာရ(နှုတ်ဆက်စကား)	၃၆
ပဋိဘာဂနိမိတ်ထင်၍	၂၆၄
ပဏ္ဍုမင်း၏သား ငါးယောက်	၂၂၀
ပဒုမ္မာကြာငုံသဏ္ဌာန်	၃၀၀
ပန်းချီဆေးရေး၏တည်ရာ	၄၄၇
ပန်းပဲတို့၏ သံကိုက်သဏ္ဌာန်	၂၉၃
ပန်းပုတ်သမား	၅၃၇
ပန်းမိုက်သွန်	၅၆
ပပဉ္စ(သုံးပါး)	၁၃၀
ပယာစ္ဆတိ ကိလ	၂၂၃
ပယတပါဏိ	၁၉၂၊၁၉၅
ပရန္တပပုဂ္ဂိုလ်	၉၆
ပရမတ္ထသရူပဘေဒနီကျမ်း၌	၃၇၀
ပရမဝိသုဒ္ဓိ	၂၀၃
ပရမာဏုမြူ	၂၀၂
ပရိကံကို ပြုခြင်း	၂၆၉
ပရိကံဟူသည်မှာ	၃၃၆
ပရိစ္စာဂပဋိနိဿဂ္ဂ	၄၀၀

အကွောဆုစဉ်	စာမျက်နှာ
[ပ]	
ပရိညေယျ	၉၀
ပလူတို	၁၀၇
ပဟာတဗ္ဗတရား	၉၀
ပဠာသ	၁၃၀
ပါဟုနေယျ	၁၇၉
ပိဋကသုံးပုံဆောင် ဖြစ်သော်လည်း	၂၅၀
ပိဏ္ဍပါတ်ခုတင်ဆောင်	၄၀၀
ပိဏ္ဍပါတိကမထေရ်	၄၄၀
ပိပါသဝိနယ	၄၁၀
ပိလိန္ဒဝစ္ဆ(အရှင်)	၇၁
ပိသဒ္ဒါ၏ အနက်	၇၂
ပိသောဒရာဒိဂုဏ်း	၁၂၉
ပုဏ္ဏသေဋ္ဌေး	၂၂၇
ပု-ဒိ-အာ	၉၃
ပုဂ္ဂလ-ပုဂ္ဂိုလ်	၄၆၀
ပုဋ္ဌဝဟု ပြင်ထားသည်	၆
ပုဗ္ဗဝိဒေဟကျွန်း	၁၁၂
ပေးကမ်းခြင်း၏အကျိုးပြ	၄၄၀
ပေါက္ခရသာတိပုဏ္ဏား	၁၁၆
ပေါက်ပင်ကို(တွေ့သည့်မြေခွေး)	၆၀
ပြည့်ရှင်မင်းလည်း(စက်ဆုပ်ဖွယ်)	၅၀
ပြောင်လျောင်ဖက်	၄၃၄
ပြိုးပြုမ်းသခ်ါရသုံးသပ်ပုံ	၃၉၃-၄

http://www.dhammadownload.com

အကွရုစဉ်	စာမျက်နှာ
[ဖ]	
ဖင့်နွဲ့နေပါမူ	၃၉၀
ဖားနတ်သား	၁၂၀
ဖုသနာအစွမ်းဖြင့်	၃၇၄
ဖုဿဒေဝမထေရ်	၂၀၆
[ဗ]	
ဗလဒေဝမင်း	၂၂၈
(ဗလဝ)ဝိပဿနာ၌သိမ်မွေ့၏	၃၅၉
ဗိန်းလုံးအဆင့်ဆင့်	၂၉၄
ဗိမ္မိသာရမင်း	၈၆
ဗိလိုင်ခေါ် အသားမျှင်	၃၂၅
ဗောဇျင်္ဂကောသလ္လသုတ်	၂၇၁
ဗောဓိမဏ္ဍိုင်	၇၃၊၈၇၊၉၈၊၂၁၉
ဗြဟ္မဝိဟာရ	၁၄၈၊၄၉၁
ဗြူဒိုင်းခတ္တာ	၂၈၉
[ဘ]	
ဘဂဝမ်	၁၂၃
ဘင်ကျုံးသမားအား	၅၆
ဘာဝနာဘိသမယ	၁၆၃
ဘာဝေတဗ္ဗ	၉၀
(ဘီဇွာ)	၃၀၃
ဘီမမင်းသား	၂၂၉
ဘီမသေနမင်း	၂၂၈
ဘီလူးမနှင့်တူသည့်မဟာဘုတ်	၆၂၅
ဘူရိဒတ်နဂါးမင်း	၄၄၁
ဘွဲ့ဖြူပုဆိုးကြမ်း	၃၀၃

အကွရုစဉ်	စာမျက်နှာ
[မ]	
မအံ့ဩလောက်သေးပေ	၄၃၈
မကွ	၁၃၀
မ-ကျားဟန်ဆောင်သည့် ဓာတ် ၄-ပါး	၆၁၉၊၆၂၅
မကျိုးမပျက်	၁၈၇
မကြောင်မကျား	၁၈၇
မဂ္ဂဗြဟ္မစရိယ	၁၅၆
မဂ္ဂသစ္စာ	၉၁
မဂ္ဂုရစ္ဆဝိနော	၂၄
မင်္ကုဏ	၂၄
မင်္ဂုရစ္ဆရဝိနော	၂၄
မင်္ဂုလ	၂၄
မစ္ဆရိယ	၁၃၀
မဇျဋ္ဌဝသေန	၄၇၈
မဇျဋ္ဌာကာရ	၄၂၄
မဇျိမနိကာယ်ဆောင်	၃၅၉၊၃၈၈
မဇျိမပဋိပဒါ	၁၆၀
မညှဉ်းဆဲရာ	၄၂၃
မတ္ထလုင်္ဂ-ဦးနှောက်ကို	၂၅၄
မထင်ပဲရှိနေလျှင်	၃၈၁
မဒနိမ္မဒန	၄၀၉
မနသိကာရကောသလ္လ	၂၅၇၊၂၆၅
မနောဓာတ်	၃၀၀
မနောဝိညာဏဓာတ်	၃၀၀
မန္တန်ဖြင့်စစ်ထိုးခြင်း	၂၂၅
မန္ဓာတ်မင်း	၂၂၇

http://www.dhammadownload.com

အက္ခရာစဉ်	စာမျက်နှာ
[မ]	
မယ်တော်မိဖုရားကြီးက	၄၃၉
မရဏဿတိ	၆၇
မရိုးမျှင်	၂၇၉
မရှုမရှိုက်ပဲနေသကဲ့သို့	၃၅၇
မလယအရပ်	၂၅၈
မလ္လကထေရ်	၃၂၈
မသိမ်းဆည်းသေးမီ	၃၅၇
မဟာကစ္စည်းမထေရ်	၂၀၃
မဟာကပိဇာတ်	၄၄၀
မဟာကရဥိယကျောင်းတိုက်	၄၀၈
မဟာကရုဏာတော်	၉၅
မဟာဂေါဝိန္ဒသုတ်	၁၁၂
မဟာတိဿမထေရ်	၅၁၊၅၇၊၄၀၈
မဟာဒေဝမထေရ်	၂၅၈
မဟာပတာပမည်သော	၄၃၉
မဟာပထဝီမြေကြီး	၁၀၇
မဟာပုရိသလက္ခဏာ	၁၃၃၊၂၃၃
မဟာဘာရတကျမ်း	၂၂၉
မဟာမာယာဒေဝီ	၁၂၆
မဟာရာဟုလောဝါဒသုတ်	၂၆၃
မဟာဝိဟာရဝါသီဂိုဏ်း	၁၇၈
မဟာသတိပဋ္ဌာနသုတ်	၂၂၇၊၂၆၃
မဟာသမုဒ္ဒရာ	၁၀၈၊၂၂၇
မဟာသမ္မတမင်း	၂၂၇
မဟာသုဒဿနမင်း	၂၂၇
မဟာဟတ္ထိပဒေါပမသုတ်	၂၆၃

အက္ခရာစဉ်	စာမျက်နှာ
[မ]	
မဟောဒရ	၁၁၆
မဟောသဓာ	၂၂၅
မာတုပေါသကဇာတ်	၂၂၉၊၄၄၃
မာဒြီ	၂၂၉
မာနသဇပ္ပန	၂၆၂
မာယာ	၁၃၀
မာဝိဂစ္ဆန္တု	၅၀၄
မိခင်နှင့် နွားမဝတ္ထု	၄၆၈
မိမိကိုယ်ကို အားကိုးစိတ်ချပါမူ	၉
မိမွေးတိုင်းသာဖြစ်လျက်	၅၈
မီးကျီးတွင်း ဥပမာ	၅၅၂
မုတ္တစာဂေါ	၁၉၂
မုဒိတာ	၄၈၀
မူလကမ္မဋ္ဌာန်းဟူသည်မှာ	၁၆
မေခလာ	၁၄၁
မေဏ္ဍကသေဋ္ဌေးကြီး	၂၂၇
မေတ္တာ	၄၇၉
မေတ္တာစေတောဝိမုတ္တိ	၄၄၆
မရိုးစည်သဏ္ဌာန်	၂၈၀
မောရိယမင်းမျိုးတို့၏	၂၂၃
မိုက်ခွက်-လုံကို	၂၇၃
မျက်နှာပွင့်လျက်	၄၄၈
မျက်မှောင်မကုပ်	၄၃၁
မျက်လှည့်နှင့်တူသည့်မဟာဘုတ်	၆၂၄
မြင်းဆရာကြီး(ကေသီ)	၁၁၇
မြေအိုးမြေခွက်	၂၁၆

http://www.dhammadownload.com

အကွောရုစဉ်	စာမျက်နှာ
[မ]	
မြေကြွန်တတ်သောဆရာ	၃၄၂
မြေခွေးအိုနှင့်တူညီခြင်း	၆၀
[ယ]	
ယဇ်ပူဇော်ရာ	၁၁
ယဉ်ကျေးစေတတ်၏	၄၄၈
ယဒိစ္ဆကအမည်	၁၂၄
ယဝနဃဋ္ဋ-ယဝနအိုး	၃၂၃-၄
ယာဂုနှင့် ရောသောက်ရန် မအပ်သော အနက်ကို ရည်၍	၅၄၁
ယာဝကာလိကနှင့် ရော၍ မသုံးဆောင်ကောင်း	၅၄၁
ယုဓိဋ္ဌရ	၂၂၉
ယုဓိဋ္ဌိလ	၂၂၈-၉
[ရ]	
ရခဲသောကမ္မဋ္ဌာန်းအာရုံ	၃၇
ရတနာပန်းကုံးကြီး	၈၆
ရထရေဏုမြို့	၂၈၂
ရန်သူတို့အကြိုက်	၁၄၇-၈
ရဟန္တာမထေရ်က	၄၀၈
ရာဂက လှည့်စားတတ်သည်	၄၁၉
ရာဓဂုတ္တအမတ်ကြီး	၂၂၀
ရုပ်ပုံတော်ကို ဖူးမြင်ရ၍	၂၀၆
ရူပသညာ	၅၁၄

အကွောရုစဉ်	စာမျက်နှာ
[ရ]	
ရေစစ်အိုး	၃၂၃
ရောဟိတဿ	၁၀၁၊ ၂၃၃
ရှစ်ဆယ်သောပိုးမျိုး	၂၃၃၊ ၂၃၇
ရှစ်ဆယ်သောလက္ခဏာငယ်	၂၃၃
ရှစ်ပါးသောအရပ်	၁၁၈
ရှစ်သောင်းလေးထောင်သော ကျောင်းတို့ကို	၈၆
ရွှေစဉ့်တိုင်းရွက်	၃၁၃
ရွှေပန်းကုံး	၂၇၄
ရွှေပန်းထိမ်ဆရာ	၂၇၃
[လ]	
လက်ခုပ်	၃၀၀
လက်ဆုန်းဝက်	၃၀၀
လက်သီးဆုပ်ပမာဏ	၃၀၁
လည်ဆွဲတန်ဆာ	၂၇၄
လဝန်းသည်	၁၁၁
လာဘာ ဝတ မေ	၁၉၁
လိက္ခာမြို့	၂၈၂
လိင်္ဂိကအမည်	၁၂၄
လိပ်ဆူးရွေ	၁၉
လုပ်ကြံမှု	၂၁၀
လေနတ်ကိုစွဲ၍	၂၂၉
လောက၏အဆုံးကို	၁၀၃
လောကဓာတ်တခု	၁၀၄
လောကန္တရိက်ငရဲ	၁၁၂

http://www.dhammadownload.com

အကြောင်းရာစဉ်	စာမျက်နှာ
[လ]	
လုံ့တရားဥပမာ	၅၅၂
လှည်းဦးသဏ္ဌာန်ရှိသည်	၁၁၂
လရေးကောက်	၁၇၅
လှည်းမှူးအာဠာဝရ	၄၄၃
လျှာတည်းဟူသောလက်ဖြင့်	၃၀၉
[ဝ]	
ဝက်ထောင်သေပိုက်၏ကြိုး	၂၉၀
ဝင်ပေါက်မရှိသော	၃၂၃
ဝင်းထရံခြေအစဉ်	၂၆၂
ဝဋ္ဋုပစ္ဆေဒ	၄၁၀
ဝဏ္ဏဝိကာရ	၁၂၉
ဝဏ္ဏဝိပရိယယ	၁၂၉
ဝဏ္ဏလေပ	၁၂၉
ဝဏ္ဏာဂမ	၁၂၉
ဝန်ခံချက်ကိုမချုတ်ယွင်းစေကုန်၅ဝဖြ	
ဝန်တင်နွားး	၄၄၅
ဝန်တင်မြင်း	၄၄၅
ဝန်လေးသော ဘာဝနာ	၃၈၃
ဝါငုံဖူးသဏ္ဌာန်	၂၈၉
ဝါသုဒေဝမင်း	၂၂၈
ဝါးမျစ်ကိုကဲ့သို့ပင်	၄၃၉
ဝိကပ္ပ	၅၀
ဝိစ္ဆာစကားဖြင့်	၂၇၄
ဝိဇ္ဇာဉာဏ်သုံးပါး	၉၃
ဝိဇ္ဇာမည်၏	၉၃

အကြောင်းရာစဉ်	စာမျက်နှာ
[ဝ]	
ဝိညာဏဥာယတန	၅၂၉
ဝိညာဏဋ္ဌိတိ ၇-ပါး	၁၀၅
ဝိဒုရမထေရ်	၂၀၉
ဝိဒုရပညာရှိ	၂၂၅
ဝိပဉ္စိတည္	၁၆၆
ဝိပဿနာကမ္မဋ္ဌာန်း	၂၆၄
ဝိပဿနာဖြစ်ကြောင်း	၂၅၃
ဝိပဿနာ၌ သိမ်မွေ့၏	၃၅၉
ဝိပါကန္တရာယ်	၁၅၉
ဝိမုတ္တိမဂ်ကျမ်း	၁၁၃
ဝိမောက္ခန္တိကဉာဏ်တော်များ	၁၂၂
ဝိရာဂ-ပျက်ပြယ်ခြင်း	၃၉၉
ဝိရာဂါနုပဿနာမည်၏	၃၉၉
ဝိသဘာဂဟူသည်မှာ	၉
ဝိသာခမထေရ်	၄၆၅
ဝိသာခါ	၂၀၄
ဝိဿဋ္ဌ-အရာ၌ ဝိမဋ္ဌဟု	၂၀၀
ဝီဇာကို(တယောဟုပြန်)	၂၉၀
ဝီရိယသံဝရ	၃၅၄
ဝေဇယန္တာပြာသာဒ်	၂၃၀
ဝေါဿဂ္ဂရတော	၁၉၂
[သ]	
သံကိစ္စသာမဏေ	၄၆၀
သံကိလေသ	၁၃၀
သံကိုက်	၃၉၃

http://www.dhammadownload.com

အကွရာစဉ်	စာမျက်နှာ
[သ]	
သံဃရက္ခိတမထေရ်	၅၇
သံယုတ္တနိကာယ်ဆောင်	၃၅၈
သံဝေဂဂါထာ ၂-ပုဒ်	၂၁၈
သံသရာစက်ဘီး	၇၃၊၇၅
သခ်ပါလနဂါးမင်း	၄၄၂
သခ်ါရလောက	၁၀၃
သင်ပေါင်းချုံ	၁၉
သင်းကျစ်ပြား	၂၇၄
သစ္စက	၁၁၆
သစ္ဆိကာတဗ္ဗ	၉၀
သစ္ဆိကိရိယာဘိသမယ	၁၆၃
သညာကိစ္စပေတည်း	၅၄၁
သညာကို ခေါင်းတပ်သော အားဖြင့်	၅၄၀
သညာသည် ရောဂါတည်း	၅၃၄
သစ်တော်သီးပုံ	၃၀၁
သတိ သတိ အာယတနေ	၂၇၄
သတိသံဝရ	၃၅၄
သတ္တလောက	၁၀၃
သတ္တာဝါသ ၉-ပါး	၁၀၅
သတ္ဂဂုဏ်နှင့်	၄၅၉
သန္ဒမာနိက	၂၉၅
သန္ဒိဋ္ဌိက	၁၆၁-၂
သန်လျှက်	၂၉၄
သန်လျှင်းချိုင့်	၂၉၅
သပြေပင်စောင့်နတ်	၄၆၇

အကွရာစဉ်	စာမျက်နှာ
[သ]	
သပွတ်ခါးသီး၏ အတွင်းသား	၃၀၀
သဗ္ဗညုတဉာဏ်တော်	၉၅
သဘာဝဓမ္မ၌သာလျှင်	၁၄၉
သမထအရာ၌(ငြိမ်းပုံကို)	၃၅၉
သမထကမ္မဋ္ဌာန်း	၂၆၄
သမထသမာဓိအတွက်သာ	၃၅၃
သမာဓိနိမိတ်ကိုသာလျှင်	၂၇၂
သမုစ္ဆေဒမရဏ	၂၀၈
သမုဒယသစ္စာ	၉၁
သမ္ပဒိမင်းသား	၂၂၀၊၂၂၄
သမ္မာဓေသြကာသာဓိဂမနည်း	၆၄၁
သမ္မာဓောကာသသုတ်	၂၀၃
သမ္မသသုတ်	၈၅
သမ္မာသမ္မောဓိဉာဏ်	၁၅၅
သမ္မုတိမရဏ	၂၀၈
သလ္လက္ခဏ	၃၀
သဟဒေဝ	၂၂၈
သဟမ္ပတိဗြဟ္မာကြီး	၈၆
သာဌေယျ	၁၃၀
သာမီစိပ္ပဋိပန္ဒ	၁၇၅-၆
သာရမ္ဘ	၁၃၀
သာရိပုတြာပင်ဖြစ်သော်လည်း	၅၄၂
သာ၍ ယုတ်မာသူ	၄၂၆
သာဝကဗောဓိဉာဏ်	၁၅၅
သာဝကသံဃာ	၁၇၄
သာသနဗြဟ္မစရိယ	၁၅၆

http://www.dhammadownload.com

အက္ခရာစဉ်	စာမျက်နှာ
[သ]	
သား၏အသားကို စားခြင်း ဥပမာ	၅၅၂
သားတော်ကုဏာလ	၂၁၉
သားရေအိတ်	၃၉၀
သိပ္ပံဆရာတို့ ပြထားသော	၂၉၅
သိမ်မွေ့လေလေ ဖြစ်ပေသည်	၃၈၃
သိရီလလိတဝိတ္ထာရဘာသာပြန်	၂၃၃
သိရိဝစုက	၁၂၅
သိလာပုတ္တကော	၂၈၈
သီတိဘာဝသုတ်	၂၇၁
သီမာသမ္ဘေဒ	၄၂၄၊၄၄၉
သီလပါရမီကို	၅၀၅
သီလပျက်နေသောကြောင့်	၄၄၇
သီလဝဇာတ်	၄၃၇
သီဟိုင်ဋ္ဌကျွန်း	၁၁၂၊၁၁၆
သီဟိုင်ဋ္ဌပေါက်တူး	၂၉၅
သီဟိုင်ဋ္ဌဆရာတို့ရေးသော	၂၉၅
သုစိလောမဘီလူး	၁၁၇
သုညတဝိမောက္ခ	၁၄၀
သုဒ္ဓဝိပဿနာယာနိက	၃၉၄
သုဒ္ဓေါဒနမင်းကြီး	၁၂၆
သုပ္ပဋိပန္ဒ	၁၇၃
သုဘရာဇာမှာ	၂၁၁
သုဘဝိမောက္ခ	၅၀၂
သုလဒ္ဓံ ဝတ မေ	၁၉၁
သူကရဝါဂုရရဇူ	၂၉၀
သူဆွံ့ဥပမာ	၃၇၄-၅
သူသတ်ကုန်းသို့	၄၇၁
သောဏဒန္တပုဏ္ဏား	၁၁၆
သောဏ္ဍသဟာယ	၄၇၄
သောဓနာ	၃၆၀
သောဋ္ဌသိ ကလံ	၂၃၁
၃၂-အိမ်ရှိသောရွာကို	၂၇၀
၃၈-ပါးသော ကမ္မဋ္ဌာန်းအာရုံ	၃၃
သုံးရာကျော်သော အရိုးတို့ဖြင့်	၅၇
သွမ်းဖျင်းဖက်	၄၉၄
သွေးပြန်အကြောမကြီးဖြင့်	၃၀၁
သွေးလွှတ်ကြောမကြီးဖြင့်	၃၀၁
သွားတည်းဟူသော ကျည်ပွေ့ဖြင့်	၃၀၉
[ဟ]	
ဟတ္ထိပုရမြို့၌	၂၂၉
ဟဒယဝတ္ထု	၃၀၀
ဟလိဒ္ဒဝသနသုတ်	၅၀၁
ဟိမဝန္တာတောင်	၁၀၉

မှတ်သားဖွယ် အက္ခရာစဉ် အညွှန်းပြီး၏။

ပ-မ-သ-စ—၂၃၅—၂၈-၅-၇၄—၂၀၀၀ (၁)